

www.burmeseclassic.com
BURMESE CLASSIC
SPW
မျက်လုံးကပြုံးသယောင်
နှုတ်ခမ်းကရယ်သယောင်
Graphic Design : Aung Hlaing Bwa (Techno-Art)
www.burmeseclassic.com

www.burmeseclassic.com


စာမူခွင့်ပြုချက်အမှတ် (၁၀၂၉/၂၀၀၄) (၉)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် (၁၁၁၄ /၂၀၀၄) (၁၀)
ကွန်ပျူတာစာစီ ဒွန်း
ဒီဇိုင်း AUNG HLAING BWA
ထုတ်ဝေခြင်း ပထမအကြိမ်၊
၂၀၀၄၊ နိုဝင်ဘာလ
တန်ဖိုး (၂၀၀)ကျပ်
စာအုပ်ရေ (၅၀၀)အုပ်
ထုတ်ဝေသူ ဒေါ်စိန်လှလှသန်းရင်(၃၆၆၀)
စောပြည့်ဝန်းစာပေ၊ အမှတ်(၁)၊
(၂၂၇/၂၂၉)၊ ၁၅၁လမ်းနှင့်ကျိုက္ကဆံလမ်း၊
ဖိုးရွှာမရပ်ကွက်၊ ကျောက်မြောင်း၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးနှင့်
အတွင်းပုံနှိပ်သူ ဒေါ်ခင်ခင်ဝင်း (ကလျာပုံနှိပ်တိုက်)(၀၂၆၇၀)
(၁၅၂) ကျွန်းရွှေမြိုင်လမ်း၊
သုဝဏ္ဏ၊ ရန်ကုန်မြို့။
ဖြန့်ချီရေး စောပြည့်ဝန်းစာပေ၊ အမှတ်(၁)၊
(၂၂၇/၂၂၉)၊ ၁၅၁လမ်းနှင့်ကျိုက္ကဆံလမ်း၊
ဖိုးရွှာမရပ်ကွက်၊ ကျောက်မြောင်း၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။
၀၁-၅၄၉၂၇၀


## - နှစ်ဆယ့်တစ် -

နံနက်ကော်ဖီဝိုင်းတွင်ဖြစ်သည်။ အစဉ်အလာကြောင့်လည်းဖြစ်သည်။ အထိန်အဝါကြီးကြောင့်လည်းဖြစ်သည်။ ကော်ဖီဝိုင်းတွင် လူလေးယောက်ရှိသော်လည်း တိတ်ဆိတ်ငြိမ်သက်နေကြရ၏။

သူဌေးကြီး ကျားပျံဦးဘဟိန်းသည်ကဖြင့် တည်တည်ငြိမ်ငြိမ်နှင့်မှန်မှန်ကြီးပင် အစားအသောက်တွေကို စားနေဖြစ်သည်။ သူဌေးကြီးက စကားတစ်ခွန်းမှမဟသေး၍ ချွေးမဖြစ်သူ ဒေါ်မြင့်မြင့်မို့နှင့်မြေးတွေဖြစ်သည့် နဒီမင်းဟိန်းနှင့်ယမင်းခင်တို့သည်လည်း တိတ်ဆိတ်ငြိမ်သက်နေကြရသည်ပါ...။

ယောက္ခမကြီးကို ကြောက်ရွံ့ရိုသေလေးစားရ၍ အဘိုးဖြစ်သူကိုကြောက်ရွံ့ရိုသေလေးစားချစ်ခင်ရ၍ ဒေါ်မြင့်မြင့်မို့နှင့်နဒီတို့သားအမိသည် စကားမဆိုဝံ့ကြသော်လည်း၊ သူတို့မျက်လုံးနှင့်ခမ်းနှင့်မျက်နှာအနေအထားတွေကဖြင့် အသံတိတ်ဆန္ဒပြတိုင်ခိုက်နေကြသည်ပါ...။

---

စောပြည့်ဝန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



မှန်သည်။ သားအမိနှစ်ယောက်စလုံးက မိမိတို့မိသားစုနှင့်တစ်ဝိုင်းတည်း နံနက်စာစားနေသည့် ယမင်းခင်အား မလိုလားမနှစ်သက်မှုများနှင့်ရှိနေ၍ သားအမိနှစ်ယောက်စလုံးမှာ ဦးဘဟိန်းမမြင်အောင် မျက်နှာတွေရှုံ့မဲ့နေဖြစ်ကြသည်မဟုတ်ပါလား…။

စားရင်းသောက်ရင်းမှ သားအမိနှစ်ယောက်မှာ ခေါင်းငုံ့ကာ ငြိမ်ငြိမ်ကလေးစားသောက်နေသည့် ယမင်းခင်ထံ မလိုကြီးမလိုငယ်ကြည့်ရင်း ရှုံ့မဲ့တွန့်ရွဲ့နေကြ၏။

ခေါင်းငုံ့ရင်းစားသောက်နေသည့် ယမင်းခင်သည်ကလည်း မိမိအား ဒေါ်မြင့်မြင့်မိုးနှင့်နဒီတို့ သားအမိနှစ်ယောက်၏ မလိုကြီးမလိုငယ်ဖြစ်နေသည်ကို သိသည်ပါ။ သည့်အတွက် ယမင်းခင်သည်လည်း မိမိလိပ်ပြာ၊ မိမိမလုံသည်လည်းတစ်ကြောင်းနှင့်သားအမိနှစ်ယောက်၏ မျက်နှာတွေကိုလည်း ရင်မဆိုင်ဝံ့၍ဆိတ်ဆိတ်ငြိမ်ကာ ခေါင်းငုံ့ထားခြင်းဖြစ်၏။

"အဟမ်း..အဟမ်း၊ အဟင်း..အင်း၊ ဒီမနက်နံနက်စာ စားရတာ တော်တော့်ကိုစိတ်ကျေနပ်စရာကောင်းတယ်၊ ဒါဘယ်သူစီစဉ်တာလဲ…"

အသံတိတ်တိုက်စစ်နှင့်ခံစစ်တို့စစ်ဆင်နေဆဲ၊ စားသောက်ရင်း အရှိန်ပြေစေအပြုံ့ ဦးဘဟိန်းစကားဆိုလာသံကြောင့် နဒီသည် မိခင်ဘက် မသိမသာငဲ့ကြည့်ရင်း၊ မေမေ စီစဉ်တာလားဟူသော အကြည့်နှင့်မေးဟန်ပြုသည်။ ဒေါ်မြင့်မြင့်မိုးသည်က သွားကိုစေ့ကာ မျက်နှာထားမှာတင်းထန်နေ၏။

"ယမင်း စီစဉ်တာပါ ဘိုးဘိုး…"





ယမင်းခင်သည် ဦးဘဟိန်းထံ တစ်ချက်ကြည့်ပြီးဆိုသည်။ တစ်ဆက်တည်းလည်း ယမင်းခင်နားထဲ ရွှေပုလဲပြောသော စကားသံသည် ထိုးဖောက်ဝင်ရောက်လာ၏။

"မယမင်း သူဌေးကြီးကို နေ့တိုင်းဆီဦးထောပတ်တွေ ကျွေးမနေပါနဲ့၊ အဲဒီအစားအစာတွေဟာ အကြောတက်ပြီး ကိုယ်လက်တွေကိုလေးလံစေတယ်၊ ဒီစာတွေကို သူငယ်ငယ်ကတည်းက စားလာတာပဲ၊ နောက်ပိုင်းမစားရလို့လည်းဘာမှမဖြစ်ဘူး…

ကျန်းမာရေးနဲ့ညီညွတ်မယ့် မနက်စာကိုပြင်ဆင်ပြီးကျွေး၊ ဥပမာ ဆန်ပြုတ်နဲ့ငါးခြောက်ဖုတ်ပေါ့ပေါ့လေးနဲ့ကျွေး၊ ငါးကြော်လေးနဲ့ကျွေး၊ ဒါမှမဟုတ် ပဲပြုတ်နဲ့ထမင်းပူပူလေးကျွေး၊ ဒါမှမဟုတ်မုန်လာဥနဲ့လုပ်ထားတဲ့ဆိုက်ပေါကို ပါးပါးလှီး၊ ကြက်သွန်နီပါးပါးလှီး၊ ငရုပ်သီးစိမ်းလေးနည်းနည်းထည့်၊ ပုဇွန်ခြောက်လေးနည်းနည်းထောင်းပြီး သံပုလရာရည်လေးနည်းနည်းညှစ်ထည့်ပြီးသုပ်၊ အဲဒါကို ထမင်းပူပူလေးနဲ့မဟုတ်ရင် ဆန်ပြုတ်လေးနဲ့ကျွေး..

အဲဒါစားပြီးမှ သဘောသီးမဟုတ်ရင် ငှက်ပျောသီးတစ်ခုခုကို ဖျော်ရည်တစ်ခုခုနဲ့အစားပိတ်လေးကျွေး၊ ဒါဆိုရင် အဘိုးကြီးလည်းရင်ချောင်ပေါ့ပါးမှုရှိတယ်၊ လုပ်ကျွေးနော်သိလား…"

ရွှေပုလဲစကားတွေကို အမှတ်ရပြီး၊ ယမင်းခင်သည်လည်း အဘိုးနှင့်ပို၍ပူးပေါင်းနိုင်ရေးအတွက် အဘိုး၏ယုံကြည်စိတ်ချအားကိုးမှုတွေကိုရရှိစေရေးအတွက် အမှတ်ရကာ ပင်ပန်းခံလုပ်ကျွေးဖြစ်ရခြင်းပါ…။

ရွှေပုလဲက စာဖတ်လည်းဝါသနာပါသူမို့ ဗဟုသုတရှိ



www.burmeseclassic.com

www.burmeseclassic.com



သည်း အိမ်အလုပ်လည်းကျွမ်းကျင်သည်။ မိမိက အိမ်အလုပ်ကို မကျွမ်းကျင်သော်လည်း အနည်းအကျဉ်းတော့လုပ်တတ်သည်ပါ။ ယခု နံနက်စာကို မိမိလုပ်ကျွေးခြင်းအတွက် အဘိုး၏ချီးမွမ်းကျေနပ်မှုကို မိမိရရှိပြီမို့၊ ယမင်းခင်သည် ဘဝင်ခိုက်အောင်ကျေနပ်ပီတိဖြစ်နေရသည်ပါ…။

သို့သော် ယမင်းခင်သည် မိမိ၏ကျေနပ်ပီတိအား အပြင်သို့မဖော်ထုတ်ရဲ၊ ဒေါ်မြင့်မြင့်မိုးတို့ သားအမိကြောင့် မိမိပီတိအားရင်ထဲမျိုချထားရကာ ဆိတ်ဆိတ်ငြိမ်ငြိမ်ကလေးသာ နေဖြစ်ရလေ၏။

"ဟော..ဟုတ်လား၊ ငါ့မြေးလည်းဘယ်ဆိုးလို့လဲ၊ ကောင်းတယ်..ကောင်းတယ်၊ ငါ့မြေးကိုယ်တိုင်မလုပ်ပါနဲ့၊ အလုပ်သမားတွေကို မနက်စာဘာလုပ်မယ်ဆိုတဲ့အကြံပေးလိုက်ရင်ရပါပြီ၊ ဟား ဟား..ဟား ဒီနေ့မနက်စာ ဘိုးဘိုး စားရတာဇော်တော်အဆင်ပြေတာကွဲ…"

အဘိုးစကားကြောင့် နဒီသည် မျက်နှာလေးတစ်ချက်မဲ့လိုက်ပြီး…

"ဟင်း..ဘိုးဘိုးကလဲ၊ အထူးအဆန်းလုပ်ပြောနေပြန်ပြီ၊ ဘယ်အစာပဲဖြစ်ဖြစ် နေ့တိုင်းတော့မစားနိုင်ပါဘူး ဘိုးဘိုးရဲ့…"

"အေးလေ..ဟုတ်ပါတယ်၊ ဒါပေမဲ့ ဒီနေ့အပြောင်းအလဲစားရတာကို ဘိုးဘိုးကပြောတာပါ ငါ့မြေးလေးရယ်၊ သြော်..ဒါနဲ့ အခုကြုံကြိုက်တုန်းပြောရဦးမယ်၊ ငါ့မြေးလေးက အငယ်ဖြစ်တယ်၊ ဒီတော့ ဒီကမြေးကြီးကို ငါ့မြေးလေးက မမကြီးလို့ခေါ်ရမယ်ကွဲ၊





ကိုယ့်အမကို နင်ပဲငါပဲမပြောရဘူး၊ ရိုရိုသေသေနဲ့ချစ်ချစ်ခင်ခင်လေးလေးစားစား ဆက်ဆံရမယ်၊ ကြားလား…"

"ဟင်..ဘိုးဘိုးကလဲ သူနဲ့ကခုမှသိကြရတာ၊ နဒီအစ်မအဖြစ် အသိအမှတ်မပြုနိုင်ပါဘူး၊ လိမ်ညာပြီးဒီအိမ်ပေါ်ရောက်လာတဲ့သူဆို ဘယ်လိုလုပ်မလဲ…"

နဒီ၏ရမ်းကာ ပြောလိုက်သည့်စကားက ဒက်ကနဲ ယမင်းခင်အား ထိမှန်သွားသလိုဖြစ်နေ၍၊ ယမင်းခင်မျက်နှာမှာ အကြီးအကျယ်ပျက်သွားရ၏။ သို့သော်လည်း ကြိုတင်ပြင်ဆင်မှုများနှင့်ရှိနေပြီဖြစ်သည့် ယမင်းခင်သည် မိမိမျက်နှာအား မည်သူမှမဖတ်နိုင်ခင်ပင် ပြုပြင်နိမ့်ချသနားကြင်နာဟန်စိတ်၊ သဘောထားကြီးဟန်မဖြစ် ပြုပြင်ပြောင်းလဲထားပြီးသားပါတည်း…။

"တိတ်စမ်း နဒီ၊ ကိုယ့်အစ်မကို ဒီလိုပြောရလား၊ ဘိုးဘိုးစကားကိုနားထောင်စမ်း၊ နောင်ကို ဒီလိုမပြောရဘူးကြားလား"

"ဟုတ်..ဟုတ်ကဲ့ပါ ဘိုး…"

"မေမေ..မေမေ့ကို သမီး တစ်ခုပြောချင်တယ်၊ သူဟာမေမေ့ရဲ့သွေးသားမြေးပါဆိုပြီး၊ ဒီတိုက်၊ ဒီအသိုင်းအဝိုင်းထဲကိုရောက်လာတာ၊ သူ့မှာဘာများခိုင်လုံချက်ရှိလို့လဲ၊ သမီးက စိုးရိမ်လို့ မေမေ့ကို သတိပေးတာပါ…"

"မြင့်မြင့်မိုး နင်ဟာ ငါ့ရဲ့ချွေးမပါ၊ နင် ငါ့ကိုဘာမှထပ်ပြီးမပြောနဲ့၊ ငါ နားလည်လို့၊ ငါ သိလို့၊ ဒီကလေးကို ငါလက်ခံတာ၊ နင် ဘာမှနောက်ထပ်မပြောနဲ့တော့၊ နင် လုပ်ရမယ့်အလုပ်ကမိသားစု သင့်သင့်မြတ်မြတ်ရှိဖို့ပဲ…"



www.burmeseclassic.com

www.burmeseclassic.com



"ဘိုးဘိုး နဒီက သူ့ကိုမချစ်ဘူး၊ ခင်လည်းမခင်ချင်ဘူး…"

"တောက်··တိတ်၊ ဆက်မပြောနဲ့၊ အားလုံးချစ်ချစ်ခင်ခင်နဲ့ သင့်သင့်မြတ်မြတ်နေကြရမယ်၊ မနေနိုင်ရင် မနေနိုင်တဲ့သူက ဒီတိုက်ကြီးပေါ်ကဆင်းသွား၊ ဒါပဲ··နေနိုင်တဲ့သူနေ၊ မနေနိုင်တဲ့သူ ဆင်းသွား၊ ဒါပဲ…၊ မြင့်မြင့်မိုး…"

"ပြောပါ ဖေဖေ…"

"နင်က လူကြီး၊ ကလေးကို နင် ဆုံးမ,ထား၊ မိဘလုပ်ပြီး သားသမီးမဆုံးမ,တတ်တာလောက် ငါ မုန်းတာမရှိဘူး၊ နင်သိတယ်မဟုတ်လား၊ ငါ့စိတ်ကို ယမင်းခင်ရဲ့အဖေကိုလည်း ငါ့သမီးနဲ့ငါ သဘောတူခဲ့တာမဟုတ်သလိုပဲ၊ နင့်ကိုလည်း ငါ့သားနဲ့ငါ သဘောတူခဲ့တာမဟုတ်ဘူး…

ငါ့သားဟာ သေခါနီးမှ နင်တို့သားအမိကိုလာအပ်လို့ ငါက မြေးမျက်နှာထောက်ပြီး အားလုံးကိုခေါ်ထားလိုက်တာ၊ ငါ့သမီးက ပိုပြီးမိုက်တယ်၊ သေတာတောင် ငါနဲ့မဆက်သွယ်ဘူး၊ ဒါကြောင့် ငါ့မြေးက ဒုက္ခတွေရောက်ပြီး အခုမှငါ့ဆီရောက်လာရတာ၊ ဘာပဲဖြစ်ဖြစ် နင် ဘာမှပြောစရာမလိုဘူး…"

"မဟုတ်ပါဘူး ဖေဖေ၊ သမီးက…"

"တောက်··ထပ်မပြောနဲ့…"

စိတ်တိုတိုနှင့်ဦးဘဟိန်း အော်ပစ်လိုက်မှပင် ဒေါ်မြင့်မြင့်မိုးသည် တုန်သွားရရင်း အသံပါတိတ်တိတ်ပျောက်သွားရတော့၏။





"ဩော်··နေဦး၊ မေးရဦးမယ်၊ ငါ့မြေး ယမင်း…"

"ရှင်··ဘိုးဘိုး…"

"ဟို··ရွှေပုလဲဆိုတဲ့မိန်းကလေး ရောက်လာသေးလားကွဲ့၊ ဘိုးဘိုး သူ့ကိုလာဖို့မှာထားတယ်၊ ဘာကြောင့်လဲမသိဘူး၊ ဒီကလေးမလေးကို ဘိုးဘိုး အမြဲသတိရနေမိတယ်၊ ဒီကလေးမလေးက ဘယ်ဟာမဆိုပွင့်ပွင့်လင်းလင်း၊ သွက်သွက်လက်လက်နဲ့ ဟက်ဟက်ပက်ပက်ရှိတယ်ကွဲ့၊ သူ့မျက်နှာလေးက အရုပ်ကလေးလိုပဲ၊ တော်တော်ချစ်စရာကောင်းတယ်…"

"ဟုတ်တယ်··ဟုတ်တယ် ဘိုးဘိုး၊ ဘိုးဘိုးလည်း သူနဲ့သိတယ်နော်၊ နဒီနဲ့လည်းသိတယ်၊ ဒါပေမဲ့ နဒီနဲ့သူနဲ့က သိပ်တော့မတည့်ဘူး၊ သူက သိပ်ဆရာမလုပ်တာပဲ၊ ဒါပေမဲ့ နဒီက သူ့ကိုတော့ခင်ပါတယ်…"

သွေးကစကားပြောသည်ဟုပင်ဆိုရမည်ဟူသော အသိဖြင့်၊ ယမင်းခင်သည် နဒီတို့မြေးအဘိုးစကားများတွင် အခြေမလှသလို မျက်နှာမှာအပျက်ကြီးပျက်ရချေ၏။ သို့သော်လည်း နဒီသည် ကျင့်သားရနေသူတစ်ဦးနှယ် သူမ မျက်နှာနှင့်သူမအသွင်အားချုပ်တည်း ချုပ်တည်းထိန်းသိမ်းတတ်နေပြီဖြစ်၏။

"ဘိုးဘိုး သူနဲ့တွေ့ချင်ရင် ယမင်း သူ့ဆီဖုန်းဆက်ခေါ်လိုက်မယ်လေ၊ သူနဲ့ချိန်းလိုက်မယ်၊ ပြီးရင် သူရှိတဲ့ဆီ ဘိုးဘိုးကို ယမင်း လိုက်ပို့ပေးမယ်…"

"အေး··ဒီနေ့တော့ ဘိုးဘိုးလည်း သူ့ဆီပဲသွားတွေ့မလား လို့ပဲ…"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ဘိုးဘိုး၊ ဒါဖြင့် ယမင်း ဖုန်းဆက်လိုက်ပါ့မယ်…"

တည်ငြိမ်းအေးဆေးဟန်နှင့် ယမင်းခင် ဆိုသည်။ မှန်သည်။ ယမင်းခင်၏မျက်နှာသည် ဖတ်ရခက်သောမျက်နှာ၊ လျှို့ဝှက်မှုတွေနှင့်ပြည့်သောမျက်နှာ…။

ယမင်းခင်၏စိတ်ထဲ၊ ဦးနှောက်ထဲမတော့၊ ထိတ်ထိတ်ရှဲရှဲနှင့်ပင်သာ ဘာလျှင်ဘာလုပ်ရမည်ဟူသော ရာထားချက်တွေကဖြင့် ရှိနှင့်ပြီးသားဖြစ်သည်တကား…။

× × × × × ။

အဘိုးကိုခေါ်ကာ ယမင်းခင်သည် ကားလေးအား မောင်းထွက်ခဲ့သည်။

"ငါ့မြေး ရွှေပုလဲက ဘိုးကို ဘယ်မှာစောင့်နေမှာလဲတဲ့"

"ဆိုဖီတယ်ဟိုတယ်ရှေ့မှာ သူ စောင့်နေမယ်တဲ့၊ ဘိုးဘိုးကို နှိပ်ဖို့တွေလည်း သူ စီစဉ်ထားပြီးပြီတဲ့…"

"ဩော်..အေး..အေး၊ ငါ့မြေးက ရွှေပုလဲနဲ့အစကတည်းက သိတာလားကွဲ့…"

"ဟုတ်ကဲ့ ဘိုး၊ အစကတည်းကသိပါတယ်၊ ဒါပေမဲ့ သိပ်တော့မရင်းနှီးပါဘူး…"

"ဩော်..အေးပေါ့လေ၊ ရွယ်တူချင်းဆိုတော့လည်း သိကြမှာပေါ့၊ ပြီးတော့ ခုဆိုလုပ်ငန်းသဘောအရ ဆက်ဆံရတဲ့ အပိုင်းတွေလည်းရှိနေပြီဆိုတော့ နောက်ပိုင်းပိုရင်းနှီးလာကြမှာပါ"





"ဟုတ်ကဲ့ ဘိုးဘိုး…"

"ရွှေပုလဲဆိုတဲ့ကလေးလေးက မြေတောင်မြှောက်ပေးမယ့်သူရှိရင် အများကြီးတိုးတက်မှာကွဲ့၊ ရွှေပုလဲက ငါ့မြေးတို့နဲ့တောင် မတူသေးဘူး၊ အသက်ငယ်ပေမယ့်လည်း အရည်အချင်း တော်တော်ရှိတယ်၊ သူနဲ့စကားပြောကြည့်မှပိုပြီးသိတယ်…

ဒါကြောင့် အဘိုးလည်း သူ့ကိုမြေတောင်မြှောက်ပေးတဲ့အနေနဲ့ သူ့အလုပ်တွေကို ပံ့ပိုးကူညီပေးနေတယ်၊ ပြီးတော့ အခု သူ လုပ်ကိုင်နေတဲ့အလုပ်ကလည်း မကြာခင် ဘိုးရဲ့မြေးသမက်ဖြစ်လာမယ့်ကျော်ထိုက်ရှိန်းရဲ့ အလုပ်တွေဆိုတော့ တစ်ချက်ခုတ်နှစ်ချက်ပြတ်၊ သူ့ကိုကူညီရာလည်းကျ၊ ကျော်ထိုက်ရှိန်းကိုကူညီရာလည်းကျတာပေါ့…

အင်း..ရွှေပုလဲလေးက သူ့စိတ်နဲ့သူ့ကိုလည်း အကျိုးပေးပါတယ်လေ၊ မောင်ကျော်ထိုက်ရှိန်းဆိုတာကလည်း တကယ့်ကိုလူကောင်းကွဲ့၊ ရွှေပုလဲအတွက် အလုပ်ရှင်ကောင်းကိုရသလို၊ မောင်ကျော်ထိုက်ရှိန်းအတွက်လည်း အလုပ်သမားကောင်းတစ်ဦးကိုရတာပါပဲ…

ရွှေပုလဲလေးက စိတ်ဓာတ်ရော၊ အရည်အချင်းပါ၊ အောက်ခြေသိမ်းကအစ တော်တယ်၊ သူ့ရဲ့စိတ်နှလုံးဖြူစင်ကောင်းမွန်မှုလေးက သူ့ရဲ့မျက်နှာမှာပေါ်လွင်တယ်၊ ဒါကလည်း သူ့ရဲ့ဆွဲဆောင်မှုပဲကွဲ့၊ တွေ့တဲ့လူအားလုံးက သူ့ကိုချစ်တယ်၊ သူ့ကိုကူညီကြတယ်လေ…"

ကားမောင်းရင်း ယမင်းခင်ကား ဦးဘဟိန်း၏စကားများ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် သဝန်တိုမှု၊ မကျေနပ်မှုတွေဖြင့် မျက်နှာပျက်နေရသည်။ သို့သော်လည်း ယမင်းခင်သည် အမှားပါမည်ဆိုး၍ ကားကိုဂရုစိုက်မောင်းနေသလိုဖြင့် စကားတစ်ခွန်းမှပြန်၍မဆို၊ စိတ်ထဲမတော့ လုံးဝကျေနပ်မှုမရှိ၊ ရွှေပုလဲနှင့်ပတ်သက်သည့်အတွေးတွေကမူ ယမင်းခင်စိတ်ထဲ ပြောင်းဆန်သွားရှိနေရချေ၏။

တစ်ဆက်တည်းပင်လည်း ယမင်းခင်သည် မိမိကိုယ်မိမိ ထိခိုက်ဝမ်းနည်းနေရလေသည်။ ယှဉ်ကြုံးမရဖြစ်ရသည်။ မချင့်မရဲဖြစ်နေရသည်။ မိမိဘဝအား၊ အားမလိုအားမရကြီးဖြစ်နေရသည်။ မှန်သည်။ မိမိသည် ဘာကြောင့် သူဌေး၏မြေးအရင်းမဖြစ်ရလဲ၊ ဆင်းရဲသည့်လူတန်းစားက မွေးဖွားလာရသနည်းဟု…။

မြို့တော့. ရွှေပုလဲ၊ ရွှေပုလဲသည် ဒီကနေ့အထိ ဘာမှမသိ၊ ဘာတစ်ခုမှမရိပ်မိ၊ တကယ်တော့ ရွှေပုလဲသည် ငယ်ငယ်ကတည်းက ဘာမဆိုအရှက်အကြောက်ကိုမရှိ၊ ပြောရဲဆိုရဲလုပ်ရဲကိုင်ရဲသည့်ကောင်းမ၊ ရှူးသလိုပေါ်သလိုကြောင်သလိုနှင့် နေထိုင်ပြောဆိုတတ်သည့်ကောင်မ…။

စဉ်းစားကြည့်တော့ သည်ကောင်မက မိမိထက်အစစအရာရာသာနေတတ်၏။ ဘယ်နေရာကြည့်ကြည့် ရွှေပုလဲသည် မိမိရှေ့မှာသာရှိသည်။ ပညာရေးဘက်တွင်ကြည့် ရွှေပုလဲက ဆယ်တန်းအောင်ပြီး စာပေးစာယူတက်နေပြီ၊ မိမိက ရှစ်တန်းပင်မအောင်ခဲ့…။

အလုပ်အကိုင်တွင်လည်းကြည့်၊ ရွှေပုလဲက ရိုးဖြောင့်စွာနှင့် အောင်မြင်အောင်လုပ်ကိုင်သွားသည်။ ပတ်ဝန်းကျင်ပေါင်း





သင်းဆက်ဆံမှုတွင်လည်း ရွှေပုလဲက သာသည်။ မိမိထက်စာလျှင် ရွှေပုလဲကို ငယ်ငယ်ကတည်းက လူချစ်လူခင်ပေါသည်။

ခုလည်း ဘိုးက ပြောနေပြန်ပြီ၊ ရွှေပုလဲ၏ဆွဲဆောင်မှုသည် ရိုးစင်းဖြောင့်မတ်မှုတွေ ပေါ်လွင်နေသည့်သူမ၏မျက်နှာလေးတဲ့…

အတွေးဖြင့် ယမင်းခင်သည် နှုတ်ခမ်းကိုဖိကိုက်မိသည်။ မျက်ရည်တွေက ဝဲလျှံတက်လာ၏။ ထိုအခိုက်ပင် သူမ မောင်းသည့်ကားလေးသည် ဆိုဖီတယ်ဟိုတယ်ကြီးရှေ့တွင် လျှောခနဲဝင်ရောက်ရပ်တန့်လိုက်ပြီဖြစ်၏။

“ဘိုး‥လာ၊ အားလုံးအဆင်သင့်ပဲ၊ ဒီမှာ ဘိုး အနှိပ်ခံပြီးရင် လျှောက်လည်ကြမယ်နော်…”

ကားရပ်သည်နှင့် ရွှေပုလဲသည် ကားနားပြေးလာရင်းဆိုသည်။ တစ်ဆက်တည်း ကားတံခါးဖွင့်ပေးပြီး ဦးဘဟိန်းကိုဆီးကြို၏။

ယမင်းခင်သည် ဦးဘဟိန်းနှင့်ရွှေပုလဲတို့အား တုန့်လှုပ်စွာနှင့်ကြည့်နေဖြစ်ရသည်။ ရင်ဝယ်သဝန်တိုမှု၊ ဝမ်းနည်းမှု၊ နာကျင်မှုတွေနှင့်ပြည့်နေရ၏။ ဆိုရသော် အမှန်တရားကိုသိသော်လည်း စိတ်က လောဘဒေါသမခံချင်စိတ်တွေဖြင့် ဖွတ်ရှိနေရသည်။

ဘာဖြစ်ဖြစ်၊ မိမိအရှုက်တော့အကွဲမခံ၊ ဖွတ်တိုး၊ ဖွတ်လုပ်ရန်ဆုံးဖြတ်ပြီးသည့်အတွက် ယမင်းခင်သည် ရွှေပုလဲအားဘည်တင်းသောမျက်နှာဖြင့် စူးစိုက်ကြည့်ပစ်လိုက်သည်။ စိတ်ထွင်း မတတ်သာ၍သာ ရွှေပုလဲမျက်နှာကိုကြည့်နေရသည်။ လုံးဝ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် မမြင်ချင်၊ မတွေ့ချင်…။

လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနတို့ဖြင့် ယမင်းခင်သည် ရွှေပုလဲကိုကြည့်ဆဲ ကျစ်ခနဲမြည်သည်အထိ သွားကိုပင် တစ်ချက်စေ့ကြိတ်ဖြစ်မိရ၏။

ရွှေပုလဲကား ဘာမှမသိ၊ ဘာမှသတိမထားမိ၊ ဦးဘဟိန်းအား ပျော်ရွှင်စွာ ကားပေါ်မှဆွဲထုတ်လိုက်ပြီး ဟိုတယ်ထဲဝင်မည်ပြုပြီးမှ ယမင်းခင်ထံ လှည့်ကြည့်ဖြစ်ရင်း…

"ဩော်..မယမင်း၊ ပြန်ချိန်ကျရင် မယမင်းဆီ ဖုန်းဆက်ခေါ်လိုက်မယ်နော်…"

အင်း…

ဒေါသနှင့်ခံခက်သော ဝေဒနာတွေပေါင်းစပ်သည့် အင်းကြီးတစ်လုံးကိုချပြီး ကားကိုပါမောင်းထွက်သွားလိုက်လေတော့၏။ ရွှေပုလဲသည်က ဘာမှအမှုမထား၊ ဦးဘဟိန်းကိုတွဲပြီး ဟိုတယ်ထဲသို့ လှမ်းဝင်ခဲ့သည်။ ဘာကြောင့်မှန်းမသိ၊ ရွှေပုလဲစိတ်သည် ပေါ့ပါးပျော်ရွှင်နေသည်ပါ…။

"နေပါဦး၊ မင်း ငါ့လက်ကိုမတွဲပါနဲ့၊ ငါ ဒုက္ခိတအဘိုးကြီးမှမဟုတ်တာ၊ မင်းတွဲခေါ်နေတဲ့ပုံက ငါ့ကိုဒုက္ခိတအဘိုးကြီးလို့ လူတွေကထင်ကုန်တော့မယ်၊ ဖယ်..ဖယ် ငါ့ကိုလွှတ်၊ ငါ မင်းရှေ့ကလျှောက်ပြမယ်…"

ဟား..ဟား..ဟား…

ဒေါ်နှင့်မောနှင့်လို မာန်ပါပါနှင့်ဦးဘဟိန်းရှေ့မှ လျှောက်ကြတော့၊ ရွှေပုလဲကား ဟက်ဟက်ပက်ပက်ကလေးပင် ရယ်မော





ပစ်လိုက်ပါတော့သတည်း…။

ဦးဘဟိန်းသည်လည်း ပျော်တပြုံးပြုံးကြီးဖြင့် ရှိနေသည်ပါ…။

× × × × ×

သမီးဖြစ်သူ ယမင်းခင်၏အရိပ်ကို မြင်လိုက်သည်နှင့် ဒေါ်ရွှေခင်သည် ချက်ချင်းပင်တစ်ဘက်သို့ စောင်းလှည့်အိပ်နေလိုက်သည်။

အခန်းထဲဝင်လာသည့် ယမင်းခင်သည်လည်း မိခင်၏အပြုအမူကိုမြင်သည်ပါ။ ယမင်းခင်သည် နှုတ်ခမ်းကိုစေ့ကာ မိခင်ခုတင်အနီး တစ်လှမ်းချင်းလှမ်းခဲ့သည်။

မိခင်ခုတင်အနီးအရောက်၊ ယမင်းခင်သည် ခြေစုံရပ်၍ နှုတ်ခမ်းစေ့ကာ ငြိမ်ငြိမ်ကြီးရပ်လျှက် ကြည့်နေဖြစ်သည်။ မျက်ဝန်း၌အရည်ကြည်တို့ဖြင့် ဝေဝဲနေသော်လည်း မျက်နှာသည်က တင်းမာနေရသည်ပါ…။

ဒေါ်ရွှေခင်သည်လည်း ငြိမ်လျှက်ပင်ရှိသည်။ စိတ်သည်က ယမင်းခင်ထံမှ ထွက်ပေါ်လာမည့်စကားတွေကို ရင်တထိတ်ထိတ်ဖြင့် နားစွင့်ထားဟန်ရှိ၏။ ယမင်းခင်သည် ငြိမ်သော်လည်း မကျေနပ်မှုများနှင့် အေးစက်နေဟန်ရှိစောအကြည့်တွေနှင့် အတန်ကြာကြည့်နေပြီးမှ…

"မေမေ သိလား၊ အခု ယမင်း နေသာနေနေရတယ်၊ ယမင်းစိတ်ထဲမှာ ဘယ်လောက်အထိ ရှက်နေရလဲ၊ ခံပြင်းနေရလဲ၊ ဒေါသထွက်နေရလဲဆိုတာ မေမေ သိလား…



www.burmeseclassic.com

www.burmeseclassic.com



နေလာခဲ့တာနှစ်နှစ်သုံးနှစ်ရှိမှ၊ အခုမှဒီကိစ္စတွေပေါ်လာတယ်၊ သိရတယ်၊ မေမေ စဉ်းစားကြည့်၊ ပတ်ဝန်းကျင်ကို ယမင်း ဘယ်လိုမျက်နှာပြရမလဲ၊ ဘိုးဘိုးက အဖြစ်မှန်တွေကိုသိသွားရင် ယမင်းကို ဘယ်လိုထင်မလဲ…

မေမေကြောင့်..အားလုံးက မေမေ့ကြောင့်၊ ယမင်း စိတ်ဆင်းရဲတယ်၊ ယမင်း စိတ်ညစ်တယ်၊ ယမင်း နေရာကနေစဉ်းစားပေးကြည့်ပါဦး၊ ပတ်ဝန်းကျင်တစ်ခုလုံးကသိနေတဲ့ကိစ္စ ယမင်း ဘယ်လိုဖြေရှင်းရမလဲ…”

ယမင်းခင်ဆိုရင်း အသံကမြင့်လာသည်။ မာလာသည် တုန်လာသည်။ ဆုပ်ရုးစားရူးအဖြစ်မျိုးနှင့်ဒေါသထွက်ရသည်။ စကားတွေဆိုရင်း မျက်ရည်တွေကလည်း မြင်မကောင်းအောင် စီးကျနေရချေ၏။

“သမီး ယမင်းခင်၊ နင် အမေကိုပဲပုံမချနဲ့၊ နင့်စိတ်က ပြင်းပြင်းထန်ထန်လိုလားနေတာကိုလည်း နင် ပြန်စဉ်းစားပါဦးလား၊ နင့်ကို အမေကမွေးထားတာပါ၊ နင့်စိတ်ကို အမေက အသိဆုံးပေါ့…

သမီးဟာ ငယ်ငယ်ကတည်းက ဘာတစ်ခုအသိစိတ်မတတ်ရှိလဲ၊ မိဘကိုသိတတ်လား၊ ညီအစ်ကိုမောင်နှမတွေပေါ်သိတတ်လား၊ သမီး ပြန်စဉ်းစား…

အခုလိုဖြစ်တာ သမီးစိတ်ကြောင့်နဲ့သမီးဖြစ်တာပဲ၊ သမီးဟာ လုပချင်တယ်၊ မော်ချင်ကြွားချင်တယ်၊ ချမ်းသာချင်တယ်၊ စိတ်ကြီးဝင်စိတ်ရှိတယ်၊ အဲဒီစိတ်တွေကြောင့် သမီး ခုလိုဖြစ်တယ်





ဆိုတာ သမီးကိုယ့်ကိုယ်ကို ပြန်ဆန်းစစ်…”

“ဘာပဲဖြစ်ဖြစ် အမှန်တွေကို မေမေကသိတာပဲ၊ အစကတည်းက ယမင်းကို မေမေ ပြောပြရမှာပေါ့၊ မေမေ့အပြစ်၊ မေမေ့အပြစ် မေမေ သိလား…”

ရှက်စိတ်၊ ဒေါသစိတ်၊ မရှုနိုင်၊ မရှိုက်နိုင်စိတ်တွေဖြင့် ယမင်းခင် အော်ပစ်လိုက်သည်။ မျက်ရည်တွေကမူ ပိုးပိုးပေါက်ပေါက်ကျနေရ၏။ မကျေနပ်စိတ်၊ ခံပြင်းစိတ်တွေက မိခင်ကြီးအပေါ်၌သာ တာစူထား၍ ယမင်းခင်သည် စကားတွေပြောဆိုရန်အားယူပြင်ဆင်နေဆဲ…

ဒေါက်တာ ကိုစိုးဝေသည် ဒေါ်ရွှေခင်ကိုကြည့်ရန် နားကျပ်ကလေးလက်တွင်ကိုင်ရင်း လှမ်းလာခဲ့လေ၏။ ဒေါ်ရွှေခင် အခန်း [illegible]ရောက် မှန်တံခါးမှအထဲသို့လှမ်းအကြည့်၊ ချစ်သူ ယမင်းခင်ကို တွေ့လိုက်ရသည်တွင် ဒေါက်တာ စိုးဝေသည် ချောမွေ့သောအပြုံးဖြင့် အခန်းထဲဝင်မည်ပြုဆဲ…

“မေမေ့ကို ယမင်း မုန်းတယ်သိလား၊ မေမေ့ကို ယမင်း မုန်းတယ်၊ မေမေ့ကြောင့် အခု ယမင်း ဒုက္ခရောက်ရတာ၊ ဘာပဲဖြစ်ဖြစ် မေမေ ပြောဖို့ကောင်းတာပေါ့…

ခုတော့ မေမေ စဉ်းစားကြည့်၊ ယမင်း ဘက်ကစဉ်းစားကြည့်၊ ယမင်းက ပတ်ဝန်းကျင်နဲ့နေနေရတာ၊ ပြီးတော့ ဒေါ်မြင့်မြင့်မိုးတို့သားအမိရဲ့မကြည်လင်မှုအောက်မှာ နေနေရတာ၊ အခုကိုအကြောင်းတွေသာ ပတ်ဝန်းကျင်ကော ဒေါ်မြင့်မြင့်မိုးတို့သားအမိပါသိရင် ယမင်း ဘယ်လိုလူဆက်လုပ်လို့ရတော့မလဲ၊ ယမင်း



www.burmeseclassic.com

www.burmeseclassic.com



ဘဝ ရေစုန်မျော်ပြီပေါ့…

မေမေ··မေမေ ယမင်းကို ကတိပေးပါ၊ မေမေ ကတိပေးရမယ်၊ ရွှေပုလဲကို မေမေ ဘယ်တော့မှဒီအကြောင်းတွေကို ဖွင့်မပြောပါဘူးလို့၊ အဖြစ်မှန်တွေကိုဘယ်တော့မှ ရွှေပုလဲ မသိစေရဘူးလို့ မေမေ ကတိပေးပါ…"

"သမီး ယမင်းခင်၊ ရွှေပုလဲအပေါ် ဒီလိုစိတ်မျိုးမထားပါနဲ့လေ၊ ဒါဟာ ရွှေပုလဲပေါ်မှာ ဘယ်လိုတရားမလဲ၊ ခုလိုအရွယ်နဲ့ အချိန်မျိုးမှာ ရွှေပုလဲဟာ သူ့ရဲ့ဘဝမှန်ကို သူ သိဖို့သင့်ပါပြီ သမီးရယ်…"

"မပြောရဘူး မေမေ၊ မေမေ မပြောရဘူး၊ ဘယ်တော့မှ ကျားပုံဦးဘဟိန်းဟာ ရွှေပုလဲရဲ့အဘိုးရင်းပါဆိုတာ သူ မသိစေရဘူး၊ မေမေ မပြောရဘူး၊ မေမေ ကတိပေးရမယ်၊ မေမေ ပြောတဲ့နေ့၊ ရွှေပုလဲ သိတဲ့နေ့ဟာ၊ မေမေ ယမင်းရဲ့အလောင်းကို တွေ့ရတဲ့နေ့ပဲ…

ယမင်း စိတ်ညစ်တယ်၊ ယမင်း သေချင်တယ်၊ ယမင်း ရှက်တယ်၊ အဖြစ်မှန်တွေကို လူတွေသိသွားရင် ယမင်းက ဘယ်လိုနေရတော့မှာလဲ၊ ဘာပဲဖြစ်ဖြစ် ရွှေပုလဲကို မေမေ ဘယ်တော့မှ မပြောပါဘူးလို့ ယမင်းကို ကတိပေးပါ…"

မျက်ရည်တွေနှင့်ဆိုပေမယ့် ပြင်းပြင်းထန်ထန်ဒေါမာန်တွေနှင့်ဆိုနေသည့် ယမင်းခင်စကားများကြောင့် ဒေါ်ရွှေခင်သည် ထိခိုက်တုန်လှုပ်ရ၏။

တစ်ဆက်တည်းပင်လည်း ဘယ်လိုမှ လုံးဝမမျှော်လင့်





မထားသော ယမင်းခင်ထံမှ စကားတွေကိုကြားလိုက်ရသည့် ဆါက်တာ စိုးဝေသည်ပင်လည်း လက်ထဲမှနားကျပ်ပင် လွတ်ကျသွားရသည်အထိ တုန်လှုပ်အံ့သြသွားဖြစ်ရပါလေသတည်း…။

အခန်းထဲတွင်မတော့ ပြင်းထန်ရက်စက်လှသော ယမင်းခင်၏ စကားများကြောင့် ဒေါ်ရွှေခင်သည် ထိခိုက်ခြင်းများစွာဖြင့် ခေါင်းတရမ်းရမ်းရှိကာ မျက်ရည်ပင်လယ် ဝေနေရပါလေသတည်း။

× × × × ×

"ရှူး··အား၊ ရှူး··အား၊ ရှူး··အား စပ်တယ်၊ ပူတယ်၊ ဆော်တော့်ကိုစပ်တာ၊ ဒါပေမဲ့ စားလို့ကတော့ကောင်းတယ်ဟေ့၊ ဟား··ဟား··ဟား··ဟား…"

တရှူး··ရှူး တရှဲရှဲဖြင့် စားသောက်ရင်းက ဦးဘဟိန်းဆိုပြီး တဟားဟားရယ်သည်။

ပူစပ်လွန်း၍ ဦးဘဟိန်းမျက်နှာတွင် ချွေးသီးတွေနှင့်နှပ်တွေနှင့်ဖြစ်နေရသည်။ ရွှေပုလဲ၏မျက်နှာဝင်းဝင်းလေးသည်လည်း အပူအစပ်တွေစားထား၍ ချွေးသီးလေးများထ,ကာ ရဲတွတ်နေလေ၏။

"အား··ရှူး၊ စပ်တယ်၊ ကောင်းလည်းကောင်းတယ်၊ သူဌေး၊ အဘိုးဘယ့်နဲ့လဲ၊ စားလို့ကောင်းတယ်မဟုတ်လား…"

"အေး··ကောင်းတယ်ကွ၊ အားလုံးကိုပွင့်ကုန်တော့တာပဲဟေ့၊ ဒါက ဘာစားစရာလဲပြောပါဦး…"



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ယိုးဒယားစားသောက်ဆိုင်လေ အဘိုးရဲ့၊ အခု စားနေတာက ယိုးဒယားငပိနဲ့တို့စရာစုံစုံဆိုတာပေါ့၊ ဒီမှာဟင်းချို ရဲရဲသောက်၊ အုန်းနို့အစားနို့နဲ့ချက်ထားတာ၊ ဘာမှမဖြစ်ဘူး၊ စား သာများများစား…"

တရှူးရှူးတရှဲရှဲနှင့်အားပါးတရ စားရင်းသောက်ရင်းမှလည်း ရွှေပုလဲ ဆိုသည်။ ရွှေပုလဲ စားသောက်သကဲ့သို့ ဦးဘဟိန်းက လည်း နည်းနည်းလေးမှအညှံ့မခံ၊ ရွှေပုလဲနှင့်အပြိုင် စားသောက် နေပုံမှာ အားရပျော်ရွှင်စရာပါ…။

"အဘိုး…"

"ဟော..ပြော…"

"အခု အဘိုး အနှိပ်လည်းခံပြီးပြီ၊ ရေနွေးလည်းချိုးပြီး ပြီ၊ အခု ဗိုက်လည်းဖြည့်နေရပြီ၊ ခုလို အဘိုး နေထိုင်သွားလာ စားသောက်နေရတာ အဘိုးစိတ်ထဲဘယ်လိုနေလဲ…"

"ဟင်..အင်၊ ကောင်းတယ်၊ တကယ့်ကိုကောင်းတယ်၊ အဘိုးရဲ့စိတ်ရောကိုယ်ပါ တော်တော်မှပေါ့ပါးသွားတယ်၊ ငါ့မြေး ပြောသလို တော်တော်အကျိုးရှိပါတယ်…"

ဟင်းချိုသောက်ရင်း၊ ကြက်ကင်စားရင်း ဦးဘဟိန်းသည် တကယ့်ကိုစိတ်လက်တက်ကြွပေါ့ပါးစွာဖြင့် ဆိုဖြစ်ခြင်းပါ..။

"ဟား..ဟား ဒါဆို ရွှေပုလဲ လိုက်ပို့ရကျိုးနပ်တာပေါ့ နော် အဘိုး…"

"အေး..သိပ်နပ်တာပေါ့ ငါ့မြေးရဲ့၊ အဘိုး တကယ်ပြော တာ၊ ငါ့မြေးကတော်တယ်၊ စဉ်းစားတတ်တယ်၊ ပါးနပ်တယ်၊





ငါ့မြေးအကြံဉာဏ်တွေပေးပြီး အခုလိုလိုက်လုပ်ပေးလို့သာ အဘိုး စိတ်ရောကိုယ်ပါ ပေါ့ပါးပြီးကျန်းမာနေတာ…

နို့ဖြစ်ဆိုရင် အဘိုးဟာ အလုပ်တွေပိ၊ စိတ်ညစ်စရာတွေ ပိပြီး၊ ဇက်ကြောတွေတက်၊ ခေါင်းတွေမူးနောက်ပြီး ကိုယ်ရော စိတ်ပါ လေးလံထိုင်းမှိုင်းနေတာ…

ငါ့မြေးနဲ့တွေ့မှ အဘိုးတော်တော်နေကောင်းသွားတယ်၊ အိမ်မှာ အဘိုးကိုဒီလိုပြုစုမယ့်သူက တစ်ယောက်မှမရှိဘူး၊ သူတို့ အလုပ်နဲ့သူတို့တောင် မအားကြဘူး…

အခုတော့ အဘိုးလည်းသိပြီ၊ အဘိုးက ငါ့မြေးကိုပဲ အားကိုးတော့တယ်၊ ငါ့မြေးအကြံဉာဏ်နဲ့ငါ့မြေးရဲ့စေတနာပါတဲ့ လုပ်ဆောင်ပေးမှုကြောင့် အဘိုး အားလုံးအဆင်ပြေသွားတာ…

ဒါကြောင့် အခုလည်းအဘိုးက ငါ့မြေးကိုခေါ်ခိုင်းလိုက် တာကွဲ့၊ နောက်လည်း အဘိုးကိုကြည့်ရှုစောင့်ရှောက်ပေးပါဦး ကွယ်…"

"ဟုတ်ကဲ့ပါ အဘိုး၊ ရွှေပုလဲက တခြားအလုပ်တွေမရှိ တော့ ရပါတယ်၊ အဘိုးလိုအပ်ရင် ရွှေပုလဲကိုခေါ်လိုက်ပါ…"

"အေး..ငါ့မြေးကို အဘိုး အားကိုးတယ်၊ အဘိုး တကယ်ပြောတာ ငါ့မြေးကို အဘိုးရဲ့စိတ်ထဲမှာ တော်တော်ယုံ ကြည်အားကိုးမိတယ်…"

"ဒီစကားကြားရတာ ဝမ်းသာပါတယ် အဘိုးရယ်၊ ဒါ တဲ့ အဘိုး အေးဆေးစားနော်…"

"စားတယ်..စားတယ်၊ ငါ့မြေးလည်းစား၊ ဘာမှာဦး



www.burmeseclassic.com

www.burmeseclassic.com



မလဲ၊ ထပ်မှာဦးလေ…”

“တော်ပြီ အဘိုး၊ အဘိုးက ဘာစားချင်သေးလဲ၊ ဂဏန်းပျော့ကြော်မှာဦးမလား…”

“အေး‥စားကြရအောင်၊ မှာ…”

စားလည်းစားနိုင်ကြသည့် မြေးအဘိုးပင်၊ နှစ်ယောက်ထဲနှင့် စားပွဲပေါ်တွင် စားစရာတွေကပြည့်နေသည်။ စားလိုက်ကြသည်မှာလည်း အားပါးတရရှိကြသည်။

“အင်း‥ဒါနဲ့ ဟိုတလောက ငါ့မြေးပျောက်နေတာဘယ်သွားနေလဲ၊ ခရီးထွက်နေလား…”

“မထွက်ပါဘူး အဘိုးရယ်၊ ခရီးထွက်ဖို့နေသာ၊ တစ်ရက်တစ်ရက်အချိန်တောင်မလောက်လို့ ဒုက္ခဖြစ်နေရတယ်…”

“ဟုတ်လား၊ ဘာဖြစ်လို့လဲ၊ ဘာလုပ်ရလို့လဲ…”

ရွှေပုလဲမှာ ရုတ်ချည်းမိခင်၏ကျန်းမာရေးနှင့်မောင်နှမတွေ၏စားဝတ်နေထိုင်ရေးတွေကို အမှတ်ရကာ ဝမ်းနည်းသွားရသည်။

ထိုအချိန်မျိုးမှာမှ သူဌေးကြီး ဦးဘဟိန်းကလည်း ရွှေပုလဲ၏အကြောင်းတွေ မေးလာလေ၍၊ ရွှေပုလဲမှာ မိမိတို့မိသားစုလေးအကြောင်းအား မပြောချင်သော်လည်း ပြောပြဖြစ်ရလေ၏။

× × × × ×

ဒေါက်တာ စိုးဝေသည် ချစ်သူ ယမင်းခင် ပြောသောစကားများအား ပြန်လည်ကြားယောင်ဆဲမို့ ကိုယ်ရောစိတ်ပါ ကတုန်ကယင်ဖြစ်နေရချေ၏။





အံ့သြခြင်း၊ မယုံနိုင်ခြင်း၊ တုန်လှုပ်ခြင်း၊ စိတ်မကောင်းခြင်းတွေနှင့်ဒေါက်တာ စိုးဝေသည် ဆေးရုံအပြင်ဘက်ရှိ စိန်ပန်းပင်ကြီးအောက်မှ ခုံတန်းလေးတွင် တစ်ကိုယ်တည်း ထိုင်နေဖြစ်၏။ ယမင်းနဲ့ငါ စ,သိကတည်းက ယမင်းအကြောင်းကို ငါသိထားတာက ယမင်းဟာ သူဌေးကြီး ဦးဘဟိန်းရဲ့မြေးဆိုတဲ့အခြေအနေနဲ့ငါ သိလာခဲ့တာ…

ခုတော့ ကျားပုံဟိန်းကုမ္ပဏီသူဌေးကြီး ဦးဘဟိန်းရဲ့တကယ့်မြေးအစစ်က ရွှေပုလဲဖြစ်နေတာကိုး၊ ရွှေပုလဲခများကတော့ ဒီအကြောင်းတွေ ဘာတစ်ခုမှသိရှာပုံမပေါ်ဘူး…

ဒီလိုအခြေအနေက ဘယ်လိုကြောင့်ဖြစ်သွားရတာလဲ၊ ရွှေပုလဲခမျာ၊ သူဌေးမြေးဖြစ်ရက်နဲ့ ဘဝကိုရင်ဆိုင်နေရရှာတာနှလုံးကိုမထူနိုင်ရှာဘူး…

ယမင်းကတော့ ကြော့ကြော့ရှရှကလေး၊ ဒါ ဘယ်လိုမျိုးအမှားအယွင်းဖြစ်သွားရတာလဲ၊ ရွှေပုလဲရဲ့အသိမှာတော့ ယမင်းခင်နဲ့အမြွှာညီအစ်မလို့သိထားရှာတယ်…

တစ်ချက်ချက်မှာတော့ မှားယွင်းနေတာပဲ၊ ယမင်းခင်ကသက်ရှိဘဝနဲ့ သူ အလဲအလှယ်မလုပ်နိုင်ဘူးတဲ့၊ သူ့အပြစ်မဟုတ်ဘူးတဲ့၊ ဖြစ်သမျှအားလုံးဟာ မိခင်ဒေါ်ရွှေခင်ရဲ့အပြစ်တွေပဲတဲ့…

ဘယ်လိုဖြစ်လို့လဲ၊ ယမင်း ပြောသမျှစကားတွေအတွက်ဒေါ်ရွှေခင်ကတော့ ဆုပ်ရူး၊ စားရူးဆိုတဲ့အဖြစ်မျိုးနဲ့ရှိနေရတယ်၊ တကယ့်အဖြစ်မှန်တွေကို ရွှေပုလဲသာသိသွားရင် ယမင်းကတော့ ဘယ်လိုကိုယ့်သူ သတ်သေမှာသေချာတယ်…



www.burmeseclassic.com

www.burmeseclassic.com



ယမင်းရယ်၊ ဘာပဲဖြစ်ဖြစ် အမှန်တရားရဲ့လမ်းကြောင်းပေါ်မှာ မင်းကို ဂုဏ်ယူစွာနဲ့ကိုယ်မြင်ချင်တယ်ကွယ်၊ ဘယ်လိုပဲဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ်ပေါ့…

ဒေါက်တာ စိုးဝေတစ်ယောက် တွေးနေဆဲ၊ ဆေးရုံထဲမှ ယမင်းခင် ထွက်လာသည်ကို သူ တွေ့လိုက်ရ၏။ သူ ချစ်သူ့မျက်နှာလေးဆီ ငေးကြည့်ခိုက်၊ ယမင်း၏မျက်နှာလေးတစ်ချက်ပျက်သွားသည်ကို သူ သတိထားမိသည်။

သို့သော်လည်း ယမင်းသည် အပြုံးလှလှနှင့်သူ့ထံသို့ လှမ်းလာခဲ့၏။ သူ့အနီးအရောက်မတော့ ယမင်းသည် ဟန်ထည့်ထည်အပြုံးလေးနှင့်သူ့အနီး ဝင်ထိုင်လာရင်းက…

"ကို··အားနေတယ်လား၊ ဒီမှာတစ်ယောက်တည်း လာထိုင်နေလို့လေ…"

"အင်း··နည်းနည်း စိတ်အနားလာယူတာပါ ယမင်းရယ်၊ ဒါနဲ့ ယမင်း ဒေါ်ရွှေခင်ဆီလာတာလား…"

"ဟုတ်တယ် ကို၊ ဒေါ်ရွှေခင်တို့မိသားစုက သနားပါတယ်လေ၊ ရွှေပုလဲကိုလည်း သနားပါတယ်၊ ဒါကြောင့် ငွေလေးကျေးလေးနည်းနည်းလာထောက်ပံ့တာ…"

ယမင်း စကားများအတွက် ဒေါက်တာ စိုးဝေသည စိတ်ပျက်သလို၊ ထိခိုက်သလို ချစ်သူအသွင်ဆီ စိုက်ကြည့်ဖြစ်ရ၏။

"ကို··ဘာဖြစ်နေလဲဟင်၊ ယမင်းကို ကြည့်နေလိုက်တာ မမြင်ဖူးသလိုပဲ၊ မျက်နှာလည်းမကောင်းဘူး၊ ဘာဖြစ်လဲဟင်၊ ပြောလေ ယမင်း ဘာကူညီပေးရမလဲဟင်…"





မင်း မကူညီနိုင်ဆုံးကိစ္စပါ ယမင်းရယ်၊ ကိုယ်သာ ပြောလိုက် မင်း သွေးပျက်အရှက်လွန်ပြီးတောင် သေသွားနိုင်တယ်၊ ဒါကြောင့် မင်းကို ကိုယ် ဘယ်လိုပြောထွက်ရက်ပါ့မလဲ…

ဒေါက်တာ စိုးဝေတစ်ယောက် စိတ်ထဲမှဆိုနေဖြစ်သော စကားပါ။ မှန်သည်။ ဒေါက်တာ စိုးဝေသည် စိတ်ထဲမှသာစကားတွေဆိုဖြစ်ရင်း၊ နှုတ်မှမူ ဘာစကားမှမဆိုနိုင်၊ ချစ်သူ ယမင်းခင်ကိုသာ သူသည် စိတ်ပျက်စိတ်ဆင်းရဲလှစွာဖြင့် ကြည့်နေဖြစ်ရပါသတည်း…။

× × × × ×

လာကြိုရန်ဖုန်းဆက်ခေါ်လိုက်သည်မို့ ယမင်းခင် ကားလေးသည် အဘိုး ဦးဘဟိန်း စောင့်နေသည့်(…)ဟိုတယ်ကြီးရှေ့သို့ ညင်သာစွာထိုးရပ်လာလေ၏။

ယမင်းခင်သည် ကားလေးကိုထိုးရပ်ဆဲ အဘိုးကိုတစ်ယောက်တည်းရပ်နေသည်ကိုတွေ့၍၊ စိတ်အေးသလိုပျော်ရွှင်သလိုဖြစ်မည်ကြံဆဲ…

"ငါ့မြေး ယမင်းရေ၊ ခဏစောင့်ဦးကွဲ့၊ ဟိုတယ်ထဲမှာ ရွှေပုလဲ ပေါင်မုန့်ဝင်ဝယ်နေတယ်…"

"သူလည်း ယမင်းတို့နဲ့အတူလိုက်မှာလား အဘိုး…"

"အေး··အဘိုး သူ့ကိုအိမ်လိုက်ဖို့ခေါ်ထားတယ်…"

"ဖြစ်ပါ့မလား ဘိုး၊ နဒီနဲ့တီတီမိုးတို့က ကြိုက်ပါ့မလား"

"သူတို့က ဘာလို့မကြိုက်ရမှာလဲ၊ ငါ့အိမ်ကို ငါ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



သူ့ခေါ်ခေါ်ပေါ့၊ သူတို့ကိုလည်း ငါ ခေါ်တင်ထားတာပဲ၊ ငါ့ကို ကလှန်တဲ့သူဆိုရင် ငါ နင်ချလိုက်မယ်…”

“ဘာလဲ ငါ့မြေးယမင်းခင်က သူတို့ကိုကြောက်နေရလား၊ သူတို့လည်း ဘိုးရဲ့မြေးနဲ့ချွေးမပဲလေ…”

“ဟို··မဟုတ်ပါဘူး ဘိုး၊ တီတီမိုးရောနဒီရော ကောင်းပါတယ်၊ ရွှေပုလဲက သူစိမ်းမို့ပြောတာပါ ဘိုးရယ်…”

“ဟား··ဟား ငါ့မြေးယမင်း မပူနဲ့၊ ဘိုး ကြည့်ရတာ ဘိုးမျက်စိထဲ ရွှေပုလဲနဲ့နဒီက တော်တော်မှပြောပုံဆိုပုံတွေတူကြတာကွဲ၊ ဘိုး မျက်စိထဲမှာသူတို့နှစ်ယောက်က ဆင်သလိုလိုတောင်ရှိတယ်…

ရွှေပုလဲက နဒီထက်ပိုလှပြီး ချစ်စရာကောင်းတယ်၊ ပြီးတော့ ထက်လည်းထက်မြက်တယ်၊ နဒီက မျက်နှာကြမ်းပြီး ဉာဏ်ထိုင်းတယ်၊ ဒါပေမဲ့ သူတို့နှစ်ယောက်ရဲ့တူညီတဲ့အချက်က နောက်ပြောင်ကျီစယ်တတ်ကြတာပဲ…”

ဦးဘဟိန်းစကားတွေနားထောင်ပြီး ယမင်းခင် မျက်နှာမှာ အပျက်ကြီးပျက်နေရသည်။ တစ်ဆက်တည်းလည်း ရွှေပုလဲအပေါ် နာမလိုစိတ်က ယမင်းခင်ရင်ထဲ ထ,ကြွနေရ၏။ နောက်ကို အတတ်နိုင်ဆုံး ရွှေပုလဲနှင့်အဘိုးကို ပေးမတွေ့ရန်၊ မဆုံစည်းစေရန် ကြိုးစားရမည်ဟုလည်း ယမင်းခင်သည် မှတ်ချက်ချဖြစ်လိုက်၏။

ယမင်းခင်စိတ်ထဲ သဝန်တိုစိတ်၊ မနာလိုစိတ်တွေနှင့်တင်းကြပ်ကာ ယမင်းခင်မျက်နှာသည် တင်းမာသယောင်ရှိနေဆဲ ပေါင်မုန့်ဝယ်ပြီး၍ ရွှေပုလဲ အပြေးကလေးရောက်လာသည်တွင် အဘိုး





သည် ရွှေပုလဲအား တလှိုက်အလှဲဆီးကြိုရင်း ကားထဲဝင်ထိုင်လိုက်လေ၏။

တိတ်ဆိတ်စွာပင် ယမင်းခင်သည် ကားလေးကိုမောင်းထွက်ခဲ့သည်တွင် အနောက်တွင်မတော့ ရွှေပုလဲနှင့်အဘိုးသည် ပေါင်မုန့်တွေဆီကြည့်ပြီး တွတ်ထိုးရယ်မောကာ ပါလာကြ၏။

ကားမောင်းရင်း ယမင်းခင်သည်က မနာလိုစိတ်၊ သဝန်တိုစိတ်ဒီဂရီများ မြင့်တက်နေသည်ပါ။ သို့သော်လည်း ယမင်းခင်သည် ပါးနပ်စွာသူမကိုယ်သူမ ထိန်းချုပ်ထားဖြစ်လေ၏။

တအောင့်ခန့်ကြာသည်တွင် ဦးဘဟိန်း၏တိုက်ကြီးဆီသို့ ရောက်လာသည်။ ဆင်ဝင်အောက်၌ ကားကိုရပ်ပြီး တိုက်ကြီးထဲ ဝင်လိုက်သည်နှင့် နဒီတို့သားအမိနှင့် ရင်ဆိုင်တွေ့ဆုံလိုက်ရလေ၏။ ထုံးစံအတိုင်း ယမင်းခင်သည် နဒီတို့သားအမိနှင့်တွေ့လျှင် သိုးကလေးကဲ့သို့ မခုတ်တတ်သည့်ကြောင်ကလေးကဲ့သို့ ဖြစ်သွားရသော်လည်း…

ရွှေပုလဲသည်က နဒီတို့သားအမိကိုတွေ့လိုက်သည်တွင် ကျောင်းတော်က ရန်စရှိဖူးသည့်သူတွေနှင့်တွေ့ရသလို အမှတ်ရစိတ်နှင့်မျက်လုံးလေးပြူးကာ မဲ့ရွဲ့ကြည့်လိုက်ပြီး…။

“သြော်··အဟုတ်၊ ကျောင်းတော်ကရန်စသားအမိနဲ့ လာတွေ့နေပြန်ပြီကိုး၊ ဘာလဲ··ဘာလဲ ရှင်တို့ရဲ့အကြည့်တွေကိုပြင်လိုက်ပါ၊ ပုံစံတွေက ပိုက်ဆံရှိတယ်ဆိုပြီး မာန်တက်နေပုံတွေနဲ့…

ဟွန်း··ရှင်တို့ပိုက်ဆံရှိတိုင်း လမ်းဘေးကချေးသည်ကို



www.burmeseclassic.com

www.burmeseclassic.com



ပါးရိုက်လို့ရမယ်ထင်သလား၊ ကိုယ့်အဆင့်နဲ့ကိုယ် မနေတတ်တဲ့ သားအမိတွေ၊ ငွေရှိတိုင်းလိုက်ကျယ်ချင်တယ်၊ ရမလား၊ ရွှေပုလဲလိုလူစားနဲ့တွေ့လို့ကတော့ နာသွားမယ်မှတ်…”

“ကြည့်စမ်း‥ငါးစိမ်းသည်မ အိမ်ထဲလာပြီးရန်တွေ့နေတယ်၊ နင် ထွက်သွားစမ်း…”

“ဟဲ့‥မြင့်မြင့်မိုး၊ နင် လူကြီးဖြစ်ပြီး ဒီစကားပြောရလား၊ လာကတည်းက နင့်မျက်လုံးတွေကို ငါ တွေ့ပြီးသား၊ နင့်ကိုယ်နင်က ဘာအောက်မေ့နေလို့လဲ…”

“ဟုတ်သားပဲ၊ မေမေကလည်းမေမေပဲ၊ ဘိုးဘိုး နဒီမပါဘူးနော်၊ အေးဆေးပဲ‥ကဲ မေမေရယ် ကိုယ့်ဟာကိုယ် ဧည့်ခန်းထဲသွားနေစမ်းပါ…”

ဟွန်း…

ဒေါ်မြင့်မြင့်မိုးကို တွန်းတိုက်စွေစောင်းကြည့်ပြီး ရွှေပုလဲသည် ရှေ့မှဧည့်ခန်းထဲသို့ ဝင်သွားလိုက်သည်။ နောက်မှ ယမင်းခင်သည်က ကုတ်ကုတ်ကလေးနှင့်လိုက်ပါလာ၏။

ရွှေပုလဲမှလွဲ၍ ဦးဘဟိန်းရှေ့တွင် အားလုံးက ကုတ်ကုတ်ကလေးတွေပင်ရှိနေကြသည်။ နဒီသည်က ယမင်းခင်ထံ မဲ့ရွဲ့ကြည့်လိုက်ပြီး…

“ဟွန်း‥အားကိုးရှာလာတယ်ပေါ့လေ၊ ရမလား၊ ကြည့်ရင်တော့မခုတ်တတ်တဲ့ပုံနဲ့၊ မျက်နှာကသိသာပါတယ်နော်၊ လျှို့ဝှက်ချက်တွေနဲ့မျက်နှာတစ်ခုလုံးက ပြည့်နေတာ…”

“ဘာပြောတယ်၊ ငါ့အစ်မကို နင်ကမလိုတာလား၊ ဘိုး‥





ဘိုးရဲ့မြေးနဲ့ချွေးမက တော်တော်ရန်လိုတာပဲ၊ ရွှေပုလဲကိုတော့ ဒီလိုအချိုးမျိုးချိုးလို့မရဘူးနော်၊ ရွှေပုလဲကတော့ မတရားတာဆိုရင် ခံမှာမဟုတ်ဘူး…”

“ဟဲ့‥မြင့်မြင့်မိုး နင်တို့သားအမိ ကိုယ့်အခန်းကိုယ်သွားကြစမ်း၊ ငါ ပြောစရာရှိမှခေါ်လိုက်မယ်၊ ကဲ‥ကဲ ငါ့မြေးတို့လည်းသွားနားကြဦး၊ ဘိုးလည်းနားဦးမယ်၊ ညစာစားချိန်မှဆုံတာပေါ့၊ ဪ‥ငါ့မြေးယမင်း…”

“ရှင်‥ဘိုးဘိုး…”

“ရွှေပုလဲက ဘိုးဘိုးရဲ့အထူးဧည့်သည်လေးနော်၊ ငါ့မြေးက ကောင်းကောင်းဧည့်ခံလိုက်ပါ…”

“ဟုတ်ကဲ့ပါ ဘိုး…”

စကားအဆုံး ဦးဘဟိန်း အခန်းထဲဝင်သွားသည်တွင် ယမင်းခင်သည်လည်း ရွှေပုလဲကို သူမ အိပ်ခန်းထဲသို့ခေါ်လာခဲ့လေ၏။

“ဟား‥အိပ်ခန်းကြီးအပျံစားပဲ မယမင်းရယ်၊ မယမင်းက တကယ်ကုသိုလ်ကောင်းတယ်နော်…”

အိပ်ယာထက်အိပ်ချလိုက်ပြီး ရွှေပုလဲ ဆိုသည်။ ရွှေပုလဲ၏မျက်နှာနှင့်အသွင်လေးသည် အားကျခြင်းမမည်။ ပျော်ရွှင်ခြင်းသက်သက်သာပါ…။

ယမင်းခင်သည်က အပိုင်ဝက်မွေးဘဝနှင့်မို့ ဟန်ဆောင်ဆောင်နေရသည်။ ရွှေပုလဲကို ကြည့်နေ၊ မြင်နေရခြင်းအတွက် စိတ်တွင် မတင်းမတိမ်ကြီးလိုဖြစ်နေရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ရွှေပုလဲ၊ နှင့်မောင်လေးကို နှင် ဘယ်မှာထားထားလဲ၊ တစ်နေကုန်ထားခဲ့တာဆိုတော့ နှင် ပြန်ဖို့သင့်ပြီ..."

"ရတယ်..ရတယ်၊ စိတ်ချရတဲ့နေရာမှာအပ်ထားခဲ့တာ၊ ဒါပေမဲ့ အခုပဲပြန်မှာပါ၊ ဟယ်..ဒီဆွဲကြိုးလေးကလှလိုက်တာ မယမင်း ဆွဲကြိုးလား..."

မှန်တင်ခုံပေါ်မှရွှေဆွဲကြိုးကိုတွေ့၍ ရွှေပုလဲ ယူကြည့်လိုက်သည်တွင် ယမင်းခင်သည် မျက်လုံးပြူးကာ ရင်တုန်သွားရရင်း...

"အိုး..ပေး..ပေး ဒါ ငါ့ဟာပြန်သိမ်းရဦးမယ်၊ ညတုန်းက ငါ ထုတ်ကြည့်ထားတာမေ့နေတယ်..."

ပြောပြောဆိုဆိုနှင့်ပင် ယမင်းခင်သည် ဆွဲကြိုးလေးကို ရွှေပုလဲလက်ထဲမှ လုယူလိုက်သလိုရှိရင်း သိမ်းဆည်းလိုက်၏။ ရွှေပုလဲသည်က ကိုယ့်ပစ္စည်းမဟုတ်တော့ ဘယ်လိုမှမနေ၊ တပ်မက်ခြင်းလည်းမရှိတော့၊ ဘယ်လိုမှမခံစားရ..။

"ရွှေပုလဲ..."

"ဟင်..."

"ငါ နှင်တို့ကို ကျေးဇူးဆပ်ဖို့စိတ်ကူးထားတယ်၊ ငါ ဘိုးကိုပြောပြီး နှင်တို့အတွက် အိမ်တစ်ဆောင်ဝယ်ပေးမယ်၊ ဘိုးကလည်း ငါ ပြောရင်သဘောတူမှာပါ၊ မေမေလည်း ဆေးရုံက ဆင်းရင် စိတ်ချမ်းသာရတာပေါ့..."

"ရပါတယ်လေ၊ ရွှေပုလဲတို့က ဘာမှမမျှော်လင့်ပါဘူး၊ မေမေ သဘောတူလက်ခံဖို့ကသာအဓိကပါ၊ မယမင်းအနေနဲ့





မေမေအပေါ် ဘယ်လိုမှမမြင်ပါနဲ့နော်၊ မေမေ့အနေနဲ့က ဒီလိုပဲ ခံစားရမှာပေါ့..."

"ငါ နားလည်ပါတယ်လေ၊ ကဲ..နှင် မပြန်သေးရင် ခဏနေဦးနော်၊ ငါ အောက်ခဏဆင်းလိုက်ဦးမယ်..."

အင်း...

ရွှေပုလဲ အခန်းထဲကျန်ခဲ့သည်တွင် ယမင်းခင်သည် အောက်ထပ်သို့ဆင်းခဲ့လိုက်သည်။ ဧည့်ခန်းထဲအရောက်မတော့ ဧည့်ခန်းထဲတွင် ဦးဘဟိန်း၊ ဒေါ်မြင့်မြင့်မိုးနှင့်နဒီတို့ကို တွေ့လိုက်ရလေ၏။

"အတော်ပဲ၊ အခုပဲ ငါ့မြေးကို သွားခေါ်ခိုင်းမလို့၊ ကဲ ထိုင်ဦး၊ အားလုံးကို ဘိုး ပြောစရာရှိတယ်..."

ဆိုဖာတစ်ခုတွင် ယမင်းခင် ဝင်ထိုင်လိုက်သည်။ အားလုံးသည် ဦးဟာဘန်းရှေ့၌ ငြိမ်ဝပ်ပိပြားနေကြ၏။ ဦးဘဟိန်းသည် မာန်ပါသောအသွင်နှင့် စကားကိုပြတ်သားစွာဆိုသည်။

"ပေရှစ်ဆယ်ပတ်လည်လောက်ရှိတဲ့ ခြံထဲမှာနှစ်ထပ်တိုက်ဆောက်ပြီးသား တိုက်တစ်လုံးကို အမြန်ဆုံးစုံစမ်းပြီးဝယ်ပါ၊ ဒါဟာ ဘယ်သူ့အတွက်လဲဆိုရင် မြေးတစ်ယောက်လို ငါ သံယောဇဉ်ဖြစ်ရတဲ့ ရွှေပုလဲအတွက်ပဲဖြစ်တယ်...

ပြီးတော့ ရွှေပုလဲက သူ့လုပ်ငန်းတွေနဲ့ပတ်သက်ပြီး ငါ့ကို ပြောပြထားတယ်၊ အတတ်နိုင်ဆုံး သူ့ရဲ့လုပ်ငန်းတွေကို ကူညီကြရမယ်..."

"တခြားကော ရွှေပုလဲက ဘိုးဆီမှာ ဘာတွေအကူအညီ



www.burmeseclassic.com

www.burmeseclassic.com



တောင်းထားသေးလဲ ဘိုး…”

စိတ်လှုပ်ရှားစိုးရိမ်ကြီးစွာနှင့် ယမင်းခင် မေးဖြစ်သည်။ ယမင်းခင်မျက်နှာမှာလည်း လွန်စွာမှဟန်ဆောင်ထားရ၏။

“သူက အကူအညီမတောင်းပါဘူး၊ ဘိုးကပဲ သူ့ရဲ့ အခက်အခဲတွေအတွက် ကူညီဖြေရှင်းပေးတာ၊ ဒီလိုလူငယ်မျိုးကို မြေတောင်မြှောက်ပေးရမယ်၊ တစ်နေ့ ရွှေပုလဲဟာ အောင်မြင်တိုးတက်လာမှာ အမှန်ပဲ…”

“ဖေဖေကလည်းလေ ပေးချင်ရင် ငွေလေးဘာလေးနည်းနည်းပါးပါးကူညီလိုက်လည်းပြီးတာပါပဲ၊ ဒီလိုလူတွေက ကျေးဇူးသိတတ်တာမဟုတ်ဘူး…”

“တော်…မိမိုး၊ နင် ငါ့ကိုဒီလိုစကားမျိုးပြောခွင့်မရှိဘူး၊ ငါ ခိုင်းတာ နင် လုပ်မလားမလုပ်ဘူးလားပဲပြော…”

“မဟုတ်ပါဘူး ဖေဖေရယ်၊ စိုးရိမ်လို့ပြောမိတာပါ၊ ဖေဖေ ခိုင်းတာ သမီး အမြန်ဆုံးလုပ်ပေးပါ့မယ်…”

“ဒါဆိုလည်းပြီးရော၊ ငါ့မြေးနှစ်ယောက်ကရော ဘာပြောချင်သေးလဲ…”

“နဒီ ဘာမှမပြောပါဘူး ဘိုး…”

“ယမင်းလည်း ဘာမှပြောစရာမရှိပါဘူး ဘိုး၊ ရွှေပုလဲတို့မိသားစုကို ကူညီတဲ့အတွက် ယမင်းကတောင် ဘိုးကိုကျေးဇူးတင်ပါသေးတယ်၊ တကယ်တော့ သူတို့မိသားက ယမင်းရဲ့ ကျေးဇူးရှင်တွေပဲမဟုတ်လား ဘိုးရယ်…”

ယမင်းခင်၏ နှိမ့်ချစွာပြောသောစကားနှင့်အသွင်ဆီကြည့်





ပြီး နဒီက မျက်နှာရှုံ့သည်။ မှန်သည်။ အဘယ်ကြောင့်မှန်းမသိ၊ နဒီသည် ယမင်းခင်အား လုံးဝမလိုလားသည်အမှန်ပါ…။

“အေးကွဲ့၊ ရွှေပုလဲတို့မိသားစုက ငါ့မြေး ယမင်းရဲ့ကျေးဇူးရှင်တွေလည်းဖြစ်သလို၊ ရွှေပုလဲဆိုတဲ့ကလေးမက သူ့စိတ်နဲ့ သူ့ကို အကျိုးပေးတာပါပဲလေ…

ကဲ…ကဲ ဘိုး ပြောချင်တဲ့စကားတွေလည်းပြောပြီးပြီ၊ ခင်းတို့အားလုံးသွားကြတော့၊ ရွှေပုလဲ ပြန်ချင်တယ်ဆိုရင်လည်း လိုက်ပို့ပေးကြကွဲ့…”

“ဟုတ်ကဲ့ပါ ဖေဖေ….”

“ဟုတ်ကဲ့ပါ ဘိုး…”

ဒေါ်မြင့်မြင့်မိုးနှင့်နဒီတို့ သားအမိက ဆိုသည်။ ယမင်းခင် ၊ ခိုတ်တွေလှုပ်ရှားနေရသောအတွေးတွေးဖြင့် ငြိမ်သက်စွာ နေလေ၏။

မှန်သည်။ ထိုနေ့က ယမင်းခင်သည် သူတို့မြေးအဘိုး ဆောင်နှမတွေက သွေးချင်းစကားပြောနေကြသည်ဟူသောအသိ ဖြင့် စိတ်သည် မလုံမလဲဖြစ်ရင်း သဝန်တိုစိတ်နှင့်နာမလိုစိတ်တွေ ဘွားဖွားဖြစ်ပေါ်ရရင်းက၊ ရွှေပုလဲနှင့်ဒီမိသားစု အဆက်အသွယ် ပြတ်ရေးနှင့် ရွှေပုလဲအပေါ် မိစ္ဆာစိတ်တို့ပွားရင်း ကြံစည်မှုများနှင့်ရှိ နေဖြစ်ရပါလေသတည်း…။ ॥

ØØ ØØ ØØ



www.burmeseclassic.com

www.burmeseclassic.com

## - နှစ်ဆယ့်နှစ် -

ဘီရိုကြီးကိုဖွင့်လိုက်သည်နှင့် အင်္ကျီတွေကက အစီအရီ ချိတ်ထားသည်ကို တွေ့ရ၏။ ရေမိုးချိုးပြီးစမို့ ကျော်ထိုက်ရှိန်းသည် မိမိအိပ်ခန်းတွင်းတွင် လွပ်လပ်စွာတာဝယ်လ်ကိုသာပတ်ထားပြီး အင်္ကျီဗလာနှင့်ရှိနေသေး၏။

ကျော်ထိုက်ရှိန်းသည် အင်္ကျီတစ်ထည်ထည်ကိုရွေးယူ မဝတ်သေးဘဲ၊ အင်္ကျီတွေမီးပူတိုက်ထားပုံ၊ ကော်လံတွေခေါက် ထားပုံနှင့်အင်္ကျီတွေချိတ်ထားပုံဆီ သေချာကြည့်နေဖြစ်၏။

စိတ်ထဲမတော့ လွန်စွာကျေနပ်နေခြင်းပါ။ မိမိဘီရိုနှင့်မိမိ အင်္ကျီတွေက တကယ်သပ်ရပ်၍ တကယ်သန့်ပြန့်သန့်ရှင်းကော ပျံ့နေရလေသည်မဟုတ်ပါတကား…။

ရယ်ဖို့မဆိုနှင့်ပြုံးမှပြုံးတတ်ပါ့မလားဟု ထင်ရသည့် ကျော်ထိုက်ရှိန်းမျက်နှာချောချောမှ နှုတ်ခမ်းနှင့်မျက်ဝန်းအစုံ တောက်ပသွားရသည်ဟု ထင်ရသည်။ မှန်သည်။ ကျော်ထိုက်ရှိန်း စိတ်တွင် လွန်စွာကျေနပ်နေရသည်မဟုတ်ပါလား…။





သူ နှစ်သက်သည့်အပြာနုရောင်နုနု ရှပ်အင်္ကျီလက်ရှည် လေးကို ထုတ်ယူလိုက်ပြီး ကြည့်လိုက်သည်။ တကယ့်ကိုနှစ်သက် စရာကောင်းအောင် အင်္ကျီလေးမှာကော့ပျံ့နေ၏။ အင်္ကျီလေးကို ကြည့်ပြီး သူ အတွေးတစ်ခုပေါ်လာသည်နှင့် ကျော်ထိုက်ရှိန်းသည် ချိတ်မှအင်္ကျီလေးကိုကိုင်ခဲ့ပြီး အခန်းထဲမှထွက်ခဲ့လိုက်သည်။

ပြီးတော့ သူသည် လှေကားထိပ်မှအောက်ထပ်သို့ ငုံ့ကြည့် လိုက်ပြီး ရွှေပုလဲကို ရှာဖွေကြည့်လိုက်သည်။ ရွှေပုလဲသည် တလေးကိုတွန်းလှည်းလေးထဲထည့်ထားပြီး အလုပ်တွေလုပ်နေ သည်ကို သူ တွေ့လိုက်ရ၍ သူသည် ရွှေပုလဲထံ စက္ကန့်လေးများ ကြာကြာ စိုက်ကြည့်နေဖြစ်ပြီးမှ…

“ဟေ့··စွာတေး···”

ခေါ်သံကြောင့် အလုပ်လုပ်နေရာမှ ရွှေပုလဲ မော်ကြည့် သည်။ ပြီးတော့ ချက်ချင်းခေါင်းကိုပြန်ငုံ့သွားပြီး…

“ဟွန်း··လူကိုခေါ်တာလည်းကြည့်ခေါ်ဦး သူဌေးရေ၊ ဘာမှန်းလည်းမသိဘူး၊ ကုဋေတခွဲသားနဲ့ အနေအထိုင်ကျတော့ မတတ်ဘူး၊ သူ့ကိုယ်သူ ဘာများအောက်မေ့နေလဲမသိဘူး…”

အွန်···

ရွှေပုလဲစကားကြောင့် ကျော်ထိုက်ရှိန်းမှာ အပေါ်နဲ့အောက် သည်းဖြစ်၊ သူ့ကိုယ်သူလည်းခုမှသတိရ၍ ပြန်ငုံ့ကြည့်ပြီး ဟိုဖိဒီဖိ နှင့် ခပ်တွန့်တွန့်ဖြစ်သွားပြီးမှ…

“အနေအထိုင်မတတ်ရအောင် ကိုယ်က ဘာလုပ်နေလို့ လဲ၊ ဘာဖြစ်နေလို့လဲ…”



www.burmeseclassic.com

www.burmeseclassic.com



"မရှည်နဲ့၊ အဝတ်အစားအပြည့်အစုံဝတ်ပြီးမှ စကားလာပြောပါ၊ အလုပ်သမားဆိုပြီး အလုပ်သမားတစ်ယောက်အရှေ့မှာ မဖွယ်မရာမနေပါနဲ့၊ မကြိုက်ဘူး..."

"အွန်..မင်းတော့လေ စွာတေး၊ အေး..နောက်မှ ငါလာပြောမယ်..."

သူ့ကိုမကြည့်ပါဘဲနှင့်ပြောလိုက်သည့် ရွှေပုလဲစကားကြောင့် ကျော်ထိုက်ရှိန်းသည် ရှက်ဖိန်းဖိန်းကြီးနှင့်ဆိုရင်း ပြန်ဝင်သွားလိုက်သည်။ တအောင့်ခန့်ကြာသည်တွင် အဝတ်တွေလဲပြီး ကျော်ထိုက်ရှိန်းသည် အောက်ထပ်သို့ပြန်ဆင်းခဲ့ပြီး ရွှေပုလဲရှေ့တွင် သွားရောက်ရပ်ပြီးမှ...

"ဒီမှာ..."

"ဘာလဲ ပြော..ပြော..."

"ဒီပုံစက သူဌေးကိုဆက်ဆံတဲ့ပုံစံလား..."

"တောင်းပန်ပါတယ်..."

သည်လိုဆိုတော့လည်း ရွှေပုလဲသည် အသံမှန်တန်းလေးနှင့်ဆိုရင်း သူဌေးထံ မျက်စောင်းနှင့်စွေကြည့်သည်။

"အမယ်..မင်းနားကို ဘယ်ပုံစံနဲ့ကပ်လာမယ်ထင်လို့လဲ..."

"ဘာမှမပြောလိုပါဘူးရှင့်..."

ရွှေပုလဲမျက်နှာလေးက စောစောကနှင့်မတူတော့၊ တည်သလိုရယ်သလို မချိုမချဉ်ဖြင့်ဆိုသည်။

"တော်တော့်ကိုမျက်နှာပြောင်တဲ့ စွာတေး..."





"ဘာဖြစ်လဲ၊ ဒီလိုပဲနေတတ်တယ်၊ ရွှေပုလဲတို့က မရှိလို့ ရှာစားဖွေစားနေရတာ၊ မျက်နှာထားကြီးနဲ့နေလို့ဖြစ်မလား၊ သူများသနားအောင်၊ ချစ်အောင်၊ ခင်အောင် ဒီလိုပဲမျက်နှာအမျိုးမျိုးနဲ့ အနေနှိမ့်နှိမ့်နေပြီးေ ပြာဆိုရတာပေါ့..."

"သြော်..သြော် ဟုတ်တာပေါ့၊ ဒါကြောင့် မင်း ငါ့ဆီအလုပ်စဝင်တဲ့နေ့က တဲေဘာကလုံးဟီးဟီးထမိုးချိန်းသံနဲ့ဝင်လာတာလေ၊ မှတ်မိပါစ မစွာတေး..."

"ဒါကတော့ ရှင့်အလုပ်သမားတွေမကောင်းလို့ ကျွန်မကကိုယ်စား လူမိုက်လုပ်ပေးရတာ၊ ဒီမှာ သူဌေး၊ ရွှေပုလဲတို့ကသူများပိုက်ဆံယူရင် အစစတာဝန်ကျေပြွန်စေရမယ်ဆိုတာ ခံယူချက်ထဲမှာအပြည့်ရှိထားပြီးသား..."

ခါးထောက်လိုက်၊ လက်နှစ်ဖက်ကိုကားပြလိုက်၊ လက်ညှိုးထိုးလိုက်၊ မျက်လုံးကိုပြူးလိုက်၊ မေးလိုက်၊ မျက်မှောင်ကိုကြုံ့လိုက်ဖြေလိုက်၊ ခါးကိုကုန်းလိုက်မတ်လိုက်နှင့် ရွှေပုလဲ ဒီဇိုင်းတွေအမျိုးမျိုးကြောင့် ကျော်ထိုက်ရှိန်းမှာ ခေါင်းပင်မူးနောက်လာချင်သေတော့၏။

"မင်း ဒီဇိုင်းတွေသိပ်မလုပ်ပါနဲ့လား၊ ကိုယ် ခေါင်းမူးသလိုတောင်းပန်တာပါ..."

"ဒီလိုပြောမှအားရတယ်၊ ဒါက ရွှေပုလဲတို့ရဲ့ ဒီဇိုင်းပဲ၊ လိုအပ်တဲ့အခါ သုံးဖို့မှတ်ထား..."

"မင်းကိုမနိုင်ဘူး၊ ကဲ..ကိုယ် စက်ရုံဘက်သွားတော့မယ်..."



www.burmeseclassic.com

www.burmeseclassic.com



ကျော်ထိုက်ရှိန်းတစ်ယောက် ရွှေပုလဲကို ခပ်လှန်လှန်ပုံစံမျိုးနှင့်ကြည့်ရင်း သူ့ပုံစံအတိုင်း မှုတည်တည်ဖြင့်လှမ်းထွက်သွားလိုက်ပါတော့၏။

"အဟာတ်··ဟာတ်၊ ရယ်ချင်တယ် သူဌေး အလုပ်ရှင်တွေထဲမှာ ဒီသူဌေးက အအ,ဆုံးပဲ၊ အဟာတ်··ဟား··ဟား··ဟား···"

အရပ်မြင့်မြင့် နောက်ကျောဖြောင့်ဖြောင့်နှင့်ခြေလှမ်းလှမ်းလိုက်တိုင်း စမတ်ကျကြည့်ကောင်းလှသည့် ကျော်ထိုက်ရှိန်း၏ **နောက်**ကျောဆီ လှမ်းကြည့်ရင်း ရွှေပုလဲသည် တဟားဟားအော်ရယ်ရင်း ရေရွတ်ဖြစ်လိုက်ခြင်းပါတည်း···။

× × × × ×

မွန်းလွဲတစ်နာရီခွဲအချိန်မို့ နေ့လယ်စာစားပြီး အားလုံးမှာ တအောင့်တနား အနားယူနေဖြစ်ကြသည်။

အနားယူနေသည်ဆိုသော်လည်း ရွှေပုလဲနှင့်ဦးရွှေမောင်းတို့သည်က ထုတ်လုပ်ထားသည့်စားကုန်ပစ္စည်းအသစ်တွေကို ပါကင်သစ်နှင့်ထုတ်လုပ်ရန်အတွက် စစ်ဆေးကြည့်ရှုရွေးချယ်နေကြ၏။

တစ်ချက်ခုတ်နှစ်ချက်ပြတ်ဆိုသလို ရွှေပုလဲသည် အလုပ်တွေလည်းလုပ်ရင်း ကလေးလည်းထိန်းရသည်။ ရွှေပုလဲအတွက်





အချိန်တွေမလုံလောက်မှ ရွှေပုလဲ မောင်လေးကို စက်ရုံမှူးကြီးဦးရွှေမောင်းက ထိန်းပေးရသည်။

အနားယူချိန်ဖြစ်သော်လည်း ရွှေပုလဲမှာ အနားမယူ၊ ကလေးကိုအနားတွင်တွန်းလှည်းကလေးထဲထည့်ထားပြီး စားကုန်ပစ္စည်းတွေ ပါကင်လုပ်ရန်ရွေးချယ်နေ၏။

သူတို့နှင့်မလှမ်းမကမ်းရှိ ကျွန်းစားပွဲကြီးတွင်မတော့ ကျော်ထိုက်ရှိန်းသည် ကုန်ပစ္စည်းအမျိုးအမည်နှင့်အရည်အတွက် စာရင်းတွေကို စစ်ဆေးကြည့်ရှုနေ၏။ ထုံးစံအတိုင်း သူ့မျက်နှာချောချောကဖြင့် မှုံသုန်သုန်ပင်၊ တစ်ချိတစ်ချီမတော့ သူ့အကြည့်တွေသည် စက်ရုံမှူးနှင့်ရွှေပုလဲတို့ထံသို့ ရောက်ဖြစ်ရ၏။

"ဟော့ ကောင်ကြီး၊ အေးလိုက်တဲ့ကလေး၊ တစ်နေ့လုံး ငိုတယ်ဆိုတာတောင်မရှိဘူး၊ မျက်နှာကလည်းချိုပါ့···"

"ဘဘရေ မောင်လေး အေးလို့သာပဲ ရွှေပုလဲလည်း အလုပ်လုပ်နိုင်တာပေါ့၊ တော်သေးတယ်၊ မောင်လေးက လူလည်းခွေးဘူး၊ ခေါ်တဲ့သူနောက်ကို ပြုံးပြုံးကလေးနဲ့လိုက်သွားတာပဲ··"

"အေး··ဒီလိုကလေးမျိုးက စီးပွားဖြစ်တဲ့ကလေး သမီးရဲ့···"

"စီးပွားဖြစ်မဖြစ်တော့မသိဘူး အဘရေ၊ လက်ရှိ မေမေ့အတော့ ဆေးရုံတက်နေရတယ်၊ အိမ်လည်းမရှိတော့လို့ ဒီမှာ သာကပ်နေရတာလေ···"

"သမီး မေမေရဲ့နောက်အိမ်ထောင်ဆိုတာကရောလဲ"

"ဟင်း··မေမေနဲ့မိသားစုအတွက် အားကိုးမရလို့ဒီအခြေ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေရတာပေါ့ ဘာဘာရယ်...”

ရွှေပုလဲဆိုရင်း မိမိ၏မိသားစုအကြောင်းတွေ စဉ်းစားမိ၍ မျက်နှာလေးနီကာ မျက်ရည်တွေဝဲလာရသည်မို့ စက်ရုံမှူးကြီးသည်လည်း ဘာမှဆက်မမေးဖြစ်ဘဲ နေလိုက်၏။

အသံတွေတိတ်ဆိတ်သွား၍ ကျော်ထိုက်ရှိန်း လှမ်းကြည့်သည်။ ရွှေပုလဲ၏ဝမ်းနည်းနေသော မျက်နှာလေးကိုမြင်တော့ ကျော်ထိုက်ရှိန်း၏ နှုတ်ခမ်းကိုတည်သောမျက်နှာချောချောသည် ပို၍နက်ရှိုင်းသွားရ၏။

ရွှေပုလဲအတွက် ကျော်ထိုက်ရှိန်း စိတ်မကောင်းဖြစ်သွားရခြင်းပါ။ သို့သော်လည်း သူ့အသွင်သည် ဝမ်းနည်းခြင်း၊ ဝမ်းသာခြင်းတွေကို ထင်ထင်ပေါ်ပေါ်မပြတတ်ခြင်းကြောင့် သူ့တွင် ခံစားမှုမရှိတတ်သည့်လူစားဟု အထင်ဖြစ်ရခြင်းပါ...။

တကယ်တော့ သူလည်း နှလုံးသားနှင့်အသွေးတွေအသားတွေနှင့်ဖွဲ့စည်းတည်ထားသည့်လူသားတစ်ဦးပေမို့ သူ့တွင် ခံစားချက်သည် အပြည့်အဝရှိသည်ကအမှန်ပါ...။

“ဟေ့ကောင်ကြီး မအိပ်သေးဘူးလားကွ၊ ကြည့်စမ်း မျက်လုံးလေးကိုပြူးနေတာပဲ၊ သိသလိုနဲ့လိုက်ကြည့်နေလိုက်တာ၊ တော်တော်ချက်ချာတဲ့ကောင်ပဲ...”

ရွှေပုလဲ စိတ်မကောင်းဖြစ်နေ၍ ဦးရွှေမောင်းမှာ စကားကို လွှဲပြောင်းပြောဖြစ်ရသည်။ ဦးရွှေမောင်းစကားကြောင့် ရွှေပုလဲ အကြည့်သည် မောင်လေးထံရောက်သွားရပြီး ပြုံးဖြစ်သွားရသည်။

“ကြည့်..ဒီကောင် တွန်းလှည်းပေါ်မှာဇိမ်ကျနေတယ်၊





ခုမှဟုတ်သွားတာပေါ့၊ သမီးလည်းသက်သာသွားတာပေါ့၊ ဒီတွန်းလှည်းလေး ဘယ်တုန်းကဝယ်လိုက်တာလဲ...”

“ဝယ်တာတစ်လလောက်တောင်ရှိပြီလေ အဘရဲ့...”

“အေးလေ..မြင်ပါတယ်၊ ခုမှမေးဖြစ်တာ၊ ဘယ်လိုအကြံရလိုက်လဲလို့၊ အစက ကလေးကိုကျောမှာသိုင်းပိုးထားရတာမဟုတ်လား၊ ကြည့်လိုက်တိုင်း တစ်ခါမှမလွတ်လပ်ဘူး၊ ခုမှဟုတ်သွားတာ...”

“အဟင်း..ရွှေပုလဲ ဒီလှည်းကလေးလိုချင်တာကြာပါပြီ၊ ဝိုက်ဆံကရလိုက်၊ မေမေ့ဆေးဖိုးနဲ့ကုန်သွားလိုက်ဆိုတော့ မဝယ်ဖြစ်ဘူးလေ...

အခု ဒီလှည်းကလေးကို အစ်ကို ကိုစိုးဝေကဝယ်ပေးတာပါ၊ ရွှေပုလဲ ဝယ်တာမဟုတ်ဘူး၊ အစ်ကို ကိုစိုးဝေကလည်း ရွှေပုလဲကိုကြည့်ရတာ မျက်စိနောက်လို့ ဝယ်ပေးလိုက်တာထင်ပါတယ်၊ အဟား..ဟား...”

ရွှေပုလဲဆိုရင်း ပေါ့ပါးစွာဖြင့် အားရပါးရလေးဆိုသည်။ ကျော်ထိုက်ရှိန်းသည် ရွှေပုလဲ စကားတွေကိုနားထောင်ဖြစ်ရင်း ရွှေပုလဲအသွင်လေးဆီ သူ မျက်မှောင်တွန့်ကာ ကြည့်နေဖြစ်ရလေ၏။

တကယ်တော့ ကျော်ထိုက်ရှိန်းသည် သူ့ကိုယ်သူမကျေမနပ်ဖြစ်နေခြင်းပါ။ သူသည် ဘာကြောင့်များ ဒီလောက်အလိုက်မသိ၊ အသုံးမကျဖြစ်ရသနည်းဟု၊ သူ့ကိုယ်သူ အပြစ်တွေတင်နေမိရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဪ..ခုမှသတိရတယ်၊ အဘနဲ့သူဌေးကိုပြောပြရဦးမယ်၊ ကျားပျံဟိန်းကုမ္ပဏီသူဌေးက အခု ရွှေပုလဲတို့လုပ်နေတဲ့စားကုန်ပစ္စည်းတွေအားလုံးထွက်သမျှ သူတို့တာဝန်ယူဖြန့်ချီမယ်တဲ့၊ ပြီးတော့..."

"ဟေ..ဟုတ်လား၊ ပြီးတော့ ဘာပြောသေးလဲ သမီးရဲ့"

"ရွှေပုလဲတို့ကုမ္ပဏီက လုပ်ချင်တဲ့အလုပ်ကိုလုပ်တဲ့၊ ယခင်လိုပြန်ပြီးနာမည်ရအောင် သူ အားလုံးကူညီမယ်တဲ့..."

ဟင်း...

ရွှေပုလဲ ပြောသမျှစကားအတွက် ကျော်ထိုက်ရှိန်းသည်က သက်မမောကြီးတွေသာချဖြစ်နေရရှာ၏။ မှန်သည်။ ရွှေပုလဲကဖြင့် စိတ်အားထက်သန်စွာနှင့် ပျော်ရွှင်ရှာမည်ဖြစ်သော်လည်း...

ကျော်ထိုက်ရှိန်းအနေနှင့်က ငပေါမ နဒီမင်းဟိန်းမျက်နှာကို မြင်ယောင်ရင်း ကိုယ်မောစိတ်မောနှင့်စိတ်ပျက်ကြီးပျက်နေရရှာသည်မဟုတ်ပါတကား...။

တွေးရင်း သူ ခေါင်းကိုရမ်းနေဖြစ်သည်။ သူသည် ရွှေပုလဲကြောင့်သာ လုပ်ငန်းတွေကိုစိတ်ဝင်စားစွာ ပြန်၍လုပ်ကိုင်နေသည်မှာ မှန်သော်လည်း နဒီမင်းဟိန်းကိုဖြင့် သူ မယူနိုင်ပါ။ သူ လုံးဝမယူနိုင်...။

သည်အကြောင်းတွေစဉ်းစားလျှင် သူ စိတ်ပျက်၊ စိတ်ဆင်းရဲရသည်မှာမှန်သော်လည်း နောင်ခါလာနောင်ခါချေးအဖြစ်နှင့် သူ ရင်ဆိုင်တော့မည်ဟု ဆုံးဖြတ်ထားရတော့၏။

"ဟေ..တကယ်လား သမီးရဲ့၊ သမီးကိုဘယ်သူကပြော





တာလဲ..."

"ဪ..ဘဘကလဲ၊ ရွှေပုလဲကို အဲဒီကျားပျံဟိန်းသူဌေးကြီးကိုယ်တိုင်က ပြောတာပါနော်၊ ရွှေပုလဲက သူ့ရဲ့ကျန်းမာကြံ့ခိုင်ရေးကိစ္စတွေကို တာဝန်ယူထားရတယ်လေ၊ အဟတ်..ဟတ်..ဟတ်..."

ရွှေပုလဲ ဂုဏ်ယူစွာဆိုရင်း ရယ်သည်။ ရွှေပုလဲမျက်နှာလေးက သည်လိုကျတော့လည်း တကယ့်ကိုကလေးလေးလို ချစ်စရာကောင်းပြီး၊ ကြည်လင်လန်းဆန်းလှပနုနယ်လွန်းနေရသည်ပါ။

"ဟုတ်လား၊ ဒါဆို သမီးက ကျားပျံဟိန်းသူဌေးနဲ့ တကယ်ပဲအဆက်အသွယ်ရှိနေတာပေါ့၊ ဟုတ်လား..."

"မယုံရင် ခုပဲဖုန်းဆက်မေးကြည့်လိုက်လေ၊ ရှေ့တစ်ပတ်ဆိုရင်တောင် အဘိုးဆီသွားပြီး သူ့ရဲ့ကျန်းမာကြံ့ခိုင်ရေးအတွက် လိုက်လုပ်ပေးရဦးမှာ...

သူဌေးကြီးကတော့ ပျော်ပျော်လည်းနေတတ်ပြီး၊ တကယ့်ကို စိတ်သဘောထားကောင်းမွန်ပြည့်ဝတဲ့သူပါ အဘရယ်၊ ဒါပေမဲ့ သူ့မြေးမနဲ့သူ့မြေးကတော့ ကျပ်မပြည့်တာကမြေး၊ ဘဝင်တိုင်တာကသူ့မြေးမလေ၊ အဲဒီကျပ်မပြည့်တာကိုမှ ငုံထားမတတ်ဖြစ်တဲ့သူကရှိသေး အဘရေ၊ ဟေး..ဟေ့..."

ရွှေပုလဲဆိုရင်း ကျော်ထိုက်ရှိန်းထံ စွေကြည့်ရင်း မချိုချဉ်မျက်နှာထားနှင့်ရှိသည်။ ကျော်ထိုက်ရှိန်းမှာ ခံရခက်သော်လည်း မပြောသာ၍ ရွှေပုလဲထံ မှုတည်တည်ကြီးနှင့်လှမ်းကြည့်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း..ဒီမှာအသာ၊ အဲဒီကျားပျံဟိန်းကုမ္ပဏီက ချေးမနဲ့မြေးကို သူများတွေကသာလန့်မှာ ရွှေပုလဲကတော့ ဂရုတိုးမစိုက်ထဲကပဲ၊ ရွှေပုလဲနဲ့လည်း ခဏခဏပဲထိပ်တိုက်တွေ့တယ်လေ၊ ရွှေပုလဲနဲ့တွေ့ရင် သူတို့ ဘာမှမပြောနိုင်ဘူး...

ဟွန့်..အလကားဟာတွေ၊ ကြည့်လို့ကိုမရဘူး၊ အကြောတွေကခပ်တင်းတင်းတွေ၊ ,လိုက်ပါ့ရှင်၊ တစ်ယောက်ကခပ်ပေါပေါ၊ တစ်ယောက်ကမှုံသုန်သုန်နဲ့ အဟတ်..အဟတ်..ဟား..ဟား..."

ကျော်ထိုက်ရှိန်းကား ရွှေပုလဲတစ်ယောက် မိမိအားနှပ်နေသည်ကိုသိသော်လည်း စက်ရုံမှူးကြီးရှေ့မို့ မျက်လုံးအပြူးသားနှင့်အောင့်သက်သက်ကြီး နေနေဖြစ်ရလေ၏။

ရွှေပုလဲသည် ကျော်ထိုက်ရှိန်းထံ လှမ်းကြည့်ပြီး မျက်လုံးပြူး၍မချိုမချဉ်မျက်နှာလေးကို ပြုံးမဲ့တွန့်ပြသည်တွင် ကျော်ထိုက်ရှိန်းသည် ငေး၍သာကြည့်နေဖြစ်ဆဲရှိလေ၏။ စက်ရုံမှူးကြီးမှာလည်း သူတို့အသွင်တွေဆီကြည့်ကာ သဘောတကျကျရှိရင်းမှ နာရီဆီတစ်ချက်ကြည့်ဖြစ်ရင်း...

"ကဲ..ကဲ လုပ်ငန်းခွင်ပြန်ဝင်ရတော့မယ်ကွဲ့၊ ဘဘ စက်ရုံဆီသွားလိုက်ဦးမယ်..."

"ဟုတ်ကဲ့ ဘဘ၊ ရွှေပုလဲလည်း မောင်လေးကို သိပ်ပြီးရင်လာခဲ့ပါ့မယ်..."

စက်ရုံမှူးကြီးထွက်သွားသည်နှင့် ကျော်ထိုက်ရှိန်းသည် ဖျတ်ခနဲဆိုသလို ရွှေပုလဲရှေ့ ရောက်လာတော့သည်။ သို့သော်





မိန်းကလေးတွေနှင့်အတွေ့အကြုံမရှိသည့် ကျော်ထိုက်ရှိန်းသည် ဘာပြော၍ဘာလုပ်ရမည်ကိုမသိ၍ ရွှေပုလဲထံ မျက်လုံးပြူးကြီးနှင့် ကြည့်နေဆဲပင်...။

ကျော်ထိုက်ရှိန်း ကိုယ့်ကိုယ်ကိုပင်ဘာဖြစ်မှန်းမသိ၊ မျက်လုံးပြူးပြူးတွေတွေကြီးဖြင့်သာ ရွှေပုလဲနောက်ကျောလေးဆီ ငေးကြည့်ဆဲရှိသတည်း...။ ။

ØØ ØØ ØØ



www.burmeseclassic.com

www.burmeseclassic.com

- နှစ်ဆယ့်သုံး -

"ငါ့မြေးနဒီက ဒီကမြေးကြီးကို မမကြီးလို့ခေါ်ရမယ်ကွဲ့ ကိုယ့်အစ်မကို နင်ပဲငါပဲမပြောရဘူးနော်၊ ရိုရိုသေသေနဲ့ချစ်ချစ် ခင်ခင်၊ လေးလေးစားစားဆက်ဆံရမယ်ကြားလား…"

"ဟင်…ဘိုးဘိုးကလည်း သူနဲ့ကခုမှသိကြရတာ၊ နဒီ အစ်မအဖြစ်အသိအမှတ်မပြုနိုင်ပါဘူး၊ တော်ကြာလီမ်ညာပြီး အိမ်ပေါ်ရောက်လာတဲ့သူဆိုရင် ဘယ်လိုလုပ်မလဲ…

ဘိုးဘိုး…နဒီက သူ့ကိုချစ်လည်းမချစ်ဘူး၊ ခင်လည်း မခင်ချင်ဘူး…"

"ဖေဖေ သူက ဒီအိမ်ပေါ်ဒီအသိုင်းအဝိုင်းထဲ ရောက်လာ တာ သူမှာဒီအိမ်ရဲ့မျိုးဆက်ပါလို့ ဘာအထောင်အထားခိုင်လုံချက်ရှိ လို့လဲ…"

တစ်ခါက ဒေါ်မြင့်မြင့်မိုးနှင့် နဒီတို့သားအမိနှစ်ယောက် ပြောခဲ့သောစကားတွေပါ…။

ယမင်းခင်သည် ပြန်လည်အမှတ်ရကြားယောင်ရင်း စိတ်





…ည်းနာသည်။ ရှက်လည်းရှက်ရသည်ပါ။ တစ်ဆက်တည်းလည်း …င်းခင် စဉ်းစားမိသည်။

ရွှေပုလဲသည် နဒီနှင့်ညီမတစ်ဝမ်းကွဲတော်စပ်သည်။ သွေး …နီးကြသည်။ သွေးကစကားပြောသလိုပင်၊ နဒီသည် ရွှေပုလဲ …တွေ့သည့်အခါတိုင်း ရွှေပုလဲကိုမြင့် ရှုံးရသည်ချည်းမဟုတ်ပါ …။

တစ်နည်းအားဖြင့် နဒီသည် သွေးကစကားပြောနေ၍ …လဲနှင့်တွေ့တိုင်း စစ်ဖြစ်နေရသော်လည်း နောက်ဆုံး နဒီကပင် …လျှော့ပေးသွားတတ်သည်ပါ…။

ထိုနည်းတူပင် ဒေါ်မြင့်မြင့်မိုးသည်လည်း ရွှေပုလဲနှင့်ကျ …ာ တော်တန်ရုံမပြောဝံ့မဆိုဝံ့သလို၊ ပြောမထွက်ဆိုမထွက်ဖြစ် …ယောင်ရှိ၏။

အဘိုးဖြစ်သူကလည်း သွေးစကားပြော၍ ရွှေပုလဲမှ …လဲဖြစ်နေသည်။ ခုပင် ရွှေပုလဲအား မြေတောင်မြှောက်ပေးရ …င် ရွှေပုလဲအတွက် ဘာတွေဝယ်ပေးရဖို့ဆိုသည့်စကားတွေပင် …ပြောတည်းပြောနေသည်မဟုတ်ပါလား…။

ထိုအတွေးဖြင့် ယမင်းခင်မျက်နှာသည် နှုတ်ခမ်းတို့စေ့ကာ …ချက်မှုတင်းမာသွားရသည်။

ဖြစ်နိုင်လျှင် ယမင်းခင်သည် အားလုံးကိုအပြတ်လုပ်ပစ် …ချင်နေရသော်လည်း နဒီတို့သားအမိကိုဖြင့် လျှော့တွက်မရ …၍ အခြေအနေကိုတွက်ချက်ကာ အဆင်ပြေမည့်…ကို …ဆုံးဖြတ်လိုက်၏။



www.burmeseclassic.com

ယမင်းခင်၏စိတ်၌ ဖြစ်ချင်သောအဓိကအကြောင်းအရာကဖြင့် ဖြစ်နိုင်လျှင်အနေးနှင့်အမြန်ဆိုသလို ရွှေပုလဲအား ဒီပတ်ဝန်းကျင်တွင်မရှိတော့အောင် မနေနိုင်တော့အောင် လုပ်ပစ်ရန်စိတ်ကူးသည် အဓိကရှိနေရသည်မဟုတ်ပါလား…။

ရွှေပုလဲသာမရှိလျှင် မိမိအတွက် နောက်ကြောင်းအေး၍ အနေချောင်ကာ စိတ်ရောကိုယ်ပါ အေးချမ်းစွာနေကြရမည်မဟုတ်ပါလား…။

အတွေးဖြင့် ယမင်းခင်၏မျက်နှာသည် သွေးအေးအေးဖြင့် တင်းမာအေးစက်နေရလေ၏။

မှန်သည်။ လူတစ်ယောက်သည် မသမာသောအလုပ်အား ကျုံးလွန်ပြုလွန်နေပါလျှင် ထိုလူသည် အစဉ်အတွေးဖြင့်ရှိနေတတ်ပြီး သတိထား၍ကြည့်နေဖြစ်ပါလျှင် ထိုလူ၏မျက်နှာအသွင်သည် အေးစက်၊ ခက်ထန်၊ ကောက်ကျစ်ခြင်းများသည် ထင်ရှားပေါ်လွင်နေရသည်မဟုတ်ပါတကား…။

ကွန်ပျူတာခန်းထဲ၌ ယမင်းခင်သည် တစ်ကိုယ်တည်းအတွေးများနှင့်ရှိနေဆဲ ကုမ္ပဏီကြီး၏ မန်နေဂျာရုံးခန်းထဲတွင်မလည်း…။

"စိတ်ညစ်တယ်‥စိတ်ညစ်တယ်သိလား၊ အိုး‥ဘာပဲဖြစ်ဖြစ် သူ့ကို နန်ဒီကတော့ ဘယ်တော့မှ မမကြီးလို့မခေါ်နိုင်ပါဘူး၊ ဘိုးဘိုးဟာ ဘာမှမသိဘူး၊ လူတစ်ယောက်ကို သူ့မြေးပါဆိုပြီး အိမ်ပေါ်ခေါ်တင်ထားလိုက်တာပဲ၊ တော်တော်ခက်တဲ့ ဘိုးဘိုး"

"ဟဲ့‥မိနန်ဒီ၊ ညီးစကားတွေများမနေနဲ့၊ အေးအေးနေ၊





တော်ကြာ ညီး အိမ်ပေါ်ကဆင်းနေရဦးမယ်၊ ညီး မလိမ္မာလို့ကတော့ ဟိုကောင်မက စည်းစိမ်တွေအကုန်ယူထားမယ်မှတ်…"

"အိုး‥မေမေကလဲ ဘိုးဘိုးက နန်ဒီ့ကိုဒီလိုဘယ်တော့မှ မလုပ်ဘူး၊ မေမေပဲ အဓိက၊ မေမေက ချွေးမအဆင့်ပဲရှိတာ၊ မေမေ စကားထပ်များစေနဲ့၊ မေမေ့ကိုမေမေပဲ သတိထား…

အိုး‥ဘာပဲပြောပြော လူဟာမကောင်းရင် သူ့လမ်းသူသွားမှာပဲ၊ နန်ဒီကတော့ ရှင်းရှင်းပဲ၊ ဘာကြောင့်မှန်းကိုမသိဘူး၊ အဲဒီ ယမင်းခင်ဆိုတာကိုကြည့်ကိုမရဘူး၊ မကောင်းတတ်လို့ ဆက်ဆံနေရတာ…

သူ့နဲ့ယှဉ်ရင် ဟို ရွှေပုလဲဆိုတဲ့ သူ့ရဲ့မွေးစားအမေရဲ့သမီးကိုတောင် နန်ဒီက ခင်သေးတယ်…"

"အေး‥ခင်ခင်၊ အဲဒီ ရွှေပုလဲကမှ ညီးရဲ့အကောင်ပါသွားမယ်၊ ညည်းအဘိုးကလည်း သူမှသူဖြစ်နေတာ၊ ကဲ‥ကဲ ငါ့ရှေ့ဘာမှလာပြောမနေနဲ့၊ ညီးလည်း ငါ အားကိုးရတာမဟုတ်ဘူး၊ ကဲ‥ထမင်းစားချိန်ရောက်ပြီ၊ သွားမယ်၊ ညနေကျရင် အစည်းအဝေးကရှိသေးတယ်…"

ဒေါ်မြင့်မြင့်မိုးဆိုရင်း စားပွဲထက်မှစလင်းဘက်ခ်ကိုဆွဲယူပြီး သားအမိနှစ်ယောက် ရုံးခန်းထဲမှထွက်ခဲ့လိုက်ကြသည်။ ရုံးခန်းထဲမှထွက်လိုက်သည်နှင့် ယမင်းခင်နှင့်ရုံးခန်းဝတွင် မျက်နှာချင်းဆိုင်ဆုံတွေ့လိုက်ရ၍ သားအမိနှစ်ယောက်စလုံး မျက်နှာထားတွေတင်းသွားကြရ၏။

ယမင်းခင်က အပါး။ ထိုသားအမိနှစ်ယောက်ကိုဖြင့်

www.burmeseclassic.com



လောလောဆယ်တွင် အောက်လျှိုထားရန်ဆုံးဖြတ်ထားပြီးသားမို့ ယမင်းခင်သည် အေးချမ်းနှိမ့်ချသောအပြုံးလေးကို ပြုံးဖြစ်ရင်း…

"နဒီ‥နဒီ့ကိုပြောစရာရှိလို့ပါ၊ ဒေါ်လေးလည်း ယမင်း အခုပြောမယ့်စကားကို နည်းနည်းပါးပါးစဉ်းစားပြီး သင့်တော် မတော်ဆုံးဖြတ်ပေးပါနော်…

ဟို‥ဘိုးဘိုးကပြောတယ်မဟုတ်လား၊ ရွှေပုလဲတို့အတွက် ကျေးဇူးဆပ်တာလည်းရောက်အောင် အိမ်တစ်လုံးဝယ်ပေးမယ်ဆို တာလေ၊ အဲဒါ ဘိုးကဝယ်ပေးမယ်ဆိုလည်းဝယ်ပေးလိုက်ပါစေ လို့ပြောချင်တယ်…

ဘာကြောင့်လဲဆိုတော့ နဂါးပျံကုမ္ပဏီသူဌေး ကိုကျော် ထိုက်ရှိန်းက နဒီနဲ့ရာထားတဲ့သူဆိုတော့ နဒီတို့လမ်းကြောင်းမှာ အနှောင့်အယှက်မဖြစ်စေချင်ဘူးလေ…

ရွှေပုလဲတို့မောင်နှမတွေက ကိုကျော်ထိုက်ရှိန်းဆီမှာ အားလုံးနေနေကြတာမဟုတ်လား၊ တော်ကြာအိုးချင်းထားအိုးချင်း ထိဆိုသလို၊ ကြာလာရင် နဒီအတွက် စိတ်အနှောင့်အယှက်ဖြစ် စရာတွေဖြစ်လာနိုင်စရာ အများကြီးရှိတယ်မဟုတ်လား…"

ဘယ်လိုအကြံတွေနှင့်ပြောနေမှန်းမသိသည့် ယမင်းခင် ၏အေးဆေးစွာ ပြောနေသည့်စကားများအား နားထောင်ရင်း ဒေါ်မြင့်မြင့်မိုးကလည်း ဒါတော့ဟုတ်တယ်ဟူသောစိတ်ကူးနှင့် ငြိမ်၍စဉ်းစားနေဖြစ်သကဲ့သို့…

နဒီကလည်း ယမင်းခင်စကားများအတွက် မိမိတစ်ဘက် သတ်ချစ်နေရသည့် အစ်ကို ကျော်ထိုက်ရှိန်းတစ်ယောက် ရွှေပုလဲ





နောက်ပါသွားမည်ကို ဆွေ့ဆွေ့ခုန်စိုးရိမ်သွားလိုက်ရပြီဖြစ်၍…

"အင်း‥ဟုတ်တယ်၊ ဟုတ်တယ်၊ ဒါတစ်ခုတော့ သူ ပြောတာမှန်သွားပြီ မေမေ၊ ဘိုးဘိုးကို မြန်မြန်တိုက်တွန်းရမယ်၊ သူတို့အတွက် အိမ်မြန်မြန်ဝယ်ပေးပါလို့၊ ဒါမှ အစ်ကို့ဆီက ဒီရွှေပုလဲ မြန်မြန်ထွက်သွားတော့နားအေးမယ်…"

ဒေါ်မြင့်မြင့်မိုး၏ မိမိစကားအားလက်ခံစဉ်းစားနေသော အသွင်နှင့် နဒီ၏ဆွေ့ဆွေ့ခုန်ဖြစ်နေသည့်အသွင်တွေကိုကြည့်ပြီး ယမင်းခင်သည် စိတ်တွင်ကြိတ်၍အားရကျေနပ်နေဖြစ်ရ၏။

ယမင်းခင်၏မျက်နှာအသွင်သည်ကဖြင့် လွန်စွာသိမ်မွေ့ နှိမ့်ချ၍အေးဆေးနေဟန်ရှိနေရသည်။ သို့သော် ထိုမျက်နှာအသွင် သည် လွန်စွာရက်စက်၍ အကြံပက်စက်၊ ကြောက်စရာကောင်း ကြောင်းကိုဖြင့် နဒီတို့အသားအမိသည် အဘယ်မှာသိနိုင်အံ့နည်း။

× × × × ×

ခုမှ ရွှေပုလဲတစ်ယောက်ဖြင့် သားငါးနှင့်သစ်သီးဝလံ လေးနည်းနည်းပါးပါးဝယ်ကာ ပြန်ရောက်လာခဲ့သည်။

ရွှေပုလဲသည် မနက်လေးနာရီဆိုလျှင် အိပ်ရာမှပုံမှန် ထ,နေကြ၊ အိပ်ရာမှထ,သည်နှင့် မောင်လေးတွေဝေယျာဝစ္စတွေ လုပ်ပေးထားပြီး အိမ်သန့်ရှင်းရေးတွေလုပ်သည်။

ကုမ္ပဏီနှင့်အိမ်က တစ်ဆက်တည်းမို့ ရွှေပုလဲအတွက် သန့်ရှင်းရေးလုပ်ရသည်မှာ အပန်းမကြီးလှပါ။ သန့်ရှင်းရေးလုပ်



www.burmeseclassic.com

www.burmeseclassic.com

ပြီးသည်နှင့် ညကတည်းက ရေနှင့်စိမ်ထားသည့်မောင်လေးတွေ အဝတ်တွေကို ရွှေပုလဲ လျှော်ဖွတ်သည်။

အဝတ်တွေလျှော်ဖွတ်ပြီးသည်နှင့် သူဌေးအတွက် မနက်စာကော်ဖီကိုနှပ်ထားဆဲ၊ ညကအဝတ်လျှော်စက်နှင့်လျှော်ထားပြီး လှန်းထားသည့်အဝတ်တွေကို မီးပူတိုက်ထားလိုက်၏။

သို့နှင့် မိုးလည်းလင်းလာ၊ သူဌေးလည်းနိုး၊ မောင်လေးတွေလည်းနိုး၊ မနက်စာကျွေးပြီး အငယ်ဆုံးလေးအတွက် နို့ဗူး**တစ်ဗူး**အသင့်ဖျော်ထားပြီး စက်ရုံသို့သွားရသည်။

စက်ရုံတွင်လိုအပ်သည့်အလုပ်တွေကို ပြီးနိုင်သမျှပြီးအောင် လုပ်ကိုင်ခဲ့ပြီးမှ မောင်လေးအငယ်ဆုံးကို စက်ရုံမှူးနှင့်အပ်ခဲ့ပြီး ဈေးသို့ ရွှေပုလဲ ပြေးရသည်။

ဈေးဝယ်၊ လိုအပ်တာလေးတွေဝယ်ခြမ်းပြီး ချက်ပြုတ်ရန်အတွက် ကပြာကယာ ရွှေပုလဲ အိမ်သို့ပြန်လာဖြစ်ရခြင်းပါ။

"အဘရေ အိမ်ပြန်ရောက်ပြီလား၊ ကိုကို..ညီညီတို့ ပြန်ရောက်ကြပြီလားဟေ့..."

အဲ..စွာတေး..စပ်စု ပြန်ရောက်လာပြီ...

ကြားလိုက်ရသော ရွှေပုလဲ စကားသံကြောင့် ကျော်ထိုက်ရှိန်းတစ်ယောက် အပြင်မှပြန်ရောက်ခါစ ရေအိမ်တက်မည့်ဆဲဆဲမို့၊ ရွှေပုလဲ ပြန်ရောက်လာကြောင်းသိသည်တွင် အပြင်ပဲထွက်ရမလို၊ ဆက်ပြီးပဲထိုင်ရမလိုနှင့်အခက်ကြီး ခက်နေရ၏။

"သူဌေး..သူဌေးရေ ဘောစ်..မိုင်ဘောစ်ကော အိမ်ပြန်ရောက်နေပြီလား..."





ရွှေပုလဲဆိုရင်း မီးဖိုဆောင်ဘက်သို့ ရောက်လာသည်တွင် အိမ်သာထဲမှ ကျော်ထိုက်ရှိန်းမှာ တစ်ကိုယ်လုံးကျိန်း၍နေတော့၏။

"တော်သေးတယ်၊ သူဌေး ပြန်မရောက်သေးလို့၊ ငါ မြန်မြန်ချက်ပြုတ်ထားရမယ်..."

"အဟမ်း..အဟမ်း..."

"အဲ..အိမ်သာထဲမှာ..."

အိမ်သာထဲမှ အသံပေးလိုက်သံကြောင့် ရွှေပုလဲသည် အိမ်သာဘက်မျက်စောင်းလေးနှင့် စွေကြည့်လိုက်ပြီး...

"သူဌေး ထမင်းဆာပြီလား၊ ပြန်ရောက်နေတာကြာပြီလား..."

ရွှေပုလဲ စကားတွေဆိုနေမေးနေပေမယ့် အိမ်သာထဲမှ ကျော်ထိုက်ရှိန်းကား ဆိတ်ဆိတ်ပင်နေသည်။

ဘေစင်တွင် ရွှေပုလဲတစ်ယောက် သားငါးတွေဆေးကြောနေသံကိုဖြင့် ကျော်ထိုက်ရှိန်း ကြားနေရသည်။ ရွှေပုလဲစတိုင်လ်က အမြဲလိုလုပ်ရင်းကိုင်ရင်း ပြောရင်းဆိုရင်းသာရှိသည်။

ခုလည်း ရွှေပုလဲသည် လုပ်ကိုင်ပြောဆိုနေဆဲ၊ ကျော်ထိုက်ရှိန်းသည် အိမ်သာတံခါးကိုဖြည်းဖြည်းဖွင့်ပြီး ရွှေပုလဲ မမြင်ခင် ရွှေပုလဲနောက်ကျောဘက်မှ အသာလေးထွက်ပြေးသွားမည်ဟု အကြံနှင့် အိမ်သာတံခါးရွက်ကို ဖြည်းဖြည်းခြင်းအဖွင့်...

ငါးကင်ရန်အတွက် ရွှေပုလဲသည်လည်း လှည့်အလာနှင့် ဆုံသည်တွင် ကျော်ထိုက်ရှိန်း အမြန်ပြန်ပိတ်လိုက်သည်ကို ရွှေပုလဲကလည်း တွေ့ဖြစ်အောင်တွေ့လိုက်လေ၏။


www.burmeseclassic.com

www.burmeseclassic.com

ရွှေပုလဲ တစ်ချက်ပြုံးလိုက်သည်။ ပြီးတော့ ငါးကိုစက်ထဲ ထည့်ကာ မီးချိန်ပြီးကင်ထားလိုက်သည်။ ပြီးတော့ ငါးဆုပ်လုံးနှင့်သစ်သီးအချိုတစ်ပွဲကြော်ပေးရန် စီစဉ်နေဆဲ…

"သူဌေးနော် အိမ်သာထဲမှာ သူဌေးဆိုတာသိပါတယ်နော်၊ စိတ်မရှိပါနဲ့၊ ဈေးသွားနည်းနည်းနောက်ကျသွားလို့ပါ၊ ခုပဲ ကျက်တော့မှာပါ…

ငါးအစာသိပ်အစပ်ကင်၊ အရွက်နဲ့ငါးဆုပ်လုံးလေးတွေ အကြော်တစ်ပွဲ၊ ဘဲရယ်ဒီမိတ်ပေါင်းပြီးသားတစ်ပွဲနဲ့ ဝက်အူချောင်းကြော် ဒါပဲ၊ သူဌေး ပေးတဲ့ငွေနဲ့တန်ရုံတော့စားရမှာပေါ့…"

အိမ်သာထဲမှ ကျော်ထိုက်ရှိန်းက စိတ်ညစ်၍မဆုံး၊ စောစောကအပေါ့အပါးသွားချင်စိတ်မှာ အခုဘယ်ပျောက်သွားမှန်းကို မသိတော့၊ ရွှေပုလဲပြောသမျှလည်း သူ ဘာမှပြန်မဆိုဖြစ်…။

ရွှေပုလဲမှာလည်း လုပ်ရင်းကိုင်ရင်းက အိမ်သာတံခါးဟ စိစိဖြစ်နေသည်ကိုမြင်၍ ရွှေပုလဲသည် အသည်းလည်းယားလားစူချင်စိတ်လည်ဖြစ်ပေါ်လာ၍ သူဌေးလည်းအမှတ်မရတော့၊ အလုပ်ရှင်လည်းအမှတ်မရတော့ နုပျိုသည့်ယောကျာ်းလေးတစ်ယောက်အမြင်လည်းမရှိတော့…

ရွှေပုလဲတွင် စ,ချင်နောက်ချင်၊ ကျီစယ်ချင်သည့်စိတ်ကလေးတစ်ခုတည်းဖြင့်သာ ရွှေပုလဲသည် အိမ်သာတံခါးရွက်အား ဆွဲဖွင့်လိုက်ပါတော့၏။

"ကဲ..လာထား…"

"အမလေးဗျာ…"





ဟား..ဟား..ဟား..ဟား…

ရွှေပုလဲ၏ သဘောကျသောရယ်သံလေးကား မီးဖိုချောင်ထဲမှ အားပါးတရလေးခုန်ပျံထွက်သွားရသကဲ့သို့ ရှိတော့သတည်း။

× × × × ×

ရွှေပုလဲနှင့်ဆေးရုံတွင် မဆုံဖြစ်၍ သည်နေ့တွင်မတော့ ဒေါက်တာ စိုးဝေသည် ရွှေပုလဲရှိရာ နဂါးပျံကုမ္ပဏီသို့ ရောက်ခဲ့လေ၏။

"ဟင်..အစ်ကို မေမေ ဘာဖြစ်…"

"ဟာ..ရွှေပုလဲကလဲ၊ အစ်ကို့ကိုမြင်တိုင်း ဒေါ်ဒေါ်အတွက် စိတ်ပူနေတော့တာကိုး၊ ဘာမှမပူပါနဲ့ ညီမရယ်၊ အခု ဒေါ်ဒေါ်ကိုစိတ်ငြိမ်ငြိမ်ထားခိုင်းတယ်၊ အနားကောင်းကောင်းယူထားခိုင်းတယ်…

အချိန်တန်ရင် ဒေါ်ဒေါ့်ရောဂါပျောက်သွားမှာပါ၊ အစ်ကို အာမခံတယ်၊ ညီမ စိတ်ပူနေလည်း ပိုပြီးထူးလာမှာမှမဟုတ်ဘဲ ကွယ်၊ အခု အစ်ကိုလာတာက ညီမတို့မောင်နှမတွေနဲ့သက်သက် လာတွေ့တာပါ…

ဘယ်လိုလဲ မောင်နှမတွေနေကောင်းကြရဲ့လား၊ ညီမတို့နေတာ ဒီအထဲမှာပဲလား၊ ခြံကြီးကအကျယ်ကြီးပဲနော်၊ တိုက်ကြီးကလည်းဟိန်းနေတာပဲ၊ ဟိုးဘက်က အဆောက်အဦးတွေက ဘာလဲဟင်…"



www.burmeseclassic.com

www.burmeseclassic.com

"အဟင်း..ဟုတ်တယ် အစ်ကို၊ ရွှေပုလဲတို့ ဒီခြံကြီးထဲမှာပဲနေကြတာ၊ ခြံရှင်သူဌေးက အစ်ကိုတို့လောက်ပဲရှိတာ..."

"အစ်ကို သိပါတယ်..."

"ဟုတ်သားပဲ၊ ခြံရှင်သူဌေးက တစ်ယောက်တည်းပဲရှိတာလေ၊ တိုက်ကြီးရဲ့တစ်ခြမ်းက ကုမ္ပဏီဖွင့်ထားတာ၊ ဟိုးဘက်က အဆောက်အဦးတွေက စက်ရုံတွေလေ၊ အခု လုပ်ငန်းတွေကို တိုးချဲ့ထားတော့ အားလုံးအလုပ်တွေဖိလုပ်နေကြရတယ်၊ အခြေအနေကတော့ မကျယ်ပြန့်သေးပေမယ့် နာမည်တော့ရစပြုနေပါပြီ...

ရွှေပုလဲတို့လည်း စောစောကပဲ စက်ရုံကပြန်ရောက်ပြီး ရွှေပုလဲက ချက်ပြုတ်ပြီးစပဲရှိသေးတယ်၊ အစ်ကို့ကားသံကြားလို့ ထွက်ကြည့်တာ၊ အစ်ကို့ကိုမြင်တော့ တစ်ချက်တော့ထူပူသွားတာပဲ..."

ရွှေပုလဲ စကားတွေနားထောင်ရင်း၊ ရွှေပုလဲအသွင်လေးကိုကြည့်ပြီး ဒေါက်တာ စိုးဝေသည် သနားကြင်နာနေမိရ၏။ တစ်ဆက်တည်းလည်း ယမင်းခင်အသွင်ကို မြင်ယောင်မိရ၏။ သို့သော်လည်း သိလျှက်နှင့်ဘာမှမပြောနိုင်သေး၍ ရွှေပုလဲအား ရင်နာစွာဖြင့်သာကြည့်ရင်း အားပေးကူညီနေရသည်ပါ။

"မစိုးရိမ်ပါနဲ့ကွာ၊ အချိန်တန်ရင် ညီမအမေရောဂါပျောက်ကိုပျောက်ရမှာပါ၊ သူ့မှာဆေးကရှိပြီးသားပါ..."

"ဟုတ်လား အစ်ကို၊ ဒါဖြင့်လည်း မေမေ့ကို မြန်မြန်ပျောက်အောင်ကုပေးပါတော့လား အစ်ကိုရယ်၊ ဘာလို့သူ့ကိုရောဂါ





ခံစားခိုင်းနေရတာလဲ..."

ရွှေပုလဲစကားကြောင့် ရွှေပုလဲမျက်နှာလေးဆီ သူ ငေးရပြန်သည်။ မိခင်ကြီးအတွက် ရွှေပုလဲသည် သူ့ကိုယုံကြည်စိတ်ချအားကိုးနေရှာသည် မဟုတ်ပါလား...။

"စိတ်မပူပါနဲ့လို့ပြောတယ်လေ၊ ညီမ မေမေရောဂါကောင်းစေရမယ်၊ အစ်ကို အာမခံတယ်၊ အစ်ကို့ကို ညီမ မယုံဘူးလား၊ အချိန်ကျရင် ဆရာဝန်ကြီးတွေက ဆေးကုပေးမှာပါ၊ အခု အချိန်မှမကျသေးတာ၊ ညီမ မေမေ သွေးပေါင်မှန်အောင် အားရှိအောင်ထားရဦးမှာပေါ့...

ဆေးကုတာ ကုချင်တိုင်းကုလို့မှမရတာ၊ လူနာရဲ့အခြေအနေကို စောင့်ကြည့်ရမယ်လေ၊ လူနာအင်အားပြည့်မှ လူနာကို ခွဲစိတ်ကုသလို့ရတာ..."

ခြံထဲတွင်ရပ်ပြီး ဒေါက်တာ စိုးဝေနှင့်အတူ ရွှေပုလဲ ထိုစကားတွေပြောဆိုနေကြခဲ၊ ကျော်ထိုက်ရှိန်းသည် ရေမိုးချိုးအဝတ်လဲပြီး၍ ပြတင်းမှရပ်ကြည့်မိခိုက် ခြံထဲတွင်စကားပြောနေသည့် ဒေါက်တာ စိုးဝေနှင့်ရွှေပုလဲတို့ကိုမြင်သည်တွင် သူ ငေးကြည့်ဖြစ်သွားရ၏။

ဒေါက်တာ စိုးဝေမျက်နှာအသွင်သည်က ကြင်နာခြင်းနှင့် ဖေးမအားပေးနေဟန်ပေါ်လွင်နေရပြီး၊ ရွှေပုလဲသည်က အားငယ်ထိခိုက်နေဟန်အသွင်တွေကို သူ မြင်တွေ့နေရသည်။

ပြီးတော့ ရွှေပုလဲတို့ စကားပြောနေကြသည်က သူ့အိမ်ခန်းနှင့်မနီးမဝေးမို့ ရွှေပုလဲတို့ပြောနေသည့်စကားတွေ နားစွင့်ထား



www.burmeseclassic.com

www.burmeseclassic.com



လျှင် သူ ကြားနေရ၏။

"ညီမအမေအတွက်က မပူရပါဘူး၊ ဒါနဲ့ညီမတို့မောင်နှမတွေ အခုနေရထိုင်ရတာ အဆင်ပြေကြတယ်မဟုတ်လား..."

"ပြေပါတယ် အစ်ကို၊ သူဌေးက အရမ်းသဘောကောင်းပါတယ်၊ သူ ကောင်းလို့သာလည်းနေနိုင်တာပေါ့၊ သူဌေးက ရုပ်နာထန်ထန်ကြီးနေတတ်ပေမယ့် သူ့စိတ်ရင်းကတော့ တကယ်ဖြူစင်မွန်မြတ်ပါတယ် အစ်ကို...

သူ့ဘဝမှာ တစ်ယောက်တည်းပဲနေလာတော့ ငြီးငွေ့ပြီး အထီးဆန်တာပေါ့၊ ရုတ်တရက်အများနဲ့နေရတော့လည်း သူ မနေတတ်ခဲ့ဘူး၊ သူ့အဲနေနဲ့မျက်စိရှုပ်၊ နားရှုပ်သလိုဖြစ်ရတာပေါ့၊ ရွှေပုလဲက သူ့ကိုသဘောပေါက်ပါတယ်...

ဒါပေမဲ့ ခုတော့ သူလည်းအနေကျသွားပြီ၊ မောင်နှမတွေလိုဖြစ်နေပြီ၊ ရွှေပုလဲတို့မရှိရင်တောင် သူ နေတတ်တော့မှာမဟုတ်တော့ဘူး..."

"ဟား..ဦးဦး လာတယ်..."

"ဟေး..ကိုကိုနဲ့ညီညီ လာ၊ ဦးဦးနဲ့ ကစားရအောင်..."

"ဟုတ်ကဲ့ ဦးဦး၊ ဟော့..ညီရေ ဘော်လုံးယူလာ၊ ဦးဦးနဲ့ကစားမယ်..."

ကိုကို၊ ညီညီတို့လည်း ပျော်သွားကြသည်။ ဒေါက်တာစိုးဝေ၊ ညီညီနှင့်ကိုကိုတို့ ကားသည့်အသံလေးတွေနှင့်လက်ခုပ်တီးပြီး ရယ်မောနေသည့်အသံလေးတွေကို ကျော်ထိုက်ရှိန်းသည် ပြတင်းမှငေးကြည့်ရင်း...





သူသည် တစ်ခါမှကလေးတွေနှင့်တရင်းတနှီးမနေဖူးခဲ့၊ ကလေးတွေနှင့်မကစားဖူးခဲ့၊ ရွှေပုလဲနှင့်လည်းတစ်ခါမှ အချိန်ယူပြီးစကားကောင်းကောင်းမပြောဖြစ်ခဲ့သည့် အဖြစ်တွေကိုစဉ်းစားရင်း သူ့ကိုယ်သူ အပြစ်တင်ဖြစ်ရ၏။

သူ စဉ်းစားဆဲ၊ သတိထား၍ သူ ပြန်ကြည့်လိုက်သည်တွင် ကိုကိုနှင့်ညီညီသည် စာကျက်ရန်အိမ်ထဲသို့ ဝင်သွားလိုက်ကြပြီး၊ ဒေါက်တာ စိုးဝေသည် ကလေးတွန်းလှည်းလေးကိုတွန်းရင်း ရွှေပုလဲနှင့်အတူ ခြံထဲမှလှမ်းထွက်သွားသည်ကို သူ တွေ့လိုက်ရလေ၏။

မှန်သည်။ ရွှေပုလဲသည် မောင်လေးတွေစာကျက်ချိန်မို့ အိမ်ထဲဝင်စာကျက်ခိုင်းပြီး ခဏတဖြုတ် မောင်အငယ်ဆုံးလေးကို ခေါ်ကာ ဒေါက်တာ စိုးဝေနှင့်လမ်းလျှောက်ထွက်ဖြစ်ခဲ့ခြင်းပါတည်း...။

"ရွှေပုလဲ ညီမကို အစ်ကို တစ်ခုမေးကြည့်ချင်တယ်၊ သဘောကို မေးကြည့်ရုံမေးကြည့်တာပါ..."

"ဘာများလဲ အစ်ကိုရဲ့..."

"တကယ့်လို့ ညီမအမေသာမရှိတော့ဘူးဆိုရင် ညီမရဲ့ မောင်လေးတွေနဲ့ညီမ ဘာဆက်လုပ်ပြီးဘယ်လိုနေသွားမလဲ..."

ထိုအမေးအတွက် ရွှေပုလဲသည် ရုတ်ချည်းပင် မျက်ရည်တွေပေါက်ပေါက်ကျလာပြီး...

"ဟုတ်ပါတယ် အစ်ကို၊ ရွှေပုလဲ မစဉ်းစားဝံ့တာ အဲဒီမေးခွန်းပါပဲ၊ ဒါပေမဲ့ အစ်ကို တကယ်ဖြစ်လာရင်တော့လည်း



www.burmeseclassic.com

www.burmeseclassic.com



ရွှေပုလဲ သတ္တိရှိရမှာပါ၊ ရွှေပုလဲမှာ သတ္တိတော့ရှိပါတယ်…

ရွှေပုလဲ အလုပ်လုပ်ရဖို့မရှက်ဘူး၊ မကြောက်ဘူး၊ အခုလည်းပဲ ရွှေပုလဲ ပိုက်ဆံရဖို့အတွက် အလုပ်တွေလုပ်နေတာပါပဲ၊ မေမေ့ဆေးဘိုးတွေအတွက် ရွှေပုလဲမှာ ပိုက်ဆံအများကြီးလိုတယ်လေ၊ ဒါကြောင့် ပိုက်ဆံရဖို့အတွက် အလုပ်တွေကို တစ်နေရာကနေတစ်နေရာလိုက်ပြီး ရှာဖွေလုပ်နေတာပေါ့…”

“ရွှေပုလဲ ကျောင်းလည်းတက်နေတယ်မဟုတ်လား…”

“စာပေးစာယူပါ၊ ဒါကြောင့် အလုပ်တွေလိုက်လုပ်နိုင်တာပေါ့၊ စာကျက်ချိန်ကျတော့ ပင်ပန်းပြီးအိပ်ပျော်ရော၊ အဟတ်ဟား‥ဟား…”

ရွှေပုလဲဆိုရင်း ငိုနေရင်းမှ အာရပါးရရယ်ပြန်သည်။ ထိုအသွင်လေးကပင် ရွှေပုလဲ၏ချစ်စရာတစ်ကွက်ဟု ဒေါက်တာစိုးဝေ မှတ်ချက်ချ၏။

“ဒါနဲ့ ယမင်းခင်နဲ့ရွှေပုလဲတို့က ဘယ်လိုပတ်သက်လဲဟင်၊ အစကတော့ ယမင်းခင်ကိုပဲ အစ်ကိုကသိတာ၊ ညီမတို့နဲ့ပတ်သက်နေတာမသိဘူး…”

သူ့အမေးအတွက် ရွှေပုလဲ၏စိတ်ပျက်၊ စိတ်ညစ်သွားဟန်ကို သူ တွေ့ရသည်။

“ဟင်း‥ရွှေပုလဲလည်း ဘာမှမသိတော့ဘူး၊ မပြောတတ်တော့ပါဘူး အစ်ကိုရယ်၊ တစ်သက်လုံးကတည်း ရွှေပုလဲ သိလာတဲ့အသိက သူနဲ့ရွှေပုလဲက အမြွှာညီမပဲ၊ ဒါပေမဲ့ မကြာသေးခင်ကမှ ရွှေပုလဲ သိလိုက်ရတာက သူက မေမေရဲ့မွေးစားသမီးတဲ့‥





ဟုတ်မယ်ထင်တယ်၊ ဒါကြောင့်ပဲဖြစ်မယ်၊ မေမေကလည်း သူ့ကို ဟိုး‥အစကတည်းက သိပ်မကြည်လှဘူး၊ ရွှေပုလဲထင်တာက သူ အလုပ်ပျင်းလို့၊ သူ ချမ်းသာချင်လို့၊ သူ အလှကြိုက်လို့၊ ဆူဆဲတယ်ပဲထင်တာ၊ အခုတော့ သူက သူ့ဒွေးရဲ့မြေးဖြစ်သွားပြီ…

အဲဒါကလည်း မေမေ ရောဂါဖြစ်မှသူ့ကို သွေးစစ်ဖို့ပြောမှ သူဟာ မွေးစားသမီးဆိုတာ သူ ပြောလို့ ရွှေပုလဲသိရတာ၊ ရွှေပုလဲက မယုံလို့ မေမေ့နဲ့မေးကြည့်တော့ မေမေက ဘာမှမပြောဘူး၊ မေမေလည်း စိတ်နာမှာပေါ့လေ…

ဒါကြောင့် ရွှေပုလဲလည်း မေမေ့ရှေ့မှာ သူ့အကြောင်းကို ဘာမှမပြောတော့ဘူး၊ သူ့အကြောင်းကိုပြောရင် မေမေက စိတ်ထိခိုက်ပြီးအမြဲငိုနေရတယ်လေ၊ သူ ပေးသမျှလည်း မေမေက ဘာမှ လက်မခံပါဘူး…”

“အေးလေ‥တစ်နေ့တော့ သူ နားလည်လာမှာပါ ရွှေပုလဲရယ်၊ အကြောင်းစုံတွေသိတော့ အစ်ကိုလည်း စိတ်ထဲမှာတော်တော်ထိခိုက်ခံစားရပါတယ်၊ စိတ်ထဲမှာမယုံနိုင်အောင် အံ့သြမိတယ်…

ဒါပေမဲ့ ဘာပဲပြောပြောလေ၊ သူ တစ်နေ့တော့နားလည်လာမှာပါ၊ လူဆိုတာ ကိုယ့်အကြောင်းနဲ့ကိုယ့်ဘဝမှန်ကို ကိုယ်သာပဲအသိဆုံးမဟုတ်လား…”

“ရွှေပုလဲတို့ကို သူ မသိချင်လည်းနေပါ အစ်ကို၊ ရွှေပုလဲက သူ့အတွက်ဝမ်းသာပါတယ်၊ သူ နေချင်တဲ့ဘဝမျိုးနဲ့သူနေရ



www.burmeseclassic.com

www.burmeseclassic.com



ဦမဟုတ်လား၊ ဒါပေမဲ့ သူလည်း မေမေ့ကိုတတ်နိုင်သလောက် တော့ ကြည့်ပါတယ် အစ်ကို…

ပြောရရင် သူ့ဘက်ကလည်း တာဝန်ကျေပါတယ်၊ မေမေကသာ သူ ဘာပေးပေးမယူတာ၊ မေမေကမသိလို့ပါ၊ တကယ်တော့ သူလည်းပဲ သူ့အဒေါ်နဲ့သူ့ညီမဝမ်းကွဲ သားအမိနဲ့ ခုမှစပြီးအဆင်ပြေအောင် ပေါင်းနေရသေးတာမဟုတ်လား…

သူ့ကိုလည်း သနားပါတယ်လေ၊ ရွှေပုလဲကတော့ သူ့ကိုဘယ်လိုမှမမြင်ပါဘူး၊ ကိုယ့်မိသားစုအဆင်ပြေဖို့အတွက်ပဲ ရုန်းကန်နေရတာ အားချိန်ကိုမရှိပါဘူး…”

ရွှေပုလဲပြောသမျှ ဒေါက်တာ စိုးဝေ နားထောင်ရင်း စိတ်မကောင်းဖြစ်နေမိရသည်။ စိတ်ဓာတ်ပေါ်လွင်သည့် ရွှေပုလဲ၏ဖြူစင်သန့်ရှင်းလှပစင်ကြယ်သည့် မျက်နှာလေးကို ငေးကြည့်ဆဲမှ…

ယမင်းခင်၏မျက်နှာနှင့်အသွင်ကို မြင်ယောင်ရကာ ဒေါက်တာ စိုးဝေသည် ရင်နာခြင်းများနှင့် ယမင်းခင်အား အထင်သေးမိ၊ အပြစ်တင်ရှုံ့ချမိရပါသတည်း…။ ။

ØØ ØØ ØØ



## - နှစ်ဆယ့်လေး -

ကရင်း··ရင်း··ရင်း···

သည်အချိန်ဆိုလျှင်အိမ်တွင် ရွှေပုလဲ မရှိတတ်သည်မို့ ကျော်ထိုက်ရှိန်းသည် ကိုယ်တိုင်ပင် ဖုန်းလေးကိုကိုင်လိုက်ရသည်။

“ဟဲလို··ကျွန်တော် ကျော်ထိုက်ရှိန်းပါ···”

“အေး··ငါ့တူရေ တီတီမိုးပါ···”

“သြော်··အင်း၊ တီတီမိုး···”

တစ်ဘက်မှ ဒေါ်မြင့်မြင့်မိုးအမည်ကြားလိုက်သည်နှင့် ကျော်ထိုက်ရှိန်းမှာ စိတ်ညစ်ညူးကာ စကားပြောပင်ထစ်ငေါ့သွားတော့တတ်ဖြစ်ရ၏။

“အေးကွယ်၊ မောင်ကျော်ထိုက်ရှိန်းနဲ့တီတီမိုး ပြောစရာရှိလို့ ငါ့တူလာနိုင်မလား၊ ငါ့တူမလာနိုင်လည်း တီတီမိုးပဲလာခဲ့မယ်လေ၊ မင်းညီမလည်း အားနေတယ်···”

“ဟင်··သြော်··ဟို ကျွန်တော်ပဲလာခဲ့ပါ့မယ်၊ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



က လှုငယ်ပါ၊ ကျွန်တော် ငရဲကြီးနေပါ့မယ်၊ ဘယ်အချိန်လာခဲ့ရမလဲ တီတီမိုး…”

“နေ့လယ်ထမင်းစားချိန်ဆုံကြတာပေါ့၊ စားလည်းစား၊ စကားတွေလည်းပြောရင်းပေါ့ကွယ်…”

“ဟုတ်ကဲ့ခင်ဗျာ၊ ကျွန်တော်လာခဲ့ပါ့မယ်…”

ဟူး…

စကားအဆုံး သူ ဖုန်းလေးကိုချပြီးသက်ပြင်းမောကြီးအား မှုတ်ထုတ်ဖြစ်ရ၏။ နဒီနှင့်ကိစ္စက သူ့အတွက်မသေးလှပါ။

နဒီက ရှုးကြောင်မှုးကြောင်နိုင်သည့်မိန်းကလေး၊ သူက ခပ်အည်တည်နှင့်အေးစက်စက်နေထိုင် ပြောဆိုတတ်သူ၊ တစ်ခါ တစ်ရံ၌ အိမ်တွင်ရှိသည့် ရွှေပုလဲနှင့်ပင် သူ ချာလည်လည်နေရပြီ…။

နဒီလိုရှုးကြောင်မှုးကြောင် မိန်းကလေးမျိုးနှင့်သာ သူ အတူတူနေရလျှင် သူ့ဘဝသည် ရေစုန်မျောလျှင်မျော၊ မမျောလျှင် ရှုးဖို့သာပဲရှိပြီဖြစ်၏။

သို့သော် သူ စဉ်းစားမိသည်။ ရွှေပုလဲနှင့်နဒီသည် ခပ်ဆင်ဆင်တူနေသလားပင်၊ ရံဖန်ရံခါ သူတို့၏အပြုအမူ၊ အပြော အဆိုတွေက ဆင်ဆင်နေနေသလိုပဲဟု မြင်ယောင်စဉ်းစားဖြစ်၏။

သို့တိုင် သူတို့ချင်းကွာတော့ ကွာခြားသည်။ ရွှေပုလဲသည် ဉာဏ်ကောင်းပြီးထက်မြက်သည်။ ရွှေပုလဲသည် ပို၍ချောမွေ့လှပ ချစ်စရာကောင်းပြီး ပို၍နုနယ်ပျိုမျစ်၏။

သွက်လက်၍ ပြောင်ချောချောနိုင်တာချင်းတူသော်လည်း





နဒီမင်းဟိန်းသည်က ရုပ်ရည်ကြမ်းသည့်ဘက်ပါနေ၏။ ပြီးတော့ နဒီက လူကသွက်ပြီးဉာဏ်ထိုင်းမည့်ရုပ်ကပေါ်နေ၏။

ဟင်း…

သူ သက်မမောကိုချဖြစ်သည်။ အခုနောက်ပိုင်း သူသည် ဘယ်မိန်းကလေးနှင့်မဆို၊ ရွှေပုလဲနှင့်သာ စိတ်ကနှိုင်းယှဉ်စဉ်းစား တတ်နေပြီဖြစ်၏။

မှန်သည်။ ရွှေပုလဲရှိလျှင် သူ ပျော်သည်။ စိတ်ချမ်း သာသည်။ ရွှေပုလဲ၏ဟန်ပန်နှင့်ကျီစယ်နောက်ပြောင်မှုလေးတွေကို သူ သဘောကျနှစ်သက်လာသည်။

အတွေးတိုင်း၌လည်း ရွှေပုလဲသည် နေရာယူထားတတ် ပြီးဖြစ်သတည်း။

ကျားပျံဟိန်းသို့သွားရန် ပြင်ဆင်ဆဲအချိန်ကလေး၌ပင် သူသည် ရွှေပုလဲအကြောင်းကလေးများအား စဉ်းစားနေဖြစ်ရပြန် သည်။ သည့်နောက်မတော့ သူသည် ကျားပျံဟိန်းကုမ္ပဏီသို့ စိတ်ရှုပ်ရှုပ်နှင့်ပင် ကားလေးမောင်းကာ ထွက်ခဲ့လိုက်လေ၏။

တအောင့်ခန့်ကြာသည်တွင် ကျားပျံဟိန်းကုမ္ပဏီသို့ သူ ရောက်လာသည်။ သူ့ကားလေး ဆင်ဝင်အောက်တွင် ထိုးရပ်လိုက် သည်နှင့် နဒီသည် အပြေးပင်လာရောက်ထွက်ကြို၏။

“အစ်ကို ရောက်လာပြီလား၊ အတော်ပဲ မေမေ စောင့် နေတယ်၊ စားသောက်ဖို့လည်း မေမေ့အခန်းထဲမှာ အဆင်သင့်ပဲ လာ‥အစ်ကို…”

ဖျပ်ဖျပ်လူးနေအောင် နဒီတစ်ယောက် ပျော်ရွှင်ကာဆိုရင်း



www.burmeseclassic.com

www.burmeseclassic.com



သူ့လက်တစ်ဘက်ကိုပါဆွဲနေ၍ သူသည် စိတ်ရှုပ်သော်လည်း ထုံးစံအတိုင်း မှုတ်တုံတုံဖြင့် နဒီ ဆွဲခေါ်လာလိုက်ပါရလေ၏။

"ဩော်..မောင်ကျော်ထိုက်ရှိန်းတော် ရောက်လာပြီပဲ၊ ကဲ..လာ..လာ၊ တစ်ခါတည်းစားလိုက်ကြရအောင်..."

"ဟုတ်ကဲ့..."

ထမင်းပွဲကလည်း အသင့်ဖြစ်နေပြီ၊ ဒေါ်မြင့်မြင့်မိုးက လည်း နေရာထိုင်ခင်းပေးနေပြီမို့ ထမင်းပွဲတွင် သူ ဝင်ထိုင်စားဖြစ်ရသည်။

"အစ်ကို..ဒီမှာ ဝက်အူမကြီးပေါင်း၊အစ်ကို ကြိုက်မယ် ထင်တာတွေ နဒီ အားလုံးဝယ်ထားတာ၊ စားနော် အစ်ကို၊ အားရ ပါးရစား၊ အစ်ကို စားဖို့ ဒါကပုဇွန်ထုပ်ကြီးကြော်၊ အစ်ကို စား ဖို့ ဒါက ဝက်လက်စတူး၊ အစ်ကို စားဖို့..."

အွန်...

နဒီတစ်ယောက် ဟင်းတွေလိုက်ထည့်နေ၍ သူ့ထမင်းပန်း ကန်ထဲ ပြည့်လျှံနေရကာ စားလို့ပင်မရအောင်ဖြစ်နေရတော့သည်။ ဒေါ်မြင့်မြင့်မိုးသည်ကလည်း မိမိသမီး၏သရုပ်ပျက်လှအောင်ဖြစ် နေသည့်အဖြစ်အတွက် မိခင်တစ်ယောက်အနေနှင့် ခပ်ရှက်ရှက်နှင့် မျက်နှာပျက်နေရ၏။

ဖြစ်နိုင်လျှင် ကျော်ထိုက်ရှိန်းသည်ကဖြင့် ထ၍ပင်ပြန် လိုက်ချင်နေရသည်။ ဒေါ်မြင့်မြင့်မိုးကို အားနာ၍သာ သူသည် ဣန္ဒြေမပျက် ထမင်းကိုစားနေဖြစ်ရ၏။

"မောင်ကျော်ထိုက်ရှိန်း..."





"ဗျာ..."

"မောင်ကျော်ထိုက်တို့ ကိစ္စအတွက် ဖေဖေက ဘာပြော ထားပြီလဲ..."

"ဘာမှမပြောထားပါဘူး..."

"ဟင်..ဒါနဲ့ မောင်ကျော်ထိုက်ရှိန်းဆီ ဖေဖေ သွားသေး တယ်မဟုတ်လား..."

"ဟုတ်ကဲ့၊ ဒါပေမဲ့ ဘိုးက ဘာမှမပြောပါဘူး..."

သူ ဖြောင်ဖြောင်ဖြသည်။ ထိုကစ္စနှင့်ပတ်သက်ပြီးပြောရမည့် စကားတွေလည်း သူ့တွင်ဘာမှမရှိ၊ ဘာတွေများပြောဦးမလဲဟု သူ့ရင်ထဲမှာ တထိတ်ထိတ်ရှိနေရ၏။

"ဟင်း..ဖေဖေကလည်း ပြောတော့တမျိုး၊ လုပ်တော့ တစ်မျိုး၊ အေးလေ..ဖေဖေလုပ်ထားတဲ့အလုပ်ဆိုတော့လည်း တိတိမိုးအနေနဲ့ ဘာမှမပြောနိုင်သေးပါဘူး၊ ဖေဖေနဲ့တော့ အရင် ဆုံးပြန်တိုင်ပင်လိုက်ဦးမယ်..."

"ဟင်..အစ်ကို့ကို ဘိုးဘိုးက ဘာမှမပြောသေးဘူး ဟုတ်လား၊ အဲဒီဘိုးဘိုးဟာလေတကယ်ပဲ၊ သူ ပြောတော့ အစ်ကို နဲ့နဒီကိစ္စတွေကို မြန်မြန်စီစဉ်ပေးတော့မယ်ဆိုပြီးတော့၊ ဟွန်း..အိမ် ရောက်မှ ဘိုးဘိုးကိုပြောပစ်ရဦးမယ်..."

ကျော်ထိုက်ရှိန်းကား နားရှက်၊ မျက်စိရှက်၊ မျက်နှာရှက် ဖြစ်နေရ၏။ နောက်ဆုံးစားလက်စထမင်းကို သူ အပြီးသတ်လိုက် သည်။ စားပြီးသည်နှင့် သူ နာရီကိုကြည့်လိုက်သည်။

"အင်း..မောင်ကျော်ထိုက်ရှိန်းလည်း အလုပ်တွေရှိဦးမှာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့၊ ကဲ‥တီတီမိုးတို့လည်း အပြင်ထွက်စရာရှိသေးတယ်၊ မောင်ကျော်ထိုက်ရှိန်းလည်း သွားစရာရှိတာသွားပါ…"

"ဟုတ်ကဲ့…"

သူ ဝမ်းသာသွားသည်။ သည့်နောက် ဒေါ်မြင့်မြင့်မိုး ရုံးခန်းထဲမှ သုံးယောက်လုံး ထွက်ခဲ့လိုက်ကြသည်။ ကားရပ်ထားရာနေရာဆီအရောက်မတော့…

အပြင်တွင် ထမင်းစားပြီး ပြန်လာသည့် ယမင်းခင်သည် ကားရပ်ပြီး ကားပေါ်မှဆင်းလိုက်သည်နှင့် ကျော်ထိုက်ရှိန်းတို့ သုံးယောက်ကို တွေ့လိုက်ရသည်တွင် ယမင်းခင်သည် သူတို့မြင်မည်စိုး၍ ခပ်ကွယ်ကွယ်လေးရပ်နေလိုက်သည်။

ပြီးတော့ အကွယ်နေရာလေးမှ ယမင်းခင် ချောင်းကြည့်သည်။ မျက်နှာတွေဆီ အကဲခတ်ကြည့်သည်။ ကျော်ထိုက်ရှိန်း မျက်နှာသည်က ထုံးစံအတိုင်းမှုံတည်တည်။ ဒေါ်မြင့်မြင့်မိုးသည်က လူကြီးပီပီတည်ငြိမ်နေရပြီး နဒီသည်ကဖြင့် ကျော်ထိုက်ရှိန်းနှင့်တွဲလာရသဖြင့် ပီတိအဟုန်မျက်နှာနှင့်ရှိနေရသည်ကို တွေ့လိုက်ရသည်။

ယမင်းခင်သည် ကျော်ထိုက်ရှိန်း၊ ဒေါ်မြင့်မြင့်မိုးနှင့်နဒီတို့မျက်နှာတွေဆီ အတန်ကြာကြာ စူးစိုက်ကြည့်နေပြီးကာမှ ယမင်းခင်၏မျက်နှာထက်၌ ကျေနပ်သယောင်အရိပ်တစ်ခု ဖြတ်သန်းသွားသယောင်ရှိလေ၏။

× × × × ×





ဟင်…

မြင်လိုက်ရသည့်မြင်ကွင်းကြောင့် ဒေါက်တာ စိုးဝေသည် လွန်စွာအံ့ဩစိတ်၊ စိတ်ထိခိုက်သွားဖြစ်ရလေ၏။ မှန်သည်။ အဘယ်ကြောင့်ဆိုသော်…

ဆေးခန်းကြီး၏သက်သာချောင်ချိရေး စားသောက်ဆိုင်တစ်ဆိုင်တွင် ရွှေပုလဲသည် အိပ်ပျော်နေသောမောင်လေးကို ကျောတွင်သိုင်းချီထားရင်း စုပုံထားသည့်ပန်းကန်အပေများကို ဆေးကြောနေရှာသည်မဟုတ်ပါလား…။

ရွှေပုလဲ၏မျက်နှာလေးသည်က သိသိသာသာလေး ညှိုးနွမ်းနေဟန်ပေါ်လွင်နေရသည်။ ရွှေပုလဲကျောနောက်တွင်ဖြင့် မောင်အငယ်ဆုံးလေးသည် နှစ်ခြိုက်စွာအိပ်ပျော်နေလေ၏။

ဒေါက်တာ စိုးဝေသည် ထိခိုက်စွာဖြင့် တံတွေးတစ်ချက်ကို မျိုချလိုက်သည်။ ရွှေပုလဲတစ်ယောက် ထိုစားသောက်ဆိုင်တွင် ဘယ်အချိန်ကတည်းကလုပ်နေမှန်း သူ မသိခဲ့၊ ယခုလည်း ရွှေပုလဲသည် သူ့ကို မမြင်ရှာ…။

ညှိုးရော်၊ ညှိုးနွမ်းနေသောမျက်နှာလေးဖြင့်သာ ရွှေပုလဲသည် ရှိသမျှအညစ်အကြေးပန်းကန်တွေကို ဆေးကြောနေရှာ၏။ ဒေါက်တာ စိုးဝေသည် ရွှေပုလဲတစ်ယောက် ဘာကြောင့် ဒီလောက်အလုပ်တွေလျှောက်လုပ်နေရသည်ကို သဘောပေါက်ပါ၏။

မှန်သည်။ ရွှေပုလဲသည် ရသမျှငွေကိုစုနေရှာသည်။ မိခင်ကြီးဆေးကုဖို့အတွက် အချိန်ရတုန်း အလုပ်တွေလုပ်ထားပြီး



www.burmeseclassic.com

www.burmeseclassic.com



ရသမျှငွေကို စုဆောင်းနေရရှာသည်မဟုတ်ပါလား…။

ဒေါက်တာ စိုးဝေသည် ထိခိုက်စွာတွေးတစ်ချက်ကို မှိုချပြီး လက်ဖက်ရည်သောက်ရန် ဆိုင်ထဲသို့မဝင်တော့ဘဲ၊ ဓာတ်လှေကားရှိရာဆီသို့ လှမ်းထွက်သွားလိုက်လေတော့၏။

ဓာတ်လှေကားမှထွက်လာသည့် ဒေါက်တာ စိုးဝေ၏ခြေလှမ်းများသည် ဒေါ်ရွှေခင်အခန်းဆီသို့ တစ်လှမ်းချင်းမှန်မှန်လှမ်း**ခဲ့သည်**။ ရင်ဝယ်မတော့ တစ်စုံတစ်ရာကိုပြောချင်သော ဆန္ဒနှင့် **တစ်စုံ**တစ်ရာကို ခံစားနေရ၏။

ဒေါက်တာ စိုးဝေသည် ဒေါ်ရွှေခင်အခန်းထဲသို့ ဝင်လိုက်သည်နှင့် ဒေါ်ရွှေခင်သည် မိမိသမီးများမျက်နှာနှင့် မိမိကို ဂရုစိုက်နေသည့် ဒေါက်တာ စိုးဝေအားမြင်သည်တွင် လှိုက်လှဲစွာကြိုဆိုဖြစ်လေ၏။

"ဪ··ဆရာလေး၊ လာ··ထိုင်ပါ…"

"ဒေါ်ဒေါ်··နေကောင်းတယ်နော်…"

"အင်း··ခုတော့ နေထိုင်ရတာမဆိုးသေးပါဘူး၊ ဂရုစိုက်တဲ့ဆရာလေးတို့ကျေးဇူးကြောင့်လည်းပါပါတယ်၊ ဒါပေမဲ့ ဒေါ်ဒေါ့်ရောဂါအခြေအနေကို ဒေါ်ဒေါ်သိပါတယ်ကွယ်၊ ပျော်ဖို့ဆိုတာ မလွယ်တော့ပါဘူး…"

ဒေါက်တာ စိုးဝေသည် ဒေါ်ရွှေခင်ပြောသောစကားအတွက် ရင်ထဲခံစားမှုတစ်ခုဖြင့် ဒေါ်ရွှေခင်ထံငေး၍ ကြည့်နေဖြစ်ရလေ၏။ ပြီးမှ ဒေါ်ရွှေခင်၏အသွင်ဆီ လှေလာအကဲခတ်ရင်း ဒေါက်တာ စိုးဝေ စကားဆိုသည်။





"ဘယ်ဟုတ်မလဲ ဒေါ်ဒေါ်ရယ်၊ အနာရှိရင်ဆေးရှိပါတယ်၊ အချိန်တန်ရင် ဒေါ်ဒေါ့်ဝေဒနာတွေ ပျောက်ကိုပျောက်ရမှာပါ၊ တစ်ခုတော့ရှိတာပေါ့၊ ရောဂါပျောက်ဖို့အတွက် ဒေါ်ဒေါ့်အပေါ်လည်းမူတည်ပါသေးတယ်…

ဒေါ်ဒေါ်ကိုယ်၌လည်း ကြိုးစားရမယ်၊ ကျွန်တော်ဆိုလိုတာက ဒေါ်ဒေါ်ရဲ့ကိုယ်ရောစိတ်ပါ ကြိုးစားအားထုတ်မှုတွေလိုတယ်၊ စိတ်ဓာတ်ကိုလည်း အကောင်းဆုံး၊ အမြင့်ဆုံးနဲ့ကြံ့ခိုင်ဆုံးထားရမယ်…

ကျွန်တော် ယုံကြည်တယ်၊ ဒေါ်ဒေါ့်ကိုယ်ကိုလည်း ဒေါ်ဒေါ် ယုံကြည်မှုရှိပါ၊ ဒေါ်ဒေါ် ကြိုးစားမယ်ဆိုရင် ဒေါ်ဒေါ့်ရောဂါကိုပျောက်သွားရမှာပါ…

ကျွန်တော့်စကားကို အလေးထားပါ ဒေါ်ဒေါ်၊ ဒေါ်ဒေါ်ကြိုးစားရမယ်နော်၊ အဓိက,က ဒေါ်ဒေါ့်ကိုယ်ပေါ်မှာလည်း မူတည်နေတယ်၊ ဒေါ်ဒေါ် ကြိုးစားရမယ်…

ဒေါ်ဒေါ့်အတွက် ဒေါ်ဒေါ့်သမီး ရွှေပုလဲကတော့ သိပ်ကိုကြိုးစားနေရှာတယ်၊ ဒေါ်ဒေါ့်အတွက် သူ့ရဲ့အိပ်ချိန်တွေ၊ အနားယူချိန်တွေကိုဖဲ့ပြီး ငွေတွေရှာနေတယ်၊ စုနေတယ်၊ ဒေါ်ဒေါ့်အတွက် သူ့စိတ်ဓာတ်မကျဘဲအများကြီးကြိုးစားနေရှာတယ်…

ဒါပေမဲ့ သူ့ စိတ်တော့အတော်လေးထိခိုက်နေရှာပုံရတယ်၊ အဒေါ် အသက်ရှင်ဖို့အတွက် သူ့ရဲ့သွေး၊ သူ့ရဲ့ရိုးတွင်းချဉ်ဆီတွေဘာတစ်ခုမှမပေးဆပ်နိုင်လို့လေ၊ သူ ဝမ်းအနည်းဆုံးက အဲဒီအတွက်ပဲဖြစ်နေတယ်…"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာ စိုးဝေ စကားတွေနားထောင်ရင်း ဒေါ်ရွှေခင်သည် မျက်ရည်တို့ပိုးပိုးပေါက်ပေါက် စီးကျလာရလေ၏။ ဒေါ်ရွှေခင်တစ်ယောက် မည်မျှခံစားနေရသည်ကို ဒေါက်တာ စိုးဝေသည်လည်း မြင်မိရပါပြီ…။

"ဆရာလေးရယ် ကျွန်မရဲ့သမီးလေး ရွှေပုလဲကို ကျွန်မသနားတယ၊ သိပ်သနားစရာကောင်းတဲ့ကလေး၊ သိပ်ကိုစိတ်ကောင်းရှိပြီး သိပ်ကိုကူညီတတ်တဲ့ကလေးပါ…

သူ့ကိုမွေးခဲ့တဲ့ဘဝတစ်လျှောက်၊ သူဟာ ငယ်ငယ်ကတည်းက သိပ်ကိုသိတတ်ပြီး နားလည်မှုရှိတဲ့ကလေးတစ်ယောက်ပါ၊ အခု ကျွန်မကြောင့် သူ အရမ်းပင်ပန်းနေပြီ၊ ကျွန်မ သမီးလေးကို ကျွန်မ အရမ်းသနားတယ်၊ ကျွန်မ ဘယ်လိုလုပ်ရမလဲမသိတော့ဘူး…"

"ကျွန်တော် သိပါတယ် ဒေါ်ဒေါ်ရယ်၊ ဒါကြောင့် ဒေါ်ဒေါ့်ကို အတတ်နိုင်ဆုံးကြိုးစားပါလို့ ကျွန်တော် ပြောတာပါ…"

"မဟုတ်ဘူး၊ ဆရာလေးတို့ မသိဘူး၊ ဆရာလေးတို့ မသိပါဘူး၊ ကျွန်မ ထိခိုက်တယ်၊ ကျွန်မ ဝမ်းနည်းတယ်၊ ကျွန်မ သမီးလေး ရွှေပုလဲကို ကျွန်မ အရမ်းသနားတယ်၊ ကျွန်မကြောင့် သမီးလေးခမျာ သိပ်ပင်ပန်းနေရရှာပြီ ဆရာလေးရယ်…

ကျွန်မ မကောင်းဘူး၊ ကျွန်မ မကောင်းဘူး၊ ကျွန်မကြောင့်ပါ၊ ကျွန်မကြောင့်ပါ၊ သမီးလေးကို သနားတယ်၊ ကျွန်မ ဘယ်လိုလုပ်ရမလဲမသိတော့ပါဘူး ဆရာလေးရယ်…"

ဒေါ်ရွှေခင်ပြောရင်း ငိုရှိုက်နေသည်မှာ နက်ရှိုင်းလွန်း





အနှစ်ပါလွန်းလှပါ၏။ ဒေါက်တာ စိုးဝေသည် ဒေါ်ရွှေခင်ထံ ကြည့်ပြီး သက်မမောအားချဖြစ်ရသည်။

ဒေါက်တာ စိုးဝေတစ်ယောက် ဘာမှမသိဟုထင်နေသော ဒေါ်ရွှေခင်သည် သူ့ခံစားချက်နှင့်သူ့ရင်တွင်းမှစကားတွေကို ရင်ဖွင့်ဆိုနေကြောင်း ဒေါက်တာ စိုးဝေကမူ ကောင်းစွာနားလည်ပါ၏။

ဒေါက်တာ စိုးဝေသည်လည်း စောစောက သူ့အထာနှင့်သူပြောနေသည့်စကားတွေကို ဆက်၍မဆိုတော့၊ ဒေါက်တာ စိုးဝေသည် ထိုင်ရာမှထလိုက်ပြီး ဒေါ်ရွှေခင်အနီး သွားရောက်ဆွဲကာ ဖေးမတွဲထူလိုက်ရင်း…

"ဒေါ်ဒေါ်..စိတ်မကောင်းမဖြစ်ပါနဲ့တော့၊ လာ..အခု ကျွန်တော်နဲ့လမ်းလျှောက်ရင်း ရွှေပုလဲနဲ့သွားတွေ့ရအောင်…"

သူ့ခေါ်တော့ ဒေါ်ရွှေခင်သည် ဝမ်းနည်းရင်း၊ အံ့သြရင်းဖြင့် လိုက်ပါလာဖြစ်ရလေ၏။ ဒေါ်ရွှေခင်၏မျက်ရည်တွေက စီးကျနေဆဲပါ…။

ဆေးရုံအောက်ထပ်သို့အရောက် ဘေးပေါက်မှအပြင်သို့ ထွက်လိုက်သည်နှင့် အလုပ်တွေလုပ်နေရှာဆဲရှိသည့် ရွှေပုလဲကို ဒေါ်ရွှေခင် တွေ့မြင်လိုက်ရသည်တွင် ဒေါ်ရွှေခင်သည် ပို၍ထိခိုက်စွာခံစားရခြင်းနှင့် မျက်ရည်တို့မှာမစဲတမ်း စီးကျလာရပါတော့သည်။

"ဒေါ်ဒေါ် မြင်တယ်မဟုတ်လား၊ သူ့ရဲ့မိခင်ကျေးဇူးရှင်တစ်ယောက် အသက်ရှင်ဖို့အတွက် သူ ဘယ်လောက်ကြိုးစား



www.burmeseclassic.com

www.burmeseclassic.com



နေလဲဆိုတာ၊ သူ ဘယ်လောက်အပင်ပန်းခံနေလဲဆိုတာ…"

ဒေါက်တာ စိုးဝေသည် ရွှေပုလဲထံကြည့်ပြီး မျက်ရည်တို့ ပင်ဝေဝဲလာရင်းမှ ဒေါ်ရွှေခင်ကို ဆိုသည်။ ဒေါ်ရွှေခင်ကား စကား မဆိုနိုင်တော့သလိုရှိရင်း၊ မျက်ရည်တွေသာစီးကျရင်း ရွှေပုလဲထံ သို့ ရင်ဝယ်ခံစားချက်တို့ဖြင့် ငေးမောကြည့်နေဖြစ်လေ၏။

မှန်သည်။ ဒေါ်ရွှေခင်သည် ရွှေပုလဲအား တွေ့လိုက်ရ သည့်အခိုက်၌ ရင်ဝယ်နောင်တများနှင့်ထိထိခိုက်ခိုက်ကြီး ခံစား မဆုံးအောင်ရှိရတော့သည်တကား…။

× × × × ×

သည်နေ့အဖို့ ရွှေပုလဲခမျာ တော်တော်လေးပင်ပန်းနွမ်း နယ်နေရရှာသည်ပါ။ ကြားပေါက်ဝင်ငွေလေးရဖို့အတွက် ရွှေပုလဲ မှာ ဒလစပ်အလုပ်တွေကို လုပ်ရသည်။

ရွှေပုလဲအတွက် ညဘက်အိပ်ချိန်သည် နှစ်နာရီသုံးနာရီ ခန့်သာရှိသည်။ ရေရှည်ဖြင့်မလွယ်ကြောင်း ရွှေပုလဲလည်း မိမိ ကိုယ်မိမိ သိသည်ပါ။ သို့သော်လည်း ရွှေပုလဲသည် ကျန်းမာရေး ကောင်းသူတစ်ယောက်မှန်သော်လည်း စိတ်ဓာတ်ကိုဖြင့် တင်းထား ရသည်ပါ…။

နောက်ဆုံး ရွှေပုလဲသည် အပိုဝင်ငွေလေးရရှိရေးအတွက် မိခင်ရှိသောဆေးရုံနားမှ စားသောက်ဆိုင်တွင် နေ့တစ်ဝက်အလုပ် သမားအဖြစ် ဝင်ရောက်လုပ်ကိုင်လိုက်ခြင်းဖြစ်၏။





သက်သာချောင်ချိရေးဆိုင်တွင် ရွှေပုလဲ အလုပ်ဝင်လုပ် သည်မှာ မကြာသေး၊ တစ်လပင်မပြည့်တတ်သေးပါ။ ရွှေပုလဲ အတွက် ငွေကအရေးကြီးနေ၍ ခုအချိန်တွင် ရနိုင်သမျှအလုပ်တွေ အားလုံး ရွှေပုလဲ လိုက်၍လုပ်ချင်နေရ၏။

ယခု နေ့ခင်းဆယ့်တစ်နာရီမထိုးသေးသော်လည်း ရွှေပုလဲ အသန့်ရှင်းရေးအလုပ်များအားလုံး ပြီးစီးသွားပြီဖြစ်၏။ ရွှေပုလဲ သည် မောင်လေးကိုကျောတွင်ပိုးထားရင်းမှ နွမ်းနယ်စွာဖြင့် အိမ် ပြန်ရန်လှမ်းထွက်ခဲ့၏။

မနက်ခုနစ်နာရီခွဲခါနီးအချိန်၊ ရွှေပုလဲအလုပ်လာခါနီးမှ အငယ်ဆုံးမောင်လေးကနိုးလာ၍၊ ရွှေပုလဲသည် အဘ ဦးရွှေမောင်း နှင့်လည်း မောင်လေးကိုအပ်ခဲ့ရန်မဖြစ်သေး၍၊ အလုပ်သို့ခေါ်လာ ခဲ့ခြင်းပါ…။

ရွှေပုလဲအတွက် တစ်ခုအဆင်ပြေသည်က ရွှေပုလဲ အလုပ်လုပ်သည့်နေရာတိုင်းက ရွှေပုလဲအား နားလည်မှုပေးထား ခြင်းပါ။ ရွှေပုလဲကလည်း မိမိပိုက်ဆံယူထားသည့် အလုပ်အတွက် တာဝန်ကျေပြွန်ရေးကို အာမခံထားသူပါ…။

သည့်အတွက် ရွှေပုလဲသည် လူကပင်ပန်းနွမ်းနယ်ရသော် လည်း အလုပ်ကိုဖြင့်တာဝန်ကျေစွာ ကောင်းမွန်ဆုံးလုပ်ကိုင်နိုင် သူဖြစ်၏။ ယခုအလုပ်တွေပြီးပြီဖြစ်၍ ရွှေပုလဲသည် နွမ်းနယ်စွာ ဖြင့် တစ်လှမ်းချင်းလှမ်းထွက်ခဲ့၏။

"ရွှေပုလဲ၊ ညီမ…"

"ဟင်‥ဩော်၊ အစ်ကို ထမင်းစားချိန်လား…"



www.burmeseclassic.com

www.burmeseclassic.com



အပြုံးလေးနှင့်သာ ရွှေပုလဲ မေးသည်။ မျက်နှာလေးသည်က နွမ်းနယ်လွန်းနေပုံအား ဒေါက်တာ စိုးဝေ နားလည်နေသည်ပါ…။

"ဟုတ်တယ်၊ ညီမရော အခုဘယ်ကပြန်လာတာလဲ…"

မသိချင်ဟန်ဆောင်ပြီး ဒေါက်တာ စိုးဝေ ဆိုသည်။ ရွှေပုလဲသည် တစ်ချက်မျှစဉ်းစားသလိုရှိပြီးမှ…

"အိမ်ကနေလာတာပါ၊ မေမေ့ကို လာကြည့်တာပါ အစ်ကို…"

ရွှေပုလဲ စကားလေးအတွက် ဒေါက်တာ စိုးဝေသည် ရွှေပုလဲမျက်နှာနွမ်းနွမ်းလေးဆီ ထိခိုက်စွာငေးကြည့်ဖြစ်ရသည်။ ပြီးမှ…

"ညီမ…နေကောင်းရဲ့လား…"

"ကောင်းပါတယ် အစ်ကို၊ ရွှေပုလဲ ဘာမှမဖြစ်ပါဘူး"

"ညီမကိုကြည့်ရတာ သိပ်နွမ်းနေတဲ့ပုံပေါ်နေလို့မေးတာပါ၊ ကဲ…လာလေ၊ အစ်ကိုနဲ့ဟိုနားခဏလေးသွားပြီး စကားပြောရအောင်…"

ဒေါက်တာ စိုးဝေဆိုတော့ ရွှေပုလဲသည် ဒေါက်တာ စိုးဝေနှင့်အတူ မလှမ်းချင်လှမ်းချင်လှမ်းကာ လိုက်ပါလာဖြစ်ရရှာ၏။ ခုံတန်းလေးတစ်ခုအရောက်၌ ရွှေပုလဲသည် ခြေကုန်လက်ပန်းကျနေသည့်အသွင်လေးဖြင့် ထိုင်ချလိုက်သည်။

လွန်စွာမှပင်ပန်းနွမ်းနယ်နေသည့် ရွှေပုလဲအသွင်းလေးဆီ ကြည့်ပြီး ဒေါက်တာ စိုးဝေသည် လွန်စွာမှသနားကြင်နာစိတ်များ





ဖြစ်ပေါ်နေရ၏။

"ညီမ ဒေါ်ဒေါ်ဆီလာတာ ထမင်းချိုင့်လည်းမပါ,ပါလား…"

"ဟို…ဟုတ်တယ် အစ်ကို၊ ရွှေပုလဲ မေမေ စားချင်တာဝယ်ကျွေးတော့မယ်စိတ်နဲ့ ထမင်းချိုင့်ထည့်မလာတော့တာပါ…"

"ြော်…ရွှေပုလဲရယ်…"

"အစ်ကို မေမေ့ရောဂါကို ဘယ်တော့မှကုကြမှာလဲဟင်၊ အစ်ကို ပြောထားတယ်နော်၊ မေမေ့ရောဂါကပျောက်မယ်ဆို…"

"ဟုတ်တယ်လေ၊ အစ်ကို အာမခံပါတယ်၊ အချိန်တန်ရင် ဒေါ်ဒေါ်ရောဂါ ပျောက်သွားစေရမှာပါ…"

"ဟင်း…ဘာပဲဖြစ်ဖြစ် အစ်ကိုရယ်၊ ရွှေပုလဲလေ မေမေ့ကိုသိပ်သနားတာပဲ၊ မေမေသာမရှိရင် ရွှေပုလဲတို့မောင်နှမတွေအတွက် မတွေးဝံ့ဘူး…

မေမေ ကံဆိုးပါတယ်၊ ဖေဖေကလည်းအသေစောရှာတယ်၊ နောက်အိမ်ထောင်ကလည်းရိုးအ,လွန်းတော့ မေမေဟာ ငင်ရှိပြီးမှဆိုးမနဲ့အတူတူပါပဲလေ…"

"အစ်ကိုကတော့ ဒီလိုမထင်ပါဘူး၊ ဒေါ်ဒေါ်အတွက် အိမ်အလိမ္မာတစ်ယောက်လုံးရှိနေလို့ ဒေါ်ဒေါ်ဟာ စိတ်ထဲကြေကွဲမှုနည်းရင်းနဲ့ ကျေနပ်နေရှာပါတယ်လေ…"

"တကယ်တော့ မေမေဟာ သိပ်ကိုစိတ်ဓာတ်ကြံ့ခိုင်တဲ့ မိန်းကောင်းတစ်ယောက်ပါ၊ မေမေ့ကို ရွှေပုလဲ အတုယူတယ်၊ မေမေ့ခမျာ ရွှေပုလဲတို့မောင်နှမတွေအကြောင်းကို ဘာမှမသိရှာ



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ အထူးသဖြင့် မေမေ မွေးစားတယ်ဆိုတဲ့ မယမင်းရဲ့စိတ် ဓာတ်…"

"ဘာမှမသိရှာတာက ရွှေပုလဲပါ၊ ဒေါ်ဒေါ်က လူကြီးဆို တော့ အားလုံးကိုသိပါတယ်လေ…"

"ဟင်..အစ်ကို ဘာပြောတာလဲ…"

"ဒေါ်ဒေါ် သိတယ်၊ ဒေါ်ဒေါ် အားလုံးကိုသိတယ်လို့ နောက်ဆုံး ရွှေပုလဲ ဒီသက်သာချောင်ချိရေးဆိုင်မှာ သန့်ရှင်းရေး ပန်းကန်ဆေးအလုပ်တွေဝင်လုပ်နေတာကအစ ဒေါ်ဒေါ် သိတယ်၊ မြင်တယ်…"

"ရှင်..အို၊ မေမေ ရွှေပုလဲကို မြင်တယ်၊ ဟုတ်လား အစ်ကို၊ မေမေ သိတယ်ဟုတ်လား အစ်ကို…"

အံ့သြစွာ ရွှေပုလဲ ဆိုသည်။ ရွှေပုလဲအသံလေးသည် လှုပ်ရှားတုန်ရင်နေရှာ၏။

ဒေါက်တာ စိုးဝေသည် ရွှေပုလဲမျက်နှာလေးအား သနား ချစ်ခင်စွာငေးကြည့်နေလိုက်လေ၏။ ရွှေပုလဲ မျက်ရည်တွေကျ လာသည်။

"ဘာပဲဖြစ်ဖြစ် မေမေ့ကို ရွှေပုလဲ သနားတယ် အစ်ကို ဖြစ်နိုင်ရင် ရွှေပုလဲ အလုပ်တွေအကုန်လုပ်ချင်တယ်၊ ရွှေပုလဲ အတွက် ငွေလိုတယ်၊ မေမေ့အသက်ကို ရွှေပုလဲက ငွေနဲ့ပဲဝယ်ရ တော့မှာ၊ ဒါကြောင့် ရွှေပုလဲတောင်သေသွားပါစေ၊ ငွေရရင် ရွှေပုလဲ အလုပ်ပဲလုပ်ချင်တယ်…"

မျက်ရည်တွေစီးကျရင်း ရွှေပုလဲ ဆိုသည်။ ဒေါက်တာ





စိုးဝေသည်လည်း မျက်ရည်တွေဝဲလျက်မှ ရွှေပုလဲ၏မျက်ရည်တို့ စီးလူးနေသော၊ ကြေကွဲဝမ်းနည်းနေရှာသည့် ပန်းရောင်မျက်နှာလေး ဆီသာ ငေးကြည့်နေမိပါတော့၏။

× × × × ×

ရုံးခန်းထဲတွင် ကျော်ထိုက်ရှိန်း တစ်ယောက်တည်းရှိ သည်။ မိုးချုပ်နေပြီဖြစ်သော်လည်း ကျော်ထိုက်ရှိန်းသည် ရုံးခန်းထဲ မှမထွက်သေး..။

သူ အပေါ်လည်းမတက်၊ ရေလည်းမချိုး၊ အဝတ်လည်း မလဲ၊ မီးလည်းမထွန်း၊ သည်အတိုင်းပင်သူနေနေသည်။ မှောင် ထဲမှာပင် သူ နေနေသည်။

ကိုယ်ရောစိတ်ပါ ပင်ပန်းရတဲ့ကြားထဲ၊ စိတ်ကထပ်ဆင့် ဆင်းရဲနေရသောကြောင့်ပါ။ မှန်သည်။ မနက်တုန်းက ဒေါ်မြင့် မြင့်မိုးတို့သားအမိ သူ့ကိုခေါ်ပြီး မင်္ဂလာကိစ္စတွေအတွက် မေးနေ သည်ပြီမဟုတ်ပါလား…။

တကယ်တော့ ဦးဘဟိန်းကိုယ်တိုင်ကလည်း သူ့မြေးနှင့် ပတ်ထပ်မည့်ကိစ္စကို သူ့ကိုလာရောက်မေးမြန်း ပြောဆိုထားပြီး ဖြစ်သည်။

သို့သော်လည်း ဒေါ်မြင့်မြင့်မိုးက မေးသည်တွင် ဦးဘ ဟိန်း ဘာမှမပြောသေးကြောင်း သူ ဖြောင်ညာလိုက်သည်။

ဒေါ်မြင့်မြင့်မိုး မကျေမနပ်ဖြစ်သွားသည်။ ဒေါ်မြင့်မြင့်မိုး



www.burmeseclassic.com

www.burmeseclassic.com



အနေနှင့်ထိုကိစ္စကို အကောင်အထည်ဖော်ချင်နေမှန်း သူသိသည်။ သူ့ဘက်မှမထုံတက်တေးနှင့်မလှုပ်တလှုပ် အေးတိအေးစက်ဖြစ်နေ၍ ဒေါ်မြင့်မြင့်မိုးမှာ အားမလိုအားမရနှင့်စိတ်လက်မရှည်ဖြစ်နေရမှန်းလည်း သူ သိ၏။

ဦးဘဟိန်းကိုယ်တိုင်ကလည်း ထိုသို့ပါပင်၊ သို့ရာတွင် သူကမသိဟန်ဆောင်ကြီးပင် အေးစက်စက်ကြီးနေနေ၏။ သူ့ဘက်မှမလှုပ်ရှား၍ ဟိုဘက်ကအောင့်သက်သက်နှင့်ပြောရခက်နေဟန်ရှိကြောင်းလည်း သူ သိသည်။

သူကလည်း ဒါကိုပင် အခွင့်အရေးယူထား၏။ ခုဖြင့် ဒေါ်မြင့်မြင့်မိုးမှာ ရှက်ရှက်ခက်ခက်နှင့်ပင် သူ့ကိုခေါ်တွေ့ပြီး စကားစလာပြီ။ ဒေါ်မြင့်မြင့်မိုးကတော့ ထိုကိစ္စတွေကို အပီအပြင် လုပ်တော့မည်ကို သူ သိပြီဖြစ်သည်။

သည့်အတွက် သူ စိတ်ပျက်လက်ပျက်ဖြစ်နေရခြင်းပါ။ စိတ်ဆင်းရဲလှစွာဖြင့် နဒီအသွင်ကို မြင်ယောင်ရင်း လက်ထဲကိုင်ထားသည့် ဘီယာဗူးကိုမော့ချလိုက်ပြန်သည်။

ခြံထဲရှိမီးတိုင်မှအလင်းရောင်က သူ့ရုံးခန်းထဲဖြာကျနေသည်။ အလင်းရောင်ဖြင့် သူ စားပွဲထက်မှဘီယာဗူးအခွံတွေလဲပြိုနေ၏။

သူသည် စိတ်ညစ်ညစ်ဖြင့် စားပွဲထက်၌ကိုယ်ကို မှောက်ချထားလိုက်သည်။ စိတ်ခံစားမှုက ပြေးလွှားနေ၏။ စိတ်အာရုံမှ မျက်ဝန်းဝယ် ရွှေပုလဲအသွင်ဖူးဖူးလေးကို မြင်ယောင်ရသည်။

မှန်သည်။ တကယ်တော့ သူသည် ဒီလုပ်ငန်းတွေဆက်





လုပ်နေရခြင်းမှာ ရွှေပုလဲကြောင့်ပင် ဖြစ်သည်။ ရွှေပုလဲကို သနားလို့၊ ရွှေပုလဲကို စာနာလို့၊ ရွှေပုလဲကို သံယောဇဉ်ထားမိလို့၊ ရွှေပုလဲကြောင့်ပင် ဒီလုပ်ငန်းတွေကို သူ ဆက်လုပ်နေရခြင်းဖြစ်၏။

ရွှေပုလဲသာ သူ့ဘဝထဲပေါ်ထွက်မလာဘူးဆိုလျှင် ခုချိန်လောက်ဆိုလျှင် သူသည် နိုင်ငံခြားသို့ပင် ရောက်နေပြီဖြစ်၏။ သူ နိုင်ငံခြားထွက်သွားသည်ကိုပင် မည်သူမှသိလိုက်မည်မဟုတ်။

ဟင်း...

သူ သက်မမောကြီးကို ချဖြစ်ရသည်။ ဘီယာကိုမော့သောက်လိုက်ပြန်သည်။ ပြီးတော့ စားပွဲထက် ကိုယ်ကိုပြန်မှောက်ထားပြန်၏။

"ကိုကို..ညီညီရေ စာကျက်နေကြလား၊ မမ ပြန်လာပြီနော်..."

ရွှေပုလဲ ပြန်ရောက်သည့်အသံလေးကို သူ ကြားလိုက်ရသည်။ ရွှေပုလဲ၏လှုပ်ရှားမှုလေးတွေကို သူ နားစွင့်နေလိုက်၏။

"ကိုကို..ညီညီရေ..."

"လာပြီ မမ..."

အပေါ်ထပ်မှ ကိုကိုနှင့်ညီညီတို့ ပြေးဆင်းလာကြသံကိုလည်း သူ ကြားရသည်။

"မမ နောက်ကျတယ်နော်၊ မေမေ နေကောင်းရဲ့လားဟင်..."

"မမ..မေမေ့ကို သားတို့ဘယ်တော့သွားတွေ့ရမလဲဟင်..."



www.burmeseclassic.com

www.burmeseclassic.com



ညီအစ်ကိုနှစ်ယောက မေးရှာသည်။ ရွှေပုလဲမှာ ကိုယ် ရောစိတ်ပါနွမ်းသွေ့လာရသည့်ကြားမှပင် မောင်လေးတွေကို ဝမ်း မနည်းစေလို၍…

"ဟာ..မေမေ အရမ်းနေကောင်းတာပေါ့၊ အခု နည်း နည်းတောင်ဝလာသေးတယ်၊ ဒါပေမဲ့ ဆေးရုံကဆင်းလို့တော့မရ သေးဘူး၊ အနားယူနေရသေးတယ်၊ ကဲ..ကဲ မောင်လေးတို့လည်း ဆာကြရောပေါ့၊ ဒီမှာ ညီလေးကိုခဏကြည့်ထားနော်၊ မမ ကပျာ ကယာချက်လိုက်မယ်…"

ရွှေပုလဲဆိုရင်း ကျောနောက်မှကလေးကိုဖြေချပြီး တွန် လှည်းလေးထဲထည့်ထားပေးခဲ့ပြီး ကိုကိုနှင့်ညီညီကိုကြည့်ထားခိုင်း ၏။ ရွှေပုလဲသည်က မီးဖိုထဲ ကပျာကယာဝင်ပြီး ဝယ်လာသည် ဝက်အူချောင်း၊ ကြက်ဥနှင့်ထမင်းကို တစ်ခါထဲအပြီးကြော်လိုက် တော့သည်။

ထမင်းကြော်ပြီးသည်နှင့် မောင်လေးနှစ်ယောက်ဆီ တ ခါးခုံခပ်ထည့်လာပြီး ယူလာပေးရင်း…

"ကဲ..မောင်လေးတို့ ထမင်းလည်းစား၊ ညီလေးကို လည်းကြည့်ထားဦးနော်၊ မမ ရေချိုးလိုက်ဦးမယ်…

မမ မစားချင်ဘူး၊ ရင်ပြည့်နေတယ်၊ ကိုယ်လက်တွေ လည်း ကိုက်ခဲနာကျင်နေလို့ ရေမြန်မြန်ချိုးပြီး ဆေးသောက်အိပ် တော့မယ်၊ မောင်လေးတို့လည်း စားပြီးရင်မီးဖိုထဲမှာ ပန်းကန်တွေ သေချာထားထားနော်၊ ပြီးမှ မမ ဆေးမယ်…"

"ဟုတ်ကဲ့ မမ…"





မောင်လေးတွေကိုမှာပြီး ရွှေပုလဲမှာ ရေချိုးခန်းထဲ ဝင် ရောက်သွားဟန်တူသည်။ ရွှေပုလဲ အသံလေးတိတ်သွားသည်။ တစ်ချက်တစ်ချက် ကိုကို၊ ညီညီနှင့်အငယ်လေးတို့၏ချော့မြူသံနှင့် အုအုအအ,အသံလေးတွေကိုသာ ကြားရ၏။

ဩော်..ရွှေပုလဲဟာ တကယ်သနားစရာကောင်းတဲ့ မိန်းကလေးပဲ၊ ရွှေပုလဲဟာ ကြိုးလည်းကြိုးစားတယ်၊ တော်လည်း တော်တယ်၊ သူ့ခများလည်း တစ်နေ့တစ်နေ့ ဘယ်လောက်များ ဝင်ပန်းရှာနေမလဲ၊ .ဟင်း…

"ကိုကို..ညီညီ ထမင်းစားပြီးပြီလား…"

"ဟုတ်ကဲ့ မမ…"

"ဟီး..ဟီး..ချမ်းလိုက်တာ၊ ဆေးမြန်မြန်သောက်မှ တော် ကြာဖျားနေဦးမယ်…"

သူတွေးဆဲ ရွှေပုလဲ ရေချိုးပြီး ပြန်ထွက်လာသည့်အသံ လေးကို ကြားလိုက်ရသည်။ ပြီးတော့ ရွှေပုလဲ၏လှုပ်ရှားသံလေး တွေ…။

"မမ…"

"ဟင်..ဘာလဲ ကိုကို…"

"ဟို..ဦးဦး ခုထိအိမ်ပြန်မရောက်သေးဘူး…"

"ဟင်..ဟုတ်လို့လား၊ အပေါ်မှာ သူ့အခန်းထဲမှာရှိနေမှာ ပေါ့…"

"မရှိဘူး မမရဲ့၊ သားတို့သွားကြည့်ပြီးပြီ…"

"ဟင်..ဟုတ်လား၊ ကိုးနာရီတောင်ထိုးနေပြီ၊ ခုထိပြန်



www.burmeseclassic.com

www.burmeseclassic.com



မရောက်သေးဘူး၊ ဒါဖြင့် သူ့အတွက်ချက်ထားတဲ့ညစာတွေလည်း ဒီအတိုင်းရှိနေတာပေါ့၊ ခုထိပြန်မလာသေးဘူးဆိုတော့ ဘယ်များ သွားပါလိမ့်...”

သူ့အတွက် စိုးရိမ်သံလေးတွေနှင့်ဆိုနေသည်။ ရွှေပုလဲ၏ အသံလေးကိုကြားရခိုက်၊ သူ့ရင်ထဲ ကြည်နူးသွားရ၏။

“ကဲ..ကဲ မောင်လေးတို့ ထမင်းစားပြီးပြီ၊ သွားအိပ်ကြ တော့နော်၊ မနက်လည်းကျောင်းသွားရဦးမှာ စောစောထကြနော်”

“ဟုတ်ကဲ့ မမ...”

ကိုကိုနှင့်ညီညီတို့ အပေါ်ထပ်ပြေးတက်သွားသည်တွင် ရွှေပုလဲသည် မောင်လေးအငယ်ဆုံးအတွက် နို့ဗူးဖျော်သံနှင့်ချော့ သိပ်သံလေးတွေကို သူ ကြားနေရသည်။

မှန်သည်။ ရွှေပုလဲသည် နို့ဗူးလေးကိုတိုက်ကာ မောင် လေးကို ချော့သိပ်လိုက်ပြီးမှ ကျော်ထိုက်ရှိန်း ပြန်မလာသေးဟု ဆိုသဖြင့် အပြင်ဘက်တစ်ချက်ထွက်ကြည့်ပြီး စောင့်နေဖြစ်သည်။

တကယ်တော့ ရွှေပုလဲသည် ကိုယ်ရောစိတ်ပါ ပင်ပန်း လွန်း၍ အိပ်ချင်နေပါပြီ၊ သို့သော်လည်း အိမ်ရှင်ပြန်လာလျှင် အိမ်တံခါးဖွင့်ပေးရမည်က ရွှေပုလဲ တာဝန်မို့ ရွှေပုလဲသည် အိပ် ချင်လျက်နှင့်မအိပ်သေးဘဲ အပြင်ထွက်စောင့်နေဖြစ်ခြင်းပါ။

သူဌေးက ဒီလောက်တစ်ခါမှ ညည့်မနက်ဖူးပါဘူး ဘယ်များသွားနေလို့လဲ၊ ခရီးများလွန်နေလား၊ ဟင်..ဟိုမှာ ရုံးခန်း တံခါးတွေလည်းဖွင့်လို့၊ ခုထိမပိတ်ရသေးဘူး၊ မြန်မြန်သွားပိတ် ထားမှ တော်ကြာ သူဌေးပြန်လာရင် အပြစ်ဖြစ်နေဦးမယ်...





အဘလည်း အိပ်ရာဝင်လောက်ပြီထင်တယ်၊ သူဌေး အကြောင်းသွားမမေးတော့ပါဘူး၊ အနှောင့်အယှက်ဖြစ်နေဦးမယ်၊ ငါပဲစောင့်လိုက်မယ်...

အတွေးဖြင့် ရွှေပုလဲသည် တိုက်ကြီးထဲပြန်ဝင်ခဲ့ပြီး၊ ရုံး ခန်းတံခါးတွေပိတ်ရန် ရုံးခန်းထဲသို့ ဝင်လိုက်သည်မတော့...

“ဟင်..အဲ၊ သူဌေးက ဒီမှာကိုး...”

“အို..ဘုရားရေ၊ သူဌေး သောက်ထားတာလား ဘီယာ ဗူးခွံတွေမနည်းပါလား...”

တောက်...

အံ့သြစွာစိတ်ထဲ ရေးရွတ်ရင်း မီးခလုတ်ကို ရွှေပုလဲ ဖွင့်လိုက်သည်။ ကျော်ထိုက်ရှိန်းကား တုတ်တုတ်မလှုပ်၊ ခုံပေါ်တွင် ဒီအတိုင်းပင်ရှိသည်။

“သူဌေး..သူဌေး မူးနေပြီလား၊ အိပ်ပျော်နေပြီလား..”

ကျော်ထိုက်ရှိန်းနောက်ကျောဆီ လက်ညှိုးလေးနှင့်သွားတို့ ပြီး ရွှေပုလဲ ဆိုတော့၊ ကျော်ထိုက်ရှိန်းသည် ခေါင်းထောင်ကာ စားပွဲထက်မေးထောက်ထားလိုက်ပြီး...။

“ကိုယ် မမူးသေးပါဘူး၊ မင်း ပြန်လာတာလည်း ကိုယ် သိပါတယ်...”

“သူဌေး ဘာဖြစ်လို့လဲ၊ ဘာလို့ဒီလောက်တောင် သောက်ထားတာလဲ...”

“ဘာမှမဖြစ်ပါဘူး၊ နည်းနည်းပင်ပန်းလို့သောက်တာ”

“သူဌေး ထမင်းမစားရသေးဘူး မဟုတ်လား၊ ရွှေပုလဲ



www.burmeseclassic.com

သွားလုပ်ပေးမယ်၊ ဟင်းတွေနွှေးလိုက်မယ်...''

''ဟင်အင်း..ဟင်းတွေမနက်ကျရင် ကလေးတွေပဲကျွေးလိုက်၊ ကိုယ့်ကို ထမင်းပဲကြော်ပေး၊ ထမင်းကြော်ပဲစားမယ်...''

''ဖြစ်ပါ့မလား၊ ရင်ပြည့်နေဦးမယ်...''

''ကိုယ် ထမင်းကြော်ပဲစားချင်တယ်...''

''ဒါဖြင့် သွားကြော်လိုက်မယ်...''

''ပြီးရင် ဒီကိုပဲယူလာနော်...''

''ဟုတ်ကဲ့...''

ရွှေပုလဲဆိုရင်း ရုံးခန်းထဲမှထွက်သွားလိုက်သည်။ ထမင်းကြော်မို့ အချိန်လည်းမကြာ၊ ရွှေပုလဲကလည်း အလုပ်လုပ်မြန်ဆန်သူမို့ တအောင့်နှင့်ပင် ပြီးစီးသွား၏။

တအောင့်ကြာသည်တွင် ရွှေပုလဲ ပြန်ရောက်လာသည်။ လင်ဗန်းထဲတွင် ထမင်းကြော်ပန်းကန်၊ ကြက်ကြော်ပန်းကန်၊ အချဉ်ပန်းကန်နှင့်ဟင်းချိုပန်းကန်လေးတွေထည့်လာပြီး စားပွဲထက်တင်ပေးလိုက်၏။

''ဟား..မြန်လိုက်တာ၊ လုပ်လာတာကလည်း စုံနေတာပဲ...''

''ဒါတွေက လွယ်လင့်တကူလုပ်လို့ရတဲ့စားစရာတွေပဲ သူဌေးရဲ့...''

''ရွှေပုလဲကော မစားဘူးလား...''

''အပြင်မှာစားခဲ့ပြီးပြီ...''

ရွှေပုလဲသည် မိမိနှမ်းနယ်၍အိပ်ချင်နေသည့်အသွင်ကို





ပြောဲအားတင်းထားသည်။ ကျော်ထိုက်ရှိန်းသည် ရွှေပုလဲ ပြင်ဆင်လာသည့်ထမင်းကြော်နှင့်ဟင်းချိုတို့ကို ကောင်းကောင်းစားပစ်လိုက်သည်။

ထမင်းစားပြီးသည်တွင် သူ ဗိုက်တွေကြပ်ပြီး ထိုင်ရာမှ သကာ ပြတင်းအနီးလျှောက်သွားမည်အပြု၊ ထ,ကြည့်မှသူ့ကိုယ်သူမနိုင်မှန်းသိ၍ သူသည် ခြေပစ်လက်ပစ်ကြမ်းထက်၌ပင် ထိုင်ချလိုက်ရတော့၏။

ကြမ်းထက်၌ သူဌေးကထိုင်တော့ ရွှေပုလဲလည်း ကြမ်းထက်ပင် ထိုင်ဖြစ်ရသည်။

''ရွှေပုလဲလည်း ပင်ပန်းသွားမှာပဲနော်...''

''မပင်ပန်းပါဘူး၊ ဒါတွေက ရွှေပုလဲ လုပ်နေကြအလုပ်တွေပဲလေ...''

''ရွှေပုလဲရဲ့မေမေကော သက်သာတယ်မဟုတ်လား''

''ဟုတ်ကဲ့...''

ပြီးစလွယ်ပင် ရွှေပုလဲ ဖြေဖြစ်သည်။ ရွှေပုလဲစိတ်ထဲမတော့ အကြီးအကျယ်ကို အံ့သြနေသည်ပါ။ မှန်သည်။ အဘယ်ကြောင့်ဆိုသော် သူဌေးသည် သည်နေ့မှသာစိတ်ကူးတွေပေါက်ပြီး နူးညံ့သိမ်မွေ့ကြင်နာမှန်း မသိဖြစ်ရခြင်းကြောင့်ပါတည်း...။

''ရွှေပုလဲက တော်တော်အလုပ်လုပ်တာပဲ၊ အဆင်ရော ပြေရဲ့လားဟင်...''

''ပြေပါတယ် သူဌေး၊ သူဌေးလည်း သိနေတာပဲမဟုတ်လား၊ ခုဆို စက်ရုံကနေ့စဉ်လည်ပတ်နေပြီပဲ၊ ပြီးတော့ စားကုန်



www.burmeseclassic.com

www.burmeseclassic.com



အသစ်တွေလည်းတိုးချဲ့ထုတ်လုပ်နေတာ အောင်မြင်တာပဲလေ..''

''ဟုတ်ပါတယ်၊ ကိုယ် ပြောတာက ရွှေပုလဲ အပြင်မှာ အလုပ်တွေလျှောက်လုပ်နေတာကိုပြောတာ...''

''အလုပ်ပဲ၊ လုပ်တတ်ဖို့နဲ့လုပ်နိုင်ရင် အဆင်ပြေတာပေါ့ သူဌေးရဲ့...''

အင်း...

အင်းဟုဆိုရင်း ကျော်ထိုက်ရှိန်းသည် ကြမ်းထက်၌တစ်ကိုယ်လုံးလှဲကျသွားရပြီဖြစ်သည်။

ရွှေပုလဲသည်လည်း စားပွဲကြီးကိုမှီထိုင်ထားရင်းမှ ရွှေပုလဲ၏မျက်လုံးလေးတွေမှာ တဖြည်းဖြည်းမှေးစင်းကျသွားရပြီး၊ နောက်ဆုံးတော့ မည်သူမျှစကားမဆိုဘဲရှိတော့၏။

မှန်သည်။ နှစ်ဦးစလုံးမှာ ကိုယ်ရောစိတ်ပါ ပင်ပန်းနေကြ၍ တစ်ယောက်ကဘီယာမူးပြီး ဗိုက်ကြပ်ကာအအိပ်မြန်သွားရသကဲ့သို့...

တစ်ယောက်က ရက်ဆက်အိပ်ရေးပျက်ထားရခြင်းနှင့် တစ်နေကုန် အလုပ်လုပ်ရသည်မှာ ပင်ပန်းနွမ်းနယ်လွန်း၍ အိပ်ချင်ရင်းစွဲရှိကာ စက္ကန့်ပိုင်းမျှ တိတ်ဆိတ်သွားလိုက်သည်နှင့် မထိန်းနိုင်တော့အောင် အိပ်ပျော်သွားလိုက်ရပါတော့သတည်း။ ။

ØØ ØØ ØØ



## - နှစ်ဆယ့်ငါး -

ကျီ..ကျီ..ကျလိ..ကျလိ...

ကျီ..ကျီ..ကျလိ..ကျလိ...ကျီ..ကျီ...

အိပ်မောတွေကျ၍ သွားကြိတ်သံတွေက တကျစ်ကျစ်မြည်နေခြင်းပါ...။

မှန်သည်။ ညက ကျော်ထိုက်ရှိန်းနှင့်ရွှေပုလဲတို့နှစ်ဦးသားမှာ ရုံးခန်းထဲတွင်ပင် ကိုယ့်အဖြစ်နှင့်ကိုယ် မပြောမဆိုနှင့်အိပ်ပျော်သွားကြရသည်မဟုတ်ပါတကား...။

နံနက်ခြောက်နာရီပင်ခွဲပြီ၊ ခုထိ သူတို့နှစ်ယောက်စလုံး မနိုးဖြစ်ကြသေးဘဲရှိ၏။

ကျလိ..ကျလိ..ကျစ်..ကျစ်..ကျလိ..ကျလိ...

ဘာသံလဲ၊ ဘာဖြစ်လို့နားနားလာမြည်နေရတာလဲဟု ကျော်ထိုက်ရှိန်းမှာ အိပ်ချင်မပြေသေး၍ မျက်လုံးမဖွင့်နိုင်သေးဘဲ တွေးဖြစ်ရသည်။

ကျီ..ကျီ..ကျလိ..ကျလိ...



www.burmeseclassic.com

www.burmeseclassic.com



ထပ်၍မြည်လာပြန်သည်။ နားနားမှာမှကပ်ပြီး မြည်နေသည်မို့…

စိတ်ညစ်လိုက်တာ၊ ဘာသံလဲ၊ အား‥ကျွတ်‥ကျွတ်၊ လက်တစ်ဖက်ကလည်း ဘာဖိနေလဲမသိဘူး၊ လေးလိုက်တာ…

စိတ်ထဲမှစိတ်ပျက်စွာ ကျော်ထိုက်ရှိန်း ရေရွတ်ရပြန်၏။

ကျုလိ‥ကျုလိ‥ကျိုကျို…

နားနားမှာမှကပ်၍ ထပ်ပြီးမြည်လာသံကြောင့်၊ ကျော်ထိုက်ရှိန်းသည် သည်တစ်ခါတော့ မျက်လုံးဖွင့်ကြည့်မှပဲဖြစ်တော့မည်မို့ စိတ်တိုတိုနှင့်မျက်ဝန်းအစုံဖွင့်ကြည့်ဖြစ်သည်မတော့…

ဟာ‥အဲ၊ သူ‥သူက…

သူ့ရင်ခွင်ထဲမှာမြင်လိုက်ရသည့်မြင်ကွင်းကြောင့် ကျော်ထိုက်ရှိန်းကား တစ်ကိုယ်လုံးထူပူတုန်တက်သွားလိုက်ရပါတော့သတည်း…။

မှန်သည်။ ရွှေပုလဲကား သူ့ရင်ခွင်ထဲမှာ တန္နေးတထွေးဖြင့် ဇိမ်ကျကျအိပ်မောကျနေရပြီး သွားတွေကြိတ်နေသံက အမှုန့်ဖြစ်တော့မည့်ခမန်း ရှိနေရသည်မဟုတ်ပါတကား…။

ကျော်ထိုက်ရှိန်းကား နားတွေကညီးပြီး၊ ရင်တွေကျိန်းကာ အိပ်ချင်မပြေစိတ်များပင်လည်း ပျောက်ပြေးသွားရကုန်ပြီဖြစ်၏။

အမလေးဗျာ၊ သူသာနိုးလာရင်တော့ ဒုက္ခ…

ကျော်ထိုက်ရှိန်းမှာ စိတ်ထဲမသက်မသာနှင့် ကြောက်ကြောက်ရွံ့ရွံ့ဖြစ်ကာ ရွှေပုလဲ နိုးလာမည်ကို စိုးရိမ်နေရလေ၏။

ကျိုကျို‥ကျုလိ‥ကျုလိ…





အမလေး ကြိတ်လိုက်တဲ့သွား၊ အခုထဲမှာသွားတွေမှရှိသေးရဲ့လားမသိဘူး…

ဘူ…

ဟား‥ဒုက္ခပဲ၊ ဟင်း‥အမလေးနဲ့လိုက်တာ…

သွားကြိတ်သည့်ဒဏ်ကို ကြိတ်မှိတ်ခံစားနေရဆဲ၊ အိပ်မောကျနေသည့် ရွှေပုလဲတစ်ယောက် အီးတစ်လုံးပေါက်လိုက်ပြန်၍၊ ကျော်ထိုက်ရှိန်းမှာ ဘယ်လိုနေရမှန်းမသိအောင် ဖြစ်သွားရပြန်၏။ ကျော်ထိုက်ရှိန်းအဖြစ်က ဆိုးနေသည်မှာအမှန်၊ အဘယ်ကြောင့်ဆိုသော် ရွှေပုလဲသည် သူ၏ဘယ်ဘက်လက်ပေါ် ခေါင်းအုံးအမှတ်နှင့်အုံးအိပ်ထားသည် မဟုတ်ပါလား…။

ဘယ်အချိန်ကတည်းကများ အုံးအိပ်ထားသည်မသိ၊ သူ့လက်မှာ ထုံကျင်နေရပြီး၊ အောင့်ပင်အောင့်နေရပြီဖြစ်၏။ ဆွဲထုပ်လိုက်လည်းမရ၊ အရေးထဲ သူမက ထပ်ဆင့်ဒုက္ခတွေပေးနေပြန်သေးသည်။

သွားကကြိတ်ရတာနှင့်အီးကပေါက်ရတာနှင့်၊ ကျော်ထိုက်ရှိန်းတစ်ယောက်မှာ အလူးအလဲပင်ခံနေရ၏။

ဟင်း‥ဟူး၊ တော်တော်ဆိုးတယ်ကွာ…

သူ ညီးတွားရင်း လက်တစ်ဖက်နှင့်နားခေါင်းနားယပ်ခပ်ရသည်။ နောက်ဆုံးမခံနိုင်တော့၍ ဘောင်းဘီအိတ်ထဲမှလက်ကိုင်ပဝါကိုထုပ်လိုက်ပြီး ယပ်ခပ်ကာ နှာခေါင်းကိုပိတ်ထားရ၏။

ဟူး‥ငါမှ ငရဲကျနေတာ၊ ခေါင်းပြန်လည်းတစ်မှု၊ မနိုးပြန်လည်းတစ်မှု၊ သေချင်တယ်…



www.burmeseclassic.com

www.burmeseclassic.com



သူ မနိုးတော့လည်းဒုက္ခ၊ မနိုးတော့လည်းဒုက္ခပဲ၊ သူနိုးလာရင် ငါ့ကိုအထင်လွဲဦးမှာ၊ ဘယ်လိုဖြစ်ပြီး ရုံးခန်းထဲမှာမှအိပ်ပျော်သွားရတာလဲ၊ တွေးလို့တောင်မရဘူး…

ဒုက္ခပဲ၊ အထင်တော့အလွဲမခံနိုင်ဘူး၊ သူ့ကိုအသာလေးဟိုဘက်လိမ့်သွားအောင် ဖြည်းဖြည်းတွန်းပြီး ငါ မြန်မြန်ထွက်သွားမှာဖြစ်မယ်…

စိတ်ကူးနှင့်ကျော်ထိုက်ရှိန်းသည် ရွှေပုလဲကိုယ်လေးအားဖြည်းဖြည်းချင်း မသိမသာလေးတွန်းရင်း သူ့လက်ကိုဆွဲထုတ်ရန်ကြိုးစားသည်။ သူ ကြိုးစားနေဆဲပင် ရွှေပုလဲသည် မျက်ဝန်းလေးအစုံဖွင့်လာပြီး၊ သူ့မျက်နှာကိုမြင်သည်တွင် ကြောင်တောင်တောင်နှင့်ကြည့်ကာ ငြိမ်သက်နေပြီးမှ…

"ဟင်..အား၊ သွား..သွား..သွား ဒါဘာလုပ်တာလဲ၊ ဘာလုပ်တာလဲ၊ သွား..သွား…"

"ဟော့..ဟော့၊ မဟုတ်ဘူး နေဦးရှင်းပြမယ်၊ ဟော့..ဟော့ မှားမယ်၊ အထင်မလွဲနဲ့…"

"အိုး..မကြားချင်ဘူး၊ သွားဆိုသွား..သွား..သွား၊ ကဲဟယ်..ကဲဟယ်…"

ဂလုံ..ဂလွမ်း..ဒေါင်…

ဒေါင်..ဂလုံ၊ ဂလွမ်း..ဒေါင်…

ရွှေပုလဲတစ်ယောက် ဘီယာဗူးခွံတွေနှင့်အဆက်မပြတ်ပင်ပေါက်နေတော့သည်။ ကျော်ထိုက်ရှိန်းက လင်ဗန်းနှင့်ကာထားရသည်။





"ဟော့..နေဦး၊ ကိုယ် မင်းကို ဘာမှမလုပ်ဘူး၊ ကိုယ်လည်းသိတောင်မသိဘူး၊ မင်း ဒုက္ခတွေ ကိုယ်ကတစ်ချိန်လုံးခံအားရတာ၊ ကိုယ် ရှင်းပြမယ်…"

"လာမပြောနဲ့၊ ရှင့်ကိုမုန်းတယ်၊ ကဲ..ကဲ..ကဲ…"

ဒေါင်..ကလုံ..ကလွမ်း..ဒေါင်…

အား…

ကာကွယ်နေဆဲမှပင် တစ်ချီမတော့ မသောက်ရသေးပဲကျန်နေသည့်ဘီယာတစ်လုံးနှင့် ရွှေပုလဲ ပစ်ပေါက်လိုက်သည်တွင် သူ့နှုတ်ခမ်းဆီ တန်းမှန်သွားရ၍၊ သူ့နှုတ်ခမ်းကွဲကာ သွေးတို့ထွက်လာရတော့သည်။

"ဟာ..သွေးတွေ၊ နှုတ်ခမ်းကွဲသွားပြီ…"

ဟင်…

သွေးတွေမြင်မှပင် ရွှေပုလဲသည် လန့်ဖြန့်ကာ သတိဝင်လာသူနယ်ဖြစ်တော့သည်။ ရွှေပုလဲသည် သူ့နှုတ်ခမ်းသွေးတွေဆီအတန်ကြာငေးကြည့်နေဆဲ ကျော်ထိုက်ရှိန်းက စကားဆို၏။

"ယုံပါ၊ ကိုယ် ရှင်းပြမယ်၊ ကိုယ်လည်းမသိဘူး၊ ကိုယ်နိုးလာတော့ အံ့ဩနေတာ၊ ဒီရုံးခန်းထဲရောက်နေလို့ ကိုယ် တကယ်အံ့ဩနေတာ၊ ကိုယ် မင်းကို ဘာမှမလုပ်မိပါဘူး၊ ကိုယ် ကျိန်ပြောရဲပါတယ်၊ မင်း ယုံပါ…"

သူ့စကားတွေကြားမှ ရွှေပုလဲမှာ ညကအဖြစ်တွေကိုသတိရလာပြီး၊ သူ့မျက်နှာကိုပင်မကြည့်ရဲအောင် ဖြစ်သွားရတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟို..ဘယ်လိုတောင်းပန်ရမလဲတောင် မသိတော့ပါဘူး သူဌေးရယ်၊ ညက သူဌေးကို ရွှေပုလဲက ထမင်းကြော်ကျွေးပြီး စကားတွေပြောရင်း သူဌေးက အရင်အိပ်ပျော်သွားတာ၊ နောက်တော့ ရွှေပုလဲလည်း ဘယ်လိုဖြစ်ပြီး ဒီနားမှာပဲအိပ်ပျော်သွားမှန်း မသိလိုက်ဘူး..."

"အွန်း..ခုတော့ မင်း အဖြစ်မှန်ကိုသိပြီပေါ့..."

သူလက်မောင်းကိုနှိပ်ရင်း ဆိုသည်။

"ဟို..ရွှေပုလဲ တောင်းပန်ပါတယ်..."

"တောင်းပန်တဲ့သူကတော့ သက်သက်သာသာပဲပေါ့"

"အားနာလို့မဆုံးပါဘူး သူဌေးရယ်..."

"အပြောကကောင်းတယ်..."

"တကယ်ပါ၊ ရွှေပုလဲ ဆေးထည့်ပေးမယ်..."

ဆိုရင်း လှစ်ကနဲ ရွှေပုလဲ ပြေးထွက်ကာ ဂွမ်းနှင့်ဆေးတွေ ထည့်ထားသည့်ဘူးလေးကို သွားယူလာခဲ့သည်။ ပြီးတော့ ကျော်ထိုက်ရှိန်းနှုတ်ခမ်းမှ သွေးထွက်နေသည့်ဒဏ်ရာတွင် ညင်သာစွာ ဆေးထည့်ပေး၏။

"တောင်းပန်ပါတယ် သူဌေး၊ စိတ်မဆိုးပါနဲ့ခွင့်လွှတ်ပါ၊ ရွှေပုလဲလည်း ရုတ်တရက်ဆိုတော့ ထူပူသွားလို့ပါ..."

ဆေးထည့်ပေးရင်း ရွှေပုလဲ စကားတွေဆိုသမျှ ကျော်ထိုက်ရှိန်းသည် စကားတစ်ခွန်းမျှမဆိုဘဲ ရွှေပုလဲ၏အိပ်ရာထ မျက်နှာဖူးဖူးလေးကိုသာ ငေးကြည့်နေဖြစ်ရလေ၏။

"ကဲ..အခုဆေးထည့်ပေးတာ ကျေပြီနော်..."





မချိုမချဉ်မျက်နှာလေးနှင့် ထုံးစံအတိုင်း ရွှေပုလဲ ဆိုသည်။ ရွှေပုလဲ၏မချိုမချဉ်နှင့်ပြောင်စပ်စပ်ကလေးလုပ်တတ်သည့် မျက်နှာလေးက တကယ်ချစ်စရာ၊ ရယ်စရာကောင်းသည်ပါ...။

ကျော်ထိုက်ရှိန်းသည် ထိုမျက်နှာလေးကို ငေးငေးမောမောနှင့်စူးစူးစိုက်စိုက်ကလေးကြည့်ရင်း ကြည့်ရင်းမှနောက်ဆုံး..

ရွှတ်...

အဲ...

ကလေးလေးတစ်ယောက်လို ချစ်လာသည့်စိတ်နှင့် သူနမ်းလိုက်သည်တွင် ရွှေပုလဲကိုယ်လေးမှာ တွန့်ကနဲရှိကာ သူမပါးလေးကိုကိုင်ထားရင်း၊ မျက်လုံးလေးပြူးရင်းက သူ့ကိုအလန့်တကြားလေး ရွှေပုလဲ ကြည့်၏။

ငြိမ်းချမ်း၍နွေးထွေးသော သူ့အကြည့်သူ့မျက်နှာချောချောတို့တွေ့သည်တွင် ရွှေပုလဲ အံ့ဩစိတ်၊ မယုံကြည်နိုင်သည့်စိတ်၊ ရယ်ချင်သည့်စိတ်တွေဖြစ်ပေါ်ရရင်း နောက်ဆုံး ရွှေပုလဲကား သူ့ရှေ့မှ ပြေးထွက်သွားလိုက်ပါတော့သတည်း။

အွန်...

ကျော်ထိုက်ရှိန်းကား ရင်ဝယ်နွေးထွေးလှပ်ရှားစွာဖြင့် ရွှေပုလဲဟူသောအမည်လေးနှင့်လိုက်အောင်ပင် ရွှေပုလဲလိုဥနေအောင် လှပချစ်စရာကောင်းသည့် ရွှေပုလဲနောက်ကျောလေးအား တွေးတောဟန်မျက်မှောင်ကြီးတွန့်လျက်မှ ငေးကြည့်ကျန်ရစ်ခဲ့ရပါသတည်း...။

× × × × ×



www.burmeseclassic.com

www.burmeseclassic.com



အိုး··တာကယ်ပဲ၊ ဒီလိုမျက်လုံး၊ ဒီလိုအကြည့်နဲ့ ဒီလို မျက်နှာအသွင်မျိုး တစ်ခါမှမမြင်ဖူးဘူး၊ အမလေ··တွေးရင်းတောင် ရင်ထဲမှာတစ်မျိုးကြီးဖြစ်လာတယ်···

အိပ်ရာထ ရေမိုးချိုးရင်းက ရွှေပုလဲတစ်ယောက် ညက အဖြစ်တွေကိုတွေးရင်း ကလီစာတွေတောင်တုန်၍လာသလိုရှိ၏။

အတွေးကြောင့် တစ်ကိုယ်လုံးပဲပူနွေးရှိန်းဖိန်းနေရသလိုလို ကြက်သီးတွေပဲတဖြန်းဖြန်း ထနေသလိုလို၊ ရင်ထဲကြည်နူးသာယာ နေသလိုလို ရွှေပုလဲ ခံစားနေရ၏။

ရေချိုးရင်း ရွှေပုလဲတစ်ယောက် ကြည်နူးမှုလေးတွေဖြ ဝေနေဆဲအချိန်၌၊ ကျော်ထိုက်ရှိန်းသည်လည်း မိမိရင်ခွင်ထဲရောက် လာသည့် ရွှေပုလဲ၏နွေးထွေးသောအတွေ့တွင် စမြုံ့ပျံကာ မြင် ယောင်ရင်း ရှိန်းတိန်းဖိန်းတိန်းဖြစ်နေသည်ပါ···။

ကျော်ထိုက်ရှိန်းရင်ဝယ် ချမ်းမြေ့၍ကြည်နူးသာယာမိ သည်ကအမှန်ပါ။ အတွေးမြုံ့နှင့်ရှိဆဲ ကျော်ထိုက်ရှိန်းသည် ကိုယ် တိုင်ပင် ကော်ဖီဖျော်သောက်ဖြစ်ရင်း ရွှေပုလဲအတွက် တစ်ခွက် ကိုပါ အသင့်ထားပေး၏။

ကော်ဖီသောက်ရင်း ကျော်ထိုက်ရှိန်းမျက်နှာချောချော သည် ငြိမ်ငြိမ်ကြီးနှင့်ကျေနပ်နေဟန်ပါ။ မှန်သည်။ ကျော်ထိုက် ရှိန်းတစ်ယောက် ရင်ဝယ်သိမ့်ဖိန့်တုန်ခုန်နေဆဲ ရေချိုးခန်းထဲမှ ရွှေပုလဲ ထွက်လာခဲ့သည်။

ရေချိုးခန်းထဲမှထွက်ခဲ့ရင်း ရွှေပုလဲသည် ကျော်ထိုက်ရှိန်း ၏အရိပ်အရောင်ကို ရှာဖွေကြည့်သည်။ ကျော်ထိုက်ရှိန်းကို မတွေ့





"သူဌေး··သူဌေး···"

ရွှေပုလဲ ခေါ်ကြည့်သည်။ ထူးသံလည်းမကြား၊ နောက် ဆုံး ရွှေပုလဲသည် ကပျာကယာအဝတ်လဲလိုက်ပြီး မနက်စာ အတွက် ပြင်ဆင်ရန်အောက်ထပ်သို့ ပြေးဆင်းခဲ့လိုက်လေမှ···

"အဲ··သူဌေး···"

ကော်ဖီခွက်နှစ်ခွက်ကိုင်ကာ လှေကားမှတက်လာသည့် ကျော်ထိုက်ရှိန်းကို တွေ့လိုက်ရ၍ ရွှေပုလဲ အံ့သြသွားသည်။ ပို၍အံ့သြရသည်က ကျော်ထိုက်ရှိန်းသည် မိမိအားကော်ဖီခွက် တစ်ခွက်ကို လှမ်းပေးနေသည်မဟုတ်ပါလား···။

"ဘာလဲ···"

"ကော်ဖီလေ···"

"ဘာလုပ်ရမလဲ···"

"သောက်ပေါ့၊ မင်းအတွက်ပါ ကိုယ် ဖျော်လိုက်တာ"

"သူဌေးကဖျော်တယ်···"

"အင်းလေ၊ ကိုယ် ဘာမှမတတ်ဘူးလို့ မင်း ထင်နေ သလား···"

"မထင်ပါဘူး၊ တစ်ယောက်ထဲနေတာလုပ်တတ်၊ ကိုင် တတ်ပြီးသားဆိုတာ ထင်ထားပြီးသား···"

"မဆိုးဘူး၊ ကဲ··သောက်ပါဦး၊ ကိုယ့်လက်ရာအဆင်ပြေ သလား၊ ကိုယ့်အတွက် မနက်စာမလုပ်နဲ့တော့နော်၊ ကဲ··ကိုယ် ရေချိုးခန်းဝင်တော့မယ်···"

ကျော်ထိုက်ရှိန်းဆိုရင်း အပေါ်ထပ်သို့တက်သွားလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်တွင် ရွှေပုလဲသည် ကျော်ထိုက်ရှိန်း ဖျော်တိုက်သွားသည့် ကော်ဖီကို သောက်ကြည့်လိုက်သည်။

အဲ..တော်လိုက်တာ၊ ကောင်းလိုက်တဲ့လက်ရာ၊ ငါ့ ထက်တောင်ကောင်းသေးတယ်၊ သူ့လက်ရာ ဒီလောက်ကောင်း တာ ငါ့လက်ရာဆိုးဆိုးကြီးကို သူ နေ့တိုင်းသောက်နေတာအံ့ရော ပဲ...

အေးလေ၊ သူက ကော်ဖီသောက်နေကျဆိုတော့ ဖျော် တတ်မှာပေါ့၊ ငါတို့က သူ့ဌေးဆီရောက်မှ ကော်ဖီဆိုတာဖျော် တာ၊ ကဲ..ဒီကော်ဖီအရသာကိုခံစားမနေနိုင်သေးဘူး၊ အလုပ်ရှိတာ မြန်မြန်လုပ်ရမယ်...

ဒီနေ့ နယ်ပို့မယ်ကုန်ပစ္စည်းစာရင်းတွေလုပ်ရမယ်၊ သန့် ရှင်းရေးတွေလုပ်ပြီး ရုံးခန်းထဲဝင်ခဲ့လိုက်သည်။ ရုံးခန်းထဲဝင် သည်တွင် ရွှေပုလဲ အံ့သြသွားသည်။

ဟယ်..ကြည့်စမ်း၊ ရုံးခန်းထဲမှာ သူ သန့်ရှင်းရေးလည်း လုပ်ထားပါလား...

ရွှေပုလဲမှာ အံ့သြရင်းကြည်နူးစိတ်နှင့်ဆိုဖြစ်ရသည်။ သန့် ရှင်းရေးတွေလုပ်ထားပြီးပြီဆိုတော့လည်း ရွှေပုလဲသည် ကွန်ပျူ စားပွဲရှေ့တွင်ထိုင်လိုက်သည်။ စိတ်ထဲမတော့ ထူးထူးဆန်းဆန်း ကြီးနှင့်ကြည်နူးမဆုံးရှိနေရ၏။

ဟီး..ဟီး၊ ထူးထူးဆန်းဆန်း အံ့သြကုန်နိုင်ဘွယ်ပဲ၊ ဒီနေ့ ကော်ဖီတွေလည်းသောက်ရ၊ သန့်ရှင်းရေးတောင်ကောင်းကော မလုပ်ရတော့ဘူး၊ ဟား..ဟား..ဟား ရယ်ချင်လိုက်တာ...





မျက်နှာလေးထက် ပြုံးရိပ်ထင်ထင်လေးရှိရင်း စိတ်ထဲက ဖြင့် အားရပါးရကြီး အော်ရယ်ပစ်လိုက်ရင်းက ရွှေပုလဲသည် ကွန်ပျူတာခလုတ်လေးတွေကို တစ်ချောက်ချောက်နှိပ်ကာ အလုပ် တွေလုပ်ပစ်လိုက်ပါတော့၏။

ဟင်..အဲ...

ရွှေပုလဲတစ်ယောက် အလုပ်ထဲမည်မျှအထိ စိတ်နှစ်သွား သည်မသိ၊ ရွှေပုလဲသည် မိမိမျက်ဝန်းထောင့်မှအရိပ်တစ်ခုကို သတိထားမြင်လိုက်မိမှ၊ မိမိဝန်းကျင်အား သတိရသွားသလိုရှိတော့ ၏။

မှန်သည်။ ကျော်ထိုက်ရှိန်းသည် ရုံးခန်းထဲသို့ ဘယ်အချိန် အတည်းကရောက်လာမှန်းမသိဘဲ သူ၏စားပွဲတွင်ထိုင်ကာ စားပွဲ ကြီးထက် လက်တင်မေးထောက်ရင်းက သူ့အကြည့်များသည် ရွှေပုလဲထံ၌ စူးစိုက်နှစ်မြှုပ်နေရလေသည်မဟုတ်ပါတကား...။

သူ၏စိုက်မတ်နေသော အကြည့်တွေကြောင့် ရွှေပုလဲ သည် ရှက်လည်းရှက်၊ ရယ်လည်းရယ်ချင်စိတ်တွေဖြစ်ပေါ်ရင်း သူ့ကိုစချင်ပြောင်ချင်စိတ်တွေပါ ဖြစ်ပေါ်လာရ၏။

ရွှေပုလဲသည် သူ့ကို မျက်လုံးနှင့်စွေကြည့်သည်။ သူ မသိ၊ ရွှေပုလဲသည် သူ့ကို အံ့သြဟန်နှင့်မျက်လုံးတွေပြူးကြည့် သည်။ ဒါလည်း သူ မသိ၊ သူ့အကြည့်၊ သူ့အသိတွေသည် ရွှေပုလဲထံ၌ပင် နှစ်မြှုပ်နေသည်မို့ပါ...။

ရွှေပုလဲသည် သူ့ကိုမျက်မှောင်တွန့်ကြည့်သည်။ မျက်လုံး စွေကြည့်သည်။ မျက်နှာကိုရှုံ့၊ တွန့်၊ ရွဲ့ကြည့်သည်။ ဒါလည်း



www.burmeseclassic.com

www.burmeseclassic.com



သူ မသိသလိုပင်၊ ရွှေပုလဲထံ၌သာ သူ့အကြည့်တွေသည် တည်နေလေ၏။

"အို..ဒီသူဌေးတော့ ဒုက္ခပဲ၊ ဘယ်လိုဖြစ်နေပြီလဲမသိတော့ဘူး၊ ကြောင်တောင်ပဲကန်းသွားပြီလားမသိဘူး..."

"လုပ်လေ..လုပ်ဦးလေ၊ မင်း မျက်နှာတစ်ခုလုံးဘယ်လိုလုပ်ပြချင်သေးလဲ၊ လုပ်ပြဦးလေ၊ ကိုယ်သဘောကျပါတယ်၊ ဂဝပ်ပါ..."

"အဲ..သူဌေး၊ သူဌေးက တော်တော်မှင်းသေတာပဲ၊ ရွှေပုလဲ စိတ်ထဲ သူဌေး စိတ်တွေတခြားရောက်နေတယ်ထင်နေတာ..."

"ဟုတ်တယ်လေ၊ ကိုယ့်စိတ်တွေတခြားရောက်နေတာပဲ၊ ကိုယ့်အလုပ်မှာမှမရှိတာ၊ ကိုယ့်စိတ်တွေဘယ်ရောက်နေလဲလို့ မေးဦးလေ..."

"ရောက်ချင်ရာရောက်ပါ၊ မမေးတော့ပါဘူး..."

ရွှေပုလဲစကားကြောင့် သူ့မျက်ဝန်းရယ်သလိုလို၊ သူ့နှုတ်ခမ်းကရယ်သလိုလို၊ ကျော်ထိုက်ရှိန်းအသွင်သည် ရှိနေရ၏။

"ရွှေပုလဲ..."

"ရှင်..."

"ရွှေပုလဲ မောင်လေးတွေနိုးပြီထင်တယ်၊ သူတို့အတွက်အားလုံးလုပ်ပေးခဲ့ပြီးရင် အငယ်ဆုံးလေးကိုခေါ်ပြီး ကိုယ်တို့ လမ်းထွက်လျှောက်ကြရအောင်..."

ဆန်းပြားနေသောသူ့အသွင်၊ သူ့စကားတွေကြောင့် ရွှေပု





လဲကား ငြင်းဆန်ရန်လည်း အားမရှိသလို မျက်လုံးလေးဝိုင်းကာ ရှိနေတော့၏။

× × × × ×

လမ်းလျှောက်ရင်း ကျော်ထိုက်ရှိန်းသည် ကလေးလှည်းလေးကိုတွန်းခဲ့သည်။ စကားဖြင့်မူ သူ တစ်ခွန်းမျှမဆို၊ စကားနည်းသူပီပီ သူ စကားမဆိုသော်လည်း ရွှေပုလဲထံမှ စကားတွေကို သူအဆက်မပြတ်နားထောင်ချင်နေသည်ပါ။

ရွှေပုလဲကလည်း သူက စကားမပြော၍ သူ့မျက်နှာဆီသိမသာမော်၍ခိုးကြည့်ရင်း၊ လက်ကလေးပိုက်ကာ ဆိတ်ဆိတ်ငြိမ် လမ်းလျှောက်နေဖြစ်လေ၏။

ငါ့ကိုလမ်းလျှောက်ဖို့ခေါ်ပြီး စကားလည်းခုထိ သူ မပြောသေးဘူး၊ သူ့မျက်နှာကလည်း မှုံတည်တည်ကြီးနဲ့၊ အေးလေ..သူ့အကျင့်လည်း ငါ သိသားနဲ့၊ အဆန်းမှမဟုတ်တာ...

ဒါပေမဲ့ သူ့အသွင်က ငါ့ရင်ထဲမှာထူးခြားနေတာတော့ အမှန်ပဲ၊ မနက်စောစောတုန်းက သူ ငါ့ကိုကြည့်တဲ့ သူ့ရဲ့မျက်လုံးနဲ့မျက်နှာအသွင်ကို ငါ့ဘဝတစ်သက်မှာ မေ့လို့တောင်ရတော့မှာမဟုတ်ဘူး...

အဲဒီတုန်းက သူ့အသွင်က ပိုပြီးချောနေသွားသလိုပဲ၊ အရမ်းချောတာပဲ၊ သူ့မျက်ဝန်းအစုံက ပြုံးနေသရောင်နဲ့၊ သူ့နှုတ်ခမ်းလေးကရယ်တော့မရောင်နဲ့၊ တကယ့်ကိုဆွဲဆောင်မှုရှိတယ်...

"ရွှေပုလဲ..."



www.burmeseclassic.com

www.burmeseclassic.com



"ဆွဲဆောင်..အဲလေ..ရှင်..."

စဉ်းစားဆဲ သူ့ခေါ်သံရုတ်တရက်ကြောင့် ရွှေပုလဲမှာ ယောင်၍ပင်ထွက်ချင်ရာတွေ ထွက်သွားရသည်။ စိတ်ထဲမှာရှက်လိုက်သည့်ဖြစ်ခြင်း၊ သို့သော်လည်း မလုံမလဲလေးနှင့်ခပ်တည်တည်လေးပင် နေနေလိုက်ရ၏။

"မင်း..ဘာတွေစဉ်းစားနေလဲ..."

"အလုပ်ကိစ္စတွေပါ၊ စားကုန်ပါကင်တွေရွေးချယ်ထား... ဆွဲဆောင်မှုမှရှိပါ့မလားလို့ပါ..."

"ဟင်း..စိတ်ကိုပေါ့ပေါ့ပါးပါးထားလိုက်ပါ၊ ခုချိန်မှာ ဘာမှမစဉ်းစားပါနဲ့၊ ဒါနဲ့မင်းကိုယ့်ကို ဘာစကားမှပြောစရာမရှိဘူးလား..."

"ဘာပြောရမလဲ..."

"မင်းပြောချင်တာတွေပြောလေ၊ ကိုယ် နားထောင်မယ်"

"ပြောချင်တာပြော၊ ဟုတ်လား..."

"အင်း..."

သူဆိုတော့ ရွှေပုလဲ တစ်ချက်စဉ်းစားသည်။ တကယ်တော့ ရွှေပုလဲရင်ထဲတွင် ပြောချင်သည့်စကားတွေက အများကြီးပါ။ ဘယ်သူ့ကိုပြောပြရမည်မှန်းမသိ၍၊ ရင်ထဲပင်သိမ်းဆည်းထားရမည့်စကားတွေ ရွှေပုလဲ ရင်ထဲအပြည့်ရှိ၏။

ခုဖြင့် နားထောင်မည့်သူရှိနေပြီမို့ ရွှေပုလဲသည် ရင်ထဲမှစကားတွေကို ကုန်စင်အောင်ဖွင့်ပြောတော့ရန် အားစိုက်လိုက်ပါတော့၏။





"ရွှေပုလဲတို့မိသားစုက ဖေဖေရှိတုန်းကတော့ တကယ့်ကိုပျော်စရာကောင်းခဲ့ပါတယ်၊ ကြွေးလည်းမရှိဘူး၊ မချမ်းသာပေမယ့်၊ ပြေလည်ပါတယ်၊ အိုးပိုင်အိမ်ပိုင်လေးနဲ့ စိတ်ချမ်းချမ်းသာသာနေထိုင်နိုင်ခဲ့တယ်...

အိမ်မီးလောင်ပြီး ဖေဖေ ဆုံးပြီးတဲ့အချိန်ကစပြီး ခုထိ ရွှေပုလဲတို့မိသားစုဟာ ဒုက္ခသုခတွေနဲ့ချည်း တွေ့ကြုံခံစားနေကြရတော့တယ်...

ငယ်ငယ်ကတည်းက လွန်ခဲ့တဲ့နှစ်လသုံးလအထိ၊ ရွှေပုလဲဟာ ကိုယ့်ရဲ့မောင်နှမငါးယောက်ရှိတယ်လို့ အသိဟာ ခုမှ ရွှေပုလဲတို့မှာ မောင်နှမလေးယောက်ပဲရှိတယ်ဆိုတာ အမှန်အကန်သိရတော့တယ်...

ရွှေပုလဲနဲ့အမွှာအစ်မရယ်လို့ သိထားတဲ့ ယမင်းခင်က အမေ့ မွေးစားသမီးဆိုတာသိရတော့တယ်၊ ယမင်းခင်က ကျားပျံအင်းကုမ္ပဏီက အဘိုး ဦးဘဟိန်းရဲ့မြေးအရင်းကြီးဖြစ်နေတယ်လေ...

ကဲလေ..ဒါတွေထားပါတော့၊ အခု မေမေက ဆေးရုံတက်နေရတာကြာပြီ၊ မေမေ့ရောဂါအခြေအနေက သွေးကင်ဆာဆိုတော့ မေမေ အသက်ရှင်ဖို့လမ်းဟာ နည်းပါးနေပြီ...

ရွှေပုလဲဟာ ဘာမှအသုံးမကျဘူး၊ မေမေ့ကို ဘာမှမကူညီနိုင်ဘူး၊ မေမေဟာ သိပ်သနားစရာကောင်းတဲ့ မိန်းမပါ၊ ကျန်းမာရေးသာကောင်းမယ်ဆိုရင် မေမေဟာ သားသမီးတွေအတွက် အရှုံးကိုအလုပ်လုပ်ကျွေးတဲ့ မေမေပါ...



www.burmeseclassic.com

www.burmeseclassic.com



မေမေ့ရဲ့နောက်အိမ်ထောင်ကလည်း မေမေ့အတွက် အားမကိုးရဘူး၊ တောမှာပဲလခစားဥယျာဉ်စိုက်တာကလွဲရင် တခြားဘာမှမလုပ်တတ်ဘူး၊ ဦးမဆောင်နိုင်ဘူး…”

နားထောင်ရင်း ကျော်ထိုက်ရှိန်းသည် ရင်ဝယ်ခံစားရမှုဖြင့် မျက်မှောင်တွေတန့်နေဖြစ်ရ၏။ တစ်နေရာအရောက်မတော့ ခုံတန်းလေးတစ်ခုတွင် သူတို့ထိုင်လိုက်ကြသည်။ မိသားစုအကြောင်းတွေ ပြောနေသည့် ရွှေပုလဲမျက်နှာလေးမှာ နွမ်းရော်နေရှာ၏။

ကျော်ထိုက်ရှိန်းသည် ရွှေပုလဲ၏မျက်နှာလေးဆီ ငေးကြည့်ရင်း ရွှေပုလဲ ပြောသည့်စကားတွေကို နားထောင်နေဖြစ်သည်။

“အစ်ကို ကိုစိုးဝေကတော့ပြောတယ်၊ မေမေ့ရောဂါက အချိန်မီတန်ရင် ကောင်းသွားမှာပါတဲ့ သူ အာမခံပါတယ်တဲ့၊ ဆရာဝန်ကြီးတွေကလည်း ကြိုးစားနေကြပါတယ်တဲ့…

ရွှေပုလဲကတော့ မေမေ့ကိုကြည့်ပြီး အားမရလှပါဘူး၊ ဒါပေမဲ့ ရွှေပုလဲ စိတ်မလျှော့ဘူး၊ မေမေ့ရောဂါကိုကုဖို့အတတ်နိုင်ဆုံး ငွေရှာ၊ ငွေစုနေတယ်၊ မေမေ့အတွက် ရွှေပုလဲ လုပ်နိုင်တာ ဒီတစ်ခုပဲရှိတယ်၊ ဖြစ်နိုင်ရင် ငွေများများရဖို့အတွက် လောကမှာရှိသမျှအလုပ်တွေအားလုံးကို ရွှေပုလဲပဲလုပ်လိုက်ချင်တော့တယ်…

ရွှေပုလဲတို့မောင်နှမမှာ နေစရာမရှိတာ သူဌေးက လက်ခံထားတဲ့အတွက် ကျေးဇူးတင်မဆုံးပါဘူး၊ ဘဘဦးရွှေမောင်းကိုလည်း ရွှေပုလဲ ကျေးဇူးတင်တယ်၊ ရွှေပုလဲရဲ့မောင်လေးတွေကို ဘဘကလည်းကြည့်ရှုစောင့်ရှောက်ပေးတယ်လေ…”





ရွှေပုလဲ ပြောသမျှတွေသာ သူ နားထောင်နေပြီး စကားတစ်ခွန်းမှပြန်မပြောဘဲနေသည်။ ရွှေပုလဲမှာ စကားတွေဒေါက်လျှောက်ပြောလာပြီးမှ ပြောစရာမရှိတော့သလိုနှင့်တုံ့ခနဲရပ်ပစ်လိုက်တော့သည်။ ကျော်ထိုက်ရှိန်းသည်က ငြိမ်ငြိမ်ကလေးနှင့် နားထောင်နေဆဲရှိ၏။

ဟယ်··တကယ်ပဲ၊ ဘယ်လိုကြီးလဲမသိဘူး၊ ငါကတော့ အမြှုပ်ထွက်အောင် စကားတွေပြောနေတာ သူက တစ်ခွန်းမှတောင်မပြောဘူး···

အင်း··သူ့အသွင်က ငါ့စကားတွေတော့ သေချာနားထောင်နေတဲ့ပုံပဲ၊ သူ့မျက်နှာက အမြဲတည်ငြိမ်နေတော့ခန့်မှန်းရခက်ခက်···

“ဆက်ပြောလေ၊ မပြောတော့ဘူးလား···”

“ဟွန်း··ပြောစရာဘာမှမရှိတော့ဘူး၊ သူကဖြင့် ဘာတစ်ခွန်းမှမပြောဘဲနဲ့၊ တော်ပြီ ပြောစရာလည်းမရှိတော့ဘူး၊ သွားမယ်···”

စကားအဆုံး မျက်နှာလေးစူကာ ကလေးတွန်းလှည်းလေးတွန်းကာ ရွှေပုလဲ ထွက်သွားလေပြီမို့···

ကျော်ထိုက်ရှိန်းသည် ခုမှ သူ့အဖြစ်ကိုသတိရကာ ရွှေပုလဲနောက်ကျောလေးအား ပြုံးရယ်ကြည့်ကျန်ရစ်လေ၏။

ရှေ့မှထွက်သွားသည့် ရွှေပုလဲမှာ အမှတ်မထင်၊ နောက်သို့ပြန်လှည့်ကြည့်မိသည်တွင် မမြင်စဖူး၊ သူ့အပြုံးတွေကိုတွေ့မိရ၏၊ ရွှေပုလဲသည် ရင်ထဲလှုပ်ခတ်ကာ သူ့အပြုံးချောချောတွင်



www.burmeseclassic.com

www.burmeseclassic.com



ပေးမောမိသွားရပါလေသတည်း…။

မှန်သည်။ ကျော်ထိုက်ရှိန်း၏မျက်နှာချောချောမှ အပြုံးသည် ပကတိအပြုံးစစ်စစ် ပီပြင်နေရလေသည်မဟုတ်ပါတကား။

× × × × ×

ကျားပျံဟန်းတိုက်ကြီးရှိ ညစာထမင်းစားဝိုင်းတွင်ပါ။

"ပြောစမ်း၊ ဟဲ့..မြင့်မြင့်မိုး နင် မန်နေဂျာတစ်ယောက်လုပ်ပြီး အခုကိစ္စတွေကို နင် မသိဘူးလား၊ နဂါးပျံကုမ္ပဏီကထုတ်တဲ့စားကုန်တွေ နာမည်ရနေတဲ့ဟာ ရုတ်တရက်ကြီး ဘယ်လိုဖြစ်သွားရတာလဲ…

အခု နယ်တွေကပြန်ပို့နေတာတွေမနည်းတော့ဘူး၊ ဘာဖြစ်တာလဲ၊ ဘာတွေဖြစ်လို့လဲ၊ ရုတ်တရက်ဖြစ်ဖို့ဆိုတာ မဖြစ်နိုင်တဲ့ကိစ္စပဲ၊ နင်တို့ပေါ့ဆလို့ပဲဖြစ်ရတာ၊ ပြောစမ်း မြင့်မြင့်မိုး…"

"ဘိုးဘိုးကလည်း မေမေကိုချည်းပဲပြောနေတာပဲ၊ မေမေ သိပ်ါမလား ဘိုးဘိုးရဲ့…"

"ဖြန်း..သိရမယ်..သိကိုသိရတယ်၊ နင့်အမေက ကုမ္ပဏီမှာလူကြီး၊ မန်နေဂျာလုပ်နေတာ၊ သိကိုသိရမယ်၊ မသိရင်တောင်သိအောင်လုပ်ရမှာပေါ့…"

ဦးဘဟိန်း ဒေါသထွက်ထွက်နှင့်စားပွဲထက် လက်ဖဝါးကြီးနှင့်ဖြန်းကနဲ ရိုက်ချလိုက်၍ အားလုံးမှာလန့်တုန်သွားကြရသည်။

အဘိုးကြီး စိတ်ဆိုးနေပြီမို့ ဒေါ်မြင့်မြင့်မိုးနှင့်နဒီတို့မှာ





စိုးရိမ်ကြောက်ရွံ့နေကြရသော်လည်း ယမင်းခင်သည်က စိုးရိမ်ဟန်နှင့်နားမလည်ဟန်အသွင်ဆောင်ရင်း စိတ်ထဲကဖြင့် ကြိတ်၍ကျေနပ်နေသည်ပါ…။

ခုပြောဆိုနေသည့်ကိစ္စတွေမှာ သူမနှင့်မဆိုင်သလို၊ သူမ ဘာမှမသိသလိုနှင့်မျက်လွှာသိမ်း၍ အေးအေးဆေးဆေးပင် ထမင်းစားမပျက်ရှိ၏။

"နယ်အရပ်ရပ်၊ ဒီကုမ္ပဏီက တာဝန်ယူဖြန့်ဖြူးပြီး ပို့လိုက်တဲ့ကုန်ပါကင်ထုပ်တိုင်းမှာ ပါကင်တွေကလည်းစုတ်ပြဲပြီး အထဲမှာလည်း အားလုံးရွှတ်ရွှတ်ကျေနေတယ်…

ဂိုဒေါင်ထဲမှာ နင်တို့ အခုသွားကြည့်စမ်း၊ ဘယ်လောက်ဆုံးရှုံးပျက်စီးနေသလဲလို့၊ ပို့ထားတဲ့ကုန်တွေအကုန်ပြန်ရောက်နေတယ်၊ မြင့်မြင့်မိုး နင် ဘယ်လောက်အလုပ်ကို အလေးထားမထား၊ ဘယ်လောက်နစ်နာသွားပြီလဲဆိုတာ နင် သိရဲ့လား၊ လုပ်ငန်းတစ်ခုမှာ နာမည်တစ်လုံးရဖို့ဆိုတာ ဘယ်လောက်ကြိုးစားပြီးရင်းရသလဲဆိုတာ နင် စီးပွားရေးလုပ်တဲ့သူက မသိတာအံ့ဩလို့မဆုံးဘူး၊ နင် ဘယ်လောက်ညံ့လဲဆိုတာ ဒီအချက်ကိုပဲကြည့်တော့…

စီးပွားရေးတစ်ခုကို အတူလုပ်ကြပြီဆိုရင် အတူလုပ်တဲ့သူခြင်း သစ္စာရှိရတယ်၊ စောင့်စည်းရတယ်၊ ရိုးဖြောင့်ရတယ်၊ တို့ဘက်ကလူငယ်တွေကို အမှားလုပ်မိရင်တောင် နင့်ဘက်က သူ့ကြီးစိတ်ခါတ်နဲ့ပြုပြင်ပေးရင် ဒီလိုတွေဖြစ်လာမလား…

ခုကြည့်၊ ဒီကိစ္စမှာ အနည်းနဲ့အများအားလုံးကို ထိခိုက်



www.burmeseclassic.com

www.burmeseclassic.com



ကုန်ပြီ၊ အဲဒါပေါ့၊ အသက်နဲ့မဆိုင်ဘူး၊ အရည်အချင်းနဲ့သာဆိုင်တယ်ဆိုတာ၊ ရွှေပုလဲလောက်မှ နင်တို့ အရည်အချင်းမရှိကြဘူး၊ ရွှေပုလဲဆိုတဲ့ကလေးမက ငါ စကားပြောကြည့်လိုက်တာနဲ့ သူ့အရည်အချင်းကို ငါ တွက်မိတယ်...''

ဦးဘဟိန်းစကားကြောင့် ယမင်းခင်သည် ထမင်းငုံ့စားနေရာမှ မသိမသာခေါင်းမော့လာပြီး ဦးဘဟိန်းထံ မသိမသာကြည့်သည်။ တစ်ဆက်တည်း နဒီတို့သားအမိထံလည်း မသိမသာ ဝေ့ဝဲကြည့်ဖြစ်၏။

နဒီတို့သားအမိမှာ အဘိုးကြီးအပြစ်တင်ခံနေရ၍ မျက်နှာလေးတွေ ကျုံ့ငယ်နေရရှာသည်ကိုကြည့်ပြီး ယမင်းခင်မျက်လုံးက နက်ရှိုင်းသွားရ၏။

တစ်ချက်ခုတ်နှစ်ချက်ပြတ်ဖြစ်နေသည့် မိမိလုပ်ရပ်အတွက်လည်း ယမင်းခင်သည် ကြိတ်၍ကျေနပ်အားရနေရသည် မဟုတ်ပါလား။ မှန်သည်။ တကယ်တော့ ယမင်းခင်သည် နဂါးမှုံ ကုမ္ပဏီမှထုတ်လုပ်သည့် စားကုန်ပစ္စည်းများအား ပါကင်တွေပျက်၍ အထဲတွင်ကြေပျက်နေအောင် သူမကိုယ်တိုင် ဖျက်ဆီးထားခြင်းပါတည်း...။

ပစ္စည်းတွေမကောင်းလျှင် လူကြိုက်နည်းသွားမည်။ လူကြိုက်နည်းလျှင် ကုမ္ပဏီနာမည်ထိခိုက်မည်။ ကုမ္ပဏီထိခိုက်တော့ စီးပွားရေးတွေကိုထိခိုက်လာမည်။ စီးပွားရေးထိခိုက်လျှင် နဂါးမှုံကုမ္ပဏီနာမည်ပျက်ပြီး ကျဆုံးသွားမည်။ ထိုအခါ စီးပွားပျက်ပြီး နလံမထူနိုင်တော့၊ သည်တော့ ရွှေပုလဲအတွက် အစစအရာရာ





အဆင်မပြေမှုတွေဖြစ်လာတော့မည်...။

ပိုင်ရှင်ကလည်း ရွှေပုလဲကိုလက်ခံဖို့ ဝန်လေးလာမည်။ ကျားပုံ့ဟိန်းကုမ္ပဏီက လူတွေအားလုံးကလည်း ရွှေပုလဲနှင့်အလုပ်ဆက်လုပ်တော့မည်မဟုတ်၍၊ ရွှေပုလဲသည် တခြားနေရာတစ်ခုသို့ ပြောင်းပြေးသွားရမည်က မုချဖြစ်မည်ဟူသောအကြံဉာဏ်ကြီးအား ယမင်းခင်သည် ကြိုးစားအကောင်အထည်ဖော်နေသည် မဟုတ်ပါတကား...။

အစိက,ကဖြင့် ရွှေပုလဲသည် ထိုအသိုင်းအဝိုင်းထဲမှ ထွက်သွားရန်၊ ပျောက်ကွယ်သွားရန်၊ လုံးဝအဆက်အသွယ်ပြတ်သွားရန် ဖြစ်သည်။ သို့မှသာ ရွှေပုလဲမရှိတော့မှသာ ယမင်းခင်သည် ထိုအသိုင်းအဝိုင်းတွင် လွတ်လွတ်လပ်လပ်နှင့်စိတ်တိုင်းကျ နေထိုင်သွားနိုင်ရမည်ဖြစ်သောကြောင့်တည်း...။

''ဘိုးဘိုးရယ် ခွင့်လွှတ်ပါ၊ တီတီမိုးကိုမပြောပါနဲ့တော့၊ ယမင်းတို့မှာလည်း တာဝန်ရှိပါတယ်၊ ဒီတစ်ကြိမ်တော့ ယမင်းတို့ စစ်ဆေးလိုက်တော့ ယမင်းတို့ဘက်ကအမှားပဲထားပါ၊ နောက်တစ်ခါဒီလိုမဖြစ်အောင် ယမင်း ကြိုးစားပါ့မယ် ဘိုးဘိုး...

တကယ်တော့ ဟိုဘက်ကလူတွေကလည်း နာမည်ရပြီဆိုပြီး ဖြစ်သလိုလုပ်ပစ်တာမျိုးလည်းဖြစ်ချင်ဖြစ်မှာပါ၊ ရွှေပုလဲက လုပ်တောင်မှ ကျန်တဲ့အလုပ်သမားတွေကရှိသေးတယ်မဟုတ်လား...

ဘိုးဘိုး စိတ်ချပါ၊ နောက်တစ်ခါ ဒီလိုမဖြစ်အောင် ယမင်းကိုယ်တိုင် ကြိုးစားပါ့မယ် ဘိုးဘိုး၊ ယမင်း ကတိပေးပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်…”

သူခိုးက လူကောင်းသံပါစ်၍ ယမင်းခင် ဆိုသည်။ ဦးဘဟိန်းကား အကဲခတ်ရန်ခက်သော ယမင်းခင်၏မျက်နှာအသွင်နိမ့်နိမ့်လေးကြောင့် ဆက်၍စကားမဆိုတော့၊ ယမင်းခင်သည်က နဒီတို့သားအမိအတွက် သူ့ရဲကောင်းအမှတ်ကို မရတာရအနေအထားမျိုးရှိသွားရ၏။

ညစာစားပြီးသည်တွင် နဒီသည် စဉ်းစားဟန်ဖြင့် ယမင်းခင်ထံ တစ်ချက်မျှကြည့်ပြီး…

“အင်း‥ရှင်ပြောတဲ့စကားလည်း နဒီ နည်းနည်းတော့ စဉ်းစားမိတယ်၊ ဟုတ်တယ်၊ ရွှေပုလဲကဖြစ်သလိုမလုပ်တောင်မှ အလုပ်သမားတွေကရှိသေးတယ်မဟုတ်လား…

ဒါပေမဲ့ ဘာပဲဖြစ်ဖြစ်၊ ဘယ်သူလုပ်လုပ်၊ သူတို့ကြောင့် သူတို့ကုမ္ပဏီတင်မက ကိုယ့်ရဲ့ကုမ္ပဏီကိုတောင် လာထိခိုက်နေတယ်မဟုတ်လား…”

“ဟုတ်တာပေါ့ နဒီရယ်၊ နဒီ စိတ်မပူပါနဲ့၊ ယမင်းကိုယ်တိုင် သူတို့ဆီကလူတွေကို လေ့လာစောင့်ကြည့်ပါ့မယ်၊ ဒီဘက်နဲ့ပတ်သက်ပြီး တာဝန်အရှိဆုံးလူကတော့ ရွှေပုလဲပဲလေ၊ ဖြစ်သမျှတွေ သူ တာဝန်ယူသင့်တာပေါ့ နဒီ၊ သူကပဲ သူ့ ကုန်ပစ္စည်းတွေအတွက် စပြီးတာဝန်ယူကမ်းလှမ်းလာတာမဟုတ်လား”

“အင်း‥ဟုတ်တယ်၊ ဒါပေမဲ့ သူကလည်း အလုပ်သမားပဲလေ၊ ဖြစ်လာရင် နဒီ့ကိုကိုကပဲ ရင်ဆိုင်ဖြေရှင်းရမှာ…”

“အဲဒါပေါ့၊ ရွှေပုလဲ လုပ်ချင်တာလုပ်သမျှ ပိုင်ရှင်က





တော့သိမှာမဟုတ်ဘူး၊ အခွင့်အရေးတွေအများကြီးရနေတာမဟုတ်လား…”

“အင်း‥ဟုတ်တယ်နော်၊ ကိုကို့ဆီမှာလည်း နေနေတာကြာပြီ၊ အလုပ်သမားဟာအလုပ်သမားလိုမဟုတ်တော့ဘူး၊ မဖြစ်ပါဘူး ကိုကို့ကိုအရေးဆိုရမယ်၊ သူ့ကိုဆက်ပြီးမထားတော့ဖို့ ပြောရမယ်…”

နဒီ့ထံမှ ထိုသို့စကားကြားရရန်အတွက် ယမင်းခင်တစ်ယောက် လမ်းခင်းလာခဲ့သမျှ ခုမှကြားရပြီမို့၊ ယမင်းခင်သည် ရင်ဝယ် အားရစွာပြုံးရယ်နေဖြစ်ရပါလေသတည်း…။ ။

ØØ ØØ ØØ



www.burmeseclassic.com

www.burmeseclassic.com

## - နှစ်ဆယ့်ခြောက် -

ယမင်းခင် မောင်းလာသောကားလေးသည် နဂါးပျံကုမ္ပဏီတိုက်ကြီး၏ဆင်ဝင်အောက်တွင် ညင်သာစွာထိုးရပ်သွား၏။

ကုမ္ပဏီရုံးခန်းထဲသို့ ယမင်းခင် ဝင်လိုက်သည်နှင့်ပင် စားပွဲတွင်ထိုင်နေသည့် ကျော်ထိုက်ရှိန်းနှင့်ယမင်းခင် ဆုံလိုက်ရသည်။

ကျော်ထိုက်ရှိန်းသည် ယမင်းခင်ကို တွေ့လိုက်ရ၍ အံ့သြသော်လည်း ငြိမ်သောအကြည့်နှင့်ကြည့်နေဖြစ်သည်။ ယမင်းခင်ကလည်း ကျော်ထိုက်ရှိန်းအား ငြိမ်သောမျက်နှာအနေအထားနှင့် ကြည့်နေသည်ပါ . . .။

ကုမ္ပဏီရုံးခန်း၏နောက်ဘက်ရှိ စက်ရုံမှူးကြီးနေသည့် အခန်းရှေ့တွင်မတော့ ရွှေပုလဲနှင့်စက်ရုံမှူးကြီး ဦးရွှေမောင်းတို့သည် စိတ်ပျက်ခြင်း၊ စိတ်မာတတ်ကျခြင်းတွေဖြင့် စကားတွေဆိုနေဖြစ်ကြလေ၏။





စကားပင်မပြောနိုင်အောင် ရွှေပုလဲနှင့်ဦးရွှေမောင်းတို့ ...နှာတွေမှာ ပျက်နေကြရရှာသည်။

"ဟင်း . . ဘယ်လိုဖြစ်ရတာလဲမသိဘူး၊ စဉ်းစားလို့တောင် ...ဘူး အဘရယ်၊ ပါကင်တွေလုပ်တုန်းက ရွှေပုလဲကိုယ်တိုင် ...တာပဲ . . ."

စိတ်မာတတ်ကျစွာပြောသည့် ရွှေပုလဲ စကားအတွက် ဦးရွှေ...င်းသည် စကားပင်ပြန်မပြောနိုင်အောင်ရှိ၏။

"ဘာကြောင့် ဒီလောက်အဖြစ်ဆိုးသွားရတာလဲမသိဘူး၊ ...လေ . . ဖြစ်လာမှတော့မတတ်နိုင်ဘူး၊ ဘယ်သူ့ကိုမှလည်း ...စ်တင်လို့မရဘူး၊ အဆိုးဆုံးကတော့ သူဌေးရဲ့ဂုဏ်သိက္ခာနဲ့ ...ဏီအမည်ထိခိုက်တာပဲ . . ."

စိတ်ထိခိုက်စွာ ရွှေပုလဲ ဆိုနေသမျှ ဦးရွှေမောင်းသည် ...ားမဆို၊ လူကြီးမို့အလေးအနက် စဉ်းစားချင့်ချိန်နေဟန်ရှိ၏။

ရွှေပုလဲနှင့်ဦးရွှေမောင်းတို့ စကားဆိုဆဲပင်၊ ကျော်ထိုက်...သည် သူတို့ထံရောက်လာပြီး . . .

"ကျားပျံဟိန်းကုမ္ပဏီက ယမင်းခင်ဆိုတာရောက်နေ...ယ်၊ ဘာတွေပြောမလဲတော့မသိဘူး . . ."

"ဟင် . . ဟုတ်လား၊ ကုန်ပစ္စည်းတွေအကြောင်း မယမင်း...ဲကြို့တင်ပြီး ဖုန်းဆက်ထားတာ၊ ရွှေပုလဲ သွားပြောရမလား...င် . . ."

"ကိစ္စမရှိဘူး၊ သူ ပြောတာတွေကိုယ်ပဲနားထောင်လိုက်...ပ်၊ နောက်မှ ပြန်ဆွေးနွေးကြတာပေါ့ . . ."



www.burmeseclassic.com

www.burmeseclassic.com



"အဘ အမြင်တော့ တစ်ဘက်ကပြောတာတွေ ရွှေပုလဲ လည်း နားထောင်သင့်တယ်လို့ထင်တယ်…"

ဦးရွှေမောင်း ဝင်ဆိုတော့ ကျော်ထိုက်ရှိန်းသည် စဉ်းစား ဟန်ရှိပြီး ရွှေပုလဲက သူ့မျက်နှာအရိပ်ဆီကြည့်နေသည်တွင် သူ သည် ခေါင်းတစ်ချက်ညိတ်ဖြစ်ရင်း…

"လာ··ရုံးခန်းထဲဝင်ကြရအောင်…"

"အဘ စက်ရုံပြန်သွားလိုက်မယ်၊ ကလေးပါခေါ်သွား မယ်…"

"ဟုတ်ကဲ့ အဘ…"

ဦးရွှေမောင်းဆိုသည်တွင် ရွှေပုလဲ ခေါင်းညိတ်ကာဆိုရင်း ကျော်ထိုက်ရှိန်းနှင့်အတူ ရုံးခန်းထဲဝင်ခဲ့လိုက်၏။ ရုံးခန်းထဲအရောက် ယခင်နှင့်ခြားနားနေဟန်ရှိယောင်ဖြင့် ယမင်းခင်အား ရွှေပုလဲ တွေ့လိုက်ရ၏။

"ရွှေပုလဲ ဒီနေ့ ဘယ်မှမသွားဘူးလား…"

"ခဏကြာရင်သွားမယ်၊ ကုန်ပစ္စည်းကိစ္စတွေအတွက် စက်ရုံမှူးကြီးနဲ့စကားပြောနေတာ…"

"ဒီကုန်ပစ္စည်းတွေကို အခိက နင်ပဲဦးစီးတာမဟုတ်လား နင့်ကြောင့် ဘယ်အထိ,ထိခိုက်ကုန်လဲဆိုတာ နင်သိလား ရွှေပုလဲ နင့်ကိုယ်နင်အထင်ကြီးတိုင်း လုပ်ချင်ရာတွေလိုက်လုပ်လို့ဖြစ် မလား၊ ခုကြည့် နင် လုပ်လိုက်တာကုမ္ပဏီနှစ်ခုစလုံး ထိခိုက်ကုန် ပြီ…

အဘိုးလည်း တော်တော်စိတ်ထိခိုက်နေတယ်၊ အခေါ





ငါ့ညီမဝမ်းကွဲကတော့ နင့်ဆီကလျော်ကြေးတောင်းဖို့ပဲပြောနေ တယ်၊ ဘယ်လောက်အထိ ဆိုးဆိုးဝါးဝါးဖြစ်သွားတယ်ဆိုတာ နင်မှမသိတာ…"

ယမင်းခင် ပြောသမျှ ရွှေပုလဲ ဘာတစ်ခွန်းမှမပြောဘဲ နားထောင်နေဖြစ်သည်။ ကျော်ထိုက်ရှိန်းသည် စကားတစ်ခွန်းမှ ဝင်မဆိုသော်လည်း ယမင်းခင် စကားများအား တွေးတောကာ နားထောင်နေဖြစ်လေ၏။

"ရွှေပုလဲ နင် ဆင်ခြင်ပါ၊ လျှောက်မလုပ်ပါနဲ့၊ ပြီးတော့ နင် အလိုက်သိပါ၊ ကဲ··ဒါပဲ ငါ ပြန်မယ်…"

စကားအဆုံး နေရာမှ ယမင်းခင် ထ,လိုက်သည်။ ယမင်း ခင်ထံ ကျော်ထိုက်ရှိန်းရော ရွှေပုလဲပါ ကြည့်ဖြစ်သည်။ ရွှေပုလဲ အကြည့်တွေက တောင်းပန်နေသော်လည်း ကျော်ထိုက်ရှိန်းအကြည့် တွေသည်က ယမင်းခင်အား လှေ့လာနေသယောင်ပါ…။

ယမင်းခင် မျက်နှာအသွင်သည်ကလည်း တည်သယောင် ငြိမ်သယောင်၊ သိမ်မွေ့သယောင်၊ ရွှေပုလဲအပေါ်လည်း ဂရုဏာ ထားနေသယောင်ရှိရသော်ငြား၊ ကျော်ထိုက်ရှိန်းစိတ်တွင်မတော့ ယမင်းခင်အား မနှစ်မြို့နိုင်အောင်ရှိနေရလေ၏။

မှန်သည်။ ယမင်းခင်တစ်ယောက် သည်နေ့အဖို့ နဂါးပျံ သို့ရောက်လာရခြင်းမှာလည်း လမ်းစတစ်ခုထွင်၍ နဂါးပျံကုမ္ပဏီ နှင့် ကျော်ထိုက်ရှိန်း၊ ရွှေပုလဲတို့အနေအထားအား လေ့လာရန်ပင် ဟုတ်ပါတကား…။

× × × × ×



www.burmeseclassic.com

www.burmeseclassic.com



သက်သာချောင်ချိရေး စားသောက်ဆိုင်တွင် ရွှေပုလဲကား ရာထူးတက်သွားပြီဟုဆိုရမည်။ အဘယ်ကြောင့်ဆိုသော် ချက်နေကြားဖိုမှူး တစ်ပတ်ခန့်ခွင့်ယူလိုက်၍ ရွှေပုလဲ ဝင်ချက်ရာမှ စားသုံးသူတွေမှာ ရွှေပုလဲလက်ရာကို သဘောကျသွားကြ၍ ရွှေပုလဲသည် စားဖိုချောင်ထဲ ဝင်ချက်ပြုတ်နေရပြီဖြစ်သောကြောင့်တည်း။

စားသုံးသူတွေလည်း ပို၍များလာကြသည်။ ယခင်က ဆေးရုံမှဆရာဝန်၊ ဆရာမများ၊ လူနာများနှင့်အနီးတဝိုက်မှသာ ပရိုသတ်ရှိသော်လည်း ယခု ဆရာဝန်တွေမှတစ်ဆင့် အဝေးမှ ဖောက်သည်တွေပါ တိုးလာရသည်မဟုတ်ပါလား၊ ရွှေပုလဲ လုပ်ကိုင်နေသည့် သက်သာချောင်ချိရေးစားသောက်ဆိုင်တွင် ရွှေပုလဲတို့ စက်ရုံမှထုပ်လုပ်သည့်စားကုန်ပစ္စည်းအမျိုးမျိုးလည်းရှိသည်။ စားသောက်ဆိုင်မို့ စားကုန်ပစ္စည်းတွေကို အစုံအလင်တင်ထားသည်။

"စားဖိုမှူး ရွှေပုလဲရေ၊ နဂါးခေါက်ဆွဲကြော်ဆယ်ထုပ်၊ ဆယ်ပွဲလုပ်မယ်၊ မြန်မြန်…"

"ဟုတ်ကဲ့..ဟုတ်ကဲ့…"

ဝက်သားလုံးချိုချဉ်ကြော် သုံးပွဲစာလုပ်ပေးပြီးနောက်၊ နဂါးခေါက်ဆွဲကြော်ဆယ်ပွဲအတွက် ရွှေပုလဲသည် စိတ်တထင့်ထင့်ဖြင့် ရယ်ဒီမိတ်ခေါက်ဆွဲထုပ်ဆယ်ထုပ်ကို လှမ်းယူလိုက်ပြီးဖွင့်လိုက်သည်။

ဟင်..ဒီအထုပ်တွေကျတော့ ကောင်းလိုက်တာမှ ကောင်းကောင်းလို့တောင်မြည်နေပါလား…





ဟင်း..ငါတို့စက်ရုံက ကုန်ပစ္စည်းပို့တဲ့နေရာမှာ တစ်ခုခုတော့မှားယွင်းနေပြီထင်တယ်၊ နေဦး ငါ အလုပ်အားမှ ငါ ပို့ထားတဲ့ဆိုင်တွေဆီကို ငါ လိုက်ကြည့်ဦးမယ်…

ရွှေပုလဲ စဉ်းစားရင်း မိမိတို့စက်ရုံမှထုပ်လုပ်သော စားကုန်ပစ္စည်းတစ်မျိုးဖြစ်သည့် နဂါးခေါက်ဆွဲကြော်ကို လျှင်မြန်စွာကြော်လိုက်သည်။ ရွှေပုလဲ ရင်ထဲမတော့ ဝမ်းနည်းဝမ်းသာဖြစ်နေရသည်။ မှန်သည်။ အဘယ်ကြောင့်ဆိုသော် သက်သာချောင်ချိရေး စားသောက်ဆိုင်တွင် နဂါးပျံမှထုပ်လုပ်သည့် စားသောက်ကုန်များအား အဆက်မပြတ်ရောင်းနေရသောကြောင့် မဟုတ်ပါလား…။

ရွှေပုလဲတစ်ယောက် စားသောက်ဆိုင်တွင် ဝမ်းနည်း၊ ဝမ်းသာ၊ အံ့သြခြင်းတွေနှင့်အလျှင်မပြတ် ချက်ပြုတ်နေဆဲအချိန်များ၌ ဆေးရုံပေါ်တွင်ကား…

ဒေါ်ရွှေခင်တစ်ယောက် ရုတ်တရက်ရောဂါဖောက်လာ၍ ဆေးရုံပေါ်မှ ကျူတိကျဆရာဝန်၊ ဆရာမများကအပြေးအလွှား ဖြစ်သွားကြရသည်။ ဘယ်အချိန်ကတည်းက မိခင်ထံရောက်နေမှန်းမသိသည့် ယမင်းခင်သည် မိခင် ရောဂါဖောက်လာသည်ကို ငြိမ်ငြိမ်ကလေးပင် ကြည့်နေလေ၏။

ဆရာဝန်၊ ဆရာမများ အပြေးအလွှားရောက်လာပြီး ဗျာယာခတ်အောင်လုပ်ပေးနေသည်ကိုပင် ယမင်းခင်သည် ဘေးတွင်ရပ်ကာမတုန်လှုပ်သလို ကြည့်နေလေ၏။ ဒေါ်ရွှေခင် အခြေအနေပုံမှန်ဖြစ်သွားလေမှ ဆရာဝန်၊ ဆရာမတချို့အခန်းထဲမှ ထွက်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာ စိုးဝေသည် ငြိမ်သက်စွာအိပ်ပျော်သွားသည့် ဒေါ်ရွှေခင်ထံ အတန်ကြာကြည့်နေပြီကာမှ အခန်းထဲမှထွက်မည် အပြု၊ ကျောက်ရုပ်လေးလိုမတ်မတ်ကြီးရပ်နေသည့် ယမင်းခင်အား တွေ့မိရခိုက်၊ ဒေါက်တာ စိုးဝေသည် တစ်ခါကမြင်ကွင်းကို ပြန်လည်မြင်ယောင်အမှတ်ရမိခိုက်၊ ယခု လူနာအခြေအနေ ရုတ်တရက်ကြီးဖောက်ပြန်သွားရသည့်အကြောင်းရင်းအား နားလည်လိုက်ရလေ၏။

ဟင်း…

ဒေါက်တာ စိုးဝေသည် သက်မမောအားချကာ ယမင်းခင်ထံ ငြိမ်သောအကြည့်တွေနှင့် စေ့စေ့ကြည့်နေပြီးမှ ယမင်းခင်နှင့်အတူ လူနာအခန်းထဲမှ လှမ်းထွက်ခဲ့လိုက်ကြ၏။

"ရောက်နေတာကြာပြီလား…"

"မကြာသေးပါဘူး ကို၊ ရုတ်တရက်လူနာဖြစ်သွားတော့ ယမင်းတောင် လန့်သွားတယ်…"

"စဉ်းစားစရာပဲ၊ နေရင်းထိုင်ရင်းက ဒေါ်ဒေါ် ဘာဖြစ်သွားလဲမသိဘူး၊ စမ်းသပ်ကြည့်တုန်းက သူ့စိတ်တွေတော်တော်ကြီး လှုပ်ရှားနေတာသိရတယ်…"

ဒေါက်တာ စိုးဝေ စကားကြောင့်၊ ယမင်းခင်မျက်နှာ တစ်ချက်ပျက်သွားရသည်။ ဒေါက်တာ စိုးဝေသည်က မသိမသာ မျက်လုံးစွေကြည့်၏။

"ရွှေပုလဲက သူ့အမေကို လာမကြည့်ဘူးလား၊ ဘယ်သွားနေလဲမသိဘူး၊ ဒီလိုပဲ ရွှေပုလဲဟာ ငယ်ငယ်လေးကတည်းက





ဆိုပ်လမ်းများတယ်၊ ဘယ်မတော့မှအိမ်မှာမနေဘူး၊ ကိုယ့်အမေ တစ်ယောက်ကိုပစ်ထားရတယ်လို့…"

ယမင်းခင် ဆိုသည်။ နှုတ်ကသာပေါ့ပါးသလိုဆိုဖြစ်သော်လည်း မျက်နှာကမူ မလုံ့တလုံဖြစ်နေလေ၏။ ဒေါက်တာ စိုးဝေသည်က ယမင်းခင်၏မျက်နှာဆီ စေ့စေ့ကြီးကြည့်သလိုရှိပြီး မှ…

"ရွှေပုလဲက ဒေါ်ဒေါ့်ကို ဘယ်တုန်းကမှပစ်မထားပါဘူး ယမင်း၊ ရွှေပုလဲ ဘယ်သွားပြီးဘာလုပ်နေတယ်ဆိုတာ သိချင်သလား၊ လာ··ကိုယ် လိုက်ပြမယ်…"

စကားတွေပြောရင်း သူတို့ခတ်လှေကားနှင့်ဆင်းခဲ့လိုက်သည်။ ဆေးရုံထဲမှထွက်ခဲ့ပြီး ပန်းခြံထဲရှိခုံတန်းတွင် ခဏမျှထိုင်လိုက်ကြသည်။

"ယမင်း…"

"ရှင်··အစ်ကို…"

"ကိုယ် ပြောရင် ယမင်း စိတ်ဆိုးမလား…"

"ယမင်း ကို့အပေါ် ဘယ်တုန်းကစိတ်ဆိုးဘူးလို့လဲ…"

"ဒါဖြင့် ကိုယ် ပြောမယ်နော်၊ ယမင်း သေချာနားထောင်နော်…"

"အင်း··ပြောလေ…"

"ဒေါ်ဒေါ့်အပေါ်မှာ ရွှေပုလဲက တာဝန်ကျေတာထက် ကျောင်လွန်ပါသေးတယ် ယမင်း၊ တကယ်တမ်း ဒေါ်ဒေါ့်အပေါ် တာဝန်မကျေတဲ့သူက ယမင်းပဲ…"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်…"

ယမင်း မလုံမလဲဖြစ်ကာ တုန်လှုပ်သွားသည်။ သို့သော်လည်း ယမင်းခင်သည် ကြိုးစားဟန်ဆောင်ဆဲရှိ၏။

"ကို ပြောတာ ယမင်း နားမလည်ပါလား…"

"ကိုယ် သိတယ်၊ ယမင်း နားအလည်ဆုံးလူက ယမင်းကိုယ်တိုင်ပါပဲ၊ ယမင်းထက် ဘယ်သူမှပိုပြီးနားမလည်ပါဘူး…

ဒေါ်ဒေါ်ဟာ ယမင်းမှနားလည်လက်ခံမှုမရှိရင် လောကကြီးထဲကနေ မကြာခင် သူ ထွက်သွားရတော့မှာပါ ယမင်း…

ရွှေပုလဲခမျာ ဒေါ်ဒေါ့်ရောဂါအတွက် မရှက်မကြောက် သူ ရှန်းကန်နေရတယ်၊ သူ ငွေရှာနေရတယ်၊ တကယ်တော့ ရွှေပုလဲဟာ သူ သိပ်ကိုစိတ်ဆင်းရဲပြီး ဝမ်းနည်းနေတယ်၊ ဒါပေမဲ့ သူဟာ ငွေရဖို့အတွက် အလုပ်တွေပဲလိုက်လုပ်နေတယ်…

တစ်နေ့ကို ရွှေပုလဲ လုပ်နေရတဲ့အလုပ်က သုံးလေးခုလောက်ရှိတယ်၊ နဂါးပျံကုမ္ပဏီမှာလည်းလုပ်တယ်၊ ပြီးတော့ စားကုန်ပစ္စည်းတွေဆိုင်တွေအရောက် သူကိုယ်တိုင်လိုက်ပို့ရတယ်၊ ပြီးတော့ ဒေါ်ဒေါ့်ဆီလာကြည့်ရတယ်၊ ကလေးတွေနဲ့စားဝတ်နေရေးအတွက်လည်း လုပ်ရတယ်၊ အခုလက်ရှိ ရွှေပုလဲ လုပ်နေတာက အစ်ကိုတို့ဆေးရုံနားက သက်သာချောင်ချိရေးစားသောက်ဆိုင်မှာပဲ…"

ဒေါက်တာ စိုးဝေပြောသမျှစကားတွေကို ယမင်းသည် ငြိမ်သယောင်ဖြင့် နားထောင်ရင်း တုန်လှုပ်အံ့သြနေသည်ပါ။ သို့သော်လည်း ယမင်းခင်သည် မသိသလိုပင်ဆောင်ကာ သူမ





ကိုယ်သူမထိန်းရင်းက…

"ဟင်း..ယမင်းလည်း စိတ်မကောင်းပါဘူး ကို၊ ကဲပါ ကိုရယ်၊ ဒီကိစ္စတွေ ယမင်းကိုပြောလည်း အပိုပါပဲ၊ ဒီထက်ပိုပြီး ယမင်းလည်း မတတ်နိုင်ဘူး…"

"ယမင်း မတတ်နိုင်ဘူး ဟုတ်လား၊ ကိုယ် သိတယ်၊ ယမင်းမှအတတ်နိုင်ဆုံး၊ ဒေါ်ဒေါ့်အသက်ကိုကယ်နိုင်တဲ့သူဟာ ယမင်းတစ်ယောက်ထဲရှိတယ်…"

ဟင်…

ထိုစကားကြောင့် ယမင်းတစ်ယောက် ထိတ်လန့်သွားလိုက်သည်မှာ မျက်နှာတစ်ခုလုံးပင်ဖြူဖတ်ဖြူရော်ဖြစ်သွားရအောင်ပါ…။

"ဟင်..အို..ကို..ကို ပြော..ပြောတာ…"

"ယမင်း ဟန်မဆောင်ပါနဲ့လားကွယ်၊ ကိုယ် ဒီထက်လည်းထပ်ပြီးမပြောချင်တော့ဘူး၊ ယမင်းကိုပဲ ကိုယ် တောင်းပန်ပါတယ်…"

စကားအဆုံး ဒေါက်တာ စိုးဝေသည် ယမင်းအနီးမှထကာ ဆေးရုံထဲသို့ လှမ်းဝင်သွားလိုက်ပါတော့သတည်း…။

ယမင်းခင်ကား မျက်စိမျက်နှာတွေအကြီးအကျယ်ပျက်ရင်း တုန်လှုပ်အံ့သြခြင်းတွေဖြင့် ရင်တွေခုန်၊ မျက်လုံးတွေပြူးကာ ကျန်ရစ်ခဲ့တော့၏။

× × × × ×



www.burmeseclassic.com

www.burmeseclassic.com



ရွှေပုလဲတစ်ယောက် လုပ်ရင်းကိုင်ရင်းကပင် မျက်ရည်တွေကျသည်အထိ ဝမ်းသာနေရရှာသည်။

မှန်သည်။ ယခုမနက်ပိုင်းတစ်ချိန် အတောအတွင်းထဲမှာပင် နဂါးပျံကုမ္ပဏီမှထုပ်လုပ်သည့် စားကုန်များချည်းသာ အများဆုံး ချက်ပြုတ်ကြော်လှော်ပေးနေရသည်မဟုတ်ပါလား။ ပြီးတော့ ဘယ်စားကုန်အထုပ်ကိုပဲဖောက်ဖောက် အထဲတွင်အပြစ်ရှာစရာ မတွေ့အောင် အထုပ်တိုင်း ရွှေပုလဲ တွေ့နေရသောကြောင့်ပါတည်း။

ရွှေပုလဲတစ်ယောက် လုပ်ရင်းကိုင်ရင်း ဝမ်းသာဝမ်းနည်းဖြစ်နေဆဲအချိန်များ၌ပင် ယမင်းခင်သည် စားသောက်ဆိုင်အတွင်းသို့ ဝင်ရောက်ခဲ့ပြီး ရွှေပုလဲ လုပ်ကိုင်နေသည်ကို လှမ်းကြည့်နေသည်မဟုတ်ပါလား…။

ကြည့်ရင်းမှ ယမင်းခင်သည် မျက်ရည်တို့ဝေဝဲလာရသည်။ ရင်ဝယ်ထိခိုက်ရသည်ကအမှန်၊ သည့်အတွက် ရင်၌လွှမ်းဆွဲသလိုရှိနေဆဲ ယမင်းခင် ရပ်နေသည်ကို ရွှေပုလဲ လှမ်းမြင်သွားလိုက်လေ၏။

"ဟင်··မယမင်း၊ ဒီကိုလာတယ်ဟုတ်လား…"

ဆိုရင်း ယမင်းခင်အနီးသို့ ရွှေပုလဲ ရောက်လာသည်။ ရွှေပုလဲ မျက်ဝန်းမျက်နှာလေးမှ မျက်ရည်တွေကို ယမင်းခင် တွေ့သည်တွင် အံ့သြသလိုဖြစ်သွားရ၏…

"ဟင်··ရွှေပုလဲ၊ မျက်ရည်တွေလား၊ ငိုနေတာလား··"

"အင်း··ဟို၊ ဝမ်းသာလို့ပါ မယမင်းရယ်၊ ရွှေပုလဲတို့





ဗိုလ်ကုန်ပစ္စည်းတွေက တစ်ခုခုတော့မှားယွင်းသွားတာအမှန်ပဲ၊ ဘာကြောင့်လဲဆိုတော့ အခု ဒီစားသောက်ဆိုင်မှာ ရွှေပုလဲဆို့စက်ရုံက ထုပ်တဲ့စားကုန်တွေပဲ အများဆုံးရောင်းနေရတယ်လေ…

အရသာကလည်းကောင်း၊ အနံ့ကလည်းမွှေး၊ လတ်ကလည်းလတ်ဆတ်တော့၊ စားသုံးသူတွေအရမ်းကြိုက်နေကြတာ၊ အခု မနက်ပိုင်းတစ်ချိန်လုံး နဂါးပျံကစားကုန်တွေချည်းပဲ လူတွေကမှာစားနေကြတာ မယမင်းရဲ့၊ ရွှေပုလဲပဲ ဒိုင်ခံထုတ်ပေးနေရလို့သိတာ…

အချိန်က အချိန်ပိုင်းအလုပ်သိမ်းပြီး ရွှေပုလဲ ပြန်တော့မယ်၊ ညနေကျမှ မေမေ့ဆီ ရွှေပုလဲ လာတော့မယ်၊ မယမင်းကော မေမေ့ဆီလာတာလားဟင်၊ ရွှေပုလဲ ဒီမှာလုပ်တဲ့အကြောင်း မေမေ့ကိုမပြောနဲ့နော်၊ မေမေ စိတ်မကောင်းဖြစ်နေဦးမယ်…

ကဲ··ရွှေပုလဲ ပြန်တော့မယ်နော်၊ အိမ်မှာမောင်လေးတွေနဲ့ သူ့ငွေးအတွက် နေ့လယ်စာပြန်ချက်ရဦးမယ်၊ မြန်ပါတယ်၊ အားလုံးလုပ်ထားပြီးသားပဲ၊ ကဲ··သွားပြီနော်··"

စကားအဆုံး ရွှေပုလဲသည် ကျော်ပိုးအိတ်ကလေးလွယ်ကာ စားသောက်ဆိုင်ထဲမှအပြေးလေးစွက်ကာ ထွက်သွားလေပြီဖြစ်၏။

သွက်သွက်လက်လက်ဖြင့် ရွှေပုလဲတစ်ယောက် လုပ်ကိုင်ပြောဆိုသွားခဲ့သမျှ၊ ယမင်းခင်ကား စောစောကနှင့်မတူတော့၊ စိတ်ပြောင်းသွားသည့်နှယ် ယမင်းခင်သည် ငြိမ်သက်ဟန်ဝေခွဲမရသောအသွင်ဖြင့် ကျန်ရစ်ခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



မှန်သည်။ ယမင်းခင်၏ထိုကဲ့သို့သော အသွင်သည် ဆက်လှမ်းတော့ရန် ခြေလှမ်းများအား ကြိုတင်ပြင်ဆင်ထားသည့် သဘောပင်မဟုတ်ပါတကား…။

× × × × ×

ညနေဘက် ဆေးရုံမှ ဒေါက်တာ စိုးဝေ ပြန်တော့မည့်အချိန်တွင် ရွှေပုလဲ ဆေးရုံသို့ရောက်လာသည်ကို တွေ့လိုက်ရသည်။

ဆေးရုံသို့လာရလွန်း၍ ရွှေပုလဲအတွက် ဆေးရုံသည် မိမိနေအိမ်ကဲ့သို့ပင်ဖြစ်နေပြီဖြစ်၏။ မောင်အငယ်ဆုံးလေးကို တွန်းလှည်းကလေးထဲထည့်ပြီးတွန်းလာသည့် ရွှေပုလဲအသွင်မှာ တက်ကြွလန်းဆန်းနေသည်ကို ဒေါက်တာ စိုးဝေ တွေ့ရ၍ကြည်နူးစွာပြုံးဖြစ်ရသည်။

တစ်ဆက်တည်းလည်း ရွှေပုလဲနှင့်စပြီးတွေ့ခဲ့စဉ်က ပုံရိပ်ကလေးများအား ပြန်လည်မြင်ယောင်ကာ ကြည်နူးကျေနပ်စွာ သူ ပြုံးဖြစ်ရပြန်၏။ ပြီးမှ သူ သိထားသည့် ရွှေပုလဲ၏ဘဝမှန်အဖြစ်ကို တွေးမိရပြန်တော့ သူ စိတ်မကောင်းကြီးစွာဖြစ်ရ၏။

ဟင်း…

နောက်ဆုံး ဒေါက်တာ စိုးဝေသည် ငေးရင်း၊ တွေးရင်းဖြင့် သက်မမောအားချဖြစ်ရကာ ဆုံးဖြတ်ချက်တစ်ခုနှင့် ရွှေပုလဲကို မခေါ်တော့ဘဲ၊ ဆေးရုံမှ သူ ထွက်ခဲ့လိုက်လေ၏။





ဆေးရုံထဲမှ သူ လှမ်းထွက်ခဲ့ရင်း ဟန်းဖုန်းလေးထုပ်ပြီး သူ ဖုန်းဆက်လိုက်သည်။ ယမင်းခင်ထံသို့ပါ…။

တစ်အောင့်ခန့်ကြာသည်တွင် ယမင်းခင်ရှိရာ ကုမ္ပဏီရှေ့သို့ရောက်ခဲ့သည်။ ကုမ္ပဏီထဲသို့ သူ ဝင်ခဲ့ပြီး၊ အပေါ်ထပ်မှ ယမင်းခင် ဆင်းလာမည့်အချိန်ကို သူ စောင့်နေဆဲ…

"ဘယ်လိုလဲ ယမင်းခင်၊ မနက်က နဂါးပျံကိုရောက်ခဲ့ရဲ့လား…"

"အင်း..ရောက်ခဲ့ပါတယ်…"

"ရောက်ခဲ့တော့ဘာအကြောင်းထူးလဲ၊ ဘာပြောခဲ့လဲ၊ ဟို အမျိုးသမီးကရော အဲဒီမှာပဲလား…"

"သူတို့နှစ်ယောက်စလုံးကို အတူတူပဲတွေ့ခဲ့တယ်…"

အပေါ်ထပ်လှေကားမှ နဒီနှင့်စကားတွေပြောရင်း ဆင်းလာသည့် ယမင်းခင်ကို ဒေါက်တာ စိုးဝေ တွေ့လိုက်ရ၍၊ ကြည့်နေဖြစ်သည်။ သူတို့ပြောသည့်စကားတွေကို ဒေါက်တာ စိုးဝေသည် နားထောင်ဖြစ်ရ၏။

"ဟင်..ကိုကိုနဲ့အဲဒီအမျိုးသမီးကို အတူတူတွေ့ခဲ့တယ်ဟုတ်လား၊ ယမင်းခင် ပြောတော့ အဲဒီအမျိုးသမီးကို ကိုကို့ဆီမှာနေရအောင်လုပ်ပေးမယ်ဆို…"

"လုပ်ပေးမှာပါ၊ စိတ်ချပါ၊ မပူပါနဲ့ နဒီရယ်…"

"ဘယ်တော့ဖြစ်လာမှာလဲ၊ အချိန်တွေကြာနေရင် သူတို့အတွက် အခွင့်အရေးတွေ ပိုရနေမှာပေါ့…"

"ဒါဖြင့် နဒီကိုယ်တိုင် သွားပြောမလား၊ နဒီကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



သွားတွေ့ပြီးပြောတော့ ပိုပြီးတောင်ကောင်းသေးတာပေါ့…”

ယမင်းခင်စကားကြောင့် နဒီတစ်ယောက် စဉ်းစားဆဲ–

“ယမင်း…”

“ဟင်..အို၊ ကို..ရောက်နေပြီလား၊ ခုနကပဲဖုန်းဆက် သေးတယ်၊ မြန်လိုက်တာ…”

ဒေါက်တာ စိုးဝေခေါ်သံကြောင့် ယမင်းခင်သည် လန့် ဖြန့်ရင်း မျက်နှာပျက်ကာ ဆိုသည်။ ဒေါက်တာ စိုးဝေသည် တံတွေးတစ်ချက်ကိုမျိုချပြီး ယမင်းခင်ထံ ကြည့်ရင်းက…

“ကိုယ် ယမင်းဆီဖုန်းဆက်ကတည်းကပဲ ဒီကိုထွက် လာနေတာ၊ ကဲ..လာ ကိုယ် စကားပြောစရာရှိတယ်၊ သွားကြ အောင်…”

“ဟုတ်ကဲ့…”

ဒေါက်တာ စိုးဝေ စကားအဆုံး ကုမ္ပဏီမှ သူတို့ထွက် ခဲ့လိုက်ကြလေ၏။ ဒေါက်တာ စိုးဝေ ကားလေးသည် စကားပြော ကောင်းမည့် အင်းလျားကန်ဘက်ဆီသို့ မောင်းခဲ့သည်။

မကြာလိုက်၊ အင်းလျားကန်သို့ရောက်သည်တွင် ကန် ဘောင်ပေါ်သို့အတူလျှောက်ခဲ့ကြသည်။ ခုံတန်းလေးတစ်ခုဆီ အရောက် သူတို့ထိုင်လိုက်ကြသည်။

ယမင်းခင်သည် တစ်လမ်းလုံးတိတ်ဆိတ်၍ စိတ်တွေလှုပ် ရှားစွာနှင့်လိုက်ပါလာ၏။ ချစ်သူထံမှ ဘာစကားတွေကြားရမည်ကို လည်း ယမင်းခင် စိုးကြောက်၍နေသည်ပါ။

ဒေါက်တာ စိုးဝေသည် ငြိမ်သက်နေသော အင်းလျားရေ





ပြင်ဆီ အတန်ကြာငေးမောကြည့်နေပြီးမှ ယမင်းခင်ထံ မကြည့်ဘဲ စကားဆိုသည်။

“ယမင်း…”

“ရှင်..ကို…”

“ကိုယ့်ကို ယမင်း စကားပြောစရာမရှိဘူးလား…”

“ဟင်..ကိုယ်ကပဲ စကားပြောစရာရှိလို့ ယမင်းကို ခေါ် လာတာမဟုတ်လား၊ ကို ပြောမယ့်စကားကို ယမင်းက တစ်ချိန် လုံးစိတ်ဝင်စားပြီးနားထောင်နေတာလေ…”

“မှန်တယ်၊ ကိုယ်ကတော့ ယမင်းကို စကားပြောစရာရှိ တယ်၊ ကိုယ် ထင်တာ ယမင်းကလည်း ကိုယ့်ကိုပြောစရာရှိလိမ့် မယ်လို့၊ အခု ယမင်းက ပြောစရာမရှိဘူးဆိုတော့၊ ကောင်းပြီလေ၊ ကိုယ်ပဲ ယမင်းကိုပြောမယ်…

ယမင်း ဒီလောက်တောင် ဘာကြောင့်ခေါင်းမာနေရတာ လဲ၊ ယမင်းရဲ့စိတ်ဓာတ်တွေ ဘာကြောင့် ဒီလောင်တောင်ယုတ်ညံ့၊ အောက်တန်းကျနေရတာလဲ…

ဒီမှာ ယမင်း၊ ကိုယ် အားလုံးသိတယ်၊ ကိုယ် သိအောင် ပြောတဲ့သူကလည်း တခြားလူမဟုတ်ဘူး၊ ယမင်းကိုယ်တိုင်ပဲ၊ ယမင်းရဲ့မေမေ ဒေါ်ရွှေခင်ကို ယမင်း ဘာအကြောင်းတွေသွား ပြောခဲ့လဲ၊ ယမင်း ပြောခဲ့တဲ့စကားတွေအကုန်လုံးကို ကိုယ် ကြား ခဲ့ရတယ်…”

“ဟင်..အိုး…”

ကြားလိုက်ရသည့်ချစ်သူထံမှ စကားတွေကြောင့် ယမင်း



www.burmeseclassic.com

www.burmeseclassic.com



ခင်မျက်နှာသည် အံ့ဩထိတ်လန့်ခြင်းဖြင့် သွေးဆုတ်ဖြူရော်သွားရလေ၏။

"မနက်ကတည်းက ယမင်းကိုပြောခဲ့တဲ့စကားတွေဟာ အဲဒီအကြောင်းကို ရည်ရွယ်ပြီးပြောခဲ့တာ၊ မင်းက မသိချင်ဟန်ဆောင်တာ...

ယမင်း မင်းကို ကိုယ် အထင်ကြီးခဲ့တယ်၊ ကိုယ် ချစ်ခဲ့တယ်၊ ကိုယ် ယုံကြည်ခဲ့တယ်၊ ခုလည်း ကိုယ့်စိတ်တွေမပြောင်းလဲပါဘူး၊ ပြောင်းလဲနေတာ မင်းပဲ၊ မင်း ဘာဖြစ်လို့ဟန်ဆောင်လှည့်စားနေတာလဲ၊ မင်း ဘယ်အထိဟန်ဆောင်နေနိုင်မှာလဲ ယမင်း...

ကိုယ်တောင်းပန်ပါတယ် ယမင်း၊ မင်းရဲ့ဖြူစင်သန့်ရှင်းပြီး ရိုးသားသိမ်မွေ့တဲ့နှလုံးသားကိုပဲ ကိုယ် ယူပါရစေ၊ မင်းရဲ့ မာယာနဲ့ကောက်ကျစ်တဲ့နှလုံးသားကိုတော့ ကိုယ် လက်မခံနိုင်ဘူး...

အခု ဆေးရုံတက်နေရတဲ့ ဒေါ်ရွှေခင်ဆိုတာ မင်းရဲ့မိခင်အရင်းကြီးဗျာ၊ မင်းကို မွေးထုပ်ခဲ့တဲ့မိခင်ပါ၊ မင်းမိခင်ကို မင်း မချစ်ဘူးလား၊ သူ သေမှာကို မင်း မစိုးရိမ်ဘူးလား၊ သူ သေသွားတာကို မင်းက ဝမ်းသာစွာနဲ့လက်ပိုက်ကြည့်နေရပ်သလား..."

တောက်လျှောက်ကြီးပြောလသည့် ဒေါက်တာ စိုးဝေ စကားများအား အစတော့ ယမင်းသည် သွေးပျက်မတတ် ထိတ်လန့်လှုပ်ရှားစွာဖြစ်ရသော်လည်း နောက်ဆုံးမတော့ ယမင်းမျက်ဝန်းအစုံမှ မျက်ရည်တွေအသွယ်သွယ် စီးကျရင်း၊ နှုတ်ခမ်းကိုနေ





အတွင်းသွားတို့စေကာ ငြိမ်ငြိမ်ကြီးရှိနေလိုက်၏။ ပြီးမှ...

"ကို..."

ယမင်း ခေါ်သည်။ ပြီးတော့ စကားကိုတစ်ခွန်းချင်း ဆက်ဆို၏။

"ဒီအမှားတွေဟာ ယမင်း အမှားမဟုတ်ဘူး၊ မေမေ ...ကြောင့်ဖြစ်ရတဲ့အမှား၊ မေမေ့ပေါ်မှာပဲတာဝန်ရှိတယ်၊ ခုမှ ယမင်း ...ကိုမှမပြောင်းလဲနိုင်ဘူး...

ယမင်းဘက်ကိုလည်း ကြည့်ပေးပါ၊ ယမင်း ဘဝကို ပြောင်းလဲလိုက်ရင် ပတ်ဝန်းကျင်မှာ ယမင်း ဘယ်လိုနေရတော့မလဲ၊ ဒါကြောင့် ကို့ကို ယမင်း ပြောချင်တယ်၊ အကူအညီတောင်းချင်တယ်၊ ယမင်းကိုပြောင်းလဲဖို့ဘယ်တော့မှမပြောပါနဲ့၊ ဘယ်သူ့ကိုမှလည်း ဒီကိစ္စတွေကို မပြောပါနဲ့၊ ဒီကိစ္စကို လူတွေအားလုံးသိတဲ့နေ့၊ ရွှေပုလဲ သိတဲ့နေ့ဟာ ရွှေပုလဲ သေတဲ့နေ့..."

ဖြန်း...

ယမင်းခင် စကားဆိုဆဲပင် ယမင်းခင်၏ပါးပြင်လေး ... ဒေါက်တာ စိုးဝေ ရိုက်ပစ်လိုက်သည်။ ပြီးတော့ ယမင်းခင် ... ဒေါသမျက်ဝန်းမျက်နှာဖြင့် ဒေါက်တာ စိုးဝေ ကြည့်၏။ ...ဆက်တည်းလည်း ရှုံမှုန်းခြင်းဒေါသနှင့်စကားကိုဆို၏။

"ယမင်း မင်းကို ငါ မုန်းတယ်၊ ဒီစကားနဲ့မင်းအမေကို ...လည်း မင်း ချိုးနှိမ်ခြောက်ခဲ့တာပဲမဟုတ်လား၊ တကယ်တော့ မင်းကို ... မဖြူစင်တာပါ ယမင်း၊ မင်းကို ကိုယ် ကြောက်သွားပြီ..."

ရင်မှ ထိခိုက်ခံစားမှုသည် မျက်ဝန်းဝယ်ပေါ်ထွက်လာ



www.burmeseclassic.com

www.burmeseclassic.com



သည်။ မှန်သည်။ ဒေါက်တာ စိုးဝေသည် ရင်နာခြင်းဖြင့် မျက်ရည်များကျလာရသည်မဟုတ်ပါလား၊ ချစ်သူထံကြည့်ပြီး ယမင်းသည်လည်း မျက်ရည်များစီးကျနေရသည်ပါ…။

ဒေါက်တာ စိုးဝေသည် ယမင်းခင်အား မကြည့်တော့ ပြောစရာစကားမရှိတော့၍ ထွက်သွားတော့မည်အပြု၊ ယမင်းခင်သည် ဒေါက်တာ စိုးဝေလက်တစ်ဖက်ဆီ လှမ်းဆွဲထားလိုက်ပြီး–

"ကိုယ် ယမင်း တောင်းပန်ပါတယ်၊ ယမင်း ဘက်က လည်း ငဲ့ညှာပြီးတွေးပေးပါ၊ ဒီကိစ္စအတွက် ယမင်း အသက်ရှင် လည်း ယမင်း မနေမျောဘူး ကို…"

ယမင်း ဆိုသောစကားများအတွက် ဒေါက်တာ စိုး သည် တံတွေးတစ်ချက်ကို နာကျင်စွာမျိုချပြီး သူ့လက်ကိုရုန်း ကာ ဆက်၍ထွက်သွားလိုက်လေပြီဖြစ်သတည်း…။

အဟင့်..ဟင့်..ဟင့်..ဟင့်…

ယမင်းသည်လည်း ထိခိုက်ခြင်း၊ ကြေကွဲခြင်း၊ ရှက်ခြင်း ဝမ်းနည်းခြင်းတွေဖြင့် ရှိုက်ငိုရင်း ကျန်ရစ်ခဲ့သည်ပါ…။

× × × × ×

ကျားပုံဟိန်းကုမ္ပဏီကခေါ်လို့ သူဌေး သွားတယ် တော့၊ ဘယ်လိုကိစ္စများရှိလို့ပါလိမ့်၊ ရှစ်နာရီတောင်ခွဲတော့မယ် အစ်ကို ခုထိပြန်မရောက်သေးဘူး…

အတွေးဖြင့် ရွှေပုလဲရှိဆဲ၊ ဆင်ဝင်အောက်၌ကားရပ်သံ





အားမီးကိုတွေ့လိုက်ရ၍ သူဌေး ပြန်လာပြီအထင်နှင့် ရွှေပုလဲ ထွက်ကြည့်လိုက်သည်။

ကားထဲမှထွက်လာသူက နဒီ၊ ရွှေပုလဲသည် နဒီကို တွေ့ လိုက်ရ၍ ငြိမ်ငြိမ်ကလေးပင် ကြည့်နေလိုက်၏။ နဒီသည်လည်း ရွှေပုလဲထံ ကြည့်၍နေသည်။

နဒီကိုကြည့်ဆဲ ရွှေပုလဲ ရင်ထဲ၌တစ်ခုခုကို နားလည်နေ သကဲ့သို့ရှိနေရ၏။ နဒီသည် မဖိတ်ခေါ်ပဲတိုက်ထဲသို့ ဝင်ရောက် လာပြီမို့ ရွှေပုလဲသည်လည်း လက်ခံစကားပြောဖြစ်ရလေ၏။

"ရွှေပုလဲ၊ နင့်နာမည်ကတော့ လှပပြီးတကယ့်ကိုတန်ဘိုး ရှိတဲ့နာမည်ပဲ…"

ငါ့နာမည်ကို ချီးမွမ်းခန်းဖွင့်ဘို့ နင် ဒီကိုတကူးတက လာတာလားဟု စိတ်ထဲကတော့ ရွှေပုလဲ ဆိုနေမိသည်။ နှုတ်ကမူ ရွှေပုလဲ ဘာမှမဆိုဖြစ်၊ စကားဆိုရန်လည်း စိတ်မပါသလိုပါ။ သည့်အတွက် ရွှေပုလဲသည် ငြိမ်ငြိမ်ကလေးပင် နဒီထံကြည့်ပြီး နဒီ ပြောချင်ရာပြော၊ နားထောင်နေမည့်အသွင်ဖြင့် ရှိနေလေ၏။

"ရွှေပုလဲ ငါ နင့်ကိုရှည်ရှည်ဝေးဝေးလည်းမပြောချင် ဘူး၊ နင် သိလား၊ ငါနဲ့ကိုကိုနဲ့က ဟိုးအစကတည်းက အဘိုး တွေချင်း သဘောတူထားကြတယ်ဆိုတာ…

ငါ နင့်ကိုကောင်းကောင်းပဲပြောချင်တယ်၊ တကယ်ဆို ရင် နင် ဒီမှာမနေသင့်ဘူး၊ မနေအပ်ဘူး၊ မသင့်တော်ဘူး၊ နင့် ကြောင့်နဲ့ငါတို့ရဲ့ကိစ္စတွေ မကြန့်ကြာစေချင်ဘူး၊ မပျက်စီးစေချင် ဘူး၊ နင့်မှာနားလည်မှုရှိတယ်ဆိုရင် နင် ဒီကနေထွက်သွားလိုက်



www.burmeseclassic.com

www.burmeseclassic.com



ပါ...

နင် ဒီကနေထွက်သွားမယ်ဆိုရင် နင် ငါတို့အားလုံး ကူညီရာရောက်တယ်၊ ဘိုးဘိုးကို စိတ်ချမ်းသာအောင်လုပ်တာ လည်းအတူတူပဲ...

ငါ သိသလောက်၊ ငါ ကြည့်တာ ငါ့အဘိုးကလည်း နင့်အပေါ် မြေးတစ်ယောက်လိုသံယောဇဉ်ရှိတယ်၊ နင့်ရဲ့အရည် အချင်းကို လူကြီးဆိုတော့ နားလည်တယ်၊ ဒါကြောင့် ငါ့အဘိုး ပြောတယ်၊ အပြောသက်သက်မဟုတ်ဘူး၊ အဘိုးက ငါ့အမေ ခိုင်းလို့ နင်တို့မောင်နှမအတွက် အိမ်ခန်းတစ်ခုတောင်ဝယ်ထား ပြီးပြီ...

အဲဒီအိမ်ခန်းမှာ နင်တို့မောင်နှမတွေပြောင်းပြီး သွား ကြပါ၊ နင့်အမေဆေးရုံကဆင်းတော့လည်း နင်တို့မိသားစုနေ ပေါ့၊ ဒီအိမ်ကို နင့်နာမည်နဲ့ဝယ်ပေးတာပါ၊ ငါတို့ပြန်မယူပါဘူး

နဒီပြောသည့်စကားတွေကို နားထောင်ရင်း ရွှေပုလဲရင်ထဲ ဝမ်းနည်းစိတ်တွေဖြင့် မျက်ရည်တွေစီးကျလာရလေသည် မှန်သည်။ ရွှေပုလဲရင်ထဲ၌ နဒီ ပြောသောစကားတွေကို လက်ခံ နားလည်မှုရှိသောကြောင့်ပါ...။

စကားတစ်ခွန်းမျှမဆို၊ ငြိမ်ငြိမ်ကလေးနှင့်မျက်ရည်ချေ စီးကျနေသည့် ရွှေပုလဲထံ ကြည့်ပြီး နဒီပင် မျက်လုံးပြူးနေရတော့ သည်။ နဒီ တွေ့ဖူးခဲ့သည့်ရွှေပုလဲအသွင်နှင့် ခြားနားလွန်းနေသော ကြောင့်ပါတည်း...။

ရွှေပုလဲနှင့်နဒီသည် စကားတွေဆက်မဆိုတော့ဘဲ၊ ဟိုး





ဆိတ်ငြိမ်သက်စွာရှိနေကြဆဲအချိန်များ၌...

ကျားပျံဟိန်းကုမ္ပဏီကြီးပိုင်ရှင် ဦးဘဟိန်း၏တိုက်ကြီးထဲ တွင်မူလည်း ဦးဘဟိန်းသည် ကျော်ထိုက်ရှိန်းထံကြည့်ပြီး မကျေ နပ်ဖြစ်၍နေသည်။ ကျော်ထိုက်ရှိန်းသည်ကလည်း ဦးဘဟိန်း ပြောသည့်စကားတွေကြောင့် စိတ်ညစ်၍နေသည်ပါ...။

"မောင်ကျော်ထိုက်ရှိန်း..မင်း ဒီလိုပဲအေးစက်စက်နေ တော့မလား၊ အချိန်တွေကဘယ်လောက်ကြာနေပြီလဲ၊ မင်းကို အခွင့်အရေးတွေ အများကြီးပေးထားတာနော်...

ကတိပျက်ကွက်တဲ့သူက စည်းစိမ်အပ်ရမှာနော်၊ အခု ငါတို့က မင်းရဲ့စည်းစိမ်ကိုမသိမ်းဘဲ၊ သဘောထားကြီးကြီးနဲ့ မင်း ကိုအခွင့်အရေးတွေပေးထားတာ မင်းလည်းသိတာပဲ..."

"ဟင်း..ဘိုး၊ ဒီနှစ်ထဲတော့ ကျွန်တော့်ကိုခွင့်လွှတ်ပါဦး၊ ဒီနှစ်ကုန်ရင် ကျွန်တော် စဉ်းစားပါတော့မယ်..."

"ဟင်..မင်းက ဒီနှစ်ကုန်တာတောင် မင်္ဂလာကိစ္စမစီစဉ် ဘဲ စဉ်းစားဦးမယ်၊ ဟုတ်လား၊ ခုမှ မင်းက စဉ်းစားတဲ့အဆင့်ပဲ ရှိသေးလားကွ..."

အဘိုးကြီးဒေါသထွက်ပြီး အဘိုးပြီ၊ ဒေါသထွက်သ လောက် ကျော်ထိုက်ရှိန်းကလည်း မထုံတက်တေးနှင့်သာနေသည်။ ကျော်ထိုက်ရှိန်းအသွင်သည်က အေးစက်စက်၊ ဘာပြောပြော၊ ဘာလုပ်လုပ်ခံနေမည့်ပုံမျိုး...။

အဘိုးကြီးကဖြင့် ထမရိုက်ရုံတမယ်ပေါက်ကွဲနေပြီ၊ ဆေး ပြင်းလိပ်ကြီးကိုကောက်ဖွာလိုက်သည်။ ပြီးတော့ ကျော်ထိုက်ရှိန်း



www.burmeseclassic.com

www.burmeseclassic.com



ကို စောင်၍ကြည့်သည်။ ဒေါသတွေထွက်လွန်း၍ စကားပြော မထွက်သည့်ပုံမျိုး…။

“ခွင့်လွှတ်ပါ ဘိုး၊ ကျွန်တော်က စီးပွားရေးကို ခုမှ ပြန်ပြီးထူထောင်စရှိနေသေးလို့ပါ…”

“မင်း စီးပွားရေးကိစ္စကို ငါ မပြောဘူး၊ မင်း လုပ်တဲ့စီးပွားရေးဘာဖြစ်ဖြစ်၊ ငါ ဂရုမစိုက်ဘူး၊ ငါ ဂရုစိုက်တာ၊ ငါ ပြောတာ မင်းနဲ့ငါ့မြေးနဲ့မင်္ဂလာကိစ္စ…”

“ဘိုး…ကျွန်တော့်စီးပွားရေးအောင်မြင်မှပဲ မင်္ဂလာကိစ္စကို ကျွန်တော် စဉ်းစားချင်တယ်၊ ကျွန်တော် သိက္ခာအကျမခံနိုင်ဘူး၊ ပြီးတော့ အခုလက်ရှိဖြစ်သွားတဲ့ ကျွန်တော့်ကုန်ပစ္စည်းတွေကြောင့်လည်း ဘိုးက ခွင့်လွှတ်ပေမယ့် ကျွန်တော်က ခံစားနေရတယ်…

ကျွန်တော်တို့ကုန်ပစ္စည်းတွေ ဘယ်လိုဖြစ်ရတာလဲဆိုတာ ကျွန်တော် တွေးလို့တောင်မရဘူး၊ ဒါတစ်ဦးတစ်ယောက်ရဲ့မှားယွင်းမှုပဲလို့ ကျွန်တော် ယူဆတယ်၊ လောလောဆယ် ဒီကိစ္စပဲ ကျွန်တော့်ခေါင်းထဲမှာရှိနေတယ်၊ ရှင်းရှင်းပြောရရင် ခုမှကုမ္ပဏီ လုပ်ငန်းကို စိတ်ဝင်စားမှုနဲ့ ကျွန်တော် လုပ်ကိုင်နေတာပါ ဘိုး…

ဒါကြောင့် ကျွန်တော့်ကို ခွင့်လွှတ်ပေးပါဦးလို့ ကျွန်တော် ပြောတာပါ၊ ဘိုးကို ကျွန်တော် တောင်းပန်ပါတယ်၊ ဒီနှစ်ကုန်ရင် ကျွန်တော် စဉ်းစားပါ့မယ်၊ ကတိပေးပါတယ်…”

“ဟင်း…ငါတော့ သေချင်တာပဲ ကျော်ထိုက်ရှိန်း၊ ဟင်း မင်းဟာ ညီအစ်ကိုရင်းတမျှချစ်ရတဲ့ ငါ့သူငယ်ချင်းရဲ့တစ်ဦးတည်းသောမြေးမို့ ငါ့မြေးရင်းနဲ့မခြား ငါ သံယောဇဉ်ဖြစ်နေလို့သာပေါ့”





အဘိုးကြီး၏ လေသံပျော့သွားသည့်စကားကြောင့် ကျော်ထိုက်ရှိန်းသည် မသိမသာအဘိုးကြီးထံ မော်ကြည့်လာဖြစ်သည်။ အဘိုးကြီး၏ သဘောကောင်းမျက်နှာကြီးကိုမြင်တွေ့ရတော့ သူ့ရင်ထဲစိတ်အေးသလိုရှိသွားရ၏။

မှန်သည်။ ကျော်ထိုက်ရှိန်းတစ်ယောက် စိတ်သက်သာရာရသွားချိန်၌ နဂါးပျံ၏တိုက်ကြီးထဲတွင်ကား နဒီတစ်ယောက် ပြန်သွားပြီမို့ ဗွေပုလဲတစ်ယောက်တည်း စဉ်းစားတွေးတော၍နေသည်ပါ…။

ဟုတ်တာပဲ၊ ငါကလည်းငါပါပဲလေ၊ နဒီ ပြောသွားတဲ့စကားတွေလည်းမှန်တာပဲ၊ တကယ်တော့ ငါက နဂါးပျံကအလုပ်သမားဆိုပေမယ့်၊ ငါတို့မောင်နှမတစ်စုလုံး ဒီမှာနေဖို့တော့ ဘယ်သင့်တော်မလဲ…

သွေးမတော်သားမစပ်၊ နေလို့လည်းမသင့်တော်ဘူးပေါ့၊ ပြီးတော့ နဒီ ပြောသွားတယ်၊ အဘိုးက ငါ့တို့အတွက် တိုက်ခန်းတစ်ခုဝယ်ပေးတယ်တဲ့၊ သူများဝယ်ပေးတဲ့အိမ်မှာ ငါ သွားနေလို့လည်း ဘယ်ဖြစ်မှာလဲလေ…

ဟင်း…လောကကြီးမှာ လူလုပ်ရတာမလွယ်ပါလားနော်၊ ငါ့ကိုယ်ငါလည်း အံ့သြမိတယ်၊ ကြည့်စမ်းပါဦး၊ ငါ့မောင်လေးတွေအတွက် ငါ ရှန်းကန်နေလိုက်တာ…

ဖြစ်အောင်ကြိုးစားရင်ဖြစ်တာပါပဲလေ၊ ဟုတ်တယ်၊ ငါ ဒီကနေထွက်သွားရမယ်၊ ဒီကထွက်သွားပြီး ဘယ်မှာသွားနေမလဲ၊ အိုး…ဘုန်းကြီးကျောင်းတွေ ဒီလောက်ပေါတာ…



www.burmeseclassic.com

www.burmeseclassic.com



ငါ့မောင်လေးတွေ၊ ငါ့မောင်လေးတွေ၊ သနားလိုက်တာ။ ငါ့တစ်ယောက်ထဲကတော့ ဘာအရေးလဲ၊ ငါ့မောင်လေးတွေ သနားစရာကောင်းလိုက်တာ၊ ဟင်း..မတတ်နိုင်ဘူးလေ၊ သူဌေး ပြန်မရောက်ခင် ငါတို့မောင်နှမ မြန်မြန်ထွက်သွားလိုက်တာပဲ ကောင်းပါတယ်လေ...

တွေးရင်း မျက်ရည်တွေကျရင်းက ရွှေပုလဲသည်ကောက် ကာငင်ကာပင် ပစ္စည်းလေးတွေကောက်သိမ်းတော့သည်။ လော လောဆယ်ဆယ် နိုင်သည့်ပစ္စည်းလေးတွေသာ ထုပ်ပိုးပြင်ဆင်ပြီး မောင်လေးတွေဆီ ရွှေပုလဲ ကြည့်လိုက်သည်။ အငယ်ဆုံးမောင် လေးက အိပ်ပျော်နေရှာ၏။ ကိုကိုနှင့်ညီညီအမြွှာက စာရေးစာဖတ် နေကြသည်။

ရွှေပုလဲသည် မျက်ရည်တွေကိုသုပ်ပြီး မောင်လေးတွေ အနီးသွားလိုက်ရင်းက...

"ကိုကို..ညီညီ လာ၊ အပြင်မှာမိုးအေးတယ်၊ အနွေး ထည်လေးတွေထပ်ဝတ်လိုက်နော်၊ ပြီးတော့ မောင်လေးတို့စာအုပ် တွေသိမ်း၊ လွယ်အိတ်ထဲထည့်၊ မမတို့သွားကြမယ်..."

"ဟင်..မမ၊ ဘယ်သွားမလို့လဲ၊ ဟင်း..မိုးချုပ်နေပြီ သားလည်းအိပ်ချင်နေပြီ..."

ကိုကိုနှင့်ညီညီတို့စကားကြောင့် ရွှေပုလဲမှာ မောင်လေး တွေကို သနားသွားပြီး ငိုချင်သွားရသည်။

"အင်းပါ၊ နောက်တော့အိပ်ရမယ်လေ၊ ခဏလေးအား တင်းထားလိုက်နော်၊ ကဲ..လာ..လာ သွားကြရအောင်..."





ရွှေပုလဲဆိုရင်း မောင်လေးတွေကို အပြင်ခေါ်ထွက်ခဲ့ သည်။ အပြင်ရောက်မှ ရေသယ်သည့်တွန်းလှည်းလေးပေါ်တွင် အိပ်ရာလိပ်နှင့်အဝတ်ထုပ်တွေတင်လိုက်ပြီး ရေသယ်လှည်းလေး ကို မောင်နှမသုံးယောက် တွန်းခဲ့သည်။ ရွှေပုလဲလက်တစ်ဖက်က မောင်အငယ်ဆုံးလေးအိပ်နေသည့် တွန်းလှည်းလေးကိုတွန်းခဲ့၏။

ခြံဂိတ်ဆီသို့ မောင်နှမတွေတွန်းလာခဲ့စဉ်တွင် ခြံဂိတ်မှ မောင်းဝင်လာသည့် ကားမီးရောင်က သူတို့မောင်နှမမြင်ကွင်းထက် ဖြာကျလာ၏။

ဟင်..ဒါက...

မျက်မှောင်တွန့်ကာ ရင်ခုန်စွာဖြင့် ကျော်ထိုက်ရှိန်း နှုတ်မှ ရေရွတ်ရင်း ကျော်ထိုက်ရှိန်းသည် ကားလေးအား ရွှေပုလဲတို့မောင် နှမရှေ့နားတွင် ညင်သာစွာထိုးရပ်လိုက်သည်။ သည့်နောက် ကျော်ထိုက်ရှိန်းသည် ကားပေါ်မှဆင်းလိုက်ပြီး ရွှေပုလဲရှေ့တွင် သွားရောက်ရပ်ကာ ကြည့်နေလိုက်၏။

ငိုထားသည့်မျက်နှာလေးနှင့် ရွှေပုလဲမျက်နှာလေးအား ကျော်ထိုက်ရှိန်း သတိထားမိလိုက်သည်။ ရွှေပုလဲသည် စကားမဆို၊ ရှေ့ဆက်သွားရန်ခြေလှမ်းကို ဆက်လှမ်းလိုက်သည်တွင် ကျော် ထိုက်ရှိန်းသည် ရွှေပုလဲနှင့်နီးကပ်စွာရပ်လိုက်ပြီး...

"ထွက်သွားတော့မယ်ပေါ့၊ ဘယ်ကိုထွက်သွားမှာလဲ၊ ဘာကြောင့်ထွက်သွားမှာလဲ၊ ကိုယ့်ကိုပြောခဲ့ဖို့မသင့်ဘူးလား..."

"ထွက်တော့ထွက်သွားရလိမ့်မယ်၊ ပြောခဲ့ဆိုလည်းပြော ခဲ့လို့ရပါတယ်၊ ဘုန်းကြီးကျောင်းမှာပဲ သွားနေတော့မယ်..."



www.burmeseclassic.com

www.burmeseclassic.com



“ဘာလို့အခုမှထွက်သွားချင်ရတာလဲ၊ ဘယ်သူကထွက်သွားခိုင်းလို့လဲ…”

ထိုစကားအတွက် ရွှေပုလဲ မျက်ရည်တွေစီးကျလာသည်။ ရင်ဝယ်မခံစားဖူးသည့်ဆို့နင့်လှိုက်လှဲစွာ ခံစားလာရ၏။

“ပြောလေ၊ အခုမှဘာလို့ထွက်သွားချင်ရတာလဲ၊ ဘယ်သူကထွက်သွားခိုင်းလို့လဲ…”

“ဘယ်သူမှထွက်သွားမခိုင်းပါဘူး၊ ထွက်သွားသင့်တယ်ထင်လို့ပါ…”

“သြော်..ဒီလိုပဲ ဘာမှမဖြစ်သလိုလွယ်လွယ်လေးနဲ့ ထွက်သွားနိုင်တယ်ပေါ့၊ ဟုတ်လား…”

ရွှေပုလဲ မဖြေ၊ မျက်ရည်တွေသာထိခိုက်ဝမ်းနည်းစွာဖြင့် စီးဆင်းဆဲရှိနေ၏။

“ကိုယ် ခွင့်မပြုဘူး၊ ပြန်ဝင်ပါ…”

“ခွင့်လွှတ်ပါ သူဌေး၊ ရွှေပုလဲတို့မောင်နှမ ဒီမှာမနေတော့တာတစ်ခုမျှပါပဲ၊ ရွှေပုလဲ ဒီကိုလာပြီးနေ့တိုင်းအလုပ်ဆင်းမှာပါ၊ မပျက်ကွက်စေရပါဘူး…”

“ကိုယ်ပြောနေတယ်၊ ကိုယ် ခွင့်မပြုဘူး၊ ပြန်ဝင်ပါလို့၊ လာ..ကိုကို ညီညီ အိမ်ထဲဝင်ကြမယ်…”

သူဆိုရင်း ပစ္စည်းတွေတင်ထားသည့်တွန်းလှည်းကိုတွန်းပြီး ကိုကို၊ ညီညီကို အိမ်ထဲပြန်ခေါ်သွားသည်။ ရွှေပုလဲသည်က နေရာ၌ပင် ရပ်ကျန်ရစ်၏။

ပစ္စည်းတွေနှင့်ကလေးတွေကို တိုက်ထဲထားရစ်ပြီး ရွှေပုလဲ





ထံ ကျော်ထိုက်ရှိန်း ပြန်ရောက်လာသည်။ ရွှေပုလဲသည်က ကိုယ်နှင့်စိတ်ကင်းကွာနေသကဲ့သို့ ရပ်နေ၏။ ကျော်ထိုက်ရှိန်းသည် ကားမီးရောင်အောက်မှ ရွှေပုလဲ၏မျက်ရည်များစိုလူးနေသည့်မျက်နှာလေးဆီ အတန်ကြာကြည့်နေပြီးမှ…

“ဘာလို့ပေတေပြီးရပ်နေတာလဲ၊ အိမ်ထဲဝင်ပါ၊ ကိုယ့်စကားနားမထောင်ရင် ကိုယ် ချီသွားမှာနော်…”

“ခွင့်လွှတ်ပါ သူဌေး၊ လပေါင်းများစွာလက်ခံခဲ့တာ ကျေးဇူးတင်ပါတယ်၊ မနက်ဖြန်မှပဲ မောင်လေးတွေကို ရွှေပုလဲ လာခေါ်ပါ့မယ်…”

စကားအဆုံး ရွှေပုလဲ လှမ်းထွက်သွားလိုက်သည်တွင် ကျော်ထိုက်ရှိန်းသည် ရွှေပုလဲ၏လက်ကောက်ဝတ်နေရာလေးဆီ မြဲမြဲစွာဆုပ်ကိုင်ဖမ်းဆွဲထားလိုက်လေသည်။

ပြီးတော့ သူတို့တစ်ယောက်ကိုတစ်ယောက် ကြည့်သည်။ ရွှေပုလဲမျက်နှာလေးသည်က မျက်ရည်တို့နှင့်ရွှဲနစ်နေလေ၏။ ကျော်ထိုက်ရှိန်းသည် ရွှေပုလဲ၏ဖူးနေသောမျက်နှာလေးဆီ အတန်ကြာကြည့်နေပြီးမှ ရွှေပုလဲကိုယ်လေးအား ညင်သာစွာထွေးဖက်ထားလိုက်လေ၏။

“ရွှေပုလဲ မင်းကိုတောင်းပန်တယ်၊ မသွားပါနဲ့၊ မင်းသာထွက်သွားမယ်ဆိုရင် ကိုယ် ဦးဘဟိန်းကိုပြောလာခဲ့တဲ့စကားတွေဟာ အလကားဖြစ်သွားလိမ့်မယ်…”

သူဆိုရင်း ရွှေပုလဲမျက်နှာလေးဆီ ပြန်ကြည့်လိုက်သည်။ ပြီးတော့ သူ့အင်္ကျီအိတ်ထဲမှ လက်ကိုင်ပဝါကို ရွှေပုလဲမျက်ရည်



www.burmeseclassic.com

www.burmeseclassic.com

သုပ်ဖို့ သူ့ ထုပ်ပေးလိုက်သည်။

ရွှေပုလဲသည် သူ့စကားများအတွက် အံ့သြစွာကြည့်ရင်း သူ ပေးသည့်လက်ကိုင်ပဝါကို ယူလိုက်ပြီး…

ဗျို…

အွန်…

သူ့လက်ကိုင်ပဝါနှင့် ရွှေပုလဲ မျက်ရည်တွေသုပ်ပြီးနှပ်ပါ ညှစ်ပစ်လိုက်လေ၍ သူ့ မျက်နှာရှုံ့တွန့်ကာ ရင်ထဲပျို့ချင်ချင်ကြီး ဖြစ်သွားရသည်။

ပြီးတော့ လက်ကိုင်ပဝါကို ရွှေပုလဲ သူ့ကိုပြန်ပေးနေ၍ သူ့မှာမျက်လုံးပြူးကာ လက်တွန့်၊ စိတ်တွန့်ကြီးဖြစ်နေရပါတော့၏။

သို့သော် သူ့အသွင်သည်ကဖြင့် ကျေနပ်ကြည်နူးနေဟန် ပြုံးရောင်ရောင်နှင့်ပါတည်း…။

× × × × ×

“မြင့်မြင့်မိုး နင် ငါ့ကိုဘာမှထပ်ပြီးမပြောနဲ့၊ နင့်ရဲ့အသုံးမကျမှုကိုလည်း နင် သိ၊ ငါ့မြေးမျက်နှာနဲ့ငါပဲ နင့်ကို အိမ်ဖော် ခေါ်တင်ထားတယ်ဆိုတာ…

ငါ မြေးတွေကိုချစ်တယ်၊ ငါ့သားကိုယ်စား ဒီလိုပဲ ငါ့ သမီးကိုယ်စား ငါ့သမီးကမွေးတဲ့ငါ့မြေးကိုလည်း ငါ ချစ်တယ်၊ ငါ့ကို ကျော်ပြီး နင် ဘာမှမပြောနဲ့၊ နင် ငါ့ကို ဆရာ မလုပ်နဲ့၊





နင့်မှာလုပ်ပိုင်ခွင့်မရှိဘူး၊ ဒါပဲ…”

ဒေါ်သကြီးသည် ဖယောက္ခမကြောင့် ဒေါ်မြင့်မြင့်မိုးမှာ ရှေ့ဆက်စကားမဆိုရဲတော့ဘဲ ဖြုံသွားရသည်။

“ဒေါ်လေး‥ဘိုးဘိုး ဧည့်သည်ရောက်နေတယ်…”

ဦးဘဟိန်း ဒေါ်သကြီးနေဆဲ ဧည့်သည်ရောက်ကြောင်း အိမ်ဖော်အလုပ်သမားလေးပြော၍ ဦးဘဟိန်းသည် မိသားစုဧည့်ခန်းထဲမှထွက်ပြီး ဧည့်သည်ဧည့်ခံသည့်ဧည့်ခန်းကြီးဆီသို့ ထွက်ခဲ့လိုက်၏။

ဒေါ်မြင့်မြင့်မိုးသည်က ခုမှပဲအချုပ်အနှောင်ကလွှတ်သွားသည့်ငှက်တစ်ကောင်အလား၊ လျှင်မြန်စွာထွက်ခဲ့ပြီး ယမင်းခင် အခန်းဆီသို့ လှမ်းခဲ့သည်။

“ဟဲ့‥ယမင်းခင်၊ ဟိုမှာ ဖေဖေ့ဧည့်သည်ရောက်နေ တယ်၊ နင် ကော်ဖီဖျော်ပြီးသွားပို့လိုက်၊ ငါ သွားစရာရှိတယ်…”

အပြင်ထွက်ရန်အခန်းထဲမှ ထွက်လာသည့် ယမင်းခင်နှင့် တွေ့သည်တွင် မျက်နှာထားနှင့်ဒေါ်မြင့်မြင့်မိုး ဆိုလာ၍၊ ယမင်းခင်မှာ မျက်နှာပျက်သွားရသော်လည်း၊ ရုတ်ချည်းနှိမ့်ချသိမ်မွေ့ဟန် လေးပြင်ဖြစ်ရင်း…

“ဟုတ်ကဲ့ အန်တီမိုး၊ သွားပါ၊ ယမင်း လုပ်လိုက်ပါ့ မယ်…”

စကားအဆုံး ဒေါ်မြင့်မြင့်မိုး ထွက်သွားသည်တွင် ယမင်းခင်သည် အလုပ်သမားတစ်ဦးကို ကော်ဖီဖျော်ခိုင်းလိုက်ပြီး ကော်ဖီ ဆင်ဇန်းလေးမ,ကာ ဧည့်ခန်းထဲသို့ဝင်ခဲ့လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ညော့်ခန်းဝနားအရောက် လူပိုမဝင်လာစေလိုသည့်သဘော နှင့် ဦးဘဟိန်း၏အတွင်းရေးမှူးသည် ယမင်းခင် လက်ထဲမှကော်ဖီ ဇန်းကိုယူလိုက်ပြီး…

"ရပါပြီ၊ ကျေးဇူးတင်ပါတယ်…"

ညော့်သည်၏နောက်ကျောကိုသာမြင်ခဲ့ပြီး မည်သူမည်ဝါ ဘာကိစ္စနှင့်လာသည့်ညော့်သည်မှန်း မသိလိုက်ရ၍ ယမင်းခင် စိတ်ဝင်စားသွားရသည်။

သည့်အတွက် ယမင်းခင်သည် ဘာတွေပြော၍ဘာကိစ္စ မှန်းစပ်စုလိုစိတ်ဖြင့် စေ့ထားသည့်ညော့်ခန်းကြီး၏တံခါးဝနားတွင် ရပ်ကာ ချောင်းကြည့်ပြီးနားစွင့်ထားဖြစ်၏။

အခုလာတဲ့ညော့်သည်က ဘယ်သူလဲ၊ ရှေ့နေလား၊ ဘာကိစ္စမို့ တိုးတိုးတိတ်တိတ်လုပ်နေတာလဲ…

စိတ်ထဲဆိုရင်း ညော့်သည်မျက်နှာကိုမြင်နိုင်အောင် ယမင်း ခင် ကြိုးစားကြည့်သော်လည်း မမြင်ရဘဲရှိ၏။ ကြည့်နေဆဲ ညော့် သည်သည် အတက်ချိကေ့စ်ကိုဖွင့်ပြီး အထဲမှစာရွက်စာတန်းတွေ ထုပ်ကာ အဘိုးကြီးဆီလှမ်းပေးလိုက်သည်ကို ယမင်းခင် တွေ့ လိုက်ရသည်။

ဟင်..လှမ်းပေးလိုက်တာ စာချုပ်တွေပဲ၊ ဘာစာချုပ်တွေ ပါလိမ့်၊ ဘာကိစ္စနဲ့သက်ဆိုင်တဲ့စာချုပ်တွေပါလိမ့်…

ဟော..အဘိုးကြီးက သေချာဖတ်ကြည့်ပြီး လက်မှတ်ထိုး နေပြီ၊ ကြည့်ရတာ ဒါ သိပ်အရေးကြီးတဲ့ကိစ္စတစ်ခုဖြစ်လိမ့်မယ်..

အဘိုးကြီးကိုကြည့်ရတာ အဘိုးကြီးအသွင်က အရမ်း





ကျေနပ်အားရနေတဲ့ပုံမျိုးပဲ…

ယမင်းခင်သည် ဦးဘဟိန်းအသွင်ဆီ စိုက်စိုက်ကြီးကြည့် ပြီး စူးစမ်းလေ့လာနေဖြစ်သည်။ သို့သော်လည်း အကဲဖြတ်မရ၍ ယမင်းခင် စိတ်ထဲမချင့်မရဲရှိနေရ၏။ ဘာတွေပြောသည်ကို ယမင်းခင်သည် နားနှင့်တံခါးနားကပ်ပြီး အာရုံစိုက်နားထောင် လိုက်သည်။

"ကျုပ် စိတ်အေးပြီ၊ ကျုပ် ကျေနပ်သွားပြီ၊ ကျုပ်ကို နှလိုအကြံပေးတဲ့အတွက် ခင်ဗျားကို ကျုပ် အထူးပဲကျေးဇူးတင် တယ်၊ ဆက်လက်ပြီးလည်း စောင့်ရှောက်ပေးဖို့ ကျုပ် မေတ္တာ ရပ်ခံပါတယ်…"

ဦးဘဟိန်းပြောသော စကားကိုကြားလိုက်ရသည့် ယမင်း ခင်သည် ဇဝေဇဝါဖြင့်အံ့ဩရင်း စိတ်တွေလှုပ်ရှားသွားလိုက်ရ သည်။ ဘာကိုရည်ရွယ်မှန်းမသိသော်ကြောင့်လည်း ယမင်းခင် စိတ်ထဲ မချင့်မရဲဖြစ်လွန်းနေရလေ၏။

သည့်အတွက် ယမင်းခင်သည် တောင်းတွေးမြောက်တွေး နှင့် မလုံမလဲဖြစ်ကာ စိတ်အမှောင်သည် ပို၍လွှမ်းမိုးလာသရောင် ပြီး မျက်နှာပြင်သည် အကြံအစည်နှင့်ပြည့်သောမျက်နှာမျိုးနယ် ဖြစ်နေရပါတော့သတည်း…။ ॥

ØØ ØØ ØØ



www.burmeseclassic.com

www.burmeseclassic.com

### - နှစ်ဆယ့်ခုနစ် -

မျက်လုံးကအကျင့်ဖြစ်နေပြီမို့ နိုးနေကျအချိန်တွင် အလို အလျောက်နိုးလာ၏။ သည်နေ့တနင်္ဂနွေနေ့ အားရက်ဖြစ်သော်လည်း ရွှေပုလဲအဖို့က ထူးမခြားနားလှပါ…။

သို့သော်လည်း ရွှေပုလဲသည် နည်းနည်းစောသေးသဖြင့် အိပ်ရာမှမထသေးဘဲ၊ ဘယ်ညာလှည့်ရင်းက တောင်တွေးမြောက်တွေးဖြင့်ရှိနေ၏။

ဘာကြောင့်မှန်းမသိ၊ သည်နေ့မနက်မှ ကျော်ထိုက်ရှိန်းသည်လည်း စောစောနိုးလာ၏ ပြီးတော့ သူသည် ညက သူ့အိပ်ခန်းထဲဝင်၍မအိပ်၊ ရွှေပုလဲတို့ မောင်နှမထွက်သွားမည်ကိုစိုး၍ အောက်ထပ်ဆင်းမည့်လှေကားထိပ်၊ ပွတ်လုံးတိုင်များနားတွင် သူသည် ဒရင်းဘက်ခ်ကိုခင်းပြီး စောင့်အိပ်ဖြစ်ရ၏။

ချုပ်··ချုပ်အသံကြားလျှင် သူ မျက်လုံးဖွင့်ကြည့်သည်။ ညက ကြက်အိပ်၊ ကြက်နိုးလို သူ အိပ်ခဲ့ရသော်လည်း သူ့စိတ်မှာ လန်းဆန်းတက်ကြွနေသည်ပါ။ ခုလည်း အောက်ထပ်တွင်





ရွှေပုလဲတစ်ယောက် ဟိုဘက်ဒီဘက်လှည့်သံလေးလို သူ ကြားသည်နှင့်နိုးနေပါပြီ…။

သူ လက်မှနာရီကို တစ်ချက်ကြည့်လိုက်ပြီး ဒီအချိန်ဆိုလျှင် ရွှေပုလဲ နိုးနေပြီလားဟူသောအတွေးနှင့် သူ တစ်ချက် အောက်သို့ ငုံ့ကြည့်ဖြစ်လိုက်သည်။ မီးရောင်အောက်တွင် ရွှေပုလဲ မျက်ဝန်းလေးအစုံပွင့်နေသည်ကို တွေ့သည်တွင် သူ တစ်ချက် ပြုံးလိုက်ပြီး…

"အဟမ်း…"

"ဟင်··အဲ…"

အပေါ်မှ ချောင်းဟန့်သံလိုကြားတော့ ရွှေပုလဲမှာလန့်ဖြန့်သလိုရှိရင်း မျက်လုံးလေးပြူးကာ အပေါ်ထပ်သို့မော့ကြည့်ဖြစ်လိုက်သည်။ လှေကားထိပ်ပွတ်လုံးတိုင်များနားမှ ကျော်ထိုက်ရှိန်း အိပ်နေသည်ကိုတွေ့သည်တွင် ရွှေပုလဲ အံ့သြသွားရသည်ကအမှန်ပါ…။

"ဟင်··အဲဒီနေရာမှာ အိပ်တယ်ပေါ့လေ…"

အိပ်နေရာမှငေါက်ကနဲထ,ထိုင်ကာ အပေါ်ထပ်သို့မော့ကြည့်ရင်း ရွှေပုလဲ မေးသည်။ ကျော်ထိုက်ရှိန်းကလည်း မှောက်ခုံအိပ်ပြီး ရွှေပုလဲထံ ငုံ့ကြည့်ရင်း…

"မြင်နေရက်နဲ့မေးရတယ်လို့…"

"ဘာလို့အဲဒီလိုအိပ်တာလဲ…"

"စောင့်အိပ်တာလေ…"

"ဘာကိုစောင့်အိပ်တာလဲ…"



www.burmeseclassic.com

www.burmeseclassic.com



"မင်းထွက်သွားမှာစိုးလို့…"

သူ့စကားကြောင့် ရွှေပုလဲမျက်လုံးလေး ပြူးဝိုင်းသွားရင်းလည်းတယ်တယ်လုပ်ကာ မသိမသာရှက်ပြုံးကြည်နူးပြုံးလေးဖြင့် မျက်နှာလေးလွှဲဖြစ်ရ၏။

တစ်ယောက်ကအတည်ပေါက်ကြီးနှင့်ဆိုနေသမျှ ရွှေပုလဲမှာ ထုံးစံအတိုင်း မချိုမချဉ်နှင့်ပြောင်ချော်ချော်လုပ်နေ၏။ ရွှေပုလဲ၏ပုံစံစတိုင်လ်လေးကိုလည်း ကျော်ထိုက်ရှိန်းကသိပြီးသားမို့ မဆန်းတော့ပါ…။

"အဟင်း··ဘာလို့စိုးရိမ်ရတာလဲလေ၊ လူဆိုတာတွေ့ဆုံကြုံကွဲတွေပါ၊ အချိန်တန်ရင် ကိုယ့်လမ်းကိုယ့်လျှောက်ကြဖို့အတွက် ခွဲခွာကြရမှာပဲမဟုတ်လား…"

စာသံပေသံနှင့်တရားဘာဝနာသံတွေနှောရင်း ရယ်ချင်သော်လည်း ခပ်တည်တည်လုပ်ကာ ရွှေပုလဲဆိုတော့…

"ကိုယ်တို့ခွဲစရာအကြောင်းမရှိပါဘူး၊ ကိုယ်ဆုံးဖြတ်ပြီးသား၊ ကိုယ်တို့ဘယ်တော့မှမခွဲဘူး…"

"အား··အဟတ်··ဟတ်··ဟတ်…"

မအောင့်နိုင်တော့၊ ရွှေပုလဲ အော်ဟစ်ရယ်ကာ၊ အိပ်ရာမှထပြေးထွက်သွားလိုက်ပါတော့၏။

ကျော်ထိုက်ရှိန်းသည်လည်း ကိုယ့်အရှိန်နှင့်ကိုယ် ဟုတ်နေပြီဟု၊ မိမိကိုယ်မိမိအားပေးရင်း အိပ်ရာမှထကာ ရွှေပုလဲတစ်ယောက် သူ ပြောလိုက်သည့်စကားအတွက် မည်သို့ရှိနေမည်ကို သိလိုစိတ်ဖြင့်လိုက်၍ ချောင်းကြည့်ဖြစ်၏။





ကျော်ထိုက်ရှိန်းရင်ထဲမတော့ ကြည်နူးကျေနပ်၍ အစဉ်မှုံတည်စွာနေတတ်သည့်သူ့မျက်နှာချောချောသည် ပြုံးရောင်နှယ်ရှိနေရပါသတည်း…။

× × × × ×

နံနက်ခုနစ်နာရီထိုးတော့မည်မို့ မနက်ကော်ဖီသောက်ရန်အတွက် ယမင်းခင်သည် ထမင်းစားခန်းသို့ လှမ်းလာခဲ့၏။ ထမင်းစားခန်းနားအရောက်မတော့ ယမင်းခင် ခြေလှမ်းတွေတန့်သွားရသည်။

မှန်သည်။ ထမင်းစားခန်းထဲတွင် ကော်ဖီသောက်ရင်းသားအမိနှစ်ယောက်၏ ကျယ်လောင်စွာပြောဆိုနေသည့် စကားသံတွေကြောင့် ယမင်းသည် ရပ်၍နားထောင်နေဖြစ်လိုက်ခြင်းပါ။

"နင့်ကိစ္စတွေ နင့်အဘိုးကိုပဲ နင်ကိုယ်တိုင်ပြောပါလား၊ နင်ကိုက အနေအထိုင်မဟုတ်တာ မိနဒီ၊ ရှူးသလိုလို၊ ပေါသလိုလိုနဲ့ တစခါထဲ ငါ မပြောလိုက်ချင်ဘူး…"

"အိုး··နဒီက ဒီလိုပဲနေတတ်တာပဲ၊ မေမေပဲ လောဘလိုက်ကြီးနေတာကိုး၊ ဘိုးဘိုးအကြောင်းလည်းသိသားနဲ့၊ မေမေကနေရာတကာ ဝင်ပါချင်တာကိုး…"

"ဟဲ့··ကောင်မ၊ နင် မအေကိုဒီလိုပဲပြောရလား၊ နင်တိတ်စမ်း၊ နင် ဘယ်လောက်နားလည်လို့လဲ၊ တစ်သက်လုံးကနေလာလိုက်တာ မြေးတစ်ယောက်ထဲပါ၊ သူ့မှာသမီးလည်းသေပြီ၊



www.burmeseclassic.com

www.burmeseclassic.com



သားလည်းသေပြီဆိုတော့ အခိုင်အလုံပဲ၊ ဒါတောင်မြေးဆိုတာက ကမ္ဘာခြေးမှထပ်ပြီးပေါ်လာရတယ်လို့၊ မဖြစ်နိုင်တဲ့ဟာတွေ…

ငါတော့ အဘိုးကြီးကြောင့်သာ နေနေရတာ၊ ဟိုကောင်မ မိယမင်းခင်ကို နည်းနည်းမှမယုံဘူး၊ ဒါပေမဲ့ ဒီကောင်မက အနေ အစားမှင်သေတယ်…"

"မေမေကလည်းဘာဖြစ်လဲ၊ သူ့ကို ဘိုးကလက်ခံနေတာ ပဲဟာ၊ သူ လူလိမ်ဖြစ်ဦးတော့ သူ့ကိုပစ္စည်းတစ်ပုံပေးလိုက်လို့ လည်း ဘိုးဘိုးမှာ ဘာမှထိခိုက်မသွားပါဘူး…"

"တိတ်စမ်း နဒီ၊ ညီးဘာမှမသိဘူး၊ ညီးအဘိုးဘာတွေ လုပ်နေလဲဆိုတာ ညီးမသိဘူးမဟုတ်လား၊ ဟိုနေ့က ညီးအဘိုး ဆီ ရှေ့သည်တစ်ယောက်လာတယ်တဲ့၊ အဲဒီလူကရှေ့နေဆိုလား ပဲ၊ ညီးအဘိုးက စာရွက်စာတမ်းတွေမှာ လက်မှတ်တွေတောင်ထိုး လို့တဲ့…"

"အဲဒါ မေမေ့ကို ဘယ်သူကပြောလို့လဲ…"

"ဟိုကောင်မပဲပေါ့…"

"ဘယ်ကောင်မလဲ…"

"ယမင်းခင်လေ…"

"ဪ…မေမေကလည်း သူ့ကိုပဲကျေးဇူးတင်ပါဦး၊ သူ မပြောရင် မေမေတောင် သိမှာမဟုတ်ဘူး…"

"မိနဒီ၊ ညီး သူနဲ့မှန်တန်းနေနော်၊ ညီးကရူးသလို၊ ပေါ သလိုနဲ့၊ ဟိုကောင်မကအကြိုက်ပေးရင် ညီးကအမြီးလေးနှံ့နှံ့…နှံ့ နဲ့ပါသွားတဲ့အစားမျိုး…"





"မေမေကလည်း ကိုယ့်သမီးကို ခွေးနဲ့နှိုင်းရလား၊ မေမေ နော်၊ ဟင်း…"

"အေး…ညီး အဲဒီလိုရူးရူးပေါပေါပဲနေ၊ ညီး ဘာမှမသိ ဘူး၊ အခု ညီးအဘိုးက ဟိုကောင်မကိုပဲအမွေများများပေးထား ဦးမြို…"

"မေမေက ဘယ်လိုသိတာလဲ…"

"ဟဲ့…စာချုပ်တွေမှာလက်မှတ်တွေထိုးတယ် ဆိုကတည်း က ဒီကိစ္စပဲဖြစ်မှာပေါ့ အရူးမရဲ့…"

"ခက်တယ်၊ မေမေကလည်း တကယ်လောဘကြီး တယ်၊ မေမေ မပူနဲ့၊ ဘိုးဘိုးမှာလည်း စဉ်းစားဉာဏ်ရှိပြီးသားပဲ၊ မြေးနှစ်ယောက်ရှိရင် မြေးနှစ်ယောက်အတွက် အညီအမျှပဲ ဘိုးက ပေးမှာပါ၊ အဲ…မေမေက ချွေးမမို့ ဘိုးကမေမေ့ကိုတော့ ပေးမှာ မဟုတ်တာသေချာတယ်…"

"အရူးမ…ညီးတော့လေ…"

ထမင်းစားခန်းထဲမှ သားအမိနှစ်ယောက် ပြောနေသည့် စကားတွေကို ယမင်းခင်မှာ သေချာစွာနားထောင်နေဖြစ်သည်။ တစ်ဆက်တည်းလည်း အဘိုးကြီးလက်မှတ်ထိုးသည့်စာချုပ်တွေ ကိစ္စကို ဒေါ်မြင့်မြင့်မို့ ပြောသကဲ့သို့ပဲလားဟု တွေးဖြစ်၏။

သို့သော်လည်း ယမင်းခင်စိတ်ကဖြင့် မိမိအကြောင်း မိမိအသိဆုံးမို့ အလိုလိုနေရင်း စိုးရိမ်ကြောင့်ကျစိတ်တွေနှင့်ရှိနေ ရသည်ပါ။

သည့်အတွက် ပိုင်အောင်နိုင်အောင် သေချာအောင်ဟူ



www.burmeseclassic.com

www.burmeseclassic.com



သောစိတ်များနှင့် အတွေးများထဲ၌အကြံအစည်များသည် အစဉ်လိုက်နိုးအောင်းနေရလေသည်တကား…။

မှန်သည်။ ယမင်းခင်သည် ဒေါင်းဟန်ဆောင်သောကျီးမဲဘဝနှင့် ရွှေဘုံပေါ်တွင် ရာသက်လုံးခံစားနေထိုင်သွားနိုင်ရန်အတွက် ထိုပတ်ဝန်းကျင်၊ ထိုအသိုင်းအဝိုင်းထဲမှ ရွှေပုလဲအားမည်ကဲ့သို့ ပ,ထုပ်ပစ်လိုက်ရန်နှင့်…

ရွှေပုလဲအား လူတွေကအထင်သေး၊ အမြင်သေး၊ အထင်လွဲ၊ အမြင်လွဲပြီး ထိုအသိုင်းအဝိုင်း၊ ထိုပတ်ဝန်းကျင်မှ လုံးဝလက်မခံတော့သည့်အခြေအနေမျိုးရောက်အောင် အစဉ်တစိုက်ကျိုးပမ်းနေလေသည်မဟုတ်ပါတကား…။

နေ့စဉ်နှင့်အမျှ ယမင်းခင်တစ်ယောက် ယုတ်ညံ့သောအောက်တန်းကျသော၊ မသမာသောစိတ်အတွေးတွေနှင့် အကြံအစည်တွေနှင့်ရှိနေရသည့်အချိန်များ၌၊ နဂါးပုံတိုက်ကြီးထဲတွင်ကား…။

ကျော်ထိုက်ရှိန်းသည် အပေါ်ထပ်ရှိ သူ့အိပ်ခန်းကြီးထဲမှသူ့အိပ်ရာကြီးအား အသစ်ပြုပြင်ကာ လဲလှဲခင်းကျင်းလိုက်၏။ ပြီးတော့ သူ့အိပ်ရာကြီးကြည့်ပြီး စိတ်ကူးယဉ်ဖြစ်သည်။ ထိုအိပ်ရာကြီးတွင် သူ့ရယ်၊ ရွှေပုလဲရယ်၊ ကလေးတွေရယ်ဟူသောအတွေးဖြင့် သူ့ တစ်ကိုယ်တည်းရှက်ပြုံးပြုံးဖြစ်ရပြန်၏။

အပေါ်ထပ်အိပ်ခန်းထဲတွင် ကျော်ထိုက်ရှိန်းတစ်ယောက်တစ်ကိုယ်တည်းကြည်နူးနေဆဲ၊ အောက်ထပ်ရှိမီးဖိုခန်းတွင်လည်းရွှေပုလဲသည် တစ်ကိုယ်တည်း ကြော်လှော်ချက်ပြုတ်ကာ စားစရာ





တွေကို ပြင်ဆင်နေဆဲ…

"စောင့်အိပ်တာလေ…"

"မင်းထွက်သွားမှာစိုးလို့…"

"ကိုယ်တို့ခွဲစရာအကြောင်းမရှိပါဘူး၊ ကိုယ် ဆုံးဖြတ်ပြီးသား၊ ကိုယ်တို့ဘယ်တော့မှမခွဲဘူး…"

ကျော်ထိုက်ရှိန်းစကားတွေ ပြန်ကြားယောင်ဆဲ ရွှေပုလဲသည် ရင်တွေခုန်စွာပြုံးဖြစ်ရ၏။

ဟော့…

"အား..အမလေး…"

အတွေးနှင့်ရွှေပုလဲ တစ်ကိုယ်တည်းပြုံးနေဆဲ နောက်ဘက်မှရောက်လာသည့် ကျော်ထိုက်ရှိန်းသည် ရွှေပုလဲ ပုခုံးလေးဆီဖျတ်ခနဲရိုက်ခေါ်လိုက်သည်တွင် ရွှေပုလဲမှာ တအားကြီးလန့်ဖျတ်သွာ အော်လိုက်မိ၏။

"ဆောရီး…"

ဆိုရင်း ကျော်ထိုက်ရှိန်းသည် ထုံးစံအတိုင်း ငြိမ်လွန်းသောမျက်နှာထားဖြင့် ရွှေပုလဲလက်ကလေးကို ဆွဲခေါ်သွားလိုက်၏။

"အိုး..ဘယ်ကိုလဲ၊ ဒီမှာမအားဘူးလေ…"

ရွှေပုလဲဆိုသော်လည်း ကျော်ထိုက်ရှိန်းကား စကားမဆို၊ အပေါ်ထပ်သို့သာ ဆွဲခေါ်ခဲ့ပြီး သူ ခင်းကျင်းထားသည့်အိပ်ခန်းနှင့်အိပ်ရာကြီးကိုပြသည်။

"ဒီမှာကြည့်၊ ဒီအိပ်ရာကြီးက မခမ်းနားဘူးလား…"

"ဟား..ဟား..ဟား၊ အိပ်ရာများ ခမ်းနားတယ်လို့ရှိဦး



www.burmeseclassic.com

www.burmeseclassic.com



မလား၊ ဘာစိတ်ကူးနဲ့ဒီလိုလုပ်ထားရတာလဲ…”

“ကိုယ်တို့မိသားစုတွေဖြစ်သွားတဲ့အခါ အတူတူပဲအိ
ကြမယ်လေ၊ မင်းရယ်၊ ကိုယ်ရယ်၊ ကိုယ့်ရဲ့ကလေးတွေရယ်…”

“ဟား…ဟား…ဟား၊ ဘာစကားတွေပြောနေတာလဲ
အဘကြားသွားရင် တကယ်ထင်နေဦးမယ်၊ ဘူဌေးမှာ လူကြီးတွေ
သဘောတူထားတဲ့မိန်းမရှိတယ်ဆိုတာလည်း မမေ့နဲ့ဦးလေ၊ တစ်နေ့
ကျရင် ဒီမိန်းမကို ယူကိုယူရမှာမဟုတ်ဘူးလား…”

ရယ်မောကာ ရွှေပုလဲ ပြောသည့်စကားများအား ကျော်
ထိုက်ရှိန်းသည် ငြိမ်ငြိမ်ကလေးပင် နားထောင်နေဖြစ်ပြီးမှ…

“အဓိပ္ပါယ်မရှိတာတွေမပြောပါနဲ့ ရွှေပုလဲ၊ ကိုယ်ဟာ
ဘယ်တော့မဆို အလုပ်တစ်ခုကိုကိုယ်ရောစိတ်ပါ ပါမှလုပ်တတ်
တဲ့လူစားပါ၊ ကိုယ် စိတ်မဝင်စားတဲ့အလုပ်ကို ခုထိဘယ်တုန်းကမှ
မလုပ်ခဲ့ဖူးဘူး၊ ကိုယ် ပြောတဲ့စကားကို မင်း အလေးထားထား
ပါ…”

သူဆိုရင်း သူ့မျက်လုံးကပြုံးရောင်ရောင်၊ သူ့နှုတ်ခမ်းက
ပြုံးရောင်ရောင်ရှိသည့် သူ့မျက်နှာချောချောဆီ ရွှေပုလဲသည် အံ့ဩ
ခြင်း၊ ကြည်နူးချမ်းမြေ့ခြင်းတွေဖြင့် ငေးမော၍ပင်ကြည့်ဖြစ်သွား
ရသည်ပါ…။

ဟူး…

“အိုး…အမေ့…”

“မင်း ကိုယ့်ကိုဘာကြည့်နေတာလဲ…”

မိမိအား မှင်သက်သလိုငေးကြည့်နေသည့် ရွှေပုလဲ မျက်





လေးဆီ သူ လေနှင့်တစ်ချက်မှုတ်လိုက်၍ ရွှေပုလဲ လန့်သွားရ
ည်တွင် သူ မေးသည်။

ရွှေပုလဲသည် သူ၏မျက်ခုံးတစ်ဘက် ဟန်ပါပါလေးမြင့်
က်သွားသည့် မေးဟန်ပပဆီ ရှက်ပြုံး၊ မလုံမလဲပြုံးလေးနှင့်
က်နှာကိုပြောင်ချော်ချော်လေးတွန့်ကာ မျက်ဝန်းအစုံပါပြုံးထား
ိုက်ရင်းက…

“ချောလို့၊ အဲလေ…အံ့ဩလို့ပေါ့…”

“ဟွန်း…ကိုယ် သိတယ်၊ မင်း ပြောချင်တဲ့စကားအမှန်
ပထမဆုံးထွက်လာတဲ့စကားပါနော်၊ ဟုတ်တယ်မဟုတ်လား၊
င်း ကိုယ့်ကိုချောလို့ကြည့်တာမဟုတ်လား…”

“ပိုက်ဆံမှမပေးရတာ၊ ထင်ချင်သလိုထင်ပေါ့…”

“ပေးရတာပေါ့…”

“ဘာပေးရတာလဲ…”

ရွှတ်…

“အဲ…ကြည့်စမ်း၊ နမ်းတယ်…”

မျက်လုံးလေးပြုံးကာ နှုတ်ခမ်းလေးချွန်သရောင်ဖြင့်
ပုလဲ ဆိုလိုက်သောစကားအတွက် သူသည် လေးနက်သော
ဟန်လွှန့်လွှန့်အကြည့်တွေနှင့်သာ ကြည့်နေလိုက်လေ၏။

“အားလုံးကျက်ပြီ၊ ထမင်းစားမယ်…”

နွေးထွေးထူးခြားနေသည့် သူ့အသွင်ချောချောကြောင့်
ပုလဲသည် ပြောစရာစကားမရှိတော့သလိုဖြင့်ပြောခဲ့ပြီး အခန်း
ခမြေးထွက်သွားလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



တအောင့်ကြာသည့်တွင် ထမင်းစားခန်းဆီသို့ ကျော်ထိုက်ရှိန်း ရောက်လာသည်။

“ရွှေပုလဲ၊ ကိုယ် တစ်ယောက်ထဲထမင်းစားရတာပျင်းတယ်၊ အားလုံးနဲ့အတူစားမယ်…”

“ဟင်..အားလုံးနဲ့ဆိုတာ…”

“မင်းနဲ့ကလေးတွေနဲ့ပေါ့…”

“အို..အဟင်း..ဟင်း..ဟင်း…”

သူ့စကား၊ သူ့အပြုအမူတွေအတွက် ရွှေပုလဲကား ရှက်ရှက်ကလေးရယ်၍ပင် နေရတော့၏။ ပြီးတော့ သူ ပြောသလိုပင် ထမင်းအတူတူစုံ၍စားဖြစ်ကြသည်။

“တကယ်ပါ၊ ဘဝမှာကိုယ်တစ်ယောက်ထဲပဲနေထိုင်ခဲ့ရတော့၊ အစတုန်းက ကိုယ်ဘယ်လိုမှမနေတတ်ခဲ့ဘူး၊ မျက်စိရှုပ်နားရှုပ်နေတယ်၊ ဒါပေမဲ့ အဲဒီမျက်စိရှုပ်နားရှုပ်တာလေးတွေဟာလည်း ကိုယ့်စိတ်တွေကိုပြောင်းလဲစေတာ…

ဘာမှမတွေ့ရင် ကိုယ် မနေတတ်တော့သလို လိုက်ရှာကြည့်ဖြစ်တယ်၊ ဘာမှမကြားရင်လည်းကိုယ် မနေတတ်တော့သလို လိုက်ရှာနေရတော့တယ်၊ အပြင်ကပြန်လာရင် မင်းကိုရှာရတာနဲ့၊ မေးရတာနဲ့၊ ကလေးတွေကိုလည်း ရှာရတာနဲ့မေးရတာနဲ့ ဘယ်သူ့ကိုမှမတွေ့ရင် စိတ်ပူနေရ၊ မျှော်နေရတော့တယ်…

ကိုယ်တို့ဟာ မိသားစုလေးဖြစ်နေသလိုပဲ၊ စက်ရုံမှူးကြီးကတော့ ကိုယ်တို့ရဲ့အဘပေါ့၊ ကိုယ့်ကိုယ်ကိုလည်း သိလာတယ်၊ ကိုယ် ဒီလိုဘဝလေးကို လိုလားလာတယ်…”





“ဟုတ်တယ် မမ၊ သားတို့လည်း ကိုကိုကြီးနဲ့နေရတာ ပျော်လာတယ်၊ အရင်ကလို ကိုကိုကြီးကို မကြောက်တော့ဘူး…”

“ဟုတ်တယ် မမ၊ ညီညီလည်းဒီလိုပဲ၊ ကိုကိုကြီးကို မကြောက်တော့ဘူး…”

“ကဲ..ကြားလား ကလေးတွေကတောင် ကိုယ့်ကိုနားလည်လာပြီ…”

“အင်း..ဒါဖြင့် ခုအချိန်ကစပြီး ရွှေပုလဲတို့အားလုံးက မောင်နှမတွေဖြစ်သွားပြီပေါ့…”

“ဟုတ်တယ်၊ မောင်နှမတော့မောင်နှမတွေလို့ပြောရင် ရတယ်၊ ဒါပေမဲ့ မင်းနဲ့ကိုယ်ကတော့ မောင်နှမ မဟုတ်ဘူး၊ မင်းကို ညီမတစ်ယောက်လို ကိုယ် မတော်စပ်ချင်ဘူး…”

“ဒါဆိုလည်းနေပေါ့၊ ကဲ..စားပြီးရင်ဆေးရုံသွားရဦးမယ်၊ မောင်လေးတို့စားစား၊ ပြီးရင် ဘဘကြီးဆီမှာ ညီလေးကို ဝိုင်းကြည့်ပြီး သွားကစားကြနော်…”

“ဟုတ်ကဲ့ မမ…”

ရွှေပုလဲ ရယ်ချင်စိတ်ကိုမျိုသိပ်ပြီး စကားတွေပြောကာ ရေသောက်နေလိုက်သည်။ ကျော်ထိုက်ရှိန်းသည်က ဘာဆက်ပြောရမည်မှန်းမသိသလို၊ စိတ်ထဲအားမလိုအားမရနှင့်ငြိမ်သက်နေဆဲ..

တီး…

“ဟော..လူခေါ်ဘဲလ်၊ သား သွားဖွင့်လိုက်မယ်…”

လူခေါ်ဘဲလ်သံကြောင့် ကိုကိုဆိုရင်း ထမင်းစားခန်းထဲမှ ပြေးထွက်သွားလိုက်သည်။ ဘယ်ကဧည့်သည်လာလဲမသိသော



www.burmeseclassic.com

www.burmeseclassic.com



အသိနှင့်ရွှေပုလဲကား ကျော်ထိုက်ရှိန်းပါ စိတ်ကညွှ်သည်ထံ ရောက်သွားကြရ၏။

မကြာလိုက်၊ ကိုကိုနှင့်အတူ ဒေါက်တာ စိုးဝေပါ ထမင်းစားခန်းထဲသို့ရောက်လာ၏။

"ဟား..အစ်ကို၊ ထမင်းစားနော်၊ ခူးခိုက်မယ်..."

"မလုပ်နဲ့ ညီမ၊ အစ်ကို အခုပဲစားခဲ့တယ်၊ ထမင်းစားပြီးလို့ ဒီဘက်ထွက်လာတာ၊ ညီမ မေမေ အခြေအနေလည်း ကောင်းတယ်၊ အစ်ကို့ကိုမြင်ရင် စိုးရိမ်ပြီးမေးတတ်လို့ အစ်ကိုအကြံပြီးပြောထားတာ၊ အဟွန်း..."

ဒေါက်တာ စိုးဝေဆိုရင်း ပြုံးသည်။ ဒေါက်တာ စိုးဝေ အသွင်သည် ရင်းနှီးခင်မင်တတ်ခြင်းနှင့်အမျှ၊ လွန်စွာဖြူစင်သန့်ရှင်း၍ သိမ်မွေ့သည်ပါ...။

သို့သော်လည်း ကျော်ထိုက်ရှိန်းကား ဒေါက်တာ စိုးဝေ ရောက်လာ၍ မပြီးပြတ်သေးသော သူ့စိတ်ကူးတွေအတွက်ကြောင့် ဒေါက်တာ စိုးဝေ ရောက်လာခြင်းအတွက် သူ့ရင်ဝယ် ကသိကအောင့်ကြီး ဖြစ်နေရသည်မဟုတ်ပါလား...။

မှန်သည်။ ပွင့်ပွင့်လင်းလင်းဆိုရသော် သူသည် ဒေါက်တာ စိုးဝေ ရောက်လာခြင်းအတွက် ရင်ဝယ်ကသိကအောင့်နှင့် သဝန်တိုနေဖြစ်ရပါသတည်း...။

× × × × ×





လုပ်ချင်သည်။ လုပ်ရန်းနီးနီးဖြင့်လည်းရှိ၏။ စိတ်မှာမဝံ့မရဲသလို၊ လိပ်ပြာမလုံသလို၊ လုပ်လိုက်တော့လည်း ဘာဖြစ်မှာလဲဟူသောစိတ်ကူးတွေက လွန်ဆွဲနေလေ၏။

မှန်သည်။ ယမင်းခင်ပါ။ ယမင်းခင်သည် တစ်ချိန်လုံးတွေးတောစဉ်းစားနေသည်ဟုဆိုခြင်းထက်၊ ကောက်ကျစ်စဉ်းလဲမှုတွေကို အကောင်အထည်ဖော်ရန် စိုင်းပြင်းနေသည်ပါ...။

မကောင်းသည့်သွင်ပြင်လက္ခဏာနှင့်မကောင်းသည့် လူသားတစ်ဦးမို့ နောက်ဆုံး သူ ပိုင်ဆိုင်သည့်ဆိုးညစ်သောစိတ်ကပင် သူမအား အဆုံးအဖြတ်ကိုပေးလိုက်လေ၏။

မှန်သည်။ အကြံဆိုးဉာဏ်ဆိုးအား အကောင်အထည်ဖော်မှုလုပ်ရန်အတွက် ယမင်းခင်သည် စ,တင်ပါပြီ၊ လက်ထဲတွင် ဆိုင်ထားသည့်ဟန်းဖုန်းလေးမှ နံပါတ်တွေကို ယမင်းခင် နှိပ်လိုက်၏။ နဂါးပျံ၏တိုက်ကြီးထဲတွင်ပါ...။

ကရင်း..ရင်း..ရင်း...

ဖုန်းမြည်သံသည် ထွက်ပေါ်လာ၏။ ကျော်ထိုက်ရှိန်းသည် ဖုန်းမြည်သံကြောင့် ဖုန်းလေးရှိရာတစ်ချက်မျှသာ လှမ်းကြည့်နိုင်ပြီး၊ ဖုန်းကိုမူ မကိုင်နိုင်သေးပါ...။

အိပ်ပျော်နေသည့်ကလေးကနိုးလာ၍ သူ ကလေးကိုထိန်းရသည်။ ကလေးနိုးလျှင် ရွှေပုလဲက နို့ဗူးဖျော်တိုက်သည်ကို သွားထား၍ သူသည် ကလေးကိုဖျာတစ်ချပ်ပေါ်တွင် ထားထားပြီး ချော့နေ၏။

ဘွတ်..ဘွတ်...



www.burmeseclassic.com

www.burmeseclassic.com



ဟား...

သူ နို့ဗူးဖျော်ဆဲ၊ ကလေးထံမှအသံဗလံတွေကြားလိုက်ရ၍ သူ လန့်သွားသည်။ မျက်နှာကိုရှုံ့မဲ့စွာဖြင့် သူကလေးထံကြည့်တော့ ကလေးက သူ့ကိုရယ်ပြနေ၏။

သူ စိတ်ညစ်သွားသည်။ နို့ဗူးကိုထားရစ်ပြီး ကလေးဆီ သူ လှမ်းခဲ့သည်။ ကလေးခြေထောက်လေးနှစ်ချောင်းကို မ,ကာ သူ ကြည့်လိုက်တော့...

"ဟင်း..ထင်တဲ့အတိုင်းလုပ်ထားပြီ..."

သူ ရှုံ့မဲ့ကာဆိုရင်း စိတ်ပျက်လက်ပျက်နှင့်ပင် ကလေးဘောင်းဘီလေးချွတ်ကာ ကလေးချေးတွေကို ကြုံးရပြန်သည်။ ကလေးကိုချေးကြောပြီး အဝတ်တွေဘာတွေလဲပေးရပြန်၏။

ကရင်း..ရင်း..ရင်း...

ဖုန်းကမြည်နေဆဲ၊ သူ ဖုန်းကိုမကိုင်အားသေး၊ ကလေးနို့ဗူးကို ကပျာကယာဆက်ဖျော်ရသည်။ သူသည် အသံမထွက်ဘဲ တစ်ကိုယ်တည်းစိတ်ပျက်စွာဖြင့် ကလေးထိန်းနေရသည်ပါ..။

ဟင်း...

နို့ဗူးဖျော်ပြီးမှ သူ သက်မလေးကိုချကာ ကလေးကို လက်တစ်ဖက်တည်းနှင့်ချီပြီး နို့ဗူးပါးတိုက်ထားရ၏။ ကျန်လက်တစ်ဘက်ဖြင့် မြည်နေဆဲရှိသည့်ဖုန်းကို ကောက်ကိုင်ကာ နားထောင်ရ၏။

"ဟုတ်ကဲ့..ပြောပါ..."

သူဆိုရင်း တစ်ဘက်မှစကားတွေကိုနားထောင်နေလိုက်သည်။ သူ့အသွင်သည်က ထုံးစံအတိုင်းတည်ငြိမ်၏။ တစ်ဘက်မှဘာတွေပြောသည်ကိုဖြင့်မသိ၊ တအောင့်ကြာသည်တွင် သူ ဖုန်းလေးကိုပြန်ချထားလိုက်၏။

သည့်နောက်မတော့ သူသည် လက်မှနာရီဆီ တစ်ချက်ကြည့်ပြီး ကလေးကိုစက်ရုံမှူးကြီးဆီ သွားရောက်အပ်ကာ ကားလေးမောင်း၍ အပြင်သို့ထွက်သွားလိုက်ပါတော့သတည်း...။

× × × × ×

အအေးဆိုင်တစ်ခု၏ စားပွဲတစ်ခုတွင် ကျော်ထိုက်ရှိန်းနှင့် ယမင်းခင်တို့ မျက်နှာချင်းဆိုင် ထိုင်ဖြစ်ကြသည်။

ကျော်ထိုက်ရှိန်း အနေနှင့်ယမင်းခင်အား ကောင်းကောင်းရင်းနှီးသိကျွမ်းခြင်းမရှိသည်က အမှန်၊ သို့သော် ကျားပုံဦးဘဟိန်းနှင့်ပတ်သက်နေသည့်သူမို့၊ ယမင်းခင်က သူ့အားပြောစရာကိစ္စလေးရှိသည်ဟုဆိုကာ ချိန်းလိုက်လေ၍ သူသည်ယခုအအေးဆိုင်တွင် ယမင်းခင်နှင့်လာရောက်တွေ့ဆုံဖြစ်ရခြင်းပါ...။

ရှေ့တွင် အအေးတစ်ခွက်စီချထားပြီး၊ တိတ်တိတ်ဆိတ်ဆိတ်နှင့်မလှုပ်မယှက်ကြီးတွေလို ထိုင်နေကြသည်မှာ ဆယ့်ငါးမိနစ်ခန့်ပင်ရှိတော့မည်ဖြစ်၏။

ပြောစရာရှိသည်ဟုဆိုသူက ယမင်းခင်မို့ ကျော်ထိုက်ရှိန်းအနေနှင့်ဘာမှပြောစရာကိစ္စလည်းမရှိ၊ စကားလည်းမရှိပါ။ သည့်အတွက် သူသည် ယမင်းခင်ထံမှ စကားတွေကိုသာ အေးအေးဆေးဆေးစွာ






www.burmeseclassic.com

နားထောင်နေဖြစ်ခြင်းဖြစ်၏။

သူ၏ အေးခဲလွန်း၊ တည်ကြည်လွန်းသည့်အသွင်ဆီ မသိမသာအကဲခတ်ကြည့်ရင်း ယမင်းခင်သည် မချင့်မရဲနှင့်အံ့သြနေရ၏။ မှန်သည်။ ယမင်းခင်သည် သူ၏မလှုပ်မယှက်ထိုင်နေသည့် အသွင်ဆီကြည့်နေသည်မှာကြာပြီ၊ သူက စကားစ,လာမလားဟုလည်း စောင့်နေသည်မှာကြာပြီ…။

သို့သော်လည်း သူက မိမိအားဖုတ်လေသည့်ငပိရှိသည်ဟုပင်မထင်လေတော့၊ မိမိကပင် စ,ရတော့မည်မို့…

"အဟင်း‥ကိုကျော်ထိုက်ရှိန်း မအားတဲ့ကြားကလာရတယ်နဲ့တူပါတယ်၊ ယမင်း အားနာလိုက်တာ…"

ရပါတယ်ဟုလည်း သူ မဆို၊ ဘာဆိုဘာမှမဆို၊ သည်အတိုင်းပင် စားပွဲတွင်သူတစ်ယောက်တည်းရှိနေသလို သူ နေနေ၏။ သည့်အတွက် ယမင်းခင်သည် စိတ်ထဲတွန့်သွားရရင်းမှ စကားဆက်ဆို၏။

"ယမင်း ပြောမယ့်စကားက ကိုကျော်ထိုက်ရှိန်းကို သထိပေးတာပါ၊ ယမင်းလည်း မပြောဘူးလို့ပဲနေတာ၊ ဒါပေမဲ့ သူ့ရဲ့စာရိတ္တကိုသိထားသင့်တယ်ထင်လို့ ပြောဖို့ဆုံးဖြတ်လိုက်တာပါပဲ–

ရွှေပုလဲတို့အမေက ယမင်းကိုမွေးစားခဲ့ဖူးတော့၊ ကျေးဇူးတော့ရှိပါတယ်၊ ဒါပေမဲ့ ရွှေပုလဲကတော့ မလွယ်လှဘူး၊ ငယ်ငယ်ကတည်းက သူကရဲတင်းလွန်းတယ်၊ အလိုက်မသိဘူး၊ ပြီးတော့ စပ်စုတတ်တယ်၊ ပြောရမှန်းမသိ၊ မပြောရမှန်းမသိ၊ တန်ရာနေရာနေရာမနေတတ်မပြောတတ်ဘူး…





အခုကြည့်လေ၊ ယမင်းရဲ့အဘိုးက သူ့ကိုသနားလို့ နည်းနည်းပါးပါးခေါ်ခိုင်းတာကို သူက အခွင့်အရေးယူပြီး ဘိုးကို အိမ်ဝယ်ခိုင်းတယ်လေ၊ တစ်ခါတစ်လေ သူက ဘိုးကို ဘယ်တွေခေါ်ပြီး၊ ဘာတွေပြောလဲတော့မသိဘူး၊ ဟင်း‥ယမင်းတို့လည်း မမြင်တော့ ဘာမှမပြောတတ်ဘူးပေါ့…

ဒါပေမဲ့ ဘိုးကတော့ အခု သူ့ကိုအိမ်ခန်းတစ်ခန်းဝယ်ပေးလိုက်ပြီ၊ သူတို့ကိုပေးနေဖို့တဲ့၊ ဘိုးက ယမင်းတို့အိမ်သားတွေအားလုံးကိုကြေငြာပြီးမှ ဝယ်ပေးလိုက်တာ…"

ကျော်ထိုက်ရှိန်းသည် ယမင်းခင်စကားတွေနားထောင်ပြီး ယမင်းခင်ထံ တစ်ချက်မျှသာကြည့်သည်။ ပြီးတော့ သူ့ဟာသူ အအေးခွက်ကိုယူသောက်ပြီး အေးဆေးစွာပင်နေ၏။ ခုထိ ဘာစကားမှ သူ မဆို…။

ယမင်းခင်ပြောသမျှတွေသာ သူသည် ငြိမ်ငြိမ်ကြီးနှင့် အေးဆေးစွာ နားထောင်နေ၏။ ယမင်းခင်ပြောချင်ရာပြော၊ ပြီးအောင်ပြောပြီးလျှင် သူ ထ,ပြန်မည့်ပုံမျိုးနှင့်သူရှိ၏။

ယမင်းခင်သည်လည်း သူမ ဘာပြောပြောထိုသူမှာ လှုပ်ရှားခြင်းဖြစ်မလာ၍ ရင်တွေခုန်ကာ အနေပင်ခက်လာသလိုရှိ၏။ သို့သော် ယမင်းခင်သည် ဟန်ဆောင်ကောင်းသူပီပီ၊ သူမသည် ညှုန့်နွှဲလေးနှင့်သိမ်မွေ့စွာနေကြ၏။

"ဒီကိစ္စကို နဒီနဲ့တီတီမိုးကလည်း သိပ်တော့မခံချင်ကြဘူး၊ ရွှေပုလဲကိုတွေ့ရင် ရန်လုပ်ဖို့ပဲပြောနေကြတယ်၊ ယမင်းကချောင်းဖျထားရတာ၊ ဘိုးဘိုး လုပ်ထားတဲ့အလုပ်မို့ ဝင်မပါဖို့ပြော



www.burmeseclassic.com

www.burmeseclassic.com



ရတယ်···

ဟင်း··ရွှေပုလဲကတော့ ချမ်းသာတဲ့အသိုင်းအဝိုင်းထဲကို ဖွတ်တိုးပြီး ဣန္ဒြေမဲ့တဲ့၊ သိက္ခာမရှိတဲ့အလုပ်မျိုးတွေလုပ်နေတာ သူ့အမေသာသိရင် တော်တော်ရှက်မှာ၊ အေးလေ သူလည်း ဆင်း ရဲတော့ သူ့မိသားစုအတွက် ကြံဖန်ပေးရတာပဲလို့မှတ်ပါတယ်···

ယမင်းပြောချင်တာက အခုလက်ရှိ ရွှေပုလဲနေနေတာ ကိုကျော်ထိုက်ရှိန်းအိမ်မှာမဟုတ်လား၊ တော်ကြာ ရွှေပုလဲကြောင့် ကိုကျော်ထိုက်ရှိန်းရဲ့ဂုဏ်သိက္ခာတွေ ထိခိုက်ဖို့ဖြစ်လာရင်မကောင်း ဘူးလေ···

ဒါကြောင့် ကိုကျော်ထိုက်ရှိန်းကို ယမင်း သတိပေးတာ ပြီးတော့ ကိုကျော်ထိုက်ရှိန်းဆီမှာလည်း သူ အလွဲသုံးစားတွေလုပ် မလာဘူးလို့ ဘယ်သူပြောနိုင်မလဲ···

ယမင်း စိတ်ပူလို့ ကိုကျော်ထိုက်ရှိန်းကို အသိပေးပြောရ တာပါ၊ ဒီကိစ္စပြောဖို့ကိုလည်း ယမင်း စဉ်းစားပြီးမှပြောတာပါ"

ယမင်းခင် ဘာပြောပြော ကျော်ထိုက်ရှိန်းကား သည်း တစ်ခွန်းမဆို၊ သူ့အသွင်က ယမင်းခင်စကားများ ပြောအပြီးကိုသာ စောင့်နေသည့်ပုံမျိုးပါ···။

“ကိုကျော်ထိုက်ရှိန်း···”

“ဗျာ···”

“ယမင်း ပြောတဲ့စကားတွေကြားရဲ့လား···”

“ဟုတ်ကဲ့ ကြားပါတယ်၊ ကျွန်တော် နားထောင်နေတာ ပဲ၊ ပြောစရာရှိသေးရင်လည်း ဆက်ပြောပါ···”





“မရှိတော့ပါဘူး···”

“ဒါဖြင့် ကျွန်တော် ပြန်မယ်···”

“ဟို··ကိုကျော်ထိုက်ရှိန်းမှာ ကားပါလား···”

“ဟုတ်ကဲ့···”

“ယမင်းမှာ ကားမပါဘူး၊ ယမင်းကို လိုက်ပို့ပေးပါ လား···”

“ရပါတယ်···”

တည်ငြိမ်အေးဆေးစွာပင် သူ ဆိုသည်။ သူ့စကားတွေက အိုမပါ။ ထိုင်ရာမှထ,ပြီး သူ ကားရပ်ထားရာသို့ ရှေ့မှလှမ်းထွက် ခဲ့သည်။ ကားပေါ်သို့ ယမင်းခင် ဝင်ထိုင်လိုက်သည်တွင် သူသည် နေရာမှကားလေးအား မောင်းထွက်ခဲ့လိုက်လေ၏။

× × × × ×

အိပ်ခါနီးပုံပြင်စာအုပ်လေးကိုဖတ်ရင်း ရွှေပုလဲ မောင် လေးတွေကိုသိပ်နေရ၏။ ကိုကိုနှင့်ညီညီတို့က ပုံပြင်လေးကိုနား ထောင်ရင်း မျက်လုံးလေးတွေမှေးစင်းလာကြပြီဖြစ်သည်။

မောင်လေးတွေကို ရွှေပုလဲ သိပ်နေဆဲအပြင်မှပြန်ရောက် လာသည့် ကျော်ထိုက်ရှိန်းသည် ကိုကိုညီညီတို့အိပ်သည့် အခန်းဝ တွင် လာရောက်ရပ်လာ၏။

မောင်လေးတွေကို ကြင်နာစွာသိပ်နေသည့် ရွှေပုလဲအား ကျော်ထိုက်ရှိန်းသည် ငေးမောကြည့်နေဖြစ်၏။ ကျော်ထိုက်ရှိန်း



www.burmeseclassic.com

www.burmeseclassic.com



အသွင်သည်က ရွှေပုလဲအပေါ်၌ လွန်စွာအလေးထားလွန်းသည့် အသွင်ပါ။ ရွှေပုလဲမှာ ကျော်ထိုက်ရှိန်းကို မမြင်၊ ကလေးတွေ အိပ်ပျော်သွားသည်တွင် ရွှေပုလဲသည် ဂရုတစိုက်စောင်ခြုံပေးသည်။ သည့်နောက် ရွှေပုလဲသည် အခန်းထဲမှထွက်ရန် ကိုယ်လေးကိုလှည့်လိုက်သည်နှင့်…

"ဟင်…သူ့ဒွေး ပြန်ရောက်ပြီ၊ ဘယ်တုန်းကရောက်နေ ကလဲ…"

"တအောင့်လောက်တော့ရှိပြီ…"

ရွှေပုလဲက အံ့သြစွာမေးသည်တွင် ကျော်ထိုက်ရှိန်းသည် ပြုံးရောင်မျက်ဝန်းနှင့်တည်ငြိမ်စွာဆို၏။

"ထမင်းပွဲအသင့်ပဲ၊ ရေချိုးပြီးပြီလား၊ ထမင်းစားတော့မလား…"

"ကိုယ် အပြင်မှာပဲစားခဲ့တယ်…"

"ဩော်…ဟုတ်လား၊ ဒါဆိုလည်း ထမင်းဟင်းတွေ ပြန်သိမ်းလိုက်တော့မယ်…"

ရွှေပုလဲဆိုရင်း အောက်ထပ်သို့ဆင်းသွားတော့မည်အပြု ကျော်ထိုက်ရှိန်းသည် ရွှေပုလဲလက်ကလေးတစ်ဖက်ဆီ ဆွဲကိုင်ထားလိုက်ရင်း…

"နေပါဦး၊ ကိုယ် ဈေးဝယ်လာတယ်၊ မင်းအတွက်…"

ဟင်…

သူ့စကားကြောင့် ရွှေပုလဲ မျက်လုံးလေးဝိုင်းကာ အံ့သြသွားသည်။





"ဘာလဲ၊ မယုံလို့လား၊ ဧည့်ခန်းဘက်သွားမယ်…"

သူဆိုရင်း ရွှေပုလဲကို ဧည့်ခန်းဆီဆွဲခေါ်လာသည်။ ဧည့် ်းထဲအရောက်မတော့…

"ဒီမှာခဏစောင့်၊ ကိုယ် သွားယူလာမယ်…"

စကားအဆုံး သူ ဧည့်ခန်းထဲမှလှမ်းထွက်သွားသည်။ ကြာလိုက်၊ သူ ပြန်ရောက်လာသည်တွင် သူ့လက်ထဲတွင် ကောင်းစားစက္ကူအိတ်တွေတပုံကြီးဆွဲကိုင်လာသည်ကို ရွှေပုလဲ သြစွာတွေ့လိုက်ရလေ၏။

"ရော့…ကိုယ်လည်း အကောင်းဆုံးတွေကိုရွေးချယ်ပြီး ယ်လာခဲ့တာပဲ၊ ဒီပစ္စည်းတွေဝယ်တာ ဘယ်သူ့အကူအညီမှမပါ ၊ ကိုယ့်စိတ်ကူးနဲ့ကိုယ့်ဟာကိုယ် ဝယ်ခဲ့တာ၊ ကဲ…သွားကြည့် ်၊ ပြီးတော့ တစ်ခုပြီးတစ်ခုဝတ်ပြ၊ မင်းနဲ့လိုက်ဖက်ရဲ့လား ကိုယ် ကြည့်မယ်…"

တွန်းတွန်းထိုးထိုးနှင့် သူ ဆိုနေ၍ ရွှေပုလဲသည် အထုပ် ဆွဲပြီး ကိုကို၊ ညီညီအခန်းထဲ ပြန်ဝင်ခဲ့လိုက်ရသည်။ အခန်း အရောက် ရွှေပုလဲသည် အိတ်တွေထဲမှ ပစ္စည်းတွေတစ်ခုပြီး စ်ခု ကြည့်လိုက်သည်မတော့…

"ဟယ်…အင်္ကျီတွေ၊ ဘောင်းဘီတွေ၊ စကတ်တွေ၊ အိုး ားကြီးပဲ၊ ဟယ်…ဒီအိတ်ထဲကဖိနပ်တွေပါလား၊ အမလေး… ်က လေးငါးရံတောင်မှပါလား…

ဘုရားရေ ဝယ်လာလိုက်တာအံ့ရော၊ ဟင်း…ဒီအိတ်ထဲမှာ စလင်းဘက်ခ်၊ ဟော်…ဟိုမှာလည်း စလင်းဘက်ခ်ပဲ၊ ဟယ်



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာကခေါက်ထီး၊ အိုး··မှားလိုက်တာ ဒီလောက်တောင်ပဲဝယ်ခဲ့ရသလား···"

ကြည်နူးရင်း၊ အံ့သြရင်း၊ ပျော်ရွှင်ရင်း၊ ထူးဆန်းစိတ်တွေနှင့် ရွှေပုလဲ ရေးရွတ်ရင်း အဝတ်တစ်စုံကိုဝတ်ကြည့်လိုက်သည်။

ရွှေပုလဲသည် မီးနီစကတ်အသားရောင်လေးနှင့်အသားရောင်စွယ်တာပါးပါးနုနုဝတ်စုံလေးကိုဝတ်ပြီး ချောကလက်နှင့် ··ညိုးရောင်စပ်ထားသည့် ဒေါင့်ဖိနပ်ကိုစီးသည်။ အဖြူရောင် ··· ·းဘက်ခ်လေးကို ကိုင်လိုက်သည်။

ပြီးသည်နှင့် အခန်းထဲမှထွက်ခဲ့ပြီး၊ ဧည့်ခန်းဆီသို့ ရွှေပုလဲ ဝင်ခဲ့သည်။ ကျော်ထိုက်ရှိန်းသည် ရွှေပုလဲကိုစောင့်ရင်း စာအုပ်တစ်အုပ်ဖတ်နေသည်မို့ ရွှေပုလဲ ဝင်လာသည်ကိုမမြင်၊ ရွှေပုလဲသည် အနေခက်ခက်ရှက်ရှက်ဖြင့် သူ့ထံအတန်ကြာကြည့်နေပြီးမှ

"ဒီမှာကြည့်လေ···"

ဟင်···

ဟင်··ဟုဆိုကာ ကျော်ထိုက်ရှိန်း လှည့်အကြည့်၊ ကျော်ထိုက်ရှိန်းကား အကြည့်များလွဲ၍ မရတော့အောင်ရှိသွားရပါတော့သတည်း။ မှန်သည်။ ရွှေပုလဲသည် သူ ဝတ်လာသော ဝတ်ကောင်းစားလှများနှင့် လွန်စွာတင့်တယ်သောမိန်းမချောလေးတစ်ယောက်ဖြစ်နေရသည်မဟုတ်ပါတား···။

"သူဌေးက တကယ်တော်တာပဲ၊ ဘယ်သူနဲ့တိုင်ပြီး ဝယ်လာတာလဲ···"

ကျော်ထိုက်ရှိန်း မဖြေ၊ ရွှေပုလဲထံ၌သာ ငေးမောဆဲရှိ





၏။ သူ့အကြည့်တွေကြောင့် ရွှေပုလဲမှာလည်း မျက်စိမျက်နှာပျက်ရလောက်ပင် ရှက်၍နေပါပြီ···

"ဟို··သူဌေးကလဲ၊ ဝယ်လာတာအများကြီးပဲ၊ ဘာကြောင့် ဒီလောက်တောင်ဝယ်ရတာလဲ···"

ကျော်ထိုက်ရှိန်း မဖြေ၊ ရွှေပုလဲထံ၌သာ ငေးမောဆဲရှိ၏။ သူ့အကြည့်တွေကြောင့် ရွှေပုလဲမှာလည်း မျက်စိမျက်နှာပျက်ရလောက်အောင်ပင် ရှက်၍နေပါပြီ···။

"ဟို··သူဌေးကလည်း ဝယ်လာတာအများကြီးပဲ၊ ဘာကြောင့်ဒီလောက်တောင် ဝယ်လာရတာလဲ···"

အရှက်ပြေ ရွှေပုလဲ ဘာပြောပြော၊ ကျော်ထိုက်ရှိန်းကား ဘာမှမကြား၊ မျက်တောင်လည်းမခတ်တော့၊ သူ့ကိုကြည့်ပြီး ရွှေပုလဲ ရယ်ချင်လာသည်။ ရွှေပုလဲသည် သူ့ရှေ့အနီးကပ်သွားပြီး မျက်လုံးတွေပြူးပြသည်။ နှာခေါင်းတွေရှုံ့ပြ၊ နှုတ်ခမ်းတွေရွဲ့ပြ၊ လျှာတွေထုတ်ပြလုပ်သော်လည်း သူသည် ငေးမောဆဲပင်ရှိ၏။

"ဟင်··ဒီလောက်တောင်ဖြစ်တာ၊ ကဲ··ဘုံး···"

"အား··ဟာ၊ ဘယ်လိုလုပ်လိုက်တာလဲကွာ၊ မင်း ထုလိုက်တာရင်ထဲကနှလုံးသားတောင် ကျေသွားပြီထင်တယ်···"

"ထုတော့မှာပေါ့၊ သူဌေးက ဒီလောက်ကြည့်နေတာ၊ ဘာမှတောင်အော်မကြား၊ ဆိုမကြားဖြစ်နေတာ···"

"ကြားတော့မလားလေ၊ မင်းဟာ တကယ်ပဲ ကိုယ့်ရဲ့နတ်သမီးလေးဖြစ်နေတာကိုး···"



www.burmeseclassic.com

www.burmeseclassic.com



"အိုး..သူ လျှောက်ပြောပြီ၊ သွား..သွား ဟား..ဟား..ဟား..."

ကျော်ထိုက်ရှိန်း ပြောလိုက်သောစကားကြောင့် ရွှေပုလဲသည် အရှက်လွန်ကာ အောက်ထပ်သို့ပြေးဆင်းခဲ့လိုက်လေတော့၏။ ကျော်ထိုက်ရှိန်းကား ပြုံးယောင်မျက်လုံး၊ နှုတ်ခမ်းတို့ဖြင့် ကြည်နူးကျေနပ်စွာ ရှိကျန်ရစ်ဆဲခိုက်ပင်...

ဒုံး..ဒုံး..ဒုံး...

"အား..သေပါပြီတော့..."

ဟင်...

တဒုံးတဒုံးအသံတွေနှင့် ရွှေပုလဲ၏အော်သံလေးအား ကြားလိုက်ရသည့် ကျော်ထိုက်ရှိန်းကား မျက်လုံးကြီးပြူးသွားရရင်း၊ ကမ္ဘာကယာလှေကားဆီသို့ ပြေးထွက်အကြည့်မတော့ ရွှေပုလဲကား အောက်ထပ်ကြမ်းခင်းတွင် ခြေကားယားလက်ကားယားနှင့် မှောက်ခုံကြီးရှိနေရတော့သည်တကား...။

ဒေါင့်ဖိနပ်တစ်ဘက်က လှေကားပေါ်တွက်ကျန်ရစ်သည်ကိုကြည့်ပြီး၊ ကျော်ထိုက်ရှိန်း သဘောပေါက်သွားရသည်။ ကျော်ထိုက်ရှိန်းသည် ပြုံးချင်ယောင်ဖြင့် ရွှေပုလဲအဖြစ်ဆီ အေးဆေးစွာ ငုံ့ကြည့်ရင်း...

"ကိုယ် လာချီရမလား၊ ကိုယ် လာချီရမယ်ဆိုရင်တော့၊ ကိုယ့်အိပ်ရာထက်အရောက်ပဲနော်..."

"ဟင်..ဒီလိုပြောရလား၊ ဒီမှာဖြင့်လူတစ်ယောက် စကြာဝဠာထဲကတောင် မထွက်သေးဘူး..."





သူ့စကားကြောင့် ရွှေပုလဲ ငေါက်ခနဲထထိုင်ရင်းဆိုသည်။ ရွှေပုလဲ မော်ကြည့်တော့ သူက ငုံ့ကြည့်သည်။ သူတို့အကြည့်ချင်းဆုံနေ၏။ ရွှေပုလဲထံကြည့်ရင်း သူ့အကြည့်တွေသည် ရွှေပုလဲအား စကားတွေပြောနေသယောင်ယောင်ရယ်...။

ရွှေပုလဲမှာ ရင်တွေခုန်၊ ကြက်သီးတွေပင်ထလာရသည်။ နောက်ဆုံး ရွှေပုလဲသည် သူမ၏အကြည့်တွေကိုပင် လွှဲဖယ်လိုက်ရပြီး သူမတစ်ကိုယ်လုံးအား ကမ္ဘာကယာလှေကားကြီးနှင့် ကွယ်နေလိုက်ရပါတော့၏။

ရွှေပုလဲတစ်ယောက် လှေကားအကွယ်တွင် ရွှေဘဝင်လေးကိုဖိထားဆဲ၊ ကျော်ထိုက်ရှိန်းကား သက်မမောတစ်ချက်ကိုချကာ သူ့အိပ်ခန်းတွင်းသို့ ဝင်ရောက်သွားလိုက်ပြီဖြစ်သတည်း။

ØØ ØØ ØØ



www.burmeseclassic.com

www.burmeseclassic.com

## - နှစ်ဆယ့်ရှစ် -

နံနက်ကော်ဖီသောက်ချိန်မှ အားလုံးပြင်ဆင်ပြီးသည်တွင် ရွှေပုလဲသည် သူဌေးကိုခေါ်ရန် အပေါ်ထပ်သို့တက်မည်အပြု ရုံးခန်းထဲမှ ကွန်ပျူတာခလုတ်လေးတွေ တဂျောက်ဂျောက် အသံ ကြားလိုက်ရ၍ ရွှေပုလဲသည် ရုံးခန်းတံခါးပေါက်နားသို့ ချဉ်း ကပ်လာ၏။

တံခါးဝနားအရောက် ရွှေပုလဲသည် ရုံးခန်းထဲသို့ချောင်း ကြည့်လိုက်သည်မတော့ ကျော်ထိုက်ရှိန်းသည် ကွန်ပျူတာနှင့် အလုပ်တွေများနေသည်ကို အံ့သြစွာတွေ့လိုက်ရ၏။

မှန်သည်။ ကျော်ထိုက်ရှိန်းသည် မိမိတို့၏ကုန်ပစ္စည်းများ အပျက်အစီးစာရင်းတွေကိုတွက်ပြီး လျော်ကြေးပြန်ပေးရမည့်မြို့နယ် များစာရင်းနှင့် ပစ္စည်းအရေအတွက်စာရင်းတွေကို စစ်ဆေးတွက် ချက်နေခြင်းပါ...။

ကျော်ထိုက်ရှိန်းသည် အလုပ်တွေကို မိမိဦးစီးပြီး ပို၍ ကြိုးစားလုပ်ကိုင်တော့မည်ဟူသောစိတ်ဖြင့် အလုပ်တွေလုပ်နေ သည်မို့ ရွှေပုလဲ ချောင်းကြည့်နေသည်ကိုပင်မသိ...။





တစ်ဆက်တည်းလည်း သည်နေ့ ရွှေပုလဲ ဆေးရုံသွား လျှင် သူပါလိုက်သွားမည်ဟူသောစိတ်နှင့်လည်း ကျော်ထိုက်ရှိန်း သည် လုပ်စရာရှိသည့်အလုပ်တွေကို မြန်မြန်လေးလုပ်နေခြင်းပါ။

အလုပ်တွေလုပ်နေသည့် ကျော်ထိုက်ရှိန်းအား အနှောင့် အယှက်ဖြစ်သွားမည်စိုး၍ ရွှေပုလဲသည် ဘာမှမပြောတော့ဘဲ၊ ဆေးရုံသို့သွားရမည်မို့ ရေမိုးချိုးရန် ထွက်ခဲ့လိုက်၏။

နဂါးပျံကုမ္ပဏီတွင် ကျော်ထိုက်ရှိန်းတစ်ယောက် မိမိတို့ ကုမ္ပဏီမှထုတ်လုပ်သည့်ကုန်ပစ္စည်းများ၏ အမှားအယွင်းအပျက် အစီးများအတွက် နယ်တွေကိုလည်း တောင်းပန်စာများရေးပြီး...

မိမိ၏စီးပွားရေးလုပ်ငန်းများအား အကောင်းဆုံးဖြစ်စေရန် ပို၍ကြိုးစားလုပ်ကိုင်မည်ဟူသောစိတ်များနှင့် လုပ်စရာတွေရှိ သည်တို့ကို လုပ်ကိုင်နေဆဲအချိန်များ၌...

ကျားပျံဟိန်းကုမ္ပဏီကြီးတွင်လည်း ပူးပေါင်းလုပ်ကိုင် တော့မည့်နဂါးပျံနှင့်ကျားပျံဟိန်းကုမ္ပဏီလုပ်ငန်း အခြေအနေများ အတွက် ဥက္ကဋ္ဌကြီး ဦးဘဟိန်းအပါအဝင် အစည်းအဝေးကြီးအား အချိန်အတန်ကြီးပေး၍ စည်းဝေးနေသည်ပါ...။

ထိုအစည်းအဝေးတွင် နဂါးပျံကုမ္ပဏီသည် ဥက္ကဋ္ဌကြီး၏ မြေးပိုင်ဖြစ်ကြောင်း၊ နဂါးပျံကုမ္ပဏီပိုင်ရှင် ကျော်ထိုက်ရှိန်းသည် ကုမ္ပဏီလုပ်ငန်းတွေကို စိတ်မဝင်စား၍ ဥက္ကဋ္ဌကြီးက ထိန်းသိမ်း စောင့်ရှောက်ပေးရမည်မှာမှန်ကြောင်း...။

နဂါးပျံကုမ္ပဏီသည်လည်း နာမည်ရထားသည့်ကုမ္ပဏီ ဖြစ်၍ ဥက္ကဋ္ဌကြီးအနေနှင့်ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ထားလျှင်



www.burmeseclassic.com

www.burmeseclassic.com



ပို၍တိုးတက်လာမည်ဖြစ်ကြောင်း…။

ယခုလက်ရှိဖြစ်သွားသည့် အမှားအယွင်းသည်လည်း အရေးမကြီးကြောင်း၊ ပြန်၍ထိန်းသိမ်းလိုက်လျှင်ရကြောင်းဖြင့် အစည်းအဝေးတွင် လူကြီးပိုင်းတွေက ထောက်ခံတင်ပြကြ၍ နဂါးပျံနှင့်ကျားပျံတို့ ပူးပေါင်းရေးကိစ္စသည် အောင်မြင်ပြီးစီးရ၏။

ယမင်းခင်အနေနှင့် အစည်းအဝေးတွင် ပြောရေးဆိုခွင့်က နည်းပါး၍ ဘာတစ်ခွန်းမှဝင်ရောက်စွက်ဖက်ကာ ပြောခွင့်မပိုင်ပါ…။

အစည်းအဝေးပြီးသွားသည့်တွင် ယမင်းခင်သည် မိမိ၏ ကွန်ပျူတာခန်းသို့ပြန်လာခဲ့ပြီး ကွန်ပျူတာဖွင့်ကြည့်လိုက်သည်။ ကွန်ပျူတာထဲထည့်ထားသည့် နဂါးပျံမှပထမတစ်ခေါက်ပို့ထားသည့် ကုန်ပစ္စည်းအမျိုးအမည်၊ အရေအတွက်နှင့်နယ်ကိုယ်စားလှယ်စာရင်းတွေကို ပြန်ကြည့်လိုက်သည်။

သည်စာရင်းတွေကိုပြန်ကြည့်ပြီး ယမင်းခင်မျက်နှာ အသွင်သည်က အကြံနက်နက်ရှိထားနှင့်သလိုပါ။ မှန်သည်။ ယမင်းခင်သည် သည်ပတ်ဝန်းကျင်နှင့်သည်အသိုင်းအဝိုင်းမှ ရွှေပုလဲအား အဝေးဆုံးသို့လွင့်ထွက်သွားရန် နေ့စဉ်နှင့်အမျှ အကြံကြီးကြံနေဆဲပင်ရှိသည် မဟုတ်ပါတကား…။

ဒေါက်..ဒေါက်…

အခန်းတံခါးခေါက်သံကြားသည့်တွင် ယမင်းခင်သည် ကွန်ပျူတာစာရင်းတွေကိုဖျောက်လိုက်ပြီး အခန်းဝသို့လှည့်ကြည့်လိုက်သည်။





"မယမင်းခင်၊ သူဌေးက ရုံးခန်းကိုလာခဲ့ပါဦးတဲ့…"

စာရေးမလေးတစ်ယောက် လာပြောသည့်တွင် ယမင်းခင်သည် စိတ်ကလှုပ်ရှားသော်လည်း ငြိမ်သောမျက်နှာဖြင့် သူဌေး ရုံးခန်းဆီသို့ ထွက်ခဲ့လေ၏။

"ဪ..လာ၊ သမီး ထိုင်ကွဲ့…"

"ဟုတ်ကဲ့ ဘိုး…"

ရုံးခန်းထဲဝင်လိုက်သည်နှင့် ဦးဘဟိန်း ဆိုသည့်တွင် ယမင်းခင်သည် မျက်နှာချင်းဆိုင်တွင် ထိုင်ဖြစ်သည်။

"အေး..ဒီနေ့အစည်းအဝေးမှာ အားလုံးကသဘောတူ ထောက်ခံကြလို့ ဘိုး တော်တော်ပဲအားရပြီ၊ စိတ်လည်းချမ်းသာရတာပဲ၊ အဲဒါအခု ကုမ္ပဏီနှစ်ခုက ပူးပေါင်းထားပြီဆိုတော့ ငါ့မြေးအနေနဲ့လည်း နည်းနည်းပါးပါးစောင့်ရှောက်ပေးပါလို့ ဘိုးက ပြောချင်တယ်…"

ယမင်းခင်သည် ခေါင်းမညိတ်၊ ခေါင်းမခါ၊ အင်း..အဲ ထည်းမလုပ်၊ ငြိမ်သောအသွင်ဖြင့်သာရှိ၏။ သို့သော် ငြိမ်သည်ဟု ထင်ရသည့်သူမျက်နှာထက်၌ ငြိမ်သက်ခြင်းမရှိကြောင်း သူမ နှုတ်ခမ်း၊ နှာခေါင်းနှင့်မျက်စိတွေက ပြနေသည်ပါ….။

"ဪ..ဒါနဲ့စကားမစပ်၊ ရွှေပုလဲတို့မိသားစုအတွက် မြင်းမြင့်မိုးကို ဝယ်ထားခိုင်းတဲ့အိမ်မှာ သွားနေဖို့ ငါ့မြေးကပဲပြော ပေးပါဦး…

ရွှေပုလဲနဲ့လည်း မတွေ့တာကြာပြီ၊ သူနဲ့မတွေ့တော့လည်း သူ့ကိုအောက်မေ့သတိရနေတယ်၊ ကောင်းကောင်းအားတဲ့တစ်နေ့မှာ



www.burmeseclassic.com

www.burmeseclassic.com



သူနဲ့တွေ့ရဦးမယ်၊ ကဲ‥ကဲ ငါ့မြေးကို ဒါပဲအဘိုး ခေါ်ပြောတာ၊ ငါ့မြေးသွားလို့ရပြီ…”

ယမင်းခင်မျက်နှာဆီမကြည့်ဘဲ ပြောချင်ရာတွေပြောသွားပြီး၊ လုပ်ချင်ရာတွေလုပ်နေသည့် အဘိုးကြီးအား ယမင်းခင်သည်လည်း ဘာတစ်ခွန်းမျှမပြောမဆိုဘဲနှင့်ပြန်၍ ထွက်လာခဲ့၏။ စိတ်မသန့်သူမို့ ယမင်းခင်မျက်နှာသည် အဘိုးကြီး၏စကားတွေကို တွေးတောစဉ်းစားရင်းဖြင့် မရှင်းမလင်းရှိနေရသည်ပါ…။

× × × × ×

ဘာကြောင့်မှန်းမသိ ရွှေပုလဲတစ်ယောက် အလှတွေပြင်ချင်နေမိ၏။ မိမိကိုယ်မိမိ လှလှပပလေးဖြစ်ချင်နေသည်။ ပြီးတော့ မိမိ၏အလှအပတွေကိုလည်း ကျော်ထိုက်ရှိန်းအား တွေ့စေမြင်စေ၊ ကြည့်စေလို၏။

ကြည်ကြည်နူးနူး၊ ပျော်ပျော်ရွှင်ရွှင်နှင့်လှုပ်လှုပ်ရှားရှား စိတ်တွေကဖြစ်နေသည်မှာ အံ့သြစရာပါ။ ယခုလည်း ရွှေပုလဲသည် ရေမိုးချိုးပြီးသည်နှင့် အလှတွေပြင်နေ၏။ ကျော်ထိုက်ရှိန်း ဝယ်ပေးထားသည့်ဝတ်စုံတွေထဲမှ တစ်စုံကိုလည်း ပြင်ဆင်ပြီးဝတ်ရန်အသင့်ထုပ်ထားပြီးပြီ…။

ရင်ခုန်စွာအလှတွေပြင်နေဆဲ၊ မှန်ရိပ်ထဲမှချောင်းကြည့်လာသည့်မျက်နှာတစ်ခုပေါ်လာ၍ ရွှေပုလဲသည် မျက်လုံးပြူးသွားပြီး…





“အမလေး‥ဘာလို့ချောင်းကြည့်နေရတာလဲ၊ ကြည့်ချင်တာဖြောင့်ကြည့်ပါလား…”

“အွန်‥အမယ်ပြောပုံက အသာကြီးနဲ့ မင်းကိုကြည့်ချင်လို့ချောင်းကြည့်တာမဟုတ်ဘူး၊ ခြောက်မလားလို့ချောင်းကြည့်လိုက်တာ၊ မှန်ထဲသွားပေါ်လို့…”

“ဖြောင့်ညာနေသေးတယ်၊ လူလည်က သူ့အကြောင်းများမသိတာကျနေတာပဲ…”

“တကယ်သိနေပြီလား၊ မပြောဘဲနဲ့သိနေပြီလား၊ ဒါဆို”

မချိုမချဉ်နှင့်ရွှေပုလဲပြောသည့်စကားအား ကျော်ထိုက်ရှိန်းသည်က တကယ်အတည်ပေါက်နှင့်အားရပါးရပြောနေခြင်းပါ။ သည်လိုကျတော့လည်း ရွှေပုလဲသည် ရှက်ယောင်ဝဲဝဲဖြင့် တွန့်သွား၍ရပြီး…။

“ဟွန်း‥အတည်ပေါက်ကြီးနဲ့နော်၊ ဘာတွေလျှောက်ပြောနေတာလဲ၊ ဒီမှာ သူများကခေးရုံသွားဖို့ပြင်ဆင်နေတဲ့ဟာကို‥”

“အဲဒါသိလို့ ကိုယ်လည်း လိုက်မလို့ပြင်ထားတာ…”

“ဟင်‥သူ့ရွှေးလည်း ဆေးရုံလိုက်မယ်…”

“အင်း…”

“ဘာကိစ္စ…”

“မင်းနဲ့အတူလိုက်တာပဲလေ…”

တစ်ယောက်ကမချိုမချဉ်၊ တစ်ယောက်က ခပ်တည်တည်ပင်၊ သို့သော် ဘယ်လိုဖြစ်ဖြစ် သူတို့နှစ်ဦးသားရင်ထဲမှတော့ အာယာကြည်နူးပျော်ရွှင်နေကြသည်ပါ…။



www.burmeseclassic.com

www.burmeseclassic.com



သည့်နောက်မတော့ ကလေးတွန်းလှည်းလေးကို ကျော် ထိုက်ရှိန်းသည် ကားပေါ်တင်ပြီး ဆေးရုံသို့ထွက်ခဲ့လိုက်ကြလေ၏။

မကြာလိုက်၊ ဆေးရုံသို့ရောက်သည်တွင် ကျော်ထိုက်ရှိန်း သည် ကလေးတွန်းလှည်းလေးကိုတွန်းပြီး လှပကြော့ရှင်းသ လောက်ချစ်စရာကောင်းနေသည့် ရွှေပုလဲအသွင်လေးအား မသိ မသာကြည့်ကာ··ကြည့်ကာဖြင့် ဆေးရုံထဲသို့လှမ်းဝင်ခဲ့ကြ၏။

အပေါ်ထပ်သို့ဓာတ်လှေကားနှင့် သူတို့တက်ခဲ့သည် အပေါ်ထပ်အရောက် မိခင်အခန်းဆီ သူတို့လှမ်းလာခဲ့ဆဲ၊ ဒေါက် တာ စိုးဝေသည် မိခင်အခန်းဆီသို့ အပြေးဝင်ရောက်သွားသည်ကို တွေ့လိုက်ရ၍···

"ဟင်··မေမေ ဘာဖြစ်လဲမသိဘူး···"

ရွှေပုလဲနှုတ်မှဆိုရင်း မိခင်အခန်းဆီသို့ ပြေးဝင်လိုက်သွား ဖြစ်၏။ အခန်းထဲအရောက်မတော့ မိခင်သည် အောက်ဆီဂျင် တွေပေး၊ ဆေးပိုက်တွေသွင်းထားပြီး မျက်လုံးမှိတ်ကာ ငြိမ်သက်နေ သည်ကို ရွှေပုလဲ တွေ့လိုက်ရ၍ ရွှေပုလဲသည် ဝမ်းနည်းစွာ မျက်ရည်တွေဝေဝဲလာရလေ၏။

ဒေါက်တာ စိုးဝေသည်လည်း ဒေါ်ရွှေခင်၏ဆေးပိုက် တွေဆီပြုပြင်စစ်ဆေးပြီးမှ အောက်စီဂျင်ပေးထားသည့် ဒေါ်ရွှေခင် မျက်နှာဆီသာကြည့်ပြီး ရွှေပုလဲကို စကားဆို၏။

"သူ စိတ်ထိခိုက်လှုပ်ရှားသွားလို့ ရုတ်တရက်ဖြစ်သွား တာပါ၊ အခြေအနေကတော့ တဖြည်းဖြည်းနဲ့စိုးရိမ်လာရတာပေါ့ ညီမရယ်···





ဒါပေမဲ့ ညီမ စိတ်မပူပါနဲ့၊ သားသမီးတစ်ယောက်ဟာ ဘာအသက်ကိုတော့ ဘယ်တော့မှအဆုံးရှုံးခံမှာမဟုတ်ဘူး၊ စိတ် လှုပ်ရှားစွာနဲ့တော့စောင့်ရမယ်၊ အချိန်တန်ရင်တော့ဖြစ်ရမှာသေချာ ပါတယ်···

တကယ်လို့ ဒီလူနာသာအသက်ဆုံးရှုံးသွားရမယ်ဆိုရင် အစ်ကို ဘယ်တော့မှခွင့်မလွှတ်တော့ဘူး···"

ဒေါက်တာ စိုးဝေ၏စကားတွေကိုနားထောင်ရင်း ရွှေပုလဲ သည် မျက်ရည်တို့ပြိုဆင်းလာ၏။

"ဟုတ်··ဟုတ်ပါတယ် အစ်ကို၊ ရွှေပုလဲလည်း ကိုယ့် ကိုယ်ကို ဘယ်တော့မှခွင့်လွှတ်နိုင်တော့မှာမဟုတ်ပါဘူး၊ ရွှေပုလဲ စဉ်းစားတယ်၊ ရွှေပုလဲဟာ မေမေ့သမီးဖြစ်ပြီး မေမေ့အသက်ကို ဘာဖြစ်လို့မကယ်နိုင်ရတာလဲဆိုတာ···

ဒါကြောင့် ရွှေပုလဲဟာ မေမေ့သမီးအရင်းမှဟုတ်ရဲ့လား ဆို၊ ကိုယ့်ကိုယ်ကိုစဉ်းစားပြီး အားငယ်ဝမ်းနည်းမိရတယ်···"

ရွှေပုလဲ စကားများကြောင့် ဒေါက်တာ စိုးဝေသည် ရွှေ ပုလဲထံ ကြည့်လာသည်။ ဒေါက်တာ စိုးဝေ၏အကြည့်သည် ထိခိုက်ခြင်းတွေဖြင့် ငြိမ်သက်နေသည်ပါ···။

ကျော်ထိုက်ရှိန်းသည်က ကလေးနှင့်အတူ အပြင်တွင်ပင် စောင့်၍နေသည်။ တစ်ချက်··တစ်ချက်တော့ သူသည် အခန်းထဲ မှ ရွှေပုလဲနှင့်ဒေါက်တာ စိုးဝေတို့ စကားပြောနေသည်ကို လှမ်း ကြည့်ဖြစ်၏။

ကလေးလှည်းကလေးနှင့်အတူ ကျော်ထိုက်ရှိန်းသည်



www.burmeseclassic.com

www.burmeseclassic.com



အပြင်တွင်စောင့်နေဆဲ၊ သူနာပြုဆရာမလေးတစ်ယောက် ရောက် လာပြီး ကျော်ထိုက်ရှိန်းနှင့်လှည်းထဲမှကလေးကို ငုံ့ကြည့်သည် ပြီးမှ...

"ရှင်ကလူသစ်နော်၊ ဒီလာတာတစ်ခါမှမတွေ့ဖူးဘူး အဲ..ကလေးကတော့ တွေ့နေကျကလေးပဲ၊ ဒီကလေးရဲ့အမေ လည်းပါတယ်မဟုတ်လား..."

ဆရာမ စကားအားနာထောင်ရင်း ကျော်ထိုက်ရှိန်းသည် တည်ငြိမ်ငြိမ်ကြီးဖြင့် ခေါင်းညိတ်ပြသည်။

"ရွှေပုလဲကလွဲရင် လူနာဆီကိုတခြားလူတွေမလာတာ ကောင်းတယ်၊ ဟိုအမျိုးသမီးကိုဆိုရင် ပိုတောင်မလာစေချင်ဘူး သူ တစ်ခါလာရင်ဘာတွေပြောလည်းမသိဘူး၊ လူနာကတ ဖောက်တော့တာပဲ...

ခုလည်း စောစောက သူ လာသွားကတည်းက လူ ဖောက်တော့တာ၊ တကယ်စိတ်ရှုပ်တယ်၊ ဒီအမျိုးသမီးနဲ့က လူ ဘာတော်လည်းတော့မသိဘူး၊ လူနာဆီတော့ အမြဲလိုလိုလာနေတာ တွေ့တာပဲ...

ပုံစံကတော့ တင်းသယောင်၊ ပျောသယောင်နဲ့ လူ အလုပ်ရှင်ပဲလား၊ ရွှေပုလဲရဲ့အလုပ်ရှင်ပဲလားတော့မသိဘူး၊ လူ ဆီတော့ အမြဲလိုလိုလာနေတာတွေ့တာပဲ...

ဟင်း..စိတ်ညစ်တယ်၊ သက်သက်ဒုက္ခလာပေးနေ ခုလည်းလူနာကိုမနည်းကြီး ပြန်လုပ်ထားရတာ၊ ဆရာဝန်တွေ မသိလို့၊ သိရင် ကျွန်မတို့သူနာပြုတွေ မစောင့်ရကောင်းလား





ဖြီး အပြစ်တင်မှာစိုးလို့မပြောဘဲနေရတာ..."

သူနာပြုဆရာမလေးမှာ စကားတွေတဖျစ်ဖျစ်ဆိုရင်း ထွက်သွားလိုက်တော့သည်။ ကျော်ထိုက်ရှိန်းကား သူနာပြုဆရာမ လေး ပြောသွားသည့်အမျိုးသမီးဆိုသူအား မည်သူမည်ဝါမှန်းမသိ ၍ စိတ်ဝင်စားစွာဖြင့် စဉ်းစားတွေးတောနေဖြစ်၏။

အခန်းရှေ့တွင်ရပ်နေသည်မှာကြာပြီမို့ ကျော်ထိုက်ရှိန်း သည် ခုံတန်းလေးတွေရှိသည့်နေရာတွင် သွားရောက်ထိုင်စောင့် နေလိုက်သည်။

ထိုအခိုက်ပင် ယမင်းခင်သည်လည်း မိခင်အခန်းရှေ့သို့ ရောက်လာ၏။ အခန်းထဲသို့ဝင်မည်အပြု အောက်စီဂျင်တွေပေး ထားရသည့်မိခင်အခြေအနေနှင့် ဒေါက်တာ စိုးဝေနှင့်ရွှေပုလဲတို့ကို တွေ့လိုက်ရ၍ အခန်းထဲသို့မဝင်ဝံ့တော့ဘဲ နေရာမှလှမ်းထွက်သွား လိုက်၏။

ခြေလှမ်းတိုင်း၌ ယမင်းခင်သည် မျက်ရည်များစီးကျ လာရသည်။ ကိုယ့်အတွေးနှင့်ကိုယ် လှမ်းထွက်လာ၍ ယမင်းခင် သည် မည်သူ့ကိုမှမမြင်၊ မှန်သည်။ ကျော်ထိုက်ရှိန်းသည် ယမင်း ခင်ကိုတွေ့လိုက်ရ၍ အံ့သြစွာလှမ်းကြည့်နေဆဲမှ စောစောက ဆရာ မပြောသည့်အမျိုးသမီးဆိုသူအား နားလည်လိုက်ရလေ၏။

အထူးသဖြင့် ယမင်းခင်တစ်ယောက် မျက်ရည်တွေကျနေ ၍ ကျော်ထိုက်ရှိန်းသည် ထူးဆန်းအံ့သြနေသည်ပါ။ ကျော်ထိုက်ရှိန်း သည် ယမင်းခင်အားအသံမပြုဘဲ ကြည့်၍သာနေ၏။ ယမင်းခင် ကျောက်ကွယ်သွားမှ ကျော်ထိုက်ရှိန်းသည် ဘယ်လိုအကြောင်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



မည်သို့ပတ်သက်နေပုံတွေကို တွေးရင်းကျန်ရစ်၏။

ဆေးရုံထဲမှ ထွက်လာခဲ့သည် ယမင်းခင်သည် ဒေါက်တာ စိုးဝေနှင့်ထိုင်တေနကျနေရာခုံတန်းလေးတွင် ထိုင်ဖြစ်သွားသည်။ ရင်ဝယ်ခံစားရသောဝမ်းနည်းစိတ်သည် တစ်ကိုယ်လုံးကို ဖိစီးထား၍ ကိုယ်ရောစိတ်ပါ မချမ်းမြေ့နိုင်အောင်ရှိရ၏။

မေမေ··မေမေ့ကို သမီးချစ်ပါတယ်၊ မေမေရယ် သမီးလည်းစိတ်ညစ်တယ်၊ သမီး စိတ်ဆင်းရဲတယ်၊ သမီး ရှက်တယ်။ ပတ်ဝန်းကျင်ကို သမီး ရင်မဆိုင်ရဲဘူး မေမေ···

အထူးသဖြင့် ဘိုးဘိုး၊ ဒေါ်မြင့်မြင့်မိုးနဲ့နဒီတို့က သမီးကို ဘယ့်လိုထင်မလဲ၊ ဒီကိစ္စမှန်တွေကို သမီး မသိခင်ကတည်းက သူတို့က သမီးကိုအယုံအကြည်မရှိကြတာ၊ ဒီလိုအမှန်တရားတွေ သိသွားရင် သမီးရဲ့ဘဝကိုဘယ်လိုအဖတ်ဆယ်ရတော့မှာလဲ···

မျက်ရည်တို့စီးကျရင်း ရင်ထဲမှစကားတွေဆိုနေဆဲဖြစ် ယမင်းခင်သည် ဘယ်အချိန်ကတည်းက မိမိနားတွင်မားမားကြီး လာရပ်နေမှန်းမသိသည့် ဒေါက်တာ စိုးဝေကိုတွေ့လိုက်ရ၍ မှတ်တရက်မျက်နှာပျက်ကာ လန့်သွားဟန်ဖြင့်ကြည့်ဖြစ်ရ၏။

ယမင်းခင်သည် ချက်ချင်းပင်မျက်ရည်တွေကိုသုပ်ပစ် လိုက်ပြီး ဒေါက်တာ စိုးဝေထံ တင်းမာပြတ်သားသည့်မျက်နှာထား နှင့် ကြည့်နေလိုက်၏။ ဒေါက်တာ စိုးဝေသည် ယမင်းခင်အသွင် ဆီ ငြိမ်လွန်းသောအကြည့်တွေနှင့် အတန်ကြာကြာကြီး ကြည့်နေ ပြီးမှ···

"မင်း တကယ်ပဲကြည့်ရက်နေနိုင်လား ယမင်းခင်၊ မင်း





ရဲ့မိခင်အတွက် အချိန်သိပ်မရှိတော့ဘူးနော်···"

"ယမင်း ပြောထားပြီးပြီပဲ၊ ယမင်းကို ဘာမှလာမပြောပါနဲ့၊ မေမေဟာ သူ့အပြစ်နဲ့သူခံရတာ၊ ဒါကြောင့် မေမေဟာ သူ့အသက်နဲ့ယမင်းရဲ့အရှက်နဲ့ဂုဏ်သိက္ခာကို ကာကွယ်ပေးသွားရ လိမ့်မယ်···"

"ဩော်··မင်းရဲ့အရှက်နဲ့ဂုဏ်သိက္ခာ ဟုတ်လား၊ အရှက် နဲ့ဂုဏ်သိက္ခာဆိုတာဘာကိုပြောတာလဲ၊ မင်း သိကောသိရဲ့လား ယမင်း၊ အခု မင်းရဲ့အကြောင်းကို ငါ အကုန်သိနေတယ်၊ မင်း ငါ့ကိုရှက်တတ်ရဲ့လား၊ အရှက်နဲ့ဂုဏ်သိက္ခာဆိုတာဘာလဲ ယမင်း"

"အစ်ကို့ကို ယမင်းချစ်တယ်၊ ရှက်လည်းရှက်ပါတယ်၊ ဒါပေမဲ့ အစ်ကိုက ယမင်းချစ်သူမို့ ယမင်းကို နားလည်ရမယ်၊ အစ်ကိုတစ်ယောက်နဲ့ပတ်ဝန်းကျင်တစ်ခုလုံးကို ယမင်း မလဲနိုင် ဘူး၊ ယမင်း ရင်မဆိုင်ရဲဘူး အစ်ကို···"

"ယမင်း အမှန်တရားကိုပဲ လက်ကိုင်ထားပါလား၊ အချိန် တွေမှီပါသေးတယ်၊ မင်း ပြင်ဆင်လိုက်ပါ၊ မင်းကို အားလုံးက ခွင့်လွှတ်နားလည်မှာပါ၊ ဒီထက် ပိုပြီး မင်း စိတ်ရိုင်းတွေထား မယ်ဆိုရင်တော့ လာမယ့်အလားအလာဟာ ဘာတစ်ခုမှမကောင်း တော့ဘူး၊ ယမင်း ကိုယ် တောင်းပန်ပါတယ်···"

"မပြောပါနဲ့၊ ယမင်း လက်မခံနိုင်ဘူး၊ ယမင်းရဲ့အရှက် ကို ယမင်း အသက်နဲ့ပဲလဲလိုက်မယ်···"

ထိုစကားသာ နောက်ဆုံးထည့်သုံးပြောတတ်သည့် ယမင်း ခင်အား ဒေါက်တာ စိုးဝေသည် အံ့သြနားလည်နိုင်အောင်ရှိ၍ချ



www.burmeseclassic.com

www.burmeseclassic.com



စက်ဆုပ်ခြင်းအကြည့်တွေဖြင့်သာ ကြည့်ပစ်လိုက်ပြီး ထွက်သွားလိုက်ပါတော့၏။

ယမင်းခင်သည် ပေါးပါးလန်းဆန်းခြင်းမရှိသော စိတ်ခံစားမှုတွေဖြင့် ဝမ်းနည်းစွာကျန်ရစ်ဆဲ…

မီခင် ဒေါ်ရွှေခင်အခန်းထဲမှ ကျော်ထိုက်ရှိန်းနှင့်ရွှေပုလဲတို့ မိခင်ကိုကြည့်ပြီး စိတ်ထိခိုက်စွာဖြင့် ထွက်လာခဲ့ကြ၏။

"သူငွေး‥မေမေ့ကိုကြည့်ရတာ အားတော့မရတော့ဘူး အမေ့ကိုရှိစေချင်လိုက်တာ၊ ခုချိန်မှာ မေမေ သိပ်အားငယ်နေရှာမှာပဲ…"

မျက်ရည်မိုးတို့ပြိုဆင်းရင်း ဝမ်းနည်းခြင်းကြီးစွာဖြင့် ရွှေပုလဲ ဆိုသည်။ ကျော်ထိုက်ရှိန်းသည်လည်း ရွှေပုလဲ ပြောသမျှ စကားတွေကို စိတ်မကောင်းစွာဖြင့် နားထောင်နေသည်ပါ…။

"ဖေဖေက မေမေ့ကိုခေါ်တော့မလားမသိဘူး၊ မေမေခမျာ ရွှေပုလဲတို့မောင်နှမတွေကိုလည်း စိတ်မချဖြစ်နေရှာတယ်။ မေမေသာမရှိတော့ရင် ရွှေပုလဲလည်း ဘယ်လိုလုပ်ရမလဲတောင် မသိတော့ဘူး…

မေမေ အသက်ရှင်ဖို့ ရွှေပုလဲ မေမေ့ကိုမကယ်နိုင်ဘူး ရွှေပုလဲ သိပ်ဝမ်းနည်းတယ်၊ မေမေ့ကို သနားတယ်၊ မေမေ မွေးနေ့ရောက်တော့မယ်၊ ရွှေပုလဲ စိတ်ပူလိုက်တာ…

သေမင်းမျက်စိလည်သွားအောင် မေမေ့မွေးနေ့ကို ရွှေပုလဲ ကြီးကြီးကျယ်ကျယ်လုပ်ပေးလိုက်ရင်ကောင်းမယ်၊ ဟုတ်တယ်၊ မေမေ့မွေးနေ့ကို ရွှေပုလဲ ကြီးကြီးကျယ်ကျယ်လုပ်ပေးလိုက်မယ်…





လာမယ့်တနင်္ဂနွေနေ့မှာ မေမေ့မွေးနေ့ကို ရွှေပုလဲ လုပ်ပေးလိုက်မယ်၊ ကားတစ်စီးငှားပြီး မေမေ့ကိုအပြင်ခေါ်သွားမယ်၊ ဆေးရုံမှာ မေမေ နေနေရတာကြာပြီဆိုတော့ မေမေ ငြီးငွေ့ပြီပေါ့…

စိတ်အပြောင်းအလဲလေးလှည်းဖြစ်အောင် မေမေ့ကို အပြင်ခေါ်ပြီး လျှောက်လည်မယ်၊ မေမေ့မွေးနေ့ကို အပြင်မှာ လုပ်ပေးမယ်…"

မျက်ရည်တွေစီးကျရင်း ရွှေပုလဲ စကားတွေဆိုနေသည်ကို ကြည့်နေသည့် ကျော်ထိုက်ရှိန်းသည် နောက်ဆုံးချုပ်တည်းထားမနိုင်တော့၍ ရွှေပုလဲ၏မျက်ရည်လေးတွေကို သုပ်ပေးပြီး ရွှေပုလဲ ကိုယ်လုံးလေးအား ထွေးဖက်ထားဖြစ်ရပါတော့သတည်း…။

ထိုအခိုက်၊ ဓာတ်လှေကားတံခါးပွင့်ပြီး ဓာတ်လှေကားထဲမှလှမ်းထွက်လာသည်။ ယမင်းခင်သည် ကျော်ထိုက်ရှိန်းနှင့်ရွှေပုလဲတို့ မြင်ကွင်းကိုတွေလိုက်ရသည့်တွင်…

ယမင်းခင်သည် တိုင်အကွယ်တစ်ခုတွင် ကွယ်နေလိုက်ပြီး လှမ်းကြည့်နေဖြစ်လိုက်သည်။ ငြိမ်နေသည်ဟုထင်ရသည့် ယမင်းခင်၏အကြည့်များသည် မည်မျှအထိတာ,သွားနေသည်ကိုမူ ကာယကံရှင်မှသာပင် သိတော့မည်သာတည်း…။ ။

ØØ ØØ ØØ



www.burmeseclassic.com

www.burmeseclassic.com

- နှစ်ဆယ့်ကိုး -

သည်နေ့ဖြင့် စိတ်ကူးထားသည့်အတိုင်း ရွှေပုလဲသည် ကားတစ်စီးငှားပြီး မိခင်ကြီးအား ဆေးရုံမှအပြင်သို့ခေါ်ထုတ်ခဲ့ပြီ ဖြစ်၏။

ဦးစွာ မေမေ့မွေးနေ့ပွဲအား ဘုရားပေါ်တွင် ကျင်းပရန် အတွက် ဘုရားသို့ကားကိုမောင်းစေခဲ့သည်။

ကားအသွား၌ ရွှေပုလဲသည် မိခင်၏ဖြူရော်ရော်ရှိနေသည့် မျက်နှာဆီ မသိမသာခိုးကြည့်ရင်း စိတ်တွင်ထိခိုက်၍ငိုချင်နေရ ၏။

သို့သော်လည်း ရွှေပုလဲသည် မိမိ၏ငိုချင်သည့်စိတ်ကို ချုပ်တည်းရင်း၊ မိခင်ရှေ့တွင် မိခင်ကြီးပျော်အောင် ပြုံးရယ်နေရ သည်ပါ…။

ဘုရားရောက်သည့်တွင် ဓာတ်လှေကားနှင့်ဆက်တက်ခဲ့ သည်။ ပြီးတော့ ရင်ပြင်ဆီသို့ မိခင်ကြီးအား ကျောတွင်ပိုးပြီး ဆက်တက်ခဲ့၏။





တွေ့မြင်ကြသည့်လူတွေကလည်း မနေကြပါ။ အကြင် နာကြီးသော မြန်မာလူမျိုးတို့ထုံးစံအတိုင်း ရွှေပုလဲနှင့်မိခင်ကို ဝိုင်း ဝန်းကူညီကာ ဖေးမတွဲခေါ်ကြရှာ၏။

“ကျေးဇူးတင်ပါတယ်၊ ကျေးဇူးတင်ပါတယ်ရှင်…”

ကူညီသူတွေအားလုံးကို ကျေးဇူးတင်စကား ရွှေပုလဲ ဆို သည်။ သည့်နောက် ကြာသပတေးနံထောင့်ရှိ ဘုရားတန်ဆောင်း တွင် မိခင်နှင့်အတူထိုင်ပြီး ကိတ်မုန့်တစ်လုံးနှင့်ဘုရားကပ်လှူပူ ဇော်ကာ မိခင်မွေးနေ့ကို လုပ်၏။

“မေမေ··ဒီနေ့ မေမေ့မွေးနေ့၊ သိလား၊ မေမေ မှတ် မိလား…”

“ဟင်··မေမေ့မွေးနေ့တောင်ရောက်ပြီလား…”

“ဟုတ်တယ်၊ ဒီနေ့ မေမေ့မွေးနေ့၊ ဒါကြောင့် သမီး ဘုရားခေါ်လာပြီး မွေးနေ့လုပ်ပေးတာပေါ့၊ ကဲ··ဒီမှာ မွေးနေ့ကိတ် တစ်လုံး၊ မေမေနဲ့သမီးနဲ့အတူစားမယ်…

မေမေ့မွေးနေ့ကို မှတ်တမ်းတင်တဲ့အနေနဲ့ ဓာတ်ပုံရိုက် မယ်၊ သမီး ဓာတ်ပုံဆရာခေါ်လိုက်မယ်…”

“သမီးရယ်၊ ဘုရားရောက်လာတာပဲတော်ပါပြီ၊ ပိုက်ဆံ သုန့်တာမလုပ်ပါနဲ့တော့…”

ဒေါ်ရွှေခင်မှာ ရွှေပုလဲ၏လုပ်ရပ်လေးအပေါ် သဘောကျ ရှာဆိုဆဲ၊ ရွှေပုလဲက ဓာတ်ပုံဆရာအား ခေါ်ပြီးနေပြီဖြစ်၏။

“ကဲ··ဓာတ်ပုံဆရာရေ၊ ကျွန်မအမေရဲ့ အဲဒီလိုပြုံးရယ်နေ သောမျက်နှာကို ဓာတ်ပုံရိုက်ပေးပါ…”



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း..ဟင်း သမီးကတော့လေ..."

ဒေါ်ရွှေခင် ရယ်သည်။ ဓာတ်ပုံဆရာကလည်း အမိအရ ရိုက်၏။ ရွှေပုလဲသည် ဝမ်းနည်းစွာကျေနပ်နေသည်ပါ...။

အြော်..သမီးလေး၊ ငါ့သမီးကြောင့် မေမေ အမြဲရယ်မောနိုင်ခဲ့ရတယ်၊ ငါ့သမီးကြောင့် မေမေ အမြဲစိတ်ပေါ့ပါးလန်းဆန်းရတယ်...

သမီးလေးက တကယ်တော်ပြီး၊ တကယ်လိမ္မာတဲ့သမီးလေးပါကွယ်၊ ဒါကြောင့်လည်း သမီးဖေဖေက သမီးကိုချစ်တာ မေမေ သိတယ်...

သမီးဖေဖေဆုံးတာ သမီးကြောင့်ဆိုပြီး မေမေ သမီးကို ရိုက်ခဲ့၊ ပြောခဲ့၊ ဆိုခဲ့၊ နှင်လွှတ်ခဲ့တာတွေဟာ မေမေ့စိတ်ရင်း မဟုတ်ပါဘူး သမီးရယ်...

မေမေ သမီးကိုသိပ်ချစ်ပါတယ်၊ မေမေ သမီးကိုပြောဆိုရိုက်ခဲ့တာတွေဟာ မေမေ စိတ်ဓာတ်ကျပြီးရူးမတတ်ဖြစ်ရလို့ပါ...

တကယ်တော့သမီးကို မေမေက ချစ်တယ်၊ သမီးဟာ မေမေရဲ့ အားအကိုးရဆုံးသမီးပါ၊ မိဘကိုသိတတ်တဲ့သမီး၊ ကျေးဇူးကိုသိတတ်တဲ့သမီး၊ အနွံအတာခံလာတဲ့သမီးပါ၊ သမီးလေး ကံကောင်းပါစေကွယ်...

မေမေ သေပါစေ၊ မေမေ သေသွားပါစေ၊ မေမေ့အသက်ကို မေမေ မနှမြောဘူး၊ မေမေ့အသက်နဲ့ ငါ့သမီးအသက်ကို မေမေ လဲနိုင်ပါတယ်တယ်...





ရွှေပုလဲကိုကြည့်ပြီး ရင်ထဲမှ ဒေါ်ရွှေခင် စကားတွေကို ကြေကွဲစွာဆိုဖြစ်နေခြင်းပါ။

"ကဲ..မေမေ..ဒီမှာ ကိတ်မုန့်ပေါ်မှာ ဖယောင်းတိုင်မီးတစ်တိုင်ထွန်းလိုက်ပြီ၊ မေမေ မှုတ်လိုက်နော်၊ သမီးက လက်ခုတ်တီးမယ်..."

ရွှေပုလဲ ဆိုသည်တွင် ဒေါ်ရွှေရင်သည် ရင်ထဲမကောင်းသော်လည်း သမီးလေးအလိုအရ ကိတ်မုန့်ပေါ်မှဖယောင်းတိုင်မီးလေးကိုမှုတ်လိုက်၏။

"ဟေး..ဟုတ်ပြီ..တို့မေမေမှာ အားတွေအများကြီးရှိသေးတာပဲ..ဟား..ဟား..ဟား..ဟား၊ ဟတ်ပီးဘတ်ဒေး မေမေ..."

ဖြောင်း..ဖြောင်း..ဖြောင်း..ဖြောင်း...

သားအမိနှစ်ယောက်လုံးမှာ ရင်တွင်းမှထိခိုက်ခံစားမှုတွေကိုဖုံးဖိရင်း တစ်ယောက်ကိုတစ်ယောက် နှစ်သိမ့်အားပေးမှုဖြင့် ပြုံးရယ်ဖြစ်ကြ၏။

"မေမေ..ဆေးရုံကနေအပြင်ထွက်လာတော့ ပျော်ရဲ့လားဟင်၊ မေမေစိတ်တွေ လန်းဆန်းသွားမလားလို့ သမီး ဒီလိုလုပ်တာပါ..."

"သိပ်ဟုတ်တာပေါ့ သမီး၊ မေမေ စိတ်တွေတကယ်လန်းဆန်းသွားတယ်၊ သမီးဟာသိပ်လိမ္မာတဲ့သမီး၊ မေမေ သမီးကို အစစအရာရာအတွက် ကျေးဇူးတင်တယ် သမီးရယ်...

မေမေ့ကို စိတ်ချမ်းသာအောင်ထားတာတွေ မေမေ့ကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရှုစောင့်ရှောက်ပေးနေတာတွေ၊ မောင်လေးတွေကို ကြည့်ရှုစောင့်ရှောက်ပေးနေတာတွေအတွက် သမီးကို မေမေ ကျေးဇူးအများကြီးတင်ပါတယ် သမီးရယ်…

သမီး ဖေဖေကို မေမေရှိစေချင်လိုက်တာ၊ အခုလိုမြင်ကွင်းတွေကို မေမေ မြင်တွေ့စေချင်တယ်၊ သမီး ဖေဖေရှိရင်လည်း သမီးကို ကျေးဇူးတွေတင်ပြီး ငါ့သမီးကလိမ္မာသိတတ်လိုက်တာလို့ ချီးမွမ်းနေမှာပါ သမီးရယ်…”

ရွှေပုလဲ၏ ဆံပင်နုနုလေးတွေကို ပွတ်သပ်ပေးရင်း ဒေါ်ရွှေခင် ဆိုသည်။ မိခင်စကားတွေကိုနားထောင်ရင်း ရွှေပုလဲသည် မျက်ရည်တို့ကျချင်သည်ကိုထိန်းချုပ်ထားရလေ၍ မျက်ဝန်းလေးတစ်စုံနှင့်နှုတ်ခမ်း၊ နှာဖျားလေးများသည် တွတ်တွတ်ရဲနေရရှာ၏။

ထို့အတူ ဒေါ်ရွှေခင်သည်လည်း ရွှေပုလဲရှေ့ မျက်ရည်မကျစေရန် ချုပ်တည်းထားရ၍ မျက်ဝန်းအစုံသည် စိုရဲနေရသည်ပါ…။

“မေမေ စိတ်မကောင်းစရာတွေမပြောပါနဲ့တော့နော်၊ ဖေဖေကလည်း သမီးတို့မိသားစုလေးကို တမလွန်ကနေစောင့်ရှောက်ပေးနေပါတယ် မေမေရယ်၊ ကဲ..ကဲ မေမေ့ကို သမီး မွေးနေ့လက်ဆောင်ပေးမယ်၊ ကဲ..မေမေ မျက်လုံးမှိတ်ထားပါ”

ရွှေပုလဲဆိုရင်း လွယ်နေကျကျောပိုးအိတ်လေးထဲမှ ဘူးသေးသေးလေးတစ်ခုကို စမ်း၍နှိုက်လိုက်သည်။ ပြီးတော့ မိခင်ရှေ့တွင် ရွှေပုလဲ ဖွင့်ပြလိုက်သည်။





“ကဲ..မေမေ ဖွင့်ကြည့်လို့ရပြီ…”

ဒေါ်ရွှေခင် မျက်လုံးဖွင့်ကြည့်လိုက်သည်တွင် ရွှေပုလဲလက်ထဲတွင်ကိုင်ထားသည့် ဘူးသေးသေးလေးထဲမှ ရွှေလက်စွပ်တစ်ကွင်းကိုတွေ့လိုက်ရ၍ ဒေါ်ရွှေခင်၏မျက်ဝန်းအစုံသည် အံ့သြစွာနှင့်တောက်ပသွားရရင်းက…

“ဟင်..ဒီလက်စွပ်က…”

“ဟုတ်တယ်၊ မေမေ့လက်စွပ်လေ၊ ဖေဖေ မေမေ့ကို ဆင်ထားတဲ့လက်စွပ်လေ…”

“ဒါ..မေမေ ဆေးရုံတက်ခါနီးတုန်းက ပေါင်ထားခဲ့တာ သမီး…”

“ဟုတ်တယ်လေ၊ အခု သမီး ပြန်ရွေးလိုက်တာ၊ ကဲ မေမေ ပြန်ဝတ်ထားနော်၊ ဖေဖေ့ကိုယ်စား မေမေ ဘယ်တော့မှ မချွတ်နဲ့တော့နော်…

သမီးက အသုံးမကျဘူး မေမေ၊ မေမေ့အသက်ကိုလည်း သမီး မကယ်နိုင်ဘူး၊ ဒါကြောင့် သမီး မေမေ့ကို အတတ်နိုင်ဆုံး စိတ်ချမ်းသာအောင်ထားဖို့ ဆုံးဖြတ်ထားတယ်…”

“သမီးလေးရယ်…”

ဒေါ်ရွှေခင် သမီးကိုဖက်ကာ မျက်ရည်များကျလာရ၏။ ရွှေပုလဲသည်လည်း မိခင်အားဖက်ထားရင်းမှ မျက်ရည်များကျလာရသည်ပါ…။

မေမေ..မေမေ့မျက်နှာ၊ မေမေ့တစ်ကိုယ်လုံးဟာ တစ်နေ့ထက်တစ်နေ့ ဖြူဆုတ်လာပြီး မေမေ ပျောက်ကွယ်သွားမှာ



www.burmeseclassic.com

www.burmeseclassic.com



သမီး စိုးရိမ်တယ်၊ သမီး ကြောက်တယ်၊ သမီး ဝမ်းနည်းတယ် မေမေရယ်…

မေမေ သမီးတို့မောင်နှမကိုမခွဲသွားပါနဲ့၊ သမီး တောင်းပန်ပါတယ်၊ ဆင်းရဲပါစေ၊ မေမေသာရှိမယ်ဆိုရင် သမီးတို့မောင်နှမမှာ အသိုက်အမြုံကလေးရှိလို့ သမီး အားရှိတယ်…

သမီး လိမ္မာလိုက်တဲ့သမီး၊ သိတတ်လိုက်တဲ့ သမီး ငါ့သမီးလေးဘဝ ဒီလိုပဲမရှိစေရဘူးကွယ်၊ မေမေ အာမခံပါတယ်၊ ငါ့သမီးလေးရဲ့ဘဝမှန်ပေါ်ကို မေမေ အရောက်ပို့ပေးပါ့မယ်…

သားအမိနှစ်ယောက်မှာ တစ်ယောက်ကိုတစ်ယောက် တွေးဖက်ထားကြရင်းမှ ဟန်ဆောင်အပြုံးများနောက်ကွယ်မှ ရင်တွင်းစကားတွေကို အသီးသီးဆိုနေဖြစ်ကြခြင်းပါ…။

မှန်သည်။ ထိုနေ့မနက် မင်္ဂလာရှိသောအချိန်၌ ရွှေတိဂုံဘုရားရင်ပြင်တော်ထက်၌ ဒေါ်ရွှေခင်နှင့်ရွှေပုလဲတို့သားအမိနှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် နွေးထွေးနှစ်သိမ့်ခြင်းတွေနှင့်အားပေးဂရုစိုက်စွာ ရှိနေကြဆဲအချိန်များ၌…

× × × × ×

နေ့လယ်ဆယ့်တစ်နာရီ၊ အလုပ်တွေများနေဆဲ ကျွန်းဟိန်းကုမ္ပဏီမှ ဦးဘဟိန်း၏မြေးဖြစ်သူ ယမင်းခင်တစ်ယောက် ဖုန်းဆက်ခေါ်၍ ကျော်ထိုက်ရှိန်းသည် (…)ကော်ဖီဆိုင်တစ်ဆိုင်





သို့ ရောက်လာခဲ့လေ၏။

ကော်ဖီဆိုင်ထဲသို့ဝင်လိုက်သည်နှင့် စားပွဲတစ်ခုတွင် ကျောက်ရုပ်တစ်ရုပ်လိုထိုင်ကာ အသင့်ရောက်နေသည့် ယမင်းခင်ကို တွေ့လိုက်ရ၍ သူသည် မျက်နှာချင်းဆိုင်ခုံတွင် ဝင်ရောက်ထိုင်လိုက်၏။

ထုံးစံအတိုင်း သူ့အသွင်သည် တည်တည်ငြိမ်ငြိမ်ကြီးနှင့် စကားမဆိုဘဲနေတတ်သည်ကို အကြောင်းသိသွားသည့် ယမင်းခင်သည် သူ့ကိုတစ်ချက်ပြုံးပြလာရင်းမှ…

"ကိုကျော်ထိုက်ရှိန်း ထမင်းစားပြီးပြီလား…"

သူ့မအမေးအတွက် သူသည် နှုတ်မဆိုဘဲခေါင်းသာညိတ်ပြစ်သည်။

"ဒါဖြင့် ကော်ဖီပဲသောက်ကြတာပေါ့နော်…"

"ရပါတယ်၊ ဒါပေမဲ့ ခင်ဗျားခေါ်တဲ့ကိစ္စကိုအရင်ပြောပါ…"

"ဟုတ်ကဲ့၊ ပြောပါ့မယ်၊ အခု ကုမ္ပဏီနှစ်ခုကိုပူးပေါင်းလိုက်ပြီဆိုတော့ ဘိုးဘိုးက ကိုကျော်ထိုက်ရှိန်းတို့ကုမ္ပဏီက ထုတ်ကုန်အမျိုးအစားတွေကို ယမင်းကို ကြည့်ရှုခိုင်းတယ်…"

"သြော်..ကျွန်တော့်လုပ်ငန်းတွေကို ဦးဘဟိန်းက ပူးပေါင်းလိုက်ပြီကိုး…"

ဆိုရင်း နဒီအားလက်ထပ်ရမည့်ကိစ္စအတွက် သူ့ဘက်မှ ကြိုးပမ်းနေ၍ လုပ်ငန်းသိမ်းလိုက်ပြီဟူသောအသိနှင့် သူသည် ခေါင်းညိတ်၍သာနေလိုက်တော့၏။



www.burmeseclassic.com

သို့သော်လည်း သူသည် နိုင်ငံခြားသို့ထွက်သွားဖို့ကို စိတ် မကူးတော့ပါ။ ဘာကြောင့်မှန်းမသိ၊ သူသည် တစ်ဦးတစ်ယောက် အတွက် အားအင်သတ္တိတွေရှိနေရသလိုပါ…။

“ဘိုးဘိုးအနေနဲ့က လုပ်ငန်းချင်းပူးပေါင်းတယ်ဆိုတာ နဂါးပျံကိုထိန်းသိမ်း စောင့်ရှောက်တဲ့သဘောမျှပါပဲ၊ ဦးစီးလုပ်ကိုင် သွားရမယ့်သူတွေကတော့ ကိုကျော်ထိုက်ရှိန်းနဲ့ရွှေပုလဲတို့ပဲပေါ့။ ယမင်းကတော့ ကွာလတီနဲ့ပါကင်တွေကို လာပြီးစစ်ဆေးကြည့် ပေးရုံပါပဲ…”

ကော်ဖီသောက်ရင်း ယမင်းခင် စကားတွေဆိုသည်။ ကျော်ထိုက်ရှိန်းသည်က ဆိတ်ဆိတ်ပင်နားထောင်နေ၏။

“ယမင်း ထင်ပါတယ်၊ အခုလိုပူးပေါင်းလိုက်တဲ့အခါမှာ ပိုပြီးအောင်မြင်လာမယ်လို့၊ အိုး…ကျွတ်…ကျွတ်…ကျွတ်…”

စကားတွေဆိုရင်း ယမင်းခင်သည် နဖူးထက်လက်ချောင်း ကလေးတွေနှင့်ထောက်ကာ ညီးတွားလိုက်လေ၍၊ ကျော်ထိုက်ရှိန်း သည် ခပ်ကြောင်ကြောင်ပင်ကြည့်နေလိုက်၏။

“အိုး…ကျွတ်…ကျွတ်…”

ယမင်းခင်သည်က ခုံပေါ်မှပင်ပြုတ်ကျတော့မလောင် ဖြစ် နေသော်လည်း၊ သူသည်က ဘာဖြစ်တာလဲ၊ ဘယ်လိုဖြစ်တာလဲ ဟု တစ်ခွန်းမမေးဘဲ၊ မျက်မှောင်တွန့်သလို၊ မျက်လုံးပြုံးသလို နှင့် အံ့သြသယောင်နဲ့သာ သူ ကြည့်နေလေ၏။

“ကိုကျော်ထိုက်ရှိန်း ယမင်း…ယမင်းအရမ်းမူးနေတယ်၊ ယမင်းကို ကိုကျော်ထိုက်ရှိန်း ကားနဲ့ပဲပြန်လိုက်ပို့ပေးပါ…”





“ဩော်…ဟုတ်ကဲ့…”

ထိုအခါမှပင် ဟုတ်ကဲ့ဟု သူ ဆိုပြီး ယမင်းခင်အား က်မောင်းတစ်ဖက်မှတွဲခေါ်ကာ သူ့ကားရပ်ထားရာဆီသို့ ခေါ် ိုက်လေ၏။

ကားဆီအရောက် ယမင်းခင်ကို ကားထဲထည့်ပြီး သူ ည် မောင်းမည့်နေရာတွင် ဝင်ရောက်ထိုင်ကာ ကားလေးအား ်နိုးတော့မည်အပြု…

ယမင်းခင်သည် ကျော်ထိုက်ရှိန်း၏ရင်ခွင်ဝယ် တိုးဝင်ကာ ်ထားလိုက်ရင်းက…

“ကိုကျော်ထိုက်ရှိန်းရယ် ရှင် ဒီလောက်ပဲအ,ရသလား၊ ် ဘာလို့မသိရတာလဲ၊ ယမင်းလေ ရှင့်ကိုတွေ့တွေ့ခြင်းပဲ နှစ် ်မိတယ်…”

ယမင်းခင်၏ အပြုအမူတွေနှင့်စကားများအတွက် ကျော် ်ရှိန်းသည် မယုံနိုင်အောင် အံ့သြသွားဖြစ်ရလေ၏။ သို့သော် ျော်ထိုက်ရှိန်းသည် စိတ်ဖြင့်လုံးဝမလှုပ်ရှားပါလေ…။

မှန်သည်။ ကျော်ထိုက်ရှိန်းသည် မိမိရင်ခွင်ထဲမှ ယမင်း ်အား ငြိမ်ငြိမ်ကြီးသာ ကြည့်နေလိုက်ပြီးမှ သူသည် အေးစက် ေဆးစွာပင် ယမင်းခင်၏လက်နှင့်ပခုံးမှဆွဲကိုင်ကာ ဖယ်ရှား ်လိုက်၏။ ပြီးတော့ ယမင်းခင်မျက်နှာဆီ စေ့စေ့ကြည့်ကာ စကားဆိုသည်။

“ခင်ဗျားကို ကျွန်တော် သဘောပေါက်သွားပြီ၊ ဒါပေမဲ့ ်တော်က ဝါသနာမပါဘူး၊ ကျွန်တော့်ရင်ထဲမှာတစ်ယောက်ရှိ



www.burmeseclassic.com

www.burmeseclassic.com



ထားပြီးသား…

ခင်ဗျားသိအောင်ပဲပြောထားလိုက်မယ်၊ ကျွန်တော့်ရင်ထဲ နေတဲ့သူက ရွှေပုလဲပဲ၊ ကဲ..ကျွန်တော့်ကားပေါ်ကဆင်းတော့

ယမင်းခင်မှာ သူမအား တွန်းဖယ်ပစ်လိုက်ကတည်းက အံ့သြစွာ မှင်သက်ကြည့်နေဖြစ်သည့်အကြည့်သည် ခုတိုင်ပင်ဖြစ်၏။

ကျော်ထိုက်ရှိန်းက ကားပေါ်မှဆင်းသွားရန်ပြောသော်လည်း ယမင်းခင်သည် အံ့သြမှင်သက်နေဆဲမို့ မဆင်းဖြစ်ဘဲရှိ ကျော်ထိုက်ရှိန်း၏မျက်နှာ မှုံချောချောကြီးသည် တင်းမာသွားပြီး

"ခင်ဗျားကြားတယ်မဟုတ်လား၊ ကျွန်တော်က အားနာတတ်တဲ့သူမဟုတ်ဘူးနော်၊ ကားပေါ်ကဆွဲချပစ်လိုက်မယ်၊ ခင်ဗျား အရှက်ကို ခင်ဗျားကာကွယ်ရမယ်ဆိုတာသိရင် ခုချက်ချင်း ကျွန်တော့်ကားပေါ်ကဆင်းသွားပါ၊ ထပ်မပြောဘူး…"

သူ့စကားကြောင့် ယမင်းခင်သည် ရဲကနဲဖြစ်သွားရသည့် မျက်နှာမှာ မခံချင်စိတ်နှင့်အေးစက်တင်းမာသွားရပြီး ကားပေါ်မှ ဆင်းသွားလိုက်ပါတော့၏။

ဒိုင်း…

ယမင်းခင်က ကားတံခါးအား ဆောင့်ပိတ်ပစ်လိုက်သည်တွင် ကျော်ထိုက်ရှိန်းသည်လည်း ကားလေးအားလျှောကနဲမောင်းထွက်သွားလိုက်ပါတော့သတည်း…။

× × × × ×





"ကဲ..ဒီညတော့ မောင်လေးတို့ကို မမ လိပ်ကမ္ဘာကြီး ဖြစ်ပွင့်အကြောင်း ပြောပြမယ်နော်…"

"ဒီပုံပြင်က သားတို့တောင်အလွတ်ရနေပြီ မမရဲ့…"

"ဟုတ်လား၊ မေ့နေပြီထင်လို့၊ ကဲ..ဒါဖြင့် နောက်တစ်ပုဒ်ပြောမယ်၊ ကျီးမင်းပုံပြင်ပြောပြမယ်နော်…"

"ဟုတ်ကဲ့ မမ…"

"ကဲ..မျက်လုံးမှိတ်ပြီးနားထောင်၊ ဟိုး..ရှေးရှေးတုန်းက…"

အခန်းဝတွင်ရောက်လာပြီး ပုံပြင်ပြောနေသည့် ရွှေပုလဲထံသို့ ကျော်ထိုက်ရှိန်းတစ်ချက် လာကြည့်သည်။ ပြီးတော့ ကျော်ထိုက်ရှိန်းသည် အောက်ထပ်ဧည့်ခန်းဆီသို့ ကပျာကယာပြန်ပြေးဆင်းခဲ့ပြီး၊ ရွှေပုလဲကိုစောင့်ရင်း ဖတ်လက်စစာအုပ်ကို ဆက်ဖတ်လိုက်၏။

စာအုပ်ကိုဖတ်ရင်း ကျော်ထိုက်ရှိန်းသည် မျက်ခုံးတစ်ဖက်ကိုမြင့်လိုက်၊ မျက်လုံးအကြည့်ကိုစွေကြည့်လိုက်၊ နှုတ်ခမ်းကို တွန့်လိုက်နှင့် စာအုပ်ထဲကအတိုင်း လိုက်၍ဖြစ်နေဟန်တူ၏။

သူ မည်မျှအထိစာအုပ်ထဲ စိတ်ဝင်စားနေမိသည်မသိ၊ ရွှေပုလဲတစ်ယောက် သူ့အနီး၌လာရောက်ရပ်နေသည်ကိုပင် သူမသိ၊ ရွှေပုလဲသည်လည်း သူ့အဖြစ်ကိုမျက်လုံးပြူးကာ ကြည့်နေဖြစ်ရလေ၏။

"အဟမ်း..သူဌေး ဘယ်လိုဖြစ်နေတာလဲ၊ လေဖြတ်နေတာလား၊ တစ်ခါမှမမြင်ဖူးဘူးနော်၊ ပြောမှသိမယ်၊ ဘာလုပ်



www.burmeseclassic.com

www.burmeseclassic.com



ပေးရမလဲ…”

“ဟင်..မစပ်စု..အဲလေ ရွှေပုလဲ၊ မောင်လေးတွေ အိ
သွားပြီလား…”

“အင်း..အိပ်သွားပြီ၊ သူဌေးကဘာဖြစ်နေတာလဲ…”

“ဟင်..ကိုယ် ဘာဖြစ်လို့လဲ…”

“မသိဘူးလေ၊ စာအုပ်ဖတ်တာ ရွှဲစောင်းချွတ်ချော်
လို့၊ ဘာများဖြစ်နေလဲလို့၊ ဒါနဲ့စက်ရုံမှူးကြီးကော အိပ်ရာဝင်သွား
ပြီလား၊ ရွှေပုလဲကို ဆေးတောင်းသောက်ထားတယ်၊ သွားပေး..

“နေပါ၊ ကိုယ် ပေးလိုက်ပြီးပြီ…”

သူဆိုရင်း ရွှေပုလဲမျက်နှာလေးဆီ ကြည့်သည်။ သူ့
အကြည့်က ရွှေပုလဲထံမှ လုံးဝမရွှေ့လျား၊ ရွှေပုလဲမှာ အစတော့
အမှတ်တမဲ့၊ နောက်မှသူ့အကြည့်တွေကို သတိထားမိ၍ ထူးခြား
ပြီးဆန်းနေသည်ဟုထင်လိုက်၏။ သည့်အတွက် ရွှေပုလဲသည်
အံ့ဩစွာနှင့်သူ့ကို ပြန်၍ကြည့်သည်။

“သူဌေး မျက်တောင်ခတ်ဦးလေ…”

ရွှေပုလဲ ပြောသည့်စကားတွေကို သူ အသာထားလိုက်
သလိုနှင့် ရွှေပုလဲကိုသာ သူ ကြည့်ဆဲရှိ၏။ ယခင်ကတည်းက
တည်၍ငြိမ်သောသူ့အသွင်သည် ခုလည်းတည်ငြိမ်း၍ နက်ရှိုင်း
သည်ပါ…။

“ရွှေပုလဲ၊ တကယ်ပဲ မင်းဟာ ကိုယ့်ရဲ့စိတ်တွေကို
လှုပ်ရှားစေပါတယ်၊ ကိုယ် တစ်ခါမှ ဒီလိုမျိုးဖြစ်ပေါ်မခံစားခဲ့
ဖူးပါဘူး…





မင်းနဲ့တွေ့မှ ကိုယ် ရင်ခုန်တတ်လာတယ်၊ မင်းဟာ
ကိုယ့်ကို အရာရာစိတ်ဝင်စားမှုတွေကို ဖြစ်ပေါ်စေတယ်…

တကယ်ပါ ရွှေပုလဲရယ်၊ မင်းမှမရှိရင် ကိုယ်နေမှတတ်
ပါတော့မလားပဲ၊ ဟင်း..တကယ် ကိုယ် မနေတတ်တော့ဘူး၊
မင်း ကိုယ့်ကိုထားမသွားပါနဲ့နော်…”

“ဟင်..သူဌေး၊ ရွှေပုလဲကို ဘာတွေပြောနေတာလဲ၊
ဆင်းရဲလို့ကပ်နေရတယ်ဆိုပြီး အထင်အမြင်တွေသေးလို့ပြောချင်
ရာတွေပြောနေတာလား၊ ဟီး..ဟီး..ဟီး..ဟီး..ဟီး…”

ရွှေပုလဲကား မယုံမရဲ၊ ဝမ်းနည်းဝမ်းသာစိတ်ဖြင့် ငိုချ
ဖြစ်လိုက်ပြီး စကားတွေဆိုသည်တွင်…

မိမိကချစ်စကားပြောရာ၌ ချစ်တဲ့သူကငိုသည်တွင် ဘာ
ပြန်ပြောရမည်ကို စာအုပ်ထဲတွင်ရေးမထား၍ ကျော်ထိုက်ရှိန်းတစ်
ယောက် ရွှေပုလဲ ငိုနေပုံအားမျက်လုံးပြူးကာ ပါးစပ်ကြီးဟာ၍
ငေးကြောင်ကြည့်နေဖြစ်ရပါတော့သတည်း…။

× × × × ×

သည်ညတော့ဖြင့် ဒေါက်တာ စိုးဝေသည်လည်း စိတ်
ဆင်းရဲခြင်းကြီးစွာဖြင့် တစ်ကိုယ်တည်းအရက်သောက်နေဖြစ်၏။

အရက်သောက်ရင်းမှ သူသည် ရွှေပုလဲ၏အသွင်ဖူးဖူး
ဝင်စင်လေးကိုမြင်ယောင်ကာ စိတ်ထိခိုက်နေဖြစ်ရ၏။

ရွှေပုလဲရယ် အစ်ကို မင်းလေးကိုအတွေ့နောက်ကျခဲ့



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဒါပေမဲ့လေ အစ်ကို မင်းလေးအတွက် ကြိုးစားပေးမှာပါ။ မင်းကို အစ်ကို ညီမလေးတစ်ယောက်လိုအမြဲစောင့်ရှောက်နေမယ် ရွှေပုလဲ…

အစ်ကို့ရဲ့ မင်းအပေါ်တွေ့စကတည်းကထားတဲ့ ဖြူစင်တဲ့ မေတ္တာနဲ့စေတနာတွေကိုတော့ မင်း ထာဝရယုံပါနော်…

ရင်ထဲကစကားတွေဆိုရင်း ဒေါက်တာ စိုးဝေသည် ဖန်ခွက်ထဲရှိသည့်ရစ်ရွှေရည်ကို တကျိုက်မော့သောက်သည်။

မျက်နှာကရှုံ့မဲ့သွားသည်။ အူရိုင်းမို့မခံစားနိုင်၊ တစ်ကိုယ်လုံးကမီးနှင့်ကင်ထားသလို ပူလောင်နေရ၏။ သောက်ပြီးနေမှ အရက်မကောင်းကြောင်းကို သိရသည်။

အရသာကလည်းမကောင်း၊ အရသာခါးလိုက်သည်မှာ အသည်းထိတိုင်ပင်၊ ပူလောင်လိုက်သည်ကလည်း တစ်ကိုယ်လုံး ငရဲအိုးမီးထဲပဲကျနေရသလိုပါ…။

အရက်သောက်၍ မူးတာကတော့မူးသည်။ အူရိုင်းလေးမို့ပို၍မူး၏။ မူးတာကလည်းမကောင်း၊ အိပ်၍လည်းမပျော်၊ အံ့ပဲအံ့ချင်သလိုလို၊ အော့ပဲအော့ချင်သလိုလို၊ ဘာမှမကောင်း၊ ဘာတစ်ခုမှမကောင်း…။

အစ်ကို့ကို ယမင်း ချစ်တယ်၊ အစ်ကိုဟာ ယမင်းရဲ့ချစ်သူမို့ ယမင်းဘက်က အစ်ကို ရပ်တည်ပေးရမယ်၊ ယမင်းကို အစ်ကို နားလည်ပေးရမယ်၊ ဒီကိစ္စတွေအားလုံး ရွှေပုလဲ သိသွားတဲ့နေ့ဟာ ယမင်း သေဆုံးတဲ့နေ့ပဲ…

နားထဲ၌ ယမင်းခင်၏ခေါင်းမာစွာ သည်စကားတွေကို





ခါးသည်းစွာ သူ ကြားယောင်ရသည်။

ယမင်း··ယမင်း မထင်ရဘူးနော်၊ ကိုယ် အံ့ဩတယ်၊ မင်း စိတ်ဓာတ်ကို ကိုယ် တကယ်မယုံနိုင်အောင်ပါပဲ၊ အထင်ကြီးလိုက်ရတာ၊ အထင်ကြီးခဲ့လိုက်ရတာ…

ဘာပဲဖြစ်ဖြစ် ယမင်းရယ်၊ မင်း မှန်တဲ့လမ်းကိုလျှောက်ပါ၊ မှန်တဲ့လမ်းပေါ်မှာ လျှောက်နိုင်ဖို့အတွက် မင်းကို အစ်ကို လက်တွဲပြီးခေါ်ပါ့မယ်…

ရွှေပုလဲ··ရွှေပုလဲ မနော‌ဖြူတဲ့ရွှေပုလဲ၊ ရိုးသားဖြူစင်တဲ့ ရွှေပုလဲ၊ ပွင့်လင်းတဲ့ ရွှေပုလဲ၊ ရွှေပုလဲလေးလိုပဲလှပချစ်စရာကောင်းတဲ့ ရွှေပုလဲ…

ညီမရေ··ခုဘဝမှာတော့ မင်းကို အစ်ကို့ညီမရင်းလေးလိုပဲ စောင့်ရှောက်သွားပါ့မယ်၊ နောင်ဘဝကစပြီး ဘဝဆက်တိုင်းမှာတော့ အစ်ကို ချစ်တဲ့မြတ်နိုးတဲ့တန်ဘိုးထားရတဲ့ ရွှေပုလဲလေးဖြစ်ပါစေလို့ အစ်ကို ဆုတောင်းပါတယ် ညီမရယ်၊ အစ်ကို ဆုတောင်းတယ်…

ဒေါက်တာ စိုးဝေကား ရင်တွင်းခံစားချက်တွေဖြင့် တစ်ကိုယ်တည်းမူးရူးကာ ပြောချင်ရာတွေပြောဖြစ်နေခြင်းပါတည်း။

မှန်သည်။ ဒေါက်တာ စိုးဝေတစ်ယောက်၊ တစ်ကိုယ်တည်းလွှတ်ချင်သလိုလွှတ်၊ ရူးချင်သလိုရူးနေဆဲအချိန်များ၌၊ နဂါးပုံ၏တိုက်ကြီးထဲတွင်လည်း…

နေမကောင်း၍စက်ရုံမှူးကြီးလည်း အိပ်ရာစောစော ဝင်သွားလေပြီ၊ ကလေးများလည်းအိပ်ပျော်ကုန်ကြလေပြီ…။



www.burmeseclassic.com

www.burmeseclassic.com



အိပ်၍မပျော်နိုင်ဖြစ်နေရသည်က ကျော်ထိုက်ရှိန်းဘဝပါ။ ရွှေပုလဲကမူ စောစောအိပ်ရန် အခွင့်အရေးကမရှိရှာ၍၊ ညဦးမနက်သေးခင်၊ လုပ်စရာရှိသည့်အလုပ်တွေကိုလုပ်ကိုင်နေရဆဲပါ။ ရွှေပုလဲတစ်ယောက် အလုပ်တွေလုပ်နေဆဲ၊ ကျော်ထိုက်ရှိန်းသည်က သူ့အိပ်ခန်းထဲတွင် ရည်းစားစကားပြောနည်းစာအုပ်ထဲမှ အဓိကအရေးပါသောအချက်အလက်တွေကို ဖုတ်ပူမီးတိုက်ဖတ်မှတ်နေဖြစ်ရပါသတည်း…။

မှန်သည်။ ကျော်ထိုက်ရှိန်းသည် စာအုပ်လေးကို ကမ္ဘာကယာဖတ်ပြီး ခေါင်းအုံးအောက်ထဲပစ်ထည့်ခဲ့ပြီးနောက် သူကလေးတွေအတွက်ဝယ်ထားသည့် ချောကလက်တွေကို သွားယူလိုက်သည်။ သည့်နောက် သူသည် ရွှေပုလဲရှိရာအောက်ထပ်သို့ဆင်းခဲ့လိုက်လေ၏။

"ဟော့..စွာစေး၊ အဲ..မှားလို့…"

ရွှေပုလဲ သူ့ကိုမော်ကြည့်သည်။ သူ့အသွင်က ခပ်ကြောင်ကြောင်နဲ့ရယ်စရာကောင်းနေရ၏။ ရွှေပုလဲသည်က သူ့ကိုဘယ်လိုဖြစ်နေပါလိမ့်ဟူသောအသွင်လေးဖြင့်သာ ကြည့်နေဖြစ်တော့၏။

"ရော့..ကိုယ် ဟိုနေ့ကဝယ်လာတာ၊ ရွှေပုလဲအတွက်စားကြည့်ပါဦးကောင်းရဲ့လားလို့၊ မကုန်ရင်တော့လည်း ထားထားပေါ့နော်၊ ကလေးတွေကျောင်းသွားတဲ့အခါပေးရတာပေါ့၊ ရွှေပုလဲလည်း ချောကလက်ကြိုက်တယ်မဟုတ်လားဟင်၊ စားကြည့်ပါဦး…"

ရွှေပုလဲသည် ထူးဆန်းနေတဲ့လူပဲဟု၊ အတွေးနှင့်သူတို





တစ်လှည့်၊ ချောကလက်ဆီတစ်လှည့်ကြည့်နေပြီးမှ အသည်းလည်းယားယားဖြစ်၊ ဗိုက်လည်းဆာဆာဖြစ်နေ၍ သူ ပေးသည့်ချောကလက်သုံးပြားစလုံးကို စားပစ်လိုက်ပါတော့၏။

ကျော်ထိုက်ရှိန်းသည် ရွှေပုလဲတစ်ယောက် ချောကလက်တွေတစ်ခုပြီးတစ်ခု စားနေသည်ကို မျက်လုံးကြီးပြူးကာကြည့်နေဖြစ်ရလေသည်။ သူ့စိတ်ထဲမလဲ ကုန်ပြီ..ကလေးတွေအတွက်လည်းမရှိတော့ဘူးဟု ဖြစ်နေရ၏။

"အဲ..ကုန်သွားတာပဲနော်…"

သူဆိုတော့ ရွှေပုလဲက လက်တွေသုပ်၊ နှုတ်ခမ်းတွေသုပ်နေလိုက်သည်။ သူ ဒီညကတော့ရည်းစားစကား အပီပြောတော့မည်ဟူသောဆုံးဖြတ်ချက်၊ ကြိုးစားထားချက်တွေနှင့် ရွှေပုလဲထံ ဂရုစိုက်ကြည့်နေဖြစ်ရင်းမှ…

"စားလို့ကောင်းတယ်ထင်တယ်…"

"ကောင်းတာပေါ့…"

"အင်း..ဒါကြောင့်လည်း အကုန်လုံးကုန်အောင်စားလိုက်တာပေါ့၊ မင်း ကြိုက်တာတွေ့ရလို့ ကိုယ် ဝမ်းသာပါတယ်ကွာ၊ မနက်ဖြန်လည်း ကိုယ် ဝယ်ထားဦးမယ်၊ ဒါနဲ့ အခုမှ ကိုယ်ပြောရဦးမယ်၊ မင်း ဟိုနေ့ကအလှပြင်ထားတာ ကိုယ့်မျက်လုံးထဲစွဲနေအောင်ကိုလှတာ…"

မိမိအားချီးကျူးနေသော သူ့စကားတွေကြောင့် ရွှေပုလဲသည် ကျေလည်းကျေနပ်၊ ရယ်လည်းရယ်ချင်ဖြစ်နေရသည်ကို အောင့်ထားရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဦးတော့ မနက်တုန်းက မင်းအမေနဲ့သွားလာရတာတွေ တော အဆင်ပြေရဲ့လားဟင်၊ ကိုယ်ကလိုက်ပို့ချင်တာ၊ မင်းက လက်မခံလို့၊ တကယ်ပဲ မင်း ထားခဲ့တဲ့အချိန်က ကိုယ်လေ တစ်ယောက်ထဲငြီးငွေ့လိုက်တာ..."

ရွှေပုလဲ မျက်လုံးတွေပြူးသည်ထက်ပြူးရင်း သူ့ကိုကြည့်နေ၏၊ သူကလည်း မညှိ၊ သူ ပြောရမည့်စကားတွေကိုသာ ဆက်၍ဆက်၍ပြောနေ၏။

"နောက်တစ်ခါကျရင် မင်း ဘယ်သွားသွား ကိုယ် လိုက်ပါရစေ၊ မင်း ကိုယ့်ကိုခေါ်ပါနော်၊ ကိုယ် တကယ်ပြောနေတာပါ၊ မင်းနဲ့ခွဲပြီး ကိုယ် မနေချင်တော့ဘူး၊ ကိုယ့်ကိုယုံပါနော်..."

"ကြည့်စမ်း..သူ့ကိုယ်သူ သူဌေးဆိုပြီး ခပ်တည်တည်ကြီးနဲ့လူကိုလာပြီး ရည်းစားစကားတွေပြောနေလိုက်တာ အခက်မပြတ်ဘဲ၊ ကိုယ့်ကိုယ်ကို သူဌေးဆိုတာကော သိသေးရဲ့လား...

ဒီကအလုပ်သမားဆိုတာကော သတိထားမိသေးရဲ့လား၊ ပြီးတော့ သူပဲပြောပြောနေတယ်၊ သူများက စွာတေးမ၊ စပ်စုမ၊ ကက်ကက်လန်မဆို၊ အခုဘာတွေလာပြောနေတာလဲ၊ သွား..ပလီစိပ်လီစာစကားတွေ လာမပြောနဲ့...

ဟွန်း..သူ့ကောင်မတွေကိုပြောဖို့အတွက် သူများနဲ့လာပြီး လေ့ကျင့်နေတာလား၊ သူများကိုဘာအောက်မေ့နေလဲ၊ သူဌေးမို့လို့ကြည့်နေတာနော်၊ လက်ကယားနေပြီသိလား၊ ဟွန်း..."

ရွှေပုလဲတစ်ယောက် မျက်နှာထားလေးနှင့်ဒေါနှင့်မောနှင့် ပြောနေသည့်စကားတွေကိုလည်း သူ နားထောင်နေသည်။ သူ





နားထောင်လျက်နှင့်မကြားသလိုပါပင်၊ သူ့အကြည့်တွေက ရွှေပုလဲပေါ်တွင် အကြင်နာမိုးတွေရွာသွန်းဖြိုးနေဆဲပါ...။

"ကဲ..ခဏနေဦးနော်၊ နောက်တစ်ခု ကိုယ် မင်းကို သီချင်းတစ်ပုဒ်ဆိုပြမယ်..."

ရွှေပုလဲ ဘာတွေပြောပြော သူ နားထောင်သည်။ ပြီးတော့ ရွှေပုလဲကို လက်ညှိုးလေးထောင်ကာ သူ ဆိုခဲ့ပြီး အပေါ်ထပ်ပြန် ပြေးတက်သွား၏။ မကြာလိုက်...

ကရမ်...

ရွှေပုလဲသည် အပေါ်ထပ်တက်သည့်လှေကားဆီမှ ဂီတာသံကိုကြားလိုက်ရသည့်တွင် အံ့သြသွားရလေ၏။ ရုံးခန်းထဲမှထွက်ကာ ရွှေပုလဲ လှမ်းကြည့်လိုက်တော့...

"အမယ်..အာဂတော့၊ သူက ဂီတာကြီးနဲ့ဟဲ့..."

အံ့သြစွာ ရွှေပုလဲ ရေရွတ်ဖြစ်ရသည်။ မှန်သည်။ သူကလည်း ခေသူမဟုတ်၊ လှေကားအလယ်ရှိလှေကားထစ်လေးတွင် ထိုင်ပြီး ဂီတာကိုရင်ဝယ်ပိုက်ကာ သူသည် သံစဉ်စမ်းရင်းတီးခတ်နေလေပြီမဟုတ်ပါလား...။

*ရင်ထဲရှိရှိသမျှပြောပြရရင် တကယ်လှတယ်၊ မြင်သူတကာငေးငေးလောက်အောင် လှရက်သူ၊ ချူလိုသူတွေလက်ထဲမှာ အလှမပျက်အောင်ဆုတောင်းတယ်၊ ပန်းကလေးရယ် သင်းပျံ့ကာ အမြဲမွှေးစေချင်တယ်...*

ဂီတာတီးရင်း သူ ဆိုနေသည့်သီချင်းလေးအား ရွှေပုလဲပါ လိုက်ဆိုဖြစ်ရင်း၊ ရွှေပုလဲသည်လည်း ရုံးခန်းထဲမှထွက်လာခဲ့



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လေ၏။

အနုပညာသည် လူ့စိတ်ကိုညွှတ်ပြောင်းကာ နူးညံ့သိမ်မွေ့၍ လူ့စိတ်ကိုဆွဲဆောင်စေသည်ဟူသော စကားအတိုင်းပင် ရွှေပုလဲသည်လည်း သူ့ဂီတာသံနှင့်တေးသွားတွင် စီးမျောပါလာ၏။

သူနှင့်အတူ သီချင်းလေးလိုက်ဆိုရင်းက သူ့အနီးသို့ ရွှေပုလဲ ရောက်လာသည်။ သူ တီးခတ်နေသည့် ဂီတာလေးဆီ ရွေပုလဲသည် လက်ကလေးနှင့်ကိုင်စမ်းလာရင်း သူ့ရှေ့ရှိလှေကားထစ်လေးတွင် ရွှေပုလဲ ထိုင်လာ၏။

ပြီးတော့ ရွှေပုလဲသည် သူ့ဒူးတစ်ဘက်ပေါ်တွင် လက်ကလေးနှစ်ဘက်ခုပြီး မျက်နှာလေးကိုမေးတင်လာသည်။ သူတို့သည် အပြုံးချင်းဖလှယ်စွာဖြင့်၊ ပျော်ရွှင်စွာသီချင်းကို တူတူဆိုဖြစ်သည်။

သည့်နောက် သီချင်းလေးကား ဆုံးသွားပေပြီ၊ သီချင်းလေးဆုံးသွားသည့်တိုင် သူတို့သည် တစ်ဦးကိုတစ်ဦး ငေးမောကာ နက်ရှိုင်းသော၊ လေးနက်သောအကြည့်တွေနှင့်ကြည့်နေဆဲပါ…။

အသည်းစိုင်ကိုယ်စီမှ ပေါက်ဖွားတိုးထွက်လာသော ချစ်ခြင်းများသည် တစ်ဦးမှတစ်ဦးထံ ကူးလူးကမ်းယှက်ကာ ဖလှယ်နေဖြစ်ကြ၏။ ထိုမှ ချစ်သင်္ကာရိပ်များနှင့်ဖိတ်လျှံနေသည်။ သူတို့နှစ်ဦးမျက်နှာလေးများသည် တဖြည်းဖြည်းရွှေ့လျားနီးကပ်လာလေ၏။

နှစ်ဦးသားသည် ချစ်သင်္ကာရည်များနှင့်ရှိသော မျက်နှာလေးနှစ်ခုသည် မျက်ဝန်းလေးတွေအစုံ မေးမှိတ်ကာထိဆက်၊





ထိမိတော့ဆဲဆဲ အပ်ချည်တစ်မျှင်သာမျှပင် ကျန်တော့သည့် အခိုက်အတန့်လေး၌မှာပင်…။

ကရင်း…ရင်း…ရင်း…

ဟင်…

အွန်…

အိမ်ရှေ့မှထွက်ပေါ်လာသည့် လူခေါ်ဘဲလ်သံကြောင့် နှစ်ဦးသားသည် စတွန့်သွားရကာ ပုံမှန်အနေအထားသို့ရောက်သွားရပြီး တစ်ဦးကိုတစ်ဦး မျက်လုံးလေးတွေပြူးကာ ကြည့်ဖြစ်ရင်း ဒီအချိန်ကြီးကျမှ ဘယ်သူလဲဟူသော မေးဟန်ပပတွေနှင့်ရှိနေဖြစ်ကြရလေ၏။

သည့်နောက် တိုင်ပင်ထားသကဲ့သို့ပင် နှစ်ဦးစလုံးထိုင်ရာမှထကာ အိမ်ရှေ့သို့ထွက်ခဲ့လိုက်ကြသည်။ အိမ်ရှေ့အရောက်တံခါးဖွင့်လိုက်သည်နှင့်…

"အို…အစ်ကို စိုးဝေ…"

"ဟာ…ဟာ…ကြည့်စမ်း၊ ကံကောင်းလို့…"

တံခါးအဖွင့် တံခါးကိုမှီထားဟန်တူသော ဒေါက်တာစိုးဝေသည် တံခါးဖွင့်လိုက်သည်နှင့် ကျော်ထိုက်ရှိန်းကိုယ်ပေါ်သို့ ပြိုလဲကျလာ၍ ကျော်ထိုက်ရှိန်းမှာ ဒေါက်တာ စိုးဝေအား ဖမ်းထိန်းထားလိုက်ရလေ၏။

"ဟင်…အစ်ကို အရက်တွေအရမ်းမူးလာပါလား၊ သူ့ငွေ ဘယ်လိုလုပ်မလဲဟင်၊ အစ်ကိုတစ်ယောက် ဘာတွေဖြစ်လာလဲ မသိဘူး…"



www.burmeseclassic.com

www.burmeseclassic.com



အရက်နံ့တွေထောင်းထောင်းထနေ၍ နှာခေါင်းလေးရှုံ့ကာ ရွှေပုလဲ ဆိုသည်တွင် ကျော်ထိုက်ရှိန်းသည်လည်း သူ့ထုံးစံအတိုင်း ဘာစကားမှမဆိုဘဲ အိမ်ထဲပဲအမူးသမားကိုခေါ်သွင်းတော့ရန်ဟန် ပြင်၍ သူသည် ဒေါက်တာ စိုးဝေအား ပခုံးထက်ထမ်းရန် ဒေါက်တာ စိုးဝေဂျိုင်းအောက် ခေါင်းလျှိုသွင်းလိုက်သည်နှင့်...

ဝေါ့..ဝေါ့...ဘတ်..ဘတ်..ဘတ်...

“ဟင်..အန်ပြီ၊ အိုး..သူ့ဌွေးကျောကုန်းပေါ်မှာ အန်ဖတ်တွေအများကြီးပဲ...”

လန့်ရှုံ့ကြီးနှင့် ရွှေပုလဲဆိုလိုက်သည့်စကားတွင် ကျော်ထိုက်ရှိန်းကား ဒေါက်တာ စိုးဝေဂျိုင်းအောက်၌ ကျောကုန်းကြီးယားလိုလိုဖြစ်ရင်း မျက်လုံးပြူးကာ ပါးစပ်ကြီးကျယ်နေရပါတော့၏။

ဒေါက်တာ စိုးဝေကား ဘာဆိုဘာမှမသိပါတော့၊ ကျော်ထိုက်ရှိန်းနှင့်ရွှေပုလဲတို့မှာလည်း မတတ်သာတော့၍ ဖြစ်သမျှ ဆက်ပြီးသာ လုပ်ရပါတော့သတည်း...။

× × × × ×

တဝကြီးအန်ပြီးနောက် ဒေါက်တာ စိုးဝေကား အောက်ထပ်ရှိ ရွှေပုလဲအိပ်ရာတွင် အိပ်ပျော်နေပေပြီ...။

ကျော်ထိုက်ရှိန်းနှင့်ရွှေပုလဲတို့သည်က အန်ဖတ်တွေကျုံးရ၊ ဆေးရ၊ ကြောရနှင့်အားလုံးပြီးစီးတော့ နှစ်ယောက်သားမှာ





လက်ပန်းတွေကျပြီး တရှူးရှူးအိပ်ပျော်နေသည့် ဒေါက်တာ စိုးဝေ ထံ ကြည့်နေဖြစ်ကြ၏။

နာရီဝက်ကျော်ကျော်ခန့် စောင့်ကြည့်နေကြပြီးမှ ဒေါက်တာ စိုးဝေသည် သတိရလာ၍ မျက်လုံးဖွင့်ကြည့်လာသည်တွင် ကျော်ထိုက်ရှိန်းနှင့်ရွှေပုလဲအား သူ့အနီးတွင်တွေ့လိုက်ရ၍ သူ အားနာသွားရလေ၏။

“သက်သာပြီလား...”

“ကျေးဇူးတင်ပါတယ်၊ ကိုယ် အားနာလိုက်တာ...”

ရွှေပုလဲ မေးသည်တွင် ဒေါက်တာ စိုးဝေ ဆိုသည်။ ကျော်ထိုက်ရှိန်းသည်က ထုံးစံအတိုင်းငြိမ်ငြိမ်ကြီးဖြင့်သာ ကြည့်နေ၏။ ပြီးမှ ကျော်ထိုက်ရှိန်းသည် နာရီဆီကြည့်လိုက်ပြီး...

“ရွှေပုလဲ အချိန်မရှိတော့ဘူး၊ မင်း ကိုယ့်အခန်းမှာပဲ သွားအိပ်လိုက်တော့၊ ကိုယ်က ဒီမှာ ကိုစိုးဝေနဲ့အဖော်နေလိုက်မယ်...”

သူဆိုတော့ ရွှေပုလဲနှင့်ဒေါက်တာ စိုးဝေသည် တစ်ယောက်ကိုတစ်ယောက်ကြည့်လိုက်ပြီးမှ ရွှေပုလဲသည် အပေါ်ထပ်သို့တက်သွားလိုက်လေ၏။ ရွှေပုလဲတစ်ယောက် အပေါ်တက်သွားသည်တွင် ကျော်ထိုက်ရှိန်းနှင့်ဒေါက်တာ စိုးဝေတို့သာ ကျန်ရစ်ပြီး နှစ်ဦးသားသည် ငြိမ်သောအကြည့်တွေနှင့် တစ်ယောက်ကိုတစ်ယောက် ကြည့်နေပြီးမှ ဒေါက်တာ စိုးဝေက...

“ရွှေပုလဲကို ခင်ဗျားဘယ်လိုမြင်လဲ...”

“သူ့ကို ကျွန်တော် ချစ်တယ်...”



www.burmeseclassic.com

www.burmeseclassic.com



ပြတ်လွန်းသောစကားကြောင့် ဒေါက်တာ စိုးဝေသည် သူ့ကိုမျက်လုံးကြီးပြူးကာ အမူးတွေစင်စင်ပျောက်ထွက်ပြီး ကြည့်ဖြစ်သွားရတော့၏။ စကားကတစ်ခွန်းတည်းနှင့်ရှင်းလင်းပြတ်သွားရသည်မို့ ကိုစိုးဝေမှာ ဘာဆက်ပြောရမှန်းပင်မသိတော့အောင်ပါ။

အောက်ထပ်တွင် နှစ်ဦးသားမှာ တိတ်ဆိတ်စွာရှိဆဲ၊ အပေါ်ထပ်ရှိ ကျော်ထိုက်ရှိန်း၏အိပ်ရာထက်တွင်ကား ရွှေပုလဲသည် ခေါင်းအုံးအောက်မှ စာအုပ်တစ်အုပ်ကိုတွေ့၍ ဖတ်ကြည့်နေဖြစ်၏။ ဖတ်ကြည့်နေဆဲကပင် ကြင်နာဟန်တွေပြ၍ ကြင်နာသောစကားတွေကို ဆိုရမည်။ ချစ်တဲ့သူကို ချော့ကာလက်ကျွေးရမည်။ ဂစ်တာတီးပြီးအချစ်သီချင်းတစ်ပုဒ်ကို ဆိုရမည်ဟူသောစာသားများအား ရွှေပုလဲ ဖတ်ဖြစ်ခိုက်၊ ရွှေပုလဲသည် ခုမှသဘောပေါက်ကာ ရယ်ဖြစ်ရပါတော့၏။

အဟတ်..ဟား..ဟား..ဟား..ဟား...

စိတ်ကိုမထိန်းနိုင်၍ ရွှေပုလဲ အော်ရယ်ပစ်မိတော့သည်။ သည့်နောက် ရွှေပုလဲသည် အခန်းထဲမှထွက်လာခဲ့ပြီး လှေကားထိပ်တွင်ရပ်ကာ အောက်ထပ်သို့ငုံ့ကြည့်လိုက်သည်မတော့...။

ဒေါက်တာ စိုးဝေသည်က မိမိအိပ်ရာထက်တွင် အိပ်ပျော်နေပြီး ကျော်ထိုက်ရှိန်းသည်က ဆိုဖာရှည်ကြီးထက်၌ အိပ်ပျော်နေသည်ကိုတွေ့လိုက်ရ၍ ရွှေပုလဲရင်ဝယ် ကြည်နူးမှုတွေနှင့်နွေးထွေးလှုပ်ခတ်သွားလိုက်ရပါသတည်း...။ ။

ØØ ØØ ØØ



## - သုံးဆယ် -

ရင်ထဲရှိရှိသမျှပြောပြရရင် တကယ်လှတယ်၊ မြင်သူတကာ ငေးငေးလောက်အောင်လှရက်သူ၊ ချူလိုတွေလက်ထဲမှာ အလှမပျက်အောင် ဆုတောင်းတယ် ပန်းကလေးရယ် သင်းပျံ့ကာ အမြဲမွှေးစေချင်တယ်...

မနက်စာပြင်ဆင်ရင်း သီချင်းလေးဆိုနေသည့် ရွှေပုလဲအား ဒေါက်တာ စိုးဝေသည် နောက်ဘက်မှရောက်လာပြီး ငေးကြည့်နေဖြစ်လေ၏။ ရွှေပုလဲအသွင်မှာ တကယ့်ကိုလှပချစ်စရာကောင်းသလောက်၊ ဖျတ်လတ်တက်ကြွနေသည်ပါ။ တစ်ဆက်တည်းလည်း ဒေါက်တာ စိုးဝေသည် ကျော်ထိုက်ရှိန်းနှင့်ရွှေပုလဲတို့၏ သံယောဇဉ်တွေကို နားလည်လိုက်သည်။

ရင်ထဲမှာဆွေးသွားရသော်လည်း သူ ကျေနပ်မိပါသည်။ ရွှေပုလဲအတွက် သူ ချမ်းမြေ့ရပါသည်။ တွေးရင်း ဒေါက်တာ စိုးဝေသည် ရေချိုးခန်းထဲသို့ဝင်ခဲ့လိုက်သည်။

ရွှေပုလဲအဆင်ပြေပါတယ် အစ်ကို၊ သူဌေးက တည်ငြိမ်မှုန်းပေမယ့်လည်း စိတ်ရင်းကအရမ်းကောင်းပါတယ် အစ်ကို...

တစ်ခါက ကျော်ထိုက်ရှိန်းအကြောင်းအား ရွှေပုလဲ ပြော



www.burmeseclassic.com

www.burmeseclassic.com



ပြခဲ့သည့်စကားတစ်ပိုင်းတစ်စကို ရေချိုးရင်း ဒေါက်တာ စိုးဝေ ပြန်လည်ကြားယောင်ဖြစ်ခြင်းပါ...။

"မနက်စာအသင့်ဖြစ်ပြီ၊ လာကြပါ..."

ရေမိုးချိုးပြီး၍ အဝတ်လဲနေချိန်တွင် ရွှေပုလဲ အော်ခေါ် လိုက်သည့်အသံကို ကြားလိုက်ရ၍ ဒေါက်တာ စိုးဝေသည် ထမင်း စားခန်းဆီသို့ ထွက်ခဲ့လိုက်၏။

"ကိုကျော်ထိုက်ရှိန်းရော..."

"လာပါ အစ်ကို၊ ထိုင်..ဒီမှာကော်ဖီနဲ့ထင်းကြော်၊ ဒါက နံပြားနဲ့ပဲပြုတ်၊ ဒီမှာက ငါးခြောက်ဖုတ်ဆီဆမ်း..."

"အားနာလိုက်တာ၊ အစ်ကို လာလို့အလုပ်များနေရပြီ"

"မဟုတ်ပါဘူး အစ်ကို၊ သူဌေးတစ်ယောက်တည်းရှိ လည်းဒီလိုပဲ၊ အလှည့်ကျလုပ်ပေးနေတာပါ..."

သူတို့စကားတွေဆိုခဲတွင် ကျော်ထိုက်ရှိန်းသည်လည်း ရေမိုးချိုးအဝတ်လဲပြီး ရောက်လာသည်တွင် ရွှေပုလဲသည် ရင်ခုန် စွာ မျက်လုံးနှင့်စွေကြည့်ပြီး ဒေါက်တာ စိုးဝေ ထမင်းကြော်ပန်း ကန်ထဲသို့ ငါးခြောက်ဖုတ်ကိုထည့်ပေးရင်း...

"အစ်ကို စား၊ ဒါ ငါးကွန်းရှပ်ငါးခြောက်၊ ဆားပေါ့ တယ်၊ မောင်လေးတွေအတွက် ရွှေပုလဲ ဝယ်ထားပေးတာ..."

ကျော်ထိုက်ရှိန်းသည် သူ့အတွက်ကော်ဖီကို သူဟာသူငှဲ့ ထည့်ကာသောက်ရင်း ရွှေပုလဲက တစ်ယောက် ဒေါက်တာ စိုးဝေကို ဂရုစိုက်နေသမှု ငေးကြည့်၍သာနေ၏။ ရွှေပုလဲ လုပ်ပုံကြောင့် ဒေါက်တာ စိုးဝေသည်က သေချင်အောင်အားနာနေရပြီး ထ,ပင်





ပြေးချင်နေရ၏။

"သူဌေး..ဒီမှာပဲပြုတ်နံပြားနဲ့ထမင်းကြော်၊ ငါးခြောက် ဖုတ်တွေလုပ်ထားတယ်၊ စားချင်တာစား၊ ဒါနဲ့သူဌေး ညက အိပ်လို့ပျော်ရဲ့လားဟင်..."

ရွှေပုလဲမှာ မချိုမချဉ်မျက်နှာနှင့်သူ့ကို ပြောနေလေ၍ ကျော်ထိုက်ရှိန်းသည် မယုံရဲသောစိတ်နှင့်သာ နှုတ်ဆိတ်နေပြီး ကြည့်နေလိုက်၏။ သူ့ကိုစကားပြောလျှင် ရွှေပုလဲသည် မချိုမချဉ် ဖြစ်၍နေပြီ၊ ဒေါက်တာ စိုးဝေကိုမူ ဂရုစိုက်လွန်းနေ၏။

"အစ်ကို စိုးဝေကော ညကကောင်းကောင်းအိပ်ပျော် တယ်မဟုတ်လားဟင်..."

ရွှေပုလဲအသွင်ဆီကြည့်ပြီး ဒေါက်တာ စိုးဝေမှာလည်း ကျော်ထိုက်ရှိန်းကို မျက်နှာပူအားနာမိသောစိတ်ကြောင့် အင်းအဲ ဖြင့်ဖြစ်နေရ၏။

"ရွှေပုလဲကတော့ စာအုပ်တစ်အုပ်ဖတ်ပြီး၊ မျက်စိညောင်း သွားလို့အိပ်ပစ်လိုက်တာတစ်ရေးပဲ၊ ဟား..ဟား မအိပ်ခင် ချော ကလက်တွေလည်း အဝစားလိုက်ရသေးတယ်လေ၊ ပြီးတော့ သီချင်းလေးတစ်ပုဒ်လည်း နားထောင်လိုက်ရသေးတော့ ချော့သိပ် လိုက်သလိုပါပဲ၊ ဟား..ဟား..ဟား..ဟား..."

ရွှေပုလဲဆိုရင်း အားရပါးရကြီး ရယ်ပစ်လိုက်သည်တွင် ကျော်ထိုက်ရှိန်းကား ဒေါက်တာ စိုးဝေရှေ့၌ ဣန္ဒြေကြီးနှင့်ရှုံ့ မျက်နှာအန်းအန်းကြီးဖြင့် ရှိနေရပါတော့သတည်း...။

× × × × ×



www.burmeseclassic.com

www.burmeseclassic.com



လောဘကြောင့်စိတ်သည် ဘယ်လိုမှတည်ငြိမ်မှုကိုမထား နိုင်တော့သလိုပါ။ မှန်သည်။ ယမင်းခင်ကား မိမိကောင်းစားရေး အတွက် ရွှေပုလဲအား ပျက်စီးစေရန် စက္ကန့်နှင့်အမျှ ကြံစည်စိတ် ကူးနေတော့သည်မဟုတ်ပါတကား…။

ခုလည်း ယမင်းခင်သည် မိမိအခန်းထဲ၌ ထိုင်မရ၊ ထမရ နေမရအောင်ဖြစ်နေသည့်အဖြစ်နှင့် စိတ်တွေသည်လည်း ဟို··ဒီ ပြေးလွှားနေလေ၏။

ခင်ဗျားကို ကျွန်တော် သဘောပေါက်သွားပြီ၊ ဒါပေမဲ့ ကျွန်တော်က ဝါသနာမပါဘူး၊ ကျွန်တော့်ရင်ထဲမှာ တစ်ယောက်ရှိ ထားပြီးသား၊ ခင်ဗျားသိအောင်ပြောလိုက်မယ်၊ ကျွန်တော့်စိတ်ထဲ ရှိနေတဲ့သူက ရွှေပုလဲပဲ…

ကျော်ထိုက်ရှိန်း ပြောသည့်စကားအား ပြန်လည်ကြား ယောင်ကာ ယမင်းခင် ခံပြင်းရှက်ရှက်ကြီးဖြစ်ရသည်။ သူမလို ဝတ်ကောင်းစားလှတွေနှင့် လှပကျော့ရှင်းသည့်သူကိုပင် သူလို လူက စိတ်မဝင်စားကြောင်း အပြောခံလိုက်ရ၍ ယမင်းခင် ပို၍ အရှက်ရပြီး မကျေမနပ်ဖြစ်ရခြင်းပါ…။

ပြီးတော့ မိမိ၏ချစ်သူ ဒေါက်တာ စိုးဝေ၏ပုံရိပ်ကိုလည်း မြင်ယောင်သည်။ ချစ်သူ ဒေါက်တာ စိုးဝေ၏မျက်ဝန်းများသည် ရွှေပုလဲအပေါ်၌ ကြင်နာနွေးထွေးမှုများနှင့်ရှိနေရသည် မဟုတ်ပါ လား…။

ဟွန်း··မိန်းမက သနားအောင်ပြော၊ ငိုပြရယ်ပြနဲ့ယော ကျ်ားတွေရှေ့ မူယာမာယာတွေလုပ်ပြီး မြူဆွယ်နေတာ…





ဟွန်း··စောင့်ကြည့်လိုက်ဦးပေါ့ မိရွှေပုလဲရယ်၊ ကိုကျော် ထိုက်ရှိန်း ရှင်ကော ဘယ်လောက်များကြံ့ကြံ့ခိုင်ရပ်တည်နေနိုင် မလဲဆိုတာ စောင့်ကြည့်ရသေးတာပေါ့…

နှုတ်ခမ်းကိုစေ့ကာ ငြိမ်သောမျက်နှာအသွင်မှ မှေးစင်း ရောင်မျက်လုံးတို့ဖြင့် ယမင်းခင်တစ်ယောက် တစ်ကိုယ်တည်း ကြုံးဝါးနေခြင်းပါ။ သည့်နောက်မတော့ ယမင်းခင်သည် စိတ်ကူး တစ်ခုနှင့်တစ်ပြိုင်တည်း အခန်းထဲမှထွက်သွားလိုက်လေ၏။

ဧည့်ခန်းထဲအရောက် ယောက္ခထီးကြီးအား အမြဲမကျေ မနပ်ဖြစ်နေသည့် ဒေါ်မြင့်မြင့်မိုးနှင့်နဒီတို့ကို ယမင်းခင်တွေ့လိုက်ရ သည်တွင် ယမင်းခင်သည် ချောင်းဟန့်သံပြုရင်း ဆိုဖာတစ်ခုတွင် ဝင်ထိုင်လိုက်၏။

စောစောက သားအမိနှစ်ယောက်မှာ ဘာတွေပြောနေ သည်မသိ၊ ယမင်းခင် ဝင်လာတော့ နှုတ်ဆိတ်သွားကြသည်။ ဒေါ်မြင့်မြင့်မိုးသည် ယမင်းခင်ထံ မျက်နှာထားနှင့်ကြည့်လာ ရင်း…

"ဘာလဲ··ညီးကညီးမိသားစုတွေအတွက် အိမ်ခန်းပေး တော့ဖို့ ငါ့ကိုလာပြောတာလား၊ ဟင်း··ညီးကလဲတကယ့်မိန်းမ လည်ပါပဲ၊ အေးလေ··ဘာမှလက်ဆုပ်လက်ကိုင်မပြနိုင်သေးတော့ ညီးလည်းချယ်လှယ်ချင်တိုင်း ချယ်လှယ်ဦးပေါ့…"

ဒေါ်မြင့်မြင့်မိုးစကားက ထိချက်ကိုတည့်တည့်ကြီးထိ သွား၍ ယမင်းခင်မှာ စိတ်ထဲလှုပ်ရှားသွားရပြီး မျက်နှာပင်ပျက်ချင် သွားရ၏။ သို့သော် ယမင်းခင်သည် မျက်နှာအနေအထားအား



www.burmeseclassic.com

www.burmeseclassic.com



ထားတတ်သူပီပီ၊ အေးဆေးငြိမ်သက်ဟန်နှင့်သိမ်မွေ့ဟန်တွေဖြင့် ဒေါ်မြင့်မြင့်မိုးတို့ သားအမိထံကြည့်ဖြစ်ရင်း…

“တီတီမိုးပြောချင်သလိုပြောပါ၊ ယမင်းကတော့ အမြဲ စိတ်ရင်းနဲ့ပဲမိသားစုအပေါ် စောင့်ရှောက်နေမှာပါ၊ အခုဆိုရင် ယမင်း သိသလောက်ပြောရင် နဒီရဲ့မင်္ဂလာပွဲကတော့ ဖြစ်လာမယ် မထင်ဘူး…”

“ဟင်..ဘာဖြစ်လို့လဲ၊ ဘယ်လိုကြောင့်ဘာကြောင့်လဲ”

“နေပါဦး၊ နင်က ဘာကြောင့် ဒီစကားပြောနိုင်ရတာ လဲ…”

မျက်စိမျက်နှာပျက်စွာနှင့် ငိုမလိုရယ်မလိုဖြစ်ရင်း နဒီ မေးသည်။ ဒေါ်မြင့်မြင့်မိုးသည်က ယမင်းထံ ခပ်တည်တည်ကြည့် ပြီး စဉ်းစားဟန်နှင့်ဆို၏။

“ရွှေပုလဲနဲ့ကိုကျော်ထိုက်ရှိန်းတို့က အတူတူနေကြတာ မဟုတ်လား၊ ကြိုးချင်းထားတော့ကြိုးချင်းငြိဆိုသလိုပေါ့…”

“အိုး..ကိုကိုက ဒီလိုလွယ်လွယ်ချဉ်းကပ်လို့ရတဲ့သူမျိုး မဟုတ်ပါဘူး…”

“အင်း..ကိုကျော်ထိုက်ရှိန်းက လွယ်လွယ်နဲ့ချဉ်းကပ်လို့ မရဘူးဆိုပေမယ့်၊ ရွှေပုလဲက အမြူအဆွယ်နဲ့အပြုအစုကောင်း နေရင် ဘယ်ယောကျ်ားကခံနိုင်မှာလဲ၊ ဒါတွေကထားပါ၊ အခု ယမင်းက သေသေချာချာကိုသိလာတာပါ၊ ကိုကျော်ထိုက်ရှိန်း ပါးစပ်ကကိုပြောလိုက်တာ…”

“ဟင်..ဘယ်လိုပြောလိုက်လဲ…”





ပြူးပြာနေအောင် နဒီ မေးသည်။ ဒေါ်မြင့်မြင့်မိုးကလည်း ခပ်တည်တည်နှင့်ပင် စိတ်ဝင်တစား နားထောင်နေဖြစ်၏။

“ဟိုတစ်နေ့ကလည်း ကိုကျော်ထိုက်ရှိန်းကို ယမင်း သွား ပြီးတီးခေါက်ကြည့်တယ်လေ၊ အဲဒီမှာတင် ကိုကျော်ထိုက်ရှိန်းက ပြောလိုက်တာ၊ ရွှေပုလဲကိုပဲ အမြန်ဆုံး သူ လက်ထပ်တော့မယ် တဲ့…”

“ဟင်..အိုး၊ မာမီ လုပ်ပါဦး၊ မဖြစ်ဘူး..မဖြစ်ဘူး၊ မာမီ ဒီလိုပဲကြည့်နေလို့တော့မဖြစ်ဘူး၊ မြန်မြန်သွားပြီးစာရင်းရှင်း ရဖြစ်မယ်၊ မာမီရယ် အိမ်ဝယ်ထားပြီးရင်လည်း မြန်မြန်ပဲပေး လိုက်ပါ၊ ကို့ဆီကမြန်မြန်ပဲပြောင်းသွားကြပါစေတော့…

ဒီအိမ်ခန်းလေးတစ်ခန်းလောက်ကိုပဲ မနှမျောနေပါနဲ့တော့ ပေးလိုက်ပါ၊ မာမီ လုပ်တာနဲ့ သူတို့ညားသွားရင် နဒီ ရှုံးမှာနော်၊ ရှုံးရင် နဒီ သေမှာသေချာတယ်၊ မာမီ ဒီကိစ္စမြန်မြန်စာရင်းရှင်း ပေးပါ…”

လှုပ်လှုပ်ခါအောင် ရုပ်ပျက်သွားသော နဒီစကားများ အတွက် ယမင်းခင်သည် ငြိမ်သောမျက်နှာနှင့်ကြည့်နေသော်လည်း ပြုံး၍နေသည်ပါ။ ရှုံးရှုံးရှဲရှဲဖြစ်နေသည့် နဒီကြောင့် မိခင်ကလည်း လှုပ်လှုပ်ရှားရှားဖြစ်လာသည်။ ဒေါ်မြင့်မြင့်မိုးမျက်နှာမှာ တည် တင်းနေရပြီး…

“ဟင်း..အဲဒါပေါ့၊ ညီးအဘိုးကြောင့်လည်း ငါ မပြော ချင်ဘူး…”

“မာမီ..ဘိုးဘိုးကိုထည့်မပြောနဲ့တော့၊ ဘိုးဘိုးက အလုပ်



www.burmeseclassic.com

www.burmeseclassic.com



လည်းများတယ်၊ အသက်လည်းကြီးပြီး…”

“အေးပါ..ဒီကိစ္စ ငါ သွားတွေ့ပြီးရှင်းမယ်၊ ဟိုကောင်မကိုလည်း မတန်မရာမှန်းလို့ ကောင်းကောင်းဆုံးမရမယ်…”

“တီတီမိုး အခုဝယ်ထားတဲ့အိမ်မှာ သူတို့ကို ပေးနေလိုက်ရလို့လည်း အဆုံးမဖြစ်စေရပါဘူး၊ သူတို့ဒီအိမ်မှာလည်း နေနိုင်လှခြောက်လလောက်ပါပဲ၊ သူ့စရိတ်နဲ့သူသွားအောင် ယမင်းမှာအကြံရှိပြီးသားပါ၊ လောလောဆယ်တော့ ကိုကျော်ထိုက်ရှိန်းဆီကသူတို့ပြောင်းသွားတာအကောင်းဆုံးပဲ၊ စိတ်အေးရတာပေါ့…”

“မာမီ အခုချက်ချင်းပဲသွားမှဖြစ်မှာနော်…”

“အေးပါ..ဒီနေ့ပဲသွားမှာပါ၊ နင့်အဘိုး အစည်းအဝေးခန်းထဲဝင်နေတဲ့အချိန်မှပဲ သွားလို့ဖြစ်မယ်၊ ဟင်း..ဘယ်လိုဖြစ်မှန်းကိုမသိဘူး၊ အရှုပ်ထုပ်တွေကတစ်ခုပြီးတစ်ခု ပေါ်ထွက်နေတော့တာပဲ၊ အေးလေ..ဘယ်လောက်ပေါ်နိုင်မလဲ၊ ပေါ်စမ်း..မြင့်မြင့်မိုးကလည်း အားလုံးကိုမြေလှန်ပြီးတော့ကို ရှင်းလင်းတော့မယ်မှတ်…”

ဒေါ်မြင့်မြင့်မိုး၏ ကြုံးဝါးချက်တွင် ယမင်းခင်သည် မိမိအကြံအတွက် ကျေနပ်စွာရင်ထဲပြုံးနေဖြစ်သတည်း…။

× × × × ×

ကျော်ထိုက်ရှိန်းကား ကုမ္ပဏီလုပ်ငန်းတွေကို ယခင်ကထက် ပို၍ပို၍စိတ်ဝင်စားစွာ လုပ်ကိုင်နေတတ်ပြီဖြစ်၏။ မှန်သည်။





သည်နေ့လည်း ကျော်ထိုက်ရှိန်းသည် အလုပ်သမားတွေကို သေချာကြည့်ရှုစစ်ဆေးပြီး စာရင်းအင်းတွေကို သေချာတွက်ချက်ပြီး မှတ်တမ်းတင်ထား၏။

အလုပ်တွေပြီးစီး၍ ထမင်းစားချိန်တွင် သူသည် စက်ရုံမှအိမ်သို့ပြန်ခဲ့လိုက်သည်။ သူ အိမ်ထဲဝင်လိုက်သည်နှင့် ဆူညံပွက်လောထနေသော ကလေးငိုသံက သူ့ကိုဆီးကြိုလိုက်လေ၍ သူသည် ကလေးဒီလောက်ငိုတာ တစ်ခါမှမကြားဖူး၍ ကလေးအိပ်ရာဆီ အပြေးသွားကြည့်ဖြစ်ရလေ၏။

“ဟင်..ဟာ..ကလေးဖျားနေတာပဲ၊ ကိုယ်တွေတော်တော်ပူနေပါလား၊ ဒုက္ခပဲ၊ ဘာလုပ်ရမလဲ၊ ရွှေပုလဲ..ရွှေပုလဲဒုက္ခပဲ၊ ရွှေပုလဲလည်း ပြန်မရောက်သေးဘူးထင်တယ်…”

ရွှေပုလဲကို အော်ခေါ်ရင်း၊ ခန်းဝင်ပြင်ထွက်နှင့် သူ ဘာလုပ်မှန်းမသိဖြစ်ဆဲ၊ ကလေး အဆက်မပြတ်ကိုအော်ငိုနေ၍ နောက်ဆုံး သူသည် ကလေးကိုပွေ့ချီပြီး ဆေးခန်းသို့ကားမောင်းထွက်သွားလိုက်ပါတော့၏။

ကျော်ထိုက်ရှိန်းတစ်ယောက် ဆေးခန်းတွင် ကလေးကိုပြနေဆဲအချိန်များ၌…

ဆေးရုံရှေ့ရှိပန်းခြံထဲတွင်ကား ဒေါက်တာ စိုးဝေနှင့်ရွှေပုလဲတို့သည် စိန်ပန်းပင်ခုံတန်းလေးတွင် အေးဆေးစွာထိုင်နေဖြစ်ကြရင်းမှ ဒေါက်တာ စိုးဝေသည် မချမ်းမြေ့သောရင်ဖြင့် အဝေးသို့ကြည့်ကာ စကားတွေဆို၏။

“ညီမကိုကြည့်ပြီး အစ်ကို သိပ်ဝမ်းနည်းမိတယ်၊ အမြဲ



www.burmeseclassic.com

www.burmeseclassic.com



လိုဝမ်းနည်းမိပါတယ်၊ အစ်ကို့ဘဝမှာ ညီမလောက်စိတ်ထားမွန် မြတ်တဲ့မိန်းကလေးကို ရှာတွေ့လိမ့်မယ်လို့မထင်တော့ဘူး…”

ရွှေပုလဲသည် နားမလည်သောမျက်ဝန်းလေးတွေနှင့် သူ့ထံကြည့်နေမိ၏။

“အစ်ကို နားလည်လိုက်တယ်၊ မိန်းကလေးတစ်ယောက်ရဲ့စိတ်ခံတတ်ဟာ သူ့ရဲ့ဂုဏ်သိက္ခာပဲဆိုတာပြောရရင် ညီမနဲ့စတွေ့ကတည်းက ညီမရဲ့စိတ်ဓာတ်ကလေးကို အစ်ကို နှစ်သက်ခဲ့တယ်…

ယမင်းခင်ကို ညီမထက်စောပြီး အစ်ကို တွေ့ခဲ့တယ်၊ သူနဲ့စတွေ့စဉ်ကတည်းက သူဟာအသွင်ပြောင်းထားပြီးသားဖြစ်နေလို့ အစ်ကို ဘာမှမသိခဲ့ဘူး၊ ဒါပေမဲ့ သူ့ကိုတစ်နေ့ပြုပြင်ပြောင်းလဲလို့ရမယ်လို့ အစ်ကို ထင်ပါတယ်၊ တကယ်လို့မရခဲ့ဘူးဆိုရင်..”

ထိုစကားအတွက် နားမလည်စွာ သူ့ကိုမျက်ဝန်းလေးဝိုင်းကာ ရွှေပုလဲ ကြည့်ဖြစ်သွားရသည်။ ရွှေပုလဲ နှုတ်မှမူဘာတစ်ခွန်းမှမမေးဖြစ်၊ သူ ပြောသည့်စကားတွေကိုသာ ရွှေပုလဲ နားထောင်နေဖြစ်ရ၏။

“အေးလေ..ဘာပဲပြောပြော၊ အစ်ကို ကတိပေးတယ်၊ အစ်ကို အာမခံတယ်၊ ညီမရဲ့မေမေနဲ့ပတ်သက်ပြီး ညီမ စိတ်ချမ်းသာစေရမယ်၊ အစ်ကို ကတိပေးတယ်၊ အစ်ကို့စကားကို မှတ်ထားနော်…”

သူ့ဆိုတော့ ရွှေပုလဲသည် ဘာမှန်း၊ ညာမှန်းမသိပါဘဲနှင့် ခေါင်းညိတ်ပြဖြစ်ရ၏။ ဒေါက်တာ စိုးဝေသည်လည်း သူ ပြောချင်နေသည့်စကားတွေကို ပြောဆိုပြီးနောက် တူရှု့ကြည့်ကာ ငြိမ်သက်သွားသည်။





ဆိတ်ငြိမ်ဆဲ၊ ကိုယ်စီအတွေးထဲမှာတော့ ရွှေပုလဲသည် ဒေါက်တာ စိုးဝေပြောသော စကားများကြောင့်စဉ်းစားဆဲ၊ အိမ်ပြန်ရန်အတွက်လည်း စိတ်ကူးကရောက်နေဖြစ်၏။

ဒေါက်တာ စိုးဝေသည်လည်း ရွှေပုလဲအား သူ ပြောချင်သည့်စကားတွေကိုပြောဖြစ်ပြီး၍ သူသည် တစ်စုံတစ်ရာအတွက် ဆုံးဖြတ်ချက်တစ်ခုအား ချပြီးသားဖြစ်နေလေပြီဖြစ်၏။

နှစ်ဦးသားသည် တိတ်ဆိတ်ငြိမ်သက်ဆဲမှ ရွှေပုလဲသည် အိမ်ပြန်တော့ရန် စိတ်ကူးနှင့်ရှိနေဆဲအချိန်များ၌…

ကျော်ထိုက်ရှိန်းသည် ကလေးဆေးခန်းပြပြီးနောက် ကလေးဆေးတွေဝယ်ရန် ဈေးဘက်သို့ထွက်ခဲ့သည်။

ထိုအချိန်များ၌ပင် ရွှေပုလဲသည်လည်း အိမ်သို့ပြန်ရောက်ခဲ့ပြီဖြစ်၍ သိပ်ထားသည့်မောင်လေးကို သွားရောက်အကြည့်၊ ကလေးမရှိတော့၍ ထူပူပျာယာခတ်သွားရရင်း…

“ဟယ်..ဒုက္ခပဲ၊ ကလေးတော့ပျောက်ပြီ၊ ဒီနေ့မှ ငါလည်း အာဘဆီမအပ်ဘဲ၊ ကလေးအိပ်နေလို့သိပ်ထားခဲ့တာ၊ ဒုက္ခပဲ…”

ရွှေပုလဲကား စိတ်ပူရင်ဆာစွာဖြင့် အိမ်ထဲမှပြေးထွက်သွားသည်အပြု၊ ပြန်လာသည့်စက်ရုံမှူးကြီးနှင့်တွေ့လိုက်ရ၍…

“အဘ..မောင်လေးရော..မောင်လေး၊ အဘခေါ်သွားသလား…”

“ဟော..အဘ မခေါ်ဘူးကွဲ့၊ အဘက အခုအလုပ်သမား



www.burmeseclassic.com

www.burmeseclassic.com



စာရင်းလာယူတာ၊ ဘာဖြစ်လို့လဲ၊ ကလေးကို ဘယ်ခေါ်သွားလို့လဲ၊ ကလေးမရှိဘူးလား၊ ကိုကိုနဲ့ညီညီကရော…"

"ကိုကိုညီညီက ကျောင်းသွားပြီလေ၊ ကလေးကို ရွှေပုလဲက ဒီမှာပဲသိပ်ခဲ့တာ၊ ဒါနဲ့ သူဌေးရော အဘ၊ စက်ရုံမှာပဲလား"

"အေး…စောစောကတော့ စက်ရုံမှာပဲတွေ့သေးတယ်၊ အခု အဘပြန်ထွက်လာတော့ သူ ရှိမရှိမကြည့်မိခဲ့ဘူးကွဲ့…"

"ဒုက္ခပါပဲ အဘရယ်၊ သူဌေးဆီမှာရှိမရှိသွားကြည့်လိုက်ဦးမယ်၊ ဘာမှလည်းမချက်မပြုတ်ရသေးဘူး…"

"အေး…အေး သွားကြည့်လိုက်လေ၊ အဘလည်း မအေးသေးဘူး…"

စက်ရုံမှူးကြီးဆိုရင်း အလုပ်သမားစာရင်းဖိုင်ကိုယူပြီး ပြန်ထွက်သွားသည်တွင် ရွှေပုလဲသည်လည်း အိမ်ပေါ်အိမ်အောက် အခန်းတိုင်းဆီ ကလေးကိုလိုက်ရှာပြီးမှ ကလေး မတွေ့၍အပြင် ထွက်မည်ပြုဆဲ…

ကျော်ထိုက်ရှိန်းသည် ဈေးဝယ်ပြီး၍ကလေးနှင့်အတူ ပြန်ရောက်လာသည်ကိုတွေ့၍ ရွှေပုလဲ အံ့သြစွာကြည့်နေပြီးမှ သူ့အား စိတ်ပူအောင်လုပ်ရပါ့မလားဆိုပြီး ရွတ်ပါတော့၏။

"တကယ်ပဲ ကလေးခေါ်သွားရင်လည်း ပြောခဲ့တာမဟုတ်ဘူး၊ ခုတော့ ကလေးမတွေ့လို့ ဘယ်လောက်စိတ်ပူသွားရတယ်ဆိုတာသိရဲ့လား…"

ရွှေပုလဲ ဘာတွေပြောပြော ကျော်ထိုက်ရှိန်းကား သူ့ထုံးစံအတိုင်း စကားကိုအပိုမပြော၊ ကလေးကိုအိပ်ရာထဲချသိပ်ပြီး





ဆေးတိုက်ရန်အတွက် နို့ဗူးဖျော်လိုက်သည်။

ရွှေပုလဲသည် သူ လုပ်နေသမျှကိုကြည့်နေပြီးမှ စောစောက စားပွဲထက် သူ ချသွားသည့်စာအုပ်နှင့်ဆေးဗူးတွေဆီ သွားကြည့်လိုက်သည်မတော့ ကလေးဆေးတွေနှင့်ကလေးကို ဆေးခန်းပြခဲ့သည့်စာအုပ်လေးကို တွေ့လိုက်ရလေမှ…

"ဟင်…သူဌေး၊ မောင်လေးကို ဆေးခန်းသွားပြတယ်၊ ဟုတ်လား၊ မောင်လေး အရမ်းဖျားနေလို့လားဟင်၊ အို…တကယ်ပဲ၊ ကိုယ်တွေပူနေပါလား၊ သူဌေး ဘယ်လိုလုပ်သိလဲဟင်၊ သူဌေး ဘယ်အချိန်လောက်ကပြန်လာတာလဲဟင်…"

ဆက်တိုက်ပင် ရွှေပုလဲ မေးပါတော့၏။ ရွှေပုလဲ မေးမှပင်ကျော်ထိုက်စိုးသည်လည်း သူ့ဝသီအတိုင်း ငြိမ်ငြိမ်လေးနှင့် စကားကိုတစ်ခွန်းခြင်း အေးစက်စက်ဆို၏။

"ကိုယ်ပြန်လာတော့ကလေးက အရမ်းငိုနေတာနဲ့ ကိုယ်ချော့လုပ်တော့ ကလေးကိုယ်တွေအရမ်းပူနေတာသိရတယ်…

ဒါကြောင့် ကိုယ်လည်းဘာလုပ်ရမှန်း မသိတာနဲ့ဆေးခန်းခေါ်သွားလိုက်တာ ကိုယ်မင်းကိုခေါ်ပါသေးတယ်၊ မင်းမရှိတာသေချာမှ ကိုယ် ဆေးခန်းကိုခေါ်သွားတာ…"

"အို…သူဌေးရယ်…ကျေးဇူးတွေဘယ်လိုတင်မှန်း မသိတော့ပါဘူး၊ ပေး…ပေးတိုက်ရမှာ ဒီဆေးတွေလား…ရွှေပုလဲ တိုက်ပါ့မယ်…"

"နေ…နေ…မင်းမသိပါဘူး၊ ဆေးခန်းပြခဲ့တာက ကိုယ်ပါ၊ ကိုယ်ပဲတိုက်မယ်…"



www.burmeseclassic.com

www.burmeseclassic.com



"ဟို..ဒါဆိုရင် ဘာမှမချက်ရသေးလို့ ရွှေပုလဲ သွား ချက်ပြုတ်လိုက်မယ်နော်..."

"ထူးထူးထွေထွေတွေတွေ ဘာမှမလုပ်ပါနဲ့..ရှိတာနဲ့ပဲ စားမယ်၊ ကလေးကနေမကောင်းတော့ ကလေးကိုပဲ ဂရုစိုက် ပါ..."

"ဟုတ်ကဲ့ပါ..ဟုတ်ကဲ့ပါ..."

ရွှေပုလဲဆိုရင်း မီးဖိုခန်းထဲပြေးဝင်လိုက်ပြီး၊ ရေခဲသေတ္တာ ထဲမှ လွယ်ကူသည့်စားစရာတွေကို လျှင်မြန်စွာပင် ချက်ပြုတ် ကြော်လှော်လိုက်သည်။

မီးဖိုထဲ ရွှေပုလဲ တစ်ယောက် ချက်ပြုတ်ကြော်လှော်ပြီး နောက် ထမင်းအိုးကိုပါ တစ်ဆက်တည်းပြင်ဆင်နေ၏၊ လေချွန်သံ တစ်လှည့်၊ သီချင်းသံတစ်လှည့်နှင့် ကလေးချော့သံကိုကြားလိုက် ရ၏။

ရွှေပုလဲသည် စိတ်ထဲအံ့သြကြည်နူးသလိုရှိရင်းမှ ထမင်း စားခန်း၊ ခန်းဆီးစကိုလှပ်ကာချောင်းကြည့်ရင်း ကြည်နူးသာ ယာစွာပြုံးရယ်မိရပါသတည်း။

× × × × ×

ဘိုးဘိုးကခေါ်သည်ဆိုသဖြင့် ယမင်းခင်သည် ဦးဘ ဟိန်းရုံးခန်းသို့ ရောက်လာခဲ့သည်။ ရုံးခန်းထဲဝင်လိုက်သည်နှင့် ဘိုးဘိုးမှန်နေဂျာချုပ်တစ်ယောက် အလုပ်ရှုပ်နေသည်ကို ယမင်းခင်





တွေ့ရ၏။

မှန်သည်။ ဦးဘဟိန်း၏ စားပွဲကြီးထက်သို့ ရုံးသုံးစာအိပ် ညိုကြီးတွေနှင့် စာရွက်စာတန်းတွေမှာ ပြန့်ကျဲနေရပြီး၊ ဦးဘဟိန်း သည် ဟိုစာရွက်ကိုကောက်ဖက်လိုက်၊ ဒီစာရွက်ကိုကောက်ဖတ် လိုက်၊ ဟိုစာရွက်မှစာတွေကို ကောက်ဖတ်လိုက်၊ ဟိုစာရွက်မှ စာတွေကိုယှဉ်တွဲပြီး ဖတ်ကြည့်လိုက်နှင့် လုပ်နေသမျှ ယမင်းခင် သည် ငြိမ်လျှက်သာကြည့်နေဖြစ်၏။

သည့်နောက်မတော့ ဦးဘဟိန်းသည် စာရွက်တွေကိုသေ သေချာချာဖတ်ပြီး၊ စာအိပ်အတွင်းသေချာစွာ ပြန်၍ထည့်လိုက် သည်။

"ဪ..ရောက်နေပြီလား..ထိုင်ကွဲ့..."

စာအိပ်တွေကို သိမ်းဆည်းရင်းက၊ ယမင်းခင် ရောက်နေ ကြောင်းအား ခုမှသတိထားမိဟန်ဖြင့် ဦးဘဟိန်းဆိုသည်တွင် ယမင်းခင်သည် ဦးဘဟိန်းနှင့်မျက်နှာချင်းဆိုင်ခုံတွင် ဝင်ရောက် ထိုင်လိုက်၏။

"ဘိုး..ယမင်းကို ခေါ်တယ်ဆိုလို့ပါ၊ ယမင်း ဘာများ လုပ်ပေးရမလဲဟင်..."

"အေး..ငါ့မြေးကိုခေါ်တာက တစ်ခြားအကြောင်းတော့ မဟုတ်ပါဘူး၊ အခုနဂါးပျံစက်ရုံမှာ ကုန်ပစ္စည်းတွေတော်တော် ထွက်နေပြီလို့ ဘိုးသတင်းရထားတယ်၊ အဲဒါငါ့မြေးက နည်းနည်း ပါးပါးသွားကြည့်ပေးဖို့နဲ့...

ရွှေပုလဲကိုတွေ့ရင်လည်း ပြောလိုက်ဦး ဘိုးဆီကိုလာပါဦး



www.burmeseclassic.com

www.burmeseclassic.com



လို့၊ ဘိုးလည်းသူနဲ့တွေ့တဲ့အခါ၊ သူ့ကိုလုပ်ငန်းကိစ္စတွေပြောစရာရှိတယ်၊ နောက်ပြီး ဘိုးဝယ်ထားခိုင်းတဲ့တိုက်ခန်းမှာ သူတို့ပြောင်းနေခြင်လည်းပြောင်းနေဖို့ ရွှေပုလဲကိုပြောပေးဦးကွဲ့…"

ဦးဘဟိန်း ပြောသမျှစကားအား ယမင်းခင်သည် နှုတ်ခမ်းကိုစေ့ကာ၊ ငြိမ်သောအကြည့်တွေဖြင့် နားထောင်နေဖြစ်၏။ ယမင်းခင်ရင်ထဲမတော့ မကျေနပ်ခြင်း၊ မလုံမလဲဖြစ်ခြင်းနှင့်ကြံစည်မှုများသည် ရောထွေးနေသည်ပါ…။

ဦးဘဟိန်းသည်က ယမင်းခင်ထံမကြည့်၊ စားပွဲထက်မှ ဖိုင်နှင့်စာရွက်စာတမ်းများဆီ ဟိုကြည့်ဒီကြည့်လုပ်ရင်း၊ စကားကိုမှန်မှန်နှင့်တစ်ခွန်းချင်းသာ အေးအေးဆေးဆေးဆိုသွားသည်။

"ဟိုမြင့်မြင့်မိုးနဲ့ဘိုးဘိုးနဲ့က သိပ်အဆင်မပြေလှဘူးကွဲ့၊ သူ့ကိုခိုင်းရင် ဘိုးဘိုး ဒေါသထွက်ရတယ်၊ ငါ့မြေးယမင်းကိုဝဲ ဘိုးဘိုးက ယုံကြည်အားကိုးတယ်၊ ကဲ‥ကဲ ငါ့မြေးလုပ်စရာရှိတာသွားလုပ်တော့ကွဲ့…"

"ဟုတ်ကဲ့ပါ ဘိုးဘိုး၊ ဘိုးဘိုးခိုင်းတာ ယမင်း အားလုံးလုပ်ပေးပါ့မယ်…"

"အေး‥အေး၊ ငါ့မြေးကို ဘိုးဘိုး ကျေးဇူးတင်တယ်ကွယ်…"

"ခွင့်ပြုပါဦး ဘိုး…"

"ကောင်းပြီ…"

ယမင်းခင် နှုတ်ဆက်ပြီး ရုံးခန်းထဲမှလှမ်းထွက်သွားသည်တွင် ကျားပျံဟိန်းကုမ္ပဏီပိုင်ရှင် သူဌေးကြီး ဦးဘဟိန်းသည်





ယမင်းခင်၏နောက်ကျောလေးဆီသို့ ငြိမ်သောအကြည့်တွေဖြင့် လှမ်းကြည့်နေဖြစ်ရပါသတည်း…။

အေးငြိမ်းသရောင်၊ အေးစက်သရောင်၊ တင်းမာသရောင်ဖြင့် မျက်နှာပြင်ထက်၌ အရိပ်တစ်ခုလွှမ်းမိုးထားလျက်မှ ယမင်းခင်သည် ဦးဘဟိန်းရုံးခန်းထဲမှ လှမ်းထွက်ခဲ့၏။

တစ်နေရာအရောက်မတော့ စီတီကူးတစ်ခုနှင့်ယမင်းခင်သည် ဟန်းဖုန်းနံပါတ်ကလေးတွေကို နှိပ်လိုက်သည်။

"ဟဲလို…"

တစ်ဘက်မှ ရွှေပုလဲအသံကို ကြားလိုက်ရသည်တွင် ယမင်းခင်သည် ဖုန်းလေးကိုပိတ်လိုက်ပြီး နောက်ထပ်နံပါတ်တစ်ခုကိုထပ်၍ နှိပ်လိုက်သည်။

"ဟဲလို‥နဒီပါ…"

"နဒီ‥နဂါးပျံကိုသွားတော့၊ ခုနဖုန်းခေါ်ကြည့်တော့ ရွှေပုလဲရှိနေတာသိရတယ်၊ ဒီအချိန်ဆိုရင် ကိုကျော်ထိုက်ရှိန်းက အပြင်ထွက်ရင်ထွက်၊ မထွက်ရင် စက်ရုံမှာပဲရှိဦးမယ်၊ ဒါပဲနော်"

စကားအဆုံး ယမင်းခင်သည် ဖုန်းလေးကိုပိတ်လိုက်ပြီး မျက်နှာအသွင်သည် ကျေနပ်ခြင်းဖြင့်ငြိမ်လျှက်ရှိ၏။

× × × × ×

ရွှေပုလဲတစ်ယောက် နယ်တွေဖြန့်ဖြူးတော့မည့်ကုန်ပစ္စည်းများအတွက် ကွန်ပျူတာရှေ့တွင် တွက်ချက်စစ်ဆေးကာ



www.burmeseclassic.com

www.burmeseclassic.com



အလုပ်တွေများနေဆဲ ကုမ္ပဏီရုံးခန်းထဲသို့ ဒေါ်မြင့်မြင့်မိုးနှင့်နဒီတို့ ရောက်လာခဲ့လေ၏။

ဒေါ်မြင့်မြင့်မိုးတို့ သားအမိကိုတွေ့သည်နှင့် ရွှေပုလဲသည် အလုပ်ကိစ္စတွေနှင့်ကုမ္ပဏီသို့ ရောက်လာသောဧည့်သည်တွေအဖြစ်နှင့် လုပ်လက်စအလုပ်တွေကို ရပ်လိုက်ပြီးနေရာမှထကာ ကြိုဆိုနေရာပေး၏။

"ဩော်..ထိုင်ပါ၊ သူ့ဌေးတော့ ပြန်မလာ..."

ဖြန်း...

အမေ့...

စကားပင်မဆုံး၊ မျက်လုံးထဲပြာကနဲဖြစ်ကာ ကြမ်းထက်သို့ ရွှေပုလဲမှာ ပုံရက်ကလေး လဲကျသွားလိုက်ရလေတော့၏။

"ဟင်..အရှက်မရှိတဲ့ကောင်မ၊ နင် တော်တော်အရှက်နည်းလှချည်လား၊ တစိမ်းယောကျ်ားလေးအိမ်မှာ နင်မို့ မောင်နှမကြီးတစ်ခြံနဲ့နေရဲထိုင်ရဲတာများ အံ့ရော...

နင်ဟာ လူဆိုရင်လူလိုသိရမှာပေါ့ဟဲ့၊ ဘာလဲ နင်က ပိုင်းလုံးမလား၊ ကြာကူရီမလား၊ အေး..ဒီနေရာမှာတော့ နင် ပိုင်းလုံး၊ ကြာကူရီလာလုပ်လို့မရဘူး၊ ငါ့လက်ဝါးပဲရမယ်မှတ်၊ ဖြန်း ဖြန်း..."

ကြမ်းထက်မှပင်ပြန်မထနိုင်သေးခင် ဒေါ်မြင့်မြင့်မိုး ထပ်ရိုက်ချပြန်၍ ရွှေပုလဲမှာ ကြမ်းထက်၌လိမ့်နေရတော့၏။

"ဒီလောက်အတင့်ရဲတဲ့မိန်းမ၊ နင့်ကို ကောင်းကောင်းဆုံးမရမယ်၊ ဖြန်း..ဖြန်း..."





"ဟုတ်တယ် မာမီ၊ ဒီကောင်မ တစ်ခါတည်း ကိုကို့အိမ်ကထွက်သွားအောင် လုပ်ပစ်လိုက်၊ ကောင်းကောင်းဆုံးမလိုက် မာမီ၊ နဒီ သူ့ကို ကိုကို့ဆီမှာထပ်ပြီးမမြင်ချင်တော့ဘူး..."

"ကောင်မ..နင်ဟာ အရှုပ်မ၊ မြွေမ၊ ပိုင်းလုံးမ၊ ကြာကူရီမ၊ နင် ဒီကနေမြန်မြန်ထွက်သွား၊ မသွားရင် နင့်ကို ငါ့အကြောင်းပြ..."

"သိပ်လွန်နေပြီဗျာ..."

"ဟင်..အို..."

"အဲ..ကိုကို..."

ဘယ်အချိန်ကတည်းက ပြန်ရောက်လာမှန်းမသိသည့် ကျော်ထိုက်ရှိန်းကား နီမြန်းသောဒေါသမျက်နှာငြိမ်ငြိမ်ကြီးဖြင့် ရွှေပုလဲအား ထပ်ရိုက်တော့ရန်ရွယ်နေသည့် ဒေါ်မြင့်မြင့်မိုးလက်ကို ဆုပ်ကိုင်ဖမ်းဆွဲလိုက်ပြီး ဆောင့်တွန်းပစ်လိုက်လေ၍ ဒေါ်မြင့်မြင့်မိုးမှာ နောက်သို့လှန်ကျလုမတတ်ဖြစ်ကာ ထိတ်လန့်သွားလိုက်ရသကဲ့သို့...

သမီးဖြစ်သူ နဒီမှာလည်း ကျော်ထိုက်ရှိန်း၏ ဒေါသမျက်နှာ တည်ငြိမ်ငြိမ်ကြီးအားတွေ့လိုက်ရ၍ တုန်လှုပ်ကာခေါ်ဖြစ်လိုက်ခြင်းပါ...။

"ထွက်သွား..အခုထွက်သွား၊ မသွားရင် ခင်ဗျားတို့ကို ကျုပ် တစ်ခုခုလုပ်မိလိမ့်မယ်...

မှတ်ထား၊ ကျုပ်နဲ့ခင်ဗျားတို့ ဘာမှမပတ်သက်ဘူး၊ ခင်ဗျားတို့မျက်နှာကိုလည်း ကျုပ် နောက်ထပ်မကြည့်ချင်ဘူး၊



www.burmeseclassic.com

ထွက်သွား‥အခုထွက်သွား‥သွား…”

လူဖြစ်လာကတည်းက ဒီတစ်ကြိမ်သည် ကျော်ထိုက်ရှိန်းအတွက် ဒေါသအထွက်ဆုံးဟုဆိုရတော့မည်ပါ။ တံခါးပေါက်ဘက် လက်ညှိုးငေါက်ငေါက်ထိုးပြီး ကျော်ထိုက်ရှိန်းသည် နဒီတို့သားအမိကို အော်ငေါက်မောင်းထုပ်ပစ်လိုက်သည်။

ဒေါ်မြင့်မြင့်မိုးတို့သားအမိမှာ ကျော်ထိုက်ရှိန်းမျက်နှာကသွင်ကြောင့် ဘာစကားမှဆက်မပြောရဲတော့ဘဲ၊ ရုက်ရုက်လန့်နဲ့ ကြောက်ကြောက်ရွံ့ရွံ့နှင့် ခြေလှမ်းတွေပင်ခနော်ခနဲ့ဖြစ်ကာ အပြေးတစ်ပိုင်းနှင့်ထွက်သွားလိုက်ကြရပါတော့သတည်း…။

သည့်နောက်မတော့ ကျော်ထိုက်ရှိန်းသည် ရွှေပုလဲ လက်ကလေးကိုဆွဲကာ ကုလားထိုင်တွင်ထိုင်စေပြီး ဆေးသေတ္တာတွေယူရေခဲတွေယူပြီး ကြင်နာစွာသုပ်သင်ဆေးကြော၍ ဆေးတွေလူးပေးတည့်ပေးရှာ၏။

“အရမ်းနာနေမှာပဲနော်…”

“သူ့ဒေါ‥ရွှေပုလဲလည်း စဉ်းစားမိတယ်၊ သူတို့ခုလိုလာပြီးပြောဆိုသွားတာလည်း မှန်တယ်မဟုတ်လား…”

“နှုတ်ခမ်းကွဲသွားတယ်၊ မျက်နှာလေးလည်း တော်တော်လေးရောင်သွားတာပဲ၊ ဟင်း‥စိတ်မကောင်းပါဘူးကွယ်…”

“ကျွန်မအနေနဲ့ တစ်ခုခုတော့ဆုံးဖြတ်သင့်ပြီ၊ ကျွန်မက သူတို့ကိုပြိုင်လို့မရဘူးလေ၊ ကျွန်မဘဝကို ကျွန်မ နားလည်ရမယ်မဟုတ်လား…”

“ကိုယ် အားနာလိုက်တာကွယ်၊ သူတို့ကို ကိုယ် တော်





တော်ဒေါသထွက်သွားတယ်…”

ပြောသည့်စကားတွေက တစ်ယောက်တစ်မျိုးပြီးတော့ သူတို့တစ်ယောက်ကိုတစ်ယောက် အကြာကြီးငေးကြည့်နေဖြစ်သည်။

မှန်သည်။ ထိုအကြည့်များထဲ၌ လေးနက်သောအတွေးများသည် ကိုယ်စီ၌ရှိနေကြမည်က မလွဲပင်မဟုတ်ပါတကား‥။

ØØ ØØ ØØ



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

## - သုံးဆယ်တစ် -

"အေး..မိယမင်း အဖြစ်အပျက်တွေကတော့ အဲဒါပဲ၊ အခုတော့ အဲဒီလိုတွေဖြစ်ကုန်ပြီ၊ ဒီကိစ္စတွေ အဘိုးကြီးသိသွားရင်လည်း မလွယ်ဘူး...

အဘိုးကြီး ကျော်ထိုက်ရှိန်းကိုဆိုရင် တော်တော်နေရာပေးထားတာ၊ ကြည့်လေ..နဂါးပျံစီးပွားရေးတွေ ထိန်းကိုက်တာ အဘိုးကြီးကပဲ ထိန်းထားလိုက်တာတွေတယ်မဟုတ်လား၊ ငါ နဂါးပျံကိုသွားတွေ့တာ အဘိုးကြီးသိရင် ကြည့်ကောင်းဦးမယ်...

သူ လုပ်ထားတဲ့ကိစ္စတွေ ငါကကြောပြီးလုပ်တယ်၊ ငါက ဝင်စွက်တယ်ဆိုပြီး မိုးမီးလောင်တော့မှာ..."

"တီတီမိုးအနေနဲ့ နဒီတို့ကိစ္စကို ဘိုးဘိုးကို မြန်မြန်လုပ်နိုင်းဖို့ပြောရင်ကော မရဘူးလား..."

"မရလို့ပေါ့၊ ဒီအဘိုးကြီးကတစ်မျိုး၊ သူ လုပ်ထားတဲ့အလုပ်တိုင်း သူ့ဟာသူလုပ်မှရတာ၊ ငါ့လိုချွေးမကဝင်လုပ်လို့ကတော့ အိုးစားတောင်ကွဲသွားဦးမယ်..."

"ဒါဖြင့် နဒီကိုယ်တိုင် မြန်မြန်လက်ထပ်ဖို့ ဘိုးဘိုးကို





တောင်းဆိုရင်ကော..."

"ဟင်း..သူ့မြေးပြောလို့ရမှတော့ ညီးကိုပြောပါတော့မလားအေ၊ အခုက အဘိုးကြီးကလည်း ဘယ်လိုဖြစ်နေမှန်းကိုမသိဘူး၊ ကိုယ့်မြေးနဲ့မင်္ဂလာကိစ္စကိုတောင် မြန်မြန်မလုပ်ဘဲ၊ မဆီမဆိုင်၊ ဟိုကောင်မမိသားစုအတွက်တောင် အိမ်တွေဘာတွေဝယ်ပေးနေသေးတယ်၊ အလကားအလုပ်ပိုတွေ..."

"ဒါကြောင့် ငါကလည်း အချိန်ဆွဲပြီးတော့ကိုလုပ်နေတာ၊ အိမ်ကိုလည်းအချိန်ဆွဲပြီးဝယ်တယ်၊ ဝယ်ပြီးတော့လည်းဝယ်ပြီးကြောင်း၊ တော်တော်နဲ့အကြောင်းမပြန်ဘဲနေတာ..."

"ငါ စဉ်းစားလို့တောင်မရဘူး၊ အစကတောင် ဒီကိစ္စတွေကို အဘိုးကြီးက အားတက်သရောလုပ်နေပါသေးတယ်၊ နောက်မှ ဘယ်လိုဖြစ်လဲမသိတော့ဘူး၊ မင်္ဂလာကိစ္စကို ဟ,ကိုမဟတော့ဘူး..."

"တီတီမိုးရယ် ဘိုးဘိုးလည်းအလုပ်တွေများနေလို့နေမှာပါ၊ ခုဆိုရင် ကုမ္ပဏီနှစ်ခုကပူးပေါင်းထားပြီမဟုတ်လား..."

"ငါ သိပါတယ်၊ ဘာပဲဖြစ်ဖြစ်လေ၊ ညီး ဟိုကောင်မနဲ့ကိစ္စတွေပြတ်အောင်စဉ်းစားဦး၊ ညီးနဲ့ကသူတို့အဆက်အဆံပိုရှိတယ်၊ ညီး လုပ်ရင်လွယ်ပါတယ်..."

"ကောင်းပြီလေ..စိတ်ချပါ၊ ယမင်း စီစဉ်ပေးပါ့မယ်၊ တစ်ခုတော့ရှိတယ်၊ ယမင်းကို တီတီမိုးဝယ်ထားတဲ့အိမ်သော့ကိုပေးထားပါ၊ အရင်ဆုံးလုပ်သင့်တာက ရွှေပုလဲတို့ မောင်နှမကိုကိုကျော်ထိုက်ရှိန်းအိမ်ပေါ်က ဆင်းသွားအောင်လုပ်မှဖြစ်မှာ..."



www.burmeseclassic.com

www.burmeseclassic.com

"အေးလေ..ညီးသဘောပဲလုပ်တော့၊ ညီးနော် ငါ့ကို လူလည်ကျမယ်တော့မကြံနဲ့၊ ညီးရဲ့မိသားစုကို ညီးကပစ္စည်းတွေကဲ့ပေးဖို့စိတ်တော့မကူးနဲ့..."

"တီတီမိုး ငါးမိဖို့အတွက် ငါးစာတော့ချထားပေးရမယ် မဟုတ်ဘူးလား..."

ယမင်းခင်၏နှိမ့်ချသယောင်နှင့် ထည့်လိုက်သောစကားကြောင့် မြွေမြွေချင်းတော့ခြေမြင်နေကြသူတွေမို့ ဒေါ်မြင့်မြင့်မိုးသည် ယမင်းခင်အား ကြီးကျယ်တဲ့ကောင်မဟူသောအကြည့်နှင့် မျက်စောင်းထိုးကာ ထွက်သွားလိုက်လေ၏။

ဒေါ်မြင့်မြင့်မိုးထွက်သွားသည်နှင့် ယမင်းခင်သည်လည်း တစ်ချက်ခုတ်နှစ်ချက်ပြတ် အကြံအစည်တို့ဖြင့် နဂါးပျံသို့ကားမောင်းထွက်ခဲ့လိုက်လေ၏။

ဆိုရသော် ယမင်းခင်နှင့်ဒေါ်မြင့်မြင့်မိုးတို့ လွန်ဆွဲပညာပြိုင်နေကြသလိုပါ။ မှန်သည်။ ယခုလုပ်သမျှအလုပ်တွေ ဦးဘဟိန်းနှင့်ထိပ်တိုက်တွေ့လာလျှင် ဒေါ်မြင့်မြင့်မိုးကလည်း ယမင်းခင်နှင့်တည့်ပေးရန်အကြံရှိထားသကဲ့သို့...

ယမင်းခင်ကလည်း အကြောင်းကြီးငယ်များဖြစ်လာခဲ့လျှင် ဒေါ်မြင့်မြင့်မိုး ခိုင်း၍လုပ်ပေးရကြောင်း၊ ဒေါ်မြင့်မြင့်မိုးအပေါ်၌သတ္တုချရန် အကြံရှိထားပြီးသားပါ...။

အကြံနှင့်လာခဲ့သည်မို့ ယမင်းခင်သည် ကားမောင်းရင်း နဂါးပျံသို့ ဖုန်းဆက်ကြည့်သည်။ စက်ရုံဖုန်းရော၊ ရုံးခန်းဖုန်းပါ ကိုင်မည့်သူကမရှိ၍ ယမင်းခင်သည် ကျေနပ်စွာဖုန်းလေးကိုပိတ်





လိုက်၏။

ညနေစောင်းအလုပ်သိမ်းချိန်မို့ စက်ရုံဝင်းတွင်အလုပ်သမားတွေပြန်ကုန်သည့်အချိန်မှ တမင်လာခဲ့ခြင်းဖြစ်သည်။

စိတ်ကူးတွေနှင့်ယမင်းခင် မောင်းလာသောကားလေးသည် နဂါးပျံစက်ရုံဝင်းကြီးထဲသို့ ရောက်လာခဲ့ပြီဖြစ်သည်။ ယမင်းခင်သည် ကားကိုကုမ္ပဏီဂိတ်ပေါက်မှမဝင်ဘဲ၊ စက်ရုံဝင်းဂိတ်ပေါက်မှမောင်းဝင်လာ၍ မည်သူမျှမမြင်...။

ဂိုင်ဒေါင်ပိတ်မည့် အလုပ်သမားတစ်ယောက်စ၊ နှစ်ယောက်စမှလွဲ၍ အလုပ်သမားတွေပြန်ကုန်ပြီဖြစ်၍ ယမင်းခင် ကားလေးမောင်းဝင်လာသည်ကို မည်သူမျှသတိမထားမိ...။

ယမင်းခင်သည် ဂိုင်ဒေါင်ဘေးနားတွင် ကားကိုရပ်ထားခဲ့လိုက်ပြီး ဂိုဒေါင်ထဲသို့မှင်သေသေနှင့်ပင် ဝင်ရောက်ခဲ့၏။

သူမ အားမြင်လျှင်လည်း အလိုက်သင့်စကားပြောလိုက်မည်။

မမြင်လျှင်လည်း ကိုယ့်ဟာကိုယ်ခပ်တည်တည်ပင် ပြန်ထွက်သွားမည်ဟူ သောစိတ်ကူးနှင့်...

ယမင်းခင်သည် ခပ်တည်တည်မှင်သေသေနှင့်ဂိုဒေါင်ထဲသို့ ဝင်ရောက်ခဲ့ပြီး၊ ဂိုဒေါင်ထဲမှစားကုန်ပစ္စည်းတွေကို သေချာစွာကြည့်ရှုလိုက်ပြီး...

တစ်ဆက်တည်းလည်း လှိုက်ခနဲ၍ကြောက်စရာကောင်းသောစိတ်ကူးတစ်ခုကိုပါ ရလိုက်၏။

သည့်နောက်မတော့ ယမင်းခင်သည် မိမိအား လူသူ



www.burmeseclassic.com

www.burmeseclassic.com



မတွေ့ခင် အမြန်ဆုံးကိုင်ဒေါင်တွင်းမှထွက်ကာ ကားလေးအားပြန်မောင်းထွက်ခဲ့လိုက်ပါတော့သတည်း…။

× × × × ×

ကရင်း‥ရင်း‥ရင်း…

မောင်လေးတွေလည်း အိပ်ပျော်ကုန်ပြီ၊ အလုပ်တွေလုပ်ပြီး၍ အိပ်ရာဝင်တော့မည့်ဆဲဆဲ ဖုန်းမြည်သံကြောင့် ရွှေပုလဲသည် နာရီဆီတစ်ချက်ကြည့်ကာ မျက်မှောင်လေးတွန့်ရင်းမှ ညီးညူရင်း ဖုန်းလေးကိုသွားရောက်ကိုင်ကာ နားထောင်လိုက်၏။

ဒီအချိန်ကြီးကျမှ ဘယ်ကဖုန်းလဲမသိဘူး၊ ဟင်း‥ဟဲလို နဂါးပျံကုမ္ပဏီကပါ…

အိပ်ချင်နေသည့်အသံလေးနှင့်ဆိုနေသည့် ရွှေပုလဲစကားသံလေးကြောင့် အပေါ်ထပ်မှဖုန်းဆက်လိုက်သည့် ကျော်ထိုက်ရှိန်းသည် အသံပြန်မပြုဘဲ ကျေနပ်ပြုံးရောင်နှင့်ရှိနေလေ၏။

"ဟဲလို‥ဟဲလို…"

"အဟမ်း…"

အွန်…

တစ်ဘက်မှချောင်းဟန့်သံတစ်ချက် ကြားလိုက်ရခိုက်၊ ရွှေပုလဲမျက်လုံးလေးပြူးကာ အံ့သြသွားရသည်။ တစ်ဆက်တည်းလည်း ရွှေပုလဲသည် ကြည်နူးစွာပြုံးဖြစ်ရင်း…

"သူဌေး၊ ထူးထူးဆန်းဆန်း ခုမှအပေါ်ထပ်နဲ့အောက်ထပ်





ကို ဘာလို့ဖုန်းဆက်နေရတာလဲ၊ ဘာခိုင်းစရာရှိလို့လဲ…"

"ခိုင်းစရာမရှိပါဘူး၊ ဒါပေမဲ့ အခုမှမေးစရာရှိလာတယ်"

"ဘာလဲ…"

"ကိုယ် အခုလိုဖုန်းဆက်လိုက်တော့ ရင်တွေဘာတွေခုန်နေသေးလား…"

"အမယ်‥ဘာလို့ရင်ခုန်ရမှာလဲ၊ ကိုယ့်သူဌေးက ကိုယ့်ဆီဆက်တာပဲဟာ၊ ကိုယ့်ချစ်သူဆက်တာမှမဟုတ်တာ…"

ရွှေပုလဲစကားအတွက် ကျော်ထိုက်ရှိန်းသည် ရင်ထဲမချမ်းမြေ့မှုနှင့်ဆို့နင့်နင့်ကြီးနှယ် ရှိသွားရသည်။

"သြော်‥ချစ်သူကဆက်တာဆိုရင် ရင်ခုန်နေမယ်ဆိုတဲ့သဘောလား…"

"ဒါပေါ့‥နေပါဦး၊ ဘာလို့မအိပ်သေးဘဲ ဖုန်းဆက်တာလဲ…"

ရွှေပုလဲ မေးတော့ ကျော်ထိုက်ရှိန်းသည် ဖြေရခက်နေ၍ သူသည် အနီးမှတိုးတိုးလေးဖွင့်ထားသည့် အသံဖြင့် ခလုပ်လေးအား လှမ်း၍လှည့်လိုက်၏။

သူငယ်ချင်းလေးချစ်တယ် ဘယ်လိုပြောရမလဲ××ကိုယ်ရင်မှာသိပ်သိပ်ချစ်နေတယ်…

"ဟင်‥အဲ…"

တစ်ဘက်မှ သိသိသာသာကြီးကျယ်လောင်စွာ ကြားနေရသည့်သီချင်းသံကြောင့် ရွှေပုလဲသည် မျက်လုံးလေးပြူးကာ သဘောပေါက်ရင်း ရယ်ချင်နေဖြစ်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျော်ထိုက်ရှိန်းကား မည်သည့်စကားမျှဆက်၍မဆို၊ ဖုန်းလေးကိုသာ ကက်စက်ရှေ့တွင်ထားထားဟန်ရှိသည်။

တိတ်တခိုးချစ်နေကြောင်း၊ ရင်ဖွင့်နေသည့်သီချင်းလေးကိုလည်း ရွှေပုလဲသည် နှစ်သက်ခြင်းနှင့် ကြည်နူးချမ်းမြေ့စွာ ဖြင့်နားထောင်နေဖြစ်သည်ပါ။

မှန်သည်။ ထိုညက ကိုယ်ရောစိတ်ပါ ပင်ပမ်းမှုဖြင့် အိပ်ချင်နေသည့်စိတ်တွေမှာ နှလုံးသားအားလှုပ်ခတ်လာသည်တွင် ပျောက်ပျက်လွင့်စင်သွားလိုက်ရပြီတည်း…။ ။



## - သုံးဆယ်နှစ် -

ဂျိပ်,ဂျိပ်ခြင်းမို့ ချိတ်မိနေသည်ဟုဆိုကမမှား။ မှန်သည်။ ယမင်းခင်နှင့်ဒေါ်မြင့်မြင့်မိုးပါ…။

ဒေါ်မြင့်မြင့်မိုးသည် ရွှေပုလဲအားဖယ်ရှားပေးရန်အတွက် ယမင်းခင်အား ဖိအားပေးနေသည်မဟုတ်ပါလား၊ ယမင်းခင်ကလည်း တရားခံတစ်ယောက် အပိ,ရှာနေသူပိပိ အကြံတွင်ပွင်ကျ၍ နေတော့၏။

"ငါကတော့ကြာကြာသည်းမခံနိုင်ဘူး၊ အဖိုးကြီးကလည်း ခုတလောဘာဖြစ်နေလဲမသိဘူး၊ ဘာမှပြောလို့လည်းမရ၊ ဆွေးနွေးလည်းမခံဘူး၊ မဆီမဆိုင်သူလုပ်ခြင်တာတွေပဲလျှောက်လုပ်နေတယ်…"

"ဒါနဲ့..ဘိုးဘိုးက နဒီတို့ရဲ့မင်္ဂလာပွဲကို အမြန်ဆုံးလုပ်ဖို့ ဘာမှ မစီစဉ်ပေးတော့ဘူးလား၊ ဟိုတုန်းကတော့ အချိန်ဆွဲနေလို့ ဘိုးဘိုးကတောင် စိတ်တွေဆိုးနေသေးတယ်ဆို…"

"ဟုတ်တယ်ဟေ့..ဟုတ်တယ်..အခုတော့ ဘာတွေဖြစ်နေပြီလဲမသိဘူး၊ အလုပ်လည်းများတာလည်းမဟုတ်ဘဲနဲ့၊ သူ့ခြေ



www.burmeseclassic.com

www.burmeseclassic.com



ကကျော်ထိုက်ရှိန်းမှကျော်ထိုက်ရှိန်း ဖြစ်နေတာလည်းသိရဲ့သားနဲ့…

ငါထင်တာ ကျော်ထိုက်ရှိန်းနဲ့အဖိုးကြီးနဲ့တွေ့ကြတုန်းက ကျော်ထိုက်ရှိန်းက ဘာတွေပြောထားမှန်းမှမသိဘဲ၊ ပြီးတော့ ဟိုကောင်မကိုလည်း အဘိုးကြီးက တော်တော်နေရာပေးနေပုံရတယ်…”

ဒေါ်မြင့်မြင့်မိုးတစ်ယောက် မကျေမနပ်ပြောနေသည့်စကားများအား ယမင်းခင်သည် တွေးတောဟန်နှင့်စဉ်းစားရင်း မျက်နှာထားသည်မသိမသာ တင်းမာသွားရ၏။ တစ်ဆက်တည်းလည်းစိတ်၏ ညစ်ညမ်းစဉ်းလဲမှုတွေသည် ပို၍အားသာနေဖြစ်ရတော့သည်။

သည့်အတွက် ညွှန်ပြစရာရှိသည့်တရားခံအဖြစ်နှင့် ဒေါ်မြင့်မြင့်မိုး ပြောသည့်စကားတွေကို ယမင်းခင်သည် နားထောင်လိုက်လေ၏။

ကြည့်ရသည်မှာ ဒေါ်မြင့်မြင့်မိုးအသွင်သည် ရွှေပုလဲကိစ္စများနှင့်ပတ်သက်၍ အပြတ်ရှင်းလင်းနေဖြစ်ခြင်း၍ပါ။

“ကဲလေ..ဘာပဲပြောပြော ယမင်းခင် ညီးဘက်က ပိုင်တာညီးလုပ်တော့၊ ဘယ်သူမှလည်းမသိစေနဲ့၊ နောက်ညီးပိရိပါစေ၊ အရင်ဆုံး ဟိုကောင်မကိုအိမ်ပေါ်က မြန်မြန်ဆင်းသွားအောင်လုပ်၊ ဒါပဲ…”

ဒေါ်မြင့်မြင့်မိုးဆိုင်ရင်း ထွက်သွားသည်တွင် ယမင်းခင်သည်လည်း ကားမောင်းထွက်ခဲ့လိုက်လေ၏ ကားမောင်းရင်းမှ ဒေါ်မြင့်မြင့်မိုးအကြောင်းကိုလည်း ယမင်းခင်သည် ကောင်းစွာနား





လည်မှုဖြင့် တွေးမြင်ရ၏။

မှန်သည်။ ဒေါ်မြင့်မြင့်မိုးသည်လည်း ဦးဘဟိန်းအား မလှန်နိုင်၍သာပင်၊ တကယ်တော့ ဒေါ်မြင့်မြင့်မိုးသည် မိမိအား လည်းလုံးဝမလိုလားကြောင်းနှင့် ဖြစ်နိုင်လျှင်မိမိတိုက်ကြီးပေါ်က ဆင်းသွားရန်လိုလားကြံဆောင်မည်ဖြစ်ကြောင်း ယမင်းခင် သိ၏။

အတွေးဖြင့် ယမင်းခင်သည် ရောင်ရောင်မျှပြုံးဖြစ်ရသည်။ တစ်အောင့်ခန့်ကြာသည်တွင် ကျော်ထိုက်ရှိန်းရှိရာ နဂါးပျံကုမ္ပဏီသို့ ရောက်လာခဲ့ပြီဖြစ်၏။

အိမ်နှင့်ကုမ္ပဏီကို တွဲဖွင့်ထားသည်မို့ ယမင်းခင်သည် ကုမ္ပဏီတံခါးပေါက်မှမဝင်ဘဲ၊ အိမ်ထဲဝင်သည့်အပေါက်မှ ဝင်ခဲ့သည်။ အိမ်ထဲတွင် ရွှေပုလဲ၏အရိပ်အယောင်ကို ဝေ့ဝဲကြည့်ခဲ့ပြီးမှ ရုံးခန်းထဲသို့ဝင်ခဲ့၏။

ရုံးခန်းထဲသို့ဝင်လိုက်သည်နှင့် စားပွဲတွင်အလုပ်လုပ်နေသည့်ကျော်ထိုက်ရှိန်းကို တွေ့လိုက်ရသည်။

အဟင်း…

ချောင်းဟန့်သံကြားသည်တွင် ကျော်ထိုက်ရှိန်း လှမ်းကြည့်သည်။ ယမင်းခင်ကို တွေ့သည်တွင် ကျော်ထိုက်ရှိန်းသည် သူ့ထုံးစံကြီးတိုင်းပင် တည်တည်ကြီးနှင့်ငြိမ်ငြိမ်မှုံမှုံကြီးပင် ကြည့်နေလိုက်၏။

သူသည် ထိုင်ပါ၊ ပြပါဟုလည်းမဆို၊ ရယ်လည်းမရယ်၊ ပြုံးလည်းမပြုံး၊ တည်တင်းသည်ဟုလည်းဆို၍မရ၊ ငြိမ်ငြိမ်ကြီးဖြင့်သာ ကြည့်နေသည်မို့ လျှို့ဝှက်မှုတွေနှင့်ပြည့်နေသည့်ယမင်း



www.burmeseclassic.com

www.burmeseclassic.com



ခင်မျက်နှာအသွင်သည်လည်း သိမ်မွေ့နှိမ့်ချသဒယောင်နယ်ရှိနေရင်းက…

"ထိုင်မယ်နော် ကိစ္စရှိလို့လာခဲ့တာပါ…"

ယမင်းခင်ဆိုရင်း သူ့ရှေ့ထိုင်ခုံတွင် ဝင်၍ထိုင်သည်။ သူကမူဘာမှမပြော၊ ခုဆိုရင် ငြိမ်ငြိမ်ကြီးဖြင့် သူ မပြောသလိုပဲရှိနေလေ၏။

"ယမင်းလာတဲ့ ပထမကိစ္စကကတော့ စနေနေ့ကြရင် ကိုကျော်ထိုက်ရှိန်းတို့ စက်ရုံကထွက်တဲ့ ပစ္စည်းတွေကို ကိုယ်စားလှယ်တွေဆီပို့ဖို့အတွက် ကျမစစ်ဆေးပါ့မယ်၊ ကျမတို့ကုမ္ပဏီကို ပစ္စည်းတွေအားလုံးပါပေးလိုက်ပါ…"

ယမင်းခင်စကားအတွက် မိမိတို့ဘက်တွင်လည်း အသင့်ဖြစ်နေပြီမို့၊ စကားပါမပြောတော့ဘဲ ငြိမ်မြဲငြိမ်နေလိုက်၏။

"ဒုတိယကိစ္စကတော့ ရွှေပုလဲတို့မိသားစုအတွက် ယမင်း အိမ်ဝယ်ထားပြီးပြီ ဒါကြောင့်သူ့ကိုလည်း အခုလိုက်ပြဖို့လာခေါ်တာ ရွှေပုလဲကတော့ သဘောကျမယ်ထင်တာပဲ…

ရွှေပုလဲတို့မိသားစုက ယမင်းရဲ့ကျေးဇူးရှင်တွေလေ ဒါကြောင့် ဘိုးဘိုးနဲ့တိုင်ပင်ပြီး ကျေးဇူးဆပ်တဲ့အနေနဲ့ သူတို့အတွက် အိမ်ဝယ်ပေးလိုက်တာ…"

"ဟယ်…မယမင်းရောက်တောကိုး၊ ထင်တော့ထင်သား ရပ်ထားတဲ့ကားကိုတွေ့တယ်လေ၊ ရွှေပုလဲလည်း အခုမှအပြင်ကပြန်ရောက်လို့ စက်ရုံမှာမောင်လေးကို သွားခေါ်ပြီးပြန်လာတာ"

သူတို့စကားတွေဆိုဆဲ ရွှေပုလဲပြန်ရောက်ပြီး စကားတွေ





ဆိုသည်အထိ ကျော်ထိုက်ရှိန်းသည် ဘာစကားမှပြောဆိုခြင်းမရှိဘဲ ကြည့်၍နေသာရှိ၏။

သူ ကြည့်နေသည်က လှပချစ်စရာကောင်းသလောက် ဖြူစင်ရိုးသားသည့် ရွှေပုလဲမျက်နှာလေးနှင့်၊ သဘောကောင်းဟန်ဆောင်၊ ဖြူစင်ဟန်ဆောင်၊ သိမ်မွေ့ဟန်ဆောင်၊ နှိမ့်ချဟန်ဆောင်နေသည့် ယမင်းခင်မျက်နှာနှင့်ယှဉ်၍ ကြည့်ဖြစ်နေခြင်းပါ။

သူကိုကလည်းစိတ်ကမပါရင် လုံးဝစကားမပြောတတ်သည့်လူစားပီပီ သူသည်လုံးဝစကားဝင်မဆိုပါ။

"မယမင်း ဘာကိစ္စလဲဟင်၊ ဘိုးဘိုးကောနေ ကောင်းသားဟင်၊ ရွှေပုလဲ မအားသေးလို့ပါ၊ ဘိုးဘိုးကိုတော့သတိရပါတယ်၊ ဘိုးဘိုးကိုလည်း သွားတွေ့ချင်ပါသေးတယ်၊ ခဏနော် ရွှေပုလဲ ကော်ဖီသွားဖျော်လိုက်ဦးမယ်…"

"နေ…နေ…ရွှေပုလဲ မလုပ်နဲ့၊ မသောက်တော့ဘူး…အိမ်မှာစားခဲ့ပြီးပါပြီ အခု ရွှေပုလဲကိုလာခေါ်တာ…"

"ဟင်…ရွှေပုလဲကိုလာခေါ်တာဟုတ်လား၊ ဘိုးဘိုးခေါ်ခိုင်းတာလား…"

"မဟုတ်ပါဘူး၊ ဘိုးဘိုးက သူ့ဟာနဲ့သူတောင်မအားလို့ ဘယ်သူ့မှသတိမရနိုင်ဘူး၊ အခု ငါကနင့်ကိုလာခေါ်တာ နင့်ကို အိမ်တစ်ဆောင်လိုက်ပြမလို့…"

"အိမ်တစ်ဆောင်လိုက်ပြမလို့…ဘာဖြစ်လို့လဲ…"

ဖြူစင်သော ရွှေပုလဲကစကားတွေကို ပရိယာယ်မပါ ပွင့်လင်းလင်းဆိုရှာသည်။ ယမင်းခင်သည်ကဖြင့်၊ ငြိမ်နေသောသူ



www.burmeseclassic.com

www.burmeseclassic.com



မမျက်နှာ၌ ကြည်လင်ခြင်းမရှိကြောင်း ကျော်ထက်ရှိန်း တွေ့မြင်နေရ၏။

"ကဲ..လာပါလေ..နင်အရင်လိုက်ကြည့်၊ ပြီးတော့ပြောပြမယ်၊ လာ..အခုသွားမယ်..."

ရွှေပုလဲသည် မျက်လုံးပြူးကာ ကျော်ထိုက်ရှိန်းထံ ကြည့်လိုက်ပြီး...

"သူ့ဒွေး ခဏလိုက်သွားဦးမယ်နော် မောင်လေးတော့ အိပ်နေပါပြီ၊ နိုးလာရင်နည်းနည်းကြည့်ထားပေးပါနော်၊ ရွှေပုလဲ မြန်မြန်ပြန်လာမှာပါ..."

ရွှေပုလဲဆိုသော်လည်း ကျော်ထိုက်ရှိန်းသည် တစ်ခွန်းမျှ ပြန်မဆို ယမင်းခင်နှင့်လိုက်သွားသည့် ရွှေပုလဲနောက်ကျောလှလှလေးကိုသာ သူသည်ငေးကြည့်ရင်း အတွေးတွေဖြင့်ကျန်ရစ်ခဲ့လေ၏။

× × × × ×

"ဟား..ကြည့်စမ်း၊ ဒီတိုက်ခန်းကြီးက ကောင်းလိုက်တာနော်၊ ဒါဘယ်သူ့အိမ်လဲဟင်၊ အသစ်ကြီးပဲ၊ လူလည်းနေသေးပုံမပေါ်သေးဘူး၊ အင်း..လူဖြစ်တာဒီလိုမျိုးအိမ်လေးနဲ့နေရရင် သေပျော်ပါပြီ..."

တစ်ချိန်က ညီအစ်မပမာ်သောအသိနှင့်၊ ရင်းနှီးစိတ်နှင့် ပွင့်ပွင့်လင်းလင်းပင် ရွှေပုလဲ ဆိုသည်။

ရွှေပုလဲစကားများအတွက် ယမင်းခင်သည် တုန်လှုပ်သ





လိုငေးကြည့်ဖြစ်သွားရ၏။ ပြီးမှ..ယမင်းခင်သည် မျက်နှာကိုငြိမ်အောင်ထားလိုက်ပြီး...

"တကယ်လို့ ဒီတိုက်ခန်းမှာ နင်တို့ကို ပေးနေရင်ကောနေမလား..."

"မဖြစ်နိုင်တာမပြောပါနဲ့..."

"ငါ တကယ်ပြောတာ နင်တို့အတွက်ငါဝယ်ပေးတာ၊ ငါ ကျေးဇူးဆပ်တာပါ..."

ယမင်းခင်စကားတွင် ရွှေပုလဲသည် အံ့သြစွာနှင့်တွေးတွေးဆဆနှယ်ကြည့်လာသည်။ ယမင်းခင်သည်က သူမ ပြောချင်သောစကားတွေကိုသာ ဆက်ပြောနေ၏။

"နင်တို့လည်း ဟိုမှာနေတာတော့မသင့်တော်တာအမှန်ပါပဲဟယ်၊ ကြာရင်မကောင်းဘူးမဟုတ်လား၊ ကိုယ့်အိမ်နဲ့ကိုယ်ဆိုတော့ ဣန္ဒြေရတာပေါ့၊ မေမေ..ဟို..နင့်မေမေလည်း ဆေးရုံကဆင်းလာတဲ့အခါ နင်တို့မိသားစုလေး အေးအေးချမ်းချမ်းနဲ့နေရတာပေါ့၊ နင်တို့မောင်နှမ ဒီကိုပြောင်းလာနေလိုက်နော်..."

ယမင်းခင်စကားတွေနားထောင်ပြီး ယမင်းခင်မျက်နှာဆီငေးကြည့်ရင်းက ရွှေပုလဲမျက်ရည်တွေ စီးကျလာသည်။ ရင်ထဲမှာ ခမ်းနည်းနေသည်ကအမှန်ပါ...။

"ရွှေပုလဲ နင် ဘာဖြစ်လို့ငိုတာလဲ..."

စိုးရိမ်သလိုနှင့် ယမင်းခင် မေးသည်။ ရွှေပုလဲ မဆို၊ သို့သော် ရွှေပုလဲ ရင်ထဲမတော့...

မယမင်းရယ်..တကယ်ပဲ မေမေနဲ့အတူ ဒီတိုက်ခန်းမှာနေ



www.burmeseclassic.com

www.burmeseclassic.com



၆

ရရင် သိပ်ကောင်းမှာပါ၊ ဒါပေမဲ့ မေမေဟာ ဒီအိမ်မှာနေနိုင်တဲ့ အခွင့်အရေးရှိပါဦးမလား…

မေမေဟာ ဆေးရုံကရောဂါတကယ်ပဲပြန်ဆင်းလာနိုင်ပါဦး မလား၊ ဖြစ်နိုင်မယ်ဆိုရင် ရွှေပုလဲကတော့ မေမေနဲ့အတူမောင်လေး တွေနဲ့အတူ ဒီအိမ်မှာနေချင်တာအမှန်ပါ…

ဒါပေမဲ့လေ နောက်တစ်ချက်ကလည်း မေမေဟာ ဒီအိမ် မှာဘယ်တော့မှ နေမှာမဟုတ်ပါဘူး မယမင်းရယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ မယမင်း ဝယ်ပေးတဲ့အိမ်ဖြစ်နေလို့ပဲ၊ မေမေ့စိတ်ကိုလည်း မယမင်း သိတယ်မဟုတ်လား…

မျက်ရည်များတွေတွေစီးကျရင်းက ရင်ထဲ ရွှေပုလဲတစ် ကိုယ်တည်းရေရွတ်နေခြင်းပါ…။

"ရွှေပုလဲ ဘာဖြစ်လို့လဲ…"

"ဝမ်းနည်းလို့ပါ…"

"ဘာဝမ်းနည်းစရာရှိတော့လဲ၊ နင်တို့မှာအိမ်ပိုင်ရှိရင် ပြည့်စုံတာပဲမဟုတ်လား၊ နင်တို့ပြောင်းလာခဲ့တော့နော်၊ နေမယ် မဟုတ်လား…"

"ရွှေပုလဲကတော့နေချင်ပါတယ်၊ ဒါပေမဲ့ မေမေဟာ လက်ခံမှာမဟုတ်လို့၊ ရွှေပုလဲတို့ပြောင်းမလာနိုင်ပါဘူး၊ မေမေ မကြိုက်တာ မေမေ စိတ်ဆင်းရဲရမယ့်အလုပ်တွေကို ခုချိန်မှာ ရွှေပုလဲ ပိုပြီးမလုပ်ဖို့ဆုံးဖြတ်ထားတယ်၊ မေမေ့စိတ်လည်း မယမင်းသိပါတယ်လေ၊ ကျေးဇူးတင်ပါတယ်နော်၊ ရွှေပုလဲ သွားတော့မယ်၊ အချိန်မရလို့ပါ…"





ရွှေပုလဲ စကားများကြောင့် ယမင်းခင်သည် ကျောက်ရုပ် တစ်ခုလိုကျန်ရစ်ခဲ့လေ၏။ ရွှေပုလဲကား ဝမ်းနည်းသော်လည်း မျက်ရည်တွေကိုသုပ်ရင်း နဂါးပျံကုမ္ပဏီသို့ အေးဆေးစွာပင် ပြန်ခဲ့ လိုက်လေ၏။ အိမ်တွင်ကျန်ရစ်ခဲ့သည့် ကျော်ထိုက်ရှိန်းသည်လည်း တစ်ကိုယ်တည်း စိုးရိမ်ခြင်း၊ သွေးလျှခြင်းတွေဖြင့် တွေးတောငေး ငိုင်နေဆဲ…

"အဲ့··အဲ့··အဟင့်··ဟင့်…"

ပုခက်ထဲမှ ကလေးငိုသံကြားလိုက်သည်တွင် သူ့ အတွေး တို့ပြတ်ကာ ကလေးအနီးပြေးသွားပြီး ကလေးကိုကောက်ချီလိုက် သည်။ ပြီးတော့ ကလေးကိုရှုရှုတည်လိုက်သည်။ သည့်နောက် ကလေးကိုချီးပိုးပြီး သီချင်းဆိုကာ ချော့မြူနေဆဲ ရွှေပုလဲသည် လည်း အိမ်သို့ပြန်ရောက်လာလေ၏။ အိမ်ထဲဝင်လိုက်သည်နှင့် ကျော်ထိုက်ရှိန်း ကလေးချော့နေပုံကိုမြင်သည်တွင် ရွှေပုလဲသည် နှစ်သက်ကြည်နူးမှုလေးတွေနှင့် ငေးမောကြည့်နေဖြစ်ရလေ၏။

မည်မျှအထိ ရွှေပုလဲ ငေးနေမိသည်မသိ ကျော်ထိုက်ရှိန်း သည်လည်း ကလေးချော့ရင်း ရွှေပုလဲကို မြင်သွားရသည်တွင် သူတို့ထံ တစ်ယောက်ကိုတစ်ယောက် ငေးမောကြည့်ဖြစ်သွားရ၏။

ချစ်ရည်ချစ်သွေးတို့ဖြင့် ရွှန်းလက်နေသော သူတို့အကြည့် များသည် တစ်ယောက်ထံမှတစ်ယောက် ကူးလူးယှက်ဖြာဆဲ သူတို့ ကိုယ်စီရင်ထဲမတော့ အချစ်တေးကဗျာတစ်ပုဒ်အား သီကုံးနေမည် ကဧကန်ပင်ဖြစ်တော့သည်တကား…။

× × × × ×



www.burmeseclassic.com

www.burmeseclassic.com



ညကိုးနာရီခွဲပြီဖြစ်သည်။ ကျော်ထိုက်ရှိန်းသည် ရုံးခန်းထဲမှ အလုပ်တွေလုပ်ပြီး ခြံထဲသို့ဆင်းခဲ့လိုက်သည်။ ခြံထဲတွင် တစ်ကိုယ်တည်းလမ်းလျှောက်ရင်း သူသည် ကိစ္စတစ်ခုကို တွေးနေဖြစ်လေ၏။

ရွှေပုလဲကို ယမင်းခင်ဆိုတဲ့အမျိုးသမီးက အိမ်တစ်ဆောင်လိုက်ပြမယ်ဆိုပြီး ခေါ်သွားတယ်၊ ရွှေပုလဲ ပြန်လာတော့ ဒီကိစ္စနဲ့ပတ်သက်ပြီး ငါ့ကိုဘာမှပြန်မပြောပြသေးဘူး…

အေးလေ··ဒါက သူ့ကိစ္စဆိုတော့ ငါ့ကိုဘယ်ပြောပြမလဲ၊ ဒါပေမဲ့ ငါ စိတ်ဝင်စားနေတာတွေကော သူ မသိဘူးလား…

ဒါမှမဟုတ်၊ သူ ငါ့ကိုစိတ်မဝင်စားလို့လား၊ ဖြစ်နိုင်တယ် သူ ငါ့ကိုခေါ်ခေါ်နေတာကလည်း ခုထိသူဌေးတဲ့၊ သူ ငါ့ကိုစိတ်မဝင်စားလို့ပဲပေါ့…

ဒါဆို ငါ ထင်တယ်၊ ယမင်းခင် ဝယ်ပေးတဲ့အိမ်မှာ ရွှေပုလဲတို့မောင်နှမ ပြောင်းနေကြတော့မယ်ထင်တယ်၊ ဟင်း·· မခေါ်ဘဲလာပြီး မနင်ပဲနဲ့သူသွားတော့မယ်ထင်တယ်…

ရွှေပုလဲ··ရွှေပုလဲ၊ တကယ်တော့ မင်းဟာ ကိုယ့်ကို အင်အားတွေပေးနေတဲ့သူတစ်ယောက်ပါ ရွှေပုလဲရယ်၊ မင်း ကိုယ့်ကိုမထားခဲ့ပါနဲ့၊ မင်းမရှိရင် ကိုယ့်ဘဝလည်း အဓိပ္ပာယ်ရှိတော့မှာမဟုတ်ပါဘူး၊ မင်း ကိုယ့်ကိုခွဲမသွားပါနဲ့လား…

ကိုယ် ကတိပေးတယ်၊ မင်းကို ထာဝရချစ်မယ်၊ မင်းကို ထာဝရစောင့်ရှောက်မယ်၊ မင်းနဲ့ထာဝရလက်တွဲသွားမယ်၊ မင်း ကိုယ့်ကိုယုံပါ၊ မင်း ကိုယ့်ကိုခွဲမသွားပါနဲ့…





အဟမ်း…

သူ တစ်ကိုယ်တည်းစဉ်းစားနေဆဲ၊ နောက်ဘက်မှ ရွှေပုလဲ၏အသံပြုသံကြောင့် သူ လှည့်ကြည့်လိုက်သည်။

ရွှေပုလဲ အသွင်ငြိမ်ငြိမ်ကလေးကို တွေ့သည်တွင် သူ စိတ်ခတ်ကျသွားရ၏။ ရွှေပုလဲသည် သူ့ကိုတစ်စုံတစ်ရာကိစ္စကို ပြောတော့မည်ဟု သူ နားလည်နေရသည်မဟုတ်ပါလား…။

“သူဌေး··ဘာတွေစဉ်းစားနေလဲ၊ သူဌေးနဲ့ဒီတို့ရဲ့မင်္ဂလာပွဲကိစ္စလား…”

“ကိုယ်တစ်ယောက်တည်း အေးအေးဆေးဆေးနေပါရစေ၊ မင်းက အိမ်သစ်ကိုပြောင်းဖို့ ကိုယ့်ကိုလာပြောတာလား…”

“ဩော်··ဟုတ်တယ် သူဌေး၊ အဲဒီကိစ္စ သူဌေးကို လာပြောတာပါ၊ ရွှေပုလဲ သူဌေးကို တောင်းပန်ပါတယ်၊ ရွှေပုလဲတို့မောင်နှမကို သူဌေး ဆက်ပြီးကူညီထားပါဦးလို့၊ မယမင်းခင် ဝယ်ပေးတဲ့အိမ်မှာပြောင်းနေဖို့ဆိုတာ အဖြစ်နိုင်သေးလို့ပါ၊ ရှင်းရှင်းပြောရရင် မေမေက လုံးဝလက်ခံမှာမဟုတ်လို့၊ ရွှေပုလဲတို့မောင်နှမ ဒီကနေပြောင်းလို့မရပါဘူး…”

“ဟင်··တကယ်လား၊ မင်း တကယ်ပြောတာလား…”

ကျော်ထိုက်ရှိန်းဆိုရင်း ရွှေပုလဲအနီး လှမ်းသွားလိုက်သည်။ သူ့မျက်နှာတွင်မတော့ ကြည်နူးရိပ်တွေနှင့်ပါ။

မျက်နှာချင်းဆိုင် အနေအထားနှင့် အနီးဆုံးရှိသည်တွင် သူတို့တစ်ယောက်ကိုတစ်ယောက် ငေးကြည့်နေဖြစ်ကြသည်။ သူတို့ကိုယ်စီမျက်နှာထက်တွင်မတော့ ကြည်နူးရိပ်များက ဝေနေ



www.burmeseclassic.com

www.burmeseclassic.com



သည်ပါ။

မှန်သည်။ ကျော်ထိုက်ရှိန်းသည် ကြည့်နူးရိပ်မျက်ဝန်းတို့ဖြင့်ကြည့်ဆဲမှ ရွှေပုလဲကိုယ်လုံးလေးအား သူ့သည့် ရင်ခွင်ထဲသို့ သွင်းဖက်ထားဖြစ်ရလေ၏။

သည့်နောက်မတော့ သူတို့နှစ်ယောက်စလုံး တစ်ဦးက ပခုံးလေးဆီဖက်ပြီး၊ တစ်ဦးကခါးလေးဆီဖက်ကာ အိမ်ထဲသို့လှမ်းဝင်ခဲ့ကြလေ၏။

အိမ်ထဲအရောက်မတော့ စက်ရုံမှူးကြီးအခန်းကိုလည်း သူတို့အတူသွားကြည့်သည်။ ကိုကို၊ ညီညီတို့အိပ်နေသည့် အခန်းကိုလည်း သူတို့အတူသွားကြည့်သည်။

သည့်နောက် သူတို့သည် တိုက်ကြီးတစ်ဆောင်လုံးမီးတွေ ပိတ်ပြီး ကိုယ်စီအိပ်ရာဝင် လိုက်ကြ၏။

တိုက်ကြီးတစ်ဆောင်လုံး မီးတွေပိတ်သွားသည့်အချိန်၌ ကုန်ပစ္စည်းများသိုလှောင်ထားသည့် ဂိုဒေါင်ကြီးဘက်တွင်မတော့ မှောင်ရိပ်ခိုကာ အရိပ်နှစ်ခုသည်လှုပ်ရှားနေ၏။

တစ်ချီတစ်ချီမတော့ လက်နှိပ်ဓာတ်မီးရောင်လို မီးပွင့်မျိုးထွက်ပေါ်သည်။

ထိုလက်နှိပ်ဓာတ်မီးရောင်အောက်၌ လူနှစ်ယောက်၏လှုပ်ရှားမှုတွေကဖြင့် ဂိုဒေါင်ထဲမှကုန်ပစ္စည်းပါကင်တွေကို ဟိုက်လတ်ကားကြီးတစ်စီးပေါ်သို့ ခပ်သွက်သွက်ခိုးသယ်နေကြခြင်းပါတည်း…။

သို့သော် တိုက်ကြီးထဲမှ ဦးရွှေမောင်း၊ ကျော်ထိုက်ရှိန်းနှင့်





ရွှေပုလဲတို့ကား ဂိုဒေါင်ဘက်တွင် ဘာတွေဖြစ်နေသည်ကို လုံးဝမသိ…။

မှန်သည်။

ထိုညက ကျော်ထိုက်ရှိန်းနှင့်ရွှေပုလဲတို့သည် ရင်ခုန်ကြည်နူးခြင်းများဖြင့် အိပ်၍မပျော်နိုင်အောင် ရှိနေကြရသော်လည်း ဂိုဒေါင်ဘက်မှအခင်းကိုဖြင့် ဘာဆိုဘာမှမသိလိုက်ကြသည်က အမှန်ပါတည်း…။ ။

ØØ ØØ ØØ



www.burmeseclassic.com

www.burmeseclassic.com

## - သုံးဆယ်သုံး -

သည်နေ့အဖို့ ကျော်ထိုက်ရှိန်းကပင် ဦးဆောင်ပြီးဆေးရုံသို့ရောက်လာခဲ့လေသည်။ ကလေးတွန်းလှည်းလေးကို ကျော်ထိုက်ရှိန်းကတွန်းသည်။ ကျော်ထိုက်ရှိန်းနှင့်ရွှေပုလဲတို့ မိခင်ရှိရာအခန်းထဲသို့ ဝင်လိုက်သည်နှင့် ဒေါ်ရွှေခင်အား လာရောက်ကြည့်ရှုနေသည့် ဒေါက်တာ စိုးဝေကိုပါတွေ့လိုက်ကြရလေ၏။

"သမီးရွှေပုလဲ အစောကြီးပါလားကွယ်..."

ရွှေပုလဲနှင့်အတူ ကျော်ထိုက်ရှိန်းကိုပါ တွေ့လိုက်ရ၍ ဒေါ်ရွှေခင်သည် ထ,ထိုင်ပြီးဆိုသည်။

"ဟုတ်ကဲ့ မေမေ၊ သူဌေးကလည်း မေမေ့ကိုလာကြည့်တာပါ၊ ဒါ သမီးတို့မောင်နှမကိုစောင့်ရှောက်ထားတဲ့ နဂါးပျံကုမ္ပဏီက သူဌေး ဦးကျော်ထိုက်ရှိန်းပါ မေမေ..."

အိုး..ဟုတ်လား၊ ကျေးဇူးကြီးလှပါတယ် လူလေးရယ်၊ အဒေါ်ကြောင့် အဒေါ်မကောင်းလို့ သမီး ရွှေပုလဲလေးဟာ ခုလိုမျက်နှာငယ်ရပြီး ဒုက္ခဖြစ်နေရတာပါကွယ်၊ ဒါပေမဲ့ တစ်နေ့ကျ





ရင် သမီး ရွှေပုလဲရဲ့ဘဝတင့်တယ်ရပါစေမယ်လို့ အဒေါ် ကတိပေးပါတယ် လူလေးရယ်...

ရင်ထဲမှလှိုက်လှဲစွာဖြင့် ပြောနေသည့် ဒေါ်ရွှေခင်စကားအား ဒေါက်တာ စိုးဝေမှလွဲ၍ ကျော်ထိုက်ရှိန်းကောရွှေပုလဲပါ နားမလည်ကြပါလေ။ ဒေါ်ရွှေခင် စကားကြောင့် ဒေါက်တာစိုးဝေသည်က ကျေနပ်ကြည်နူးခြင်းတွေဖြင့် ရွှေပုလဲနှင့်ဒေါ်ရွှေခင်ထံသို့ကြည့်သောအကြည့်သည် တောက်ပနေရပါလေ၏။

ဘယ်သူတွေဘာပြောပြော ကျော်ထိုက်ရှိန်းကား ဆုံးဖြတ်ထားသည့်အတိုင်း ဒေါ်ရွှေခင်ရှေ့ ခုတင်အောက်တွင် ရိုကျိုးစွာ ဒူးထောက်လိုက်ပြီး...

"ဒေါ်ဒေါ်..ဒီကနေ့ ဒေါ်ဒေါ်ဆီ ကျွန်တော် လာတွေ့တာ ကျွန်တော့်ကိစ္စနဲ့ကျွန်တော်ပါ၊ ကျွန်တော် အခုပြောမယ့်စကားကို ဒေါ်ဒေါ် နားနဲ့မနာဖဝါးနဲ့နာပေးပါ၊ ဒေါ်ဒေါ် ကျန်းမာရေးမကောင်းတဲ့အချိန်မှာ ကျွန်တော် ဒီစကားမျိုးမပြောသင့်ဘူးဆိုတာသိပေမယ့်...

ကျွန်တော် ဒေါ်ဒေါ် ကျန်းမာရေးကောင်းလာမယ့်အချိန်ကိုမစောင့်နိုင်လို့၊ ကျွန်တော် ပြောတာပါ၊ ကျွန်တော် ရွှေပုလဲအပေါ်မှာ မေတ္တာရှိနေပါတယ် ဒေါ်ဒေါ်၊ ထာဝရလည်း သူ့အပေါ်နားလည်ပြီးစောင့်ရှောက်သွားမှာပါ၊ ဒေါ်ဒေါ် ကျန်းမာရေးကောင်းတဲ့နေ့ကျရင် ကျွန်တော်တို့ကို လက်ထပ်ခွင့်ပေးပါလို့ ကျွန်တော် ခုကတည်းက ဒေါ်ဒေါ့်ဆီမှာ ခွင့်တောင်းတာပါခင်ဗျာ..."

ကျော်ထိုက်ရှိန်းစကားများကြောင့် ဒေါက်တာ စိုးဝေသည်



www.burmeseclassic.com

www.burmeseclassic.com

ပင် ဝမ်းနည်းဝမ်းသာစိတ်နှင့်ကျော်ထိုက်ရှိန်း၏ ပြတ်သားမှုအား ချီးမွမ်းအံ့သြ၊ အားကျမိရလေ၏။ ရွှေပုလဲကလည်း မမျှော်လင့်ဘဲ ကြားလိုက်ရသည့် ကျော်ထိုက်ရှိန်းစကားကြောင့် အံ့သြတုန်လှုပ်သည်အထိ ဖြစ်နေရသည်ပါ။ ဒေါ်ရွှေခင်ကား ရွှေပုလဲထံကြည့်ပြီး မျက်ရည်တွေစီးကျရင်းက ဝမ်းနည်းဝမ်းသာစိတ်တွေနှင့် ခေါင်းတညိတ်ညိတ်ရှိရင်းက…

"ကြားရတဲ့စကားက မင်္ဂလာရှိပါတယ်ကွယ်၊ မိဘကိုသိတတ်တဲ့ သမီး၊ ကျေးဇူးတရားသိတတ်တဲ့ သမီးမို့ ကောင်းစားမှာအမှန်ပါ၊ ဒေါ်ဒေါ်လည်း ဒီသမီးလေးကိုပဲ စိတ်ချယုံကြည်အားကိုးနေရတာပါ၊ ဒေါ်ဒေါ့် သမီးလေးဟာ ငယ်ငယ်ကတည်းက ဖြူစင်တယ်၊ ပွင့်လင်းတယ်၊ စိတ်နှလုံးလှပတယ်…

သမီး ရွှေပုလဲရဲ့အကြောင်းကိုက ရှိခဲ့လေတော့ တစ်နေ့ သမီး ရွှေပုလဲဟာ ရွှေပုလ္လင်ထက်ပဲပြန်ရောက်ရမယ့်ဘဝဆိုတာ ဒေါ်ဒေါ် ယုံကြည်ပြီးသားပါ၊ ကောင်းပြီ လူလေး၊ ဒေါ်ဒေါ့်သမီးလေးကို ထာဝရနားလည်ပေးပါ၊ ထာဝရစောင့်ရှောက်ဖို့အတွက် လူလေးထက်ထဲ ဒေါ်ဒေါ် အပ်ပါတယ်ကွယ်၊ လူလေးရဲ့တောင်းဆိုမှုကိုလည်း ဒေါ်ဒေါ် ခွင့်ပြုပါတယ်…"

မျက်ရည်တွေစီးကျရင်းမှ ဝမ်းနည်းဝမ်းသာဖြင့် ဒေါ်ရွှေခင် ဆိုသည်။ ဒေါ်ရွှေခင်နည်းတူ ဒေါက်တာ စိုးဝေ၊ရွှေပုလဲနှင့် ကျော်ထိုက်ရှိန်းတို့သည်လည်း ဝမ်းနည်းဝမ်းသာဖြစ်နေကြရသည်ပါ…။

× × × × ×





"အားလုံးအဆင်ပြေတယ်မဟုတ်လား;…"

"………"

"ဒါဆိုဆက်လုပ်၊ ရှင်တို့ကိုအပြတ်ပြောပြီးသားနော်၊ ဒါပဲ…"

ဖုန်းပြောပြီးသည်တွင် ယမင်းခင်သည် ဖုန်းလေးကိုပိတ်လိုက်သည်။ ယမင်းခင်မျက်နှာပုံစံ အနေအထားသည်က ငြိမ်၍တင်းမာနေ၏။ စိုက်နေသောမျက်လုံးအကြည့်နှင့်စေ့နေသော နှုတ်ခမ်းသည် ကောက်ကျစ်မှုကိုဖော်ပြနေသယောင်ပါ…။

မှန်သည်။ ယမင်းခင်တစ်ယောက် မည်ကဲ့သို့စဉ်းလဲမှုများအား ကြံစည်ထားသည်ဖြင့်မသိ…။

စိတ်အေး၊ လက်အေး၊ စိတ်ချ၊ လက်ချနှင့်ဆေးရုံမှထွက်လာကြပြီး ကန်တော်ကြီးထဲတွင် လမ်းလျှောက်ရင်း စကားတွေပြောလာကြသည့် ကျော်ထိုက်ရှိန်းနှင့်ရွှေပုလဲတို့ကား မိမိရဲ့အကြောင်းများနှင့်ရှေ့ရေးကိစ္စများ အကြောင်းအတွက်လည်း တိတ်ဆိတ်စွာတွေးနေဖြစ်ကြရသည်ပါ…။

"ပြောရရင်၊ ကိုယ် တကယ်ပဲအလုပ်လုပ်ရတာ စိတ်အားတွေထက်သန်လာတယ်၊ ကိုယ့်မှာဆုံးဖြတ်ချက်လည်းရှိတယ်၊ လုပ်ငန်းတွေကို ကိုယ့်ရဲ့ဘိုးဘိုးရှိစဉ်တုန်းကလို ကြိုးစားပြီးပြန်လုပ်မယ်လို့…"

"သူဌေးရယ်‥အခုလည်းပဲ လုပ်ငန်းတွေကအခက်အခဲတွေကြားထဲက အောင်မြင်နေတာပဲလေ၊ ဟိုတစ်ခါနယ်တွေမှိုတို့ ကုန်ပစ္စည်းတွေ အပျက်အစီးဖြစ်တုန်းက ကုမ္ပဏီနဲ့စီးပွားရေးကို



www.burmeseclassic.com

www.burmeseclassic.com

ထိခိုက်ပြီထင်တာ၊ ဒါပေမဲ့ တော်သေးတယ်၊ နယ်ကိုယ်စားလှယ်တွေက ကုန်မှားပို့တယ်ထင်နေကြတယ်လေ…”

“ဟင်း··ဒါဟာလည်း ရွှေပုလဲရဲ့တောင်းပန်စာတွေ အရင်ရောက်သွားလို့ပါကွာ…”

“ဘယ်ဟုတ်မလဲ ရွှေပုလဲရယ်၊ လုပ်ငန်းကြီးရှင်တွေရဲ့ နားလည်မှုတွေပါ၊ အဲဒီကိစ္စတုန်းကလည်း ဘယ်လိုဖြစ်တယ်ဆိုတာတောင် ရွှေပုလဲ မပြောတတ်အောင်ပဲ…”

“ကဲ··မပြောတတ်ရင်မပြောနဲ့တော့၊ အခု ကိုယ်ပြောမယ့် စကားပဲနားထောင်…”

“ဘာပြောမှာလဲ…”

မောင်လေး၏လှည်းကလေးကိုတွန်းရင်း သူ့ထံမော်ကြည့်ရင်းက ရွှေပုလဲ ဆိုသည်။ သူကလည်း ဘောင်းဘီအိတ်ထဲလက်နှစ်ဖက်ကိုထိုးထည့်ထားရင်းက ချစ်ရည်လူးသောမျက်ဝန်းမျက်နှာတို့ဖြင့် ရွှေပုလဲထံ ငုံ့ကြည့်ရင်း…

“အခု ရွှေပုလဲရဲ့မေမေဆီမှာ ကိုယ် သွားပြီးနားဖောက်ထားပြီးပြီနော်၊ ဒီတော့ ရွှေပုလဲ ကိုယ့်အပေါ်သစ္စာထားရမယ်နော်…”

“ရွှေပုလဲကို မပြောပါနဲ့လေ၊ သူဌေးနဲ့နဒီတို့ရဲ့စေ့စပ်ထားတဲ့ကိစ္စတွေကိုပဲ ရှင်းလင်းပါစေဦး…”

“စိတ်ချ၊ ကိုယ် ဦးဘဟိန်းနဲ့ဆွေးနွေးပါ့မယ်၊ ဖြစ်နိုင်ရင် ကိုယ်က ရွှေပုလဲလက်ကိုဆွဲပြီး နိုင်ငံခြားကိုထွက်သွားချင်တာပါ၊ ဒါပေမဲ့ ရွှေပုလဲတို့မိခင်နဲ့မောင်လေးတွေကြောင့် အဆင်ပြေ





ဆုံးနည်းလမ်းတွေကို ကိုယ် ရှာမှာပါ…

ဘာပဲဖြစ်ဖြစ် ကိုယ် မင်းကို ဘယ်တော့မှလက်တွဲမဖြုတ်ဘူး၊ မင်းလည်း ကိုယ့်ရဲ့လက်ကို မြဲမြဲဆွဲထားပါ…”

ကျော်ထိုက်ရှိန်းဆိုရင်း ရွှေပုလဲထံ သူ့လက်ကိုကမ်းပေးလိုက်သည်တွင် ရွှေပုလဲသည် သူ့မျက်နှာချော့ချော့ဆီ ကြည်နူးချမ်းမြေ့ခြင်းတွေနှင့် မော်ကြည့်ရင်း သူ၏ကမ်းလက်အား မြဲမြံစွာဆုပ်ကိုင်ထားလိုက်လေပြီတည်း…။

သည့်နောက်မတော့ သူတို့နှစ်ကိုယ်တူလက်ချင်း မြဲမြံစွာ တွဲယှက်ကာ အိမ်သို့ပြန်လာခဲ့လိုက်ကြလေ၏။ လမ်းတစ်လျှောက်၌ ကျေနပ်မှုတွေ၊ ကြည်နူးမှုတွေ၊ သာယာမှုတွေ၊ ပျော်ရွှင်မှုတွေနှင့်ချစ်ခြင်းများသည်က သူတို့ကိုယ်စီရင်ဝယ်အပြည့်ပါ…။

တအောင့်ခန့်ကြာသော် ကျော်ထိုက်ရှိန်း မောင်းလာသော ကားလေးသည် နဂါးပျံကုမ္ပဏီသို့ ပြန်ရောက်ခဲ့သည်။ ကားလေးသည် နဂါးပျံကုမ္ပဏီ၏ဂိတ်ဝင်းထဲ မောင်းဝင်လိုက်သည်နှင့်…

“ဟင်··သူဌေး…”

“ဟင်…”

ကုမ္ပဏီရှေ့တွေ့လိုက်ရသော မြင်ကွင်းတွေကြောင့် ရွှေပုလဲသည် ကျော်ထိုက်ရှိန်းကိုခေါ်ကာ ကြည့်ဖြစ်လိုက်သကဲ့သို့၊ ကျော်ထိုက်ရှိန်းသည်လည်း တူရှုမြင်ကွင်းဆီကြည့်ရင်း အံ့သြဟန်ချက်မှောင်ကြီးများ တွန့်သွားရလေ၏။

မှန်သည်။ အဘယ်ကြောင့်ဆိုသော် သူ့ကုမ္ပဏီရှေ့တွင် ရပ်ကွက်လူကြီးများနှင့်ရဲအရာရှိများအား တွေ့လိုက်ရသောကြောင့်


www.burmeseclassic.com

www.burmeseclassic.com



ပါတည်း…။

ကုမ္ပဏီရှေ့ သူ့ကားလေးထိုးရပ်လိုက်သည်နှင့် ရဲအရာရှိများသည် ကျော်ထိုက်ရှိန်းအား လက်ထိပ်ခတ်ဖမ်းဆီးလိုက်ကြသည်။

"ဟင်…အိုး၊ ဒါဘာလုပ်တာလဲ၊ ဘာလုပ်တာလဲ၊ ရှင်းလည်းရှင်းပြကြပါဦး…"

ရုတ်တရက်မျက်ရည်တွေဝဲလျှံလာရင်း အံ့သြတုန်လှုပ်စိတ်တွေဖြင့် ရွှေပုလဲ ဆိုသည်။

"ကျွန်တော်တို့စခန်းရောက်ရင် ရှင်းပြပါမယ်၊ စခန်းကိုသာလိုက်ခဲ့ပါ…"

ရဲအရာရှိတစ်ယောက်ကဆိုသည်တွင် ကျော်ထိုက်ရှိန်းအား ရဲသားနှစ်ဦးမှာ ကားထဲသို့သွင်းလိုက်ကြပြီဖြစ်သည်။

"အိုး…ထူးဆန်းလိုက်တာ၊ ဘယ်လိုဖြစ်ရတာလဲ၊ အဘအဘ ပြောပါဦး၊ ဘယ်လိုတွေဖြစ်ကုန်တာလဲ၊ သူဌေးက ဘာဖြစ်လို့လဲ၊ ဘာတွေလုပ်လို့လဲ…"

မျက်ရည်တွေနှင့်မခံချင်စိတ်နှင့် နားမလည်စိတ်တွေနှင့် ပြာလူးစွာ ရွှေပုလဲ ဆိုသည်။

ကျော်ထိုက်ရှိန်းအား တင်ထားသည့်ရဲကား၊ကား ရဲအရာရှိတက်လိုက်သည်နှင့် ဆင်ဝင်အောက်မှမောင်းထွက်သွားလေပြီဖြစ်သည်။

"အိုး…သူဌေး…သူဌေး…သူဌေး…"

နောက်ဘက်မှ ရွှေပုလဲ ပြေးလိုက်၍ခေါ်သည်။ အမြဲလို





တည်ငြိမ်အေးစက်သည့် ကျော်ထိုက်ရှိန်းသည် ယခုလည်းပဲ ဘာစကားတစ်ခွန်းမှမဆိုသော်လည်း သူသည် ကားထဲမှနောက်ပြန်လှမ်းကြည့်ရင်း ရင်ခုန်စွာဖြင့် လိုက်ပါသွားဖြစ်ရပါလေသတည်း။

× × × × ×

"ဦးကျော်ထိုက်ရှိန်း ခင်ဗျားကိုဖမ်းရတဲ့အကြောင်းရင်းကတော့ ခင်ဗျားရဲ့ကုမ္ပဏီကထုပ်လုပ်တဲ့ စားကုန်ပစ္စည်းတွေမှာ လူတွေကိုအန္တရာယ်ဖြစ်စေနိုင်တဲ့ပစ္စည်းတွေပါနေလို့ပဲ…"

"ဗျာ…ကျွန်တော့်စားကုန်တွေထဲမှာ လူတွေကိုအန္တရာယ်ဖြစ်စေတဲ့ပစ္စည်းတွေပါတယ်ဟုတ်လား…"

"ဟုတ်ပါတယ်၊ အဲဒါကလည်းအမှန်ပါပဲ…"

"အမှန်ပါပဲလို့ပြောရအောင်က ဆရာတို့က ကျွန်တော့်ကုန်ပစ္စည်းတွေကို စစ်ဆေးပြီးပြီမို့လို့လား…"

"ဟုတ်ကဲ့၊ ကျွန်တော်တို့ သက်ဆိုင်ရာဌာနကိုပို့ပြီး စစ်ဆေးခိုင်းလိုက်ပါတယ်၊ အဲဒီမှာလူတွေကိုအဆိပ်အတောက်တွေဖြစ်စေတာတွေ့ရပါတယ်…"

"ဟာ…မဟုတ်သေးဘူး၊ မဖြစ်နိုင်သေးပါဘူးဗျာ…"

"ဖြစ်နေလို့သာ ခင်ဗျားကို ကျွန်တော်တို့ ထိန်းသိမ်းလိုက်ရတော့တာပေါ့၊ ဒီကိစ္စက သေးတဲ့အမှုမဟုတ်ဘူးနော်၊ ကိုကျော်ထိုက်ရှိန်း…"

စခန်းမှူးကြီး၏စကားကြောင့် ကျော်ထိုက်ရှိန်းသည် ထူး



www.burmeseclassic.com

www.burmeseclassic.com



ဆန်းအံ့သြရင်း နားလည်းနားမလည်၊ တွေးတော၍လည်းမရနိုင်တော့၍ နှုတ်ဆိတ်၍ပင်နေလိုက်ပါတော့၏။

ကျော်ထိုက်ရှိန်းတစ်ယောက် ရဲစခန်းတွင် စိတ်ပျက်၊ စိတ်ဓာတ်များကျနေဆဲ၊ ကုမ္ပဏီတွင်ကား…

"အဘ··ဘယ်လိုဖြစ်ပြီး ရဲတွေရောက်လာတာလဲ၊ အစကနေပြောပြပါဦး…"

"ဦးကျော်ထိုက်ရှိန်း ဝရမ်းပါတယ်ဆိုပြီးရောက်လာတာပါပဲ…"

"အဘကိုရော ဘာတွေမေးကြသေးလဲ…"

"ထုပ်လုပ်တဲ့စားကုန်တွေအကြောင်းကို မေးတယ်၊ ပြီးတော့ စက်တွေနဲ့ကုန်ကြမ်းတွေကိုလည်း အားလုံးဝင်ကြည့်ပြီး စစ်ဆေးသွားကြတယ်…"

"ဟင်··ဒါဆို စားကုန်ပစ္စည်းတစ်ခုခုမှာ အမှားအယွင်းတစ်ခုခုဖြစ်နေပြီထင်တယ် အဘ…"

"ဘာမှားစရာရှိလဲ၊ စားကုန်ပစ္စည်းတွေအားလုံးကို ရွှေပုလဲနဲ့အဘကိုယ်တိုင်ပဲ ဦးစီးပြီးလုပ်ကိုင်ထားတဲ့ပစ္စည်းတွေပဲမဟုတ်လား…"

ဟင်း…

စဉ်းစားမရသောသက်မလေးကို ရွှေပုလဲ ချဖြစ်လိုက်သည်။ ပြီးမှ…

"အိုး··အဘရယ်၊ ဒါတွေကနောက်ထားပါတော့၊ လက်ရှိအရေးကြီးတာက သူဌေးကို အားပေးရမယ်၊ ခုလောက်ဆိုရင်





သူဌေးတော့ သိပ်ကိုစိတ်ပျက်စိတ်ဓာတ်ကျနေတော့မယ်…

ရွှေပုလဲ စိတ်မကောင်းတာက ရွှေပုလဲတို့ကြောင့် သူဌေးခမျာ အခက်အခဲတွေအမျိုးမျိုးနဲ့ တွေ့ကြုံနေရလို့ပါ အဘရယ်…

အိုး··ပြောနေလို့မပြီးသေးဘူး၊ ရွှေပုလဲ ထမင်းဟင်းတွေချက်ပြီး သူဌေးကို သွားပို့ပေးရမယ်၊ ပြီးတော့ သူဌေး ဒီဒုက္ခက လွတ်အောင် ရွှေပုလဲ စဉ်းစားရမယ်၊ လိုအပ်ရင် ကျားပျံဟိန်းကုမ္ပဏီကိုသွားတွေ့ရမယ်…"

ပြောပြောဆိုဆိုနှင့်ပင် ရွှေပုလဲသည် မျက်ရည်တွေဝဲရင်းမှ မီးဖိုထဲသို့ထ,ထွက်သွားလိုက်တော့သည်။ စက်ရုံမှူးကြီးသည်လည်း စိတ်ထိခိုက်စွာဖြင့် တွေးတောကြံဆရင်း ကျန်ရစ်ခဲ့လေ၏။

နဂါးပျံကုမ္ပဏီတွင် သောကမီးများတောက်လောင်နေဆဲအချိန်များ၌ ကျားပျံဟိန်းကုမ္ပဏီတွင်ကား…။

(…)စားသောက်ဆိုင်တွင်ဖြစ်၏။ ဦးဘဟိန်းသည် ဂဏန်းပျော့ကြော်နှင့်ငါးသံပုရာပေါင်း အစပ်ဟင်းကို ရှူးရှူးရှဲရှဲဖြင့် စားသောက်၍နေ၏။ ယမင်းခင်သည်က ဦးဘဟိန်းအားရွှေပုလဲနေရာဝင်ယူပြီး အပြတ်ကိုပြုစုစောင့်ရှောက်မှုဖြင့် တာဝန်ယူထား၏။

ယမင်းခင်သည် အီတာလျှံခေါက်ဆွဲကြော်ကိုစားရင်း ဦးဘဟိန်းတစ်ယောက် တရှူးရှူးတရှဲရှဲနှင့် အားရပါးရစားသောက်နေသည်ကို ကြည့်နေလေ၏။ ဦးဘဟိန်းသည် ငါးသံပုရာပေါင်း၏ပူစပ်သောအရာသာကြောင့် ချွေးတွေထွက်၊ နှပ်တွေထွက်သဖြင့် လက်သုပ်ပုဝါနှင့်သုပ်လိုက်၊ လက်ကိုင်ပဝါနှင့်သုပ်လိုက်နှင့် တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်တည်း ရှုပ်ယှက်ကိုခတ်နေသလိုရှိ၏။

ယမင်းခင်၏အကြည့်တွေကလည်း အနက်နှင့်ပါ။ မှန်သည်။ ယမင်းခင်၏မျက်နှာအသွင်သည် ငြိမ်သယောင်ရှိပြီး သူမ၏မျက်လုံးတွေသည် လှုပ်ရှားနေ၏။ ဆိုရသော် ဝံပုလွေတစ်ကောင်သည် သားကောင်အားငြိမ်၍အလစ်ကိုစောင့်ကာ ချောင်းနေသည့်ဟန်မျိုးပါ…။

“ရွှေပုလဆိုတဲ့မိန်းကလေးကလည်း ပျောက်ချက်သားကောင်းရောပဲ၊ မြင့်မြင့်မိုးက တော်တော်ဆရာလုပ်ချင်တာ လောဘကလည်းကြီးတယ်၊ စိတ်ဓာတ်ကလည်းညံ့တယ်၊ ပြောရင်လည်းပြောတယ်ဖြစ်နေမယ်၊ မမြင်ဖူးတဲ့အရာတွေဆိုတော့ မူးမြစ်ထင်နေတာပေါ့၊ သူ ဘယ်ကပေါက်ဖွားလာလဲဆိုတဲ့အဆင့်အတန်းကို သူ့ဟာသူပဲပြနေတာ…

ဒါကြောင့် ဘိုးဘိုးက သားယူမယ်လုပ်တဲ့အချိန်က လုံးဝသဘောမတူဘဲ အပြတ်ကိုကန့်ကွက်ခဲ့တာ၊ ဒါပေမဲ့ သားကမလိမ္မာဘူး၊ ဟွန်း··မြေးမျက်နှာကြောင့်မို့ပဲ ဒီကောင်မ ငါ ကြည့်နေတာ အကောင်းမဟုတ်ဘူး…”

ပထမသော် ကိုယ့်အကြံနှင့်ကိုယ့်စိတ်ကူးနှင့်ရှိသော်လည်း တဖြည်းဖြည်းနှင့်ဦးဘဟိန်း၏စကားတွေက ယမင်းခင်နားထဲ ထိုးဖောက်ဝင်ရောက်လာသည်မို့ ယမင်းခင်သည် အဘိုးကြီးပြောသမျှစကားတွေကိုနားထောင်ရင်း မလုံမလဲစိတ်နှင့်မျက်စိမျက်နှာပျက်နေရ၏။

မှန်သည်။ အဘိုးပြောသောစကားတွေက သူမအား ဒဲ့ကြီး





ပြောနေသကဲ့သို့ရှိနေရသည်မဟုတ်ပါလား၊ ဦးဘဟိန်းသည်ကဖြင့် သူမအားကြည့်ကိုမကြည့်၊ သူ့ဟာသူစားရင်းသောက်ရင်းဖြင့်သာ တစ်ခွန်းချင်း အနှစ်ပါပါပြောဆိုနေခြင်းဖြစ်၏။ ထိုအခိုက် အဘိုးကြီးထံသို့ လူတစ်ယောက်သည် စိုက်စိုက်မတ်မတ်ကြီး ဝင်ရောက်လာပြီး အဘိုးကြီးနားနားကပ်ကာ စကားတိုးတိုးဆိုလိုက်၏။

ယမင်းခင်သည် ထိုမြင်ကွင်းအား စူးစိုက်၍ကြည့်နေလေ၏။ ထိုလူသည် ဘိုးဘိုး၏လူယုံတော်တစ်ယောက်၊ မိမိတို့ထိုနေရာတွင်ရှိနေကြောင်း၊ ထိုလူအတတ်သိနေပုံမှာ၊ ဦးဘဟိန်းက ထိုလူအား အမြဲအဆက်အသွယ်လုပ်ထားလို့သာဖြစ်ကြောင်း ယမင်းခင် ရိပ်မိလိုက်၏။

ဟင်…

ထိုလူပြောလိုက်သောစကားကြောင့် အဘိုးကြီး တုန်လှုပ်သွားဟန်ကို ယမင်းခင် တွေ့ရသည်။ ပြီးတော့ အဘိုးကြီး၏မျက်နှာသည် ဒေါသကြောင့်တဖြည်းဖြည်းနီးမြန်းလာသည်ကိုလည်း ယမင်းခင် မြင်ရ၏။

“တောက်··တော်တော်အသုံးမကျတဲ့ဟာတွေ၊ ဒီလောက်တောင်ပဲအခြေအနေကဖြစ်သွားလား၊ ဟင်း··တော်တော်အတင့်ရဲတယ်၊ ငါ့စိတ်ကို ငါ တော်တော်ထိန်းရတယ်၊ ထောက်ထားစရာသာမရှိဘူးဆိုရင် ငါ ဒီကိစ္စကို သည်းခံမှာမဟုတ်ဘူး…”

မည့်သူ့ကိုရည်ရွယ်၍၊ မည်သူ့ကိုဒေါသထွက်ကာ မည်သည့်ကိစ္စကို အဘိုးကြီးပြောဆိုနေမှန်း ယမင်းခင်သည် မသိသလိုသို့၊ သိသလိုလို၊ မလုံမလဲခံစားမှုတွေဖြင့် ထိုမြင်ကွင်းအား ငြိမ်



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်ကလေးပင် ယမင်းခင် စောင့်ကြည့်နေလေ၏။ တစ်ဆက် တည်းလည်း ယမင်းခင်ရင်ထဲမတော့ ကျေနပ်ဟန်တွေဖြင့် မိမိ ဘာတွေကိုဆက်လက်ပြီး ကြိုတင်ကြံစည်ထားရမည်ကိုပါ စိတ်ကူး ထဲဖြစ်ပေါ်နေသည်ပါ။

ယမင်းခင်အသိ၌ အဘိုးကြီး၏လူယုံတော်သည် ရွှေပုလဲ နှင့်ကျော်ထိုက်ရှိန်းတို့ကိုစွကို အဘိုးကြီးအား လာရောက်ပြောပြ သည်မှာ မုချဖြစ်ကြောင်းသိသည်မှာမှန်သော်လည်း အဘိုးကြီးအေ သထွက်ထွက်နှင့်ပြောဆိုလိုက်သည့် စကားတွေက ခပ်နက်နက် တွေးလျှင်တော့ မဝိုးမရီ၊ မလုံမလဲဖြစ်ရသည့်အဖြစ်သည် မိမိကိုယ် မိမိသာ နားလည်နေဖြစ်ရသည်ပါ…။

ဦးဘဟိန်းသည် ယမင်းခင်၏ ငြိမ်ချိတိတ်ဆိတ်နေသော အသွင်ဆီ ယခုမှတစ်ချက်ကြည့်ဖြစ်လိုက်ပြီး၊ လူယုံတော်ထံ ပြန် ကြည့်ကာ လက်ညှိုးတစ်ငေါက်ငေါက်ပြင်ရင်း တစ်ခုခုကိုပြောဖို့ စဉ်းစားနေဟန်မျိုးရှိနေလေ၏။

× × × × ×

တစ်သက်နှင့်တစ်ကိုယ် ဘဝတစ်လျှောက် အေးအေးဆေး ဆေးနှင့်ပြည့်ပြည့်စုံစုံနေလာခဲ့ရသမျှ ယခုအချုပ်ထဲရောက်နေရ သည့် ကျော်ထိုက်ရှိန်းသည် လုံးဝစိတ်မချမ်းမသာဖြစ်နေရလေ၏။

အချုပ်ကျခံရဖို့နေသာ၊ အချုပ်ဟူသောဝေါဟာရကိုပင် မိမိမသုံးစွဲဖူးခဲ့၊ ယခုဖြင့် မိမိသည် အချုပ်ဟူသောအခန်းကျဉ်းလေး





ထဲတွင် အချုပ်သားတွေအများကြီးနှင့်နေနေရပေပြီ…။

အခန်းကကျဉ်း၊ လူကများတော့၊ အနေကလည်းကျဉ်း ကျပ်၊ အနံ့အသက်တွေကလည်းဆိုးဝါး၊ အသံတွေကလည်း ဆူ ညံတော့ နားကလည်းငြီး၊ သည့်အတွက်စိတ်ဆင်းရဲလိုက်တာဟူ သောစကားသည်ပင် မလုံလောက်တော့…။

မှန်သည်။ ကျော်ထိုက်ရှိန်းတစ်ယောက် အချုပ်ထဲတွင် စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်နေဆဲအချိန်များ၌၊ ကျားပုံဦးဘဟိန်း၏ တိုက်ကြီးထဲတွင်ကား…

"ဟင်..ဘိုးဘိုး ဘယ်သွားမလို့လဲ…"

အပြင်ထွက်ရန် အပေါ်အင်္ကျီဝတ်နေသည့် ဦးဘဟိန်းကို မြင်သည်တွင် ဒက်ခနဲသိလိုက်သည့်သဘောကြောင့် ယမင်းခင် မေးလိုက်ခြင်းပါ…။

ဦးဘဟိန်းသည် အပေါ်အင်္ကျီကိုသေသပ်စွာဝတ်ပြီးမှ တစ်ချက်မျှတွေးဝေစဉ်းစားဟန်ရှိပြီးမှ…

"အင်း..ငါ့မြေးယမင်းကိုလည်း အဘိုးပြောစရာရှိသေး တယ်…"

"ဘာများလဲ ဘိုး…"

"တခြားမဟုတ်ပါဘူး၊ မောင်ကျော်ထိုက်ရှိန်းကိစ္စတွေ ပါ၊ အခု သူ အချုပ်ထဲမှာရောက်နေတယ်တဲ့၊ သူတို့ရဲ့စားကုန် ပစ္စည်းတွေထဲမှာ လူတွေကိုအန္တရာယ်ဖြစ်စေတဲ့ပစ္စည်းတွေပါလို့တဲ့ လေ…"

"ဩော်..ဟုတ်ကဲ့ အဘိုး၊ ယမင်းလည်းကြားပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဘိုးဘိုး စိတ်မကောင်းဖြစ်မှာစိုးလို့ ယမင်းမပြောဘဲထားတာပါ၊ အဲဒီကိစ္စကို ဘိုးဘိုးက ဘယ်လိုသိသဘောရလဲဟင်...''

''အမှန်တရားကိုတော့ ဘုရားမှပဲသိတော့မယ်၊ ဘိုးဘိုးကတော့ မောင်ကျော်ထိုက်ရှိန်းကို ယုံကြည်တယ်၊ ဒီကိစ္စမှာ မရိုးသားတဲ့သူတော့ရှိနေပြီ၊ တော်သေးတာပေါ့၊ စားကုန်တွေမဖြန့်ချိရသေးတဲ့အချိန်မှာဖြစ်သွားလို့ပေါ့၊ ဖြန့်ချိပြီးမှဆိုရင် စားသုံးသူတွေအသက်ဘေးအန္တရာယ်ပါ အကြီးအကျယ်ရောက်နေပြီဆိုရင် ပိုပြီးအပြစ်ကြီးသွားမယ်မဟုတ်လား...''

''ဘိုးဘိုး အခုသွားမှာကဘယ်ကိုလဲ၊ ကိုကျော်ထိုက်ရှိန်းကိုသွားတွေ့မှာလား...''

''အင်း..ဟုတ်တယ်လေ၊ အကျိုးအကြောင်းသေချာကို စခန်းမှူးကြီးတွေကိုမေးပြီး အာမခံနဲ့တစ်ခါထဲထုပ်လို့ရရင်လည်း ထုပ်လာခဲ့တော့မှာပေါ့...''

''ဒါဆိုရင် ဘိုးဘိုးမသွားပါနဲ့၊ ဘိုးဘိုး ဂုဏ်သိက္ခာကကြီးမားလွန်းလို့ပါ၊ ယမင်းပဲသွားတွေ့ပြီး ဘိုးဘိုးဖြစ်စေချင်တာ ယမင်းလုပ်ပေးပါ့မယ်...

'ပြီးတော့ ဘိုးဘိုးအနေနဲ့ကိုယ်တိုင်သွားမယ်ဆိုရင် အမြင်လည်းမတော်ပါဘူး၊ နောက်ပြီး ကိုကျော်ထိုက်ရှိန်းအနေနဲ့လည်း သူ့ကိုယ်သူအထင်ကြီးဘဝင်မြင့်စရာဖြစ်သွားဦးမယ်၊ ယမင်းအနေနဲ့ သွားတွေ့မှသာ သင့်တော်မှာပါ ဘိုးဘိုး၊ ဘိုးဘိုးဖြစ်စေချင်တာကို ယမင်း လုပ်ပေးပါ့မယ်...''

ဦးဘဟိန်းသည် ယမင်းခင်ပြောသမျှငြိမ်၍၊ တွေ၍နား





ထောင်နေဖြစ်သည်။ ရင်ထဲမကောင်းသော်လည်း ဦးဘဟိန်းသည် ယမင်းပြောသောစကားကို နားထောင်သဘောတူဖြစ်ရလေ၏။

''ကောင်းပြီလေ၊ ငါ့မြေးက ဘိုးဘိုးကိုယ်စား သွားပေးမယ်ဆိုရင်လည်းသွားပေးပါ၊ ဟိုကောင်မမြင့်မြင့်မိုးကိုတော့ မသွားခိုင်းနဲ့နော်၊ ဒီကောင်မက ငါ့ကိုအသက်ကြီးပြီဆိုပြီး ကြာလေကြာလေ ကလန်ချင်လာလေပဲ၊ ဘယ်ရမလဲ၊ ဘဟိန်းကိုများ ဘာမှတ်နေလဲမသိဘူး၊ ငါက အကုန်အကြောင်းတွေသိပြီးသား မပြောချင်လို့...''

မျက်နှာထားထန်ထန်ကြီးဖြင့် ပြောလိုက်သည့် ဦးဘဟိန်းစကားကြောင့် ယမင်းခင်သည် မလုံမလဲနှင့် မျက်စိမျက်နှာပျက်သလိုဖြစ်သွားရရင်းက...

''ဘိုးဘိုး အနားယူလိုက်ပါ၊ ယမင်း သွားလိုက်မယ်...''

''အင်..အင်..ကောင်းပြီလေ...''

စကားအဆုံး ယမင်းသည် ဦးဘဟိန်း၏စာကြည့်ခန်းကြီးထဲမှ ထွက်ခဲ့လိုက်ပြီး၊ အပြင်သွားရန်ပြင်ဆင်သရောင်နှင့် ဒေါ်မြင့်မြင့်မိုးရှိသည့် မီးသားစုညှိခန်းထဲသို့ ဝင်ခဲ့လိုက်လေ၏။

''ယမင်း အခုအပြင်သွားရမယ် တီတီမိုး...''

''ဘာကိစ္စလဲ၊ အဘိုးကြီးက ဘာပြောလဲ၊ အဘိုးကြီးသိပြီမဟုတ်လား...''

''ဟုတ်တယ်၊ ကိုကျော်ထိုက်ရှိန်းကို ဘိုးဘိုးက သွားတွေ့ဖို့လုပ်နေတာ၊ အခန်းထဲ ယမင်း ဝင်သွားတာမြန်လို့၊ နို့ဖြစ်ရင် ဘိုးက ထွက်သွားတော့မှာ၊ ယမင်း ဘိုးကိုပြောခဲ့တယ် ယမင်း



www.burmeseclassic.com

www.burmeseclassic.com

ပဲသွားလိုက်မယ်လို့…

ဘိုးက တီတီမိုးကို ဒီကိစ္စဘာမှလုပ်ခိုင်းဖို့ မစဉ်းစားဘူး၊ တီတီမိုးကို ဘိုးက မယုံဘူး၊ တီတီမိုးကို ဘိုးကအမြဲရှုံ့ချအထင်သေးပြောတာ…"

"ငါ သိပါတယ်၊ ဒီအဘိုးကြီးက တစ်ခါမှ ငါ့ကိုမကြည့်ဘူးဆိုတာ သူ့မြေးမျက်နှာထောက်ပြီး ငါ့ကိုခေါ်ထားတယ်ဆိုတာလည်း ငါ သိတာပဲ…"

"ဟုတ်တယ်၊ ယမင်းကိုလည်း ဘိုးကပြောပြဖူးတယ်"

"ဟင်··ဘာ··ဒီအဘိုးကြီးက ငါ့မကောင်းကြောင်းကို အမြဲပြောနေတယ်ပေါ့လေ၊ လူကြီးမဆန်လိုက်တာ…"

"ဟုတ်တယ်၊ ဘိုးက တီတီမိုးအကြောင်းကို အမြဲပြောတတ်တယ်၊ ပြောတိုင်းလည်းအမြဲဒေါသထွက်နေတာပဲ…"

"ဟင်း··မုန်းစရာကောင်းတဲ့အဘိုးကြီး၊ ယောက္ခမကရိတ်ကြီးမို့လို့သာကြည့်နေတာ၊ သာမန်အဆင့်လောက်သာဆိုရင် ငါ ချက်နဲ့လွှင့်တာကြာပြီ၊ ကြည့်နေ ဒီကုမ္ပဏီတစ်ခုလုံးကို ငါ အုပ်ချုပ်ရလို့ကတော့ သက်သာမယ်မထင်နဲ့၊ ကျော်ထိုက်ရှိန်းလိုကောင်ကိုလည်း ငါကအပြတ်ဆော်ပစ်မှာ…

ကဲ··ပြောပါဦး၊ ညီးကအခုဘယ်သွားမှာလဲ၊ ဘာကိစ္စလဲ…"

"ဘိုးကတော့ ကိုကျော်ထိုက်ရှိန်းကိုသွားတွေ့ခိုင်းတာပါပဲ၊ အာမခံပေးဖို့ပေါ့၊ ဒါပေမဲ့ ယမင်းတို့က ကိုယ်လိုချင်တဲ့အချက်တွေနဲ့အပေးအယူလုပ်ပြီးမှ ကိုကျော်ထိုက်ရှိန်းကို အာမခံလုပ်ပေးမယ်"





"အင်း··ဟုတ်တယ်၊ ကောင်းတယ်…"

"အဓိက,က တီတီမိုးက တီတီမိုးရဲ့သမီးနဒီကို နိုင်အောင်ထိန်းရမယ်၊ နဒီက ဒီကိစ္စတွေသိရင်မျက်ဖျတ်ခါပြီး လျှောက်လုပ်ပစ်ရင် ဘိုးဘိုး ပြန်သိသွားတဲ့အခါ တီတီမိုးကော ယမင်းပါ ဒုက္ခဖြစ်နေဦးမယ်…"

"အေးပါအေ··ညီးသာ ပိရိအောင်လုပ်၊ မြန်မြန်လည်းလုပ်ဦး၊ ငါ့သမီး ငါ ထိန်းပါ့မယ်၊ ဒီအချိန်မှာဟိုမိရွှေပုလဲဆိုတဲ့ကောင်မနဲ့ကျော်ထိုက်ရှိန်းတို့ အပြတ်အသတ်ဖြစ်အောင်လုပ်ရမယ်၊ ဖြစ်နိုင်ရင် ဒီကောင်မက ဒီမြို့ကထွက်သွားနိုင်ရင် ပိုပြီးတောင်ကောင်းသေးတယ်…"

"ယမင်းလည်း အဲဒီလိုပဲစဉ်းစားထားတာပါပဲ၊ ကဲ··ယမင်း သွားမယ်…"

စကားအဆုံး ယမင်းခင်သည် အိမ်မှထွက်ခဲ့လိုက်လေ၏။ ယမင်းခင်တစ်ယောက် အိမ်မှစထွက်လာသည့်အချိန်တွင်ပင် ရွှေပုလဲသည်လည်း ထမင်းဟင်းတွေချက်ပြီး ထမင်းချိုင့်ကိုပြင်ဆင်ကာ မောင်လေးကိုပါခေါ်ပြီး ကျော်ထိုက်ရှိန်းရှိရာသို့ ရောက်လာခဲ့ပြီဖြစ်လေ၏။

"အစ်ကို··အနေဆင်းရဲလို့ သိပ်ကိုစိတ်ဆင်းရဲနေမှာပဲနော်…"

"ဒါတွေထားပါ၊ အိမ်မှာ မင်း အဆင်ပြေရဲ့လား…"

"ပြေပါတယ် သူဌေး၊ ရွှေပုလဲ စိတ်ထိခိုက်ရတာက သူဌေးအတွက်ပါပဲ၊ အခု သူဌေးအတွက် ရွှေပုလဲ ထမင်းဟင်းတွေ


www.burmeseclassic.com

www.burmeseclassic.com



ချက်လာတယ်၊ စားပါဦးနော်…”

ရွှေပုလဲကလည်း စာစေချင်သည်။ သူကလည်း ရွှေပုလဲလက်ရာကိုသာစားချင်သူပါ။ ရွှေပုလဲက စားစရာဂျိုင့်တွေကိုဖွင့်ပေးသည်တွင် သူ ထိခိုက်စွာစားဖြစ်ရသည်။ စားရင်းမှ သူလည်း ထိခိုက်နေရသကဲ့သို့…

ရွှေပုလဲသည်လည်း သူ့ကိုကြည့်ပြီး မျက်ရည်တွေစီးကျနေဖြစ်ရှာပါ၏။ သည်လိုအဖြစ်မျိုး ဘာကြောင့်ဖြစ်ရသည်ကို ရွှေပုလဲ စဉ်းစားသည်။ မရ၊ ဖြစ်သွားပြီးသည့်ကိစ္စအတွက် ဘယ်လိုလုပ်ရမည်ကိုလည်း ရွှေပုလဲ စဉ်းစားသည်။ မိမိအနေနှင့်ဘာတွေလိုက်၍လုပ်နိုင်သလဲ၊ မည်သူ့ကိုအကူအညီတောင်းလျှင်အဆင်ပြေနိုင်မလဲ စသည်ဖြင့် ရွှေပုလဲ စဉ်းစားနေဖြစ်သည်။

“သူဌေး‥ဒါတွေအကုန်စားပါနော်၊ အားမငယ်ပါနဲ့စိတ်ဓာတ်လည်းမကျပါနဲ့၊ ရွှေပုလဲတစ်ယောက်လုံးရှိပါတယ်၊ အချုပ်ထဲကနေ သူဌေးကို အမြန်ဆုံးထုတ်နိုင်ဖို့ ရွှေပုလဲ ကြိုးစားပါ့မယ်၊ ဒီအဖြစ်အပျက်တွေရဲ့အမှန်တရားကိုလည်း ရွှေပုလဲ ကြိုးစားရှာဖွေပါ့မယ်၊ စိတ်ချပါ၊ ရွှေပုလဲကို ယုံပါ…”

မျက်ရည်တွေတတွေတွေစီးကျရင်း ရွှေပုလဲဆိုသောစကားတွေကြောင့် ကျော်ထိုက်ရှိန်းသည် ရွှေပုလဲ၏ကြိုးစားမှု၊ သစ္စာနှင့်ဖြူစင်ရိုးသားမှုတွေကို နားလည်၍ ရွှေပုလဲမျက်နှာလေးဆီ ရင်နင့်စွာကြည့်ဖြစ်ရ၏။

တစ်ဆက်တည်းလည်း ကျော်ထိုက်ရှိန်းသည် ရွှေပုလဲလက်ကလေးတွေဆီ ဆုပ်ကိုင်လိုက်ပြီး…





“ရွှေပုလဲ မင်းဟာ တန်ဘိုးရှိတဲ့မိန်းကလေးတစ်ယောက်ပါ၊ ကိုယ့်အတွက်နဲ့မင်းလည်း ဒုက္ခရောက်ရပြီ၊ ကိုယ့်အနေနဲ့လည်း မင်းတို့အတွက် ကြိုးစားနေချိန်မှာပဲ ခုလိုဖြစ်ရတာ ကိုယ် စိတ်ထိခိုက်ဆုံးပါပဲ၊ တိတ်ပါ၊ မင်းမငိုပါနဲ့၊ မင်းလည်း စိတ်ဓာတ်မကျပါနဲ့နော်…”

ကျော်ထိုက်ရှိန်းဆိုရင်း ရွှေပုလဲ၏မျက်ရည်လေးတွေကို ကြင်နာစွာ သုပ်ပေးသည်။ တစ်ဆက်တည်းလည်း သူတို့လက်လေးတွေကို မြဲမြဲစွာဆုပ်ကိုင်ထားဖြစ်ကြသည်။

ပြီးတော့ သူတို့တစ်ယောက်ကိုတစ်ယောက် ထိခိုက်ခြင်း၊ ဝမ်းနည်းခြင်း၊ အားကိုးခြင်း၊ အားပေးခြင်း၊ ကြင်နာနွေးထွေးခြင်း အကြည့်တွေဖြင့် ကြည့်၏။

× × × × ×

ညကိုးနာရီ…။

စက်ရုံမှူးကြီး ဦးရွှေမောင်းသည် စက်ရုံနှင့်ဂိုဒေါင်များဆီ စောင့်ရှောက်ကြည့်ရှုရန် ထွက်သွားသည်။

ကိုကို၊ ညီညီနှင့်မောင်အငယ်ဆုံးလေးသည်က အိပ်ပျော်ကြကုန်ပြီဖြစ်သည်။ အိပ်၍မပျော်နိုင်သေးသူကဖြင့် ရွှေပုလဲပါတည်း။ မှန်သည်။

ရွှေပုလဲသည် သည်နေ့အဖို့ စိတ်ဓာတ်တွေကျပြီး အချုပ်ထဲရောက်နေသည့်သူဌေးအတွက် စိတ်ထိခိုက်ကြီးထိခိုက်နေရသည်ပါ။ တစ်ဆက်တည်းလည်း တစ်ချိန်တုန်းက အရိပ်တစ်ချို့တွေကို ရွှေပုလဲ ပြန်မြင်ယောင်နေဖြစ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



နဂါးပျံကုမ္ပဏီဆီသို့ ရွှေပုလဲ စရောက်လာသည့်နေ့က အဖြစ်အပျက်ကလေးတွေ၊ ပြီးတော့ သူဌေးကိုလှချော၊နှင့်စ,ပြီး စကားပြောသည့်အချိန်၊ ပြီးတော့ သူဌေးကိုလှချောက ကုမ္ပဏီ စီးပွားရေးကို စိတ်မဝင်စားဘဲလုပ်နေ၍၊ မိမိက ဆရာမကြီးဝင်လုပ် ကာ ပြောခဲ့သည့်စကားတွေ···။

ပြီးတော့ အလုပ်သမားတွေ သူ့ကိုဆန္ဒပြသည့်အချိန်က သူ့ရဲကောင်းဆရာမကြီး ဝင်လုပ်ခဲ့သည့်မိမိအား စေတနာကို ဝေ နာထင်ကာ မိမိအား သူ ပါးရိုက်ခဲ့သည်။ ပြီးတော့ မိမိအား သူ ပြန်တောင်းပန်ခဲ့သည့်စကားတွေ···။

ပြီးတော့ သူဌေးနှင့်အတူ အလုပ်တွေကြိုးစားလုပ်ခဲ့ကြပုံ တွေ၊ ပြီးတော့ သူဌေး၏သံယောဇဉ်တည်ဆောက်ခဲ့ပုံလေးတွေ၊ သူတို့ကြည်နူးခဲ့ကြပုံလေးတွေ၊ သာယာချမ်းမြေ့ခဲ့ပုံတွေ၊ ပြန်တွေး ရင်းက ပုံရိပ်တွေကို မြင်ယောင်ရင်း၊ ကြားယောင်ရင်းဖြင့် ရွှေပုလဲ ကား မျက်ရည်တွေစီးကျကာ အိပ်၍မပျော်နိုင်သေးသကဲ့သို့···

အချုပ်၏အခန်းကျဉ်းလေးထဲတွင်မလည်း ကျော်ထိုက်ရှိန်း သည် မိမိထိုင်စရာနေရာလေးတစ်နေရာတည်း၌ ဒူးနှစ်ဘက်ကို လက်နှစ်ဘက်နှင့်သိုင်းထားရင်း နံရံတွင်ကျောမှီကာ အတိတ်၏ အရိပ်ကလေးများအား မြင်ယောင်ရင်း နောက်ဆံတင်းရင်းဖြင့် အိပ်မပျော်နိုင်အောင်ရှိနေရပါလေသတည်း···။ ။

ØØ ØØ ØØ



- သုံးဆယ်လေး -

"ဟဲ့··နဒီ ထစမ်း၊ နင်ဟာလေ တစ်နေ့တစ်နေ့အိပ်လိုက် စားလိုက်၊ သောက်လိုက်၊ သွားလိုက်၊ လာလိုက်၊ ငွေကိုဖြုန်း လိုက်နဲ့ နင် ဒါပဲသိတဲ့ကောင်မ၊ အခုပဲ နင် အိပ်နေတာဘယ် အချိန်ရှိနေပြီလဲ၊ ထစမ်း၊ အခုထစမ်း···"

"ဟာ··မေမေ၊ ဘာဖြစ်နေတာလဲ၊ ဘာတွေလာပြောနေ တာလဲ၊ နဒီဟာနဒီ အိပ်နေတာ၊ သူများကအိပ်မက်မက်ကောင်း တုန်း···"

"ဟဲ့··ထစမ်းပါ၊ နင် မထဘူးလား၊ ထမလားပြောစမ်း ငါ့ကို···"

အပျင်းကြီးလွန်းပြီး အရှုးအပေါလို၊ ကလေးဆန်သလိုရှိ သည့်နဒီကိုယ်ပေါ်မှ စောင်တွေကိုဆွဲဆောင့်ယူရင်းက ဒေါ်မြင့်မြင့် မိုးတစ်ယောက် အော်ငေါက်၍ဆိုသည်။

"မေမေ ဘာဖြစ်နေတာလဲ၊ ဒီမှာအိပ်နေတဲ့ဟာကို၊ သမီး တော့်ကိုဘာလုပ်ရမှာလဲ···"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်··အေး၊ နှင် ဒီလိုပဲအပျင်းကြီးနေ၊ အဲဒါနဲ့ပဲ ကိုယ့်လက်ထဲကပစ္စည်း၊ သူများလက်ထဲရောက်သွားလိမ့်မယ်၊ အခု ဘာတွေဖြစ်နေလဲ နှင် သိရဲ့လား···"

"ဘာဖြစ်နေလို့လဲ···"

"အခု နှင့်ကိုကို အချုပ်ထဲရောက်နေတယ်လေ···"

"ဘာ··ဘာပြောတယ်···"

"အိပ်နေလေ၊ အိပ်နေပါဦးလား···"

"မေမေ ပြောပါဦး၊ ကိုကို··ကိုကိုက ဘာဖြစ်လို့လဲတဲ့"

အိပ်ရာထဲမှ အသည်းအသန်ထပြီး နဒီ မေးသည်။ နဒီ အသွင်က ကိုကျော်ထိုက်ရှိန်းအတွက် ထူပူသွားသည်ကအမှန်ပါ။

"မေမေ··ပြောပါဦးဆိုမြန်မြန်···"

"ငါလည်း မသိဘူးဟေ့···"

အိပ်ခန်းထဲမှ သားအမိတွေအော်ကြီးဟစ်ကျယ် စကားတွေပြောနေသည်ကို ယမင်းခင်သည် အပြင်ဘက်မှအတိုင်းသား ကြားနေရသည်ဆိုသော်လည်း ယမင်းခင်သည် တမင်လည်းအာရုံစိုက်၍ နားထောင်နေသည်ပါ။ ပြီးတော့ ယမင်းခင်သည် ထုံးစံအတိုင်း မျက်နှာအသွင်မှာငြိမ်သယောင်နှင့် သူမမျက်လုံးတွေက သရော်ဟန်ပြုံးရောင်ရှိနေရ၏။

"အိုး··မဖြစ်ဘူး၊ ကိုကို့ဆီ အခုပဲသွားတွေ့ရမယ်···"

"ဟဲ့··နေဦး၊ မသွားနဲ့···"

"သွားမယ်···"

သမီးကိုပြောလိုက်သည်နှင့် တစ်ခွန်းထဲရသည့်သမီးအလီ





မှာကား ရေချိုးခန်းထဲပြေးဝင်သွားလိုက်ပါတော့သတည်း···။

မကြာလိုက်၊ နဒီတစ်ယောက် ကားမောင်းပြီးထွက်သွားသည်တွင် ဒေါ်မြင့်မြင့်မိုးသည် မိမိလွှတ်ခနဲပြောမိသည့်စကားအတွက် စိတ်ညစ်၍ကျန်ခဲ့လေတော့၏။ ဒေါ်မြင့်မြင့်မိုးတစ်ယောက် ဘာပဲဖြစ်နေနေပါ၊ နဒီသည်ကား ကိုကျော်ထိုက်ရှိန်းရှိရာသို့ ရောက်လာခဲ့ပြီဖြစ်လေ၏။

ဧည့်သည်လာသည်ဟုဆိုသဖြင့် ကျော်ထိုက်ရှိန်းသည် စိတ်မပါသော်လည်း နဒီကို ထွက်တွေ့ဖြစ်၏။ ထုံးစံအတိုင်း ကျော်ထိုက်ရှိန်းအသွင်သည်က မှုတည်တည်နှင့်ငြိမ်ငြိမ်ကြီးပါ။

"ကိုကို··ဘယ်လိုဖြစ်တာလဲ၊ ဘယ်လိုဖြစ်တာလဲဟင်၊ နဒီ ခုမနက်မှသိလို့ ချက်ချင်းလာခဲ့တာ၊ နဒီကိုပြောပါဦး···"

"ဟင်း··ကိုယ်လည်း ဘာမှမသိဘူး၊ ပြောလို့လည်း မတတ်ဘူး၊ ကိုယ့်အတွက်အချိန်တွေ အကုန်မခံပါနဲ့၊ နဒီ ပြန်ပါတော့···"

ထိုမျှသာ ကျော်ထိုက်ရှိန်းဆိုရင်း ထိုင်ရာမှထထွက်သွားဆိုက်သည်။ နဒီမှာ စိတ်ဓာတ်ကျနေပုံပေါက်သည့် ကျော်ထိုက်ရှိန်းအသွင်ဆိုကြည့်ပြီး စိတ်မကောင်းဖြစ်ရ၏။

"ကိုကို··ကိုကို အမြန်ဆုံးလွတ်အောင် နဒီ ဘိုးဘိုးကို အကူအညီအမြန်ဆုံးတောင်းလိုက်မယ်၊ ကိုကို ဘာမှမပူနဲ့နော်"

နဒီ လှမ်းအော်ပြောလိုက်သော်လည်း ကျော်ထိုက်ရှိန်းသား ကြားမကြားမသိပါ။ နဒီသည်ကဖြင့် ကလေးတစ်ယောက်အပေါ်မလေးတစ်ယောက် ငိုယိုကျန်ရစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ နဒီသည်က ရှုးရှုးပေါပေါနှင့်ကလေးဆ
သည်မှလွဲ၍ စိတ်ရင်းစေတနာကောင်းရှိသည်ကဖြစ်၍ အမှန်ပါ
တည်း…။

× × × × ×

ဧည့်သည်လာသည်ဟု အလုပ်သမားတစ်ယောက် ဆ
ရောက်အကြောင်းကြား၍ ယမင်းခင်သည် အိမ်ရှေ့သို့ထွက်လာ
သည်တွင် ဧည့်ခန်းထဲအရောက် ရဲအရာရှိတစ်ယောက် ထိုင်နေ
သည်ကို တွေ့လိုက်ရလေ၏။

“ဩော်..ဘာကိစ္စလည်းမသိဘူး၊ အိမ်မှာ ဘိုးဘိုးလည်း
မရှိဘူး၊ တီတီမိုးလည်းမရှိဘူးရှင့်…”

“ခင်ဗျားကရော ဒီအိမ်နဲ့ဘယ်လိုတော်စပ်လဲ…”

“ကျွန်မက မြေးပါ…”

“ခင်ဗျားနာမည်က ဘယ်လိုခေါ်လဲ…”

“ယမင်းခင်ပါ…”

“အင်း..ခင်ဗျားနဲ့တွေ့ရင်လည်းပြီးပါတယ်၊ အခု ကျွ
တော် လာတဲ့ကိစ္စက နဂါးပျံကုမ္ပဏီကထုပ်လုပ်တဲ့ စားကုန်ကိ
ပတ်သက်ပြီးမေးချင်လို့ပါ…”

“ဘာပြောရမလဲ၊ ကျွန်မမှ သူတို့ကိစ္စတွေကိုမသိတာ”

“ကျွန်တော်တို့ စုံစမ်းထားသလောက် နဂါးပျံရဲ့ကု
ပစ္စည်းတွေကို စစ်ဆေးဖို့တာဝန်က ခင်ဗျားကိုပေးထားတာတဲ့”

“ဒါတော့ဟုတ်ပါတယ်၊ ဒါပေမဲ့ အဲဒီအချိန်က ကျွန်





သွားပြီးမစစ်ဆေးရသေးဘူး၊ သူတို့ဘက်ကစစ်ဆေးလို့ရပြီဆိုမှ
ကျွန်မက သွားစစ်ဆေးရမှာလေ…”

စိုးရိမ်စိတ်လား၊ ဒေါသလား ဝေခွဲမရသောစကားသံမျိုး
နှင့် ယမင်းခင် ဆိုသည်။ သို့သော် ယမင်းခင်၏မျက်နှာအနေ
အထားကဖြင့် ပုံသေနည်းအတိုင်း ငြိမ်၍နေသည်ပါ…။

ရဲအရာရှိသည် စကားဆိုရင်း ယမင်းခင်၏အသွင်ဆီ မသိ
မသာကြည့်ကာ အကဲခတ်၍နေသည်။

“ဒါနဲ့ နဂါးပျံကုမ္ပဏီက ကိုကျော်ထိုက်ရှိန်းကို ဘယ်
တော့လောက်မှ ကျွန်မတို့ အာမခံနဲ့လာထုပ်ရမလဲ…”

“တော်ရုံကတော့ ဒီကိစ္စကို အာမခံပေးဖို့မလွယ်ပါဘူး၊
ဒါပေမဲ့ ကျားပျံ ဦးဘဟိန်းအနေနဲ့ အာမခံပေးတာဆိုတော့ ဖြစ်
နိုင်ပါတယ်၊ တော်ရုံတန်ရုံ အာမခံဖို့ကတော့မလွယ်ဘူး…”

“ဟုတ်တာပေါ့၊ ကောင်းပြီလေ၊ ဒီကိစ္စကို ကျွန်မ
ဘိုးဘိုးက ကျွန်မကို တာဝန်ပေးထားပါတယ်၊ ကျွန်မလည်း အခြေ
အနေကိုနည်းနည်းစောင့်ကြည့်နေသေးလို့ပါ၊ နောက်မှပဲလာခဲ့တော့
မယ်…”

အကြံထဲက အကြံပေါ်ဆိုသလို အမြဲတစေမည်ကဲ့သို့ကြံ
ရည်ရမည်ကိုသာ စဉ်းစားစိတ်ကူးနေတတ်သည့် ယမင်းခင်တစ်
ယောက် ကျေနပ်စွာဖြင့် ရဲအရာရှိကြီးနှင့် စကားပြောဆိုနေဆဲအချိန်
များ၌…

နဂါးပျံကုမ္ပဏီကြီး၏ တိုက်ကြီးထဲတွင်မတော့၊ စက်ရုံမှူး
ကြီးနှင့်ရွှေပုလဲသည် ကိုယ်စီစဉ်းစားနေကြဆဲမှ ရုတ်တရက် ရွှေပု



www.burmeseclassic.com

လဲသည့် စိတ်ကူးနှင့်အင်အားရှိလာသလိုဖြစ်ရင်း...

"ဘဘ..."

"ပြော..သမီး..."

"ဘဘပဲဖြစ်ဖြစ် စက်ရုံကိုမှအပိတ်ခံရတာလဲ၊ ဒီတော့ ရွှေပုလဲတို့ ဒီလိုအချိန်ကုန်ခံနေမယ့်အတူတူတော့ အလုပ်တွေပြီး လုပ်ကြတာကောင်းဘူးလားဟင်..."

"ဒါကတော့ သမီးပေါ်မှာမူတည်တာပေါ့..."

"ရွှေပုလဲချည်းပဲလည်း မရပါဘူး အဘရယ်၊ အဘ ကူညီမှလည်းရမှာ၊ အဘ မပါဘဲလည်းမဖြစ်ဘူး၊ တကယ်ဆို ဒီပညာတွေ အဘကပဲသင်ပေးထားတာမဟုတ်လား..."

"အေးပါကွယ်၊ သမီးကလုပ်မှတော့ အဘကလည်း နေမလား၊ သမီး ပြောတာလည်းမှန်တယ်၊ ဒီလိုပဲတွေးနေငေးနေပြီး အချိန်အကုန်ခံမယ့်အစား အလုပ်တွေလုပ်လိုက်တာက အကျိုးအရှိ ဆုံးပေါ့..."

"ကဲ..ဘဘ..ဘဘက စက်ရုံဖွင့်ထား၊ ရွှေပုလဲက အခု ပဲအလုပ်သမားတွေ သွားပြန်ခေါ်ပြီး ဒီနေ့ပဲပြီးသလောက်အလုပ် တွေလုပ်ပစ်လိုက်မယ်..."

"အေး..ဟုတ်ပြီ၊ ဒီတစ်ခါ ကုန်သိုလှောင်ဂိုဒေါင်ကို အဘကိုယ်တိုင်ပဲ ပြန်စောင့်ကြည့်တော့မယ်..."

"ဟုတ်ကဲ့ ဘဘ၊ ကဲ..ပြောနေကြာတယ်၊ ရွှေပုလဲ အလုပ်သမားတွေကိုခေါ်လိုက်တော့မယ်၊ ဖုန်းနဲ့ခေါ်လို့ရတဲ့အလုပ် သမားကို ဖုန်းနဲ့ခေါ်မယ်၊ ဖုန်းနဲ့ခေါ်မရတဲ့အလုပ်သမား ရွှေပုလဲ





ကိုယ်တိုင်သွားခေါ်မယ်..."

အပြောနှင့်အညီ လက်တွေ့ပါခပ်သွက်သွက်လေး လုပ် ကိုင်တတ်သူပီပီ၊ ရွှေပုလဲကား ဖုန်းတဂွမ်ဂွမ်ဆက်လိုက်ချလိုက် နှင့် အလုပ်တွေဖြစ်နေရပါတော့၏။

မိနစ်နှစ်ဆယ်နှင့်နာရီဝက်အတွင်း အလုပ်သမားတွေ ရောက်လာသည်။ နဂါးပျံစက်ရုံကြီးသည်လည်း စတင်လည်ပတ် နေပြီတည်း...။

"ကဲ..အဘ၊ ကျန်တဲ့အလုပ်သမားတွေဆီ ရွှေပုလဲ သွား ခေါ်တော့မယ်နော်၊ ဒီမှာ အဘ ဆက်ထိန်းထား..."

"စိတ်ချ..စိတ်ချ..."

ဆိုရင်း ရွှေပုလဲတစ်ယောက် အပြင်သို့ထွက်တော့မည် အပြု၊ စက်ရုံဝင်းထဲသို့ ကားလေးတစ်စီး မောင်းဝင်လာသည်ကို တွေ့လိုက်ရ၏။ သည့်နောက်မတော့ ကားထဲမှ ယမင်းခင်တစ် ယောက် ဆင်းလာသည်ကို ရွှေပုလဲ တွေ့လိုက်ရ၍ ဝမ်းသာဝမ်း နည်းဖြစ်သွားရလေ၏။

ယမင်းခင် ရောက်လာသည်မို့ ရွှေပုလဲ အပြင်မထွက်ဖြစ် တော့ဘဲ၊ ယမင်းခင်ကို ကြိုဆိုဖိတ်ခေါ်ကာ ဧည့်ခန်းဆီသို့ ဝင် ရောက်ခဲ့ကြသည်။ ဦးရွှေမောင်းသည်က အခြေအနေကိုကြည့်ပြီး တော့သာ အလုပ်တွေဆက်လုပ်ကျန်ရစ်၏။

"မယမင်း လာတာဝမ်းသာပါတယ်၊ ကျေးဇူးပြုပြီး သူ့ငွေအတွက် ကူညီပေးလို့မရဘူးလားဟင်..."

"ငါလည်း ကူညီချင်တာပေါ့ ရွှေပုလဲ၊ ဒါပေမဲ့ နင်တို့



www.burmeseclassic.com

www.burmeseclassic.com



ထုပ်တဲ့စားကုန်ပစ္စည်းတွေက လူတွေအသက်အန္တရာယ်ဖြစ်စေနေတော့ နာမည်ကတော်တော့်ကိုပျက်နေပြီ၊ စီးပွားရေးလောကမှာ ရောလူမှုရေးပဲကြည့်ကြည့်၊ ဥပဒေနဲ့ပဲကြည့်ကြည့် ဘာမှမကောင်းတော့ဘူး...''

ယမင်းခင်စကားအား ဧည့်ခန်းထဲဝင်လာသည့် စက်ရုံမှူးကြီး ဦးရွှေမောင်း ကြားမိသည်တွင် ဦးရွှေမောင်းသည် အံ့သြသွားရရင်း...

''ဒါ..လုံးဝကိုမဖြစ်နိုင်တဲ့ကိစ္စပါပဲ...''

ဦးရွှေမောင်း ဝင်ဆိုတော့၊ ယမင်းခင်သည် အိုးမလုံအုံပွင့်ဒေါသထွက်သွားရသလိုရှိကာ ဦးရွှေမောင်းထံ တစ်ချက်ကြည့်ဖြစ်ရင်း...

''ရှင်က မဖြစ်နိုင်ဘူးပြောတုန်းပဲလား၊ မဖြစ်နိုင်ရင် ရှင်တို့ သူဌေး အခုအချုပ်ထဲရောက်နေမလား...''

''ဘာဘရယ် ဒါတွေပြောမနေပါနဲ့၊ ဇောလောဆယ် သူဌေး လွတ်ဖို့ပဲအရေးကြီးပါတယ်...''

''မဟုတ်ပါဘူး၊ အဘတို့စက်ရုံကို နာမည်ပျက်စေချင်နေတာ၊ ကျဆုံးစေချင်နေတာပဲဖြစ်ရမယ်၊ အခု ဂိုဒေါင်ထဲကကုန်ပစ္စည်းပါကင်တွေ ပျောက်သွားတယ်ဆိုတာ အဓိပ္ပာယ်ရှိသလား၊ တစ်သက်နဲ့တစ်ကိုယ် တစ်ခါမှမဖြစ်ဖူးခဲ့တဲ့ကိစ္စပဲ...

အခုစားကုန်တွေမှာ အသက်အန္တရာယ်ဖြစ်စေတယ်ဆိုတာ ဘယ်မလဲ၊ လက်တွေ့ပြနိုင်လား၊ ပြောရရင်ပျော်သွားတဲ့ကုန်ပစ္စည်းတွေကိုတော့ ကျုပ် တာဝန်မယူဘူး၊ အခုဂိုဒေါင်ထဲမှာကျန်နေတဲ့





ပစ္စည်းတွေကို တာဝန်ယူရဲတယ်၊ ကျုပ်တို့ကြိုးစားပြီး အပင်ပန်းခံပြီး အကောင်းဆုံးလုပ်ထားတာ၊ ကျုပ်တို့လုပ်တဲ့ပစ္စည်း ကျုပ်တို့မသိဘဲနေမလား...''

စက်ရုံမှူးကြီးစကားကြောင့် ယမင်းခင်သည် မသိမသာမျက်နှာပျက်သွားရသည်ကို ငြိမ်သောအသွင်နှင့်ထိန်းချုပ်ထား၏။ ရွှေပုလဲသည်က စက်ရုံမှူးစကားများအား ခုမှသေချာစဉ်းစားနေဖြစ်ရသည်ပါ...။

မှန်သည်။ ရွှေပုလဲသည် ထူပူနေ၍ဘာမှမစဉ်းစားဖြစ်၊ ဂိုဒေါင်ထဲမှပစ္စည်းပျောက်သည်ကိုမျှ ခေါင်းထဲမထည့်အား၊ ခုမှစဉ်းစားမိသည်။ ဂိုဒေါင်ထဲမှ ပစ္စည်းပျောက်ခြင်းသည် မရိုးသားကြောင်း...။

သို့သော်လည်း ရွှေပုလဲကား သူဌေးကိစ္စကတစ်ဖက်၊ မိခင်ကိစ္စကတစ်ဘက်၊ မောင်လေးတွေတာဝန်ကတစ်ဘက်၊ စီးပွားရေးလုပ်ငန်းတွေကို လုပ်ကိုင်နေရသည်ကတစ်ဖက်မို့ ဂိုဒေါင်ထဲမှပစ္စည်းပျောက်သည့်ကိစ္စတွေကို မစဉ်းစားနိုင်အားရှာသေးပါလေ..။

ယမင်းခင်ကိုမြင်၍ အားကိုးတကြီး စိတ်တွေနှင့်သာရှိနေရှာ၏။ သည့်အတွက် ဝမ်းနည်းရင်းမျက်ရည်တွေစီးကျရင်းမှ ယမင်းခင်ကို တောင်းပန်ရင်း အကူအညီတောင်းဖြစ်၏။

''မယမင်းရယ် သူဌေးဆိုတာက ရွှေပုလဲတို့ရဲ့ကျေးဇူးရှင်ပါ၊ မေမေ ဆေးရုံမှာကောင်းကောင်းနေရဖို့အတွက်လည်း သူဌေးကပဲ ဆက်ပြီးကူညီနေတာပါ၊ အခုလိုသူဌေး ဒုက္ခဖြစ်နေတာကြည့်ရက်ဘူး၊ သူဌေးကို အာမခံရအောင် ကူညီပေးပါလားနော်၊



www.burmeseclassic.com

www.burmeseclassic.com



မယမင်းရဲ့အဘိုးကို ပြောပေးပါလားဟင်…

အဘိုး ဦးဘဟိန်းက သူ့ငွေအပေါ်လည်း စေတနာထားတော့ ကူညီမှာပါ၊ မယမင်း ပြောပေးပါနော်…"

"ဒီကိစ္စက မလွယ်ဘူးလို့ ရဲအရာရှိကပြောတယ်၊ အေးလေ‥ငါ ဘိုးဘိုးနဲ့ပြောကြည့်ပါ့မယ်၊ ပြီးတော့ ကိုကျော်ထိုက်ရှိန်းရဲ့အခြေအနေလည်း ငါ သွားကြည့်လိုက်ပါဦးမယ်…"

"ကျေးဇူးတင်ပါတယ်၊ ကူညီပေးပါ မယမင်းရယ်၊ မေမေ့အခြေအနေကလည်း တဖြည်းဖြည်းနဲ့ဆိုးလာပြီ၊ ဒီအဖြစ်တွေကို မေမေ့ကိုလည်း မသိစေချင်ဘူး၊ ရွှေပုလဲတို့ဒုက္ခဖြစ်တာသိရင် မေမေ ပိုပြီးစိတ်ဆင်းရဲမှာပေါ့…

မေမေလည်း အရင်လိုအားအင်သိပ်မရှိရှာတော့ဘူး၊ မေမေ့မျက်နှာနဲ့နှုတ်ခမ်းတွေဆိုရင် ဖြူရော်နေပြီ၊ ရသမျှပိုက်ဆံကို ကျစ်ကျစ်စုပြီး မေမေ ဝေဒနာသက်သာဖို့အတွက် ဆေးလည်းထိုးပေးနေရတယ်လေ…

တဖြည်းဖြည်းနဲ့ ရွှေပုလဲလည်း စိတ်ဓာတ်ကျလာပြီ၊ သွေးကင်ဆာဆိုတဲ့ မေမေ့ရောဂါကိုသိရတဲ့အချိန်ကတောင် စိတ်ဓာတ်မကျသေးပါဘူး၊ မေမေ့သမီးဖြစ်လျက်နဲ့ မေမေ့အသက်ကို မကယ်နိုင်တာသိရတော့မှ စိတ်ဓာတ်ကျရတာပါ…

မကြာတော့ဘူး‥မကြာတော့ဘူး၊ မေမေလည်း ရွှေပုလဲတို့မောင်နှမတွေကို ခွဲသွားတော့မယ်၊ မေမေ ကံဆိုးရှာတယ်၊ ရွှေပုလဲလိုသမီးမျိုးရတာ မေမေ ကံဆိုးရှာတယ်…"

မျက်ရည်တွေစီးကျရင်း စိတ်ဓာတ်တွေပါကျရင်း စကား





တွေပြောလို့ပြောမှန်းပင် မသိအောင်ဖြစ်နေသည့် ရွှေပုလဲစကားတွေကို နားထောင်ရင်း ယမင်းခင်သည် စိတ်တို့လှုပ်ရှားကာ မျက်လုံးအကြည့်တွေပင် မငြိမ်မသက်ဖြစ်လာရ၏။

ကရင်း‥ရင်း‥ရင်း…

စကားဆိုဆဲ စားပွဲထက်မှဖုန်းမြည်သံကြောင့် ရွှေပုလဲသည် ဖုန်းလေးထ,ကိုင်ကာ စကားပြောလိုက်ရသည်။ ရွှေပုလဲဖုန်းပြောသည်ကိုကြည့်ကာ နားထောင်ဆဲ၊ ယမင်းခင်သည် မျက်ရည်များဝဲကာ စိတ်တို့မငြိမ်မသက်ဖြစ်လာရ၏။

သည့်နောက်မတော့ ယမင်းခင်သည် ရွှေပုလဲ ဖုန်းပြောအပြီးကိုပင်မစောင့်တော့၊ ယမင်းခင်သည် စိတ်တို့ဝေလေစွာဖြင့် ပြန်လာဖြစ်ခဲ့၏။

"မေမေ့ရဲ့အခြေအနေကမကောင်းတော့ဘူး၊ ဖြူရော်လာပြီ၊ သွေးကင်ဆာဆိုတဲ့ရောဂါကိုသိစဉ်က စိတ်ဓာတ်မကျပါဘူး၊ မေမေ့သမီးဖြစ်ပြီး မေမေ့အသက်ကိုမကယ်နိုင်တော့မှ စိတ်ဓာတ်ကျရတယ်…

မေမေ့ရောဂါသက်သာဖို့ ဆေးထိုးပြီးပဲလုပ်ပေးထားရတယ်၊ ဒါပေမဲ့ နောက်ပိုင်းတော့ မရတော့ပါဘူး၊ မကြာခင် ရွှေပုလဲတို့မောင်နှမတွေကို မေမေ ထားရစ်ခဲ့တော့မယ်…"

"စားကုန်ပစ္စည်းတွေကို အသက်အန္တရာယ်ကိုပေးတယ်ဆိုတာ သက်သေပြနိုင်လို့လား၊ အခိုးခံရတဲ့ပစ္စည်းတွေကို အာမခံဘူး၊ အခုဂိုဒေါင်ထဲမှာရှိတဲ့ပစ္စည်းတွေကို စစ်ဆေးကြည့်ဖို့ရှိတယ်…



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့နဂါးပျံကိုကျဆုံးဖို့နဲ့ပျက်စီးစေဖို့ တစ်ယောက်ယောက်ကတော့ကြံနေပြီ၊ ကျုပ်တစ်သက်လုပ်လာတာ တစ်ခါမှ ဂိုဒေါင်ထဲကပစ္စည်းပျောက်တယ်ဆိုတာ မရှိခဲ့ဘူး…"

ကားမောင်းရင်း ရွှေပုလဲနှင့်စက်ရုံမှူးတို့ပြောသည့်စကားတွေကို ပြန်လည်ကြားယောင်နေဖြစ်ရခြင်းပါ…။

နောက်ဆုံး ယမင်းခင်ကား မိမိ၏သေးသိမ်သောလုပ်ရပ်တွေကိုပါ မြင်ယောင်အမှတ်ရဖြစ်ရင်း၊ တစ်ကိုယ်တည်း ဆုတ်ရူး စားရူးအဖြစ်နှင့်အသက်ရှူကျပ်နေရပါလေသတည်း။

× × × × ×

ညနေဆေးရုံသို့ စောစောလာခဲ့ပြီး ရွှေပုလဲသည် မေမေ့ကို ရေပတ်တိုက်ပေးသည်။ ခုတင်ထက် မေမေ့ကိုထိုင်စေပြီး ရေနွေးနွေးလေးဖြင့် မေမေ့ခြေထောက်အစုံကို ရေဇလုံထဲထည့်ပြီး ရေပတ်နှင့်ပွတ်ကာ ဆေးကြောပေးသည်။

ခြေကိုဆေးပေးနေဆဲ၊ ရွှေပုလဲသည် ဖြူရော်နေသည့် မေမေ့ခြေအစုံဆီကြည့်ကာ ဝမ်းနည်းလာရ၍ မျက်ရည်တွေစီးကျနေရရှာ၏။

သို့သော်လည်း ရွှေပုလဲသည် မိမိငိုနေကြောင်း မိခင်ကို မမြင်လိုမသိစေလို၍ ခေါင်းကိုငုံ့ထားပြီး ခြေကိုပွတ်ဆေးပေးသည်။ ပြီးတော့ ရွှေပုလဲသည် မိမိစိတ်ကိုတင်း၊ အသံကိုထိန်းရင်းမှ စကားဆို၏။





"ဒီလိုနေ့တိုင်းမဟုတ်တောင်၊ တစ်ရက်ခြားတစ်ခါလောက် ရေနွေးလေးနဲ့ရေပတ်သုပ်၊ ခြေထောက်ကိုဆေးပေးတော့ အညောင်းလည်းပြေ၊ လူလည်းလန်းလန်းဆန်းဆန်းရှိတာပေါ့ မေမေရယ်…

မနက်ဖြန်ဆိုရင် တစ်ပတ်ပြည့်ပြီဆိုတော့ မေမေ ခေါင်းလျှော်ရမယ်နော်၊ ဪ‥ပြီးတော့ မေမေ့ကိုပြောထားရဦးမယ်၊ နောက်ရက်တွေမှာ ရွှေပုလဲ ဆေးရုံလာတာနောက်ကျရင် မေမေ စိတ်မပူနဲ့နော်၊ အခု ရွှေပုလဲက လုပ်ငန်းသစ်တွေလုပ်ထားတော့ နောက်ကျကောင်းနောက်ကျမှာမို့ မေမေ့ကို ကြိုတင်ပြောထားတာပါ…"

နောက်ဆုံးစကားသံလေးက အဖျားခတ်သွားရသည်။ ရှေ့ဆက်စကားဆိုမရတော့၍ ရွှေပုလဲ စကားသံလေးမှာ ပျောက်သွားရသည်။ ထိုအခိုက် ရွှေပုလဲလက်ပေါ်သို့ ဒေါ်ရွှေခင်၏မျက်ရည်စက်သည် ကြွေကျသွားလေ၍ ရွှေပုလဲသည် မိခင်စိတ်ဆင်းရဲမည်ကိုစိုးလွန်းလှ၍ သူမမျက်နှာမှမျက်ရည်တွေကို မသိမသာ ကပျာကယာသုပ်လိုက်ပြီး မိခင်ထံ မော့်ကြည့်ရင်းက…

"ဟင်‥မေမေ၊ ဘာဖြစ်လို့ငိုနေတာလဲ၊ မေမေ မငိုပါနဲ့ မေမေ အားလျော့သွားမှာပေါ့ မငိုပါနဲ့ မေမေ၊ ကဲ‥ကဲ ခြေထောက်သုပ်ပေးပြီးရင် မျက်နှာနဲ့ကိုယ်ကို ရေပတ်သုပ်ပေးမယ်၊ ပြီးရင် မေမေ့လက်တွေကိုသုပ်ပေးမယ်…"

ရွှေပုလဲဆိုရင်း ရေဇလုံနှင့်ရေပုံးလေးကိုလဲကာ ဆေးပြီး မိခင်ကိုရေပတ်သုပ်ပေးသည်။ ပြီးတော့ လက်ချောင်းလေးတွေကို



www.burmeseclassic.com

www.burmeseclassic.com



ဆေးပေးသည်။ အားလုံးပြီးတော့ အဝတ်လဲပေးသည်။

"ကဲ..မေမေ ဘယ်လိုလဲ၊ ရေပတ်တိုက်တဲ့နေ့ဆိုရင် ပိုပြီးလန်းသွားတယ်မဟုတ်လား၊ ကဲ..ကဲ မေမေ့ကို ခြေသည်း လက်သည်းတွေညှပ်ပေးမယ်နော်၊ မေမေ ဒီလိုပဲအိပ်နေ၊ ရွှေပုလဲ ဒီအတိုင်းပဲညှပ်ပေးမယ်..."

"ရပါတယ်၊ မေမေ ထိုင်နိုင်ပါသေးတယ် သမီးရယ်"

ဒေါ်ရွှေခင်ဆိုရင်း ထထိုင်သည်။ ရွှေပုလဲသည် မိခင် ခြေအစုံကိုပေါင်ပေါ်တင်ပြီး ခြေသည်းခွေကိုညှပ်ပေး၏။

"သမီးကိုကြည့်ပြီး မေမေ စိတ်မကောင်းဘူး သမီး၊ သမီးလေး ပင်ပန်းပါပြီ၊ ငါ့သမီး သိပ်ပင်ပန်းနေပြီဆိုတာ မေမေ သိပါတယ်၊ ငါ့သမီးကို မေမေ ဒုက္ခမပေးချင်တော့ပါဘူးကွယ်"

မျက်ရည်တွေကျရင်းမှ ဒေါ်ရွှေခင်သည် ရွှေပုလဲ ဆံနွယ်လေးတွေကို ပွတ်သပ်ရင်း စကားတွေဆို၏။ ရွှေပုလဲသည်လည်း ဝမ်းနည်းစွာဖြင့် မျက်ရည်တွေကျနေသည်ပါ...။

"မေမေရယ်..မေမေ့ကိုကြည့်ရတာ အားမရတော့ဘူး၊ မေမေ့မျက်နှာ၊ မေမေ့ခြေထောက်နဲ့ မေမေ့လက်ကလေးတွေမှာ သွေးရောင်မရှိတော့ဘူး၊ မေမေ ရွှေပုလဲတို့ မောင်နှမကိုခွဲသွား တော့မှာလား၊ ခွဲမသွားပါနဲ့ မေမေရယ်.."

ဗိုးပိုးပေါက်ပေါက် မျက်ရည်တွေကျနေဆဲမှ ရွှေပုလဲရင် ထဲမှ ဆိုနေခြင်းပါ...။

"ဒါပေမဲ့ သမီး၊ ဘာပဲဖြစ်ဖြစ် သမီးကို မေမေ ကျေး ဇူးတင်တယ်၊ တကယ်တော့ သမီးဟာ မေမေရဲ့ကျေးဇူးရှင်ပါ၊





ငါ့သမီးလေး ဘယ်တော့မှဒီလိုပဲမနေရပါဘူးကွယ်..."

မေမေ့စကားတွေကို မခံစားနိုင်တော့၍ ရွှေပုလဲသည် ခြေသည်းတွေလွှင့်ပစ်မလိုနှင့် အခန်းအပြင်ဘက်သို့ထွက်ခဲ့လိုက် လေ၏။ အခန်းအပြင်အရောက်မတော့ ရွှေပုလဲသည် အားရပါးရ ဝင် ငိုရှိုက်နေဖြစ်တော့သည်။

ရွှေပုလဲတစ်ယောက် မည်မျှအထိဝမ်းပန်းတနည်း ရှိုက် ကြီးတငင် ငိုနေမိသည်မသိ၊ မိမိပခုံးထက်၌ လာရော်ထိသော အတွေ့တစ်ခုကို ခံစားရမိလေမှ ရွှေပုလဲ မော်ကြည့်မိသည်တွင် ဒေါက်တာ စိုးဝေ၏ ဆွေးတွေးသောအကြင်နာမျက်ဝန်းအစုံနှင့် ကြည့်နေသည့် မျက်နှာချောချောကိုတွေ့လိုက်ရလေ၏။

"ညီမ..ဒေါ်ဒေါ်ကိုကြည့်ပြီး သိပ်ဝမ်းနည်းနေလား"

"မေမေ့အတွက် ဝမ်းမနည်းသင့်ဘူးလား အစ်ကို၊ အဟင့် ဟင့်..ဟင့်..."

ရွှေပုလဲ မျက်နှာလေးအုပ်ကာ ရှိုက်၍ငိုသည်တွင် ဒေါက် တာ စိုးဝေကလည်း သူ့ပခုံးထက်မှီစေရန် ရွှေပုလဲ ပခုံးလေးဆီ ထွေးပိုက်ယိုက်သကဲ့သို့၊ ရွှေပုလဲ မျက်နှာလေးသည်လည်း ဒေါက် တာ စိုးဝေ ပခုံးထက်၌မှေးမှီပြီးသားဖြစ်သွားရ၏။

"ညီမက အစ်ကို့စကားကိုမယုံဘူးထင်တယ်၊ အချိန်တန် ရင် ဒေါ်ဒေါ်ရောဂါပျောက်စေရမယ်လို့ အစ်ကို ပြောထားတယ် မဟုတ်လား၊ ညီမကို အစ်ကို ကတိပေးပါတယ်၊ တကယ်ပါ.."

"အဟင့်..ဟင့်..ဟင့်၊ အစ်ကိုရယ်၊ ဒီလောက်ဖြစ်နေ ဘာကို မနှစ်သိမ့်ပါနဲ့နော်၊ အခုဆိုရင်လေ ရွှေပုလဲမှာ ဒုက္ခတွေ



www.burmeseclassic.com

www.burmeseclassic.com



ပိုပြီး ဖိစီးနေရပြန်ပြီ၊ အစ်ကို သိလား၊ အခု သူ့ဌေးက အချုပ်ထဲ ရောက်နေတယ်လေ…"

"ဟင်..ဟုတ်လား၊ ဘာဖြစ်လို့လဲ…"

"ထုတ်လုပ်တဲ့ကုန်ပစ္စည်းတွေမှာ လူတွေရဲ့အသက်အန္တရာယ်ကို ထိခိုက်စေနိုင်လို့တဲ့…"

"ဟာ..မဖြစ်နိုင်တာ…"

"မဖြစ်နိုင်ပေမယ့် သူ့ဌေးကတော့ တကယ့်ကိုအချုပ်ထဲရောက်နေတာပါ အစ်ကို…"

"ထုတ်လုပ်စဉ်က စားကုန်တွေကို သေချာစစ်ဆေးကြည့်ရဲ့လား…"

"စစ်ဆေးတာပေါ့ အစ်ကိုရယ်၊ ပြဿနာတွေဖြစ်တာတောင် ဂိုဒေါင်ထဲကပစ္စည်းတွေကို ချက်ချင်းစစ်ဆေးသေးတယ်၊ ဘာမှမဖြစ်ဘူး၊ ဒါပေမဲ့ တစ်ခုတော့ရှိတယ်…"

"ဘာလဲ၊ ဘာဖြစ်လဲ…"

"ဂိုဒေါင်ထဲက ကုန်ပစ္စည်းပါကင်တွေအတော်များများ သူခိုး ခိုးခံလိုက်ရတယ် အစ်ကို၊ သူခိုး ခိုးခံလိုက်ရတဲ့ပစ္စည်းတွေကိုတော့ ရွှေပုလဲတို့ တာဝန်မယူဘူးပေါ့…"

"ဟင်..သူခိုး ခိုးခံရတယ်ဟုတ်လား…"

"ဟုတ်တယ်၊ ဒါကြောင့် အခုဆိုရင် ရွှေပုလဲမှာ အလုပ်တွေကများလာရတယ်၊ မေမေ့ကိုလည်းကြည့်ရ၊ သူ့ဌေးအတွက်လည်း ထမင်းပို့ရ၊ ကလေးတွေအတွက်လည်း အချိန်မီလုပ်ရ၊ အငယ်လေးကိုလည်းထိန်းရ၊ စီးပွားရေးကလည်းတစ်ဘက်၊





အလုပ်လည်းလုပ်နိုင်မှ မေမေ့အတွက် ဆေးဘိုးရမယ်မဟုတ်လား အစ်ကို…"

ရွှေပုလဲ၏စကားတွေကို နားထောင်ရင်း ဒေါက်တာ စိုးဝေသည် ရွှေပုလဲမျက်နှာလေးဆီ ငေးကြည့်ရင်းမှ ထိခိုက်စွာစဉ်းစားနေဖြစ်ရပါသတည်း…။

× × × × ×

"မောင်ကျော်ထိုက်ရှိန်း မင်းဟာ ငါ့ရဲ့မြေးဆိုလည်းမမှားဘူး၊ ငါဟာ မင်းရဲ့အဘိုးဆိုလည်းမမှားဘူး၊ မင်း အဘိုးနဲ့ငါက သိပ်ချစ်တဲ့သူငယ်ချင်းတွေ၊ ဒါကြောင့် မင်းကိုလည်း ငါ ယုံကြည်မှုထားတယ်…

မင်း ငါ့မြေးအငယ်ကို မနှစ်သက်ဘူးဆိုတာ ငါ သိတယ်၊ ဒါကြောင့်ငါလည်း မင်းကိုသိပ်ပြီး ဖိအားမပေးချင်တော့ဘူး၊ လူငယ်တွေရဲ့လမ်းကြောင်းကို ငါက အဘိုးကြီးဆိုပေမယ့် နားလည်ပါတယ်…

အခုတော့ ငါ မင်းကိုဘာမှမပြောသေးဘူး၊ ဒါပေမဲ့ ငါ နားလည်တယ်၊ ငါ သိတယ်ဆိုတာတော့ မင်းကို ပြောထားမယ်၊ မသိတာက မင်းပဲ…"

"ကိုကျော်ထိုက်ရှိန်း ဧည့်သည်လာတယ်…"

မကြာသေးခင်က ဦးဘဟိန်းပြောသောစကားတွေကို နားမလည်စွာ ကြားယောင်မိဆဲ ဧည့်သည်လာတွေ့ကြောင်း ရုံးသားလေးတစ်ယောက်က လာပြော၍ ကျော်ထိုက်ရှိန်းသည် ကိုယ်ရော



www.burmeseclassic.com

www.burmeseclassic.com



စိတ်ပါ ပင်ပန်းမှုတွေဖြင့် ညှိုးသည်တွေ့ရန် ထွက်ခဲ့လိုက်ရလေ၏။

အပြင်ရောက်သည်မတော့ တစ်နေရာတွင် ထိုင်နေသည့် ယမင်းခင်ကိုတွေ့လိုက်ရသည်တွင် သူ့စိတ်များသည် ပို၍လေးလံသွားလိုက်ရသကဲ့သို့ ဖြစ်သွား၏။ ယမင်းခင်သည်လည်း မိမိရှေ့မလှမ်းမကမ်းတွင် ဝင်ထိုင်လာသည့် ကျော်ထိုက်ရှိန်းထံ ကြည့်နေသည်ပါ…။

ယမင်းခင်၏မျက်နှာထားသည်က ထုံးစံအတိုင်း ငြိမ်၍နေသည်။ ယမင်းခင်၏အသွင်သည် ကယ်တင်ရှင်လိုလို၊ တရားသူကြီးလိုလို၊ ရှေ့နေလိုလိုနှင့် မသိသည့်သူ့အတွက်ကဖြင့် အထင်ကြီးစရာပါ…။

"နေကောင်းရဲ့လား ကိုကျော်ထိုက်ရှိန်း…"

"ခင်ဗျားမြင်တဲ့အတိုင်းပဲ…"

"ယမင်းကြည့်တာတော့ ကိုကျော်ထိုက်ရှိန်း စိတ်ခံစားနေတယ်လို့မြင်တာပဲ…"

"ခင်ဗျားထင်တာကို ကျုပ်ကတားဆီးလို့မှမရတာ…"

"စကားနိုင်လုနေမယ့်အစား ယမင်းတို့ စကားကောင်းကောင်းပြောကြရအောင်လား…?"

ယမင်းခင်စကားအတွက် သူ ဆိတ်ဆိတ်ပင်နေလိုက်သည်။ ငြိမ်၍မှုံ့ခဲခဲ သူ့အကြည့်တွေက နံရံဆီသို့သာရောက်နေ၏။

"ယမင်း အခုလာတာ ကိုကျော်ထိုက်ရှိန်းအတွက် အာမခံလာလုပ်ပေးတာပါ၊ ဒါပေမဲ့ ကိုကျော်ထိုက်ရှိန်းအနေနဲ့ အပေးအယူသဘောတော့ရှိရမယ်၊ ကုမ္ပဏီချင်းအပေးအယူလုပ်တဲ့





သဘောပေါ့…"

ထိုစကားအတွက် ကျော်ထိုက်ရှိန်းသည် ယမင်းခင်ထံသို့ အေးခဲခဲကြည့်လိုက်သည်။ ဘာအပေးအယူလဲဟူသော မေးဟန်ပပ အကြည့်မျိုးနှင့်ပါ။ အစီအစဉ်တွေဆွဲထားပြီးသားမို့ ယမင်းခင်သည် စကားတွေဆက်ဆိုသည်။

"ကုမ္ပဏီချင်းကပူးပေါင်းထားတာမို့၊ ကိုကျော်ထိုက်ရှိန်းအနေနဲ့ ကျားပျံ့ဟိန်းကုမ္ပဏီမှာ လက်ထောက်မန်နေဂျာအဖြစ် တာဝန်ယူပေးရမယ်၊ ဒါကပထမအချက်…

ဒုတိယအချက်က ဘိုးဘိုးစိတ်ချမ်းသာအောင် မင်္ဂလာကိစ္စကိုလည်း အမြန်ဆုံးစီစဉ်ရမယ်၊ အစကတည်းကလူကြီးတွေရဲ့ သဘောတူညီချက်တွေရှိထားတဲ့အတိုင်း၊ ယမင်းတို့ညီအစ်မနှစ်ယောက်ထဲက တစ်ယောက်ကို အမြန်ဆုံးရွေးချယ်ရမယ်…

တတိယအချက်ကတော့ ရွှေပုလဲတို့မောင်နှမတွေ နဂါးပျံ့ကုမ္ပဏီမှာနေနေကြတာ သူများအမြင်မှာမတင့်တယ်ဘူး၊ ဒါကြောင့် သူတို့ကို သူတို့အတွက်ဝယ်ပေးတဲ့အိမ်ကို ပြောင်းခိုင်းလိုက်ပါ၊ သူတို့မောင်နှမရှိနေတာဟာ ယမင်းတို့အတွက် အနှောင့်အယှက်ဖြစ်တယ်…

ဒီအချက်တွေကို လိုက်လျောနိုင်မယ်ဆိုရင် ကိုကျော်ထိုက်ရှိန်းကို အာမခံဖို့အသင့်ပဲ၊ ကိုကျော်ထိုက်ရှိန်း စဉ်းစားပေါ့"

ယမင်းခင်စကားများအား ကျော်ထိုက်ရှိန်းသည် အံ့သြခြင်း၊ ရှုံဆန်းခြင်း၊ ဆန်းကျယ်ခြင်း၊ နားမလည်နိုင်ခြင်းတွေဖြင့် တွေးတောစဉ်းစားရင်း ယမင်းခင်၏မျက်နှာဆီသို့ စေ့စေ့ကြီးနှင့်ငြိမ်ငြိမ်



www.burmeseclassic.com

www.burmeseclassic.com



ကြီး ကြည့်နေဖြစ်ရပါလေသတည်း…။

× × × × ×

"ကိုကျော်ထိုက်ရှိန်း…ညည့်သည်၊ ရွှေပုလဲလို့ပြောတယ်"

"ကျွန်တော် အိပ်နေတယ်လို့ပြောပေးလိုက်ပါ…"

ကျော်ထိုက်ရှိန်းဆိုလိုက်၍ အစောင့်ရဲတပ်သားလေးသည် အပြင်သို့ထွက်သွားလိုက်၏။ တကယ်တော့ ကျော်ထိုက်ရှိန်းသည် ထိခိုက်ရသောအတွေးတို့ဖြင့်ရှိနေသည်ပါ…။

အပြင်တွင်မတော့ ရွှေပုလဲ စောင့်နေဆဲပင် ရဲသားလေး ပြန်ထွက်လာသည်ကို တွေ့လိုက်ရ၍…

"ဦးကျော်ထိုက်ရှိန်းရော…"

"သူ အိပ်ပျော်နေတယ်၊ အိပ်ပျော်နေရင်မခေါ်ဖို့မှာထား တယ်…"

"ဩော်…"

ထိုမျှသာ ရွှေပုလဲဆိုရင်း စိတ်မကောင်းစွာဖြင့် ရွှေပု ပြန်လာခဲ့လိုက်ရလေ၏။ မျက်ရည်မျက်အောင် ထိန်းနေရသော် လည်း လမ်းတစ်လျှောက် ရွှေပုလဲသည် ဝမ်းနည်းလာရသည် ဝမ်းနည်းစွာ အိမ်သို့ပြန်အရောက် ထပ်ဆင့်၍ ရွှေပုလဲ ရင်ဆို ပါ၏။

မှန်သည်။ အဘယ်ကြောင့်ဆိုသော် သက်ဆိုင်ရာမှလူ သည် နဂါးပျံစက်ရုံကြီးအား လာရောက်ချိတ်ပိတ်လိုက်သော





ကြောင့်ပါတည်း။ ရွှေပုလဲ ရောက်လာသည်တွင် ချိတ်ပိတ်၍ပင် ပြီးစီးသွားပေပြီ၊ စက်ရုံမှူးကြီးပင်လျှင် စိတ်ဓာတ်ကျစွာဖြင့် ငေးငိုင် ပြီးထိုင်နေသည်ကို ရွှေပုလဲ တွေ့လိုက်ရလေ၏။

စက်ရုံတွေကိုချိတ်ပိတ်ပြီး သက်ဆိုင်ရာမှလူတွေကဖြင့် ထွက်သွားလေပြီ။ ရွှေပုလဲနှင့်ဦးရွှေမောင်းသည် တစ်ယောက်ကို တစ်ယောက် ကြည့်၍ကျန်ခဲ့သည်။ သူတို့အကြည့်တွေ အားပြတ် စိတ်ဓာတ်ကျနေရသည့်အကြည့်မျိုးတွေပါ…။

ညဘက်ရောက်သည့်တိုင် ရွှေပုလဲရော ဦးရွှေမောင်းပါ မအိပ်နိုင်၊ စိတ်ဓာတ်ကျခြင်း၊ ဝမ်းနည်းခြင်း၊ ထိခိုက်ခြင်းတွေကြား မှ သတ္တိရှိသူပီပီ၊ ရွှေပုလဲသည် ဘာတွေဘယ်လိုဆက်လုပ်ရမည် ကို စဉ်းစားသည်။ တွေးတောသည်။ စက်ရုံမှူးကြီး ဦးရွှေမောင်း နှင့်လည်း တီးတိုးတိုင်ပင်သည်။ ဆွေးနွေးသည်။

အိမ်တွင် ရွှေပုလဲနှင့်ဦးရွှေမောင်းတို့နှစ်ယောက် စိတ် ဓာတ်ကျနေသည့်ကြားမှ စဉ်းစားမှုတွေနှင့်ဆွေးနွေးနေကြဆဲအချိန် များ၌၊ အချုပ်ခန်းတွင်ရှိသည့် ကျော်ထိုက်ရှိန်းသည်လည်း ထိခိုက် ခံစားရသောအတွေးတွေ၊ ဆုံးဖြတ်ချက်တွေနှင့်ပါ…။

မှန်သည်။ သူသည် သူ့အတွက်ကိုမူ သူ မမှုခဲ့၊ ယခုက သံယောဇဉ်ကြီးစွာထားမိရသည့် ရွှေပုလဲတို့မောင်နှမအတွက် မြတ် နိုးတွယ်တာသိရသည့်ချစ်သူ မောင်နှမတွေအတွက် သူသည် ချင့် ချိန်ဆုံးဖြတ်ရပါပြီ…။

ဆုံးဖြတ်ချက်တွေကို သူ ချနေဆဲ၊ သူ့အတွေးနှင့်သူမျော ခန်းထဲမတော့၊ မကြာသေးခင်ကမှ သူနှင့်ရွှေပုလဲတို့ ပြောဆိုခဲ့



www.burmeseclassic.com

www.burmeseclassic.com

ကြသည့်စကားတွေ၊ သူတို့လက်ချင်းမြဲမြဲစွာ ဆုပ်ကိုင်၍လဲက်တွဲခဲ့ကြတာတွေ၊ သူ မြင်ယောင်ရင်းအိပ်မပျော်နိုင်ပါ…။

ပြီးတော့ ယမင်းခင် လာပြောသွားသည့်စကားတွေကိုပါ သူ ပြန်လည်ကြားယောင်ရင်း၊ သူသည် ယမင်းခင်လိုမိန်းမမျိုးအား နားမလည်ခြင်း၊ အံ့သြခြင်းနှင့်အထင်သေးရှုံ့ချနေဖြစ်ရပါသတည်း…။ ။

ØØ ØØ ØØ



-သုံးဆယ်ငါး -

"ဒီမှာပဲစောင့်ပါဦး၊ ဦးကျော်ထိုက်ရှိန်းက ညှို့သည်နဲ့စကားပြောနေလို့ပါ…"

"သြော်··ဟုတ်ကဲ့…"

ပြောလိုက်သော အစောင့်၏စကားကြောင့် ရွှေပုလဲသည် အစောင့်ရှိသည့်နေရာ၌ပင် ရပ်နေလိုက်သည်။ ရွှေပုလဲ လက်ထဲမတော့ ထမင်းဂျိုင့်ကိုဆွဲထားပြီး၊ လှည်းကလေးထဲအိပ်ပျော်နေသည့် မောင်လေးကိုငုံ့ကြည့်လိုက်သည်။ ရွှေပုလဲစိတ်ထဲမတော့ သူဌေးနှင့်တွေ့လျှင် ဘာစကားမှမပြောဘဲ အားပေးစကားတွေသာပြောမည်ဟူသောအတွေးနှင့်ပါ…။

ရွှေပုလဲတစ်ယောက် အပြင်တွင်စောင့်နေဆဲ၊ အထဲတွင်မတော့၊ ကျော်ထိုက်ရှိန်းသည် သူ့ထုံးစံအတိုင်း တော်ရုံစကားမပြောဘဲ တည်တည်နှင့်ငြိမ်ငြိမ်ကြီးသာရှိနေ၏။ ယမင်းခင်သည်ကချိုပြီးတုတ်ပြီးသားလိုစကားကို တစ်ခွန်းချင်းဆို၍နေသည်။

"ဘိုးဘိုးမှာလိုက်တယ်၊ ဒီကနေထွက်တာနဲ့ ယမင်းနေအိမ်ကို တစ်ခါတည်းလိုက်ခဲ့ဖို့ပဲ၊ ကိုကျော်ထိုက်ရှိန်း အာမခံရဖို့ သမင်း


www.burmeseclassic.com

www.burmeseclassic.com



ကတောင်းပန်လို့ ဘိုးဘိုးက လုပ်ပေးတာပါ၊ ဒါကြောင့် ကိုကျော်ထိုက်ရှိန်း တစ်ခါထဲပဲ ယမင်းနဲ့လုကိခဲ့ဖို့လည်း ဆုံးဖြတ်ပါ…

ကိုကျော်ထိုက်ရှိန်းရဲ့ ကုမ္ပဏီကိုပြန်ရင်လည်း ဘာမှလုပ်ပိုင်ခွင့်မရှိတော့ဘူး၊ ဘာကြောင့်လဲဆိုတော့ ကိုကျော်ထိုက်ရှိန်းရဲ့ ကုမ္ပဏီရော စက်ရုံတွေပါ ချိတ်ပိတ်ထားလိုက်ပြီ…"

ထိုစကားကြောင့် ယမင်းခင်ထံ သူ ကြည့်လိုက်သည်။ သူ လွန်စွာစိတ်ထိခိုက်သွားရ၏။ တစ်ဆက်တည်းလည်း ရွှေပုလဲ မျက်နှာလေးကို သူ မြင်ယောင်ရသည်။ စက်ရုံတွေချိတ်ပိတ်ခံရပြီဆိုတော့ ရွှေပုလဲရဲ့ကြိုးစားမှုလေးတွေ ဆုံးရှုံးသွားရခြင်းအတွက် သူ ရင်နာထိခိုက်ရဆုံးမို့ပါ…။

"ဘိုးဘိုးကတော့ပြောပါတယ်၊ မင်္ဂလာကိစ္စတွေပြီးရင် ချိတ်ပိတ်ထားတာတွေ သူ အားလုံးပြန်လုပ်ပေးမယ်တဲ့…"

ဆိုရင်း ယမင်းခင်သည် ငြိမ်သောမျက်နှာနှင့် ကျော်ထိုက်ရှိန်းထံ ကြည့်သည်။ ကျော်ထိုက်ရှိန်းသည်လည်း ယမင်းခင်ထံ ကြည့်နေသည်ပါ။ ကျော်ထိုက်ရှိန်၏ မျက်နှာအသွင်သည် တင်းမာနေရလေ၏။ ယမင်းခင်အား စက်ဆုပ်ရွံရှာသည့်အကြည့်တွေက သူ့မျက်ဝန်းအစုံဝယ် ပေါ်လွင်နေရချေ၏။ သူ ဘာမှမဆို၊ နေရာမှထလိုက်သည်။ အထဲပြန်ဝင်မည်အပြု…။

"ကိုကျော်ထိုက်ရှိန်း..အပြင်မှာ ကလေးနဲ့အမျိုးသမီးတစ်ယောက် စောင့်နေပါသေးတယ်…"

ပြောလိုက်သည့် အစောင့်၏စကားသံကြောင့် ကျော်ထိုက်ရှိန်းသည် အပြင်ဘက်သို့တန်းထွက်ခဲ့လိုက်ပြီး ရွှေပုလဲဆီသို့ လှမ်း





သွားလိုက်လေ၏။

"သူဌေး..နေကောင်းတယ်နော်၊ ရွှေပုလဲ မနေ့ကလာသေးတယ်၊ သူဌေး အိပ်နေတယ်ဆိုလို့ ပြန်သွားတယ်၊ သူဌေး ဘာမှစိတ်မာတတ်မကျပါနဲ့နော်၊ ကုမ္ပဏီမှာ အခြေအနေတွေက အားလုံးကောင်းပါတယ်…

အခုက,ကတော့ လူသာအရေးအကြီးဆုံးပါ သူဌေးရယ်၊ သူဌေး ဒီကထွက်လာပြီဆိုရင် ဘာမှမလိုတော့ဘူး၊ ရွှေပုလဲတို့ အလုပ်တွေလုပ်ဖို့ အင်အားတွေနဲ့အကြံဉာဏ်ကောင်းတွေရှိပါတယ်…"

ရွှေပုလဲ စကားတွေနားထောင်ပြီး ရွှေပုလဲ၏အားပေးစကားများအတွက် ကျော်ထိုက်ရှိန်းသည် ထိန်းချုပ်ထားသည့်ကြားမှ ယောကျ်ားတန်မဲ့ မျက်ရည်တွေစီးကျလာရလေ၏။

"ဟို..သူဌေး…"

သူ့မျက်ရည်တွေကို မြင်ခိုက်မတော့ ရွှေပုလဲသည်လည်း တစ်ချက်မျှအံ့သြကာ ဆွံ့အသွားရပြီးနောက် မျက်ရည်တွေစီးကျလာရလေ၏။

"ကိုယ် ဒီကနေထွက်ရတော့မှာပါ…"

မျက်ရည်တွေသုပ်ပြီး အသံကိုငြိမ်အောင် သူ ပြောသည်။ ထိုအခါ ရွှေပုလဲသည် အံ့သြဝမ်းသာသွားရ၍ မျက်ရည်တွေကို သုတ်ကာ အပြုံးနှင့်သူ့ထံ ကြည့်လာရင်းက…

"ဟင်..ဟုတ်လား သူဌေး၊ ဝမ်းသာလိုက်တာ၊ သူဌေး ပြန်လာတော့မယ်ဆိုတော့ အဘလည်း ဝမ်းသာမှာပဲ၊ မေ့ငိလေး



www.burmeseclassic.com

www.burmeseclassic.com



တွေ့သိရင်လည်း ဝမ်းသာမှာပဲ၊ ဒါနဲ့ ဘယ်တော့လဲဟင် သူငွေး"

"ဒီညနေ…"

"အိုး‥ဝမ်းသာလိုက်တာ၊ ဒါဆို ညနေမှဆိုတော့ အခု ထမင်းဂျိုင့်ယူလာတယ်၊ စားလိုက်မလားဟင်…"

"ကိုယ် မစားတော့ပါဘူး၊ ညနေကျမှပဲစားတော့မယ်၊ အခုပြန်ယူသွားလိုက်ပါ…"

"ဟုတ်ကဲ့‥ဟုတ်ကဲ့၊ ညစာ ရွှေပုလဲ ကောင်းကောင်း ပြင်ဆင်ထားပါ့မယ် သူငွေး…"

ဝမ်းသာအားရဆိုနေသည့် ရွှေပုလဲ စကားလေးတွေကို နားထောင်ရင်း ကျော်ထိုက်ရှိန်းသည် စိတ်ထိခိုက်နေရသည်ပါ။

သူတို့နှစ်ယောက်ထံ လှမ်းကြည့်ပြီး ယမင်းခင် ကားလေးအား ရဲစခန်းရှေ့မှ မောင်းထွက်သွားလိုက်လေပြီ…။

× × × × ×

"ဟင်‥ဘယ်လိုကွဲ့၊ ငါ့မြေး ယမင်းနဲ့မောင်ကျော်ထိုက်ရှိန်းတို့က ချစ်သူတွေဟုတ်လား…"

မွန်းလွဲနှစ်နာရီအချိန် ထရေးတားဟိုတယ်ကြီးတွင် ဟိုက်တီးအချိန် အေးဆေးစွာစားသောက်ကြရင်း ယမင်းခင် ပြောလိုက်သောစကားကြောင့် ဦးဘဟိန်းသည် အံ့သြတကြီးဖြစ်ရင်း ပြန်မေးဖြစ်လိုက်ရခြင်းပါ။ ယမင်းခင်သည် မလုံမလဲလို၊ ရှက်ပြုံးလိုလို နှင့်ပြုံးဖြစ်ရင်း…

"ဟုတ်ပါတယ် ဘိုး၊ ယမင်း ဒီကိုမရောက်ခင်ကတည်း





က ကိုကျော်ထိုက်ရှိန်းနဲ့မေတ္တာမျှနေကြတာပါ၊ ယမင်းတို့လက်ထပ်ဖို့လည်း အစီအစဉ်ရှိပါတယ်…"

"ဒါဖြင့် ဘိုးကို စောစောက ဘာလို့မပြောတာလဲ…"

"အဲဒါက ဘိုးဘိုးက နဒီနဲ့ရထားတော့ ယမင်းလည်း အားနာပြီးမပြောတာပါ ဘိုး…"

"သြော်‥ဒီလိုဘယ်ဟုတ်မလဲကွယ်၊ နဒီက ဘိုးဘိုး သားကမွေးတဲ့ ဘိုးဘိုးမြေးမှန်တယ်၊ ယမင်းကလည်း ဘိုးရဲ့မြေး တစ်ယောက်ပါပဲ၊ ဘိုး အခွဲခြားပါဘူး၊ လူငယ်ခြင်း မေတ္တာမျှပြီးသားဆိုတော့ ဘိုး နားလည်ခွင့်လွှတ်ပေးရမှာပေါ့၊ ဘိုးတို့က လူကြီးချင်းပြောထားတယ်ဆိုပေမယ့် အခု ငါ့မြေး ယမင်းနဲ့ပတ်သက်နေတော့ ဘာပဲဖြစ်ဖြစ်လေ ထောက်ထားစရာတွေက အများကြီးရှိတော့ ဘိုး နားလည်ပေးပါတယ်…"

"ဟုတ်ကဲ့ ဘိုး၊ ဘိုးကို ကျေးဇူးတင်ပါတယ်၊ အခု အစ်ကိုက ဒီနေ့အချုပ်ကလွှတ်မှာပါ၊ အဲဒါ အစ်ကိုက ယမင်းနောက်ပဲ တစ်ခါတည်းလိုက်နေတော့မယ်တဲ့…"

"ဟင်‥မောင်ကျော်ထိုက်ရှိန်းကို ဘိုးဘိုး အာမခံလုပ်ပေးနိုင်းတာ လွန်ခဲ့တဲ့သုံးလေးရက်ကတည်းကပဲမဟုတ်လားကွဲ့၊ အခုမှ ဒီကိစ္စကပြေလည်တာလား…"

"ဟုတ်ပါတယ် ဘိုး၊ ယမင်းလည်း လိုက်လုပ်တာပါပဲ၊ ဒါပေမဲ့ ယမင်း လုပ်တာနည်းနည်းနောက်ကျသွားတာလည်းပါတယ်၊ အစ်ကိုကလည်း ယမင်းကို စိတ်ဆိုးနေလို့ အခုလိုကြာသွားတာပါ ဘိုး၊ အခုလည်း အစ်ကိုက ယမင်းကို သိပ်ကျေနပ်ပုံမပေါ်



www.burmeseclassic.com

www.burmeseclassic.com



သေးပါဘူး ဘိုးရယ်…”

“ဟင်..သူက ဘာဖြစ်လို့ ငါ့မြေးအပေါ် မကျေနပ်ရတာလဲကွဲ့…”

“ဟို..အဲဒါက ဟို..ယမင်းက သူနဲ့ယမင်းနဲ့ လက်ထပ်ဖို့အတွက် ဘိုးကို အမြန်ဆုံးဖွင့်မပြောလို့တဲ့၊ ယမင်းကလည်း နဒီကြောင့် ဖွင့်မပြောတာပါ ဘိုး…”

“ဩော်…”

အတန်ကြာသည်အထိ ယမင်း မျက်နှာဆီကြည့်နေမိပြီးကာမှ ဦးဘဟိန်းသည် ဩော်ဟုဆိုသည်။ ပြီးတော့ ဦးဘဟိန်းသည် မိမိစားလက်စ စားစရာတွေကို ဆက်စားနေ၏။ စားဆဲမှ ဦးဘဟိန်း၏စိတ်ထဲမတော့…

ကိုကျော်ထိုက်ရှိန်းနှင့်ယမင်းခင်တို့ နှစ်ဦးသည် အမှန်လူငယ်ချင်းမေတ္တာရှိနေလျှင်ဖြင့် မိမိ၏မြေးနှင့်စီစဉ်ထားသည့်တိုင် ထောက်ထားခြင်း၊ စာနာသနားခြင်းတွေနှင့် သဘောတူနားလည်လိုက်လျောပေးရန် စိတ်ကူးရှိပါသည်။

သည့်အတွက် ဦးဘဟိန်းသည် မိမိစိတ်ထဲ၌ စဉ်းစားရင်းတွေးတောရင်း ဆိတ်ဆိတ်ပင်နေကာ စားသောက်နေဖြစ်၏။

ယမင်းခင်ကား လှို့ဝှက်မှုနှင့်စဉ်းလဲမှုများ ပြည့်နေသည့်မျက်နှာဖြင့် အစဉ်ငြိမ်သက်လျက်ရှိ၏။ မှန်သည်။ ယခုလည်းယမင်းခင်သည် သနားစရာကောင်းလောက်သောအသွင်၊ နှိမ့်ချခွင့်လွှတ်တတ်သောအသွင် မျက်နှာထားမျိုးနှင့်ရှိရင်း၊ စိတ်ထဲမတော့ မိမိအပြောတွင် ဦးဘဟိန်း၏ယုံကြည်လိုက်လျောမှုများ





အတွက် ကျေနပ်ပီတိဖြစ်နေရသည်မဟုတ်ပါတကား…။

× × × × ×

ညနေလေးနာရီထိုးတော့မည်မို့ ရွှေပုလဲတစ်ယောက် ပျာယာခတ်နေအောင် လှုပ်ရှားနေရလေ၏။ မှန်သည်။ အဘယ်ကြောင့်ဆိုသော် ဒီညနေတွင် သူဌေးတစ်ယောက် အချုပ်ကထွက်ရတော့မည်မို့ သွားကြိုရန်အတွက် ရွှေပုလဲသည် ဝတ်ကောင်းစားလှလေးတွေရွေးချယ်၍ ပြင်ဆင်နေခြင်းပါ…။

သူဌေး ဝယ်ထားပေးသည့်ဝတ်စုံလေးသာ ဝတ်သွားသည်။ ဒါမှ သူဌေးတွေ့လျှင် ကြည်နူးမည်၊ ကျေနပ်မည်ဟူသောစိတ်ကူးပျော်လေးတွေနှင့် ရွှေပုလဲကား မှန်ရှေ့ရပ်ကာ ပြင်ဆင်နေ၏။ အဝတ်တွေလဲပြီးသည်နှင့် ရွှေပုလဲသည် စလင်းဘက်ခ်လေးလွယ်ကာ အိမ်မှထွက်ခဲ့လိုက်သည်။

ကြာမည်စိုး၍ လိုင်းကားပင်စီးရန်စိတ်မကူး၊ သူဌေးကိုကြိုမည်မို့ အသွားအပြန်တက္ကစီတစ်စီးကို ငှားခဲ့လိုက်သည်။ တစ်အောင့်ခန့်ကြာသည်တွင် (…)ရဲစခန်းအချုပ်သို့ ရောက်လာ၏။

ရွှေပုလဲ ရင်ဝယ်ဆို့နင့်သွားရသည်။ မှန်သည်။ အဘယ်ကြောင့်ဆိုသော် ရွှေပုလဲသည် ကားပေါ်မှအဆင်း၊ ကိုယ်ပိုင်ကားလေးတစ်စီးသည် ရဲစခန်းအတွင်းမှ မောင်းထွက်သွားခိုက်၊ ထိုကားပေါ်တွင် ယမင်းခင်နှင့်အတူ သူဌေး ကိုကျော်ထိုက်ရှိန်းအား တွေ့လိုက်ရလေသောကြောင့်ပါတည်း…။

ရွှေပုလဲ စိတ်မကောင်းဖြစ်သွားရသည်။ သို့သော်လည်း



www.burmeseclassic.com

www.burmeseclassic.com



သူငွေး လွှတ်ပြီပဲ၊ နောက်တော့ အိမ်ပြန်ရောက်လာမှာပေါ့ဟူသော စိတ်ကူးနှင့် ရွှေပုလဲသည် အိမ်သို့ပြန်ခဲ့လိုက်၏။

ရှေ့နေတစ်ယောက်နှင့်အတူ ကိုကျော်ထိုက်ရှိန်းကိုခေါ်ကာ ယမင်းခင် မောင်းနှင်လာသောကားလေးသည် ကော်ဖီဆိုင်တစ်ဆိုင်အရောက် ညင်သာစွာထိုးရပ်လိုက်ပြီး အေးဆေးစွာကော်ဖီသောက်ရင်း လုပ်စရာရှိသည်တို့ကို ယမင်းခင် လုပ်ဖြစ်သည်။

မှန်သည်။ ယမင်းခင်သည် ကိုကျော်ထိုက်ရှိန်းရှေ့၌ပင် အကျိုးဆောင်ခအဖြစ် ငွားထားသည့်ရှေ့နေကြီးအား ချက်လက်မှတ်တစ်စောင်ရေးပေးလိုက်သည်ကို ကျော်ထိုက်ရှိန်း တွေ့ရ၏။ သို့သော်လည်း ကျော်ထိုက်ရှိန်းသည်က မြင်သော်လည်းမတွေ့သလိုပင် စိတ်တွေသည် ဝေလေ၍ငေးငိုင်တွေနေဖြစ်၏။

ယမင်းခင်သည်က မိမိစိတ်ကူးနှင့်မိမိအကြံအစည်များ ထ,မြောက်အောင်မြင်သွားပြီဖြစ်၍ သူမ၏ငြိမ်သောမျက်နှာအသွင်သည် ကျေနပ်ပြုံးယောင်လွှမ်းနေရ၏။

ကျော်ထိုက်ရှိန်းသည် စကားမဆို၊ ကော်ဖီလည်းမသောက်၊ စက်ရုပ်တစ်ရုပ်လိုပင် သူ့အသွင်မှာ လှုပ်ရှားနေ၏။ မှန်သည်။ ကျော်ထိုက်ရှိန်းကား ရွှေပုလဲတို့ မောင်နှမတွေအတွက် ယမင်းခင်၏ အပေးအယူစကားများတွင် ရှုရှိုက်ရခက်ခဲနေရသောအချိန်များ၌၊ ရွှေပုလဲကား စက်ရုံမှူးကြီးအပါအဝင် မောင်လေးတွေနှင့် သူငွေး ပြန်ရောက်လာလျှင်ကြိုဆိုရန်အတွက် တိုက်ကြီးတစ်ဆောင်လုံးကို အလှဘောလုံးတွေ၊ ကိတ်မုန့်စားစရာတွေနှင့်အလှအပတွေကို ဆင်ယင်ရင်း ပျော်ရွှင်နေဖြစ်ကြလေ၏။





ထိုအချိန်တွင်ပင် ကျားပျံဟိန်း၏တိုက်ကြီးထဲတွင်ကား ဦးဘဟိန်း၊ ကျော်ထိုက်ရှိန်းနှင့်ယမင်းခင်တို့သည် ဦးဘဟိန်း၏သီးသန့်ရုံးခန်းကြီးထဲတွင် စကားများပြောဆိုနေဖြစ်ကြသည်ပါ…။

ဦးဘဟိန်းသည် ကျော်ထိုက်ရှိန်းနှင့်ယမင်းခင်တို့ထံ တစ်လှည့်ဆီမသိမသာကြည့်သည်။ ကျော်ထိုက်ရှိန်းအသွင်သည်က ထုံးစံအတိုင်း စကားနည်းပြီးတည်ကြည်၍ ငြိမ်သက်သည်။ သည်ကြားထဲကမှ ကျော်ထိုက်ရှိန်းအသွင်သည် စိတ်ပျက်၊ စိတ်ရှုပ်စိတ်မာတ်ကျခြင်းတွေနှင့် မကျေမနပ်အသွင်မျိုးနှယ် ပေါ်လွင်နေရသည် မဟုတ်ပါလား…။

ယမင်းခင်သည်ကဖြင့် သူမ၏ငြိမ်သက်ဟန်၊ နိမ့်ချဟန်နှင့်သိမ်မွေ့ဟန်တွေက ကျေနပ်နေဟန်မျိုးပါ။ ဦးဘဟိန်းသည် သူတို့နှစ်ယောက်ထံ အတန်ကြာကြည့်ပြီးကာမှ…

"အင်း..ယမင်းခင်က ဘိုးကို အားလုံးပြောပြပြီးပါပြီ မောင်ကျော်ထိုက်ရှိန်း၊ ဘိုးအနေနဲ့ လိုက်လျောပေးရမှာပေါ့လေ၊ လိုက်လျောရဖို့လည်း ဘိုးမှာ အကြောင်းရှိတယ်လေ၊ သတ်မှတ်လိုက်ပါ၊ မောင်ကျော်ထိုက်ရှိန်းတို့ ဘယ်တော့လက်ထပ်မလဲဆိုတာ…"

"ကျွန်တော် အဲဒါတွေစိတ်မကူးသေးပါဘူး ဘိုးဘိုး…"

ကျော်ထိုက်ရှိန်းစကားကြောင့် ယမင်းခင် မျက်နှာတစ်ချက် ပျက်သွားရသည်။ ပြီးမှ ယမင်းခင်သည် ချစ်သူစိတ်မကြေမလည်ဖြစ်နေသည်ကို ချော့သည့်အပြုံးမျိုးနှင့်ယဲ့ယဲ့ပြုံးလိုက်ရင်း…

"ယမင်းတို့ ဆွေးနွေးပါဦးမယ် ဘိုး၊ ယမင်းကပဲအချိန်



www.burmeseclassic.com

www.burmeseclassic.com



ယမင်းပဲ စီစဉ်ပါ့မယ်…”

“အင်…ကောင်းပြီလေ၊ သြော်…ဒါနဲ့ ညစာစားပြီးကြပြီလား…”

“ကျွန်တော် အိမ်ရောက်မှပဲစားမှာပါ ဘိုး၊ ခုတော့မဆာဘူး…”

“ဒါနဲ့ ဒီမှာလာနေမှာဆို…”

“အိမ်တော့တစ်ချက်ပြန်လိုက်ပါဦးမယ်…”

“အေး…ဟုတ်တာပေါ့…”

“သြော်…မေ့နေလိုက်တာ၊ ဘိုး အစ်ကိုကို ရွှေပုလဲတို့အတွက် နေဖို့ဝယ်ထားတဲ့အိမ်ကို ခုပဲ ယမင်း လိုက်ပြလိုက်မယ်နော်…”

“ဟော…ခုထိ ရွှေပုလဲတို့က အဲဒီအိမ်မှာမနေကြရသေးဘူးလား…”

“ဟုတ်ကဲ့၊ တီတီမိုးက မကြာသေးခင်ကပဲ အဲဒီအိမ်သော့ကို ယမင်းကိုပေးလို့ပါ…”

“တောက်…ဒီမြင့်မြင့်မိုးတော့လေ ငါ နှင်ချမိတော့မယ်၊ ငါ့မြေးမျက်နှာရှိနေလို့၊ ဟင်း…နို့ဖြစ်ဆိုရင်လား ငါ့စိတ်နဲ့တော့ တစ်နပ်စာတောင်မရဘူး…”

ယမင်းခင်အတွက် အရှောင်အတိမ်းနှင့်အပို့အပစ်တွေကတော့ ကောင်းနေရ၏။ မှန်သည်။ အဘိုးကြီး မကျေနပ်သည့်ကိစ္စများဆိုလျှင် ဒေါ်မြင့်မြင့်မိုး ဘက်လွှဲချလိုက်သည်။ ဒေါ်မြင့်မြင့်မိုးက လုပ်ချင်သည့်အလုပ်ဆိုလျှင် ယမင်းခင်သည် အဘိုးကြီး





နာမည်သုံး၍ဟန့်တားထားလိုက်သည်။

အစေးမကပ်ကြသည့် ယောက္ခမနှင့်ချွေးမကြားတွင် ယမင်းခင်သည်က အခွင့်အရေးကြီးတစ်ရပ်ရရှိနေတော့၏။ မှန်သည်။ ယမင်းခင်ကား မိမိလုပ်ချင်သည့်အလုပ်များအား အချိန်အခါနှင့်အခြေအနေကိုရွေးချယ် စောင့်ဆိုင်းပြီး၊ ယောက္ခမနှင့်ချွေးမကို တစ်လှည့်စီအသုံးချရင်း မှင်သေသေနှင့်အမည်ကောင်းဟစ်တာ လှုပ်ရှားနေသည်မဟုတ်ပါလား…။

နွားကွဲတော့ကျားဆွဲဆိုသကဲ့သို့ပင် မသင့်မြတ်သည့်ယောက္ခမနှင့်ချွေးမကြား၌ ယမင်းခင်သည် ထင်သည်ထက်ပင် ပို၍လှုပ်ရှားနေဖြစ်သည်ပါ။ ကျားပျံ့ပုံပျက်နဲ့ကုမ္ပဏီတွင် ယမင်းခင်တစ်ယောက် မိမိလိုရာဆွဲ၍ ဇာတ်တစ်ခုကိုအောင်မြင်စွာ က,ပြနေဆဲ…

နဂါးပျံတိုက်ကြီးတွင်မတော့၊ ညှိခန်းတစ်ခုကိုပြင်ဆင်ပြီး အားလုံးသည် ကျော်ထိုက်ရှိန်းအလာအား စောင့်ကြိုနေကြသည်ပါ။ နာရီဆီတကြည့်ကြည့်ဖြင့် အားလုံးသည် အသင့်ပြင်ဆင်စောင့်ကြိုနေကြလေ၏။

စောင့်ရင်း…စောင့်ရင်းကပင် မောင်လေးတွေလည်း တစ်ယောက်ပြီးတစ်ယောက် အိပ်ပျော်သွားကြလေပြီ။ တစ်အောင့်ကြာသည်တွင် စက်ရုံမှူးကြီးသည်လည်း သူ့အခန်းရှိရာသို့ တရွေ့ရွေ့လှမ်းထွက်သွားလေပြီ…။

စောစောက ရယ်သံ၊ မောသံ၊ လှုပ်ရှားသံ၊ စကားသံတွေနှင့် သက်ဝင်နေသော ညှိခန်းကြီးသည် ယခုမှ တိတ်ဆိတ်ငြိမ်သက်သွားပေပြီ၊ ခြောက်သွေ့တိတ်ဆိတ်သွားလေပြီ၊ ခုမြင့် ညှိ



www.burmeseclassic.com

www.burmeseclassic.com



ခန်းကြီးထဲတွင် ရွှေပုလဲတစ်ယောက်တည်းသာရှိလေပြီ…။

ရွှေပုလဲသည်က စိတ်မလျှော့၊ အချိန်နာရီဆီကြည့်ရင်းမှ သူဌေး အပြန်ကိုစောင့်ကြိုဆဲပါ။ စောင့်နေဆဲ ရွှေပုလဲမျက်ဝန်းထဲ ညနေက သူဌေးအား ကားနှင့်လာခေါ်သွားသည့် ယမင်းခင်၏ ပြုံးပျော်နေသည့်အသွင်ကို ရွှေပုလဲ မြင်ယောင်ဖြစ်ရသည်။

ထိုအခါ ရုတ်ချည်းပင် ရွှေပုလဲသည် ခေါင်းကိုရမ်းကာ မြင်ကွင်းနှင့်အတွေးအား ဖယ်ထုတ်ပစ်လိုက်လေ၏။ စိတ်ထဲ မကောင်းသော်လည်း ရွှေပုလဲစိတ်ထဲ၌ ထိုမြင်ကွင်းနှင့်အကြောင်းအားမထား၊ ရွှေပုလဲအတွက် အဓိကသည်က သူဌေးပင်ဖြစ်သည်မို့ ရွှေပုလဲသည် စောင့်စားကြိုဆိုနေဆဲပါတည်း…။

မှန်သည်။ ရွှေပုလဲတစ်ယောက် စောင့်ကြိုဆဲ၊ ကြိုမြဲရှိနေသည့်အချိန်များ၌ ကျော်ထိုက်ရှိန်းနှင့်ယမင်းခင်တို့သည်က တစ်ခါက ရွှေပုလဲအား ခေါ်လာပြသည့်တိုက်ခန်းတွင် ရောက်ရှိနေကြသည်ပါ…။

"ဘယ်လိုလဲ အစ်ကို၊ အိမ်ခန်းကအကောင်းစားပဲမဟုတ်လား၊ ဒီအခန်းကို ယမင်းက ရွှေပုလဲတို့မိသားစုအတွက် ကျေနပ်ဆပ်တဲ့အနေနဲ့ ဘိုးဘိုးကိုပြောပြီး ဝယ်ပေးလိုက်တာ…"

ယမင်းခင် ဆိုသည်။ ကျော်ထိုက်ရှိန်းကား ဆိတ်ဆိတ်ငြိမ်ရှိ၏။ ယမင်းခင်က အိမ်ခန်းတစ်ဆောင်လုံးကို လိုက်၍ကြည့်သည်။ ကျော်ထိုက်ရှိန်းကား အိမ်ထဲဝင်လာကတည်းက တစ်နေရာတည်း၌ပင် ရပ်နေဆဲရှိ၏။

"အစ်ကို ဘယ်လိုလဲ ပြောဦးလေ၊ ကောင်းတယ်မဟုတ်





လား…"

"ကောင်းပါတယ်…"

"ဒီအိမ်မှာ ရွှေပုလဲတို့ကို အမြန်ဆုံးပြောင်းလာနေခိုင်းလိုက်ပါ အစ်ကို၊ ဒါဆိုရင် စက်ရုံအလုပ်ရုံတွေလည်း အားလုံးပြန်လည်ပတ်လာလိမ့်မယ်၊ သူတို့ ဟိုမှာနေနေသရွေ့ကတော့ နဂါးပျံရဲ့စက်ရုံအလုပ်ရုံတွေအားလုံးကို ချိတ်ပိတ်ထားမှာပဲ အစ်ကို"

"အဲဒါက ဘယ်သူကဘာသဘောနဲ့လုပ်တာလဲ၊ မင်းကိုယ်တိုင်လုပ်တာလား…"

"လုပ်တာကတော့ ယမင်းကိုယ်တိုင်ပဲ လိုက်လုပ်ရတာပါပဲ၊ ဒါပေမဲ့ ယမင်းကိုခိုင်းတာက တီတီမိုးပါ၊ နှဒီရဲ့မေမေပါ"

"အဟွန်း…ရယ်ဖို့တော့ကောင်းတယ်…"

"ဘာကိုလဲ အစ်ကို…"

"မင်းတို့ရဲ့စိတ်ဓာတ်တွေကို၊ မင်းတို့ချင်းက အတူတူပဲ၊ တကယ်တော့ နှဒီက မင်းနဲ့စိတ်ဓာတ်ချင်း မိုးနဲ့မြေလိုကွာခြားတယ်၊ နှဒီက ကလေးဆန်တာကလွဲရင် မကောက်ကျစ်ဘူး…"

ထိုစကားအတွက် ယမင်းခင် မျက်နှာပျက်သွားရသည်။ ကျော်ထိုက်ရှိန်းက စကားဆက်ဆို၏။ သူ့အသွင်သည်က တည်ငြိမ်ခြင်းနှင့်အေးစက်စက်ကြီးပါ…။

"ရွှေပုလဲက ဒီအိမ်မှာလာနေလိမ့်မယ်လို့ မင်း ထင်သလား…"

"ဘာကြောင့်လဲ အစ်ကို…"

"ဘာကြောင့်လဲဆိုတာတော့ ကိုယ်လည်း မသိဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ မင်းတို့ချင်းပတ်သက်နေမှုတွေကို မင်းကိုယ်တိုင်မသိဘဲ နေမလား…”

ဘောင်းဘီအိတ်ထဲလက်နှစ်ဖက်ထိုးနှိုက်ရင်း ယမင်းခင်မျက်နှာဆီစေ့စေ့ကြည့်ကာ ကျော်ထိုက်ရှိန်း ပြောလိုက်သည့်စကားတွင် ယမင်းခင်၏ဟန်ဆောင်ကောင်းလွန်းသော မျက်နှာသည် အကြီးကျယ် ပျက်သွားလိုက်ရလေ၏။

စကားအဆုံးမတော့ ကျော်ထိုက်ရှိန်းသည်လည်း ထိုအိမ်ထဲမှလှမ်းထွက်သွားလိုက်လေတော့သည်။

ယမင်းခင်ကား မလုံမလဲသော၊ တုန်လှုပ်သောစိတ်တို့ဖြင့် မျက်ရည်တို့ဝေဝဲလျှက်မှ တစ်ကိုယ်တည်းမှင်သက်ကာ ကျန်ရစ်ခဲ့လေသတည်း…။

× × × × ×

ကြိုဆိုရန် စီစဉ်ဝယ်ထားသည့်ကိတ်မုန့်ကြီးကို ရှေ့ထားပြီး ရွှေပုလဲကား အိပ်ငိုက်နေပါပြီ။ အချိန်တွေဘယ်၍ဘယ်မျှရှိနေပြီကိုလည်း ရွှေပုလဲ မသိတော့၊ စိတ်ကဖြင့် စောင့်မျှော်ကြိုဆိုဆဲ၊ လူကဖြင့် ငိုက်ကောင်းနေပြီဖြစ်၏။

စားပွဲထက်တင်ကာ ပြင်ဆင်ထားသည့် ကိတ်မုန့်ကြီးရှေ့တွင် ရွှေပုလဲတစ်ယောက် အိပ်ငိုက်နေသည်မှာ တစ်ချီတစ်ချီကိတ်မုန့်နှင့်မျက်နှာအပ်လုနီးနီးပင် ဖြစ်ရလေ၏။

မှန်သည်။ ဖြစ်လုလု..ဖြစ်လုလုနှင့်ပင် တစ်ချီမတော့ ရွှေပုလဲမျက်နှာလေးသည် ကိတ်မုန့်ကြီးထက်အပ်ကျသွားလိုက်လေတော့၏။ ပြီးတော့ ရွှေပုလဲသည် ခေါင်းကိုပြန်မတ်သည်။





ပြီးတော့ ပြန်ငိုက်သည်။

တီး..တီး…

ရွှေပုလဲတစ်ယောက် ငိုက်ကောင်းဆဲပင် အိမ်ရှေ့မှကားဟွန်းသံကြောင့် ရွှေပုလဲသည် လန့်၍နိုးလာလေပြီဖြစ်၏။ နိုးသည်နှင့် ရွှေပုလဲသည် ပျော်ရွှင်သွားရသည်။ ကိုယ်ပေါ်မှအင်္ကျီတွေကို အိပ်ငိုက်မှန်းမသိအောင် ဆွဲဆန့်လိုက်သည်။ သည့်နောက် ရွှေပုလဲသည် တံခါးဖွင့်ရန်နေရာမှ ပြေးထခဲ့လိုက်လေ၏။

ထင်သည့်အတိုင်းပင် ကျော်ထိုက်ရှိန်းလည်း ပြန်ရောက်လာပါပြီ။ ကျော်ထိုက်ရှိန်းသည် ဝှားလာသည့်ကားခကိုရှင်းပေးပြီးနောက် ဆင်ဝင်အောက်သို့ လှမ်းခဲ့လိုက်သည်။ ဆင်ဝင်အောက်အရောက် သူသည် လူခေါ်ဘဲလ်ကို နှိပ်မည်ပြုဆဲ၊ အိမ်တံခါးသည်း ပွင့်လာခဲ့၏။

“အွန်..အာ…”

ကျော်ထိုက်ရှိန်းသည် ဟက်ခနဲမရယ်မိလိုက်ရုံတမယ်၊ ဘွားကနဲထွက်ပေါ်လာသည့် ရွှေပုလဲမျက်နှာကို တွေ့မြင်ရခိုက် အံ့ဩလန့်ဖြန့်သွားရလေ၏။

“သူဌေး ရောက်လာပြီ၊ စောင့်လိုက်ရတာ သူဌေးရယ်၊ အိပ်တောင်ငိုက်တယ်၊ ဘဘနဲ့မောင်လေးတွေတော့ သူဌေးကို မစောင့်နိုင်ကြလို့ အားလုံးအိပ်ကုန်ကြပြီ၊ ဒီမှာကြည့်လေ သူဌေးလာရင်ကြိုဆိုဖို့ အစီအစဉ်တွေအားလုံးလုပ်ထားတာ၊ လာ..လာ စားပွဲပေါ်မှာလည်း ဘာတွေရှိသေးတယ်ဆိုတာ လာကြည့်ဦး…”

ရွှေပုလဲဆိုရင်း တံခါးပိတ်ပြီး အိမ်ထဲဝင်ခဲ့ကြသည်။ သူ့ကို



www.burmeseclassic.com

www.burmeseclassic.com

ကြို့ဆိုသည့်ပူပေါင်းတွေ ချိတ်ဆွဲထားသည်ကိုကြည့်ပြီး ကျော်ထိုက်ရှိန်းသည် ရင်ဝယ်ထိခိုက်ခံစားနေဖြစ်ရ၏။ မှန်သည် ကျော်ထိုက်ရှိန်းမှာ အိမ်ပြန်ရောက်၍ ရွှေပုလဲမျက်နှာလေးကို ရ၍ ဝမ်းသာတာကတစ်မျိုး၊ ရယ်ချင်သည်ကတစ်ဖုံဖြစ်နေရ

သို့သော်လည်း ရွှေပုလဲ ရှက်သွားမည်စိုး၍ သူ ဘာ မပြော၊ ရွှေပုလဲ ခေါ်ရာနောက်မှပင် သူ လိုက်ခဲ့သည်။ ကိတ် ကြီးထားရာစားပွဲဆီအရောက်မတော့ ရွှေပုလဲကား မလှမပဖြ သည့်ကိတ်မုန့်ကြီးကို တွေ့လိုက်ရ၍ လွန်စွာဒေါသထွက်သွားလို ရပါတော့၏။

"ဟင်..ဟယ်၊ ကြည့်စမ်း၊ ဒါ ဘယ်သူခိုးစားသွား လဲ၊ ကြည့်စမ်း၊ အပေါ်ကခရင်မ်တွေကိုပဲ ကလော်စားသွားတ ကိုကိုနဲ့ညီညီ ဘယ်အချိန်ကန္နီးလာပြီး စားလဲမသိဘူး၊ သိမယ် သိမယ်၊ အတူတူစားရပါ့မယ်လို့ ပြောထားရဲ့နဲ့..."

"ကဲ..လာပါကွာ၊ ကလေးတွေကို လျှောက်ပြောမ လာ..လာ၊ ဒီမှာ ကိုယ့်ကိုယ်ကိုပဲပြန်ကြည့်..."

ကျော်ထိုက်ရှိန်းဆိုရင်း ရွှေပုလဲကို မှန်ရှေ့ဆွဲခေါ်လာ ပြလိုက်သည်မတော့၊ ရွှေပုလဲကား မိမိမျက်နှာကိုတွေ့ရခိုက်၊ ဖြန့်အံ့သြသွားလိုက်ရပါတော့သတည်း။ မှန်သည်။ ရွှေပုလဲ မျက် တွင် ကိတ်မုန့်မှခရင်မ်များ ပေကပ်နေရသည်မဟုတ်ပါတကား

"အဟာတ်..အဟာတ်..ဟား..ဟား၊ ဟား..ဟား..."

ရွှေပုလဲတစ်ယောက် ရှက်ရှက်နှင့်အားပါးတရလေး ရယ်လိုက်တော့ ကျော်ထိုက်ရှိန်းသည်လည်း ပြုံးဖြစ်ရင်း၊ ပြီးမှ





"မျက်နှာသစ်လိုက်..."

"ဟုတ်ကဲ့..."

သို့ဆိုတော့ ရွှေပုလဲသည် ရေချိုးခန်းထဲဝင်ပြီး မျက်နှာ သစ်လိုက်ရသည်။ ပြီးတော့ ရွှေပုလဲသည် မလုပ်စဖူး၊ လှပချင် စိတ်နှင့်နှုတ်ခမ်းနီလေးဆိုးလိုက်၏။ ပြီးမှ ရွှေပုလဲသည် သူဌေးရှိ ရာဧည့်ခန်းဆီသို့ လှမ်းခဲ့လိုက်လေ၏။

"သူဌေး အငှားကားနဲ့လာတယ်ဆိုတော့ ခြံထိပ်ကနေ ဆင်းလာတယ်ထင်တယ်..."

ရွှေပုလဲဆိုသော်လည်း ကျော်ထိုက်ရှိန်းသည် ဘာမှပြန် မဆိုဘဲ နေရာမှထကာ ရွှေပုလဲကို ကျောခိုင်းရပ်နေလိုက်၏။

"သူဌေး ထမင်းစားမလား၊ ကော်ဖီနဲ့မုန့်စားလည်း ရပါ တယ်..."

"ကိုယ် ဘာမှစားချင်စိတ်မရှိပါဘူး၊ ကိုယ်..."

သူ့ စကားကိုဆက်မဆိုနိုင်အောင်ပင် ထိခိုက်နေရသည်။ ရွှေပုလဲသည်က သူ့နောက်ကျောဆီကြည့်ကာ ပျော်ရွှင်စွာစကားဆို ဖြစ်၏။

"ဒါဖြင့် သူဌေးကို ရွှေပုလဲ ဘာလုပ်ပေးရမလဲဟင်..."

"ဘာမှမလုပ်ပေးပါနဲ့၊ ကိုယ် မင်းကိုစကားပြောစရာရှိ တယ်..."

"ဟုတ်ကဲ့ ပြောပါ သူဌေး..."

"ကိုယ် အခုလာတာခဏပါပဲ၊ ကိုယ် ဒီမှာမနေတော့ ဘူး၊ ကိုယ် ပြောင်းနေရတော့မယ်..."



www.burmeseclassic.com

www.burmeseclassic.com

ဟင်…

ကြားလိုက်ရသည့်စကားအတွက် မသည်းကွဲသလိုနှင့် မယုံနိုင်အောင် ရွှေပုလသည် ကျော်ထိုက်ရှိန်း၏ နောက်ကျောဆီ ကြည့်နေဖြစ်၏။ ကျော်ထိုက်ရှိန်းသည် ရင်နာစွာစကားကိုဆက်ဆိုသည်။

"မင်းတို့မောင်နှမတွေလည်း ဒီကနေပြီး မင်းတို့အတွက် ဝယ်ထားပေးတဲ့အိမ်ကို ပြောင်းသွားကြပါ…"

ထိုစကားကြောင့် ရွှေပုလဲ အံ့သြသွားသည်။ ပြုံးကျယ်ဝိုင်းစက်သောမျက်ဝန်းအစုံနှင့် ကျော်ထိုက်ရှိန်းထံ ကြည့်နေဖြစ်တော့၏။

"မနက်ဖြန်ဆိုရင် ကျားပုံပုဟိန်းတိုက်မှာ ကိုယ် သွားနေရမယ်၊ ကျားပုံပုဟိန်းကုမ္ပဏီမှာပဲ ကိုယ် ဦးစီးလုပ်ကိုင်ပေးရမယ်၊ ဒီမှာက အားလုံးချိတ်ပိတ်ထားကုန်ပြီမဟုတ်လား…

မင်းတို့မောင်နှမ ဟိုအိမ်မှာပဲအေးအေးဆေးဆေး သွားနေလိုက်ပါလို့ ကိုယ် တောင်းပန်ပါတယ်၊ ဒီညမှာပဲ တစ်ခါထဲ ကိုယ် နှုတ်ဆက်သွားပါတယ်…"

သူ့စကားတွေကိုသာ ရွှေပုလဲ နားထောင်နေဖြစ်သည်။ ရွှေပုလဲရင်ထဲမတော့ ဝမ်းနည်းကြေကွဲခြင်းတို့ဖြင့် မျက်ရည်တို့ဝဲကာ ရွှေပုလဲကား နှုတ်ဆိတ်နေဖြစ်ရပါသတည်း။ ။

ØØ ØØ ØØ



## - သုံးဆယ်ခြောက် -

ဟင်း…

ကျော်ထိုက်ရှိန်းသည် သက်မမောကြီးအား ချဖြစ်ရ၏။ သူသည် မတ်တပ်ရပ်လျက်မှ လက်ကိုပိုက်ထားရင်း တစ်ချက်မျှ မျက်ဝန်းအစုံကို မှိတ်ထားဖြစ်၏။

စက်ရုံမှူးကြီး ဦးရွှေမောင်းသည် နားမလည်စွာ သူ့ကို ကြည့်နေမိသည်။ ဦးရွှေမောင်းစိတ်ထဲမတော့ သူ့ရင်ထဲတစ်ခုခုရှိနေလိမ့်မည်ကို နားလည်နေဖြစ်၏။

"သူဌေး ရင်ထဲမှာတစ်ခုခုရှိနေလိမ့်မယ်ထင်တယ်၊ ကျုပ်ကို ပြောပြလို့ရရင်ပြောပြပါလား…"

စက်ရုံမှူးကြီးစကားအတွက် သူ ခေါင်းတစ်ချက်ညိတ်လိုက်သည်။ ပြီးမှ…

"ကျွန်တော် ပြောရမှာပါ၊ အဘကို ကျွန်တော် ပြောရမှာပါပဲ၊ ကျွန်တော့်စိတ်ထဲမှာ ထိခိုက်နေလို့ပါ အဘရယ်…"

သူ့စကားများအတွက် ဦးရွှေမောင်းသည် သူ့ကိုကြည့်ရင်း


www.burmeseclassic.com

www.burmeseclassic.com



သူ့ထံမှစကားတွေကို နားထောင်နေဖြစ်၏။

"ဟင်း..ကျွန်တော် ဒီနေ့ပဲ ကျားပုံ့ဟိန်းကုမ္ပဏီကို ပြောင်းနေရမယ် အဘ၊ ပြီးတော့ ရွှေပုလဲတို့မောင်နှမတွေကိုလည်း ဒီမှာ ဆက်မထားရတော့ဘူး..."

"ဟင်..ဘယ်လို..."

"ကျွန်တော် ဒီလိုမှမလုပ်ရင် ဒီစက်ရုံကို ဘယ်တော့မှ လည်ပတ်နိုင်တော့မှာမဟုတ်ဘူး၊ ဒါကြောင့် သူတို့အကြိုက် ကျွန်တော် လုပ်ပေးရတာ၊ လိုက်လျောရတာပါ၊ အထူးသဖြင့်တော့ ရွှေပုလဲအတွက်ပါ၊ ဒီစက်ရုံတွေပြန်လည်ပတ်နိုင်မှ ရွှေပုလဲအတွက် အဆင်ပြေမယ်မဟုတ်လား အဘရယ်..."

"ဒီလိုလုပ်တဲ့သူက အဓိကဘယ်သူလဲ၊ ဦးဘဟိန်းလား"

"သူတို့မိသားစုတစ်ခုလုံးပဲဖြစ်မှာပါ..."

သူ့စကားကြောင့် စက်ရုံမှူးကြီးလည်း မပြောသာအောင် ဖြစ်သွားရ၏။ ပြီးမှ...

"ကျုပ် သဘောပေါက်ပါပြီ၊ သူတို့က ရွှေပုလဲတို့မောင်နှမကို ဒီမှာလက်ခံထားတာ သဘောမကျကြဘူး၊ မကျေနပ်ကြဘူးမဟုတ်လား..."

ဦးရွှေမောင်း စကားအတွက် သူ ခေါင်းညိတ်ပြသည်။

"အခု သူဌေး ဟိုမှာသွားနေမှာ အခိုက်အတန့်ပဲမဟုတ်လား၊ စက်ရုံတွေကို သူတို့ပြန်ဖွင့်ပေးတဲ့အခါကျရင် သူဌေး ပြန်လာမယ်မဟုတ်လား၊ တကယ်တမ်းကတော့ ရွှေပုလဲအတွက် သူဌေးက အနစ်နာခံပေးနေတာပဲမဟုတ်လား..."





သူ ခေါင်းညိတ်သည်။ ဦးရွှေမောင်းသည် သူ့ကိုမှာသည် စွာကြည့်ပြီး စကားဆက်သည်။

"တကယ်တော့ ရွှေပုလဲဟာ စိတ်ရင်းစေတနာဖြူစင် ကောင်းမွန်ပြီး၊ တကယ့်ကိုအရည်အချင်းရှိတဲ့မိန်းကလေးတစ်ယောက်ပါ သူဌေး..."

သူဌေး ခေါင်းညိတ်သည်။

"ကျုပ်ထင်တာတော့ ခုဖြစ်တဲ့ကိစ္စတွေဟာ လုံးဝမရိုးသားဘူးလို့၊ ဂိုဒေါင်ထဲက ကျုပ်တို့ပစ္စည်းတွေပျောက်တာနဲ့ ဒီကိစ္စတွေက ဆက်စပ်နေရမယ်လို့ ကျုပ် ထင်တယ်၊ ဒါပေမဲ့ လက်တွေ့ မပြနိုင်သေးလို့ ကျုပ် ဘာမှမပြောနိုင်သေးဘူး...

ကောင်းပါတယ် သူဌေး၊ ဒီစက်ရုံတွေပြန်လည်ပတ်နိုင်ဖို့ ကိုပဲ အဓိကထားကြတာပေါ့၊ ရွှေပုလဲကိုလည်း နားလည်အောင် ကျုပ် ပြောပြပါမယ်..."

သူ ခေါင်းညိတ်လိုက်သည်။ အပြင်တွင်စက်ရုံမှူးကြီးနှင့် ကျော်ထိုက်ရှိန်းတို့ စကားတွေပြောနေဆဲ အိမ်ထဲတွင်မတော့ ရွှေပုလဲသည် ဝမ်းနည်းစွာမျက်ရည်များစီးကျနေရင်းမှ သရေသေတ္တာကြီးတစ်လုံးထဲသို့ ကျော်ထိုက်ရှိန်း၏အင်္ကျီများကို ထည့်ပေးနေရှာပါ၏။

သူဌေးလည်း သွားရတော့မည်။ မိမိတို့မောင်နှမတွေလည်း ဒီတိုက်ကြီးမှသွားရတော့မည်။ ဆေးရုံတက်နေရဆဲရှိသည့် မိခင်အတွက် မိမိတို့မောင်နှမတွေအတွက် အဆင်မပြေမှုတွေကို တွေးရင်း ရွှေပုလဲသည် စိတ်ဓာတ်ကျဆင်းအားငယ်ခြင်း ဖြစ်ရွဲ



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းနည်းရခြင်းတို့ဖြင့် မျက်ရည်များသည် ရေအလျှင်ကဲ့သို့ စီးဆင်းနေဖြစ်ရပါလေသတည်း…။

မှန်သည်။ နဂါးပျံကုမ္ပဏီတွင် သောကနှင့်ခံစားမှုများ လွှမ်းမိုးနေဆဲအချိန်များ၌ ကျားပျံဟိန်းကုမ္ပဏီ၏ တိုက်ကြီးတွင်ကား…

နံနက်ကော်ဖီသောက်ချိန်မို့ ထမင်းစားခန်းထဲတွင် ကျားပျံဟိန်းမိသားစုများ စုံနေရချေ၏။ စားပွဲထိပ်တွင် ဦးဘဟိန်းမျက်နှာထားကြီးနှင့်မှန်မှန်ကြီး စားသောက်နေသည်မို့ ချွေးမဖြစ်သူ ဒေါ်မြင့်မြင့်မိုးသည် စကားပွင့်ပွင့်မှမဆိုဝံ့၊ ကုပ်ကုပ်လေးရှိနေရ၏။

ယမင်းခင်သည်ကလည်း သူမ၏ထုံးစံအတိုင်း ယဉ်ကျေးသလို၊ သိမ်မွေ့သလို၊ နှိမ့်ချသလိုနှင့်စိတ်ထဲမတော့ ကျေနပ်မှုတွေနှင့် သူမမျက်နှာအသွင်သည် ငြိမ်ငြိမ်ကလေးနှင့်အေးဆေးသကဲ့သို့ ရှိနေလေ၏။

အဘိုးချစ်မြေးဖြစ်သည့် နဒီသည်ကလည်း သူမ၏ထုံးစံအတိုင်းပါပင်၊ နဒီသည် ပွင့်ပွင့်လင်းလင်း၊ စပ်စပ်စုစုနှင့်စကားကိုကျယ်လောင်ကျယ်လောင် ပြောတတ်သည်မို့ ယခုလည်း စားရင်းသောက်ရင်းမှ သူမတစ်ယောက်တည်းသာ စကားတွေဆိုနေလေ၏။

"ဘိုး…စားလို့ကောင်းရဲ့လား…"

"မဆိုးပါဘူး၊ ခံတွင်းအတွေ့ကြီးတော့မဟုတ်ဘူး…"

"ဘိုး…အဲဒါစားကြည့်ပါလား၊ ဟိုဘက်ခြံကလာပေးထားတာ၊ ဆိတ်သားခြောက်တဲ့၊ ကောင်းတယ်၊ မဆိုးဘူး ဘိုးရဲ့၊





ရော့…စားကြည့်…"

"အေး…မဆိုးဘူး ဟုတ်တယ်၊ ဒီလိုမှန်းသိရင် စောစောက ထမင်းကြော်လေးနဲ့စားပါတယ်…"

"ဖေဖေ အခုစားမလား၊ မိုး သွားယူလိုက်မယ်လေ…"

"နေနေ…ငါ ဗိုက်ပြည့်နေပြီ…"

အဘိုးနှင့်မြေးစကားပြောစဉ်ကတော့ ဟုတ်လို့၊ ချွေးမနှင့်ကျတော့ အဘိုးကြီးက ခပ်ပြတ်ပြတ်ပင်ဆိုသည်။ ယမင်းခင်သည်က စိတ်ထဲသဘောကျ၍နေ၏။

"သြော်…ဒါနဲ့ မောင်ကျော်ထိုက်ရှိန်းက ဘယ်နေ့လာမှာလဲကွဲ့…"

"ဒီနေ့ပဲ ဘိုးဘိုး …"

ဦးဘဟိန်းစကားအတွက် ယမင်းခင် ဆိုသည်။ နဒီသည် ကျော်ထိုက်ရှိန်းအမည်ကြား၍ အံ့သြစိတ်ဝင်စားသွားရရင်းက…

"ဟင်…ဘိုး၊ ဘာလဲ၊ ကိုကိုက ဘယ်ကိုလာမှာလဲဟင်၊ ဒီကိုလား၊ ဟုတ်လား ဘိုး…"

"အင်း…အေးကွဲ့၊ ဘိုးဘိုးတို့ကုမ္ပဏီကို ပြောင်းလာမယ်၊ ပြီးတော့ သူ ဒီမှာပဲနေမှာတဲ့…"

"ဟင်…ဟုတ်လား၊ ဝမ်းသာလိုက်တာ ဘိုးဘိုးရယ်…"

"သမီး နဒီ၊ ကိုယ့်ရဲ့ကျွန်ုပ်သိက္ခာနဲ့နေစမ်းပါကွယ်၊ သမီးလုပ်ပုံက သိပ်ကျွန်ုပ်ပျက်တာပဲ၊ အရှက်နည်းတယ်…"

"အေး…ငါ့မြေးကိုပဲမပြောနဲ့၊ ဒီအိမ်မှာ ဘယ်သူတစ်ယောက်ကဂုဏ်သိက္ခာရှိလို့လဲ၊ ဘယ်သူတစ်ယောက်က ကြွေနိုး

www.burmeseclassic.com

လို့လဲ၊ ဘယ်သူတစ်ယောက်က အရှက်ရှိလို့လဲ၊ သစ္စာရှိလို့လဲ၊ စောင့်စည်းမှုရှိသလဲဆိုတာ ကိုယ့်ကိုယ်ကို ပြန်စဉ်းစားကြ…”

ထိုစကားများအား တစ်လုံးချင်း၊ တစ်ခွန်းချင်းဆိုပြီးနောက် ဦးဘဟိန်းသည် ထိုင်ရာမှထကာ ထမင်းစားခန်းထဲမှ ထွက်သွားလိုက်ပါတော့၏။

ဦးဘဟိန်းပြောသွားသော စကားများကြောင့် ယမင်းခင်နှင့်ဒေါ်မြင့်မြင့်မိုးတို့သည် စိတ်တွေလှုပ်ရှား၊ မလုံလဲစွာဖြင့် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်သည်။ ဒေါ်မြင့်မြင့်မိုး၏ အကြည့်သည် မခံမရပ်နိုင်ခြင်းနှင့်တင်းမာနေသော်လည်း လှုပ်ရှားနေဟန်ကပေါ်လွင်နေသည်ပါ။ ယမင်းခင်သည်က ထုံးစံအတိုင်း ငြိမ်လျှက်ရှိ၏။

× × × × ×

ကျားပျံဟိန်းကုမ္ပဏီကြီး၏ ရုံးခန်းကြီးတစ်ခုတွင် ကျော်ထိုက်ရှိန်းသည် ငူငူကြီးပင်ထိုင်နေလေ၏။ တစ်ဆက်တည်းလည်း ယမင်းခင်မည်သော အမျိုးသမီးသည် မိမိအားဘာတွေပြောဦးမည်ကို စဉ်းစားနေဖြစ်၏။

သူ စဉ်းစားနေဆဲပင် ယမင်းခင်သည် သူ့ရုံးခန်းထဲသို့ ဝင်ရောက်လာသည်။ ယမင်းခင်သည် ကျော်ထိုက်ရှိန်းကိုတွေ့သည်တွင် ကျေနပ်စွာပြုံးဖြစ်ရင်း…

“အစ်ကိုက ကတိတည်သားပဲနော်၊ ချက်ချင်းကိုပြန်ရောက်လာတာပဲ၊ ဒါနဲ့··ရွှေပုလဲတို့ မောင်နှမတွေကိုရော၊ ပြောင်း





ရွှေ့ကြဖို့အစ်ကို ပြောခဲ့တယ်မဟုတ်လားဟင်…

သူတို့အမြန်ဆုံးပြောင်းမှဖြစ်မယ် အစ်ကို၊ သူတို့နေနေသရွေ့ ဘိုးဘိုးနဲ့တီတီမိုးတို့က ကျေနပ်ကြမှာမဟုတ်ဘူး၊ ပြီးတော့ အစ်ကိုနဲ့ယမင်းတို့ရဲ့ မင်္ဂလာပွဲကိုလည်း အမြန်ဆုံးဖြစ်စေချင်နေတယ်…”

ယမင်းခင်တစ်ယောက် ဘာပဲပြောပြော ကျော်ထိုက်ရှိန်းကား မည်သည့်စကားမှပြန်၍မဆို၊ သူ့အသွင်သည် ကိုယ်နှင့်စိတ်ကင်းကွာနေသလိုလိုရှိသော်လည်း ယမင်းခင် စကားတွေကိုတော့ သူ နားထောင်ရင်း စဉ်းစားတွေးတောနေဖြစ်ရသည်ပါ…။

ကျားပျံဟိန်းမိသားစုနှင့်လည်း သူ့အနေနှင့်တစ်ခါမှ တရင်းတနှီး ပူးပေါင်းဆက်ဆံခြင်းမရှိခဲ့တော့၊ ကျားပျံဟိန်းမိသားစုအကြောင်းတွေကို သူ ယဂဏနမသိသည်ကအမှန်…။

အဓိက,က အခြေအနေကောင်းကို ပြန်လည်ရရှိဖို့အတွက် သူ သည်းခံပြီးအောင့်အီးနေလိုက်မည်ဟူသော ဆုံးဖြတ်ချက်ဖြင့် သူသည် သက်မမောအား ချဖြစ်လိုက်ရလေ၏။

ထိုအခိုက်ပင် ရုံးခန်းထဲသို့ နဒီတစ်ယောက် ဝင်ရောက်လာသည်။ နဒီ၏အသွင်သည် သူ့ကိုတွေ့လိုက်ရ၍ လွန်စွာပျော်ရွှင်မြူးထူးနေ၏။ သို့သော်လည်း နဒီသည် ယမင်းခင်ကိုပါတွေ့လိုက်ရ၍ မျက်နှာတစ်ချက်ရှုသွားရရင်း မျက်စောင်းတစ်ချက်ထိုးလိုက်ပြီးမှ ယမင်းခင်အား အရေးမစိုက်သလိုသဘောထားလိုက်ပြီး…

“အစ်ကို နဒီ ဝမ်းသာလိုက်တာ၊ အခု အစ်ကို ဒီတို


www.burmeseclassic.com

www.burmeseclassic.com



ပြောင်းလာပြီဆိုတော့ နဒီ စိတ်ချမ်းသာသွားပြီ၊ အစ်ကိုနဲ့နဒီနဲ့ အနေနီးနေကြရပြီပေါ့ ဟီး..ဟီး၊ ဝမ်းသာလိုက်တာ၊ ဒီမနက်ဝဲ ကော်ဖီသောက်တဲ့အချိန်ကမှ အစ်ကို ဒီမှာလာနေမယ်ဆိုတဲ့ အကြောင်း နဒီ သိရတာ၊ အရမ်းဝမ်းသာတာပဲ ဟီး..ဟီး..."

ယမင်းခင်သည် ကျော်ထိုက်ရှိန်းနှင့်နဒီထံသို့ စိတ်ထဲမှပြုံးချင်နေသောအသွင်နှင့် ကြည့်နေလေ၏။ ကျော်ထိုက်ရှိန်းသည်က နဂိုကတည်းကမှ စိတ်ညစ်နေရတဲ့ကြားထဲ၊ နဒီကို တွေ့လိုက်ရ၍ ပို၍စိတ်ဆင်းရဲသွားရလေ၏။

နဒီသည်က ယမင်းခင်ရှိနေ၍ မလွှတ်မလပ်စကားပြောနေရခြင်းအတွက် ယမင်းခင်ထံ မျက်စောင်းတစ်ချက်ထိုးပစ်လိုက်ရင်း စကားတွေဆက်ပြောနေ၏။ နဒီတစ်ယောက် ဘာပြောပြော ကျော်ထိုက်ရှိန်းသည်က စိတ်ပျက်စွာနှင့်သာရှိနေ၏။

တီး..တီး..တီး...

ထိုအချိန်၌ပင် ယမင်းခင်၏ဟန်းဖုန်းလေးက မြည်လာသည်။ ယမင်းခင်သည် ပြတင်းတစ်ခုဆီလှမ်းခဲ့ပြီး ဖုန်းလေးဖွင့်ကာ နားထောင်လိုက်သည်။ ယမင်းခင် ပြောနေသောစကားအတွက် ကျော်ထိုက်ရှိန်းသည်လည်း စိတ်ဝင်စားစွာနားစွင့်ထားဖြစ်ရလေ၏။

"သြော်..ရွှေပုလဲလား၊ ပြော..."

"......."

"ကောင်းပြီလေ၊ တွေ့တာပေါ့..."

နာရီဆီတစ်ချက်ကြည့်ပြီး ယမင်းခင်ဆိုပြီးနောက် ဖုန်း





လေးကိုပိတ်လိုက်၏။ သည့်နောက်မတော့ ယမင်းခင်သည် ကျော်ထိုက်ရှိန်းနှင့်နဒီကိုပင် ဘာမှမပြောခဲ့တော့ဘဲ၊ ရုံးခန်းထဲမှလှမ်းထွက်သွားလိုက်ပါတော့၏။

× × × × ×

ဖုဂျီအအေးနှင့်စားသောက်ဆိုင်တစ်ခုတွင်ပါ။ ထုံးစံအတိုင်း ဖုဂျီဆိုင်လေးသည် ဆိတ်ငြိမ်ခြင်းနှင့်သပ်ယပ်သန့်ရှင်း၏။ ကြားအချိန်လေးမို့ ဆိုင်ထဲတွင်လူကရှင်း၍နေသည်။

စားပွဲတစ်နေရာတွင်မတော့ ရွှေပုလဲနှင့်ယမင်းခင်သည် မျက်နှာချင်းဆိုင်ထိုင်နေဖြစ်ရင်း တစ်ယောက်ကိုတစ်ယောက် ကြည့်နေလေ၏။ ရွှေပုလဲသည် မိမိဘေးနားတွင် မောင်အငယ်ဆုံးလေး၏တွန်းလှည်းလေးကိုထားပြီး ဝမ်းနည်းမှုတွေဖြင့် မျက်ရည်တို့ဝဲ၍နေ၏။ ယမင်းခင်သည်က ထုံးစံအတိုင်း ဟန်ဆောင်စိတ်ကိုချုပ်တည်း၍ ငြိမ်နေဖြစ်သည်။

"မယမင်း ရွှေပုလဲတို့မှာ အခက်အခဲတွေနဲ့တော်တော်ရင်ဆိုင်နေရတယ်၊ သူဌေးကလည်း မယမင်းတို့ရဲ့ကုမ္ပဏီကို ပြောင်းသွားရတယ်၊ နဂါးပျံရဲ့စက်ရုံတွေကလည်း ချိတ်ပိတ်ခံထားရတယ်ဆိုတော့...

တခြားလူတွေအတွက် ဒုက္ခမဖြစ်ပေမယ့် ရွှေပုလဲတို့မောင်နှမတွေအတွက် တော်တော်ဒုက္ခဖြစ်နေတယ်၊ ရွှေပုလဲ အပြင်ကလုပ်နေတဲ့အလုပ်ရဲ့ဝင်ငွေကမှ မောင်နှမစားဖို့သောက်ဖို့လောက်ရတာ...



www.burmeseclassic.com

www.burmeseclassic.com



မောင်လေးတွေရဲ့ကျောင်းစရိတ်၊ မေမေရဲ့ဆေးဖိုးဝါး စရိတ်တွေ လုံးဝမရှိဘူး၊ မေမေရဲ့အသက်ကို အချိန်ဆွဲတဲ့အနေနဲ့ ဆေးပဲထိုးထားရတာ၊ ဒီဆေးကလည်း ဘယ်လောက်ကြာကြာ ထိုးနေနိုင်မှာလဲ၊ မေမေ့ရောဂါက ခွဲစိတ်ကုသနိုင်မှပျောက်မှာ--

ရွှေပုလဲ တောင်းပန်ပါတယ် မယမင်းရယ်၊ မယမင်းကို ကျေးမွေးပြုစုခဲ့တဲ့ကျေးဇူးကြောင့် မေမေ့မျက်နှာကိုထောက်ပြီး မယမင်း ကူညီပေးပါလား၊ မယမင်း ကူညီရင်ရမယ်လို့ ရွှေပုလဲ ယုံကြည်တယ်...

နဂါးပျံစက်ရုံ ပြန်လည်ပတ်ခွင့်ရမယ်ဆိုရင် ရွှေပုလဲတို့ အခြေအနေပြန်ကောင်းလာမှာပါ၊ စက်ရုံပြန်လည်ပတ်နိုင်ဖို့အတွက် မယမင်း ကူညီပါနော်...

ဘိုးဘိုးကိုပြောပေးပါလား၊ မယမင်းကို ဘိုးဘိုးက ချစ်တာပဲ၊ မယမင်း ပြောရင် ဘိုးဘိုးကရပါတယ်၊ ကျေးဇူးပြုပြီး ရွှေပုလဲတို့ကို ကူညီဖို့အတွက် ဘိုးဘိုးကို ပြောပေးပါနော်၊ ရွှေပုလဲ ယုံကြည်ပါတယ်၊ မယမင်းက ပြောရင် ဘိုးဘိုးက ကူညီမှာပါ..."

"ဟင်း..ရွှေပုလဲ ရမယ်မထင်ဘူး၊ ဘိုးဘိုးရဲ့ချွေးမက လည်း သိပ်ဆိုးတယ်၊ ခလိုဖြစ်အောင်လုပ်တာက ဘိုးဘိုးရဲ့ချွေးမ ကအဓိကပဲ၊ ဒါနဲ့ နင်တို့ဟိုအိမ်မကိုပြောင်းပါလား၊ အဲဒီအိမ်ကို ရောက်သွားရင် နင်တို့ကို ငါ ထောက်ပံ့ပေးမှာပေါ့...

နင်တို့ အဲဒီအိမ်ကိုပြောင်းမှဖြစ်မယ်၊ နို့ဖြစ်ဆိုရင်တော့ ငါ မကူညီနိုင်ဘူး၊ ငါလည်း သူတို့မျက်နှာကိုပဲကြည့်ပြီးနေရတာ လေ..."





ယမင်းခင် စကားအဆုံး ရွှေပုလဲ ထိုင်ရာမှထလိုက်သည်။ ယမင်းခင်လည်း ထိုက်ထဖြစ်၏။ ရွှေပုလဲသည် နီရဲ၍အရည်ကြည် တို့စို့ရွှဲနေသောမျက်ဝန်းလေးတွေနှင့် ယမင်းခင်ထံ စေ့စေ့ကြည့် လိုက်ပြီးမှ...

"နင် ဘာမှမကူညီနိုင်ဘူးလို့ ပြောလိုက်ပါ၊ နင် ဒီကနေ့ အထိ ငါတို့ကို ဘာတစ်ခုမှမကူညီဖူးခဲ့ပါဘူး၊ ငါ ဒီကနေ့အထိ စဉ်းစားလို့မရတာတစ်ခုရှိတယ်၊ မေမေဟာ ဘာကြောင့် နင့်မျက် နှာကိုတောင် မကြည့်ချင်သလဲဆိုတာပဲ...

ငါ့အမေလည်း မကြာခင်သေတော့မှာပါ၊ နင့်ကိုမွေးစား ခဲ့တဲ့ ငါ့အမေရဲ့ကျေးဇူးကို နင် တစ်ခါမှမဆပ်သေးဘူး၊ နင် ယူလာပေးတဲ့စားသောက်စရာတေနဲ့ငွေတွေကိုတောင် ငါ့အမေက မစားမသောက်၊ မသုံးမစွဲတာ နင် ဝယ်ပေးတဲ့အိမ်မှာ ငါ့အမေ နေဖို့ဆိုတာဘယ်လိုဖြစ်နိုင်မလဲ...

နင်ဟာ ငါ့အမေစိတ်ဆင်းရဲအောင် တမင်လုပ်နေတာ လား၊ ငါ့အမေကို နင် အမြန်ဆုံးသေစေချင်နေတာလား၊ နင့်ကို ငါ သိပ်အံ့သြတယ်..."

ပြောရင်းကဒေါသတွေထွက်လာ၍ ရွှေပုလဲသည် စကား အဆုံး စားပွဲထက်တင်ထားသည့်ရေခွက်နှင့် ယမင်းခင်မျက်နှာဆီ သို့ ဖျတ်ခနဲပက်ပစ်လိုက်၏။

သည့်နောက်မတော့ ရွှေပုလဲသည် မောင်လေးဇော်လှ... ကလေးကိုတွန်းကာ ဖူဂျီဆိုင်ထဲမှလှမ်းထွက်သွားလိုက်လေတော့... ယမင်းခင်ကား ဟန်လုပ်တင်းဆည်နေရသော မထုံတက်...



www.burmeseclassic.com

www.burmeseclassic.com



နှင့်နေရာ၌ခြေစုံရပ်ကာ သူမမျက်နှာထက်၌ ရေတွေရောမျက်ရည်တွေကောရောကာ စီးကျနေလေ၏။

မှန်သည်။ ယမင်းခင်သည် ရွှေပုလဲ စကားများအတွက် ဝမ်းနည်းစွာငိုရှိုက်နေမိသည်ကအမှန်ပါ။ စီးကျနေသည့်မျက်ရည်တွေနှင့်ရေတွေကိုလည်း သူမ မသုပ်ဘဲသည်အတိုင်းပင်နေနေဖြစ်၏။

× × × × ×

ကိုယ်ရောစိတ်ပါ ဆင်းရဲပင်ပန်းခြင်းနှင့်ထိခိုက်ဝမ်းနည်းကြေကွဲရခြင်းတွေကြောင့် ရွှေပုလဲကား လှုပ်ပင်မလှုပ်နိုင်တော့လောက်အောင်ရှိနေရချေ၏။

ရွှေပုလဲမှာ မောင်လေးကို စက်ရုံမှူးကြီးဆီ သွားပေးထားပြီး အိပ်ရာထဲတွင်လဲနေရရှာသည်။ လူကအိပ်ရာထဲလှဲနေပြီဖြစ်သော်လည်း ရွှေပုလဲစိတ်ကဖြင့် မလှဲသေး၊ ရွှေပုလဲသည် ယခု မိမိဒုက္ခအခက်အခဲနှင့်ရင်ဆိုင်နေရပြီမို့ မိမိဘာလုပ်ရင်ကောင်းမလဲ ဘာလုပ်ရမလဲစသည်ဖြင့် တွေးနေဖြစ်၏။

နောက်ဆုံး ရွှေပုလဲသည် ဒေါက်တာ စိုးဝေကိုသတိရလိုက်မိသည်။ ရေနစ်သူအဖို့ ကောက်ရိုးတစ်မျှင်ကိုပင်ဆွဲရသေးသည်မို့ ဒေါက်တာ စိုးဝေလိုလူတစ်ယောက်အား ရွှေပုလဲသည်ခုမှပင်သတိရလိုက်မိ၍ မိမိကိုယ်ကိုပင် မိမိ မကျေမနပ်ဖြစ်ရ၏။

ရွှေပုလဲသည် အဖျားရှိန်တွေတက်လာ၍ မျက်နှာလေးတစ်ခုလုံးနီရဲနေရပြီး၊ တစ်ကိုယ်လုံးမှာ မလှုပ်နိုင်အောင် နာကျင်





ကိုက်ခဲနေသည့်ကြားမှပင် စိတ်ကိုတင်းရင်း ဒေါက်တာ စိုးဝေထံ ဖုန်းဆက်ဖြစ်ရလေ၏။

ကရင်း··ရင်း··ရင်း···

ဂျူတီကုတ်ထဲမှ ဟန်းဖုန်းလေးမြည်လာ၍ ဒေါက်တာ စိုးဝေသည် ဖုန်းလေးနှိုက်ယူကာ နားထောင်လိုက်သည်။

"ဟဲလို···"

"·········"

"ဟင်···"

တစ်ဘက်မှပြောလိုက်သော စကားသံကြောင့် ဒေါက်တာ စိုးဝေသည် ဖုန်းလေးကိုပိတ်ပြီး ချက်ချင်းပင်ဆေးရုံမှပြေးထွက်ခဲ့လိုက်ပါတော့သတည်း···။

တအောင့်ခန့်ကြာသည်တွင် ဒေါက်တာ စိုးဝေသည် နဂါးပုံတိုက်ကြီးဆီသို့ ရောက်လာခဲ့သည်။ တိုက်ကြီး၏ဧည့်ခန်းထဲသို့ ဝင်လိုက်သည်နှင့်ပင် လှေကားအတက်အဆင်းအောက်နားမှ ဒေါင့်ကလေးတွင် အိပ်ပျော်နေသည့် ရွှေပုလဲအသွင်နွမ်းနွမ်းလေးအားသူ တွေ့လိုက်ရလေ၏။

ဒေါက်တာ စိုးဝေသည် ရွှေပုလဲထံကြည့်ပြီး စိုးရိမ်သွားရသည်။ ရွှေပုလဲ မျက်နှာလေးသည် အားဆုတ်ဖြူရော်နေရှာသည်မဟုတ်ပါလား။ အဖျားရှိကြောင်းလည်း ရွှေပုလဲသည် တဟီးဟီးညည်းတွားရင်းမှ အိပ်ပျော်နေရှာသည်ပါ···။

ဒေါက်တာ စိုးဝေသည် ရွှေပုလဲ၏နဖူးလေးနှင့်လက်ကောက်ဝတ်လေးဆီ စမ်းကိုင်ကြည့်လိုက်သည်။ အဖျားတွေတက်



www.burmeseclassic.com

www.burmeseclassic.com



နေသည်ကိုသိလိုက်ရ၏။

ချက်ချင်းပင် ဒေါက်တာ စိုးဝေသည် ထမင်းစားခန်းဘက် ဝင်ခဲ့ပြီး ဇလုံတစ်လုံးထဲသို့ ရေခဲသေတ္တာထဲမှရေခဲတုံးတွေကို ထုတ်လိုက်သည်။ ပြီးတော့ သူ့ဘောင်းဘီအိတ်ထဲမှ ယောကျ်ားကိုင်လက်ကိုင်ပဝါကိုထုတ်ပြီး ရေခဲတုံးတွေထုပ်ပြီးနောက် ရွှေပုလဲ၏နဖူးလေးထက် သူ တင်ထားပေးလိုက်၏။

နာရီဝက်ခန့် သူ ရေခဲတင်ပေးလိုက်သည်။ ပြီးတော့ ဆေးတိုက်ရန် သူ ဆေးတွေကိုစီစဉ်လိုက်သည်။ ဆေးနှင့်ရေကို အသင့်လုပ်ထားပြီးမှ ရွှေပုလဲကိုယ်လေးကိုထူထောင်ပေးပြီး ဆေးကိုတိုက်လိုက်၏။

ရွှေပုလဲကား ဆေးသာသောက်လိုက်ရသည်။ ဘာမှန်းမသိရှိကာ ပြန်၍အိပ်ပျော်သွား၏။ ရွှေပုလဲအဖျားကျမည့်အချိန်ကို ဒေါက်တာ စိုးဝေသည် အနီးတွင်ပင်ထိုင်စောင့်ကြည့်နေလေ၏။ ရွှေပုလဲကို စောင့်ကြည့်နေပြီးမှ ဒေါက်တာ စိုးဝေသည် တိုက်ကြီးတစ်ဆောင်လုံးကို လှေ့လာကြည့်ဖြစ်သည်။

တိုက်ကြီးသည်ဆိတ်ငြိမ်၍ သွေ့နေသည်ကို သူ သတိထားဖြစ်ရ၏။ ကိုကျော်ထိုက်ရှိန်းကိုလည်း သူ မမြင်၍အံ့ဩနေဖြစ်ရသည်။

သုံးနာရီခန့်ကြာသည်တွင် ရွှေပုလဲကားနိုးလာပါပြီ။ ရွှေပုလဲအသွင်လေးသည်ကဖြင့် နွမ်းရော်နေဆဲပါ။ ရွှေပုလဲသည် ဒေါက်တာ စိုးဝေအား အနားတွင်တွေ့လိုက်ရသည်တွင်မတော့ဝမ်းနည်းအားငယ်စိတ်တွေဖြင့် မျက်ရည်များစီးကျလာရလေ၏။





ဒေါက်တာ စိုးဝေသည် မြစ်နှစ်သွယ်စီးဆင်းနေသော ရွှေပုလဲ၏မျက်နှာဝင်းဝင်းလေးဆီ ငေးကြည့်နေပြီးမှ…

"သက်သာသွားပြီလား ညီမ…"

"ကျေးဇူးတင်ပါတယ် အစ်ကို၊ ရွှေပုလဲအတွက် အားကိုးမယ့်သူမရှိတော့သလို ရွှေပုလဲ ခံစားရတယ်၊ အစ်ကို့ကိုတွေ့လိုက်တော့ ရွှေပုလဲ အားတက်သွားပါတယ်…"

"ဘယ်လိုတွေဖြစ်တာလဲ၊ ဘယ်တုန်းကတည်းက နေမကောင်းဖြစ်တာလဲ၊ ကိုကျော်ထိုက်ရှိန်းကရော ဘယ်သွားနေလဲ၊ ကြည့်ရတာ အိမ်ကအရင်နဲ့မတူသလိုခံစားရလို့မေးတာပါ…"

"ဟုတ်တယ် အစ်ကို၊ အစ်ကိုပြောတာမှန်တယ်၊ အရင်နဲ့မမတူတော့တာ၊ သူ့ငွေးလည်း ဒီမှာမရှိတော့ဘူး၊ စက်ရုံတွေလည်း ချိတ်ပိတ်ခံလိုက်ရပြီ၊ ရွှေပုလဲတို့လည်း ဒီကနေပြောင်းရတော့မယ်၊ ရွှေပုလဲ ဘာလုပ်လို့လုပ်ရမှန်းမသိတော့ဘူး အစ်ကို…"

"ဟင်..ဘယ်လို..ဘယ်လိုဖြစ်ရတာလဲ၊ အစ်ကို့ကို ပြောပြပါဦး…"

ဒေါက်တာ စိုးဝေဆိုသည်တွင် ရွှေပုလဲသည် မျက်ရည်ဆွေစီးကျလာရင်းမှ စိတ်ဓာတ်ကျဆင်းနေရှာသောအသွင်လေးနှင့် ဖြည်းဖြည်းချင်းစကားတွေကို ဆိုဖြစ်၏။ ရွှေပုလဲသည် ကိုဒေါင်းထဲမှပစ္စည်းတွေပျောက်ရာမှအစ၊ ကိုကျော်ထိုက်ရှိန်း အဖမ်းခံရသည့်အကြောင်း ယမင်းခင်ထံ အကူအညီသွားတောင်းသော်လည်း မရခဲ့သည့်အဆုံး ခံစားချက်နှင့်အကြောင်းအရာတွေကို ပြောပြလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာ စိုးဝေသည် ရွှေပုလဲ ပြောမြဲသောစကားတွေအတွက် လွန်စွာမှစိတ်ထိခိုက်သွားရရင်း ရွှေပုလဲ၏မျက်ရည်စတွေကို သူ ကြင်နာစွာသုပ်ပေးလိုက်သည်။ ပြီးမှ သူသည် ခံပြင်းစွာနှင့်စကားတစ်ခွန်းကို ဆိုလိုက်၏။

"ညီမ··ရွှေပုလဲ မပူပါနဲ့၊ ညီမ မသိသေးတဲ့အကြောင်းအရာတစ်ချို့ကို အစ်ကို သိထားတာကြာပြီ၊ အစ်ကို ကူညီပါ့မယ်"

"အကြောင်းအရာ···"

"အစ်ကို့ကို မမေးပါနဲ့ဦး၊ ညီမ အရင်ဆုံးနေကောင်းအောင်သာလုပ်ပါ၊ ညီမတို့မောင်နှမတွေအားလုံး အစ်ကို့အိမ်ကို ခဏလိုက်နေကြပါ၊ မကြာခင် အားလုံးအဆင်ပြေသွားစေရပါ့မယ်၊ အစ်ကို ကူညီပါ့မယ်၊ ညီမ စိတ်ချမ်းသာအောင်နေလိုက်ပါ···"

ရွှေပုလဲသည် ဒေါက်တာ စိုးဝေမျက်နှာချောချောဆီ နားမလည်စွာကြည့်နေဖြစ်လိုက်လေ၏။

× × × × ×

ညရှစ်နာရီထိုးပြီမို့ ရွှေပုလဲကိုယ်စား မောင်လေးတွေကို ဒေါက်တာ စိုးဝေပင် ပုံပြောပြချော့မော့ပြီး သိပ်လိုက်ရသည်။ ကလေးတွေအိပ်ပျော်သွားသည်နှင့် ဒေါက်တာ စိုးဝေသည် ရွှေပုလဲကို ဆေးထိုးဆေးတိုက်ပြီး ဆေးသွင်းပေးထားလိုက်သည်။

"ဘာမှမတွေးနဲ့၊ နေကောင်းအောင်အရင်ကြိုးစားရမယ်၊ နေကောင်းသွားမှာပါ၊ အစ်ကို့စကားကို နားထောင်နော်···"

ဆေးသွင်းထားပေးပြီး ရွှေပုလဲကို ကြင်နာပြုံးနှင့်ကြည့်





ကာ သူ ဆိုသည်။ ပြီးတော့ သူသည် အိမ်ရှေ့ဘက်သို့ခဏထွက်သွားလိုက်သည်။ ဒေါက်တာ စိုးဝေတစ်ယောက် အပြင်ထွက်သွားသည်တွင် ရွှေပုလဲသည် ဒေါက်တာ စိုးဝေ အိပ်ရာထက်၌မှိန်မှိန်နေနေရခြင်းအတွက် အားနာစိတ်တွေဖြစ်ပေါ်ရင်း···

တစ်ချိမ်တော့အကြည့်သည် ခေါင်းရင်းဘက်ရှိစာကြည့်စားပွဲဆီရောက်ခိုက်၊ စားပွဲထက်မှထောင်ထားသည့် ဓာတ်ပုံလေးဆီ ငေးကြည့်ဖြစ်သွားရ၏။

ဓာတ်ပုံလေးသည်က ဒေါက်တာ စိုးဝေနှင့်ယမင်းခင်တို့ ချစ်သူနှစ်ဦး တွဲရိုက်ထားသည့်ဓာတ်ပုံလေးပါ။ ရွှေပုလဲသည် ဓာတ်ပုံလေးဆီကြည့်ရင်း နားလည်ရခက်သည့် ယမင်းခင်အတွက် ဒေါက်တာ စိုးဝေ၏တည်ငြိမ်ငြိမ်သက်စွာနေတတ်သည့်အသွင်အား သနားစာနာနေဖြစ်ရလေ၏။

ရွှေပုလဲတစ်ယောက် ဒေါက်တာ စိုးဝေအတွက် စိတ်မကောင်းဖြစ်နေဆဲပင် ဒေါက်တာ စိုးဝေသည် အခန်းထဲပြန်ဝင်လာပြီး···

"နေသာရဲ့လား ညီမ···"

"ဟုတ်ကဲ့···"

"အစ်ကို အခုပဲ ကိုကျော်ထိုက်ရှိန်းဆီကို ဖုန်းဆက်လိုက်တယ်၊ ညီမ နေမကောင်းအတော်ဖြစ်နေတဲ့အကြောင်းနဲ့ ညီမတို့မောင်နှမကို အစ်ကို့အိမ်မှာခဏခေါ်ထားကြောင်း ပြောပြလိုက်တယ်···

သူက ကျေးဇူးတင်ပါတယ်တဲ့၊ ကြည့်ရှုစောင့်ရှောက်



www.burmeseclassic.com

www.burmeseclassic.com



ထားပေးပါတဲ့၊ ခုအချိန်မှာ သူ့အနေနဲ့ ဘာမှမတတ်နိုင်သေးလို့ပါတဲ့၊ သူ့စကားသံနားထောင်ရတာ သူလည်း စိပ်ဘဲထိခိုက်နေပုံရတယ်…”

ရွှေပုလဲ စကားမဆိုဘဲ ဒေါက်တာ စိုးဝေပြောသမျှစကားတွေကိုသာ နားထောင်နေဖြစ်လေ၏။ ရွှေပုလဲရင်ထဲမတော့ မိမိ၏သူ့ဌေးအတွက် စိတ်ထိခိုက်နေဖြစ်ရသည်ပါ။

အဘ ဦးရွှေမောင် ပြောပြထား၍ ရွှေပုလဲသည် သူဌေး၏ဆုံးဖြတ်ချက်ကိုသိထားရပြီးပါပြီ။ သည့်အတွက်ကြောင့်လည်း တစ်ကြောင်းနှင့်နေမကောင်း၍ ဘာမှမတတ်နိုင်သောကြောင့် ဒေါက်တာ စိုးဝေခေါ်ရာသို့ သဘောတူလိုက်ခဲ့ရခြင်းပါ…။

“စိတ်မပူပါနဲ့ ညီမ၊ တစ်ရက်ပါပဲ၊ ညီမနေကောင်းသွားမှာပါ…”

“အစ်ကို့ကို ကျေးဇူးအမြဲတင်နေပါတယ်၊ ရွှေပုလဲနဲ့ အစ်ကိုနဲ့စပြီးတွေ့စဉ်ကတည်းက အစ်ကိုဟာ ရွှေပုလဲကို အမြဲကူညီပေးခဲ့တဲ့သူမဟုတ်လား…”

ရွှေပုလဲစကားလေးအတွက် ဒေါက်တာ စိုးဝေသည် ချောမွေ့စွာပြုံးဖြစ်ရသည်။ တစ်ဆက်တည်းလည်း သူနှင့်ရွှေပုလဲတို့ကားပေါ်တွင်အတူအိပ်ခဲ့ကြရပုံလေးတွေကို မြင်ယောင်ကာ ကြည်နူးစွာ သူ ပြုံးဖြစ်ရလေ၏။

“အစ်ကို ဘာတွေပြုံးနေလဲဟင်…”

အမှားတွေတက်ထား၍ နွမ်းနယ်နေသောမျက်နှာလေးနှင့် သူ့ထံကြည့်ပြီး ရွှေပုလဲ မေးသည်။ သူသည် ရွှေပုလဲ၏လက်ကလေးကို ကြင်နာစွာဆုပ်ကိုင်ဖြစ်ရင်း…





“အစ်ကိုနဲ့ညီမနဲ့စပြီးတွေ့တဲ့အကြောင်းတွေပါ၊ အဲဒီတုန်းက ညီမဟာ တကယ့်ကိုချစ်စရာကောင်းတယ်၊ ခုတော့ ညီမဟာ ချစ်စရာ၊ သနားစရာ၊ ကြင်နာစရာပိုကောင်းနေရတဲ့ မိန်းကလေးတစ်ယောက်ဆိုတာ အစ်ကို ပိုသိလာရတယ်…”

“ဒါကတော့ ညီမ ကုသိုလ်နဲ့ညီမပါ အစ်ကိုရယ်၊ ဒါနဲ့ အစ်ကို့ကို ညီမပြောပြရဦးမယ်၊ ဒီနေ့နေ့လယ်လောက်က မယမင်းနဲ့ရွှေပုလဲ သွားတွေ့ခဲ့တယ်၊ တကယ်တော့ ရွှေပုလဲက ခုကိစ္စတွေအဆင်ပြေအောင်လုပ်ပေးဖို့အတွက် သူ့ဆီသွားပြီးအကူအညီတောင်းတာပါ၊ ရွှေပုလဲလည်း သူ့ကိုအားကိုးမိတယ်လေ…

ဒါပေမဲ့ သူက သူလည်းမတတ်နိုင်တဲ့အကြောင်းပြောလိုက်တယ်၊ ရွှေပုလဲ သူ့ကိုအထင်ကြီးခဲ့မိတယ်၊ သူ့ကိုယုံကြည်ခဲ့မိတယ်၊ သူ့ကိုအားကိုးခဲ့မိတယ်၊ ဒါပေမဲ့ သူ့ရဲ့မျက်နှာဟာ သိုးသူငယ်ဟန်ဆောင်ထားတဲ့ ဝံပုလွေမျက်နှာဆိုတာ ရွှေပုလဲ ခုမှသိလိုက်တော့တယ်…

ဒါကြောင့် ရွှေပုလဲ သူ့ကိုပြောခဲ့တယ်၊ နင့်ကို ငါ့အမေလုံးဝလက်မခံတာဘာကြောင့်လဲဆိုတာ၊ ခုထိ ငါ စဉ်းစားလို့မရခဲ့ဘူးလို့၊ ရွှေပုလဲ အရမ်းဝမ်းနည်းခဲ့တယ် အစ်ကို၊ သူ့စိတ်ကိုလည်း ရွှေပုလဲ သိပါတယ်…”

“ဟင်း…သူ့စိတ်ကို ညီမ လုံးဝမသိသေးဘူးလား၊ အားလုံးကို အစ်ကို သိပါတယ်၊ ဒါကြောင့် အစ်ကိုလည်း လုပ်သင့်တာတော့လုပ်ထားတယ်…”

“အစ်ကို ဘာသိတာလဲဟင်၊ အစ်ကို ဘာတွေလုပ်ထား



www.burmeseclassic.com

www.burmeseclassic.com



လဲ၊ အစ်ကို့ရှေ့မှာ သူ့အကြောင်းပြောရလို့ ရွှေပုလဲ အားနာပါတယ် အစ်ကို…"

"ထားပါကွယ်၊ ကဲ..ကဲ ညီမ အနားယူတော့နော်၊ ဘာမှ မတွေးဘဲနဲ့အိပ်ပျော်အောင်အိပ်လိုက်ပါ၊ အစ်ကို ညီမ ဆေးသွင်းထားတာကို စောင့်ကြည့်နေမယ်…"

သူတို့စကားသံတွေ တိတ်ဆိတ်သွားသည်။ ရွှေပုလဲသည် မျက်ဝန်းလေးအစုံမှိတ်ထားလိုက်သော်လည်း ဝမ်းနည်းသောစိတ်ကြောင့် မျက်ရည်တို့ယိုစိမ့်ထွက်လာရလေ၏။

ဒေါက်တာ စိုးဝေကား မျက်ရည်တို့စီးဆင်းနေသည့် ရွှေပုလဲ၏မျက်နှာလေးဆီသာ ငေးကြည့်နေဖြစ်လေ၏။ ။

ØØ ØØ ØØ



## - သုံးဆယ်ခုနစ် -

ကျားပျံဟိန်းကုမ္ပဏီကြီးရှေ့သို့ နောက်ဆုံးပေါ်ကားလေး သုံးစီးရပ်လာ၏။ ပြီးတော့ ကားပေါ်မှလူတွေအားလုံး ဆင်းလိုက်ကြသည်။ ပထမကားတွင် ဒေါ်မြင့်မြင့်မိုးနှင့်နဒီတို့ သားအမိ ဆင်းလာသည်။

ဒုတိယကားတွင် ယမင်းခင် ဆင်းလာသည်။ တတိယကားတွင်မတော့ သူဌေးကြီး ဦးဘဟိန်း ဆင်းလာ၏။

ဒေါက်တာ စိုးဝေသည် ကားတွေပေါ်မှအသီးသီး ကျားပျံဟိန်းမိသားစုတွေ ဆင်းလာကြသည်ကို ခပ်စိုက်စိုက်ကြည့်နေပြီးမှ သူတို့အားလုံး ကုမ္ပဏီထဲဝင်တော့မည်အပြု၌ ဒေါက်တာ စိုးဝေသည် ယမင်းခင်နှင့်ဦးဘဟိန်းတို့ရှေ့၌ ဘွားခနဲသွားရောက်ရပ်လိုက်လေ၏။

ဟင်…

ယမင်းခင်သည် ဒေါက်တာ စိုးဝေအား တွေ့လိုက်ရုံကြီးမျက်နှာတွေဖြူလျော်သွားသည်အထိ ထိတ်လန့်တုန်လှုပ်သွားလိုက်



www.burmeseclassic.com

www.burmeseclassic.com



ရလေ၏။ ဦးဘဟိန်းသည် ဒေါက်တာ စိုးဝေနှင့်ယမင်းခင်တို့ထံ တစ်လှည့်စီကြည့်လိုက်ပြီး ဒေါက်တာ စိုးဝေထံ လက်ညှိုးထိုးလိုက်လေ၍….

"ကျွန်တော် ဒေါက်တာ စိုးဝေပါခင်ဗျာ…"

ယမင်းခင် ပြောမည့်ဆဲဆဲ၊ ဒေါက်တာ စိုးဝေကိုယ်တိုင်ပင် ဝင်ရောက်ပြောလိုက်လေ၍ ယမင်းခင်သည် မျက်စိမျက်နှာတွေပျက်နေသည်အထိ စိတ်တွေလှုပ်ရှားကာ ငြိမ်သက်သွားရ၏။

"ဟင်..ဒေါက်တာ စိုးဝေ၊ ဒေါက်တာ စိုးဝေ…"

ဦးဘဟိန်းသည် စိတ်ဝင်စားဟန်နှင့် ဒေါက်တာ စိုးဝေမျက်နှာဆီကြည့်ကာ အမည်ကိုထပ်ထပ်ခေါ်နေလေ၍ ဒေါက်တာ စိုးဝေသည် ဦးဘဟိန်းနှင့်မျက်လုံးချင်းအတန်ကြာဆုံစည်းနေလိုက်ပြီးမှ…

"ဟုတ်ပါတယ်၊ ကျွန်တော် ဒေါက်တာ စိုးဝေပါ၊ ကျွန်တော် သူဌေးရဲ့မြေး မယမင်းခင်နဲ့ခဏလောက် တွေ့ချင်လို့ လာခဲ့တာပါ…"

"သြော်..ဟုတ်ပြီ..ဟုတ်ပြီ၊ မြေးရဲ့မိတ်ဆွေကိုး၊ ပြောပါ ပြောပါ၊ ကဲ..ငါ့မြေး ဘိုးဘိုး ဝင်နှင့်မယ်…"

ဦးဘဟိန်းဆိုပြီး ကုမ္ပဏီထဲဝင်သွားသည်တွင် ဒေါ်မြင့်မြင့်မိုးနှင့်နဒီတို့သည် ဒေါက်တာ စိုးဝေနှင့်ယမင်းခင်တို့ထံ လှမ်းကြည့်ပြီး ကုမ္ပဏီထဲဝင်ရောက်သွားလိုက်လေ၏။

ယမင်းခင်ကား စိတ်တွေလှုပ်ရှားစွာနှင့်ပင် ဒေါက်တာ စိုးဝေခေါ်ရာသို့ လိုက်ပါလာခဲ့ရလေ၏။





"အစ်ကို ယမင်းနဲ့တွေ့ချင်တာ ဘာကိစ္စလဲ၊ ယမင်းမှာ ခုအချိန်ကအလုပ်တွေအရမ်းများနေတာ…"

ကားမောင်းနေသည့် ဒေါက်တာ စိုးဝေထံကြည့်ပြီး မရဲတရဲလိုနှင့် ယမင်းခင် ဆိုသည်။ ဒေါက်တာ စိုးဝေသည် ယမင်းခင် စကားကြောင့် လမ်းဘေးတစ်နေရာတွင်ပင် ကားကိုရပ်လိုက်ပြီး…

"မင်း အလုပ်တွေရှုပ်နေတယ်ဆိုတာ ကိုယ် ယုံပါတယ်၊ မင်း ဘာအလုပ်တွေရှုပ်နေလဲဆိုတာလည်း ကိုယ် သိတယ်…"

"အစ်ကိုနော် ယမင်းကိုမရိပါနဲ့…"

"ကိုယ် မင်းကိုရိတယ်ဟုတ်လား၊ အဟွန်း..ကိုယ် မင်းကို ဒဲ့ပြောနေတာ၊ ဒီမှာ ယမင်း မင်းကို ကိုယ် ဒီလိုပဲလက်ပိုက်ပြီးကြည့်နေရတော့မှာလား၊ မင်း လုပ်ရပ်တွေကိုရပ်တန့်ကရပ်ပါ"

"အစ်ကို ယမင်းကို ဘာတွေပြောနေတာလဲ၊ ယမင်းနားမလည်ဘူး…"

နှစ်ဘက်စလုံးအိနေအထားတွေက တင်းမာ၍နေ၏။ ဒေါက်တာ စိုးဝေသည် ယမင်းခင်အား စေ့စေ့စူးစူးကြီးကြည့်လိုက်သည်။ ယမင်းခင်ကလည်း ဒေါက်တာ စိုးဝေအား တင်းတင်းထန်ထန်ပင် ပြန်ကြည့်၏။

"မင်း ဘာတွေလုပ်တယ်ဆိုတာ မင်းအသိဆုံး၊ မင်းကိုယ်မင်းလည်း မင်း အသိဆုံး…"

"အို..မသိဘူး..မသိဘူး၊ ယမင်းကို ဘာမှလာမပြောနဲ့၊ ယမင်းကို အခု ကုမ္ပဏီကိုပြန်ပို့ပါ…"



www.burmeseclassic.com

www.burmeseclassic.com



"အဟွန်း‥မင်း အရှည်အချင်းနဲ့မင်းက ကုမ္ပဏီအလုပ်ကို ဘယ်လောက်များလုပ်တတ်နေလို့လဲ၊ ဒီမှာ ယမင်း မင်း သူများတွေကို ဘယ်လောက်အထိဒုက္ခပေးနေဦးမှာလဲ၊ အထူးသဖြင့် ရွှေပုလဲကိုပေါ့…

ဘာလဲ၊ တကယ့်အဖြစ်မှန်တွေကို မင်းအနေနဲ့ တစ်သက်လုံးဖုံးမိထားနိုင်မယ်ထင်သလား၊ ဘာကြောင့် ဒေါင်းဟန်ဆောင်ချင်နေရတာလဲ ယမင်း၊ အဟောင်ဆောင်သမားတွေရဲ့ကျဆုံးခန်းကို မင်းလည်း ကြားဖူးနားဝရှိမှာပါ…"

"ဘာမှမပြောနဲ့၊ မပြောနဲ့၊ ယမင်းရဲ့အရှက်နဲ့ဂုဏ်သိက္ခာအတွက် ယမင်း အသက်နဲ့လဲပစ်လိုက်မယ်၊ အရှက်နဲ့ဂုဏ်သိက္ခာအတွက် လုပ်ကိုလုပ်ရမယ်၊ ယမင်းကို နားမချနဲ့…"

"မင်းလုပ်နေတာ အရှက်အတွက်မဟုတ်ဘူး၊ ဂုဏ်သိက္ခာအတွက်မဟုတ်ဘူး၊ မင်း လုပ်နေတဲ့အလုပ်က လူလိမ်၊ လူညာတွေရဲ့အလုပ်၊ ကောက်ကျစ်စဉ်းလဲတဲ့သူတွေရဲ့အလုပ်ကွ…"

အပြန်အလှန်ပင် သူတို့ အော်ပစ်လိုက်ကြသည်။ အနေအထားတွေကတင်းမာဆဲ…။

"မပြောနဲ့လို့ပြောတယ်မဟုတ်လား၊ ဘာမှမကြားချင်ဘူး…"

"အေး‥မပြောဘူး၊ မင်း ကြားထိုက်တဲ့စကားကိုတော့ ကြားရမယ်…"

စကားအဆုံး ဒေါက်တာ စိုးဝေသည် နေရာမှကားသို့ မောင်းထွက်ခဲ့လိုက်သည်။





"အစ်ကို ဘယ်ကိုမောင်းနေတာလဲ၊ ယမင်းကို ကုမ္ပဏီပြန်ပို့ပါ…"

ဒေါက်တာ စိုးဝေ စကားပြန်မဆိုတော့၊ အတွင်းသွားတွေကိုစေ့ပြီး ကားကိုသာဆက်မောင်းနေလိုက်၏။ တစ်အောင့်ခန့်ကြာသည်တွင် ဆေးရုံသို့ရောက်လာသည်။ ဒေါက်တာ စိုးဝေသည် ကားရပ်သွားသည်နှင့် ယမင်းခင်လက်ကိုဆွဲခေါ်ခဲ့သည်မှာ ဒေါ်ရွှေခင်ရှိသည့် အခန်းထဲအရောက်ပင်…။

အခန်းထဲဝင်ရောက်လာသည့် ဒေါက်တာ စိုးဝေနှင့်ယမင်းခင်တို့ထံ ဒေါ်ရွှေခင်သည် အံ့သြစွာကြည့်နေဖြစ်လေသည်။ ဒေါက်တာ စိုးဝေသည် ဒေါ်ရွှေခင်နှင့်ယမင်းခင်တို့ထံ ကြည့်လိုက်ပြီး…။

"ဒီမှာ ယမင်းခင်၊ မင်း မိခင်ရဲ့အခြေအနေက တစ်စတစ်စဆိုးနေပြီ၊ မင်း အမေရဲ့အသက်ကို မင်းအဆုံးခံလိုက်မလား‥

ဒေါ်ဒေါ် အခု ရွှေပုလဲက ဒုက္ခတွေနဲ့ရင်ဆိုင်နေရတယ်၊ အဲဒီလိုဒုက္ခတွေရောက်အောင်လုပ်နေတဲ့သူဟာလည်း သူပဲဆိုတာ ကျွန်တော် အတတ်ပြောရဲတယ်၊ အခု ရွှေပုလဲတို့ မောင်နှမအားလုံးကို ကျွန်တော့်အိမ်မှာ ကျွန်တော် ခေါ်ထားတယ်၊ သူ တော်တော်လေးနေမကောင်းဖြစ်နေတယ်…

ယမင်းခင် အခု သေမင်းနဲ့လက်တစ်ကမ်းမှာရှိနေတဲ့သူက ရွှေပုလဲအမေအဟုတ်ဘူး၊ အခု ငတ်တစ်လှည့်ပြတ်တစ်လှည့်ဖြစ်နေရတဲ့ကလေးတွေ အားလုံးကလည်း ရွှေပုလဲရဲ့မောင်လေးတွေမဟုတ်ဘူး၊ မင်းရဲ့အမေ၊ မင်းရဲ့မောင်လေးတွေ၊ မင်းတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ပဲ သူတို့တွေကို လျစ်လျူရှုထားတော့မလား…”

ဒေါက်တာ စိုးဝေ စကားများအတွက် ဒေါ်ရွှေခင်သည် အံ့ဩရင်း တုန်လှုပ်ရင်းဖြင့် မျက်ရည်များသည် မြင်မကောင်းအောင် စီးကျနေရသည်ပါ။ မှန်သည်။ ဒေါ်ရွှေခင်သည် မိုက်မဲလွန်းသည့် သမီးချောအား ဘာပြော၍ပြောရမှန်းမသိတော့အောင် အဖြစ်နှင့် ရှိုက်၍ပင်ငိုနေဖြစ်ရပါလေ၏။

“ဘာမှမပြောနဲ့၊ မပြောကြပါနဲ့၊ ဘာမှမပြောချင်ဘူး၊ ဘာပြောပြော ယမင်း လက်ခံမှာလည်းမဟုတ်ဘူး၊ ယမင်းကို ဘာနဲ့မှအခြိမ်းချောက်နဲ့၊ မေမေက မေမေ့အပြစ်နဲ့မေမေခံရတာ၊ ဒီကိစ္စတွေအတွက် ယမင်း အသက်နဲ့လဲဖို့လည်းဝန်မလေးဘူးလို့ ပြောထားပြီးသား…”

မိခင်နှင့်ချစ်သူရှေ့တွင် ယမင်းခင်သည် စကားကိုတစ်ခွန်းခြင်းဆိုသည်။ စကားတွေဆိုရင်း မျက်ရည်တွေသည်က တာကျိုးသကဲ့သို့အရှိန်ပြင်းစွာ စီးဆင်းနေရလေ၏။

“အီး..ဟီး..ဟီး၊ အီး..ဟီး..ဟီး..ဟီး…”

ဒေါ်ရွှေခင်သည် သမီးစကားအတွက် ရှိုက်ကြီးတငင်ပင် ငိုပစ်လိုက်သည်။

ဒေါက်တာ စိုးဝေကား ချစ်သူ ယမင်းခင်၏မျက်ရည်တွေ စီးကျနေသည့်မျက်နှာ၊ ငြိမ်၍တင်းမာနေသောမျက်နှာဆီသို့သာ မတတ်နိုင်တော့သော၊ စိတ်ဓာတ်ကျဆင်းရသော ထိခိုက်ရသော အကြည့်တွေနှင့်သာ ငေးမောကြည့်နေဖြစ်ရပါတော့သတည်း။

× × × × ×





အဖျားကလေးကျသည်နှင့်ပင် မိခင်ကို စိတ်ရှည်စွာ ရွှေပုလဲကား မောင်အငယ်ဆုံးလေးကိုခေါ်ပြီး မိခင်ထံသို့ရောက်လာခဲ့၏။ ရွှေပုလဲသည် အခန်းတံခါးဖွင့်ဝင်လိုက်သည်နှင့် ခုတင်ထက်၌ မိခင်ငိုနေသည်ကိုတွေ့လိုက်ရ၍ အံ့ဩစိုးရိမ်စိတ်တွေနှင့်ပြေးဖက်လိုက်ပြီး…

“မေမေ..မေမေ..မေမေ ဘာဖြစ်လို့ငိုတာလဲ၊ မေမေ ဘာဖြစ်လဲဟင်၊ မေမေ နေကောင်းရဲ့လား၊ မေမေ..မေမေ ရွှေပုလဲကိုပြောပြပါ၊ ဆရာဝန်တွေက မေမေ့ကို ဘာတွေပြောလိုက်ကြပြီလဲဟင်…”

“ဟီး..ဟီး..ဟီး..ဟီး၊ သမီး..သမီးလေး ရွှေပုလဲရယ်…”

“အဟင့်..ဟင့်..ဟင့် မေမေ ပြောပြပါ၊ ရွှေပုလဲ စိတ်ပူတယ်၊ မေမေ့ရောဂါအတွက် သမီးကို ဘာမှမကွယ်ဝှက်ပါနဲ့ မေမေရယ်၊ ဖြစ်နိုင်ရင် သမီးပဲသေချင်ပါတယ် မေမေ၊ မေမေသာ မရှိရင် မောင်လေးတွေအတွက်က ပိုပြီးအရေးကြီးပါတယ်၊ မေမေ့ကိုယ်စား သမီးပဲသေလိုက်ချင်တော့တယ် မေမေရယ်…”

သားအမိနှစ်ယောက်ဖက်ရင်း ငိုရှိုက်နေဖြစ်ကြသည်။ ရွှေပုလဲသည်က တတွတ်တွတ်ဆိုရင်း ငိုရှိုက်နေရသည်ပါ…။

ဟီး..ဟီး၊ ဟီး..ဟီး…

ဟီး..ဟီး၊ ဟီး..ဟီး…

ဒေါ်ရွှေခင်သည် ရွှေပုလဲကိုဖက်ရင်း ထိခိုက်ရလွန်း၍ သတိပင်လစ်မတတ် ငိုကြွေးနေဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ မငိုပါနဲ့၊ မေမေ မငိုပါနဲ့၊ မေမေ့သမီးတစ်ယောက်လုံးရှိတာပဲ၊ အခု သမီး နောက်ထပ်အလုပ်သစ်တစ်ခုကို ထပ်ရလာပြီ၊ ပြောပါဦး မေမေရယ်၊ မေမေ ဒီလောက်ငိုတာ ဆရာဝန်တွေက ဘာပြောလို့လဲဟင်···"

"သမီး··သမီးလေး ရွှေပုလဲရယ်···"

ဒေါ်ရွှေခင်သည် ထိခိုက်လွန်းစွာ ငိုနေလေ၍ ရွှေပုလဲသည် မိခင်ထံထိတ်လန့်စိုးရိမ်စွာ ကြည့်လိုက်ပြီး ထိုင်ရာမှထလိုက်ရင်းက···

"မေမေ မပြောရင် သမီး ဆရာဝန်တွေဆီအခုပဲသွားမေးလိုက်မယ်···"

"သမီး မဟုတ်ဘူး၊ မေမေ ငိုတာ မေမေ့ရောဂါနဲ့ဘာမှမဆိုင်ဘူး၊ သမီးကို မေမေ ငိုတဲ့အကြောင်းရင်းမှန်ကို ပြောပြပါမယ်၊ သမီး ထိုင်ပါ···"

မျက်ရည်တွေကိုသုပ်ပြီး ရွှေပုလဲကို ဆွဲထားရင်းမှ ဒေါ်ရွှေခင်သည် ရှိုက်၍ဆိုသည်။ ရွှေပုလဲသည် နားမလည်သောအကြည့်တွေနှင့်မိခင်ရှေ့တွင် ပြန်ထိုင်ဖြစ်ရင်း မိခင်မျက်နှာဖြူရော်ရော်ဆီ ငေးကြည့်နေဖြစ်ရသည်။

"သမီး ရွှေပုလဲ၊ မေမေ အခုပြောမယ့်စကားတွေက အမှန်ဆုံးစကားတွေပါ၊ သမီး မသိသေးတဲ့ သမီးရဲ့ဘဝမှန်အကြောင်းတွေပါ၊ သမီး နားဆောင်ပါ၊ ပြီးမှ သမီးဆုံးဖြတ်ပါ၊ မေမေကတော့ သမီးရဲ့ဆုံးဖြတ်မှုအောင်မှာပဲရှိပါ့မယ်···"

ဒေါ်ရွှေခင်သည် ရွှေပုလဲ၏လက်ကလေးတွေဆီ ဆုပ်





ကိုင်ရင်းမှ ထိခိုက်နာကြင်ရသော၊ ဝမ်းနည်းကြေကွဲရသောစကားတွေကို တဖြည်းဖြည်းခြင်းဆိုလေ၏။

"တကယ်တော့ သမီးဟာ မေမေကမွေးတဲ့သမီးမဟုတ်ဘူး···"

ကြားလိုက်ရသောစကားအတွက် ရွှေပုလဲ နှုတ်ခမ်းလေးဟာကာ မျက်ဝန်းလေးအစုံပါ ဝိုင်းစက်သွားရလေ၏။ ဒေါ်ရွှေခင်သည် ရွှေပုလဲ၏ဆံစလေးတွေကို ပွတ်သပ်ရင်း စကားဆက်ဆိုလေ၏။

"မေမေကမွေးတဲ့သမီးမဟုတ်လို့သာ၊ သမီးဟာ မေမေနဲ့သွေးချင်းမတူဘဲ မေမေ့အသက်ကို မကယ်နိုင်တာပေါ့ သမီးရယ်၊ ယမင်းခင်ကသာ မေမေ့သမီးအရင်းပါ၊ ပြီးတော့ ယမင်းခင်က အကြီးမဟုတ်ဘူး၊ ယမင်းခင်ထက် သမီးကို သမီးမေမေက နာရီဝက်စောပြီးမွေးခဲ့တယ်···

သမီးရဲ့မေမေက မရှိတော့ပေမယ့်၊ သမီးရဲ့အဘိုးရင်းက ရှိပါသေးတယ်၊ သမီးရဲ့အဘိုးအရင်းဟာ ဘယ်သူလဲဆိုတာ ကျားပျံ့ဟိန်းကုမ္ပဏီပိုင်ရှင်ကြီးပဲ၊ ကျားပျံ ဦးဘဟိန်းဆိုတာပဲ···"

ထိုမှအစချီကာ ဒေါ်ရွှေခင်သည် ယမင်းခင် ကျားပျံ့ဟိန်းကုမ္ပဏီသို့ ရောက်သွားသည်အဆုံး အကြောင်းအရာများအား တဖြည်းဖြည်းခြင်း ပြောဆိုပြသွားသည်။

နားထောင်ရင်း ရွှေပုလဲသည် အစဉ်အံ့သြသွားရသော်လည်း တဖြည်းဖြည်းရင်ဝယ် နာကြင်ထိခိုက်ဝမ်းနည်းမှုတွေသည် ဆတိုးဖြစ်ပေါ်လာရလေ၏။ ခံစားရမှုတွေဖြင့် ဒေါ်ရွှေခင်မျက်နှာဆီ ရွှေပုလဲ ကြည့်လိုက်သည်။ ဖြူရော်နေသော ဒေါ်ရွှေခင်မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ထက်၌ မျက်ရည်တွေကရွဲနစ်နေသည်ပါ…။

အစသော် ရွှေပုလဲသည်လည်း မျက်ရည်များစီးဆင်းနေသည်။ ခုဖြင့် ရွှေပုလဲသည် မျက်ရည်တွေကိုသုပ်ပစ်လိုက်သည်။ စိတ်ထဲမှာ နာကြင်သည်။ နာကျည်းသည်။ မုန်းတီးသည်။ မျက်ရည်တွေကိုသုပ်ပစ်သော်လည်း မျက်ရည်တွေကစီးကျမြဲပင်…။

ရွှေပုလဲ၏ ခံစားချက်မျက်နှာလေးအား တွေ့မြင်နားလည်လိုက်၍ ဒေါ်ရွှေခင်သည် ရှိုက်သံတွေဖြင့် စကားကိုဆက်ဆို၏။

"အဟင့်··ဟင့် သမီးရယ်၊ မေမေ့ကို ခွင့်လွှတ်ပါ၊ မေမေ တစ်ကိုယ်ကောင်းဆန်မိပါတယ်၊ ဒါပေမဲ့ သမီးရဲ့ဘဝမှန်ကိုတော့ မေမေ တစ်ခါမှဖုံးကွယ်ဖို့စိတ်ကူးမရှိခဲ့တာအမှန်ပါ၊ အမိုက်မ ယမင်းခင်ကြောင့် မေမေ မလူးသာမလွန့်သာဖြစ်သွားရတာပါ…

သမီးရယ်၊ သူကလည်း မေမေ မွေးထားရတဲ့သမီးမဟုတ်လား၊ မိခင်တစ်ယောက်အနေနဲ့ သူ ပျက်စီးဆုံးရှုံးသွားမှာကိုတော့ မလိုလားတော့၊ အလိုက်အထိုက်စောင့်ကြည့်နေရတဲ့သဘောပါကွယ်…

ဒါကြောင့် မေမေဟာ အကောင်းဆုံးဖြစ်စေမယ်လို့ထင်တဲ့နည်းလမ်းကို ရှာဖွေဆုံးဖြတ်လိုက်တယ်၊ အဲဒီဆုံးဖြတ်ချက်ဟာဘာလဲဆိုရင် သမီးရဲ့ဘိုးဘိုး ကျားပျံ ဦးဘဟိန်းဆီကို မေမေလျှို့ဝှက်ပြီး စာတစ်စောင်ပို့လိုက်ပါတယ်…

အဲဒီစာထဲမှာ အဖြစ်မှန်တွေအားလုံးကို မေမေ ရေးထားတယ်၊ ပြီးတော့ အဲဒီစာနဲ့အတူ သွေးစစ်ထားတဲ့စာရွက်တွေပါ





မေမေ ထည့်ပေးလိုက်တယ်၊ ပြီးတော့ သမီး မေမေ့ဝတ်တဲ့ဆွဲကြိုးနဲ့လက်စွပ်တွေပါ သက်သေအထောက်အထားအဖြစ်နဲ့ မေမေ အားလုံးပြန်ထည့်ပေးလိုက်ပါတယ်၊ သမီးမေမေ့ဓာတ်ပုံကတော့ ယမင်းခင်က တွေ့သွားလို့ သူပဲ ယူသွားတယ်…

ဒါကြောင့် ဒီကိစ္စတွေအားလုံးကို သမီးရဲ့ဘိုးဘိုးလည်း သိထားပါတယ်၊ ဒါပေမဲ့ သမီးဘိုးဘိုးက အားလုံးကိုသိနေပေမဲ့ မေမေတို့ရဲ့ကျေးဇူးတရားနဲ့ မေမေ့ကျန်းမာရေးကိုထောက်ထားပြီး သမီး ယမင်းခင် လုပ်သမျှကိုအလိုလိုက်ထားလိုက်တာပါကွယ်··

သိနေပါတယ်··သိနေပါတယ်၊ သမီး ဘိုးဘိုး အားလုံးသိနေပါတယ်၊ တစ်ကိုယ်ကောင်းဆန်ပြီးမိုက်ရိုင်းနေတဲ့ ယမင်းခင်ကို အလိုက်အထိုက်ကြည့်နေတဲ့သဘောပါပဲ၊ မေမေ တောင်းပန်ပါတယ် သမီးရယ်၊ ယမင်းခင်ကိုလည်း သမီးနဲ့အတူ နေခဲ့ကြတဲ့ ညီမအဖြစ်နဲ့နားလည်ခွင့်လွှတ်ပေးပါ သမီးရယ်၊ မေမေ တောင်းပန်ပါတယ်…"

နားထောင်ရင်း ရွှေပုလဲ၏မျက်ရည်တွေသည် သုပ်မနိုင်အောင် စီးဆင်းနေရပါလေ၏။ ရွှေပုလဲသည် နာကြင်သောဝမ်းနည်းသော၊ အံ့သြမဆုံးသော၊ မယုံကြည်နိုင်သောအကြည့်တွေနှင့် ဒေါ်ရွှေခင်ထံ ငေးကြည့်၍သာနေမိပါတော့သတည်း…။

မှန်သည်။ ရွှေပုလဲသည် မည်သည့်စကားမျှပင်မဆိုနိုင်၊ ဝမ်းနည်းမှုလေးတွေနှင့် ဆိတ်ဆိတ်ပင်နေဖြစ်ရလေ၏။

× × × × ×



www.burmeseclassic.com

www.burmeseclassic.com



"မင်းရဲ့လုပ်ရပ်တွေကို ရပ်တန့်ကရပ်ပါ ယမင်းခင်၊ မင်း လုပ်နေတာ မင်း အရှက်နဲ့မင်းဂုဏ်သိက္ခာအတွက်မဟုတ်ဘူး၊ မင်း လုပ်တာတွေက ကျောက်ကျစ်စဉ်းလဲနေတာ၊ အောက်တန်းကျနေတာ…"

ချစ်သူ ဒေါက်တာ စိုးဝေပြောသော စကားတွေကို တစ်ချိန်လုံးပြန်လည်ကြားယောင်နေရင်း၊ စိတ်တွေလှုပ်ရှားထိတ်လန့်စိုးရွံ့နေရသည်က ယမင်းခင်ပါတည်း။ မှန်သည်။ ယမင်းခင်သည် မိမိကိုယ်ကိုလည်း မိမိ ပြန်၍စဉ်းစားမိသည်။

မိမိလုပ်ရပ်များသည် တစ်စတစ်စကြီးမားနက်ရှိုင်းလာသည်။ ပြင်းထန်လာရသည်မဟုတ်ပါလား၊ လုပ်လေသမျှကိစ္စတိုင်း၌ ဒေါ်မြင့်မြင့်မိုးက ထောက်တော်ပင်၊ မိမိသာအဓိက၊ မိမိသည် ဦးဘဟိန်းနှင့်ဒေါ်မြင့်မြင့်မိုးတို့ကြား၊ ဦးဘဟိန်းနှင့်ကိုကျော်ထိုက်ရှိန်းတို့ကြား၌ မလိမ့်တစ်ပါတ်အချိုသတ်ကာ အပြောတစ်မျိုး အလုပ်တစ်မျိုးလုပ်နေသူ…

မိမိကြောင့်ပြောင်းလဲမှုတွေက အတော်များများဖြစ်နေလေပြီ၊ မိမိစိတ်အေးရလားဆိုတော့ ဘာတစ်ခုမှမအေးရသေး၊ မိမိလုပ်နေသမျှ ဘာတစ်ခုမှအဓိပ္ပာယ်မရှိသလို၊ မိမိကြောင့် သူတစ်ပါး ဒုက္ခရောက်တာကရောက်တာပင်၊ မိမိ စိတ်ဒုက္ခနှင့်သောကတွေဖြစ်နေရတာကလည်း ဖြစ်နေရဆဲပင်၊ ဘာဆိုဘာမှမဆိုင်ပြီးတော့ မိမိ၏မိခင်သည်က အခြေအနေတွေပို၍ဆိုးလာပေပြီ…။

တွေးရင်းက ယမင်းခင်သည် စိတ်တွေလှုပ်ရှားရင်း မသိမလဲဖြစ်ရင်း၊ ဘာတွေဆက်လုပ်ရမည်ကို စဉ်းစားဖြစ်ရပြန်၏။





ယမင်းခင်အတွက် အမှားတစ်ခု၏အစသည် ပို၍ပို၍ရှည်လျားနေပြီ။

စဉ်းစားဆဲ ယမင်းခင်သည် လက်ကိုင်အိတ်လေးကိုဆွဲကာ ရုံးခန်းထဲမှထွက်ခဲ့လိုက်လေ၏။ အပြင်ဘက်အရောက်မတော့ အပြင်သွားရန်ပြင်ဆင်နေသည့် ဦးဘဟိန်းနှင့်တွေ့လိုက်ရသည်။

"ဩော်…ဘိုးဘိုး အပြင်သွားမှာလားဟင်…"

"အေးကွဲ့၊ ငါ့မြေးကရော အပြင်သွားမှာပဲလား…"

"ဟုတ်ပါတယ် ဘိုးဘိုး၊ ဘိုးဘိုး စောင့်နေတာလား၊ ဘယ်သူ့ကိုစောင့်နေတာလဲ…"

"အေး…မောင်ကျော်ထိုက်ရှိန်းကိုလေ၊ ဩော်…ဟိုမှာလာနေပြီ…"

သူတို့စကားတွေဆိုဆဲ ကုမ္ပဏီထဲမှ ကျော်ထိုက်ရှိန်း ထွက်လာသည်ကို ယမင်းခင် တွေ့လိုက်သည်တွင် မလုံမလဲတစ်ချက်မျက်နှာပျက်သွားရလေ၏။

"ဘိုး…အားနာပါတယ်၊ စောင့်နေတာကြာပြီလား၊ တောင်းပန်ပါတယ်၊ သွားကြရအောင်…"

ကျော်ထိုက်ရှိန်းသည် ဦးဘဟိန်းကိုသာ အလေးထား၍ စကားဆိုလိုက်သော်လည်း ယမင်းခင်ကိုကား ယောင်၍မျှပင် မကြည့်၊ ကျော်ထိုက်ရှိန်း၏မျက်နှာချောချောသည်က သူ့စတိုင်လ်အတိုင်း တည်တည်ငြိမ်ငြိမ်ဖြင့်သာရှိ၏။

ဦးဘဟိန်းရှေ့မို့ ကျော်ထိုက်ရှိန်း၏မိမိအပေါ် ဆက်ဆံရေးကြောင့် ယမင်းခင်သည် မျက်နှာအပျက်ကြီးပျက်၍နေသည်ပါ။ ကျော်ထိုက်ရှိန်းကား ကားထဲဝင်ထိုင်လိုက်သည်။ ဦးဘဟိန်းသည်

www.burmeseclassic.com



က ကျော်ထိုက်ရှိန်းနှင့်ယမင်းခင်တို့ထံ မသိမသာတစ်လှည့်စီကြည့်၏။

ကျားပျံဟိန်းကုမ္ပဏီကြီးရှေ့၌ ဦးဘဟိန်းသည် ဘာရယ်မဟုတ်သလိုပင် ယမင်းခင်အား သဘောလောက်သာနှုတ်ဆက်ပြီး ကားပေါ်တက်သွားချိန်၌…

ဆေးရုံတွင်ကား ရွှေပုလဲသည် မျက်ရည်တွေစီးကျဆဲမှ ဒေါ်ရွှေခင်ထံ ကြည့်နေ၏။ ဒေါ်ရွှေခင်မျက်နှာထက်၌လည်း မျက်ရည်တွေကမြင်၍မှမကောင်းပါ..။

"သမီးရယ် အခု မေမေ ပြောပြတဲ့စကားတွေက အမှန်တွေချည်းပါပဲ၊ သမီးကို မေမေ တောင်းပန်ပါတယ်…"

ရှိုက်၍ဆိုကာ ဒေါ်ရွှေခင် ဆိုသည်။ ရွှေပုလဲသည် မျက်ရည်တွေစီးကျဆဲက နေရာမှထရပ်လိုက်ပြီး…

"ခုလိုသိရလို့လည်း ကျွန်မ ဝမ်းမသာပါဘူး၊ ကျွန်မဘဝကိုပဲ ကျွန်မ ဝမ်းနည်းမိတယ်၊ ဒါပေမဲ့ ယမင်းခင်ကတော့ ဘဝမေ့ဘဝင်မြင့်ပြီးအောက်ခြေလွတ်လွန်းပါတယ်၊ သူ့ဘဝမှန်ကို သူ မသိတာလည်းမဟုတ်ပါပဲနဲ့ သူ့စိတ်မှာ ဒီလောက်ပဲအကြင်နာကင်းမဲ့ရသလား၊ ညာတာမှုကင်းမဲ့ရသလား၊ စာနာမှုကင်းမဲ့ရသလား…"

"သမီးပြောတာ မှန်ပါတယ် သမီးရယ်၊ ဒါပေမဲ့ သူ့ကိုနားလည်ခွင့်လွှတ်ပေးပါ၊ မေမေ တောင်းပန်ပါတယ်ကွယ်…"

ဒေါ်ရွှေခင်ထံကြည့်ပြီး ရွှေပုလဲသည် ရင်ဝယ်ခံစားမှုတစ်ခုဖြင့် မျက်ဝန်းအစုံမှိတ်ကာ ခေါင်းရမ်းရင်းမျက်ရည်တွေစီး





ကျနေရ၏။ သည့်နောက်မတော့ ရွှေပုလဲသည် မျက်ရည်တွေကိုသုပ်ပြီး မောင်လေး၏တွန်းလှည်းလေးကိုတွန်းကာ အခန်းထဲမှ လှမ်းထွက်သွားလိုက်ပါတော့သတည်း…။

"သမီး..သမီး ရွှေပုလဲ၊ ရွှေပုလဲ၊ သမီးရယ်..မေမေ တောင်းပန်ပါတယ်၊ သမီးကို တောင်းပန်တယ်…"

ဒေါ်ရွှေခင်တစ်ယောက် ငိုကြီးချက်မဖြင့် လှမ်းခေါ်သော်လည်း ရွှေပုလဲကား လှည့်မကြည့်ဖြစ်ပါလေတော့၊ တစ်ဆက်တည်းလည်း ရွှေပုလဲသည် မိမိငယ်စဉ်က အတိတ်တစ်စကိုပြန်လည်မြင်ယောင်သည်။ မွေးစားဖေဖေ၏ မိမိအားချစ်ကြင်နာပုံတွေနှင့်မီးတောက်မီးလျှံတွေ…။

× × × × ×

မိမိရုံးခန်းထဲတွင် ကျော်ထိုက်ရှိန်းကား ငူငူကြီးပင်ထိုင်၍နေ၏။ သူ့စိတ်တွေကဖြင့် ရွှေပုလဲထံ ရောက်နေရသည်။ ရွှေပုလဲမျက်နှာလေးကို မြင်ယောင်နေရသည်။

ဆိုရသော် ရွှေပုလဲတို့မောင်နှမတွေအတွက် စိတ်မချနိုင်ဖြစ်နေရ၏။ ရွှေပုလဲ နေမကောင်းကြောင်းသတင်းကိုကြားကတည်းက သူ စိတ်ထိခိုက်နေရသည်။ ရွှေပုလဲထံ သူ ဖုန်းဆက်ချင်နေရ၏။

သူ ဖုန်းဆက်နေဆဲ ဟိုမိန်းမဝင်ရောက်လာသည်ကိုပင် [illegible] မည်ကို သူ မလိုလား၊ သည့်အတွက် သူ့မှာ စိတ်ဒွိဟဖြစ်နေရသ



www.burmeseclassic.com

www.burmeseclassic.com



၏။ သူ့အကြည့်တွေကမူ ဖုန်းလေးဆီ၌သာ ရောက်နေလေ၏။ တစ်ချီတစ်ချီမတော့ သူ့လက်ကဖုန်းလေးဆီ လှမ်းကိုင်တော့ရန်ရွယ်သည်။

သို့သော်လည်း သူသည် နောက်ကြောင်းမအေးသည့်ပုံဖြင့် လက်လျှော့ရပြန်၏။ သူ့မျက်နှာချောချောသည်က မကြည်လင်၊ သူ့ရင်ထဲထိခိုက်နေရ၏။ သည့်အတွက် သူသည် စိတ်တို့အဝေးသို့ လွင့်ပျံ့ရင်း တစ်ကိုယ်တည်းငူငူကြီး ထိုင်နေဖြစ်ရခြင်းပါ…။

မှန်သည်။ ကျော်ထိုက်ရှိန်းတစ်ယောက် တစ်ကိုယ်တည်း ခြောက်သွေ့စွာရှိနေဆဲအချိန်များ၌…

ဒေါက်တာ စိုးဝေ၏အိမ်တွင်ကား ရွှေပုလဲသည် အများ ကောင်းသွားပြီမို့၊ ငြိမ်ငြိမ်မနေတော့၊ အလုပ်တွေကိုထ၍လုပ်နေလေ၍ ဒေါက်တာ စိုးဝေသည် စိတ်ညစ်နေရလေ၏။

"ဟင်း‥ညီမ ရွှေပုလဲ၊ မလုပ်ပါနဲ့ကွာ၊ နေကောင်းခါစ ညီမ အနားယူသင့်တယ်၊ အစ်ကို တောင်းပန်ပါတယ်၊ အစ်ကို စိတ်မကောင်းအောင် မလုပ်ပါနဲ့လား ညီမ…"

ဒေါက်တာ စိုးဝေတစ်ယောက် ဘာတွေပဲပြောနေနေ ရွှေပုလဲကား စိတ်နှင့်ကိုယ်ကင်းကွာနေသည်ပါ။ မှန်သည်။ ရွှေပုလဲသည် မိမိဘဝအမှန်ကိုသိရ၍လည်း မတုန်လှုပ်၊ သို့သော် မကျေမနပ်တော့ရင်ထဲခံစားနေမိရသည်။ မည်သူ့အပေါ် မကျေမနပ်ဖြစ်နေသည်ကိုလည်း တိတိပပမသိ…။

တစ်ခုတော့ရှိသည်။ ယမင်းခင်…။ ယမင်းခင်သည် သိပ်တရားလွန်သည်ဟု ရွှေပုလဲ ထင်သည်။ တကယ်ဆို မိခင်နှင့်





ညီအစ်ကိုမောင်နှမတွေအပေါ် သူ ဒီလိုမရက်စက်သင့်ဟုထင်သည်။ ခုတော့ သူတစ်ကိုယ်ကောင်းဆန်လွန်းအားကြီးသည်။ ရက်စက်လွန်းသည်။

မိခင် ေါ်ရွှေခင်ပြောပုံအရဆိုလျှင် ဒီကိစ္စတွေအလုံးစုံကို ဘိုးဘိုးက အားလုံးသိနေပြီဟုဆိုသည်။ သို့သော်လည်း ကျေးဇူးတရားကိုထောက်ထား၍ ယမင်းခင် လုပ်သမျှသိသော်လည်း ဘာမှမပြောဘဲ မေတ္တာတရားနှင့်သာ သူမအား ပြုပြင်ယူသွားမည်ဟုဆို၏။

စိတ်ထဲက ထိုအချက်ကိုလက်ခံသော်လည်း ရွှေပုလဲ ဝမ်းနည်းမိရသည်ကအမှန်ပါ။ မှန်သည်။ ရွှေပုလဲသည် အိမ်သန့်ရှင်းရေးလုပ်၊ ကြမ်းတိုက်နေဆဲမှ အတွေးဖြင့်မျက်ရည်များစီးကျနေရသည်ပါ…။

ဒေါက်တာ စိုးဝေသည်လည်း ဘယ်လိုမှပြောမရ၍ ရွှေပုလဲကိုသာ ထိုင်၍ကြည့်နေဖြစ်ရတော့၏။

"အစ်ကို တောင်းပန်ပါတယ်၊ အစ်ကိုလည်း စိတ်ထိခိုက်မိပါတယ် ညီမရယ်၊ ညီမ ဆက်မလုပ်ပါနဲ့တော့ အစ်ကို တောင်းပန်ပါတယ်၊ အစ်ကိုတို့ ညစာသွားစားကြရအောင်ပါနော်၊ အစ်ကို တောင်းပန်ပါတယ် ညီမရယ်…"

ဒေါက်တာ စိုးဝေတစ်ယောက် ဘာတွေပဲပြောပြော၊ ရွှေပုလဲသည်က ကိုယ်နှင့်စိတ်ကင်းကွာနေသူကဲ့သို့ မတုန်မလှုပ်ပင်ရှိလေ၏။

ဟင်း…



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး ဒေါက်တာ စိုးဝေကား ရွှေပုလဲ၏ဆန္ဒအတိုင်း လိုက်လျောရင်း၊ ရင်နာစွာသာကြည့်နေဖြစ်တော့၏။ ဒေါက်တာ စိုးဝေတစ်ယောက် ညစာအပြင်ထွက်စားရန် ရွှေပုလဲအား စောင့်နေဆဲအချိန်များ၌…

ကျော်ထိုက်ရှိန်း၏ ရုံးခန်းထဲတွင်ကား ကျော်ထိုက်ရှိန်းတစ်ယောက် တစ်ကိုယ်တည်းငူငိုင်နေဆဲ ရုံးခန်းထဲသို့ ယမင်းခင်သည် ဝင်ရောက်လာ၏။ ယမင်းခင် ဝင်ရောက်လာသော်လည်း ကျော်ထိုက်ရှိန်းသည်က မသိသလိုမမြင်သလိုပါ…။

"ဘိုးဘိုးက အပြင်မှာထမင်းထွက်စားဖို့ လာခေါ်ခိုင်းတယ် အစ်ကို၊ အခု ဘိုးဘိုးက (…)စားသောက်ဆိုင်မှာ စောင့်နေတယ်၊ အစ်ကိုနဲ့ယမင်းကို ဖုန်းဆက်ခေါ်လိုက်လို့ အစ်ကို့ကို ယမင်း လာခေါ်တာ…

ဩော်··ပြီးတော့ ဘိုးဘိုးက မနက်တုန်းကတစ်ချက်ပြောတယ်၊ ချိတ်ပိတ်ထားတဲ့ အစ်ကို့စက်ရုံတွေကို ပြန်ဖွင့်ပေးဖို့လုပ်နေပြီတဲ့၊ အစ်ကိုနဲ့ယမင်း လက်ထပ်ပြီးတဲ့အချိန်လောက်တော့ အဆင်ပြေမယ်ထင်တယ်…"

ထိုစကားအတွက် ကျော်ထိုက်ရှိန်းသည် ယမင်းခင်မျက်နှာဆီ စေ့စေ့စူးစူးကြည့်လာရင်းက…

"ကျွန်တော် ခင်ဗျားနဲ့လက်ထပ်ဖို့ စကားဘယ်တုန်းကမှ မပြောခဲ့ဖူးပါဘူး၊ ဒီကိစ္စတွေအားလုံးဟာ ခင်ဗျားဟာခင်ဗျားပဲ ချဲ့လုပ်နေတဲ့ကိစ္စတွေပါ…"

သူ့စကားများအတွက် ယမင်းခင်မျက်နှာအကြီးအကျယ်





တစ်ချက်ပျက်သွားသည်။ ပြီးမှ ယမင်းခင်သည် ပြုံးလိုက်ပြီး…

"ဒီမှာ အစ်ကို ရွှေပုလဲတို့မောင်နှမတွေအတွက် အခြေအနေကောင်းစေချင်ရင် ယမင်း စကားကို အစ်ကို လက်ခံပါ၊ ဘိုးဘိုးက ယမင်း အလိုအတိုင်းဖြစ်စေတယ်ဆိုတာ အစ်ကိုလည်း သိတယ်မဟုတ်လား၊ ကဲပါလေ··လာပါ၊ ဘိုးဘိုး စောင့်နေပြီ သွားကြရအောင်…"

ယမင်းခင်စကားအတွက် ကျော်ထိုက်ရှိန်းကား ဘာမှဆက်မပြောတော့၊ ရှေ့မှပင်လှမ်းထွက်ခဲ့လိုက်လေ၏။

သည့်နောက် ယမင်းခင် မောင်းသောကားလေးသည် ကုမ္ပဏီရှေ့မှ မောင်းထွက်ခဲ့သည်။ တစ်အောင့်ခန့်ကြာသည်တွင် မြို့ထဲသို့ရောက်လာ၏။ (…)စားသောက်ဆိုင်ရှေ့တွင် ကားတွေတာကြပ်သည်မို့ လမ်းကြားတစ်နေရာတွင်ပင် ကားလေးကိုရပ်ခဲ့ပြီး (…)စားသောက်ဆိုင်သို့ သူတို့လမ်းလျှောက်ထွက်ခဲ့ကြသည်။

စားသောက်ဆိုင်ဆီသို့ သူတို့လမ်းလျှောက်ခဲ့ကြသည်တွင် ယမင်းခင်သည် ကျော်ထိုက်ရှိန်း လက်မောင်းဆီဆွဲကိုင်ထားလေ၍ ကျော်ထိုက်ရှိန်းမှာ စိတ်ပျက်လက်ပျက်ဖြင့် ဆက်လျှောက်ခဲ့ရလေ၏။

(…)စားသောက်ဆိုင်ရှေ့ရောက်သည်မတော့ ကျော်ထိုက်ရော ယမင်းခင်ပါ ခြေလှမ်းတွေတုန့်ရပ်သွားကြရသည်။ မှန်သည်း သူတို့ရှေ့တွင် ဒေါက်တာ စိုးဝေနှင့်ရွှေပုလဲတို့အား တွေ့လိုက်ရသောကြောင့်ပါတည်း…။

ယမင်းခင်သည် ရွှေပုလဲနှင့်ဒေါက်တာ စိုးဝေတို့အား တွေ့



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရခိုက် မျက်နှာပျက်သွားရသည်။ ရွှေပုလဲသည်က ကိုကျော်ထိုက်ရှိန်းလက်မောင်းဆီ ဆုပ်ကိုင်ဆွဲထားသည့် ယမင်းခင်၏ လက်ဆီကြည့်ဖြစ်ရ၏။

သို့သော်လည်း ရွှေပုလဲသည် မိန်းကလေးတစ်ယောက်၏ ဂုဏ်သိက္ခာဖြင့် ငြိမ်ငြိမ်ကလေးပင်ရှိ၏။ ကျော်ထိုက်ရှိန်းနှင့်ဒေါက်တာ စိုးဝေတို့သည်လည်း ငြိမ်သက်အေးဆေးစွာပင် ရှိကြသည်ပါ။

"သြော်..ဒေါက်တာနဲ့ရွှေပုလဲတို့လည်း ညစာလာစားကြတာလား..."

ဟန်လုပ်၍ ယမင်းခင်ဆိုသည်တွင် အကြောင်းသိနေပြီဖြစ်သည့် ရွှေပုလဲသည် သူမအား ဘာမှမပြောလိုတော့သောအသွင်နှင့်စိတ်ပျက်စွာဖြင့် စားသောက်ဆိုင်ထဲသို့ တစ်ကိုယ်တည်းလှမ်းဝင်သွားလိုက်လေတော့၏။

"ကိုကျော်ထိုက်ရှိန်း၊ ကိုယ့်ကိုခွင့်ပြုပါဦး..."

ဒေါက်တာ စိုးဝေ ဆိုသည်တွင် ကျော်ထိုက်ရှိန်းသည်နားလည်စွာ ခေါင်းညိတ်ပြ၏။ ရှေ့မှ ဒေါက်တာ စိုးဝေဆိုင်ထဲဝင်သွားသည်တွင် ကျော်ထိုက်ရှိန်းနှင့်ယမင်းခင်သည်လည်း နောက်မှ လိုက်ဝင်ခဲ့ကြလေ၏။

ဆိုင်ထဲအရောက်မတော့ ဦးဘဟိန်းရှိနေသည့် စားပွဲတွင်ကျော်ထိုက်ရှိန်းနှင့်ယမင်းခင်တို့ ဝင်ထိုင်လိုက်ကြပြီး၊ စားပွဲတစ်ဝိုင်းကျော်တွင်မတော့ ဒေါက်တာ စိုးဝေနှင့်ရွှေပုလဲတို့ နေရာယူလိုက်ကြ၏။ ကျော်ထိုက်ရှိန်းသည် အဘိုးကြီးရှေ့တွင် ထိုင်နေရသော်လည်း သူ့အကြည့်တွေကမူ ရွှေပုလဲထံ၌သာ ရောက်နေရလေ၏။





"ငါ့မြေး မောင်ကျော်ထိုက်ရှိန်း၊ အဘိုးတို့ဆီပြောင်းသော့ ငါ့မြေးလုပ်ရကိုင်ရတာ အဆင်ပြေရဲ့လားကွဲ..."

"ပြေပါတယ် ဘိုး၊ စာရင်းတွေက ကျွန်တော် လုပ်နေတဲ့စာရင်းတွေအတိုင်းပဲဖြစ်နေလို့ ဘာမှအခက်အခဲမရှိပါဘူး..."

"ဒါနဲ့ ငါ့မြေး အဘိုးတို့ဆီမှာပြောင်းနေတာကော အဆင်ပြေရဲ့လား..."

ကျော်ထိုက်ရှိန်းမဖြေ၊ ဆိတ်ဆိတ်ပင်နေပြီး အကြည့်တစ်ချက်က မသိမသာ ရွှေပုလဲထံ ရောက်၏။ ယမင်းခင်သည်ကစိုးရိမ်ဟန်တွေဖြင့် မျက်နှာတွေပျက်၍နေသည်။

ဦးဘဟိန်းသည် ဟိုလိုဒီလိုလိုက်ကြည့်သလိုရှိပြီးမှ ထမင်းကို ငုံ့စားရင်း...

"ငါ့မြေးတို့မင်္ဂလာကိစ္စ အစီအစဉ်တွေက ဘယ်တော့လဲကွဲ၊ လုပ်စရာရှိလည်းမြန်မြန်လုပ်ကြလေ၊ ငါ့မြေးတို့ချင်း ရည်ငံနေတော့ ဘိုးကလည်းသဘောတူပါတယ်..."

ဦးဘဟိန်း၏စကားများအတွက် ကျော်ထိုက်ရှိန်းသည်ဘာမှပြန်မဆို၊ ဆိတ်ဆိတ်ပင်နေလိုက်လေ၏။

ကျော်ထိုက်ရှိန်း အသွင်သည်က လွန်စွာမှစိတ်ပျက်နေသည့်အသွင်မျိုးနှင့်ပါ။

ယမင်းခင်သည်လည်း စိတ်တွေမလုံမလဲဖြင့် ငြိမ်၍နေသည်။ ယမင်းခင်အကြည့်တွေကမူ ဒေါက်တာ စိုးဝေနှင့်ရွှေပုလဲတို့ထံ မသိမသာရောက်ရှိနေရလေ၏။

ဦးဘဟိန်းရှေ့တွင်လည်းဖြစ်၊ ကျော်ထိုက်ရှိန်း၊ ဒေါက်



www.burmeseclassic.com

www.burmeseclassic.com



တာ စိုးဝေနှင့်ရွှေပုလဲတို့လည်းရှိနေ၍ ယမင်းခင်သည် စိတ်တို့ မလုံမလဲရှိကာ ကိုယ်ရေးစိတ်ပါ လှုပ်ရှားလွန်းနေရလေ၍ နောက်ဆုံး ယမင်းခင်သည် ရေအိမ်ဘက်သို့ ထထွက်ခဲ့လေ၏။

ရေအိမ်ထဲအရောက်မတော့ ယမင်းခင်သည် မှန်ထဲမှမိမိ ရုပ်သွင်အား ကြည့်နေဖြစ်သည်။

ထိုအခိုက် မိမိနောက်ဘက်မှ ရွှေပုလဲ၏အရိပ်ကို တွေ့လိုက်ရလေ၍ ယမင်းခင်မျက်နှာပျက်ကာ တုန်လှုပ်သွားသည်။

"ယမင်းခင် အလိုလိုနေရင်း နင့်ရဲ့စိတ်တွေက မလုံမလဲနဲ့ ချောက်ချောက်ချားချားဖြစ်နေတယ်မဟုတ်လား..."

"ဟင်..နင် ဘာတွေလာပြောနေတာလဲ ရွှေပုလဲ၊ ငါက ဘာတွေဖြစ်ရမှာလဲ၊ ဘာလဲ..ငါနဲ့ကိုကျော်ထိုက်ရှိန်း လက်ထပ်တော့မယ်ဆိုတာသိလို့ နင် တုန်လှုပ်နေတာမဟုတ်လား၊ ဒီအစီအစဉ်တွေက ဘိုးဘိုးရဲ့အစီအစဉ်တွေပါ..."

"ဟာသတွေပြောမနေစမ်းပါနဲ့ ယမင်းခင်၊ နင်ဟာ ဘယ်သူလဲဆိုတဲ့ နင့်ရဲ့ဘဝမှန်ကို အားလုံးကသိတယ်၊ နင့်ကိုယ်နင် သိပ်အထင်ကြီးမနေနဲ့၊ အဓိပ္ပါယ်မရှိတာတွေ နင် လျှောက်လုပ်နေမယ့်အစား၊ နင့်အမေရဲ့အသက်ကို အချိန်မီ နင် အလေးထားသင့်တယ်..."

စကားအဆုံး ရွှေပုလဲသည် ရေအိမ်ထဲမှထွက်ခဲ့လိုက်သည်။ ယမင်းခင်ကား မျက်လုံးပြူးရင်း၊ တုန်လှုပ်ရင်း ကျန်ရစ်ခဲ့လေ၏။

မှန်သည်။ ထိုညက ရွှေပုလဲသည် အလုပ်တွေလုပ်ရင်း





မျက်ရည်တွေစီးကျနေသကဲ့သို့ ကျော်ထိုက်ရှိန်းနှင့်ဒေါက်တာ စိုးဝေသည်က ကိုယ်စီအိပ်ရာထဲတွင် စိတ်ထိခိုက်နေဖြစ်ကြသည်။

ယမင်းခင်သည်က မယုံတဝက်၊ ယုံတဝက်ဖြင့် ရင်ထဲမှလောင်စွာဖြင့် တစ်ကိုယ်တည်း ချောက်ချားတုန်လှုပ်နေဖြစ်ရပါသတည်း...။ ။

ØØ ØØ ØØ



www.burmeseclassic.com

www.burmeseclassic.com

## - သုံးဆယ်ရှစ် -

ကျားသားမိုးကြိုး…။ သည်နေ့ နဒီတစ်ယောက် အိပ်ရာမှစောစောထပြီး၊ အလှတွေပြင်လို့ဆင်လို့၊ တက်တက်ကြွကြွနှင့် လန်းလန်းဆန်းဆန်းလည်းရှိနေ၏။

နဒီ အလှတွေပြင်ဆင်ဆဲပင် မိခင် ဒေါ်မြင့်မြင့်မိုးသည်လည်း ကြော့ကာမော့ကာဖြင့် နဒီ အခန်းထဲရောက်လာ၏။

"ဟယ်..ငါ့သမီးလေးက ဒီလိုပြင်ဆင်ထားတော့လည်း ယဉ်ယဉ်ကလေးနဲ့လှလိုက်တာ၊ အင်း..မေမေ့မျက်လုံးထဲတော့ ငါ့သမီးလေးကို ဒီလိုပြင်ထားတာလေးကမှ ကြည့်လို့တောင် ကောင်းနေသေးတယ်…"

"နဒီကို မနှစ်သိမ့်ပါနဲ့ မေမေရယ်၊ နဒီက ဘိုးဘွား စကားလည်းနားထောင်မှာပါ၊ မေမေ့စကားလည်း နားထောင်မှာ ပါ…"

"အို..လိမ္မာလိုက်တာ၊ ဝမ်းသာလိုက်တာ သမီးရယ် ဟုတ်တာပေါ့၊ ငါ့သမီး ခံယူချက်မှန်တယ်၊ ကိုယ့်ကိုမချစ်





ယောက်ျားတစ်ယောက်အတွက် ဘာမှခေါင်းထဲထည့်ထားစရာ မလိုဘူး သမီး…

ယောက်ျားတွေများပုံလို့၊ ကြိုက်တာခေါင်းခေါက်ရွေးယူ လို့ရတယ်၊ ကဲ..ဟောဒီမှာကြည့် သမီး၊ ဓာတ်ပုံတွေအများကြီးပဲ၊ သမီး ကြိုက်တာနဲ့ မေမေ ပေးစားမယ်၊ အရည်အချင်းတွေက ရိုးရိုးဘွဲ့ရအနည်းဆုံးပဲ၊ ဒီဓာတ်ပုံတွေက ပွဲစားမကြီးဆီက မေမေ ယူလာခဲ့တာ…"

ဒေါ်မြင့်မြင့်မိုးဆိုရင်း လွယ်ထားသည့်စလင်းဘက်ခ်ထဲမှ ဓာတ်ပုံတွေတစ်ထပ်ကြီးကိုထုပ်ပြီး သမီးရှေ့ပြလိုက်သည်။ ပြီးတော့ သားအမိနှစ်ယောက် တစ်ပုံပြီးတစ်ပုံကြည့်ပြီး ရွေးချယ်နေကြ၏။

"ဟင်း..ဒီပုံကြီးကမမိုက်ပါဘူး၊ မျက်နှာကရေမြင်းနဲ့ တူတယ်…"

ဓာတ်ပုံတစ်ပုံကို နဒီ ကြည့်ပြီး နှာခေါင်းရှုံ့ကာ လွှင့်ပစ် လိုက်သည်။

"ဒီပုံရော သမီး…"

"အို..ကြံ့မျက်နှာအတိုင်းပဲ ထူခွက်ခွက်နဲ့..သွားပါ.."

"သမီး ဒီပုံကတော့မဆိုးဘူးကွဲ့…"

"အင်း..ဟုတ်တယ်၊ မဆိုးဘူး၊ ဒါပေမဲ့ မကြိုက်ဘူး၊ နောက်တစ်ပုံ၊ ဒါလည်းမကြိုက်ဘူး၊ သွားကခေါလိုက်တာလွန်ရော အင်း..ဒါကြီးကလည်း မျက်စိကမှေးလိုက်တာ လွန်တယ်…"

"သေသေချာချာလည်းကြည့်ပါဦး သမီးရယ်…"



www.burmeseclassic.com

www.burmeseclassic.com



"သေသေချာချာကြည့်လို့ မြင်တာပေါ့ မေမေရဲ့၊ ဟော မေမေ ဒီပုံတော့မဆိုးဘူး၊ ကိုကိုနဲ့တောင်ဆင်တင်တင်လေးတော့"

ကျော်ထိုက်ရှိန်းနှင့် ဆင်သယောင်ယောင်လေးရှိသည့် ဓာတ်ပုံတစ်ပုံကို တွေ့သည်တွင် နဒီ သဘောကျသွားဟန်ဖြင့် ဆိုသည်။

"ပြုပါဦး၊ အေး..ဟုတ်ပ၊ သမီး သဘောကျရင်ပွဲစား ဆီသွားမယ်လေ၊ ဒီကောင်လေးက ဘယ်လိုလူဆိုတာ စုံစမ်းထား ရတာပေါ့..."

"အင်း..ဟုတ်တယ် မေမေ၊ သွားမယ်..."

ဒေါ်မြင့်မြင့်မိုးတစ်ယောက် သမီးအတွက် ယောက်ျားပေး စားရန်၊ သမီး ကြိုက်မည့်သူတို့သား၊ သားမက်ကို စိတ်ရှည်လက် ရှည်နှင့်ရွေးချယ်နေဆဲအချိန်များ၌...

ရွှေပုလဲကား ချက်ပြုတ်လုပ်ကိုင်ပြီးနောက် ကျောက် ကလေးထဲတွင်ထိုင်ကာ တစ်ကိုယ်တည်း မျက်ရည်တွေစီးကျ လေ၏။ ကိုကိုနှင့်ညီညီတို့က ရွှေပုလဲ ငိုနေသည်ကို မျက်နှာလေး တွေသိမ်ငယ်စွာဖြင့် ငေးကြည့်နေဖြစ်ကြလေ၏။

ရွှေပုလဲသည် မိမိမှာအသက်နှင့်မလိုက်၊ ဘဝအတွေ့ အကြုံနှင့်မှမမျှအောင် ရုန်းကန်လှုပ်ရှားခဲ့ပုံများနှင့် ယမင်းခင်တစ် ယောက် ဘဝမေ့၊ ဘဝင်မြင့်အောက်ခြေလွတ်ပြီး မိမိတို့အားလုံး ကို လျစ်လျူရှုထားနိုင်သည့်စိတ်ဓာတ်နှင့် မိခင်က ယမင်းခင်အား မဆုံးမနိုင်ဘဲထားသည့် ကိစ္စများအကြောင်းအားစဉ်းစားရင်း ဖြည်းဖြည်း စိတ်ထဲနာကျင်လာရလေ၏။





နောက်ဆုံး ယမင်းခင်သည် သူ ပြင်မှကိုယ်ပြင်တော့မည် ဟူသောစိတ်တို့ဖြစ်ပေါ်ရင်း မျက်ရည်တွေသုပ်ကာ ကိုကို၊ ညီညီ လက်ကိုဆွဲပြီး ဆေးရုံသို့ထွက်ခဲ့လိုက်တော့သည်။

ဆေးရုံသို့ရောက်သည်နှင့် ယမင်းခင်သည် ကိုကို၊ ညီညီ တို့ကို ဒေါ်ရွှေခင်နားတွင် နေစေလိုက်ပြီး၊ မိမိထံမျက်ရည်တွေနှင့် ကြည့်နေသည့် ဒေါ်ရွှေခင်ထံ ကြည့်လိုက်ပြီး...

"ကျွန်မလည်း ပင်ပန်းလှပြီ၊ ကျွန်မရဲ့အသက်အရွယ်နဲ့ ကျွန်မရဲ့အတွေ့အကြုံလေးနဲ့မှမမျှအောင် ကျွန်မ ရုန်းကန်ခဲ့ရတာ ကျွန်မကိုလည်း သားသမီးချင်းစာနာပေးပါဦး၊ တစ်ဆက်တည်း ပြောခဲ့ချင်တာက ကိုယ့်သားသမီးတွေကို ပြတ်ပြတ်သားသား ဆုံးမ နိုင်အောင်ကြိုးစားပါ၊ အဆိပ်ပင်ရေလောင်းသလိုမဖြစ်ပါစေနဲ့"

ရွှေပုလဲ၏ အေးစက်စက်ဆိုလိုက်သော စကားများအ တွက် ဒေါ်ရွှေခင်သည် ဝမ်းနည်းထိခိုက်စွာဖြင့် မျက်ရည်တွေပိုး ပိုးပေါက်ပေါက် ကျလာရလေ၏။ စကားအဆုံး ရွှေပုလဲသည်လည်း ဒေါ်ရွှေခင်ရှေ့မှ ချာကနဲထွက်ခဲ့လိုက်သည်။

ရွှေပုလဲကား ဆေးရုံမှထွက်ခဲ့ပြီးနောက် မခံချင်စိတ်တို့ဖြင့် ကျားပျံ ဦးဘဟိန်း၏ရုံးခန်းဆီသို့ ဒါရိုက်ပင်ဝင်ခဲ့လိုက်ပါတော့ သတည်း။ ရုံးခန်းထဲဝင်မည်အပြု ယမင်းခင်နှင့်တစ်နေရာတွင် မျက်နှာချင်းဆိုင် ဆုံစည်းသွားကြရသည်။

ကုမ္ပဏီသို့ရောက်လာသည့် ရွှေပုလဲကြောင့် ယမင်းခင် သည် လွန်စွာမှမျက်စိမျက်နှာပျက်ကာ တုန်လှုပ်ချောက်ချားသွား ရလေ၏။ ရွှေပုလဲကား ဂရုမစိုက်၊ ရုံးခန်းထဲသို့ ဒါန်းကနဲဝင်သွား



www.burmeseclassic.com

www.burmeseclassic.com



လိုက်လေ၏။

"ဩော်··ငါ့မြေးက ဘိုးဘိုးဆီ လာသေးသားပဲ···"

ရွှေပုလဲကား စကားမဆို၊ ဝမ်းနည်းခြင်း၊ ထိခိုက်ခြင်း နာကျင်ခြင်းတွေဖြင့်သာ ဦးဘဟိန်းမျက်နှာဆီ ကြည့်နေလိုက်သည်။

"အင်း··ငါ့မြေးရဲ့မျက်လုံးတွေကို ကြည့်ချင်းအားဖြင့် ငါ့မြေးရင်ထဲက ခံစားချက်တွေကို ဘိုးဘိုး နားလည်နေတယ်။ ဘိုးဘိုး မြင်နေရတယ်၊ ဒါပေမဲ့ ဘိုးဘိုး ပြောချင်တာက ဘိုးဘိုး သိနေမှတော့ ငါ့မြေးအတွက် ဘာများလိုအပ်တော့မလဲကွယ်···

ငါ့မြေးကိုစတွေ့ကတည်းက သွေးကစကားပြောတယ်ဆိုတဲ့စကားကိုလည်း ဘိုးဘိုး သိလိုက်တယ်၊ ငါ့မြေးရဲ့ပြောဆိုပုံတွေနဲ့လုပ်ကိုင်ပုံတွေက ငါ့မြေးမေမေအတိုင်းပဲ၊ မျက်နှာကလည်း တစ်ပုံစံတည်း၊ ပြီးတော့ နဒီနဲ့ပဲ ငါ့မြေးရဲ့ပြောဆိုပုံတွေကတူတယ်။ ဘိုးဘိုး စိတ်ထဲမှာ အဲဒီအခါကတည်းက အမြဲစဉ်းစားနေခဲ့တယ်···

အဲ··နောက်တော့ ဘိုးဘိုး ထင်သလိုပဲဖြစ်လာတယ်၊ ဘိုးဘိုးဆီကို စာတိုက်ကနေစာနှစ်စောင်ရောက်လာတယ်၊ တစ်ရက်ထဲအတူတူရောက်တာတော့မဟုတ်ပါဘူး၊ ပထမရောက်တာကတော့ ဒေါ်ရွှေခင်ဆီက၊ ဆယ်ရက်ဆယ့်ငါးရက်လောက်ကြာတော့ ဒေါက်တာ စိုးဝေဆိုတဲ့သူငယ်ဆီက စာတစ်စောင်နဲ့သွေးစစ်စာရွက်အဖြေတွေရောက်လာတယ်···

ဘာပဲဖြစ်ဖြစ် ဘိုးဘိုးက အဖြစ်မှန်တွေကို တိတိကျကျသိရရင်တော်ပါပြီ၊ ဒါပေမဲ့ ငါ့မြေးရဲ့ဘဝတစ်လျှောက်ကို ကျေးမွေး





ပြုစုလာတဲ့ကျေးဇူးကရှိနေတော့ ဒီကျေးဇူးတရားတွေကိုထောက်ထားရမယ်မဟုတ်လား၊ ငါ့မြေးကိုလည်း ဘိုးဘိုးက ဘာမှသာမပြောတယ်၊ ဘိုးဘိုး ဘယ်လောက်ချစ်တယ်ဆိုတာ ငါ့မြေးသိပါတယ်လေ၊ ပြီးတော့ ငါ့မြေးကို ဘိုးဘိုး ယုံကြည်တာလည်းပါတယ်၊ ငါ့မြေးမှာ အရည်အချင်းအပြည့်ရှိတယ်ဆိုတာ ဘိုးဘိုး ယုံတယ်လေ၊ ဒါကြောင့် ငါ့မြေးကို ဘိုးဘိုး ပြောချင်တယ်၊ အကောင်းဆုံး အချိန်တွေဟာ မကြာခင် ရောက်လာတော့မှာပါ···

ကျေးဇူးတရားကိုထောက်ထားပြီး အကောင်းဆုံးအခြေအနေတွေဖြစ်အောင် လုပ်ပေးရဖို့ ဘိုးဘိုးမှာတာဝန်ရှိတယ်၊ ငါ့မြေးသီးခံပါကွယ်၊ ခွင့်လွှတ်လိုက်ပါ၊ နားလည်ပေးလိုက်ပါလို့ ဘိုးဘိုး မေတ္တာရပ်ခံပါတယ်၊ အကောင်းဆုံးအခြေအနေတွေဖြစ်ဖို့အတွက်လည်း ဒေါက်တာ စိုးဝေကော၊ ဒေါ်ရွှေခင်ကပါ ဘိုးဘိုးကို မေတ္တာရပ်ခံ ထားကြတယ်လေ၊ ဘာပဲဖြစ်ဖြစ် ကိုယ့်ရဲ့ကျေးဇူးရှင်အပေါ် သဘောထားကြီးကြီးထားပေးပါ သမီး၊ သမီးကို ဘိုးဘိုး တောင်းပန်ပါတယ်···"

ဘိုးဘိုးပြောသမျှ ရွှေပုလဲကား နားထောင်ရင်း မျက်ရည်တွေဝဲနေရသည်။ သည့်နောက်မတော့ ရွှေပုလဲသည် စကားတစ်ခွန်းမှမဆိုဘဲ၊ ဦးဘဟိန်း ရုံးခန်းထဲမှထွက်ခဲ့လိုက်လေ၏၊ ဦးဘဟိန်းသည် မြေးဖြစ်သူ ရွှေပုလဲ၏နောက်ကျောလေးဆီ ငေးကြည့်ကျန်ရစ်ခဲ့လိုက်လေ၏။

ရွှေပုလဲကား ကုမ္ပဏီထဲမှ လှမ်းထွက်ခဲ့သည်။ လေးနေရာအရောက်မတော့ သူမ၏စိတ်ထိခိုက်မှုတွေနှင့် ပေါ်နေသည့်



www.burmeseclassic.com

www.burmeseclassic.com



အသွင်ဆီကြည့်နေသည့် ယမင်းခင်အား ရွှေပုလဲ ဝင်တိုက်ပစ်ခဲ့လိုက်သည်။

မှန်သည်။ ရွှေပုလဲကား ဘာမှမသိ၊ ဘာမှမမြင်တော့သလို ရင်ဝယ်ခံစားချက်တွေနှင့်ကျားပုံပျံဟိန်းကုမ္ပဏီထဲမှ ထွက်မည်အပြု၊ ဘယ်အချိန်ကတည်းက ကုမ္ပဏီသို့ရောက်လာမှန်းမသိသည့် ဒေါက်တာ စိုးဝေနှင့်တွေ့လိုက်ရသည်တွင် ရွှေပုလဲသည် မျက်ရည်လေးတွေစီးကျရင်း ခြေစုံလေးရပ်ကာ ငေးကြည့်နေဖြစ်လိုက်လေ၏။ ဒေါက်တာ စိုးဝေသည် ရွှေပုလဲအနီး ချည်းကပ်ခဲ့သည်။ ပြီးတော့ မျက်ရည်လေးတွေနှင့်ရွှဲနစ်နေသည့် ရွှေပုလဲမျက်နှာလေးဆီ ကြည့်ပြီး၊ ကြင်နာခြင်းဂရုဏာတို့နှင့် ရွှေပုလဲအား ရင်ခွင်ထဲ ထွေးဖက်ကာ နှစ်သိမ့်အားပေးဖြစ်၏။

ဒေါက်တာ စိုးဝေသည်လည်း ရင်ထဲမကောင်းပါ။ ရွှေပုလဲသည်လည်း ဒေါက်တာ စိုးဝေ၏ရင်ခွင်ထက် ပို၍ဝမ်းနည်းမျက်ရည်တို့ စီးဆင်းနေဖြစ်ရလေ၏။ ထိုအခိုက် ရုံးခန်းထဲမှထွက်လာသည့် ကျော်ထိုက်ရှိန်းသည် ဒေါက်တာ စိုးဝေနှင့်ရွှေပုလဲတို့ကို တွေ့မြင်လိုက်ရသည်တွင် ရင်နင့်စွာပင် ငေးကြည့်နေဖြစ်ရလေ၏။ မှန်သည်။ ကျော်ထိုက်ရှိန်းကား ခုတိုင်အဖြစ်မှန်တွေ ဘာမှမသိလေတော့၊ ယမင်းခင်၏ချယ်လှယ်မှုအောက်တွင် ရွှေပုလဲတို့မောင်နှမတွေအတွက် အနှစ်နာခံနေရလေ၍ သူသည် မည်သည့်စကားမျှမဆိုနိုင်၊ ရင်နင့်စွာနှင့်ပင်ရှိနေရလေသည်တကား။

ØØ ØØ ØØ



## - သုံးဆယ်ကိုး -

ယမင်းခင်တစ်ယောက်ကဖြင့် ခနော်ခနဲ့ဖြင့်ခြေလှမ်းတွေဆက်နေဆဲပင်၊ သူမ မသိသည့်နောက်တွင်မတော့ စက်ရုံတံခါးတွေအားလုံးသည် ပွင့်ကုန်ပြီဖြစ်၏။

မှန်သည်။ ယမင်းခင်သည် ဒေါ်မြင့်မြင့်မိုးနှင့်ပူးပေါင်းလုပ်ကိုင်ကြံစည်နေသည်ဆိုငြားထက်၊ သူမ အကြံအစည်များနှင့်သာ ရှေ့နေတွေကိုငွေပေးခိုင်းပြီး ဦးဘဟိန်း မသိအောင် နဂါးပျံစက်ရုံတွေကို ချိတ်ပိတ်ထားခြင်းများသည် ယခုဖြင့် သူမ နောက်ကွယ်တွင်လိုက်၍ ဖြေရှင်းနေသည့် ဦးဘဟိန်းကြောင့် စက်ရုံတံခါးတွေအားလုံးသည် ပြန်၍ပွင့်ကာ စက်တွေလည်း လည်ပတ်စပြုနေပါပြီ…။

ဘိုးဘိုး၏ဆုံးမသွန်သင်မှုဖြင့် ရွှေပုလဲသည်လည်း ဒေါက်တာ စိုးဝေ၏အိမ်မှ ပြန်လည်ပြောင်းရွှေ့ကာ နဂါးပျံကုမ္ပဏီကြီးအား စက်ရုံမှူးကြီး ဦးရွှေမောင်နှင့်အတူတကွ လုပ်ကိုင်ဆောင်ရွက်နေပြီဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဘဝဟူသည် မျက်လှည့်မျိုးဟူသည့်စကားသည် ရွှေပုလဲအတွက်ဖြင့် သွေးထွက်အောင်မှန်နေပြီဟုဆိုရမည်ဖြစ်၏။ ဘဝ၏ "အိပ်မက်ဆိုးကြီးအား ရွှေပုလဲ မက်ခဲ့ရသည်မှာကြာပြီ...။ သို့သော်လည်း ရွှေပုလဲသည် မမှုခဲ့...။

ယခု ဘဝ၏ကောင်းမွန်သောအိပ်မက်လှလှကို ရွှေပုလဲ မက်နေရသည်။ သို့သော် ရွှေပုလဲသည် ထိုအိပ်မက်၌မမွေ့လျော်နိုင်ပါ။ အိပ်မက်လှလှကိုမက်နေရသည့်တိုင် ရွှေပုလဲ၏ ကိုယ်စိတ်နှလုံးသုံးပါးကား ချမ်းမြေ့သာယာလန်းဆန်းခြင်းမရှိသည်က အမှန်ဖြစ်၏။

မှန်သည်။ အဘယ်ကြောင့်ဆိုသော် ဘိုးဘိုးသည် မိမိ၏ သူဌေး ကိုကျော်ထိုက်ရှိန်းယမင်းခင်တို့၏ မင်္ဂလာကိစ္စအား သဘောတူစီစဉ်ပေးထားပြီဖြစ်သောကြောင့်ပါတည်း။ သည့်အတွက် ရွှေပုလဲသည် ရင်ဝယ်နာကြင်၍ထိခိုက်နေရသည်ပါ...။

ဘာလုပ်လုပ်၊ ဘာကိုင်ကိုင်၊ ဘယ်သွားသွား ရွှေပုလဲစိတ်သည် မိမိတို့ချင်းနားလည်မှုတွေယူထားပြီးသည့် မိမိ၏သူဌေး ထံသို့ပင် ရောက်ရှိနေရရှာပါလေ၏။ ယခုလည်း ရွှေပုလဲသည် စက်ရုံမှူးကြီးနှင့်အတူ စက်ရုံတွေဆီသွားရောက်လုပ်ကိုင်ခဲ့ပြီးနောက် မောင်အငယ်ဆုံးလေးနိုးနေမည်စိုး၍ အိမ်သို့ပြန်လာခဲ့သည်။

အိမ်ရောက်သည်တွင် ထင်သည့်အတိုင်း မောင်အငယ်ဆုံးလေးက နိုးနေပြီမို့ ရွှေပုလဲသည် မောင်အငယ်ဆုံးလေးအတွက် သန့်ရှင်းရေးတွေလုပ်ပေးပြီး နို့ဗူးဖျော်လိုက်သည်။

ကရင်း...ရင်း...ရင်း...





နို့ဗူးဖျော်ပြီးချိန်ပင် ဖုန်းကမြည်လာ၍ ရွှေပုလဲ သွားရောက်နားထောင်လိုက်သည်။

"ဟဲလို..."

"........"

ရွှေပုလဲပင် ဘာမှပြန်မပြောရသေး၊ တစ်ဘက်မှ ဦးဘဟိန်းသည် ပြောချင်ရာတွေပြောပြီး ဖုန်းချသွားပြီဖြစ်၏။ မတတ်နိုင်၊ ဘိုးဘိုးက အခုလာရန်ခေါ်နေသည့်အတွက် ရွှေပုလဲသည် မောင်လေးကိုကျောတွင်ပိုးပြီး အိမ်မှထွက်ခဲ့လိုက်ရလေ၏။

တစ်အောင့်ခန့်ကြာသည့်တွင် ကျားပုံဟိန်းတိုက်ကြီးဆီသို့ ရွှေပုလဲ ရောက်လာသည်။ ရွှေပုလဲသည် ဘာကိုမှဂရုမစိုက်၊ ဘာကိုမှမကြည့်ဘဲ မောင်လေးကို ကျော်တွင်ပိုးပြီး ကျောပိုးအိတ်တစ်လုံးကိုလက်တွင်ဆွဲကာ ဦးဘဟိန်း၏စာကြည့်ခန်းဆီသို့သာ တန်း၍ဝင်ရောက်ခဲ့လိုက်လေ၏။

"ဟား..ဟား..ဟား ငါ့သမီးရောက်လာပြီလား၊ ကဲ..လာ..လာ ထိုင်၊ ဘိုးဘိုးက ငါ့သမီးကို ပြောစရာရှိလို့ပါ၊ တခြားမဟုတ်ဘူး၊ မောင်ကျော်ထိုက်ရှိန်းနဲ့ယမင်းခင်တို့ရဲ့မင်္ဂလာကိစ္စအတွက်ပဲ..."

ဦးဘဟိန်းသည် ဝမ်းသာအားရပျော်ပျော်ရွှင်ရွှင်နှင့် တက်တက်ကြွကြွကြီး စကားတွေဆိုနေသလောက်၊ ရွှေပုလဲသည်က မျက်ဝန်းလေးအစုံနှင့်နှာဖျားလေးတွေ နီရဲလာရပြီး ခပ်တည်တည်ပင်ရှိနေလိုက်လေ၏။

"သူတို့အချင်းချင်းကလည်း လူငယ်ချင်းရည်းနေတာ



www.burmeseclassic.com

www.burmeseclassic.com



လည်းတစ်ကြောင်း၊ ပြီးတော့ ကျေးဇူးရှိတာလည်းတစ်ကြောင်း ကြောင့် ဘိုးဘိုးရဲ့ကတိတွေကိုဖျက်ပြီး ဒေါ်ရွှေခင်ကို ကျေးဇူး ဆပ်တဲ့အနေနဲ့ သူ့သမီးနဲ့မောင်ကျော်ထိုက်ရှိန်းကို လက်ထပ်ပေးဖို့ ဘိုးဘိုး သဘောတူလိုက်တာပဲ ငါ့မေးကြီးရေ…"

ရွှေပုလဲကား ဘာတစ်ခွန်းမှစာဒကတက်၍မဆို၊ ဘိုးဘိုး ပြောသမျှသာ နားထောင်နေလိုက်သည်။

"ဘာပဲပြောပြော ဘိုးဘိုးကတော့ ငါ့မြေးကြီးတော့ အင်အားတွေပိုရှိလာတယ်၊ ပိုပြီးကျန်းမာလာတယ်၊ စိတ်လည်းချမ်း သာလာတယ်၊ ငါ့မြေးဟာ ဘိုးဘိုးရဲ့လက်ရုံးပဲ၊ ဘိုးဘိုး အအားကိုး ရဆုံးမြေးကြီးပဲမဟုတ်လား၊ သမီးရဲ့ညီမ နဒီကိုတော့ နားလည် ပေးလိုက်ပါကွယ်၊ ဘိုးဘိုးကတော့ ငါ့မြေးကြီးကို ယုံကြည်တယ်၊ စိတ်ချတယ်၊ အားကိုးတယ်…"

ဘိုးဘိုးပြောသမျှ ရွှေပုလဲသည် ရင်ဝယ်ခံစားချက်တွေ ဖြင့် မျက်ရည်တွေဝဲပြီး ဆိတ်ဆိတ်သာနေ၏။ ဘာစကားမှ ရွှေပုလဲ ပြန်၍မဆို၊ ထိုအခိုက် စာကြည့်ခန်းထဲသို့ ကျော်ထိုက်ရှိန်းနှင့်ယမင်း ခင်တို့ ဝင်ရောက်လာကြသည်။

ယမင်းခင်သည် စောစောစီးစီး ဘိုးဘိုးနှင့်အတူ ရွှေပုလဲ ၏အသွင်တည်မှုံမှုံလေးအား တွေ့လိုက်ရ၍ မျက်နှာတစ်ခုလုံး ဖြူ လျော်သွားသည်အထိ တုန်လှုပ်သွားလိုက်ရသည်။ ရွှေပုလဲသည်က သူမအား လုံးဝဂရုမစိုက်၊ ကျော်ထိုက်ရှိန်းသည်က ရွှေပုလဲထံ ရင်နာစွာကြည့်ပြီး ထိခိုက်ခြင်းတွေဖြင့် မျက်နှာချောချောမှာ ညှိုး နွမ်းနေရရှာလေ၏။





"သြော်..ငါ့မြေးတို့ ထိုင်ကြကွဲ့၊ ဒီကနေ့ ငါ့မြေးတို့ မင်္ဂလာပစ္စည်းတွေ လိုက်ဝယ်ကြမယ်မဟုတ်လား၊ ဝယ်..ဝယ် အကောင်းဆုံးမင်္ဂလာပွဲကို ငါ့မြေးတို့အတွက် ဘိုးဘိုး ကျင်းပပေး မယ်…"

"သွားဦးမှာ ဦးဘဟိန်း ကျွန်မ ပြန်တော့မယ်…"

နေရာမှထကာ ရွှေပုလဲဆိုပြီး ကျောပိုးအိတ်ကိုလက်ကိုင် ကာ ရွှေပုလဲကား အခန်းထဲမှထွက်သွားလိုက်ပြီဖြစ်၏။ ရွှေပုလဲ ထွက်သွားပြီမို့ ကျော်ထိုက်ရှိန်းသည် ရုတ်တရက်သတိလက်လွတ် ဖြင့် ထိုင်ရာမှဖျတ်ခနဲထကာ လှမ်းကြည့်သည်။ ယမင်းခင်သည် က စိတ်လှုပ်ရှားခြင်းတွေဖြင့် မျက်နှာအကြီးအကျယ်ပျက်နေ လေ၏။

"ဟော့..သမီး..သမီး၊ ငါ့မြေးရွှေပုလဲ နေဦးလေ…"

ဦးဘဟိန်း လှမ်းခေါ်သော်လည်း ရွှေပုလဲကား လုံးဝလှည့် မကြည့်လေတော့…။

× × × × ×

၄

ရောဂါအခံရော၊ စိတ်ဖိစီးမှုသောကတွေကပါ ထပ်ဆင့် နေ၍ ဒေါ်ရွှေခင်ကား ရုတ်တရက်ရောဂါဖျောက်လာ၏။

"မေမေ..မေမေ..မေမေ…"

မိခင်ရောဂါဖောက်နေသည်ကို နားမလည်၍ ကိုကိုနှင့် ညီညီမှာ မိခင်ကို တကြော်ကြော်ခေါ်နေကြသည်။

"မေမေ..မေမေ..မေမေ၊ ဟီး..ဟီး မေမေကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ခေါ်လို့မရတော့ဘူး၊ ဟီး..ဟီး..ဟီး...”

မိခင်ကိုခေါ်မရ၍ ကိုကို၊ ညီညီတို့ညီအစ်ကိုအော်ငိုနေကြဆဲ၊ ကံအားလျော်စွာပင် ဒေါ်ရွှေခင်အား လာရောက်ကြည့်ရှုသည့် သူနာပြုဆရာမတစ်ဦး ဝင်ရောက်လာလေ၍ ဆရာမမှာ ဒေါ်ရွှေခင် အခြေအနေကိုမြင်သည်တွင် အရေးပေါ်ဆရာဝန်တွေကို ခေါ်လိုက်ရတော့၏။

လူနာအတွက် အရေးကြီးချိန်မို့ ဒေါက်တာ စိုးဝေအပါအဝင် ဆရာဝန် ဆရာမများသည် ဒေါ်ရွှေခင်အခန်းဆီသို့ အပြေးရောက်ရှိလာကြလေ၏။

မှန်သည်။ ဆေးရုံတွင် ဒေါ်ရွှေခင်အား ဆရာဝန်၊ ဆရာမသည် အရေးပေါ်ပြုစုကုသပေးနေကြဆဲ အချိန်များ၌...

နဂါးပျံကုမ္ပဏီကြီး၏ တိုက်ကြီးထဲတွင်ကား ရွှေပုလဲသည် မိမိ၏သူဌေး ကိုကျော်ထိုက်ရှိန်းအခန်းတွင် သန့်ရှင်းရေးတွေလုပ်ရင်း မျက်ရည်များစီးဆင်းကာ ငေးငိုင်နေဖြစ်ရလေ၏။

“သူတို့ခြင်းလည်း ရည်ငံနေကြတယ်၊ ပြီးတော့ ကိုယ့်ရဲ့ ကျေးဇူးရှင်လည်းဖြစ်တယ်မဟုတ်လား၊ ကျေးဇူးရှင်..ကျေးဇူးရှင်”

ရွှေပုလဲသည် ဘိုးဘိုး ဦးဘဟိန်းပြောသည့် စကားတွေကို ဝမ်းနည်းစွာကြားယောင်နေဆဲ...

ကရင်း..ရင်း..ရင်း...

ရုတ်တရက်ဖုန်းလေးမြည်လာသံကြောင့် အတွေးတို့ပြတ်တောက်ကာ ရွှေပုလဲသည် ဖုန်းလေးကိုလှမ်းကိုင်နားထောင်လိုက်ရလေ၏။





“ဟဲလို...”

“ရွှေပုလဲ..အစ်ကိုပါ၊ ခုပဲ ညီမရဲ့မေမေ ရောဂါထဖောက်တယ်၊ ကိုကို ညီညီကလည်း ငိုနေကြတယ်၊ ဒီပုံအတိုင်းဆိုရင် ညီမရဲ့မေမေ နေရတော့မှာမဟုတ်ဘူး၊ အစ်ကို ထင်တယ်၊ ဘာပဲဖြစ်ဖြစ် သူ သေရင်တောင်မသေချင် သူ့ကိုစိတ်ချမ်းသာမှုပေးနိုင်တဲ့သူဟာ ညီမပဲလို့...”

ဒေါက်တာ စိုးဝေ စကားတွေကိုနားထောင်ရင်း ရွှေပုလဲသည် မျက်ရည်တွေပိုးပိုးပေါက်ပေါက် ကျလာရလေ၏။ သူတို့စကားပြောနေဆဲပင် ဆရာဝန်၊ ဆရာမများ၏ ပြုစုပေးမှုကြောင့် ဒေါ်ရွှေခင်သည် သတိရစပြုလာလေ၏။

“ညီမရဲ့ခံစားချက်တွေကို အစ်ကို နားလည်ပါတယ်၊ ဒါပဲနော် ညီမ၊ အစ်ကို ဖုန်းချလိုက်တော့မယ်...”

တစ်ဖက်မှ ဒေါက်တာ စိုးဝေသည် ဖုန်းလေးအားချသွားပြီဖြစ်သည်။ ရွှေပုလဲကား မျက်ရည်တွေစီးကျရင်းမှ စိတ်တွေသည် ပြင်းထန်စွာ လှုပ်ရှားနေရလေ၏။

“ဟား..ဟား..ဟား မိန်းမရေ ငါ့သမီးလေးကိုတော့ ငါ အားကိုးတယ်ကွာ၊ ငါ့သမီးလေးကမှ လိမ္မာတာ မရွှေခင်ရဲ့၊ ဟား..ဟား..ဟား...”

“သမီးရေ..ရွှေပုလဲ ဖေဖေ ပြန်လာပြီဟေ့၊ ဒီမှာ သမီးအတွက် ဖေဖေ ဘာဝယ်လာလဲဆိုတာလာကြည့်စမ်း၊ မရွှေခင် ငါ့သမီး ဘာလုပ်နေလဲစာကျနေလား၊ ခေါ်လိုက်ပါဦး၊ ငါ ဝယ်လာတဲ့အကျီနဲ့ဖိနပ်တော်ရဲ့လားလို့ ဝတ်ခိုင်းစီးခိုင်းစမ်းပါဦး...”



www.burmeseclassic.com

www.burmeseclassic.com



"ဟွန့်··ဖေဖေကတော့ သူ့သမီးအငယ်ပဲ၊ ယမင်းအတွက်တော့မပါဘူးလား၊ အမြဲတမ်း ရွှေပုလဲအတွက်ပဲဝယ်ဝယ်လာတယ်၊ ယမင်းက ဖေဖေတို့ရဲ့မွေးစားသမီးမို့လို့လား···"

"ဟဲ့··ယမင်း၊ ဖေဖေကို သမီးက ဒီလိုပဲပြောရလား၊ သမီးက ဘယ်နှစ်ခါမိဘကို သိသိတတ်တတ်ကူညီခဲ့ဘူးလို့လဲ၊ သမီး ရွှေပုလဲကမှ မိဘအပေါ်သိပ်အလိုက်သိတာ၊ အဲဒီလို သမီး ယမင်းကလည်းလိမ္မာပါလား···"

တစ်ချိန်တုန်းက မိသားစုပျော်ရွှင်စွာနေထိုင်ခဲ့ကြသည့် ဘဝလေး၊ မိဘနှစ်ပါးစလုံးက ရွှေပုလဲကိုလွန်စွာချစ်ကြသည်။

တစ်ည···။ ပျော်ရွှင်စရာကောင်းသည့် မိသားစုကမ္ဘာလေး ပျက်သုန်းရသည့်ည···။

လောကကြီးတစ်ခုလုံး ငြိမ်သက်စွာ အိပ်မောကျနေဆဲ ငရဲခန်းပမာ၊ ရုတ်ချည်းပြောင်းလဲကာ ဆူညံပွက်လောရိုက်သံများ အော်ဟစ်သံများ ထွက်ပေါ်လာရလေ၏။

မှန်သည်။ ဘယ်ကစပြီးမီးလောင်းမှန်းမသိ၊ ရပ်ကွက်တစ်ခုလုံးလိုလို မီးကစွဲလောင်နေလေပြီ···။

"ဟဲ့··မရွှေခင်၊ ပစ္စည်းတွေဘာမှမသယ်နဲ့၊ ကလေးတွေကိုပဲယူပြီး မီးနဲ့ဝေးရာသွားနှင့် ငါ ဒီကရသမျှယူခဲ့မယ်···"

"အိုး··ကျွန်မသမီး အငယ်မကျန်ခဲ့ပြီ၊ အခန်းထဲမှာကျန်ခဲ့ပြီ၊ ကိုအောင်ညွှန့် လုပ်ပါဦး၊ ကယ်ပါဦး၊ သမီး ရွှေပုလဲက အခန်းထဲမှာ···"

"ဟင်··ဟုတ်လား၊ ဟားမီးတွေကလည်း အကုန်စွဲနေ





ပြီ···"

"ဟီး··ဟီး ဖေဖေ··မေမေ၊ ဖေဖေ··မေမေ ပူတယ်··ပူတယ်၊ ဟီး··ဟီး··ဟီး···"

"သမီး··သမီး၊ သမီး မကြောက်နဲ့ ဖေဖေလာပြီ၊ သမီး လာ··လာ သွား··သွား··ဟိုမှာ မေမေရှိ··အား···"

အတွေးတွင် ရွှေပုလဲတစ်ကိုယ်လုံး တုန်ခါသွားရလေသည်မှန်သည်။ ဖေဖေသည် ရွှေ ပုလဲအား မီးတောထဲမှဒဏ်ရာတစ်ခုမျှမရအောင် အသက်ပေး၍ကယ်ခဲ့သည်။ မီးတောထဲမှ ရွှေပုလဲသည် လွတ်မြောက်ခဲ့သော် လည်း ဖေဖေကား ရွှေပုလဲကြောင့် ပိုးစိုးပက်စက် သေဆုံးသွားခဲ့ရရှာသည်တကား···။

"ဟင်··အဖေမရှိတော့ ငါ့ကိုကလန်ချင်ကြလား၊ အကြီးကတစ်မျိုး၊ အငယ်ကတစ်မျိုး၊ ဟဲ့··မိရွှေပုလဲ၊ ညီးကအရွယ်လေးနည်းနည်းရလာတာနဲ့ ကျေးဇူးကန်းချင်နေပြီလား၊ ငါ လုပ်မကျွေးနိုင်ဘူးဆိုပြီ ငါ့ကို ဂရုမစိုက်ချင်ကြတော့ဘူးလား···

ဟီး··ဟီး၊ ကိုကောင်းညွှန့်ရေ၊ ကိုကောင်းညွှန့်ရဲ့··ကျွန်မတိုလှည့်ကြည့်ပါဦး၊ ရှင် အသက်ပေးပြီးချစ်ခဲ့၊ ကယ်ခဲ့တဲ့ကလေးက ကျွန်မကို အရေးမလုပ်ချင်တော့ဘူးတော့၊ အရွယ်လေးရလာတော့ ကျွန်မတို့ကို ကျေးဇူးကန်းချင်နေပြီတော့၊ ဟီး··ဟီး··ဟီး"

ထိုစဉ်က မေမေသည် တဆိတ်ရှိအော်··အော်ငိုကာ ဖေဖေကို ထိုင်တည်ပြီး ရွှေပုလဲအား ကျေးဇူးကန်း၊ ကျေးဇူးကန်းဟုဆိုသည့်စကားကို အမြဲတမ်းသုံးစွဲပြောဆိုခဲ့သည်။ သို့သော်လည်း ရွှေပုလဲကား မေမေ ဘာကိုရည်ရွယ်၍ပြောဆိုမှန်း မသိခဲ့သည်က



www.burmeseclassic.com

www.burmeseclassic.com



အမှန်ပါ…။

မေမေ‥ရွှေပုလဲ နားလည်ပါပြီ မေမေရယ်၊ ရွှေပုလဲ ကျေးဇူးမကန်းပါဘူး မေမေရယ်၊ ဖေဖေနဲ့မေမေကသာ ရွှေပုလဲရဲ့အကြီးမားဆုံး ကျေးဇူးရှင်တွေပါ၊ မေမေ ခွင့်လွှတ်ပါ၊ ရွှေပုလဲကိုခွင့်လွှတ်ပါ၊ ရွှေပုလဲ တောင်းပန်ပါတယ်…

ရွှေပုလဲကား ရုတ်ချည်းပင်နေရာမှထရပ်လိုက်သည်။ သည့်နောက် မျက်ရည်တွေကိုသုပ်ပစ်ပြီး၊ မောင်လေးကို စက်ရုံမှူးကြီးဆီသွားရောက်ပို့ထားပြီးနောက် ရွှေပုလဲသည် ဆေးရုံသို့ထွက်သွားလိုက်ပါတော့သတည်း…။

တစ်အောင့်ခန့်ကြာသည့်တွင် ရွှေပုလဲ ဆေးရုံသို့ရောက်လာခဲ့သည်။ မိခင်အနားတွင် ကိုကိုနှင့်ညီညီတို့ ငိုနေကြသည်ကိုတွေ့၍ ရွှေပုလဲ မေမေ့အတွက် စိုးရိမ်သွားရ၏။

"မေမေ…"

"ဟင်‥မမ…"

ကိုကို၊ ညီညီတို့ကလည်း ရွှေပုလဲကိုတွေ့သည့်တွင် အားရဝမ်းသာစွာဖြင့် ပြိုင်တူခေါ်လိုက်ကြရှာသည်။

ရွှေပုလဲ ခေါ်ရင်း၊ မိခင်အနီးပြေးသွားသည့်တွင် ဒေါ်ရွှေခင်သည် သမီးခေါ်သံကြောင့် စိတ်လှုပ်ရှားသော၊ ဝမ်းသာသောအသွင်ဖြင့် ရုတ်ချည်းပင် လှမ်းကြည့်လာ၏။ တစ်ဆက်တည်းလည်း မျက်ရည်တွေမှာရေကာတာကျိုးသကဲ့သို့ ပြိုဆင်းလာသည်။ ဒေါ်ရွှေခင်သည် ထထိုင်ပြီး သမီးကို ကြိုဆိုသည်။ ရွှေပုလဲသည် မိခင်ကိုပြေးဖက်ထားဖြစ်ရင်းက…





"မေမေ ရွှေပုလဲ မှားသွားပါတယ်၊ ရွှေပုလဲ တောင်းပန်ပါတယ်၊ ဖေဖေက သမီးအတွက် အသက်တောင်ပေးသွားတယ်၊ သမီးက မေမေ့အတွက် ဒီလောက်လေးတောင်ကျေးဇူးမဆပ်နိုင်တာ သမီးဟာ သမီးမိုက်ပါပဲ မေမေ…"

"အိုး‥မဟုတ်တာ သမီးရယ်၊ သမီးမှ မေမေ့သမီး၊ အလိမ္မာဆုံး သမီးလေးပါ၊ ဘာပဲဖြစ်ဖြစ် မေမေ သဘောပေါက်ပါပြီ သမီးရယ်…"

"မေမေရယ်၊ မေမေ့ကို သမီး စိတ်ချမ်းသာအောင်ထားပါ့မယ်၊ မေမေ့ရောဂါကိုလည်း ငွေနဲ့ဝယ်ပြီးကုရပါစေ၊ မေမေ အသက်ရှင်ဖို့သာအဓိကပါ၊ ခုဆိုရင် မေမေ့ကိုလည်း သမီးဆေးကုနိုင်ပါပြီ မေမေ၊ မောင်လေးကိုလည်း သမီး ကောင်းကောင်းထားနိုင်ပါပြီ၊ မေမေ စိတ်ချမ်းသာအောင်နေနော်၊ မေမေနဲ့သမီး မခွဲတော့ဘူး၊ သမီးတို့မိသားစု မခွဲတော့ဘူး…"

"ဩော်‥နားလည်မှုရှိလွန်းတဲ့ သမီးလေးရယ်…"

ချမ်းမြေ့မှုတွေဖြင့် သားအမိနှစ်ယောက်ဖက်ရင်း မျက်ရည်တွေကျဖြစ်ကြရသည်။

"မမ‥မမ သားတို့ကိုပြန်လာခေါ်တာလားဟင်၊ ကိုကို မမကိုလည်း သတိရတယ်၊ ညီလေးကိုလည်း သတိရတယ်"

"ညီညီလည်း ကိုကို့လိုပဲ မမ…"

"အေး‥ဟုတ်တာပေါ့၊ အခု မောင်လေးတို့ကို မမ လာခေါ်တာ၊ အခုဆိုရင် မောင်လေးတွေကို မမ ကောင်းကောင်းနိုင်ပြီသိလား၊ မမကိုယ်တိုင် စီးပွားရေးတွေအများကြီးလုပ်နေ



www.burmeseclassic.com

www.burmeseclassic.com



ပြီသိလား၊ မောင်လေးတို့က စာတွေကောင်းကောင်းသင်ကြရမယ် နော်၊ သိလား…”

“ဟုတ်ကဲ့ မမ…”

ဒေါ်ရွှေခင်သည် မိမိ၏သားသမီးများအား မျက်ရည်တွေ စီးကျကာ ကြည့်နေဖြစ်ရလေသည်။

မိမိအသက်မရှည်လျှင်နေပါ။ သမီး ရွှေပုလဲ လက်ထဲ၌ သားလေးများကိုအပ်ခဲ့ရလျှင် မိမိသေပျော်ပြီဖြစ်၏။ မှန်သည်။

ဒေါ်ရွှေခင်ကား မိမိရင်ခွင်ထဲသို့ ရွှေပုလဲ ပြန်ရောက်လာပြီဖြစ်သည့်အတွက် သေမင်းကိုပင်စိန်ခေါ်ရဲလေပြီတကား…။

ØØ ØØ ØØ



- လေးဆယ် -

နဂါးပျံကုမ္ပဏီ၏ စက်ရုံများကား အလုပ်သမားများ အတောင့်အတင်းနှင့် နေ့ရောညပါဂျူတီချိန်တွေခွဲကာ အင်တွေအားတွေဖြင့် တက်တက်ကြွကြွကြီး လည်ပတ်နေလေပြီဖြစ်၏။

သည်ကနေ့လုပ်ငန်းကြီးအား ဦးစီးလုပ်ကိုင်သူကား ရွှေပုလဲပင် ဖြစ်သည်။ စက်ရုံမှူးက အတိုင်ပင်ခံ၊ ရွှေပုလဲ၏ အရည်အချင်းနှင့်ကြိုးစားမှုများအား စက်ရုံမှူးပင် ယက်ဖျားခါနေရ၏။

ယခုလည်း ရွှေပုလဲသည် ပိန္နဲသီးအကြွပ်ခြောက်လုပ်နည်းကို စမ်းသပ်လုပ်ကိုင်ပြီးနောက် ထုပ်လုပ်နေပြီဖြစ်၏။ တစ်ဆက်တည်းလည်း စားကုန်များထည့်သည့် ပါကင်နှင့်ကာဘာတွေကိုပါ စားသုံးသူများအကြိုက်နှင့်ကလေးတို့ အကြိုက်ကိုရွေးချယ်ထုပ်လုပ်၏။

ရံဖန်ရံခါ၌ ရွှေပုလဲသည် မိမိသူဌေးနေသည့် အိမ်ခန်းကို သွားရောက်ကြည့်ရှုပြီး ဝမ်းနည်းထိခိုက်မှုများဖြစ်ပေါ်ရသော်လည်း ရွှေပုလဲသည် စီးပွားရေးလုပ်ငန်းတွေကို ထိခိုက်စေခြင်းမရှိ၊ မောင်လေးတွေနှင့်ပျော်ရွှင်စွာနေထိုင်ပြီး၊ နေ့တာရှုဝ မိမိလုပ်ကိုင်ရမည့်



www.burmeseclassic.com

www.burmeseclassic.com



အလုပ်တွေကို ဆက်လက်လုပ်ဆောင်သွား၏။

မှန်သည်။ ရွှေပုလဲတစ်ယောက် စီးပွားရေးဉာဏ်တွေစိတ်ကူးတွေနှင့်လုပ်ငန်းတွေကို စဉ်းစားကြိုးစားကာ လုပ်ကိုင်နေဆဲအချိန်များ၌…

ယမင်းခင်ကား ကုမ္ပဏီပိုင်ရှင် ကျော်ထိုက်ရှိန်းနှင့်အမြန်ဆုံးဖက်ထပ်နိုင်ရန်အတွက်သာ နေ့စဉ်လှုပ်ရှားကြိုးစားနေသည်ပါ။ ချစ်သူကိုချစ်သော်လည်း ယမင်းခင် စွန့်လွှတ်နိုင်သည်။ စီးပွားရေးသမား ကုမ္ပဏီပိုင်ရှင်ကိုယူမှသာ မိမိဘဝချမ်းသာမှုအာမခံချက်ပိုရှိသည့်မို့ ချစ်သူကို ယမင်းခင် စွန့်လွှတ်ရပါ၏။

မင်္ဂလာဆောင်ရန် တစ်ပတ်သာလိုပြီမို့ ယမင်းခင်သည်သည်နေ့ မင်္ဂလာဝတ်စုံချုပ်ထားသည်ကို လာရောက်ရွေးချယ်ရင်းဆိုင်မှာပင် လိုအပ်လျှင်ပြင်ဆင်ရန်အတွက် အစမ်းဝတ်ကြည့်ရင်းယမင်းခင်သည် ပျော်ရွှင်ကာ စိတ်တွေလှုပ်ရှားဖြစ်ရ၏။

“နင် ဘယ်လောက်အထိ နင့်အမေကို နင် လျစ်လျူရှုထားနိုင်မလဲဆိုတာ ငါ စောင့်ကြည့်နေမယ်၊ နင်ကလွဲရင် နင့်အမေရဲ့အသက်ကို ဘယ်သူမှမကယ်နိုင်ဘူး၊ နင့်အမေအတွက် အချိန်သိပ်မရှိတော့ဘူး၊ ဖြစ်နိုင်ရင် နင်နဲ့ငါ နေရာချင်းပဲလဲလိုက်ချင်တယ် ယမင်းခင်…”

ကြည်နူးဆဲ၊ ရတ်ချည်း ရွှေပုလဲ၏စကားသံတွေသည်နားထဲထိုးဖောက်ဝင်ရောက်လာခိုက်၊ ယမင်းခင်သည် တုန်လှုပ်ခြင်းဖြင့် မျက်ရည်တွေစီးဆင်းလာရလေ၏။

မှန်သည်။ ယမင်းခင်တစ်ယောက် သတို့သမီးဝတ်စုံကို





ဝတ်ရင်း မျက်ရည်များစီးကျနေဆဲအချိန်များ၌၊ ကျားပျံဟိန်းကုမ္ပဏီကြီး၏ စက်ရုံဝင်းကြီးထဲတွင်ကား…

“မန်နေဂျာ…ကျွန်တော်တို့ကို သူဌေးကြီးက ဂိုဒေါင်သုံးထဲကကုန်ပစ္စည်းတွေကို ဂိုဒေါင်ခြောက်ထဲ ပြောင်းထားခိုင်းပါတယ်၊ ဒါပေမဲ့ ဂိုဒေါင်ခြောက်ကို ကျွန်တော်တို့သွားဖွင့်ကြည့်လိုက်တော့ အဲဒီမှာနဂါးပျံကထုပ်တဲ့ ကုန်ပစ္စည်းတွေအတော်များများကို ကျွန်တော်တို့တွေ့လိုက်ရတယ်၊ အဲဒါ မန်နေဂျာတစ်ချက်လောက် လိုက်ကြည့်ပါဦးလား…”

အလုပ်သမားခေါင်း၏ ပြောလာသောစကားကြောင့်ကျော်ထိုက်ရှိန်းသည် မျက်မှောင်တစ်ချက် တွန့်သွားရပြီး နေရာမှထကာ သူ လိုက်ကြည့်သည်။

“ပစ္စည်းတွေက ဘယ်လောက်များလဲ…”

“ကားနဲ့တစ်စီးတိုက်တော့ရှိတယ် မန်နေဂျာ၊ ဂိုဒေါင်ခြောက်က သိပ်အသုံးမပြုတော့၊ ကျွန်တော်တို့က သန့်ရှင်းရေးအရင်သွားလုပ်မယ်ဆိုပြီး သွားဖွင့်တော့တွေ့တာပါ…”

အလုပ်သမားခေါင်းနှင့်စကားတွေဆိုရင်း ဂိုဒေါင်ခြောက်သို့ သူတို့ရောက်လာသည်။ ဂိုဒေါင်ခြောက်ထဲမှ မိမိ၏နဂါးပျံအမှတ်တံဆိပ်နှင့်စားကုန်ပစ္စည်းပါကင်တွေကို တွေ့လိုက်ရသည်တွင် ကျော်ထိုက်ရှိန်းသည် အတွေးတစ်ချက်နက်သွားရရင်းက…

“ဂိုဒေါင်စောင့်တာဝန်ကို ဘယ်သူယူထားလဲ…”

“ဦးဘိုးထောင်ပါ မန်နေဂျာ…”

“ခေါ်လိုက်ပါဦး…”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့…"

သူ ဂိုဒေါင်စောင့်ကို သွားခေါ်ခိုင်းလိုက်သည်။ မကြာလိုက်၊ အလုပ်သမားခေါင်းနှင့်အတူ ဂိုဒေါင်စောင့်ရောက်လာသည်။ ကျော်ထိုက်ရှိန်းသည် ဂိုဒေါင်စောင့်ကြီးကိုကြည့်လိုက်သည်။ ဂိုဒေါင်စောင့်ကြီးသည် ရိုးသားသောလူကြီးတစ်ယောက်ဟု ကျော်ထိုက်ရှိန်း မြင်၏။

"ဦးလေး··ဒီဂိုဒေါင်ထဲမှာ ဒီပစ္စည်းတွေကို ဘယ်သူလာထားတာလဲ၊ ဦးလေး သိလား…"

"ဟုတ်ကဲ့ သူဌေးရဲ့ချွေးမနဲ့မြေးအကြီးဆုံးပဲ လာထားသွားတာပါ မန်နေဂျာ၊ ပြောတော့ ဒီပစ္စည်းတွေက ပစ်ရမယ့်ပစ္စည်းတွေတဲ့၊ ဒီဂိုဒေါင်ကမသုံးတော့ ခဏထားထားမယ်တဲ့၊ ဘယ်သူ့ကိုမှမပြောပါနဲ့တဲ့…"

ကျော်ထိုက်ရှိန်းသည် အတွင်းသွားကိုစေ့ကာ နှုတ်ခမ်းကိုစေ့ထားလိုက်သည်။ သည့်နောက် မည်သည့်စကားမှမဆိုတော့ဘဲ၊ ကျော်ထိုက်ရှိန်းသည် ရုံးခန်းသို့ပြန်ခဲ့လိုက်လေ၏။

မကြာလိုက်၊ ရုံးခန်းထဲ၌ ကျော်ထိုက်ရှိန်းတစ်ယောက် ခံပြင်းနေဆဲအချိန်တွင်ပင် သတို့သမီးဝတ်စုံရွေးချယ်ပြီး ပြန်ရောက်လာသည့် ယမင်းခင်သည် ကျော်ထိုက်ရှိန်းထံသို့ အလှဆုံးအပြုံးတွေနှင့်ရောက်ရှိလာ၏။

မိန်းမတို့၏မာယာတွင် ခံနိုင်ရိုးလားဟူသောအတွေးဖြင့် ကျော်ထိုက်ရှိန်းထံ ရောက်ရှိလာသည့် ယမင်းခင်သည် ကျော်ထိုက်ရှိန်း၏နီရဲတင်းမာနေသည့် မျက်နှာအသွင်ကိုတွေ့ခိုက်၊ ရင်ထဲဒိန်း





ကနဲဖြစ်ကာ မျက်နှာပျက်သွားရရင်း…

"အစ်ကို ဘာဖြစ်လို့လဲဟင်၊ မျက်နှာလည်းမကောင်းပါလား၊ ဘာလဲ··ယမင်း သွားတာကြာနေလို့ အစ်ကို စိတ်ကောက်နေတာလားဟင်…"

ယမင်းခင် ပြောသောစကားတွေက ကျော်ထိုက်ရှိန်း၏နားထဲပင်မဝင်၊ ကျော်ထိုက်ရှိန်းသည် ယမင်းခင်၏လက်ကိုဖျတ်ခနဲဆွဲကာ၊ ရုံးခန်းထဲမှထွက်ခဲ့ပြီး ဂိုဒေါင်ခြောက်ဆီသို့ ခေါ်ခဲ့လိုက်လေ၏။

ဂိုဒေါင်ခြောက်ဆီအရောက်၌ ယမင်းခင် မျက်နှာက သွေးဆုတ်နေလေပြီ။ ကျော်ထိုက်ရှိန်းသည် ဂိုဒေါင်ထဲဝင်ခဲ့ပြီး မိမိ၏ကုန်ပစ္စည်းထဲသို့ ယမင်းခင်အား ဆွဲပစ်လိုက်ရင်းက…

"မင်းရဲ့အကြံပက်စက်မှုတွေနဲ့ မင်းရဲ့ယုတ်မာမှုတွေက ဒါအကုန်ပဲလား ယမင်းခင်၊ ထွီး··အံ့ရော၊ မင်း အတတ်နဲ့မင်းပဲ၊ မင်း ကိစ္စတွေ မင်းပဲရှင်းတော့…"

စကားအဆုံး ကျော်ထိုက်ရှိန်းကား ကျားပျံကုမ္ပဏီကြီး၏ စက်ရုံဝင်းကြီးအတွင်းမှ လှမ်းထွက်သွားလိုက်ပါတော့သတည်း။ ယမင်းခင်ကား ဂိုဒေါင်ရှေ့၌ မျက်နှာအုပ်ကာရှိုက်ကြီးတငင် ငိုရှိုက်ကျန်ခဲ့လေပြီတည်း…။

× × × × ×

ညနေဘက်တွင် အလုပ်တွေစောစောပြီးစီးသည်နှင့် မောင်အငယ်ဆုံးလေးကိုခေါ်ပြီး ဆေးရုံသို့ ရွှေပုလဲရောက်လာခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။ မိခင်အခန်းထဲဝင်မည်အပြု အခန်းထဲမှ ဒေါက်တာ စိုးဝေ ထွက်လာသည်ကိုတွေ့၍ သူတို့အပြင်တွင်ပင် ရပ်စကားပြောဖြစ်လိုက်ကြ၏။

"အစ်ကို..အစ်ကို့အတွက် ရွှေပုလဲ စိတ်မကောင်းပါဘူး"

"ဘာအတွက်လဲ ညီမ..."

"သူဌေးနဲ့သူ လက်ထပ်တော့မယ်၊ သူဌေးကတော့ ဘာမှ သိရှာပုံမပေါ်သေးပါဘူး..."

"ဪ..ဒါလား၊ ဘယ်တတ်နိုင်မလဲ ညီမရယ်၊ အစ်ကို့အနေနဲ့ သူ့ကိုပြုပြင်ယူချင်ပါတယ် ဒါပေမဲ့ အခွင့်အရေးမရှိတော့လည်း အစ်ကို ဘာတတ်နိုင်တော့မလဲလေ၊ အစ်ကိုက ညီမအတွက်ပဲ စိတ်မကောင်းဖြစ်ရတာပါ..."

ရွှေပုလဲ စကားမဆို၊ မျက်ရည်တွေဝဲကာ ဆိတ်ဆိတ်ပင်နေလိုက်သည်။ ဒေါက်တာ စိုးဝေအသွင်သည်ကဖြင့် တည်ငြိမ်စွာပင်ရှိ၏။ ထိုအခိုက်ပင် ဆေးရုံသို့ ကျော်ထိုက်ရှိန်းရောက်လာသည်ကို သူတို့ တွေ့လိုက်ရသည်။

ကျော်ထိုက်ရှိန်းသည် ရွှေပုလဲနှင့်ဒေါက်တာ စိုးဝေကို အတူတွေ့လိုက်ရ၍ သူ့ခြေလှမ်းမှာ တစ်ချက်မျှတွန့်သွားရပြီးမှ သူ ဆက်၍လှမ်းခဲ့သည်။

"ကျွန်တော့်ကြောင့် အနှောင့်အယှက်မဖြစ်ပါနဲ့၊ အေးအေးဆေးဆေးသာ စကားပြောကြပါ၊ ကျွန်တော် သွားလိုက်ပါဦးမယ်..."

အလိုက်သိစွာဖြင့် ဒေါက်တာ စိုးဝေတစ်ယောက် နှုတ်





ဆက်ပြီး ထွက်သွားသည်တွင် ကျော်ထိုက်ရှိန်းနှင့်ရွှေပုလဲတို့သည် တစ်ဦးကိုတစ်ဦး ကြည့်နေဖြစ်ကြလေ၏။ သူတို့အကြည့်တွေက ရီဝေ၍နေကြသည်။ စကားလုံးတွေက လည်ချောင်းဝတွင် တစ်ဆို့နေကြသလို ကိုယ်စီ ရင်နာမှုတွေဖြင့် စကားမဆိုနိုင်ဘဲရှိနေကြရလေ၏။

"သူဌေး..ဘယ်သူ့ဆီလာတာလဲ..."

အတန်ကြာမှ ရွှေပုလဲ မေးဖြစ်သည်။

"ကိုယ် အိမ်ကိုရောက်ခဲ့သေးတယ်၊ ရွှေပုလဲ မရှိဘူးဆိုလို့..."

"ဪ..ဒါနဲ့ မင်္ဂလာရက်ရွေးချယ်ပြီးပြီပေါ့နော်..."

ချုပ်တည်းနေသည့်ကြားမှ မျက်ရည်တွေကျလာရင်း ရွှေပုလဲ စကားတွေဆိုဖြစ်သည်။

"မနေ့က ရွှေပုလဲနဲ့ဒေါက်တာတို့ကို ကျားပုံဟိန်းတိုက်မှာ ကိုယ် တွေ့လိုက်တယ်၊ မင်းတို့ရဲ့အနေအထားကရော ဘယ်လိုလဲ ဟင်..."

သူတို့နှစ်ဦးစကားတွေက ကိုယ်လိုရာတွေ ကိုယ် ပြောနေကြသလိုဖြစ်နေ၏။

"အထင်မလွဲပါနဲ့ သူဌေး၊ အစ်ကို ကိုစိုးဝေနဲ့ရွှေပုလဲတို့က မပြောင်းလဲတဲ့အနေအထားမှာပဲ ထာဝရရှိပါတယ်၊ သူဌေးနဲ့ ယမင်းခင်တို့ရဲ့အခြေအနေပေါ်မှာလည်း ဘယ်လိုမှထင်မြင်ချက်တွေမရှိပါဘူး..."

"မဟုတ်ဘူး၊ သူနဲ့ကိုယ်နဲ့ အခြေအနေမှာ ကိုယ့်ဘက်က



www.burmeseclassic.com

www.burmeseclassic.com

ဘာမှမဟုတ်ဘူး၊ မင်းကိုပြောတဲ့စကားတွေအတိုင်း တည်မြဲတည် စဲပဲရှိတယ်၊ သူ့ဘက်ကသာ မှုမမှန်တာ၊ အခု သူ့ရဲ့လုပ်ရပ်နဲ့ ခကြောင်းတွေကို ကိုယ် အကုန်လုံးသိခဲ့ပြီးပြီ၊ ဒါကြောင့် သူနဲ့ပတ် ပက်တဲ့အစီအစဉ်တွေကို ဘယ်လိုအစီအစဉ်မျိုးမှ ကိုယ် လက်မခံ ်င်တော့ဘူး…”

ကျော်ထိုက်ရှိန်းမှာ ယမင်းခင်နှင့်လက်ထပ်ပွဲကိုဖျက်သိမ်း သည်မှအစ၊ ယမင်းခင်၏လုပ်ရပ်တွေအကြောင်းအား ဖွင့်ပြောပြ ိုက်သည်။

“သူဌေးရယ်…ဘာပဲဖြစ်ဖြစ်၊ သူ့ကိုနားလည်ပေးလိုက် ါ…”

“မင်း ဘာကိုဆိုလိုတာလဲ…”

“ရွှေပုလဲပြောဖို့ ဘာမှအင်အားမရှိတော့ပါဘူး သူဌေး ယ်…”

ကျော်ထိုက်ရှိန်းသည် ရွှေပုလဲ၏မျက်ရည်တွေနှင့်ရွှဲနေ ာည့်မျက်နှာဝင်းဝင်းလေးဆီကြည့်ပြီး ရင်ဝယ်မခံစားနိုင်တော့၍ ရွှေပုလဲ၏ကိုယ်လေးအား ညင်သာစွာထွေးဖက်ထားလိုက်မိပါတော့ ာတည်း…။ ။

ØØ ØØ ØØ



## - လေးဆယ်တစ် -

ရှက်ခြင်း၊ ကြောက်ခြင်း၊ ထိတ်လန့်ခြင်း၊ ဝမ်းနည်းခြင်း၊ အားငယ်သိမ်ငယ်ခြင်း၊ နှိမ့်ချခြင်း၊ တောင်းပန်ခြင်းတွေဖြင့် ယမင်းခင်ကား မိခင် ဒေါ်ရွှေခင်ဆီသို့ ရောက်ခဲ့ပါပြီ…။

မှန်သည်။ နောင်တများစွာတို့ဖြင့် ယမင်းခင်သည် မိခင်ဆီသို့ ရောက်လာခဲ့ခြင်းပါ။ လာခဲ့သည့်တစ်လျှောက်လုံး စိတ်ရောခန္ဓာပါ အားအင်တွေချိနဲ့လာခဲ့ရသည်။ မိခင်ဆီအရောက်မတော့ အတိုင်းမသိသော ဝမ်းနည်းခြင်းများဖြင့် ယမင်းခင်သည် မျက်ရည်ကာတာကြီး ကျိုးပျက်သွားရလေ၏။

ဒေါ်ရွှေခင်ကား ဆေးထိုးဆေးသောက်ထား၍ အိပ်ပျော်နေရှာသည်။ သမီးဖြစ်သူ ယမင်းခင်တစ်ယောက် မိမိထံရောက်လာသည်ကို မသိရှာသေး…။

“မေမေ…မေမေရယ်၊ အဟင့်…ဟင့်…ဟင့်…ဟင့်…”

ငိုရှိုက်ကာ မိခင်ကို နောင်တတွေဖြင့်ခေါ်ရင်း ယမင်းခင်သည် မိခင်ကြီး၏ခုတင်အောက်တွင် ကျုံ့ကျုံ့ကလေးထိုင်ချလိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com



“အဟင့်··ဟင့်၊ မေမေ··မေမေရယ် ယမင်း မှားပါတယ်၊ ယမင်း နောင်တရပါပြီ မေမေ၊ အခု မေမေ့ဆီကို ယမင်း ပြန်လာခဲ့တာပါ၊ ယမင်းကြောင့် မေမေ ဘယ်လောက်အထိစိတ်ထိခိုက်ပြီး စိတ်သောကရောက်ခဲ့ရမလဲဆိုတာတွေတွေးပြီး ယမင်း ခံစားရမဆုံးပါဘူး မေမေရယ်···

မေမေ ယမင်းကို ခွင့်လွှတ်နိုင်သေးရဲ့လား၊ ယမင်းဟာ ခွင့်လွှတ်ခြင်းနဲ့ထိုက်တန်တဲ့ သမီးတစ်ယောက်ဖြစ်သေးရဲ့လား၊ အဟင့်··ဟင့်··ဟင့်··မေမေရယ်···

အဟင့်··ဟင့်··ဟင့် ယမင်း သိပ်မိုက်တယ်၊ ယမင်း သိပ်တစ်ကိုယ်ကောင်းဆန်ပါတယ်၊ ယမင်း ဘဝမေ့တယ်၊ ယမင်း ဘဝင်မြင့်တယ်၊ ယမင်း အောက်ခြေလွှတ်တယ်၊ ဒီစကားတွေကသာ ယမင်းနဲ့ထိုက်တန်ဆုံးစကားတွေပါနော်···

ပြောပါ မေမေရယ်၊ သမီးကို တဝကြီးပြောပါ၊ ဆုံးမပါ၊ ငယ်ငယ်တုန်းကလိုမျိုးရိုက်ပါ၊ မေမေရယ် သမီး သိပ်ဝမ်းနည်းတယ်၊ သမီး သိပ်နောင်တရပါပြီ၊ အဟင့်··ဟင့်··ဟင့်···”

စကားသံတွေ၊ ငိုရှိုက်သံတွေက အိပ်မက်လိုလို၊ တကယ်လိုလို ဇဝေဇဝါဖြင့် ဒေါ်ရွှေခင် နားထဲကြားနေရ၏။ ဒေါ်ရွှေခင်သည် ရုတ်တရက်ဝေဝါးနေ၍ မိမိအဖြစ်ကိုမိမိ ဆန်းစစ်နေဖြစ်သည်။

ပြီးမှ··ဒေါ်ရွှေခင်သည် တစောင်းလေးလှည့်အိပ်နေရာမှ မျက်ဝန်းအစုံကိုဖြည်းဖြည်းခြင်းဖွင့်ကာ မိမိနောက်ဘက်ဆီသို့ လှည့်ကြည့်ဖြစ်သည်။ ထိုအခါ မိမိခုတင်အောက်မှ ကျုံ့ကျုံ့လေးထိုင်





ကာ ငိုရှိုက်နေသည့်သမီးဖြစ်သူ ယမင်းခင်အား မြင်တွေ့လိုက်ရသည်တွင်···

ဒေါ်ရွှေခင်သည် ရင်ဝယ်ဝမ်းမြောက်ဝမ်းသာရသော တုန်လှုပ်မှုကလေးတွေနှင့် အိပ်ရာမှထ၍ထိုင်လိုက်သည်။ ဒေါ်ရွှေခင်မျက်နှာ၌ ကြည်နူးဝမ်းမြောက်မှုတွေဖြင့် မျက်ရည်တွေစီးကျလာသည်။

သိုးပိုင်ရှင်သည် ပျောက်သောသိုးကလေးကိုပြန်တွေ့လိုက်ရသည့်ပီတိမျိုး၊ သားသမီးအပေါ်တွင်ထားရှိဆဲ မိခင်တို့၏နက်ရှိုင်းသည့် မေတ္တာအနှစ်ရယ်ဖြင့် ဒေါ်ရွှေခင်သည် စကားမဆို၊ သမီးလေးကို ထူမတွေးဖက်ထားလိုက်ရှာလေ၏။

“မေမေ··မေမေ သမီးကိုခွင့်လွှတ်ပါ၊ သမီး မှားပါတယ် မေမေ၊ သမီးကို ခွင့်လွှတ်နိုင်သေးရဲ့လား မေမေရယ်···”

ဒေါ်ရွှေခင် စကားမဆိုနိုင်၊ ချစ်သမီးကိုသာဖက်ထားရင်း မျက်ရည်များကြားမှပြုံးကာ ချစ်သမီး၏ကျောပြင်လေးဆီ ပွတ်သပ်ပေးနေဖြစ်၏။

“အဟင့်··ဟင့်··ဟင့်···”

ယမင်းခင်ကား မိခင်၏အေးချမ်းနွေးထွေးသောရင်ခွင်ဝယ် ရှိုက်၍ငိုသည်။ နောင်တများစွာဖြင့် ငိုသည်။

ဒေါ်ရွှေခင်သည် သမီး၏ကျောပြင်လေးဆီပွတ်ပြီး သမီးမျက်နှာလေးဆီကြည့်သည်။ ပြီးတော့ သမီး၏မျက်ရည်တွေကို ယုယထွေးသိမ့်စွာ သုပ်ပေးသည်။ မိခင် ဒေါ်ရွှေခင်၏မျက်နှာ ထက်တွက်မတော့ ပြုံးမျက်ရည်တွေနှင့်ပါ···။



www.burmeseclassic.com

www.burmeseclassic.com



မှန်သည်။ ဒေါ်ရွှေခင်နှင့်ယမင်းခင်သားအမိနှစ်ယောက်၏ နားလည်မှုရှိလာသော ကြင်နာမှုလေးများအား အခန်းအပြင်ဘက်မှ ရွှေပုလဲသည် လှမ်းကြည့်နေရှာ၏။

ဒေါ်ရွှေခင်အား မနက်ပိုင်းအချိန်အတွက် မျက်နှာသစ်၊ အဝတ်လဲပေးဖို့နှင့် မနက်စာစားရန်လာရောက်ပို့သည့် ရွှေပုလဲသည် သားအမိနှစ်ယောက်၏နားလည်ကြင်နာပုံလေးတွေကို မမျှော်လင့်ဘဲတွေ့ရခိုက် ငေးကြည့်နေဖြစ်ရခြင်းပါ…။

ကြည့်ရင်း ရွှေပုလဲရင်ထဲမလည်း ဝမ်းနည်းဝမ်းသာဖြစ်နေရသည်ပါ။ ရွှေပုလဲသည် ခြင်းလေးကိုကိုင်ထားပြီး အခန်းအပြင်ဘက်တွင်ပင် ရပ်နေလိုက်သည်။ တအောင့်ခန့်ကြာသည်တွင် အခန်းထဲမှ ယမင်းခင် ပြန်ထွက်လာသည်ကို တွေ့လိုက်ရ၏။

ယမင်းခင်သည်လည်း အခန်းဝ၌ ရွှေပုလဲကို တွေ့မိရခိုက်၊ သူတို့တစ်ယောက်ကိုတစ်ယောက် ငြိမ်လျှက်ကြည့်နေဖြစ်ကြသည်။ ပြီးမှ ခုံတန်းလေးတစ်ခုတွင် သွားရောက်ထိုင်ကာ စကားတွေပြောဖြစ်ကြလေ၏။

ဖေဖေဟာ ငါ့ကိုသိပ်ချစ်တယ်၊ ဖေဖေဟာ ငါ့အတွက်နဲ့ အသက်ဆုံးသွားရှာတယ်၊ ဒါပေမဲ့ ဒီကနေ့ ငါဟာ ဖေဖေရဲ့သမီးအရင်းမဟုတ်ဘူးဆိုတာ ဖေဖေသိရင် ဖေဖေ ငါ့ကိုချစ်နိုင်ပါ့မလားမသိဘူးနော်…

"ဒါပေမဲ့ ငါ ယုံပါတယ်၊ မေမေတောင်မှ ငါ့ကို ဒီကနေ့အထိချစ်နေသေးတာ ဖေဖေလည်း ငါ့ကိုချစ်မယ်လို့ ငါ ယုံတယ်၊ ဘာကြောင့်လဲဆိုတော့ ဖေဖေ၊ မေမေတို့ကလည်း ငါ့ကိုမိခင်





ဗိုက်ထဲကထွက်ကတည်းက မွေးလာခဲ့ကြတာမဟုတ်လား…

ငါ့ဘဝအတွက် ဖေဖေ၊ မေမေတို့က အကြီးမားဆုံးကျေးဇူးရှင်တွေပါပဲ၊ တစ်သက်လုံးကတည်းက ငါက အငယ်အဖြစ်နေလာတာ၊ တကယ်တမ်းကျတော့ ငါကအကြီးဆုံးဖြစ်နေတယ်၊ ဒါကြောင့် နင့်အပေါ်မှာ ငါ ဘယ်လိုမှသဘောမထားဘူး၊ မလိမ္မာတဲ့ညီမတစ်ယောက်အဖြစ်ကနေ ခုလိုနင်နားလည်မှုတွေရှိလာတော့ အားလုံးက နင့်ကို ကြိုဆိုနေကြပါတယ်…

ဘာပဲဖြစ်ဖြစ် ငါ့အနေနဲ့ကတော့ အားလုံးကိုကျေးဇူးတင်ပါတယ်၊ ငါ့ဘဝက ဘာမှမဟုတ်ခဲ့လဲပဲ ငါက ငါ့ကိုယ်ငါပဲ အားကိုးတယ်၊ ငါ့ကိုယ်ငါ ယုံကြည်မှုရှိတယ်…

တို့တွေဟာ ညီအစ်မတွေပါ၊ တို့တွေမှာ ဘာမှအခံယာတာတွေမရှိစေရဘူး၊ အခုအရေးအကြီးဆုံးက တို့မေမေရဲ့အသက်ကို အမြန်ဆုံးကယ်တင်ကြရဖို့ပဲ၊ နင့်ဘက်ကအဆင်သင့်ဖြစ်မယ်ဆိုရင် ခွဲစိတ်ဖို့စီစဉ်လိုက်မယ်၊ ယမင်းခင် နင် မငိုပါနဲ့၊ နင့်ကိုအားလုံးက နားလည်ခွင့် လွှတ်ထားကြပြီးသားပါ…"

ဒေါက်လျှောက်ကြီး ရွှေပုလဲ စကားတွေဆိုသွားသည်။ ယမင်းခင်ကား စကားတစ်ခွန်းမျှပြန်၍မဆိုနိုင်၊ ဝမ်းနည်းခြင်းနှက်မျက်ရည်တို့ဖြင့် ရွှေပုလဲ ပြောသည့်စကားများအား နားထောင်နေဖြစ်ရပါသတည်း…။ ။

ØØ ØØ ØØ



www.burmeseclassic.com

www.burmeseclassic.com

## - လေးဆယ်နှစ် -

ရွှေပုလဲ၏ ထောက်ပံ့မှုစရိတ်ဖြင့် သည်ကနေ့တွင် ဒေါ်ရွှေခင်နှင့်ယမင်းခင်တို့ကား ရိုးတွင်းချည်ဆီကုသနည်းဖြင့် ခွဲစိတ်ခန်းထဲသို့ ဝင်ရောက်ကြတော့မည်ဖြစ်၏။

သားအမိနှစ်ယောက်အား ဘီးတပ်ခုတင်ပေါ်တင်၍ သူနာပြုများခေါ်သွားကြသည်တွင် သားအမိနှစ်ယောက်သည် ခုတင်ထက်မှတစ်ဦးကိုတစ်ဦးအားပေးရင်း လှမ်းကြည့်လိုက်ကြသည်။ ပြီးတော့ လက်ချင်းတစ်ချက်မျှ ဆွဲကိုင်ထားလိုက်ကြ၏။

ယမင်းခင်သည် မိခင်၏ဖြူလျော်နေသောမျက်နှာလေးဆီကြည့်ရင်းက မိမိ၏မိုက်မဲမှုကြောင့် မိခင်ကြီး၏ဝေဒနာမှာ မခံစားသင့်ပဲ အတန်ကြာခံစားနေရခြင်းအတွက် နောင်တတွေရကာ ဝမ်းနည်းစိတ်ဖြင့် မျက်ရည်များကျရလေ၏။

တစ်အောင့်ခန့်ကြာသည်တွင် ခွဲစိတ်ခန်းကြီးထဲသို့ ဝင်ရောက်ခဲ့ကြလေပြီ။ မကြာခင် အချိန်အတွင်း၌ ဆရာဝန်ကြီးများသည် ကုသမှုများအား စတင်ကြတော့မည်ဖြစ်လေ၏။





မှန်သည်။ ဆေးရုံတွင် ကျေးဇူးရှင်မိခင်ကြီးအား ဆေးကုသခံယူနေဆဲအချိန်များ၌ ရွှေပုလဲကား နဂါးပျံကုမ္ပဏီ၏ စက်ရုံကြီးများအား စားကုန်ထုပ်လုပ်မှုနည်းစနစ်တွေဖြင့် အစွမ်းကုန်လုပ်ရှားလုပ်ကိုင်နေရပါလေ၏။

တစ်ချီတစ်ချီ ဆေးရုံသို့စိတ်ရောက်ခိုက်မတော့ ရွှေပုလဲသည် စိတ်လှုပ်ရှားဖြစ်ရသည်။ သို့သော်လည်း ကုသမှုအောင်မြင်ရမည်ဟူသောအသိကိုသာထားရှိပြီး စိတ်လှုပ်ရှားမှုတွေကို ဖယ်ထုတ်ပစ်ရင်း အလုပ်တွေကို ကြိုးစားလုပ်ကိုင်နေဖြစ်လေ၏။

ယခုဆိုလျှင် အချိန်တိုလေးအတွင်း၌ ပါကင်လှလှလေးတွေဖြင့် ထုပ်လုပ်ထားသည့် ပိန္နဲသီးခြောက်ကြွပ်နှင့်ဒူးရင်းသီး၊ ငှက်ပျောသီးခြောက်ကြွပ် စားကုန်တွေမှာ အရောင်းတွင်ကျယ်နေရသည်မဟုတ်ပါတကား…။

မှန်သည်။ နဂါးပျံစက်ရုံကြီးတွင် အလုပ်သမားတွေကလည်း စည်းစနစ်နှင့်တက်ညီလက်ညီ လုပ်ကိုင်နေကြပြီး ကုန်ပစ္စည်းတွေကလည်း မှန်းထားသည့်အရည်အတွက်ထက် ကျော်လွန်ကာ ထွက်ရှိသည်။ စီးပွားရေးသည် နေ့ချင်း၊ ညချင်းပြောင်းလဲတိုးတက်လာ၏။

"သမီး ရွှေပုလဲ၊ ခဏနားပါဦးလားကွဲ့…"

"မနားရဲဘူး၊ မေမေ့ဆီပဲ စိတ်ရောက်နေလို့ပါ ဘဘရယ်…"

"သြော်..ငါ့သမီးနှယ်၊ ဒီလောက်လည်း စိတ်မပူပါနဲ့၊ အကြောင်းထူးရင် မောင်စိုးဝေလည်း ဖုန်းဆက်မှာပေါ့ကွယ်၊ ခု



www.burmeseclassic.com

www.burmeseclassic.com



ခေတ်က ဆေးကောင်းဝါးကောင်းတွေ ဒီလောက်ပေါတာ ဘာစိတ်ပူစရာရှိလဲ သမီးရယ်...

ဒါနဲ့ စောစောကတင် သမီး ဘိုးဘိုးဆီကဖုန်းလာတယ်၊ သမီး မအားသေးလို့ခဏစောင့်ပါဆိုတော့ ရတယ်၊ရတယ်တဲ့ နောက်မှ သူ လာမယ်တဲ့၊ ဩော်..သူဌေးကြီးက တစ်ချက်တော့ မေးတယ်..."

"ဘာမေးတာလဲ ဘဘ..."

"တို့ရဲ့သူဌေးလေး ဘယ်ရောက်နေလဲဆိုတာပါကွယ်"

"ဟင်း..ဘဘရယ်၊ သူဌေးတစ်နေ့ပြန်လာမှာပါ၊ ရွှေပုလဲ ယုံကြည်ပါတယ်၊ ဘာကြောင့်လဲဆိုတော့ သူဌေးက ရွှေပုလဲနဲ့ထာဝရလက်တွဲဖို့ ကတိပေးထားတယ်လေ၊ ဒါကြောင့် သူဌေးကို ရွှေပုလဲ ယုံတယ်..."

"အေးလေ..သမီးရဲ့စိတ်ဓာတ်ကိုတော့ အဘတကယ်ချီးကျူးပါတယ်၊ ဩော်..ကဲ လာ..လာ၊ ရုံးခန်းသစ်ပြုပြင်[illegible]ဘာ သမီးကို လိုက်ပြရဦးမယ်၊ သမီး ဘိုးဘိုးကိုယ်တိုင် ဦးစီးနေတာပဲလေ၊ အိမ်ကအိမ်ရုံးခန်းက ရုံးခန်းသီးခြားလုပ်ရမယ်တဲ့၊ ယခင်က သူဌေးတစ်ယောက်ထဲနေတုန်းက ဘာမှမဖြစ်ပေမယ့် အခုမိသားစုနဲ့နေရတော့မှာဆိုတော့ သီးခြားလုပ်ထားရမယ်ဆိုပြီး သမီး ဘိုးဘိုး ကိုယ်တိုင် ဟိုဘက်ကအဆောက်အဦးတစ်ခုကို ဆောက်ပိုက်တာပဲ သမီးရေ..."

"ဟင်..ဟုတ်လား၊ အိုး..ရွှေပုလဲက အလုပ်တွေများနေလို့ ဟိုးဘက်ဂိတ်နားမှာ အဆောက်အဦးဆောက်နေတာ သတိ





တောင်မထားမိဘူး ဘဘရယ်..."

"အေးကွဲ့..စက်ရုံဝင်းကြီးကလည်း ကြီးလွန်းတာကိုးကွဲ့၊ ကဲ..လာပါ..လာပါ သွားကြည့်ကြရအောင်..."

"ပြီးနေလို့လား အဘရဲ့..."

"ပြီးနေပြီ..ပြီးနေပြီ၊ နေ့ရောညရောဆောက်တာ၊ အထဲကအားလုံးပြီးနေပြီ၊ အပြင်နဲ့ပတ်ဝန်းကျင်ပဲ ဆေးသုတ်ဖို့နဲ့အလှအပလုပ်ဖို့ရှိတော့တယ်..."

စကားတွေဆိုရင်း ကုမ္ပဏီသီးခြားဖွင့်မည့်အဆောက်အဦး သစ်ကြီးသို့ သူတို့လှမ်းခဲ့ကြသည်။

"ဟား..အပျံစားပဲ၊ ဘိုးဘိုးကတော့ တကယ်စိတ်ကူးကောင်းတယ်နော် ဘဘ..."

"အေးလေ..ငါ့သမီးရဲ့ ဘိုးဘိုးကိုးကွဲ့..."

"အိုး..ကြည့်ပါဦး၊ အထဲမှာလည်း အပျံစားတွေချည်းပါပဲလား ဘဘရဲ့..."

အဆောက်အဦးတစ်ခုလုံးကို လိုက်ကြည့်ပြီး၊ ရွှေပုလဲတစ်ယောက် အံ့သြသဘောကျနေသမျှ ဦးရွှေမောင်းကား ပြုံး၍ကြည့်နေလေ၏။

"ဟင်..ဒီအခန်းက မန်နေဂျာချုပ်ရုံးခန်းဆိုပဲ၊ အိုး..မန်နေဂျာချုပ်က ရွှေပုလဲဆိုပဲ၊ မဟုတ်တာတော့လုပ်ပြီး၊ သူဌေးတစ်ယောက်လုံးကဘယ်နားသွားထားမလဲ..."

"သူဌေးကသူဌေးပေါ့ သမီးရဲ့၊ သမီးကို သမီး ဘိုးဘိုးက မန်နေဂျာချုပ်ရာထူးတိုးပေးလိုက်တာ၊ အရင်ကတည်းကလည်း



www.burmeseclassic.com

www.burmeseclassic.com



စီးပွားရေးတွေကို သမီးပဲဦးစီးဦးဆောင်လုပ်နေတာပဲမဟုတ်လား၊ ဒါကြောင့် သမီးက မန်နေဂျာချုပ်ရာထူးနဲ့သင့်လျော်ပြီးသား..''

''ဟင်း..ဒုက္ခပါပဲ၊ အေးလေ..သူဌေးမရှိသေးတော့ ရွှေပုလဲပဲ တာဝန်ယူထားပါ့မယ်၊ သူဌေးပြန်လာမှပဲ သူနေရာသူပြန်အပ်ရမယ်၊ ဪ..ဒါနဲ့ ဘဘရေ အခုပါကင်ဌာနဘက်က အလုပ်သမားအရောက်နှစ်ဆယ်လောက်ခေါ်ရမယ်၊ ပြီးတော့ အလုပ်သမားခေါင်းဆောင်က တစ်ယောက်ခေါ်ရမယ်၊ အဲဒါ သတင်းစာထဲမြန်မြန်ထည့်ခေါ်ပါဦး ဘဘရယ်...''

''အေး..စိတ်ချ..စိတ်ချ၊ ဘဘ လုပ်လိုက်မယ်...''

ရွှေပုလဲကား မိမိအဘိုး၏ကျေးဇူး၊ စက်ရုံမှူးကြီး၏ကျေးဇူးနှင့်မိမိကိုယ်တိုင်လုပ်ကိုင်နေသည့် စီးပွားရေးကိစ္စများအတွက် လွန်စွာအားရကျေနပ်နေဖြစ်ရသည်က အမှန်ပါတည်း...။

× × × × ×

ကရင်း..ရင်း..ရင်း...

မန်နေဂျာချုပ်စားပွဲတွင်ထိုင်ကာ အလုပ်တွေလုပ်ဆဲ ဖုန်းမြည်လာသံကြောင့် ရွှေပုလဲသည် စိတ်တွေလှုပ်ရှားသွားရရင်း ဖုန်းလေးအားဖျတ်ကနဲ လှမ်းလိုက်နားထောင်လိုက်၏။

''ဟဲလို..ရွှေပုလဲပါ...''

''ညီမ..အစ်ကိုပါ...''

''ဟင်..အစ်ကို၊ ပြီးသွားပြီလား၊ မေမေ့အခြေအနေဘယ်လိုနေလဲဟင်၊ ကောင်းတယ်မဟုတ်လား၊ အားလုံးအဆင်ပြေ





တယ်မဟုတ်လား အစ်ကို၊ ရင်တွေခုန်လိုက်တာ အစ်ကိုရယ်၊ ပြောပါ...''

''အပျွန်း..ညီမရယ်၊ အားလုံးအဆင်ပြေပါတယ်...''

''အိုး..ဝမ်းသာလိုက်တာ အစ်ကိုရယ်၊ ဒါဆို ရွှေပုလဲ အခုပဲလာခဲ့တော့မယ်၊ ဒါပဲနော် အစ်ကို...''

စကားအဆုံး ရွှေပုလဲ ဖုန်းလေးကိုချလိုက်ပြီး ကပျာကယာ ပင် ဆေးရုံသို့ထွက်ခဲ့လိုက်လေတော့၏။ မကြာလိုက်..ရွှေပုလဲ ဆေးရုံသို့ရောက်သည်တွင် ဒေါက်တာ စိုးဝေနှင့်ပင်ဦးဆုံး သွားရောက်တွေ့ဆုံကာ စကားပြောဖြစ်၏။

''အစ်ကို..ညီမ အရမ်းဝမ်းသာတာပဲ...''

''အပျွန်း..အမောပြေပြီးမှပြောပါ ညီမရယ်...''

''မေမေ့အတွက် အဆင်ပြေပါ့မလားလို့ဆိုပြီး တစ်ချိန်လုံးစိတ်တွေလှုပ်ရှားနေခဲ့တာ အစ်ကို...''

''အဆင်ပြေပါတယ် ညီမ၊ အားလုံးကောင်းသွားပါပြီ''

''ကျေးဇူးလည်းတင်၊ ဝမ်းလည်းသာပါတယ် အစ်ကို၊ ရွှေပုလဲမှာ အစ်ကို့ကျေးဇူးတွေအများကြီးရှိပါတယ် အစ်ကိုရယ်..''

''ဒါတွေမပြောပါနဲ့တော့လေ၊ ကဲ..ဒီမှာ အစ်ကို ညီမကို လက်ဆောင်ပေးမလို့...''

ဒေါက်တာ စိုးဝေဆိုရင်း ဂျူတီကုတ်အင်္ကျီအိတ်ထဲမှ ဖုန်းလေးနှစ်လုံးကို ထုပ်လိုက်သည်။ ရွှေပုလဲသည် ဆင်တူဖုန်းလေး နှစ်လုံးနှင့် ဒေါက်တာ စိုးဝေ၏မျက်နှာချော့ချော့ဆီ ကြည့်နေဖြစ်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ရော့..ညီမကတစ်လုံး၊ အစ်ကိုကတစ်လုံး၊ အစ်ကိုတို့ချင်း အလွယ်တကူဖုန်းဆက်လို့ရတာပေါ့..."

"လှလိုက်တာ၊ ဈေးကြီးမှာပဲ..."

"အစ်ကို ညီမကိုလက်ဆောင်ပေးချင်လို့ပါ၊ ညီမ အဲဒီဖုန်းလေးကို ကိုင်ရမယ်နော်..."

"ကိုင်မှာပေါ့ အစ်ကို၊ အစ်ကို ကိုင်စေချင်တာ ရွှေပုလဲကိုင်မှာပေါ့..."

"ဒါနဲ့ ကိုကျော်ထိုက်ရှိန်းမရှိတော့ တစ်ယောက်ထဲအလုပ်တွေလုပ်နေရတာ အဆင်ပြေရဲ့လားဟင်..."

"ပြေပါတယ် အစ်ကို၊ ဘိုးဘိုးရော စက်ရုံမှူးကြီးကပါ ကူညီကြတယ်လေ..."

"ဒါနဲ့ ကိုကျော်ထိုက်ရှိန်းကရော ဘယ်သွားလဲ..."

"ညီမလည်း မသိဘူး အစ်ကို၊ သူ ထွက်သွားတာ ဘိုးဘိုးကို မပြောပေမယ့်၊ သူ ဘာကြောင့်ထွက်သွားတယ်ဆိုတာတော့ ဘိုးဘိုးကသိပါတယ်..."

"အင်း..ယမင်းကို သူ လက်မထပ်နိုင်လို့ထွက်သွားတယ်ဆိုတာ အားလုံးကသိပါတယ်လေ၊ ဒါပေမဲ့ သူ ပြန်လာမှာပါ၊ ညီမဆီကို သူ ပြန်လာမယ်ဆိုတာ အစ်ကို ယုံကြည်တယ်..."

ဒေါက်တာ စိုးဝေဆိုသော စကားအတွက် အားနာစွာဖြင့် ရွှေပုလဲသည် ဆိတ်ဆိတ်ပင်နေနေလိုက်လေ၏။

"အပွန်း..အစ်ကို့ကို အားမနာပါနဲ့ ညီမရယ်၊ ညီမကိုလည်း အစ်ကို ပြောဖူးတဲ့စကားရှိပါတယ်၊ သူ့ကိုအခွင့်အရေးရမယ်





ဆိုရင် အစ်ကို ပြုပြင်ယူသွားပါမယ်လို့၊ ခုချိန်မှာတော့ သူသ
နောင်တတွေရနေပါပြီ၊ ရန်သူတောင်လက်နက်ချအရှုံးပေး
ကြေအေးရ ယ်မဟုတ်လား ညီမရယ်၊ သူက ရန်သူမှမဟု
တာ၊ ရေလိုက်လွဲတဲ့သူ့ခံစားချက်တွေကြောင့် အမှားတွေက
ဖြစ်သွားရတာပါ..."

"အစ်ကိုရယ်၊ အစ်ကို့ကို ညီမ သိပ်လေးစားမိပါတယ်"

"အစ်ကိုက ညီမကို ပိုပြီးလေးစားရတာပါကွယ်၊ ကဲ အစ်ကို သူနဲ့အခုသွားတွေ့လိုက်ဦးမယ်၊ ခုချိန်မှာ သူ တကာယ် သိမ်ငယ်နေရှာမှာပါ၊ ဩော်..နောက်တစ်ခုပြောဖို့ကျန်သေးတာ အဲဒါက အစ်ကို မန္တလေးကိုပြောင်းရတော့မယ်၊ ဒါကြောင့် ညီမကို အစ်ကို ဖုန်းလေးလက်ဆောင်ပေးသွားတာ..."

"ဟင်..."

ရွှေပုလဲ အံ့ဩသွားသည်။

"အစ်ကို သူနဲ့လက်ထပ်သွားမယ်၊ ပြီးမှ ဒေါ်ဒေါ်အဓ
အနေလည်းကောင်းမှ အစ်ကို သူ့ကိုပြန်လာခေါ်မယ်၊ ကဲ..အစ်
ကိုခွင့်ပြုပါဦး..."

စကားအဆုံး ဒေါက်တာ စိုးဝေကား လှမ်းထွက်သွားလေ
ပြီ...။ ဒေါက်တာ စိုးဝေ၏အသွင်သည် ချောမွေ့ခြင်းဖြင့် ဆေ
ဆေးငြိမ်သက်၏။

ရွှေပုလဲသည် တစ်ချိန်ကဒေါက်တာ စိုးဝေအပေါ် မိ
တွေလှုပ်ရှားတွယ်တာမိရသည့် အဖြစ်များအား ပြန်လည်မြင်ယော
ဖြစ်သည်။ ယခုဖြင့် ဒေါက်တာ စိုးဝေအပေါ် အစ်ကိုရင်းတာ



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကဲ့သို့ ချစ်ခင်တွယ်တာရပါပြီ…။

ထိုအတွေးဖြင့် ရွှေပုလဲသည် ရက်ပြုံးအလင်းတန်းလေး တစ်ခု၊ မျက်နှာလှလှလေးထက် လင်းသွားလိုက်ရလေ၏။ ဆေးရုံ၏အခန်းတစ်ခုထဲတွင်မတော့…

ယမင်းခင်သည် မျက်နှာလေးငုံ့ကာ မျက်ရည်တွေစီးကျနေဖြစ်လေ၏။ ဒေါက်တာ စိုးဝေသည် ချစ်သူ ယမင်းခင်အား ကြင်နာခြင်း၊ ခွင့်လွှတ်ခြင်းတွေဖြင့် ငြိမ်သက်စွာကြည့်နေဖြစ်၏။ ပြီးမှ…

"မငိုပါနဲ့လို့မပြောပါဘူး၊ ရင်ထဲရှိတာတွေအကုန်မေ့ပါးသွားစေဖို့အတွက် အားရပါးရပဲငိုပစ်လိုက်ပါ ယမင်း…"

"အဟင့်··ဟင့် ကိုကိုရယ်၊ ယမင်းကို မမုန်းဘူးလား၊ မရွံဘူးလား၊ စိတ်မနာဘူးလားဟင်…"

ချစ်သူကိုကို့ကို မျက်ရည်တွေနှင့် ယမင်း မော့်ကြည့်ရင်းဆိုသည်တွင် ဒေါက်တာ စိုးဝေသည် ခြေနှစ်လှမ်းမျှ ယမင်းအနီးတိုးခဲ့ပြီးမှ…

"ယမင်းရယ်၊ လူဆိုတာမှားတတ်တာချည်းပါပဲ၊ အစဉ်မမှားသွားဖို့သာအဓိကပါကွယ်၊ ကိုယ် ယမင်းကိုနားလည်ခွင့်လွှတ်ပါတယ်…"

စကားအဆုံး၌ ဒေါက်တာ စိုးဝေသည် ယမင်းခင်လက်ကလေးအား ကြင်နာစွာဆွဲကိုင်ထားလိုက်လေ၏။ ။

ØØ ØØ ØØ



## - လေးဆယ်သုံး -

သည်နေ့အလုပ်သမားတွေကို ရွေးချယ်ရမည်ဖြစ်သည်။ ရွှေပုလဲသည် မန်နေဂျာချုပ်၏ စမတ်ကျလှသောရုံးခန်းသစ်ကြီးတွင်ထိုင်ပြီး၊ စားပွဲထက်ပို့ထားသည့် အလုပ်သမားလျှောက်လွှာတွေကို တစ်ခုချင်းကြည့်ပြီး လူတွေ့စစ်ဆေးရန်အတွက် ပထမ တစ်ယောက်ကို နာမည်ခေါ်လိုက်၏။

"မယုယုထွေးကို ခေါ်လိုက်ပါ…"

ရွှေပုလဲ စကားကြောင့် ရုံးခန်းစောင့်သည် မယုယုထွေးကို ခေါ်လိုက်သည်။ ရုံးခန်းထဲသို့ မယုယုထွေး ဝင်ရောက်လာသည်တွင် ရွှေပုလဲသည် မယုယုထွေးကို ထိုင်စေပြီး အရည်အချင်းကို စစ်ဆေးမေးမြန်းကြည့်၏။

"(…)ကုမ္ပဏီမှာ လုပ်ဖူးတယ်နော်…"

"ဟုတ်ကဲ့…"

"ဘယ်နှစ်နှစ်လုပ်ခဲ့လဲ…"



www.burmeseclassic.com

www.burmeseclassic.com



"နှစ်နှစ်ပါ…"

"ဘာကြောင့်ထွက်ခဲ့လဲ…"

"ထွေးထွေးကအလုပ်ထွက်တာမဟုတ်ပါဘူး၊ အလုပ်ထုပ်ခံရတာပါ…"

"ဟင်…ဘာကြောင့်လဲ…"

"အလုပ်ကလည်းဝေးတယ်၊ အမေကလည်း နေမကောင်းဘူး၊ အလုပ်နောက်ကျဖန်များလို့ အလုပ်ထုပ်ခံရတာပါ"

"ဒါဖြင့် အခုရော၊ နောက်ကျဦးမှာပေါ့၊ တစ်လမှာ ဘယ်နှစ်ရက်လောက်နောက်ကျမလဲ…"

"အခုတော့နောက်မကျတော့ပါဘူး၊ မေမေ ဆုံးသွားပါပြီ…"

"ဩော်…အင်း၊ ဒါဖြင့် မနက်ဖြန်ကစပြီး အလုပ်ဆင်းပါ…"

"ဟုတ်ကဲ့ မန်နေဂျာ…"

အလုပ်လျှောက်သူတွေ၏ အကြောင်းလေးတွေနားထောင်ရသည်မှာ တချို့ကစိတ်ဝင်စားစရာကောင်းသည်။ တစ်ချို့က မိမိဘဝနှင့်ဆင်ဆင်တူ၍ စာနာသနားမိသည်။ သည့်အတွက် ပါကင်အတွက် အလုပ်လျှောက်သူတွေကို အတော်များများပင် ရွှေပုလဲအလုပ်ပေးဖြစ်ရသည်။

နောက်ဆုံး အလုပ်လျှောက်လွှာတစ်ခုသာကျန်ပြီ၊ ရွှေပုလဲသည် နောက်ဆုံးအလုပ်လျှောက်လွှာကိုယူလိုက်ပြီး အမည်ကိုဖတ်ကြည့်လိုက်သည်။





"ကျော်ထိုက်ရှိန်း…"

"အဲ…"

အမည်ကိုဖတ်မိခိုက် ရွှေပုလဲ တွန့်သွားသည်။ နားထဲမှာ သံတွေမှာလည်း ဝုန်းဒိုင်းမြည်လာသလိုလို၊ ဆက်ဦးလျှောက်လွှာကိုဖတ်ကြည့်ဖြစ်သည်မတော့…။

"အသက်၊ ပညာအရည်အချင်း၊ အမလေး…အင်္ဂလန်မှာ ဘောင်ဘွဲ့ယူထားတဲ့သူ၊ အဘအမည်၊ လုပ်ခဲ့ဖူးတဲ့အလုပ်အကိုင်ကာကုမ္ပဏီ(…)တဲ့၊ အိုး…ဒါ သူဌေးမဟုတ်လို့ ဘယ်သူဖြစ်မလဲ…"

လျှောက်လွှာကိုဖတ်ပြီး တစ်ကိုယ်တည်းအလန့်တကြားလေး ရွှေပုလဲ စကားတွေဆိုနေဆဲပင် ကျော်ထိုက်ရှိန်းသည် သူ့ထုံးစံအတိုင်း သူ့နှုတ်ခမ်းကပြုံးသယောင်၊ သူ့မျက်လုံးတွေကပြုံးသယောင်ပုံစံ ခပ်မိုက်မိုက်နှင့်မန်နေဂျာချုပ်ရုံးခန်းထဲသို့ ဝင်ရောက်လာလေ၏။

"အိုး…သူဌေး…သူဌေး ပြန်လာပြီဟုတ်လား၊ ဝမ်းသာလိုက်တာ သူဌေးရယ်…"

သူ့ကိုမြင်လိုက်ရ၍ ရွှေပုလဲကား မျက်ရည်လည်သည်အထိပင် ဝမ်းမြောက်၊ ဝမ်းသာဖြစ်ကာ ဆိုရှာ၏။ တစ်ဆက်တည်းလည်း ရွှေပုလဲသည် ထိုင်ရာမှထကာ သူ့ရှေ့တွင် သွားရောက်ရပ်ကာ ကြိုဆိုသည်။ ပြီးတော့ သူတို့တစ်ယောက်ကိုတစ်ယောက် ငေးငေးကြီးကြည့်ဖြစ်ကြသည်။ ပြီးမှ…

"ကိုယ် မရှိလို့ သိပ်ပင်ပန်းနေပြီလား အချစ်ရယ်…"

"အဟင်း…ဟင်း ရှက်တယ်နော်ခေါ်ပုံက၊ မပင်ပန်းပါ



www.burmeseclassic.com

www.burmeseclassic.com



၇ူး သူ့ရှေးရဲ့…”

“ဒီလိုခေါ်စရာလား၊ မကြိုက်ဘူးကွာ၊ ပြင်ခေါ်တော့”

“ဘယ်လိုခေါ်ရမှာလဲ…”

“လက်ပဲထပ်တော့မယ်၊ ကိုကိုလို့ခေါ်ပေါ့ကွာ…”

ရှက်ရှက်နှင့်ပြောနေသည့် ကျော်ထိုက်ရှိန်းမျက်နှာချော ချောအား ရွှေပုလဲလည်း သဘောကျရယ်ချင်နေရသည်ပါ။ အထူး သဖြင့် သူ၏ပြူးမရောင်မျက်လုံးနှင့်ပြူးမယောင် နှုတ်ခမ်းတွေကို ရွှေပုလဲ သဘောကျ၊ အနှစ်သက်ဆုံး…။

ဘယ်သောအခါကမှ ဟက်ဟက်ပက်ပက် မရယ်မပြုံး တစ်ယောင်သောသူ့ပုံစံက သူ့တစ်ယောက်တည်းမှာသာရှိသည်။ အလွန်ရှားပါးသည့်ပုံစံ…။

ရွှေပုလဲသည် ရင်ထဲမှနှစ်သက်လွန်းစွာဖြင့် သူ့ပုံစံကို ငေးကြည့်နေမိပြီးမှ…

“ကိုကို ဟုတ်လား၊ ကိုကိုလို့ခေါ်ရမယ်ဟုတ်လား…”

“အင်း…”

သူ ခေါင်းညိတ်ပြသည်။ ပြီးတော့ တစ်ယောက်ကိုတစ် ယောက် ချစ်ရည်လူးသောအကြည့်တွေနှင့်ကြည့်သည်။ ကြည့်ဆဲ မှ သူတို့မျက်နှာလေးနှစ်ခုသည် တဖြည်းဖြည်းနှင့်နီးကပ်လာ၏။

သည့်နောက် ကျော်ထိုက်ရှိန်း၏ဖြောင့်စင်းလှပသော နှာတံ ချွန်ချွန်လေးသည် ရွှေပုလဲ၏နူးညံ့၍ ဝင်းမှည့်မှုံအိနေသော ပါးပြင် နုနုလေးထက် နေရာယူကျရောက်တော့မည့်ဆဲဆဲ…။

“အေ့…”





“ဖြင်း…”

ရွှေပုလဲ နှုတ်မှလေချည်တက်သံလေးထွက်ပေါ်လာပြီး မျက်လုံးလေးပါ ပြူးသွားရသည်တွင်…

ကျော်ထိုက်ရှိန်းသည်လည်း ဟင်းခနဲဖြစ်ကာ မျက်နှာပါ ရှုံ့မဲ့သွားရရင်း စောစောကဦးကပ်နေသည့် မျက်နှာလေးနှစ်ခုသည် နှစ်လက်မခန့် ကွာသွားလိုက်ရလေ၏။

ပြီးတော့ သူတို့တစ်ယောက်ကိုတစ်ယောက် ကြည့်မိ ကြသည်။

“အဟတ်‥ဟား‥ဟား‥ဟား…”

“အဟွန်း‥ဟွန်း…”

နောက်ဆုံး နှစ်ဦးသားကား မအောင့်နိုင်တော့၍ အားပါး ရယ်မောပစ်လိုက်ကြမိပါတော့သတည်း…။ ။

ပြီးပါပြီ…

သိင်္ဂါရ,ရသအပေါင်းနှင့်ပြည့်စုံနိုင်ကြပါစေသတည်း…။

စောပြည့်မာလာ



www.burmeseclassic.com